www.burmeseclassic.com

မင်းအောင်နိုင်

# မှေဆတ်တိုစိန်ခေါ်သူ



# DOUBLE CROSS

by

Michael Barak

BURMESE CLASSIC



ဒုတိယအကြိမ်
Graphic; Myo Pyae Phyo Aung

www.burmeseclassic.com

www.burmeseclassic.com

စိစစ်ထုတ်လုပ်သူ
ဦးဇော်ဝင်းနိုင်

စာမူခွင့်ပြုချက်အမှတ် ၅၀၁၅၈၅၁၀၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၇၆၈၁၂၀၈

ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပထမပိုင်း | ပထမအကြိမ် ၁၉၈၄ ခုနှစ်၊ ဇော်မိုးချစ်စာပေ |
| ဒုတိယပိုင်း | ပထမအကြိမ် ၁၉၈၄ ခုနှစ်၊ ဇော်မိုးချစ်စာပေ |
| နှစ်ပိုင်းပေါင်း | ပထမအကြိမ် ၂၀၀၉ ခုနှစ်၊ အင်ကြင်းစာအုပ်တိုက် |

ထုတ်ဝေသူ
ဒေါ်သင်းသင်းမွန်၊ သင်းစာပေ
အမှတ် ၁၀၊ ရတနာမြိုင်လမ်း၊ ၁၂ ရပ်ကွက်၊
ကမာရွတ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ
ဦးတင်အောင်ကျော်၊ စွယ်တော်ပုံနှိပ်တိုက်
အမှတ် ၁၄၇၊ ၅၁ လမ်း၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ်
ကျောက်စိမ်းအော့ဖ်ဆက်
မျက်နှာဖုံးပန်းချီ
မိုးပြည့်ဖြိုးအောင်
စာအုပ်ချုပ်
ကိုသံခဲ
ဒုတိယအကြိမ်
၂၀၀၉၊ မတ်။ အုပ်ရေ ၁၀၀၀

တန်ဖိုး ၂၅၀၀ ကျပ်

အင်ကြင်းစာအုပ် ၃
၂၀၀၉၊ မတ်။

# မင်းအောင်နိုင်

## မော့ဆက်ကို စိန်ခေါ်သူ

**Double Cross**
**by**
**MICHAEL BARAK**

www.burmeseclassic.com

www.burmeseclassic.com

## ၁

ဇန်နဝါရီလ၊ ၂၂ ရက်၊ တနင်္လာနေ့၊ ညနေ ၃း၁၅ နာရီ၊ အဖြူရောင် ချက်ဗလက် စတေရှင်ဝက်ဂွန်တစ်စီးက အနောက်ဘီရွတ်မြို့၏ ဘာဒန် လမ်းမကြီးဘက်သို့ ချိုးကွေ့မောင်းဝင်လာသည်။ ထိုကားနောက်မှ အညိုရောင် ရိုန်ချ်ရိုဗာကားတစ်စီး ကပ်ပါလာသည်။ ခေတ်မီ အဆောက်အအုံတစ်ခု ရှေ့သို့ရောက်သောအခါ ကားနှစ်စီးစလုံး အရှိန်လျှော့လိုက်ကြသည်။

လမ်းကျဉ်းကလေး၏ တစ်ဖက် ဒုတိယထပ် ပြတင်းပေါက်တစ်ခုမှ ဥရောပတိုက်သူ အမျိုးသမီးကြီးတစ်ယောက်က ထိုကားတွေကို စောင့်ကြည့်နေသည်။ သူမ၏ရှေ့နားသို့ ချက်ဗလက်ကား ရောက်လာ သောအခါ ကားထဲမှ ချော်ခပ်ဖြောင့်ဖြောင့် ဆံပင်အနက်ရောင် အရပ်သား လူရွယ်တစ်ယောက်က သေနတ်ကိုယ်စီ ကိုင်ဆောင်ထားကြသော ယူနီဖောင်းဝတ် ကိုယ်ရံတော် နှစ်ယောက်ကြားမှာ ပါလာသည်ကို တွေ့ရလေသည်။ ရိုန်ချ်ရိုဗာကား၏ ရှေ့ခန်းမှ အာရပ်ပြောက်ကျား လက်နက်ကိုင် နှစ်ယောက်ပါလာသည်။ အာရပ်တို့၏ ဓလေ့ထုံးစံအတိုင်း အနီရောင် ခေါင်းစည်းပေါင်းထားကြသည်။

ကိုင်ထားသော တယ်လီဖုန်းက လက်မှချွေးစီးများဖြင့် စိုရွှဲနေသဖြင့် တယ်လီဖုန်းကို ညာဘက်လက်သို့ ပြောင်းကိုင်ပြီး ပါးစပ်ဆီသို့ မ,ယူလိုက် သည်။ 'ဟုတ်ကဲ့' ဟု အသံခပ်တိုးတိုး ပြောလိုက်သည်။

လမ်း၏တစ်ဖက် ခပ်လှမ်းလှမ်းတစ်နေရာရှိ တိုက်ခန်းတစ်ခုထဲမှ ဆံပင်ကောက်ကောက်နှင့်လူတစ်ယောက်က တယ်လီဖုန်းထဲမှ တစ်ခွန်း တည်းသောအသံကို နားထောင်ပြီး ဖုန်းကို ပြန်ချိတ်လိုက်သည်။ သူနေရာက

www.burmeseclassic.com

www.burmeseclassic.com

ပြတင်းပေါက်မှနေပြီး ကားနှစ်စီးကို မြင်နိုင်သည်။ ကားထဲမှာ ပါလာသော သူကိုတော့ ကွဲကွဲပြားပြား မမြင်နိုင်။

ရှေ့က မောင်းလာသော ချက်ဗလက်ကို စူးစိုက်ကြည့်ရင်း သူ၏ ဘယ်ဘက်စားပွဲကလေးပေါ်မှ ရေဒီယိုကွန်ထရိုးကိရိယာ ကလေးကို လှမ်းယူလိုက်သည်။ ရေဒီယိုကွန်ထရိုးကိရိယာပေါ်မှ ခလုတ်ကလေးကို အသာပွတ်သပ်လိုက်ပြီး ချက်ဗလက်ကားအလာကို သူစောင့်ကြည့်နေသည်။ ချက်ဗလက်ကားက ပလက်ဖောင်းဘေး ကပ်ရပ်ထားသည့် ဗောက် ဝက်ဂွန်ဂေါ်၏ အပြာရောင်ဘေးမှာ ကျော်တက်လိုက်သည်။ ဆံပင်အနက်နှင့် လူက ခလုတ်ကလေးကို နှိပ်လိုက်သည်။ ဗောက်ဝက်ဂွန်ကား ပေါက်ကွဲသွားပြီး မီးလုံးကြီးတစ်ခု ချက်ချင်းဖြစ်ပေါ်သွားတော့သည်။

ချက်ဗလက်ကား မီးလုံးထဲပါသွားပြီး ပေါက်ကွဲသွားသည်။ သံစ မှန်စနှင့် လူခန္ဓာကိုယ်အစိတ်အပိုင်းတွေက မီးလုံး၊ မီးခိုးလုံးကြီး များနှင့်အတူ လွင့်စင်ထွက်သွားသည်။ သံစတွေက ပတ်ဝန်းကျင် ပြတင်းပေါက်များတို့ စက်သေနတ် ကျည်ဆံမှန်သကဲ့သို့ ထိမှန်ကုန်သည်။ စတေရှင်ဝက်ဂွန်၏ ကားရှေ့ပိုင်းသည်လည်း အပေါ်မြောက် တက်သွားပြီး မီးတိုင်ကြီးပမာပြန် ကြလာသည်။

ရွှေခါးပတ်ခေါင်းတပ်ထားသည့် လှပသော ဖိနပ်ကလေး တစ်ဖက်ထ သေဆုံးသွားသော အရပ်သား၏ခြေထောက်မှ ကျွတ်ထွက်သွားပြီး အပျက် အစီးတွေကြားထဲမှ အထိအခိုက်မရှိဘဲ ပြန်ကျလာသည်။ အဝေးမှ ရဲကားများနှင့် လူနာတင်ကားများ ဥသြဆွဲသံများကို ကြားနေရသည်။ ပတ်ဝန်းကျင်ရှိ လူတွေက ကြောက်ကြောက်လန့်လန့်နှင့် အပျက်အစီးနေရာသို့ ဝိုင်းလာကြသည်။

တစ်ဖက်တိုက်ခန်း အပေါ်ထပ်မှ ဥရောပသူ အမျိုးသမီးကြီးတ သူမ၏နဖူးကို တုန်တုန်ယင်ယင်ဖြင့် ပွတ်လိုက်ပြီး တယ်လီဖုန်းကို ပြန်ကိုင်တာ နံပါတ်တစ်ခုကို လှည့်လိုက်သည်။

ကိုးမိုင် အကွာအဝေးရှိ ဘီရွတ်အပြည်ပြည်ဆိုင်ရာ လေဆိပ်ထဲ အများသုံး တယ်လီဖုန်းတစ်ခုတွင် ခေါင်းလောင်းသံ မြည်လာသည်။ မီးခိုးရောင် ဆံပင်၊ နှုတ်ခမ်းမွေး ကျိုးတိုးကျဲတဲနှင့် သံကိုင်းမျက်မှန်တပ် အရပ်ပုပု လူတစ်ယောက် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

'ပါဆယ် ပို့လိုက်ပြီးပြီ'

မိန်းမအသံက ပြောလိုက်သည်။ ထိုလူက စကားပြန်မပြော



တယ်လီဖုန်း ကိုပြန်ချလိုက်သည်။

ထိုလူက ဂုန္နြေရရဖြင့် လူတွေကြားမှဖြတ်ပြီး အထွက် ခရီးသည်များ ရှိရာ အခန်းထဲသို့ဝင်သွားသည်။ လူဝင်မှုကြီးကြပ်ရေး စားပွဲခုံရှေ့မှာ သူ အလှည့်ရောက်အောင် တန်းဝင်စီလိုက်သည်။

သူ့အလှည့်ရောက်သောအခါ အရာရှိ၏စားပွဲပေါ်သို့ လေယာဉ်ဖိုး လက်မှတ်၊ လေယာဉ်ပျံပေါ်တက်ခွင့် လက်မှတ်နှင့် ဩစရီးယန်းနိုင်ငံကူး လက်မှတ်များကို တင်ပေးလိုက်သည်။

အရာရှိက လက်မှတ်များကို စစ်ဆေးကြည့်ရှုပြီး

'အစ္စတန်ဘူကို ထွက်မယ့် လေယာဉ်ပျံအမှတ် ၂၆၃၊ ဟုတ်တယ် မဟုတ်လား'။ နိုင်ငံကူးလက်မှတ်ကို တစ်ရွက်ချင်းလှန်ကြည့်သည်။ ဓာတ်ပုံနှင့် လူကို တိုက်ကြည့်ပြန်သည်။ နိုင်ငံကူးလက်မှတ် အဆိုအရဆိုလျှင် အဘိုးကြီး၏ အသက် ၆၄ နှစ်ရှိပြီ။ သူ့အပေါ်အင်္ကျီက အပေါစား၊ အတွင်းမှ ဝတ်စုံကလည်း ချုပ်ပြီးသား ဝတ်စုံမျိုး အရာရှိက သူ့ကိုမော့ကြည့်လိုက်ပြီး။

'မစ္စတာကင်စကီ၊ ခင်ဗျားဒီကိုလာတာ အပျော်သက်သက်ပဲလား'

'အလုပ်နဲ့လာတာ'

အရပ်ပုပုလူက ခပ်ပြတ်ပြတ် ပြန်ဖြေလိုက်သည်။

'ကျွန်တော်က ဆီးမင်းကုမ္ပဏီ၊ ထုတ်ကုန်ဌာနက လျှပ်စစ်သုံး ပစ္စည်းနဲ့ ပတ်သက်တဲ့ အလုပ်လာလုပ်တာပါ'

အရာရှိက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး နိုင်ငံကူးလက်မှတ်ပေါ်မှာ တံဆိပ်နှိပ်လိုက်သည်။

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ သာယာသောခရီး ဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်'

ပြောပြီး ထိုသူကို စိတ်မဝင်စားတော့ဘဲ သူ့နောက်မှာရှိနေ သူဆီသို့ မျက်နှာမူလိုက်သည်။

တာ့ကစ်ရှိ လေကြောင်းကုမ္ပဏီပိုင် ဘိုးအင်း ၇၂၇ ပေါ်သို့တက် သွားသည်။ ဆေးလိပ်မသောက်ရသော နောက်ဆုံးတန်းဘက်သို့ သူလျှောက် သွားသည်။

သူက အပေါ်ကုတ်အင်္ကျီကို သပ်သပ်ယပ်ယပ်ခေါက်ပြီး ပစ္စည်းတင် စင်လေးပေါ် တင်လိုက်ကာ သူ့နေရာမှာ ပြန်ထိုင်လိုက်သည်။ ထိုင်ခုံခါးပတ် တို့ ကောက်ပတ်လိုက်သည်။

လေယာဉ်ပေါ်မှ ဧည့်ခံသော အစားအစာတွေကိုလည်း မစား၊

www.burmeseclassic.com

www.burmeseclassic.com



ဘေးထိုင်ခုံမှ စကားလာပြောသူကိုလည်း ခပ်ပြတ်ပြတ် ခပ်တိုတို ပြန်ဖြေကာ မည်သူနှင့်မျှ အဆက်အသွယ်မလုပ်လိုကြောင်း အမူအရာပြလိုက်သဖြင့် သူ့ကို မည်သူမျှ စကားမပြောကြတော့။

အစ္စတန်ဘူမြို့သို့ရောက်သောအခါ အဘိုးကြီးက သူ၏ အလတ်စား အရွယ်သေတ္တာကလေးကိုယူပြီး အကောက်ခွန်ဌာနမှ ဖြတ်ထွက်လာသည်။

လူဝင်မှုကြီးကြပ်ရေး အရာရှိတွေက သူလိုပုံပန်းရှိသည့် အဘိုးကြီးကို သိပ်အရေးမထား။ သူ၏နိုင်ငံကူးလက်မှတ်ကို တံဆိပ်ရိုက်ပြီး လွှတ်လိုက်သည်။

လေယာဉ်ကွင်း အပြင်ဘက်အရောက်တွင် တက္ကစီမောင်း သမားများ ဝိုင်းလာကြသည်။ သူက နှုတ်ခမ်းမွှေးထောင်ထောင်၊ စွယ်တာ အကျႌလည်ကျပ် အနက်ရောင်နှင့် ဆိတ်သားရေ ကုတ်အကျႌတို့ကို ဝတ်ထားသော လူကိုရွေးပြီး ခေါ်လိုက်သည်။

ကားမောင်းသမားက သူ့လက်ထဲမှသေတ္တာကိုယူပြီး ကားဆီ သို့ပြန်လှည့် ထွက်သွားလေသည်။ လမ်း၏တစ်ဖက်မှ ဖို့ဒ်ကားဟောင်း တစ်စီးရပ်ထားရာဆီသို့ အိတ်ကိုဆွဲပြီး ရှေ့မှသွားနှင့်သည်။ ကားအရှေ့ခန်းမှ လူတစ်ယောက်ထိုင်နေပြီး ဆေးလိပ်သောက်နေသည်ကို တွေ့လိုက်ရသည်။ အဘိုးကြီးက ရှေ့ခန်းမှ လူကိုတစ်ချက်ကြည့်လိုက်ပြီး ကားနောက်ခန်းထဲ ဝင်ထိုင်လိုက်သည်။ ကားသမားက ကားကို စက်နှိုးလိုက်ပြီး ရှေ့ကားတန်းကြီးထဲသို့ ဝင်ရောလိုက်သည်။ နောက်ကြည့် မှန်ထဲမှနေပြီး၊ စိုးရိမ်ပူပန်သော အမူအရာမျိုးဖြင့် အဘိုးကြီးကို လှမ်းကြည့်လိုက်သည်။ အဘိုးကြီးက အသာခေါင်းညိတ်ပြသည်။

ကားက အစ္စတန်ဘူမြို့သို့ တောက်လျှောက်မသွား။

လေဆိပ်မှထွက်လာပြီး ၅ မိနစ် မကြာခင်မှာဘဲ ကားကလေးက လမ်းမကြီးမှ ဖဲ့ထွက်ကာ မီးမှိန်မှိန်ထွန်းထားသော လမ်းကျဉ်းကလေး ထဲသို့ရောက်တော့ ကွေ့ကွေ့ကောက်ကောက် မောင်းဝင်လိုက်သည်။ အဆောက်အအုံကြီး တစ်ခုရှေ့ရပ်လိုက်သည်။ အဘိုးကြီးက ကားမောင်း သမားနောက်မှ အဆောက်အအုံထဲကို လိုက်ဝင်သွားသည်။ ကားပေါ်မှ ထိုင်ကျန်ရစ်နေသူကို ပြန်လှည့်မကြည့်။

ဓာတ်လှေကားဖြင့် ပဉ္စမထပ်ထိ တက်သွားကြသည်။ ကားဆရာက ညာဘက်အခန်းကို သူ့အိတ်ထဲမှ သော့တစ်ချောင်း နှိုက်ယူပြီး ဖွင့်လိုက်သည်။ အခန်းထဲမှာ မီးလင်းနေသည်။ အဖြူရောင် ဆွယ်တာအကျႌနှင့် အညိုရောင် ဘောင်းဘီ ဝတ်ထားသော မိန်းကလေး တစ်ယောက်က တံခါးပေါက် တည့်တည့် လှည့်ထိုင်နေသည်ကို တွေ့လိုက်ရသည်။



'ဟဲလို'

အဘိုးကြီးက နှုတ်ဆက်လိုက်ပြီး သူ့နောက်ကျောဘက်မှ တံခါးကို လှည့်ပိတ်လိုက်သည်။ မိန်းကလေးက ခေါင်းညိတ်ပြလိုက် သည်။

ဒရိုက်ဘာက သူ့ဘက်ကို လှည့်ပြီး မေးလိုက်သည်။

'ဘယ်နှယ်လဲ'

မိန်းကလေးကလည်း စိတ်ဝင်စားသော အမူအရာမျိုးဖြင့်ကုလား ထိုင်ပေါ်မှထပြီး သူ့ကိုကြည့်သည်။

အဘိုးကြီးက ပြုံးပြရင်း သူ့လက်ညှိုးကို သူ့ပါးစပ်တည့်တည့်မှာ ထောင်ပြ လိုက်သည်။

'ခုမပြောသေးဘူး'

သူက ပြန်ဖြေလိုက်ပြီး နောက်ဖေး ရေချိုးခန်းဘက်သို့ ဝင်သွား သည်။ တံခါးကိုပြန်ပိတ်ပြီး အဝတ်အစားများကို ချွတ်လိုက်သည်။ ထို့နောက် ဘေးနားရှိ စားပွဲပေါ်မှာတင်ထားသော ပလပ်စတစ်ပုလင်း၊ ကရင်မ်ဘူးများ နှင့် အလုပ်ရှုပ်နေတော့သည်။

ဆယ့်ငါးမိနစ်ခန့်ကြာပြီး ရေချိုးခန်းထဲမှ ထွက်လာသောအခါ နှုတ်ခမ်းမွှေးနှင့် မျက်မှန်မရှိတော့။ မီးခိုးရောင်ဆံပင်ကလည်း ဖြူဖွေးနေပြီး တစ်ဖက်သို့ သပ်သပ်ရပ်ရပ် ခွဲထားသည်။

အဘိုးကြီးက အိပ်ခန်းတံခါးကိုဖွင့်ပြီး ဗီရိုထဲမှ အနီရောင်လည်စီး၊ လက်ပြတ် ခေါင်းစွပ်ဆွယ်တာမီးခိုးရောင်နှင့် ဂျာကင်တစ်ထည်ကို ထုတ်ယူလိုက် သည်။ အနက်ရောင် ဖိနပ်ကို အညိုရောင် ရာဘာခုံမြင့် ဖိနပ်တစ်ရံနှင့် လဲလိုက်ပြီး အကျႌချိတ်မှ အညိုရောင် မိုးကာအကျႌကို ကောက်ဝတ်လိုက် သည်။ မှန်ရှေ့မှာ ခဏမျှရပ်လိုက်ပြီး အညိုရောင် သက္ကလပ်ဦးထုပ်ကို ဆောင်းလိုက်သည်။

ဧည့်ခန်းထဲမှာ မိန်းကလေးနှင့် ကားသမားတို့ တီးတိုး ပြောနေရာမှ သူထွက်လာသောအခါ ပြုံးခနဲ့ ရပ်ပစ်လိုက်ကြသည်။ သူ့ပုံပန်းပြောင်းလဲ သွားခြင်းကို သူတို့က အံ့သြပုံမရ။

'လာ သွားစို့' သူက ကားသမားကို ပြောလိုက်သည်။

'ငါတို့ အချိန်သိပ်မရဘူး'

မိန်းကလေးနံဘေးမှ ဖြတ်သွားရင်း သူက မိန်းကလေး၏ပခုံးကို ပုတ်လိုက်ပြီး 'မစိုးရိမ်နဲ့၊ သူတို့အားလုံး အဆင်ပြေကြမှာပါ'

ကားသမားက အဘိုးကြီးနောက်မှ ထွက်လိုက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက အဘိုးကြီးထားခဲ့သော အဝတ်အစားတွေကို သိမ်းဆည်းဖို့ အခန်းထဲဝင်သွားလေတော့သည်။

အစ္စတန်ဘူမြို့သို့ရောက်ပြီး နာရီဝက်အကြာမှာ အဘိုးကြီးက လေဆိပ်သို့ တစ်ခေါက်ပြန်ရောက်လာသည်။

ကားရပ်လိုက်လျှင် ကားရှေ့ခန်းမှ လူက ကားနောက်ခန်းဘက်သို့လှည့်လိုက်ပြီး အဘိုးကြီးကို အပြာရောင်ပလပ်စတစ် လက်ကိုင်အိတ်သေးသေးကလေး လှမ်းပေးလိုက်သည်။

'ခင်ဗျားအတွက် လိုအပ်တဲ့ စာရွက်စာတမ်းတွေ'

အဘိုးကြီးက လက်ကိုင်အိတ်ကလေးထဲမှ ပစ္စည်းတွေကို ထုတ်ပြီး စစ်ဆေးကြည့်လိုက်သည်။ လေယာဉ်ပျံလက်မှတ်တစ်စောင်၊ အစ္စတန်ဘူ ဟီလတန် ဟိုတယ်၏ ဘောက်ချာတစ်စောင်၊ တူရကီ ငွေစက္ကူနှင့် အကြွေအချို့၊ ဘယ်လဂျီယံနိုင်ငံကူးလက်မှတ် တစ်စောင်၊ ထိုသူသည် လွန်ခဲ့သော ရှစ်ရက်ခန့်က ဘရပ်ဆဲလ်မြို့မှ အစ္စတန်ဘူမြို့သို့ရောက်ကြောင်း ပြည်ဝင်တံဆိပ်များ ရိုက်နှိပ်ထားသည်။

သူက ကားတံခါးဖွင့်ကာ သူ့ခရီးဆောင်အိတ်ကို ဆွဲယူလိုက်သည်။ ပြီးမှ ရုတ်တရက် စိတ်ကူးတစ်ခုရပြီး ကားထဲသို့ ခေါင်းလျှိုဝင်ကာ

'မင်းတို့ကို ငါကျေးဇူးတင်တယ်၊ တို့စီစဉ်ထားတဲ့အတိုင်း အားလုံးအလုပ်ဖြစ်တယ်၊ နက်ဖြန်သတင်းစာမှာ မင်းတို့ဖတ်ကြည့်ကြပေတော့'

ပြောပြီးနောက် ခရီးသည်များအတွက် သတ်မှတ်ထားသော အခန်းဘက်သို့ သူထွက်သွားလေတော့သည်။

တစ်ပတ်နှစ်ကြိမ် တဲလ်အဗစ်သို့ ပျံသန်းသော လေယာဉ်ပေါ်တက်လိုက်သည်။ ဘန်ဂူရီယံ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆယ့်တစ်နာရီမှာ ဆိုက်ရောက်လေသည်။

အစ္စရေးနိုင်ငံ၏ ကောင်းကင်ယံမှာ ကြည်လင်နေပြီး ရေခဲတမျှ အေးမြသော လေတိုက်ခတ်လျက်ရှိသည်။ ဆံပင်ဖြူဖြူ ခရီးသည်ကြီးကို အများသူငါ သတိမထားမိရလေအောင် လေယာဉ်ပျံကွင်း၏ အစိတအဆောက်အအုံဘေးရှိ လုံခြုံရေးအခန်းထဲသို့ ခေါ်သွား ကြသည်။ အခန်းထဲမှာ အစောင့်အကြပ် နှစ်ယောက်နှင့်အတူ လူခြောက်ယောက်ခန့် သူ့ကို စောင့်နေကြသည်။ သူတို့ အားလုံး အစ္စရေးလျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ မော့ဆက်၏ အထက်တန်းအရာရှိကြီးများ ဖြစ်သည်။

သည်လူတွေ၏ မျက်နှာကို မြင်ရသောအခါ အဘိုးကြီး နည်းနည်း



လောက် နေမထိထိုင်မသာဖြစ်သွားရုံကလွဲပြီး သူတို့က စိတ်ရောတိုယ်ပါ ဝိုင်းနှုတ်ဆက်ကြတာကို သိပ်ပြီး စိတ်လှုပ်ရှားပုံမရ။

'ဂျရာမီယာ၊ ခင်ဗျားကို ကျုပ်ချီးကျူးပါတယ်'

ထိပ်ပြောင်ပြောင် လူတစ်ယောက်က ပြောလိုက်သည်။

'ဒီနေ့ ညနေသတင်းမှာ ပါလာပြီ၊ ဝန်ကြီးချုပ်ကခေါ်တာ နှစ်ခါရှိပြီ၊ သူက ခင်ဗျားကို ကိုယ်တိုင်စကားပြောချင်တယ်လို့ ပြောနေတယ်'

'ဒေးဗစ်၊ ငါတို့ လူတွေကော'

ဆံပင်ဖြူဖြူလူကြီးက စိုးရိမ်တကြီး မေးလိုက်သည်။ ခေါင်းပြောင်ပြောင်လူက သူ့ကို ပြုံးပြလိုက်ရင်း

'အားလုံး စီစဉ်ပြီးပါပြီ၊ အတော်များများ အပြင်ကိုရောက်နေပြီ၊ ကျန်တဲ့ လူတွေတော့ နက်ဖြန်ကျမှ ထွက်လာကြလိမ့်မယ်၊ ရှင်းလင်းရေးအဖွဲ့ကတော့ စီစဉ်ထားတဲ့အတိုင်း ဗုဒ္ဓဟူးနေ့ကျမှ ဝင်သွားလိမ့်မယ်'

ခေတ္တမျှ ဆိုင်းလိုက်ပြီး

'ဂျရာမီယာ၊ ဒီလောက် နှစ်တွေကြပြီးမှ သူ့ကို ခင်ဗျား ရလိုက်တာ၊ ခင်ဗျား ဘယ်လိုခံစားရမယ်ဆိုတာ ကျွန်တော် မှန်းဆလို့ ရပါတယ်'

အဘိုးကြီးက မနေတတ် မထိုင်တတ်ဖြစ်သွားပြီး နောက်ဆုံးမှာ

'လာ သွားစို့၊ ဒင်နီ ဘယ်မှာလဲ'

သူ့ ကားသမား ဒင်နီက အခန်းထောင့်မှ ထွက်လာသည်။

'ဒင်နီ တို့ရုံးခန်း အရင်သွားရအောင်'

သူ့လက်ထောက်တွေက သူလှည့်ထွက်သွားသည်ကို အံ့သြစွာ လှမ်းကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။ အရပ်မြင့်မြင့်၊ ဆံပင်နက်နက်နှင့် အရှေ့တိုင်းသားမျက်နှာမျိုးရှိသော လူကြီးတစ်ယောက်က

'ဒီလူတကကယ့်ကို လူစိတ်မရှိဘူးလို့ ငါပြောထားတယ် မဟုတ်လား၊ ခု ဆလာမက်ကို သူကိုယ်တိုင် အရလုပ်ပစ်ခဲ့တယ်၊ ခုသူ့ကြည့်ပါလား၊ ဘာမှမဖြစ်သလို ထွက်သွားတယ်၊ ငါသာဆိုရင် တကယ့်အကြီးဆုံး ရှန်ပိန်ပါတီ[illegible]ကြီး ကျင်းပပစ်လိုက်မှာပဲ၊ ဆလာမက်ကို ရဖို့အရေး သူဘယ်လောက်[illegible]ကြိုးစားခဲ့ရသလဲ၊ ခြောက်နှစ်ကွ၊ ခြောက်နှစ်'

'ခုနှစ်နှစ်နဲ့ လေးလ' ဒေးဗစ်က ဝင်ပြောလိုက်သည်။

သူတို့က အစ္စရေးလျှို့ဝှက်ထောက်ရေးအဖွဲ့ကြီး၏ ခေါင်းဆောင် ဂျရာမီယာ ထွက်သွားသည်ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။

'မင်းသားနီ' ဟုအမည်တွင်သော အလီယာဆန် ဆလာမက်ကို

www.burmeseclassic.com

www.burmeseclassic.com



အဆုံးစီရင်နိုင်ခဲ့ပေမယ့် သူက ကျေနပ်နှစ်သက်သော အမူအရာလုံးဝမပြ။

'၁၉၇၂ ခုနှစ်၊ မြူးနစ် အိုလံပစ်ပွဲတော်မှာ အစ္စရေးအားကစားသမားတွေ အသတ်ခံရခြင်းအတွက် အပြည့်ပြည့်ဆိုင်ရာ အကြမ်းဖက်သမားများထဲမှ ညာဏ်နီဉာဏ်နက်အများဆုံး အန္တရာယ် အကြီးဆုံး ဆလာမက်ကို ခုနှစ်နှစ်နှင့် လေးလကြာပြီးမှ မော့ဆက်က လက်စားပြန်ချေနိုင်တော့သည်။

၂

ဂျေရုဆလင်မြို့ထဲသို့ ရောက်သောအခါ မိုးလင်းလုနီးပြီ။ လမ်းပေါ်မှာ အဖြူကွက်တွေကို မြင်ရသဖြင့် ဂျူရာမီယာက တအံ့တဩ ပြောလိုက်သည်။

'နှင်းကျနေတယ် ဟုတ်လား'

သူ့ ဒရိုက်ဘာက ခေါင်းညိတ်လိုက်ပြီး

'ဂျေရုဆလင်မှာ နှင်းကျနေတာ လေးရက်တောင်ရှိသွားပြီ၊ မြို့ပေါ်မှာ အဆက်အသွယ်ပြတ်တာ နှစ်ဆယ့်လေးနာရီရှိပြီ'

အဝေးမှနေ၍ ဂျေရုဆလင်မြို့၏ ကောင်းကင်ကို လှမ်းမြင်နေသည်။ ဂျေရုဆလင်မြို့၏ အလှအပကို ဘယ်သောအခါမျှ သူ စိတ်အေးလက်အေး ကြည့်ရှုခံစားခွင့်မရခဲ့။ သူ့ ဦးနှောက်ထဲမှာ အမြဲလိုလိုပင် အရေးကြီးသည့်ကိစ္စတွေကိုသာ စဉ်းစားနေရသည်။

သူကလှဲစားချေရမည့် ကိစ္စကြီးတစ်ခု ယနေ့ အောင်မြင်သွားပေမယ့် သူ့စိတ်ထဲမှာ ဟာတာတာကြီး ကျန်ရစ်ခဲ့သည်။ ဆလမက် သေသွားခဲ့လျှင် မည်သို့ ခံစားရမည်ကို သူ ကြိုတင် မမှန်းဆတတ်ခဲ့။ ငယ်ရွယ်စဉ်အခါက ဆိုလျှင်တော့ အပျော်ကြီး ပျော်မိလိမ့်မည်။ ခုတော့ သူက နွမ်းလျမောဟိုက်ပြီး ထုံကျန်ရစ်ခဲ့သည်။ ဤသည်မှာ သူ အသက်ကြီးလာခြင်းကြောင့် ဖြစ်ကောင်းဖြစ်မည်။

ဂျေရုဆလင်မြို့က မှောင်လည်းမှောင်ပြီး အေးလည်းအေးနေသည်။ လူသူကင်းမဲ့သော လမ်းမပေါ်မှာ လမ်းပြမီးတိုင် အဝါရောင်ကဖွင့်ချည် ပိတ်ချည်နှင့်။ ပျင်းရိဖွယ် ကောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကားက လမ်းတစ်လမ်းကို ချိုးကွေ့လိုက်ပြီး အုန်းပင်နှစ်ပင် စိုက်ထားသော ပန်းခြံထဲသို့ ဝင်လိုက်သည်။

ဒင်နီက ဂျရာမီယာ၏ သေတ္တာကိုယူပြီး ပန်းခြံကလေးကို ဖြတ်ကာ အိမ်တံခါးသော့ ဖွင့်လိုက်သည်။ အိမ်စောင့်အမျိုးသားက ခုအချိန်မှာ အိပ်ပျော်လောက်ပြီ။

သူက စာဖတ်ခန်းထဲသို့ တောက်လျှောက်တန်းဝင်သွားပြီး စာကြည့် မီးကို ဖွင့်လိုက်သည်။ လျှပ်စစ်မီးဖိုခလုတ်ကို ဖွင့်လိုက်သည်။ ဆုံလည် ကုလားထိုင်မှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ သူ၏ ဒရိုင်ဘာလည်းဖြစ်၊ ကိုယ်ရံတော်လည်း ဖြစ်သော ဒင်နီက တစ်အိမ်လုံးရှိ အချက်ပြ ခေါင်းလောင်းတွေ လိုက်လံစစ်ဆေး နေတာကို စောင့်ကြည့်နေခဲ့သည်။ ဒင်နီအလုပ်ကိစ္စပြီးစီးကာ အိပ်ရာဝင် သွားတော့မှပင် ဂျာရာမီယာက စိတ်ချလက်ချ ဖြစ်သွားသည်။

သူက စားပွဲမှထလာပြီး စာအုပ်စင် အောက်ဆုံးထပ်ရှိ ဗီဒိုတံခါးကို စားပွဲအံဆွဲထဲမှ သော့တစ်ချောင်းဖြင့် ဖွင့်လိုက်သည်။ ဗီရိုတံခါးနောက်မှ သစ်သားအံဖုံးတစ်ခုကို ဘေးဖယ်လိုက်သည်နှင့် မီးခံသေတ္တာ ခလုတ်ဝိုင်း တလေးတစ်ခု ပေါ်လာသည်။ ခလုတ်ဝိုင်းကလေးကို စိတ်ရှည်လက်ရှည်နှင့် ဘယ်ညာလှည့်ပြီး ဖွင့်လိုက်သောအခါ တံခါးက အသံမမြည်ဘဲ အပြင်ဘက်သို့ ပွင့်လာသည်။

ကတ်ထူဖိုင်တစ်ခုကို ထုတ်ယူလိုက်သည်။ ဖိုင်က နှစ်ပေါင်းများစွာ ကြာပြီမို့ အရောင်တော်တော်မှိန်နေပေပြီ။ ဖိုင်တွဲအဖုံးပေါ်မှာ ဆလာမက် ဆိုသော စာတန်းရေးထားသည်။ စက်တင်ဘာ ၅ ရက်၊ ၁၉၇၂ ခု ဟု ရေးထားသည်။ ဖိုင်ကို စားပွဲပေါ်တင်လိုက်ပြီး သူကကုလားထိုင်မှာ မလှုပ်မယှက် ထိုင်ရင်း ဖိုင်ကို အချိန်အကြာကြီး စိုက်ကြည့်နေသည်။ သည့်နောက်မှ ဖိုင်တို စည်းထားသော ကြိုးတွေကို ဖြေလိုက်ပြီး ဖိုင်ကိုဖွင့်လိုက်သည်။

ဖိုင်ထဲမှ စာရွက်များကို ကတ်ထူပြားကလေးမှာစာရေးပြီး ကဏ္ဍ တလေးများ ခွဲထားသည်။ ပထမဆုံးကဏ္ဍကို 'မြူးနစ်'ဟု ရေးထားသည်။ ပထမဆုံးကတ်ပြားကလေးကို လှန်လိုက်သောအခါ အတွင်းမှာ ခါတ်ပုံ ဆယ့်တစ်ပုံ ကပ်ထားသည့် စာရွက်တစ်ရွက်ကို တွေ့လိုက်ရသည်။ ဓာတ်ပုံ တစ်ပုံစီ၏အောက်မှာ နာမည်တွေ ရေးထားသည်။

သူတို့၏ဖြစ်ရပ်အိပ်မက်ဆိုးကြီးကို သူပြန်လည်သတိရနေသည်။ စက်တင်ဘာလ ၅ ရက်နေ့ နံနက်စောစောမှာ သူ့ဆီဖုန်းဝင်လာသည်ကို သူကောင်းကောင်း မှတ်မိနေသည်။



သည်တုန်းက တာဝန်ကျအရာရှိက

'မြူးနစ်အိုလံပစ်အားကစားသမားတွေရဲ့ တည်းခိုစခန်းထဲကို အာရပ်အကြမ်းဖက်သမားတွေ ဝင်လာပြီး ပစ်ကြ ခတ်ကြတယ်၊ တချို့မှန် ကုန်တယ်၊ တချို့ ဓားစာခံ အဖမ်းခံထားရတယ်။'

ဖြစ်ရပ်က ဤမှစခဲ့သည်။

သူက စစ်ဦးစီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဆီ ဖုန်းဆက်သည်။ ထိုစဉ်က ဝန်ကြီးချုပ်က သူ့ကို တဖွဖွမှာကြားသည်။

'ဂျရာမီယာ၊ သူတို့အသက်မသေရအောင် ပြန်လုပ်ပါ'

သည်အချိန်က ဂျာမန်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ဒါရိုက်တာက

'ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားနေပါတယ်၊ ဂျာမနီပြည်ပေါ်မှာနောက်ထပ် ဂျူးတွေကို သတ်ဖြတ်ခွင့် ကျွန်တော်တို့ မပြုနိုင်ပါဘူး'

ဆိုသည့် ကတိဝန်ခံစကားတွေကို ပြန်လည်ကြားယောင်နေမိသည်။ အကြမ်းဖက်သမားများကား ဘလက်စက်တင်ဘာအဖွဲ့မှ ဖြစ်သည်။

နေ့လည်ပိုင်းမှာ အားကစားသမားနှစ်ယောက် သေဆုံးပြီး ကျန် ကိုးယောက် အဖမ်းခံရသည်ဟု သတင်းရောက်လာသည်။ နောက်ထပ် နာရီ ဝက်ခန့် အကြာမှာ စာရင်းတစ်ခု ထပ်ရောက်လာသည်။ အစ္စရေး ထောင်တွေ ထဲမှာ အချုပ်ခံနေရသော အာရပ်လူမျိုးနှစ်ရာ၏ အမည်စာရင်း။

သည်လူနှစ်ရာနှင့် အဖမ်းခံထားရသည့် လူကိုးယောက်လဲလှယ်ရန် ဖြစ်သည်။ သည်စာရင်းထဲမှာ ဂျာမနီပြည် ဖရန့်ဖွတ်မြို့ အချုပ်ခန်းထဲရှိ ဂျာမန်လူမျိုး ပျောက်ကျားသမား အင်ဒရေဘေဒါနှင့် အိုရိုက်မိယန်ဟော့တို့၏ နာမည်လည်း ပါလာသည်။

ဂျရာမီယာက သံကြိုးစာများကိုဖတ် ကြည့်ပြီးနောက် ထိုနေ့တာ သက်ဆိုင်ရာ အစိုးရဌာန အကြီးအကဲများနှင့် ဆွေးနွေးခဲ့သည်။ မှတ်တမ်းများ ကိုလည်း ဆက်ဖတ်သည်။ ဂျာမန်လျှို့ဝှက်စုံထောက်အဖွဲ့က သူတို့နည်း နှင့်သူတို့ ဓားစာခံများကို လွတ်အောင် ကြိုးစားမည်ဟုဆိုသည်။ ဂျာမန် မြေပေါ် မှာတော့ အစ္စရေး၏ ကိုယ်စားလှယ်တစ်ယောက်ကိုပဲ လက်ခံနိုင်မည် ဟုဆိုသည်၊ ဒါပေမဲ့ စောင့်ကြည့်သူ သက်သက်အဖြစ်သာ လက်ခံနိုင်မည်ဟု ဆိုသည်။

ဒရိုင်ဘာဒင်နီက လေယာဉ်ပျံကွင်းသို့ ကားမောင်းလိုက်ပို့စဉ် မြူးနစ် ရဲဌာနမှူး၏ အစီအစဉ်တစ်ခုကို ကားပေါ်မှာပဲ လက်ခံရရှိလိုက်သည်။ သူ့ အစီအစဉ်က အကြမ်းဖက်သမားများနှင့် ဓားစာခံများကို ဗေဟာပ်စခန်း လေယာဉ်ကွင်းတစ်ခုမှ ကိုင်ရိုသို့ ပို့ပေးမည်ဟု ညာခေါ်ပြီး စခန်းမှ လက်ဖြောင့်
www.burmeseclassic.com

www.burmeseclassic.com

သေနတ်သမားများက အဆင်သင့်စောင့်ကာ တိုက်ခိုက်ဖို့ အစီအစဉ်ဖြစ်သည်။ ထိုစဉ်က သူ့စိတ်ထဲမှာ အတော်ကလေး စနောင့်စနင်းဖြစ်ခဲ့ရသည်။

သည်အကြမ်းဖက်သမားတွေကို ထောင်ချောက်တစ်ခုခုထဲ လိမ်ပြီး ခေါ်ရမည်ဆိုလျှင် သူတို့ စိတ်ချနိုင်လောက်သော အခြေအနေ တစ်ခုခု ဖန်တီးပေးပြီးမှ သူတို့က ယုံကြည်ပြီး လိုက်လာပေမည်။

သည်အကြမ်းဖက်သမားတွေ၏ အခြေအနေကို မသိဘဲရဲဌာန မှူးချုပ်က သည်အစီအစဉ်ကို မည်သို့ အကောင်အထည်ဖော်နိုင်မည်လဲ။

အကြမ်းဖက်သမားတွေကို လိမ်ညာဖို့ဆိုတာက တကယ့် ကျွမ်းကျင်သူ၏ အလုပ်တစ်ခုသာ ဖြစ်သည်။ သူ့ကို ဂျာမနီသို့ စောင့်ကြည့်သူ သက်သက်အဖြစ်သာ ဖိတ်ခေါ်လေတော့ သူ၏ကျွမ်းကျင်သူတွေကိုလည်း မခေါ်နိုင်တော့။

ထို့ကြောင့် သူက လေယာဉ်ကွင်းထိန်းသိမ်းရေး အဆောက်အအုံ ပေါ်မှနေပြီး ဖြစ်ရပ်ဆိုးကြီးတစ်ခုကို ပွဲကြည့်ပရိသတ် တစ်ယောက်ပမာ ကြည့်နေရတော့သည်။

အကြမ်းဖက်သမားများနှင့် ဓားစာခံများကို ရဟတ်ယာဉ်နှစ်စီးနှင့် သယ်လာပြီး လေယာဉ်ကွင်းအဆင်းမှာ ဂျာမန်လက်ဖြောင့်သမားတွေက စတင်ပစ်ခတ်ကြသည်။ တကယ့်အရေးပါသော ပစ်မှတ်တွေကို မထိ၊ အကြမ်းဖက်သမားနှစ်ယောက်ကိုသာ ထိမှန်ခဲ့သည်။

အပြန်အလှန် ပစ်ခတ်ချိန်ကျတော့ အကြမ်းဖက်သမားများ၏ ပြန်လှန်ပစ်ခတ်ခြင်းကို ရဲတွေမခံနိုင်တော့။ နောက်ဆုံးမှာ အကြမ်းဖက် သမား ငါးယောက် ကျဆုံးသွားပြီး သုံးယောက်က လက်နက်ချသည်။ ဒါပေမဲ့ ဓားစာခံတွေကို တစ်ယောက်ချင်းသွေးအေးအေး သတ်ပြီးမှ လက်နက်ချ ကြခြင်းဖြစ်သည်။

ဇွိရာမီယာက ထိုစဉ်က အသုဘ အခမ်းအနားကိုတောင်မှ စောင့် မနေတော့ဘဲ အစ္စရေးသို့ ချက်ချင်းပြန်လာပြီး ဝန်ကြီးချုပ်အိမ်သို့တန်းသွား သည်။ ဝန်ကြီးချုပ်ကို သူ ပြောခဲ့သည်။

'ဒီလူသတ်မှုနဲ့ ပတ်သက်တဲ့ တာဝန်ရှိသူကို ကျွန်တော် တွေ့အောင် ရှာမယ်၊ တစ်ချိန်က ကလဲ့စားချေတာကို ခင်ဗျား အမြဲတမ်း ကန့်ကွက်နေခဲ့ တယ်၊ ခင်ဗျားအယူအဆ မှန်ချင် မှန်မှာပဲ၊ ဒါပေမဲ့ ကျွန်တော်တို့ တိုင်းသူ ပြည်သားတွေကို အလကားသတ်ပစ်နေတာတော့ ကျွန်တော်မခံနိုင်ဘူး၊ ဘလက်စတင်ဘာအဖွဲ့ကို ကျွန်တော်မဖြိုခွင်းနိုင်သမျှ ကာလပတ်လုံး မော့ဆက်ရဲ့ ခေါင်းဆောင်တစ်ယောက်မဖြစ်ထိုက်ဘူး'

သူက ရာထူးမှ နုတ်ထွက်မည်ဟု မခြိမ်းခြောက်ခဲ့။ သူ၏စကား အဓိပ္ပာယ်ကိုတော့ ဝန်ကြီးချုပ်က ကောင်းကောင်းကြီး သဘောပေါက်သည်။ ဝန်ကြီးအဖွဲ့နှင့် တိုင်ပင်ရန် နောက်ထပ် ၂၄ နာရီစောင့်ဖို့ သူ့ကိုတားသည်။ နောက်တစ်နေ့ ညနေမှာ ဝန်ကြီးချုပ်က သူ့အိမ်သို့ခေါ်ပြီး သူတောင်း ဆိုသည့်အတိုင်း ခွင့်ပြုလိုက်တော့သည်။

ဘလက်စက်တင်ဘာ အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုတွေကို စုံစမ်းထောက်လှမ်းဖို့ သူ၏အရကောင်းဆုံး လျှို့ဝှက်ထောက်လှမ်းရေးသမား များကို မြူးနစ်သို့ စေလွှတ်ခဲ့သည်။

သူ၏ စစ်ဆင်ရေး ခေါင်းဆောင်ဒေးဗစ်ရော့က ထောက်လှမ်းရရှိ သည့် ဘလက်စက်တင်ဘာအဖွဲ့ခေါင်းဆောင်ကို သတ်ရန် အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းလိုက်သည်။ စက်တင်ဘာ ဆယ့်ငါးရက်နေ့မှာ မြူးနစ်လူသတ်မှု၏ အသေးစိတ်စီစဉ်ပုံ စီစဉ်နည်းများနှင့် အခြားနိုင်ငံ သံတမန်အဖွဲ့အစည်းများ ပါပုံပါနည်းအသေးစိတ်များကို သူသိရှိရသည်။

အရှေ့ဘာလင် ဌာနချုပ်မှ နေပြီး ခေါင်းဆောင်ညွှန်ကြားမှုပြုသူ 'မင်းသားနီ' ဟုနာမည် ခံထားသော ပါလက်စတိုင်း အာရပ်လူမျိုးတစ်ယောက် အကြောင်းကို သူသိရှိရသည်။

နောက် ဆယ်ရက်ခန့်အကြာမှာ မင်းသားနီ ဟုနာမည်ခံထားသူမှာ 'အလီယာဆန်ဆလာမက်' ဖြစ်ကြောင်း သူအတိအကျ သိလိုက်ရတော့သည်။

ဂျာရာမီယာက ကုထားထိုင်ကို မှီလိုက်ပြီး မျက်စိစုံမှိတ်ထားလိုက်သည်။ ဆလာမက်နာမည်ကို သူ သိလိုက်ရတော့ တော်တော်ကလေး တုန်လှုပ်သွား ခဲ့သည်။

ဆလာမက်၏ အဖေကို သူ သိသည်။ ဂျူးများကို အသေအလဲ တိုက်ခိုက်ခဲ့သော ပါလက်စတိုင်းလူမျိုးတစ်ယောက် ဖြစ်သည်။ ဆလာမက်၏ ချုံခိုတိုက်ခိုက်မှုကြောင့် ဂျေရုဆလင်မြို့သည် တစ်နိုင်လုံးနှင့် အဆက်အသွယ် ပြတ်သွားခဲ့သည်။ နောက်ဆုံး ဆလာမက်တို့၏ နောက်တန်းကို ဟာဂနာ အပျော်တမ်းတပ်များက ထိုးဖောက်ဝင်ရောက်ပြီး ဆလာမက်တို့၏ဌာနချုပ် ကိုမိုင်းခွဲဖျက်ဆီးနိုင်ခဲ့သည်။ ဆလာမက်နှင့် သူ့ထိပ်တန်းအရာရှိ သုံးဆယ် ခန့် ပေါက်ကွဲမှုထဲမှာ သေဆုံးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၉၄၈ ခုနှစ်၊ ညတစ်ညမှာ ကွန်မန်ဒိုအဖွဲ့သားတွေ တဲအဗစ်သို့ ရောက်သောအခါ ဟာဂါနာအဖွဲ့သားတစ်ယောက် ဖြစ်သော ဂျရာမီယာက ဆလာမက်ဖိုင်ကို စိတ်ချလက်ချ ပိတ်နိုင်ခဲ့သည်။

ဒါပေမဲ့ နောက်နှစ်ပေါင်းနှစ်ဆယ့်ငါးနှစ် အကြာမှာ သားလုပ်သူက ဖခင်ခြေရာအတိုင်း ဂျူးများကို တစ်ဖန် တိုက်ခိုက်လာပြန်တော့သည်။

ဆလာမက်ကိုလိုက်ရသည့် လုပ်ငန်းတစ်ခါပြန်စရသည်။

ဂျရာမီယာက မင်းသားနီဟု အမည်တပ်ထားသော ကတ်ပြားတလေးကို လှန်လိုက်သည်။ ပထမစာရွက်မှာ ဆလမက်၏ ဒုက္ခသည်စခန်းဘဝဖြစ်စဉ်၊ ကိုင်ရိုမြို့မှာ စစ်သင်တန်းသားဘဝဖြစ်စဉ်၊ ဘီရွတ်မြို့ အမေရိကန်တက္ကသိုလ်မှာ ကျောင်းသားဘဝဖြစ်စဉ်များ ပါဝင်သော စာရွက်များကို တွေ့ရသည်။ ပြောက်ကျားအဖွဲ့ ခေါင်းဆောင်ကြီးနှင့် တွဲပြီး ရိုက်ထားသော မှန်ဝါးဝါးဓာတ်ပုံတစ်ပုံကိုလည်း တွေ့ရသည်။

ဓာတ်ပုံရသောနေ့က မော့ဆက်အဖွဲ့ကြီးတစ်ဖွဲ့လုံး တော်တော်လှုပ်ရှားသွားသည်။ ထိုနေ့က သည်ဓာတ်ပုံကလွဲပြီး နောက်ထပ်သူ့ ဓာတ်ပုံကိုရနိုင်တော့မည်မဟုတ်ဟု မည်သူမှမတွက်ခဲ့။ သည်ဓာတ်ပုံမရခဲ့သဖြင့် မော့ဆက်ရာဇဝင်မှာ အဆိုးဆုံး နာမည်ပျက်မှုကြီးတစ်ခုဖြစ်ရမည်ကိုလည်း မည်သူမှမတွက်မိခဲ့ကြ။

သူတို့ စုံစမ်းထောက်လှမ်းမှု၏ အကြီးဆုံးရလဒ်က အကြမ်းဖက်သမားတွေ၏ အဆက်အသွယ်တစ်ယောက်ကို ရောမမြို့မှာ ဖမ်းမိလိုက်ခြင်းပင်ဖြစ်သည်။ ခုနှစ်ဆယ့်နှစ်နာရီတိတိ မေးမြန်းစစ်ဆေးပြီးချိန်ကျမှ ထိုလူက ဖွင့်ဟဝန်ခံတော့သည်။

သူ့ အဆိုအရ ဆလာမက်သည် လူချောတစ်ယောက်။ နိုင်ငံခြားဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင်ပြောတတ်ပြီး၊ အနောက်တိုင်းသူ့ မိန်းကား၊ အစားအသောက်နှင့် ဈေးကြီးကြီးအဝတ်အစားများကို မရှောင်မရှောင်နိုင်လောက်အောင် ဝါသနာကြီးသည်။ အပျော်အပါး ဝါသနာကြီးသူသော အကြမ်းဖက်သမားက ဥရောပအကြမ်းဖမ်းသမားအုပ်စုများနှင့် ဆက်သွယ်မိခဲ့သည်။

အထူးသဖြင့် ဂျာမနီအဖွဲ့နှင့်ပို၍ရင်းနှီးသည်။ ၎င်းတို့၏ အကူအညီများဖြင့် သူက အစ္စရေးတိုင်းသူပြည်သားများကို သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်း၊ လေယာဉ်အပိုင်စီးခြင်း အမျိုးမျိုးတို့ကို လုပ်နိုင်ခဲ့သည်။ နောက်ဆုံးမြူနစ်တိုက်ခိုက်မှုအထိ ဖြစ်လာခဲ့သည်။ ထိုအဆက်အသွယ် မဖြေနိုင်သော



မေးခွန်းတစ်ခု ကျန်နေသေးသည်။ အခုဆလာမက် ဘယ်မှာရှိသည်ကို သူ မပြောနိုင်ခဲ့။

ဂျာရာမီယာက သက်ပြင်းတစ်ချက်ချလိုက်ပြီး 'လီလီထန်းမား' ဟု ခေါင်းစဉ်တပ်ထားသည့် အခန်းကို လှန်လိုက်သည်။

ဇူလိုင်လ အလယ်လောက်မှာ ခွဲသုံးခုက သတင်းများရောက်လာသည်။ မော့ဆက်အဖွဲ့တစ်ဖွဲ့က ဂျာမနီရှိ ဘေဒါမီယန်ဟော့အဖွဲ့သားများကို စုံစမ်းနေရာမှ အနုလန်မြို့ အနီးအနားမှာ ဆလမက်ကို ခြေရာကောက်မိသည်ဟု သတင်းပို့လိုက်သည်။

မင်းသာနီက သူ့နောက်ဆုံး အမျိုးသမီးအဖော်နှင့် လုံခြုံရာ အိမ်တစ်အိမ်မှ ပုန်းအောင်နေပြီး မကြာမီ ခရီးထွက်တော့မည်။

'ပထမ ပဲရစ်မြို့မှာ ခဏနေပြီးနောက်၊ လေလာနှင့် ဟမ်းဘတ်မြို့များသို့ ထွက်သွားသည်။ ဂျာမနီမြောက်ပိုင်းရောက်တော့ ခြေရာပျောက်သွားသည်။

နောက်ထပ် မော့ဆက်အဖွဲ့တစ်ဖွဲ့က ဆွီဒင်မှာ ဘလက်စက်တင်ဘာအဖွဲ့၏ တိုက်ခိုက်ဖို့ အစီအစဉ်တစ်ခုကို တွေ့ရှိရသည်။ ထိုစဉ်က မော့ဆက်အဖွဲ့သားများကို တိုက်ခိုက်ဖို့ သူ့အမိန့်ပေးရန် တွန့်ဆုတ်နေခဲ့သည်။

ဒါပေမဲ့ ဇူလိုင်လ ၁၄ ရက်နေ့မှာ မြောက်ပိုင်းကို ထွက်သွားသော အာရပ်လူမျိုးတစ်ဦးကို မော့ဆက်ကတွေ့လိုက်ရသည်။ သူ့ကို မော့ဆက်အဖွဲ့က လွန်ခဲ့သော ၆ လကတည်းက နောက်ယောင်ခံလိုက်နေခဲ့သည်။ ဂျီနီဗာမြို့မှာ အခြေစိုက်ပြီး ဥရောပမြို့ တော်တော်များများသို့ခေါက်တုံ့ခေါက်ပြန်သွားလျက် ဘလက်စက်တင်ဘာ အဖွဲ့သားများနှင့်ဆက်သွယ်နေသည်ကို မော့ဆက်က တွေ့ရှိရသည်။ သည်တော့ ထိုသူမှာ ဘလက်စက်တင်ဘာအဖွဲ့၏ ထိပ်တန်းကယ်ရီယာ တစ်ယောက်ဖြစ်ကြောင်း သူတို့ သိလိုက်ရသည်။ ဆွီဒင်နိုင်ငံဘက်သို့ သူ ရုတ်တရက်ထွက်သွားခြင်းမှာ ဆလာမက်နှင့် တွေ့ဆုံရန် ဖြစ်သည်ဟု မော့ဆက်က တစ်ထစ်ချတွက်သည်။

ထို့ကြောင့် ဇူလိုင်လ (၁၇) ရက်နေ့၊ နော်ဝေနိုင်ငံမြို့တော် အော်စလိုမြို့ကို သူ့အရောက်မှာ မော့ဆက်အဖွဲ့က ဆလာမက်ဆီကို သူသွားမည်ဟု ယူဆပြီး တိုက်ခိုက်ရေးအဖွဲ့တစ်ဖွဲ့ကို ဇူလိုင်လ ၁၈ ရက်နေ့မှာ လွှတ်လိုက်သည်။ ဇူလိုင်လ ၂၀ ရက်နေ့မှာ မော့ဆက်အဖွဲ့သားနှစ်ယောက်တ

www.burmeseclassic.com

www.burmeseclassic.com

တယ်ရီယာကို အဝေးမှစောင့်နေဆဲ၊ နောက်ထပ်အာရပ်လူမျိုးတစ်ယောက် သူ့ဆီလာနေတာကို တွေ့လိုက်ရသည်။

မော့ဆက်အဖွဲ့သားတွေက သူတို့ယူဆောင်လာသော ဓာတ်ပုံနှင့် ထိုသူ၏ပုံပန်းကို တိုက်ကြည့်လိုက်တော့ အနည်းငယ်ကွာခြားနေသည်ကို တွေ့ရသည်။ ဆလာမက်က နှုတ်ခမ်းမွေးမရှိ။ ယခုလူကတော့ နှုတ်ခမ်းမွေး ပါသည်။ ဒါပေမဲ့ မော့ဆက်အဖွဲ့သားတွေက နောက်ရောက်လာသူကို မင်းသားနီဟုပဲ တထစ်ချ သတ်မှတ်လိုက်ကြသည်။

ထိုနေ့ညမှာ မင်းသားနီကိုတွေ့ပြီဆိုသော သံကြိုးတစ်စောင် မော့ဆက်ဌာနချုပ်ကို ရောက်လာတော့ ဂျရာမီယာက အမိန့်ပေး သံကြိုးပြန် ရိုက်လိုက်သည်။

ဇူလိုင်လ ၂၁ ရက်၊ စနေနေ့ည ၁၀ နာရီ ၄၀ မိနစ်မှာ ဆလာမက်နှင့် မိုးကာအင်္ကျီ အဝါဝတ်ထားသော အမျိုးသမီးတစ်ယောက် ရုပ်ရှင်ရုံထဲမှ အတူတူ ထွက်လာပြီး လမ်းမပေါ် အရောက် အရပ်ရှည်ရှည် လူတစ်ယောက်နှင့်ဆံပင်နီနီ မိန်းကလေးတစ်ယောက်တို့က အငှားမာဇဒါကားတစ်စီးပေါ်မှ ခုန်ထွက်လိုက်ပြီး ဆလာမက်၏ ရင်ဘတ်ထဲသို့ ကျည်ဆံ ၁၄ တောင့်တိုတို ဝင်သွင်းလိုက်သည်။ မိန်းကလေးကိုတော့ လုံးဝမထိခိုက်စေဘဲ သူတို့ ကားနှင့် ထွက်ပြေးသွားကြသည်။

မင်းသားနီ သေပြီ။ သည်အတိုင်း သူတို့ထင်ခဲ့ကြသည်။ ဖိုင်ထဲမှ နောက်စာရွက်တစ်ရွက်က ဇူလိုင်လ ၂၂ရက်နေ့စွဲနှင့် သတင်းစာဖြတ်ပိုင်း တစ်ခု ဖြစ်သည်။ ယောက်ျားဓာတ်ပုံတစ်ပုံကို ကြည့်နေရင်းက ခေါင်းစီး စာတန်းမည်းမည်းကြီးကို ဖတ်လိုက်သည်။

'လီလီဟန်းမားမြို့မှာ မော်ရိုကိုစားပွဲထိုးတစ်ယောက် အသတ်ခံရခြင်း'

သတင်းထဲမှာတော့ သည်မြို့မှာ လာရောက်နေထိုင်ပြီး နော်ဝေ အမျိုးသမီးတစ်ယောက်နှင့် အိမ်ထောင်ကျနေသော မော်ရိုကိုအမျိုးသား တစ်ယောက်ကို လူသတ်သမားက ထူးထူးဆန်းဆန်း သတ်သွားကြောင်း။ ထိုအမျိုးသားမှာ ဤမြို့တွင် လာရောက်နေထိုင်သည်မှာ ငါးနှစ်မျှရှိပြီး ဇနီး သည်အမျိုးသမီးမှာ ကိုယ်ဝန်ခုနှစ်လရှိနေသည်ဟု ရေးထားလေသည်။

မော့ဆက်အေးဂျင့်တွေ လူမှားပြီးဆိုသည်ကိုတော့ သံသယမဖြစ်ကြ တော့။ ထိုအာရပ်အမျိုးသားကလေးကား မင်းသားနီ မဟုတ်။ အကြမ်းဖက် သမားများနှင့်လည်း မည်သို့မျှ မပတ်သက်။ သာမန်မြောက်ပိုင်း အာဖရိက သားတစ်ယောက်အနေနှင့် ရေကြည်ရာ မြက်နုရာမြောက်ပိုင်းသို့ ထွက်လာ



ခြင်းမျှသာ ဖြစ်သည်။ ဘာသာတူတစ်ယောက်နှင့် ဆုံမိကြလျှင် ဆက်ဆံ နှုတ်ဆက်ကြခြင်းမှအပ အခြားဘာမျှမဟုတ်။

ထိုနေ့မနက်သတင်းစာမှ သတင်းများကို အခေါက်ခေါက် အခါခါ ဖတ်တိုင်းဖတ်တိုင်း သူမျက်နှာပေါ်သို့ သွေးတွေတက်လာသည်ကို ယခုအချိန် ထိအမှတ်ရနေသေးသည်။

ဒေါသထွက်ထွက်ဖြင့် သူက စစ်ဆင်ရေးအခန်းထဲသို့ ရောက်လာပြီး အော်ငေါက်ပစ်လိုက်ဖို့ ရည်ရွယ်ချက်မှာ ဒေးဗစ်လှမ်းပေးလိုက်သော သံကြိုး စာတစ်စောင်ကိုကြည့်ပြီး ပျောက်ကွယ်သွားတော့သည်။

သံကြိုးစာထဲမှာ မော့ဆက်အဖွဲ့သား ယောက်ျားလေးယောက်နှင့် မိန်းမနှစ်ယောက်တို့ကို အော်စလိုနှင့် လီလီဟန်းမားမြို့ရဲများက ဖမ်းဆီး စစ်ဆေးနေသည့် သတင်း။

သည်သံကြိုးစာကို ခုပြန်မြင်လိုက်ရတော့ သူ သက်ပြင်းချမိသည်။

ထိုစဉ်က တရားစွဲခံရသည့် အစ္စရေးအဖွဲ့သားတွေက သည်စစ်ဆင် ရေးမှာ သူတို့ မည်ကဲ့သို့ပါဝင်ခဲ့ကြောင်း၊ မော့ဆက်၏ လျှို့ဝှက်ချက် လုပ်နည်း လုပ်ဟန် နည်းစနစ်၊ လျှို့ဝှက်စာတမ်းဆက်သွယ်ရေး စည်းကမ်း၊ ဥရောပ တစ်ခွင့်ရှိ လျှို့ဝှက်ခိုအောင်းရာ နေရာ၊ မော့ဆက်၏အခြေခံစခန်း၊ ဖုန်း နံပါတ်အစရှိသည်များကို တစ်ကမ္ဘာလုံးသိအောင် ထုတ်ဖော်ဝန်ခံခဲ့သည်။ တရားခံ ခြောက်ယောက်ထဲမှ ငါးယောက်ကို ထောင်ဒဏ်တစ်နှစ်မှ ငါးနှစ် အထိ အပြစ်ပေးခဲ့သည်။ သည်ကိစ္စပြီးသည့်နောက် မော့ဆက်သည် မူလ အတိုင်းပြန်ရှိတော့မည်မဟုတ်ကြောင်း ဂျရာမီယာ သိလိုက်ရသည်။

ဝန်ကြီးချုပ်က သူ့ကို အလုပ်က နှုတ်ထွက်ပါဟု တည့်တည့်မတ်မတ် မပြော။ ဒါပေမဲ့ ခု ဖိုင်၏အောက်ဆုံးမှာ ညှပ်ထားသည့် ဝန်ကြီးချုပ်ထံမှ ပေးစာမှာ

'အကြောင်းအမျိုးမျိုးကြောင့် မင်းသားနီ စစ်ဆေးရေးကို ချက်ချင်း ဖယ်ဖျက်လိုက်သည်။'

နောက်ထပ်သုံးလအကြာမှာ အီဂျစ်နှင့် စစ်ပွဲစ, ဖြစ်ရသဖြင့် မော့ဆက်သည် အခြားအရေးကြီးသည့် စစ်မျက်နှာသို့ ပြောင်းလိုက်ရသည်။

နောက်ဆုံးကဏ္ဍမှာ စာတမ်း သုံးစောင်သာ ပါသည်။

တစ်စောင်က ကုလသမဂ္ဂအဖွဲ့ချုပ်သို့ ပြောက်ကျားခေါင်းဆောင်ကြီး အလည်သွားသည့်နေ့က ရိုက်ထားသော ဓာတ်ပုံဖြစ်သည်။ ခေါင်းဆောင်ကြီး နောက်နားမှာ ရပ်နေသူတစ်ယောက်၏ပုံကို မင်နီဖြင့် ဝိုင်းထားပြီး အောက်မှ

www.burmeseclassic.com

www.burmeseclassic.com

'ဆလာမက်'ဟု စာတမ်းရေးထိုးထားသည်။

ဒုတိယစာတမ်းမှာ ဘီရွတ်မှ ပေးပို့သော သတင်းပို့ချက်ဖြစ်သည်။

ဆလာမက်ကို လုံခြုံရေးတာဝန်ခံအဖြစ် ရာထူးတိုးမြှင့်ပေးလိုက်သော သတင်းပါလာသည်။ သူ့ကို လူအများက အရိုက်အရာ ဆက်ခံမည့်သူ တစ်ယောက်ဟု သတ်မှတ်ကြသည်။ လုံခြုံရေးကြောင့် သူက ဌာနချုပ် အဆောက်အအုံထဲမှ အပြင်သို့မထွက်။ သူ့မိန်းမနှင့် ကလေးများကိုပင် ဌာနချုပ်အဆောက်အအုံထဲသို့ ပြောင်းရွှေ့နေစေခဲ့သည်။

နောက်ဆုံး စာတမ်းက အထူးဆန်းဆုံးဖြစ်သည်။ အီတလီနိုင်ငံမှာ ထုတ်ဝေသော အပြာဇာတ်လမ်းများကိုသာ အထူးအသားပေးသည့် အမျိုးသမီးမဂ္ဂဇင်းတစ်စောင်မှ ဖြတ်ပိုင်းတစ်ခု ဖြစ်သည်။ မယ်စကြာဝဠာဘွဲ့ရ လစ်ဘနွန် အမျိုးသမီးနှင့်အတူ 'သူမ၏ အချစ်စစ်ဇာတ်လမ်း'ဆိုသည့် ဆောင်းပါး ပါလာသည်။

သူမက ခရစ်ယာန်ဖြစ်သော်လည်း မူဆလင်အမျိုးသားတစ်ယောက်ကို နှစ်နှစ်ကာကာ ချစ်ကြိုက်နေကြောင်း၊ ထိုမူဆလင်အမျိုးသားသည် 'တိုးတက်သောအဖွဲ့အစည်း'တစ်ခုမှ အထက်တန်းအရာရှိတစ်ယောက်ဖြစ်ပြီး သားမယားများကို ပစ်ကာ ဘီရွတ်မြို့ ခရစ်ယာန်ရပ်ကွက်မှာ မယ်စကြာဝဠာနှင့်သွားရောက်နေထိုင်ကြောင်း၊ ထိုအမျိုးသား၏ နာမည်မှာ အလီယာဆန်ဆလာမက်ဖြစ်ကြောင်း ဖော်ပြထားသည့် ဆောင်းပါးဖြစ်သည်။

သည်ဆောင်းပါးဘေးနားမှာ ဂျရာမီယာက အောက်ပါစာတန်းကို ရေးထားခဲ့သည်။

'ဆလာမက်၏ အသွားအပြန်လမ်းကြောင်းကို စုံစမ်းစစ်ဆေးထားပါ။ ကြားဖြတ်နိုင်သော အခြေအနေရှိ မရှိလေ့လာပါ'

မော့ဆက်အဖွဲ့ခေါင်းဆောင်ကြီးက နောက်ဆုံးစာရွက်ကလေးကို ဖြည်းညင်းစွာ လှန်လိုက်ပြီး ဖိုင်ကိုပိတ်လိုက်သည်။ သူ့ အင်္ကျီအိတ်ထဲမှ ဖောင်တိန်ကို ထုတ်လိုက်ပြီး ဖိုင်အဖုံးပေါ်မှာ 'ပိတ် မှတ်တမ်းထိန်း ရုံးချုပ်သို့ ပြန်ပို့ပါ' ဟုရေးလိုက်သည်။ ဂျရာမီယာက ဖိုင်ကို ဘေးဘက်သို့ အသာတွန်းရွှေ့လိုက်ပြီး အံဆွဲထဲမှ စာရွက်တစ်ရွက် ထုတ်လိုက်သည်။

'ဝန်ကြီးချုပ် ခင်ဗျား'

မော့ဆက်အဖွဲ့၏ ခေါင်းဆောင်အဖြစ်မှ သော်လည်းကောင်း၊ ထောက်လှမ်းရေးအဖွဲ့အစည်း၏ ချယ်ယာမင်အဖွဲ့ဝင်အဖြစ်မှသော် လည်းကောင်း နုတ်ထွက်ဖို့ ကျွန်တော်၏ ဆုံးဖြတ်ချက်ကို ရိုသေစွာအကြောင်းကြားပါသည်။

ကျွန်တော်သည် ၁၉၇၂ ခုနှစ် မြူးနစ်ကိစ္စ မဖြစ်ခဲ့လျှင် ကျွန်တော် အနားယူဖို့ အသက်ပြည့်ခဲ့သည်မှာ ကြာခဲ့ပါပြီ။ ဤကိစ္စကြောင့် ကျွန်တော်သည် ဝန်ကြီးချုပ်ထံမှ ရာဇဝတ်ကောင်ကို အပြစ်ပေးပြီးသည်အထိ ကျွန်တော့်ကို ရာထူးဆက်လက် ထမ်းဆောင်ခွင့် တောင်းဆိုခဲ့ပါသည်။

ကျွန်တော် တောင်းဆိုခဲ့သည့်အတိုင်း ကျွန်တော့်ကို ခွင့်ပြုခဲ့သည့်အပြင် ၁၉၇၃ ခုနှစ်၊ ကျွန်တော်တို့၏ အမှားကြောင့် လူမှားသတ်မိသော်လည်း ကျွန်တော့်ကို ဆက်လက်ထောက်ခံခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်သည် ဝန်ကြီးချုပ်အပေါ်မှာ လွန်စွာကျေးဇူးဥပကာရ တင်ရှိခဲ့ပါသည်။

ထိုအချိန်က ကျွန်တော်သည် ကျွန်တော်၏တာဝန်ဖြစ်သော်လည်း ရာထူးမှ မနုတ်ထွက်ခဲ့ပါ။ အလွန်အမိုက်ပြယ်ကင်းမဲ့သော သွေးချောင်းစီးမှုများစွာကို ဖန်တီးခဲ့သည့် ဆလာမက်ကို မတွေ့တွေ့အောင်ရှာပြီး အပြစ်ပေးဖို့ ကျွန်တော့်မှာ တာဝန်ရှိသည်ဟု ထင်မြင်ယူဆခဲ့မိပါသည်။

ကျွန်တော်လုပ်ငန်းအောင်မြင်ဖို့ ကျွန်တော့်ကို ဆက်လက်တာဝန်ထမ်းဆောင်နိုင်ရန် ခွင့်ပြုခဲ့သည်ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ ယခု ဤကိစ္စပြီးဆုံးသွားသည့်အတွက် ကျွန်တော်သည် ဝမ်းမြောက်ဝမ်းသာစွာနှင့်ပင် ဤရာထူးမှ နုတ်ထွက်ပြီး ကျွန်တော့်ထက်ပို၍ သင့်တော်သည့် ငယ်ရွယ်သူ အခြားတစ်ယောက်အတွက် နေရာဖယ်ပေးရန် ဖြစ်ပါသည်။

ရာထူးမှ ကျွန်တော်နုတ်ဖို့ရက်ကိုတော့ ကျွန်တော်တို့၏ လွတ်လပ်ရေးနေ့ဖြစ်သော ဧပြီလ၊ ၂၈ ရက်နေ့ကို ကျွန်တော်အကြံပြုပါသည်။

ကျွန်တော် ယခုလောလောဆယ် နုတ်ထွက်သွားနိုင်သော်လည်း တစ်ဘက်မှ တန်ပြန်လာမည့် ကလဲ့စားချေမှုများကို ကာကွယ်တုံ့ပြန်ရန် ကျွန်တော့်တွင် တာဝန်ရှိနေသည့်အတွက် နောက်ထပ်သုံးလ ဆက်လက်တာဝန်ယူခွင့်ပြုပါရန် ခွင့်ပြုမိန့်တောင်းခံရခြင်းဖြစ်ပါသည်။

သူက စာကိုနောက်တစ်ခေါက် ပြန်ဖတ်လိုက်ပြီး ခေါင်းတစ်ချက်ညိတ်ကာ နောက်ထပ်စက္ကူတစ်ရွက် ယူလိုက်သည်။ ထိုစာကို အချောပြန်ကူးသည်။ လက်ရေးသေးသေး ညီညီညာညာ စာလုံးကလေးများ ရေးပြီး အောက်ဆုံးမှာ သူလက်မှတ်ရေးထိုးလိုက်သည်။

ခေါင်းမော့ကြည့်လိုက်သောအခါ စာအုပ်စင်အထက်နားဆီက ပြတင်းပေါက်မှ အလင်းရောင်ကလေး ဝင်လာနေတာတွေ့ရသည်။

ဂျေရုဆလင်မြို့၏ နောက်တစ်နေ့သို့ ကူးပြန်ပြီ။


www.burmeseclassic.com

www.burmeseclassic.com

လက်ထဲမှာ စာရွက်ကလေးကို ပြန်ကြည့်လိုက်တော့ သူ ရာထူးသက်တမ်း သုံးလသာ ကျန်ပါတော့ကလားဟု ရုတ်တရက်သတိရလိုက်ပြီး စိတ်မကောင်းဖြစ်သွားလေသည်။

## ၃

စီထရွန်ကားအနက်တစ်စီး မြောက်ဘက်လမ်းမကြီးမှ ပဲရစ်မြို့ဘက်သို့ ဦးတည်မောင်းလာစဉ် မိုးကသဲကြီးမဲကြီးရွာနေသည်။

မိုးရေတွေက မှန်ရှေ့က ရေယက်လက်တံ မနိုင်နိုင်အောင်ဖြစ်နေသော်လည်း ကားမောင်းသူက ကားအရှိန်ကို မလျှော့ဘဲ လီဗာကို အဆုံးနင်းပြီး မောင်းနှင်လာသည်။

ကား၏ဒက်ရှ်ဘုတ်ပေါ်မှ မီးရောင်က ကားမောင်းသူ၏မွဲခြောက်ခြောက် ပိန်ပိန်သွယ်သွယ် မျက်နှာကိုပေါ်လွင်စေသည်။ သူ့ နှာခေါင်းတချွန်နေပြီး နှုတ်ခမ်းကသွေး မရှိသလိုဖြူနေသည်။

အရောင်ဖျော့သော သူ့မျက်လုံးအစုံက မျက်တွင်းဟောက်ပက်ထဲမှာ ခံစားချက် ကင်းမဲ့လျက် အေးစက်စက်ဖြစ်နေသည်။ သူ့ အသက်တလေးဆယ်နီးပါးခန့်၊ အဝါရောင်ဆံပင်တွေက နဖူးပေါ်မှာ ကပ်ကျနေပြီး နောက်ဘက်သို့လည်း ဝဲကျနေသည်။ လည်စွပ်ဆွယ်တာ အနက် ဝတ်ထားသည်။ ပင့်တင်ထားသော အကျီလက်အောက်မှ မွဲခြောက်ခြောက် အသားရောင်၊ အရိုးပြိုင်းပြိုင်းထနေသော လက်ချောင်းများဖြင့် လက်ကိုင်ဘီးကို ကိုင်ထားသည်။

ကားမောင်းသူက ဒက်ရှ်ဘုတ်မှ နာရီကို လှမ်းကြည့်လိုက်သည်။ နံနက် ၅ နာရီ ၂ မိနစ်ရှိပြီ။ ရေဒီယိုကို ဖွင့်လိုက်သည်။ သတင်းကြေငြာသူ၏ အသံထွက်လာသည်။

ကားမောင်းသူက ရုတ်တရက် ထိတ်လန့်တုန်လှုပ်သွားသည်။ သူ၏

www.burmeseclassic.com

www.burmeseclassic.com

ညာဘက်ခြေထောက်က ဘရိတ်ကို တအားဖိနင်းလိုက်သဖြင့် မိုးစိုနေသော လမ်းပေါ်မှာ လျှောထွက်သွားသည်။

ကားကလေးသည် ဘယ်ညာယိမ်းထိုးသွားပြီး လမ်းမကြီး၏ ဘေးအကာလက်ရမ်းဆီသို့ အရှိန်ပြင်းစွာ ပြေးသွားသည်။ သံမဏိဘောင်များနှင့် တိုက်လုဆဲဖြစ်တောမှ ကားမောင်းသူက ကားကို ပြန်ထိန်းသိမ်းနိုင်ပြီး လမ်းဘေးမှာအရှိန်သပ်နိုင်လေသည်။ သူက ကားလက်ကိုင်ပေါ်သို့ မှောက်ချလိုက်သည်။ တစ်ကိုယ်လုံးတုန်ယင်နေသည်။

သတင်းကြေငြာသူက ဆက်ပြီး

'အလီယာဆန် ဆလာမက်သည် တစ်ချိန်က နာမည်ကျော်နာဇီထောက်ခံသူတစ်ယောက်၏ သားဖြစ်ပါသည်။ ၎င်း၏ဖခင်သည် ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်များထံမှ ပါလက်စတိုင်းမြေပေါ်သို့ လေထီးနှင့်ဆင်းပြီး အာရပ်လူမျိုးများကို စည်းရုံးကာ အင်္ဂလိပ်ကို ပုန်ကန်သည့် လူတစ်ယောက်ဖြစ်ပါသည်။ သားဖြစ်သူ အလီသည် ဘလက်စက်တင်ဘာအဖွဲ့၏ အစီအစဉ်ညွှန်ကြားသူအဖြစ် နာမည်ကြီးလာပြီး အပျော်အပါးလိုက်စားတတ်သူ တစ်ယောက်အဖြစ် ဟန်ဆောင်ကာ ဥရောပနိုင်ငံ အသီးသီးမှာရှိသည့် အကြမ်းဖက်သမား အဖွဲ့အစည်းများနှင့် ဆက်သွယ်ခဲ့ပါသည်။ အထူးသဖြင့် ဂျာမနီမှ ဘေဒါမီယန်ဟော့အဖွဲ့နှင့် ပိုပြီးရင်းနှီးပါသည်။

ကားမောင်းသူက လက်ကိုင်ဘီးကို အားစိုက်ဆုပ်ကိုင်ထားရင်း မလှုပ်မယှက် ထိုင်နေသည်။ သူ၏တုန်လှုပ်နေသော ကိုယ်ခန္ဓာက တဖြည်းဖြည်း ငြိမ်ကျသွားသည်။

ဒါပေမဲ့ သူ့နှုတ်ခမ်းတွေကို နာရကောင်းမှန်း မသိလောက်အောင် ကိုက်ထားမိသဖြင့် သူ့မေးစေ့ အောက်ဘက်သို့ သွေးစက်ကလေးတွေ တဖြည်းဖြည်း စီးကျလာသည်။

'ဆလာမက်ကို မော့ဆက်တို့ သတ်ဖို့ကြိုးစားခဲ့သည်မှာ ငါးကြိမ်တိတိ မအောင်မြင်ခဲ့ပါ။ ဆလာမက်၏ လုပ်ရက်များမှာ ဥရောပတွင်ရှိသည့် အစ္စရေးသံတမန်တွေကို စာအိတ်ဗုံးပေးပို့ဖောက်ခွဲခြင်း၊ ၁၉၇၁ ခုနှစ် ရော့တာဒန် ရေနံချက်စက်ရုံကို ဖျက်ဆီးခဲ့ခြင်း၊ ဂျော်ဒန်ဝန်ကြီးချုပ်ကို ကိုင်ရိုမြို့မှာ သတ်ဖြတ်ခဲ့ခြင်း၊ ၁၉၇၂ ခုနှစ်က ဆာဗီနာလေယာဉ်ကို အပိုင်စီးခြင်း၊ အစ္စရေးလေယာဉ်ကွင်းတွင် ခရီးသည် နှစ်ဆယ့်လေးယောက်ကို ရက်ရက်စက်စက် သတ်ပစ်ခြင်းတို့သည် သူ၏လုပ်ရပ်များဖြစ်ပါသည်။ အဆိုးရွားဆုံးကတော့ ၁၉၇၂ မြူနစ်အိုလံပစ်ပွဲတော်၌ အစ္စရေးအားကစားသမားများကို သတ်ပစ်ခြင်း'



'ဒီမှာ တံခါးဖွင့်စမ်း'

ကားမောင်းသူဘက်မှ ပြတင်းပေါက်ကို လူတစ်ယောက်က လက်သီးဖြင့်လာထုသည်။ ကားမောင်းသူက ဖြည်းလေးစွာမော်ကြည့်လိုက်ပြီး သူ၏နှုတ်ခမ်းနှင့် မေးစေ့ကို အကျႌလက်နှင့် သုတ်ပစ်လိုက်သည်။

ရဲကားတစ်စီး မီးပြာ၊ မီးနီများ ထွန်းထားပြီး သူ့ကား အရှေ့မှာ ရပ်နေသည်ကို တွေ့ရသည်။ ရဲသားတစ်ယောက်က သူ့ကိုမှန်တံခါးမှ တုန်းကြည့်နေသည်ကိုလည်း တွေ့လိုက်ရသည်။ အခြားတစ်ဖက်မှ ရဲသားတစ်ယောက်ကလည်း လက်နှိပ်ဓာတ်မီးနှင့် ထိုးပြီး သူ့ဆီသို့လျှောက်လာသည်။

သူက မှန်တံခါးကို လျှော့ချလိုက်သည်။ ရဲသားကကားထဲသို့ ခေါင်းလျှိုဝင်လာပြီး သူ့ကိုမေးသည်။

'ခင်ဗျား ဒီမှာဘာလုပ်နေတာလဲ၊ ဒီလမ်းပေါ်မှာ ကားမရပ်ရဘူးဆိုတာခင်ဗျား မသိဘူးလား'

'၁၉၇၃ ခုနှစ်က အစ္စရေးတို့သည် ဆလာမက်ဟု ထင်ရသော လူတစ်ယောက်ကို မှားသတ်မိ၍ ဆလာမက် မသေခဲ့ပါ'

ရေဒီယို ကြေငြာသူက ဆက်ပြောနေသည်.

'ခင်ဗျား ရေဒီယိုကိုပိတ်ပြီး ကျုပ်မေးတာ ဖြေစမ်း'

ရဲသားက ခပ်ကျယ်ကျယ် အော်လိုက်သည်။

'ရဲမှူးကြီးခင်ဗျား၊ မိုးတွေ သိပ်ရွာနေလို့ ကျွန်တော်လမ်းကိုမမြင်နိုင်တာနဲ့ခဏရပ်ပြီးစောင့်နေတာပါ'

ဆံပင်ဝါနှင့်လူက ရဲသားကို တရိုတသေ ပြန်ပြောသည်။ သူ၏ပြောစကားများက ပြင်သစ်စကား ပီသသော်လည်း ဂျာမနီသံနည်းနည်းဝဲနေသည်။ ရဲသားက သူ့ကို သေသေချာချာကြည့်ပြီး၊

'ခင်ဗျား အရက်သောက်ထားသလား'

'ကျွန်တော် မသောက်ပါဘူး'

အခြားရဲသားတစ်ယောက်က ကားလိုင်စင် နံပါတ်ပြားများကို စစ်ဆေးကြည့်ရှုနေရာမှ သူ့အဖော်ရဲသားအနားကပ်ပြီး ခပ်တိုးတိုးပြောလိုက်သည်။ သူ့စကားထဲမှာ 'ဇာရွက်'ဆိုသော စကားလုံးကို ကားမောင်းသူကြားလိုက်ရသည်။

သူက ကားဖင်ထိုင်ခုံအောက်မှ စက်သေနတ်ကို ညာဘက်လက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

မသိမသာစမ်းလိုက်ပြီး မောင်းထိန်းခလုတ်ကို အသာဖြုတ်လိုက်သည်။

ဒါပေမဲ့ အခြားရဲသားတစ်ယောက်က စာရွက်များ တောင်းမနေတော့ဘဲ သူ့ ဖြေရှင်းချက်ကို ကျေနပ်သွားသည့် အမူအရာဖြင့်

'ကဲ မိုးသိပ်မကြီးတော့ဘူး၊ ခင်ဗျားရှေ့ကို ဆက်မောင်းသွားနိုင်လောက်ပါပြီ၊ ခင်ဗျား ဘယ်သွားမှာလဲ'

'ဟုတ်ကဲ့၊ ကျွန်တော် ပဲရစ်ကို သွားမှာပါ၊ ကျွန်တော် ကားမောင်းသွားနိုင်ပါတယ်'

သူက ရိုသေစွာ ပြန်ဖြေလိုက်သည်။

'ကောင်းပြီ၊ ဆက်မောင်းတော့၊ သတိနဲ့မောင်းနော်၊ သိပ်မြန်မြန်မမောင်းနဲ့'

ရဲမှူးက ပြောလိုက်ပြီး ကားကိုယ်ထဲမှ အပြင်သို့ ထွက်လိုက်သည်။

ကားမောင်းနေသူက ချွေးများစီးကျနေသည့်ကြားမှ သေနတ်ကိုကိုင်ထားသောလက်ကို အသာပြန်ရုပ်လိုက်သည်။ ဂီယာထိုးပြီး ကားမောင်းထွက်သည်။

ကားအရှိန်ကို တဖြည်းဖြည်းတင်ရင်း နောက်ကြည့်မှန်ထဲတွင် ရဲကားမီးရောင်ပျောက်ကွယ်သွားမှ ရေဒီယိုဘက်ကို အာရုံပြန်စိုက်လိုက်သည်။

'ဆလာမက်၏ အသုဘအခမ်းအနားသို့တက်ရန် ပြောက်ကျားခေါင်းဆောင်ကြီးကိုယ်တိုင် နိုင်ငံခြားမှနေပြီး ဘီရွတ်မြို့ကို ပြန်ရောက်လာပါပြီ။ ဆလာမက်ကို ခေါင်းဆောင်ကြီးက သူ့မွေးစားသားဟု အမြဲတမ်းခေါ်လေ့ရှိပါသည်။ ဆလာမက်အတွက် ကလဲ့စားချေဖို့ အစ္စရေးများနှင့် အမေရိကန်နယ်ချဲ့တွေကို ကြိမ်းဝါးနေပါသည်။

ကားမောင်းသူ ရေဒီယိုကို ပိတ်လိုက်သည်။

ပဲရစ်မြို့အဝင် တစ်နေရာမှာ အများသုံး တယ်လီဖုန်းရုံကလေးတွေ့ရသဖြင့် တယ်လီဖုန်းရုံနားမှာ ကားရပ်လိုက်ပြီး စက်မရပ်ဘဲ တယ်လီဖုန်းရုံထဲသို့ ဝင်သွားသည်။

စကားပြောခွက်ကို ကောက်ကိုင်လိုက်ပြီး တစ်ဖက်မှထူးသံကြားလိုက်ရချိန်တွင် သူကအသံမာမာဆတ်ဆတ်ဖြင့်

'ဘီရွတ်မြို့ကို သွားမယ့် လေယာဉ်ပျံ ဘယ်အချိန်မှာ ရှိသလဲ၊ ကျွန်တော်သိချင်တယ်'



ဂျရာမီယာက သူ့ရုံးခန်းသို့ ထုံးစံအတိုင်း နံနက်ရှစ်နာရီတိတိမှာ ရောက်လေ့ရှိသည်။

ယနေ့နံနက်မှာ ရပ်ကွက်တစ်ခုထဲမှ အိမ်ပုပုကလေး တစ်အိမ်ရှေ့သို့ သူရောက်သွားသည်။ အိမ်တံခါးကို ခေါက်လိုက်တော့ ဆံပင်ဖြူဖြူ မျက်နှာပိန်ပိန်ရှည်ရှည် အဘွားအိုကြီးတစ်ယောက်က တံခါးလာဖွင့်ပေးသည်။

သူမက ဂျရာမီယာကို သေသေချာချာ စူးစူးစိုက်စိုက်ကြည့်နေသည်။ သူမ၏ နောက်ဘက်ဧည့်ခန်းထဲရှိ လူမမာထိုင်ဘီးတပ်ကုလားထိုင်တစ်ခုပေါ်တွင် ယောကျာ်းကြီးတစ်ယောက် ထိုင်နေသည်ကို တွေ့ရသည်။

'ခင်ဗျားတို့သားကို မြူးနစ်မြို့မှာလာသတ်သွားတဲ့ တာဝန်ရှိသူကို ကျွန်တော်တို့အဖွဲ့က ရှာတွေ့လို့ သတ်ပစ်လိုက်ပါပြီ။ အဲဒါခင်ဗျားတို့ကို ကျွန်တော်အကြောင်းလာကြားတာပါ။

အဘွားကြီး၏ မျက်လုံးထဲမှ မျက်ရည်များစီးကျလာသည်ကို မြင်လိုက်ရတော့ သူက

'ကျွန်တော် သွားတော့မယ်'

ဆိုပြီး ဆတ်ခနဲ လှည့်ပြန်ခဲ့သည်။

လမ်းတစ်လျှောက်လုံး ကားပေါ်မှ ဂျရာမီယာ စကားမပြောဘဲလိုက်လာခဲ့သည်။ နောက်ဆုံး ဂျေရုဆလင်မြို့အဝင်နား ရောက်တော့မှ

'သူတို့မှာ ဒီသားတစ်ယောက်ပဲ ရှိတယ်၊ ဒီသားကလေးက မိန်းမလည်းမရှိဘူး၊ သားသမီးလည်းမရှိဘူး၊ ဒါကြောင့်မို့ ငါကိုယ်တိုင် သူတို့ဆီသွားအကြောင်းကြားတာပဲ'

သူကပြောလိုက်လေသည်။ သူ၏အသံက တောင်းပန်တိုးလျှိုးပြီးကြေကွဲဝမ်းနည်းသံများ ပါနေသည်။

ဂျေရုဆလင်မြို့သို့ သူ ပြောင်းရွှေ့လာပြီးကတည်းက နေ့စဉ်ဓာဘ်အဗစ်မြို့ကို အသွားအပြန်ရုံးတက်သည့်အလုပ်သည် သူ၏ထုံးစံဖြစ်လာသည်။

ရုံဖန်ရံခါ အရေးကြီးသည့်အခါ ရုံးခန်းထဲမှာပင် သူ အိပ်လေ့အိပ်ထရှိသည်။ သူ ဂျေရုဆလင်မြို့ကို ပြောင်းရွှေ့ရသည့်ကိစ္စနှင့်ပတ်သက်ပြီး အချို့က သူ၏နိုင်ငံချစ်စိတ်သည် ပို၍ ထက်သန်လာပြီး၊ သူ မျိုးချစ်စိတ်ကြီးပြသည့်အနေဖြင့် မြို့အဟောင်းက ဂျူးရပ်ကွက်ကို ပြောင်းရွှေ့သည်ဟု အဆိုရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com

တချို့ကတော့ သူ၏ နော်ဝေအမှားကြောင့် ရာထူးလက်လွှတ်မှာစိုး၍ဝန်ကြီးချုပ်ရုံးနှင့် နီးအောင် တမင်ပြောင်းရွှေ့ခြင်းဖြစ်သည်ဟု ပြောကြသည်။ တချို့ကတော့ ဂျေရုဆလင်မြို့မှာရှိသည့် သူဆွေမျိုးများနှင့်နီးဖို့ပြောင်းရွှေ့ခြင်းဖြစ်သည်ဟု ယူဆကြသည်။

အဘိုးကြီးက သူ့သားနှင့် ဇနီးသည် သေဆုံးပြီးနောက်၊ တစ်ကိုယ်တည်း နေလာခဲ့သည်မှာ ဆယ့်နှစ်နှစ်ရှိခဲ့ပြီ။

ဂျေရုဆလင်မြို့ကို ရောက်တိုင်း သူတူမဖြစ်သူ အက်တနာကို ဝင်တွေ့လေ့ ရှိသည်။ အက်ကနာက သမီးကလေး ရှုရှန်ကို မွေးပြီးသည့်အခါမှာ ဂျူရာမီယာ အလည်အပတ်သွားသည့် အကြိမ်တွေ ပို၍များလာသည်။ တစ်ခါတစ်ရံ နိုင်ငံခြားခရီးမှ ပြန်လာသည့်အခါ ရှုရှန်အတွက် လက်ဆောင်ကလေးများ ဝယ်လာသည်ကိုလည်း တွေ့ရသည်။

မော်ဆက် အဆောက်အအုံ၏ နဝမအထပ်ရှိ သူ့ ရုံးခန်းထဲကို ရောက်တော့ အေမော့ဟက်ဖနာက သူ့ကို စောင့်နေသည်။ ဟက်ဖနာသည် ပိန်ပိန်ရှည်ရှည် လူချောတစ်ယောက်ဖြစ်ပြီး သိုးမွေးအကွက်အကျႌကို ဝတ်ထားသည်။ လွန်ခဲ့သည့် ခြောက်လခန့်က ဂျူရာမီယာ၏ စစ်ဦးစီးချုပ်အဖြစ်ခန့်ထားခံရသည့်နေ့ကစပြီး ရုံးလုပ်ငန်းများနှင့်ပိနေခဲ့သည်။

ဂျူရာမီယာက သူ့ကို လေသံပြတ်ပြတ် နှုတ်ဆက်လိုက်ပြီး သူ့လက်ထဲသော့တွဲကို စားပွဲပေါ်ပစ်ချရင်း မေးလိုက်သည်။

'ဘာ သတင်းထူးသလဲကွ'

'ကျွန်တော်တို့ ဆလာမက်အမှုတွဲကို ပိတ်လိုက်တော့မယ်၊ ဘီရွတ်က ကျွန်တော်တို့ ပြန်ထွက်လာဖို့ ပြဿနာမရှိဘူး၊ နှစ်ယောက်က ဒမတ်စကတ်တပြန်လာမယ်၊ မှစ်ယောက်က ကိုင်ရိုဘက်က ပြန်လာမယ်၊ ကျန်တဲ့အဖွဲ့က ဥရောပဘက်က ပြန်လာကြမယ်၊ ကျွန်တော်တို့ လူသုံးယောက်ကိုတော့ သူတို့နာမည်သိသွားတယ်'

'ဘယ်သူတွေလဲ'

'ပထမအိမ်ခန်းမှားတဲ့ အဲရစ်ကာ ပြီးတော့ ကားမှားတဲ့ ပီတာနဲ့ ရိုလန်တို့ပဲ၊ သူတို့ သုံးယောက်ကိုတော့ နာမည်ပေါ်မယ်ဆိုတာ ကျွန်တော်တို့ ကြိုတင်တွက်ဆပြီးသားမို့ အရင်ဆုံးထွက်ဖို့ ခိုင်းထားပြီးပြီ၊ ရိုလန်က မြစ်ဆိပ်မှာ အငှားကားထားပစ်ခဲ့တော့ ရန်သူတွေက သူ့ကို ရေလမ်းက ပြန်သွားတယ်လို့ ထင်နေကြတယ်'

'သူတို့ သုံးယောက်ကိုလာမယ့် ခြောက်လအတွင်း နိုင်ငံခြားခရီး



သည်းမသွားရ၊ ရုံးအားရက်လည်းမပေးဘဲ ဒီမှာသိပ်ထားရမယ်၊ ဂျက်ကုတ်လို ပြဿနာမျိုးနောက်ထပ်ငါမဖြစ်စေချင်ဘူး'

သည်စကားက ဟက်ဖနာကို အတော်ကလေး အထိနာသွားစေသည်။ လွန်ခဲ့သည့် သုံးနှစ်က မော်ဆက်၏ အရေးကြီးလုပ်ငန်းတစ်ခု ဖြစ်သော ရန်သူ့ဌာနချုပ်ကို ဖုံးဖောက်ခွဲသည့်ကိစ္စမှာ ဂျက်ကုန်တာဝန်ပေးခြင်းခံရသည်။

သည်စစ်ဆင်ရေးမှာ ဟက်ဖနာကိုယ်တိုင်က တာဝန်ယူပြီး အောင်အောင်မြင်မြင်ပြီးဆုံးခဲ့သည်။ ဂျက်ကုတ်ကို အောင်မြင်သည့် အထိမ်းအမှတ်အနေနှင့် သီဘင်းနှစ်ပတ်ခန့် ဥရောပကို လည်ပတ်ခွင့်ပေးလိုက်သည်။ ရန်သူထောက်လှမ်းရေးသမားတွေက သူ့နောက်မှ နောက်ယောင်လိုက်ပြီး နောက်ဆုံးဘာစီလိုနာမြို့မှာ သေနတ်ပစ်ခံရပြီး ဂျက်ကုတ် သေဆုံးသွားသည်။

ဂျူရာမီယာက

'ရေဒီယိုကွန်ထရိုးကီရိယာနဲ့ ပတ်သက်ပြီး ဘယ်လိုသတင်းရထားလဲ'

'ဒီပစ္စည်းတွေကို ရန်သူတွေ မတွေ့သေးဘူး၊ အဆောက်အအုံထဲမှာ ရှိနေသေးတယ်၊ ရန်သူတွေက ပထမအခန်းကို တွေ့သွားပြီး နောက်ထပ်ဆက်မရှာတော့ဘူး၊ ခုချိန်ထိ ကျွန်တော်တို့စောင့်ကြည့်နေပါတယ်၊ ဒီနေ့ညရှင်းလင်းရေးအဖွဲ့သားတွေက အဲဒီပစ္စည်းတွေကို ဖျက်ဆီးကြလိမ့်မယ်'

'တုံ့ပြန်မှု ဘယ်လိုရှိသလဲ၊ မင်းကြိုတင်ခန့်မှန်းနိုင်တဲ့ အခြေအနေရှိသလား'

ဟက်ဖနာ ပြန်မဖြေခင် အခန်းတံခါးကို တစ်ယောက်ယောက်က ခေါက်လိုက်ပြီး အခန်းတံခါးပွင့်လာသည်။ ဆံပင်အနီရောင်အမျိုးသမီးတစ်ယောက်က အခန်းတံခါးဖွင့်လိုက်ပြီး

'ဘီရွတ်မြို့က အသုဘအခမ်းအနား စတော့မယ်၊ ဒီအခမ်းအနားကို သူတို့ တယ်လီဗီးရှင်းနဲ့ ပြနေတယ်၊ ကျွန်မတို့ အော်ပရေးရှင်းအခန်းထဲမှာ စောင့်ကြည့်နေကြတယ်၊ အဲဒါလာကြည့်ဖို့ ကျွန်မလာခေါ်တာပါ'

'အေး'

ဂျူရာမီယာက မတ်တတ်ထရပ်လိုက်ပြီး

'လာ ဟက်ဖနာ၊ ဆလာမက်နဲ့ နောက်ဆုံးအကြိမ်တွေ့ဖို့ အခွင့်အရေးကို တို့ လက်မလွှတ်သင့်ဘူး'

စစ်ဆင်ရေးအခန်းထဲက တယ်လီဗီးရှင်းရှေ့မှာ လူ လေးငါးယောက်ခန့် ဝိုင်းကြည့်နေကြသည်။ စက်သံကို ပိတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

နှုတ်ခမ်းမွေးဖားဖားနှင့် သတင်းပြောသူ၏ပုံ ပေါ်လာသည်၊ စက်ဆရာနှစ်ယောက်က နားကျပ်များတပ်ထားကြပြီး ဗီဒီယို ရီကော်ဒါများနှင့်အလုပ်ရှုပ်နေကြသည်။

ဂျရာမီယာက ထိပ်ပြောင်ပြောင် ဒေးဗစ်နံဘေးမှ လွတ်နေသောခုံတွင် ဝင်ထိုင်လိုက်သည်။ ဒေးဗစ်က စစ်ဆင်ရေး ဒါရိုက်တာတစ်ဦးဖြစ်ပြီး မော်ဆက်အဖွဲ့ကြီးမှာ ဒုတိယရာထူးအကြီးဆုံးလူဖြစ်သည်။ ရုရှားမှာမွေးပြီး ဂျရာမီယာထက် ဆယ်နှစ်ခန့်ငယ်သည်။

စစ်ဆင်ရေးလုပ်သည့် နေရာမှာ ခေါင်းအအေးဆုံး ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ကြောင်း ဟက်ဖနာက သိထားသည်။ မော်ဆက်အဖွဲ့ကြီးတစ်ခုလုံးက ဒေးဗစ်ကို ဂျရာမီယာ၏ အရိုက်အရာဆက်ခံမည့်သူအဖြစ် အသိအမှတ်ပြုထားကြသည်။

ဂျရာမီယာ၏ ညာဘက်မှာ ထိုင်နေသည့် ပုဂ္ဂိုလ်တစ်ယောက်မှာ သည်အခန်းထဲက လူများဝတ်ဆင်ထားကြသော အဝတ်အစားနှင့်မတူသဲ မင်္ဂလာအခမ်းအနားသွားမည့် အဝတ်အစားမျိုးကို ဝတ်ထားသည်။

သူက အနက်ရောင်ကြားတွင် အဖြူစွက်နေသော ဆံပင်ကို ညီညီညာညာ ညှပ်ထားသည်။ နက်မှောင်နေသော မုတ်ဆိတ်ချွန်ချွန်ကလေးရှိသည်။ သုတေသန အရာရှိချုပ်ဖြစ်ပြီး ဝန်ကြီးချုပ်၏ အချစ်တော် ရာဇေဆိုသူ ဖြစ်သည်။

သူ့ကို သည်ရာထူးမှာ ခန့်ထားခြင်းသည် နိုင်ငံရေးအရ ခန့်ထားခြင်းဖြစ်သဖြင့် ဂျရာမီယာ ဘာမျှမတတ်နိုင်ခဲ့။ သူ၏ အမူအရာ၊ အဝတ်အစားလှုပ်ရှားမှုကိုကြည့်လျှင် သည်အဖွဲ့အစည်း၏ပြင်ပ ပုဂ္ဂိုလ်တစ်ယောက်အဖြစ် ထင်ရသည်။ ရာဇေးတာ ဉာဏ်များသော်လည်း သူ၏သုတေသနနှင့် ခွဲခြမ်းစိတ်ဖြာမှုက အလွန်တိကျပြတ်သားလှသဖြင့် အဘိုးကြီးက သူ၏မာနကို မြို့သိပ်ထားလိုက်ရတော့သည်။

တယ်လီဗီးရှင်းပေါ်တွင် လူအများအပြား၏မျက်နှာများပေါ်လာသည်။ လက်သီးလက်မောင်းတန်းပြီး အော်နေကြသည့် ပုံများလည်း ပေါ်လာသည်။

စက်ဆရာတစ်ယောက်က အသံကို မြှင့်တင်လိုက်သဖြင့် အာရပ်ဘာသာစကားနှင့် ကြွေးကြော်သံများ အခန်းထဲမှာ ပဲ့တင်ရိုက်ခတ်သွားလေသည်။ သတင်းစကားပြောသူက စပြောလိုက်သဖြင့် ဆံပင်အနီနှင့်မော်လီဆိုသူ အမျိုးသမီးက တယ်လီဗီးရှင်းစက်နား ရောက်လာပြီး ဘာသာပြန်သည်။



‘ငါးသောင်းကျော်ရှိတဲ့ ပါလက်စတိုင်းလူမျိုးများဟာ ဆလာမတ်ရဲ့ အသုဘကို လိုက်လံပို့ဆောင်ကြပါတယ်၊ ဆလာမက်ကိုခေါင်းဆောင်ကြီးတာ သူ့ရဲ့မွေးစားသားလို့ အမြဲတမ်းပြောလေ့ရှိတယ်’

ခေါင်းဆောင်ကြီး၏ မုတ်ဆိတ်ဗလပွစ်နှင့် မျက်နှာဝိုင်းဝိုင်းပုံပေါ်လာသည်။

‘ဆလာမက် သေပြီးတဲ့နောက် လူထုကြားကို ပထမဦးဆုံးအကြိမ်အဖြစ် ခုမှထွက်လာတာပါ၊ ဆလာမက်သေတဲ့သတင်း ကြားကြားချင်းပဲ ခေါင်းဆောင်ကြီးနဲ့အတူ တခြားခေါင်းဆောင်များဟာ သူတို့ကိုပါ လုပ်ကြံလေမလားလို့ စိုးရိမ်ပြီး ရှောင်တိမ်း ပုန်းကွယ်နေကြတယ်’

ခေါင်းဆောင်ကြီး၏ အသံက လူထုပရိသတ်ကို မီးဟုန်းဟုန်းတောက်စေခဲ့သည်။ သူက လက်သီးလက်မောင်းတန်းပြီး။

‘ငါတို့ ဒီနေ့ အာဇာနည်တစ်ယောက်ကို မြေမြုပ်သင်္ဂြိုဟ်လိုက်ရပြီ ငါတို့ရဲ့ သူရဲကောင်းကို ငါတို့နှုတ်ဆက်လိုက်ပါတယ်၊ ငါတို့ရဲ့လက်စားချေမှုဟာကြောက်ခမန်းလိလိ ဖြစ်လိမ့်မယ်၊ အဲဒါကို ဂျူးတွေ တုန်လှုပ်ချောက်ခြားဖို့စောင့်နေကြ’

ကင်မရာက လူအုပ်ကြီးပေါ်မှ စီးနင်းလိုက်လာသည်ဟု ထင်မှတ်ရသောခေါင်းအနက်ကြီးကို ရိုက်ပြသည်။

ဆလာမက်၏ပြုံးနေသော ဓာတ်ပုံကြီးကို ခေါင်းနက်ကြီး ရှေ့မှ သယ်ဆောင်လာကြသည်။ ခေါင်းဆောင်ကြီးက အရှေ့ဘက်မှ ခေါင်းထမ်းစင်တစ်ခုမှာ ဝင်ထမ်းလိုက်သည်။ အခြားအလောင်းထမ်းသူတွေကလည်း စီကာစဉ်ကာ ဝင်ဝင်ထမ်းကြသည်ကို ကင်မရာက အနီးကပ် ရိုက်ပြနေသည်၊

မော်လီက ထမ်းစင်ထမ်းသူများရှေ့ကို ခဲတံနှင့်ထောက်ပြီး

‘ဒါ အဆူအာယက်၊ စစ်ဆင်ရေးခေါင်းဆောင် အလီနီမာ၊ ဘလက်စက်တင်ဘာအဖွဲ့သားတစ်ယောက်၊ အိုမာတာရက်၊ တပ်ဦးခေါင်းဆောင်

သူမက တစ်ဦးချင်းနာမည် ထောက်ပြနေသည်ကို ဂျရာမီယာက ရုတ်တရက် ထရပ်လိုက်ပြီး မေးခွန်းထုတ်လိုက်သဖြင့် စကားစပြတ်သွားသည်။

‘ဟိုဟာ ဘယ်သူလဲ’

မျက်နှာစိတ်တစ်ယောက်က ခေါင်းဆောင်ကြီး၏နောက်မှထမ်းစင်ဝင်ထမ်းလိုက်သည်ကို တယ်လီဗီးရှင်းထဲမှာ ပေါ်လာသည်။ ကင်မရာက

www.burmeseclassic.com

www.burmeseclassic.com

သူ့ကို ခဏကလေးသာ ရိုက်ပြသည်။

သူက အာရပ်လူမျိုးတစ်ယောက်မဟုတ်။ နှာခေါင်းကချွန်ပြီး၊ သူ့မျက်နှာတွေက မျက်မှန်နက် နောက်ကွယ်မှာ ဖုံးထားခြင်းခံရသည်။ မည်ညာသော သွားဝါဝါတွေက သူ၏အရောင်မဲ့သည့် အောက်နှုတ်ခမ်းကို တအားကိုက်ထားသည်။ မျက်ရည်များကလည်း ဖြူရော်ရော်ဖြစ်နေသော သူ့ပါးပြင်ပေါ်သို့စီးကျနေသည်။ စွယ်တာလည်ကြပ်ပေါ်မှာ ကုတ်အင်္ကျီတစ်ထည်ကို ဝတ်ထားသည်။

'သူ ဘယ်သူလဲ မော်လီ၊ သူ့ကို မင်းသိရမယ်'

အမျိုးသမီးလေးက တယ်လီဗီးရှင်းကို စူးစိုက်ကြည့်နေရာမှ

'ကျွန်မ မသိဘူး၊ သူ့ကို ကျွန်မတစ်ခါမှ မမြင်ဖူးဘူး'

ဂျရာမီယာက တယ်လီဗီးရှင်းရှေ့မှာ ထိုင်နေသော လူလေးယောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ သူတို့လေးယောက်က ပြိုင်တူခေါင်းခါလိုက်ကြသည်။

'သူက နိုင်ငံခြားက အပျော်တမ်းတစ်ယောက် ဖြစ်ချင်ဖြစ်မှာပဲ၊ ပြောက်ကျားတပ်ဖွဲ့ထဲမှာ ဂျာမန်လူမျိုး၊ အိုင်းရစ်လူမျိုး၊ ဆွီဒင်လူမျိုးတွေရှိနေတယ်ဆိုတာ ခင်ဗျားသိနေသားပဲ'

စစ်တပ်ထောက်လှမ်းရေး ဗိုလ်မှူးကြီးတစ်ယောက်က ဝင်ထောက်လိုက်သည်။

'သာမန်အပျော်တမ်း တပ်သားကလေးတစ်ယောက်ကို ခေါင်းဆောင်ကြီးနဲ့အတူ အလောင်းထမ်းခွင့် ပေးလိမ့်မယ် မဟုတ်ဘူးဆိုတာ ခင်ဗျားနားလည်ပါ'

ဂျရာမီယာက ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။ သူက အသုဘအခမ်းအနား ပြီးဆုံးသည်အထိ သူ့ကုလားထိုင်ပေါ်မှာ မငြိမ်မသက်ဖြင့် ဆက်လက်ထိုင်ကြည့်နေသည်။

'ဟောဒီမှာ သူပြန်ပေါ်လာပြန်ပြီ'

အသုဘအခမ်းအနား အဆုံးမှာ ခေါင်းကိုမြေတွင်းထဲသို့ ချလိုက်သောအခါ ဆံပင်အဝါနှင့်လူကို ခေါင်းဆောင်ကြီးက ပွေ့ဖက်လိုက်သည်ကို တွေ့လိုက်ရသည်။

ကိုယ်ရံတော်များကြားမှ နှစ်ယောက်သားဖက်ပြီး ခေါင်းဆောင်ကြီး၏ကားပေါ်တက်သွားကာ လူအုပ်ကြီးကြားမှ တဖြည်းဖြည်းမောင်းထွက်သွားသည်၊



ကိုယ်ရံတော်တွေ အပြည့်ပါလာသော ဂျစ်ကားနှစ်စီးတလည်း ခေါင်းဆောင်ကြီး၏ မာစီဒီးကားနောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားလေသည်။

'ဒီလူ့ပုံကို တစ်ခါပြန်ပြစမ်း'

ဂျရာမီယာက ပြောလိုက်တော့ စက်ဆရာတစ်ယောက်တစက်ခလုတ်ကို ပြန်နှိပ်လိုက်သည်။

ဆံပင်အဝါနှင့် လူစိမ်း၏ပုံက တယ်လီဗီးရှင်း၏ မှန်သားပြင်ပေါ်မှာ ပြန်ပေါ်လာသည်။ ဂျရာမီယာက သူ မမြင်ဖူးသော ထိုမျက်နှာကို သေသေချာချာ စူးစိုက်ကြည့်နေပြီး

'ဒီလူ ဘယ်သူလဲဆိုတာ ငါသိချင်တယ်'

ခေါင်းဆောင်ကြီး၏ ရုံးခန်းထဲမှာ ဆံပင်အဝါနှင့်လူက ခေါင်းဆောင်ကြီးနှင့် မျက်နှာချင်းဆိုင်ကုလားထိုင်ပေါ်တွင် ခပ်တောင့်တောင့် ထိုင်နေသည်။

'မင်း ဒီကိုလာဖို့ မသင့်ဘူး'

ခေါင်းဆောင်ကြီးက အင်္ဂလိပ်လိုပြောလိုက်ပြီး ကော်ဖီပန်းကန်ထဲမှ ကော်ဖီကို တစ်ကျိုက်သောက်လိုက်သည်။

'မင်းကို ဒီနေရာမှာ ဘယ်သူမှ အမြင်ခံဖို့ မသင့်ဘူး'

ဆံပင်အဝါနှင့်လူက မျက်မှန်ကို ချွတ်လိုက်သည်။ အပြာနုရောင်မျက်လုံးများက ခေါင်းဆောင်ကြီးကို အေးဆေးစွာ ကြည့်နေသည်။

'ကျွန်တော် မလာလို့မဖြစ်ဘူး၊ အလီက ကျွန်တော့် အစ်ကိုဆိုလည်း ဟုတ်တယ်'

သူသည် ပတ်ဝန်းကျင်မှာ ပြင်ဆင်ထားသော အလံများ၊ ဓာတ်ပုံများ၊ ပိုစတာများကို လှည့်ပတ်ကြည့်ရှုလိုက်သည်။

ခေါင်းဆောင်ကြီး၏ လက်တစ်ကမ်းနေရာမှာ ကာကာလာနီကော့ ချေမှုန်းရေး ရိုင်ဖယ်တစ်လက် ထောင်ထားသည်ကို မြင်လိုက်ရတော့ ခနဲ့ပြုံးကလေး ပြုံးလိုက်သည်။ ခေါင်းဆောင်ကြီးက သူကိုယ်တိုင်တော့ သေနတ်တစ်ချက်မှ မပစ်ဘူးသော်လည်း လက်နက်များနှင့် ဟန်ပြတတ်တာကို သူ အလွန်ရွံမုန်းလေသည်။

'မြူးနစ်ကိစ္စတုန်းက မင်းပါတာကို ဘယ်သူမှ မသိဘူး'

ခေါင်းဆောင်ကြီးက ပြောလိုက်သည်။ သောက်လက်စ ကော်ဖီ

www.burmeseclassic.com

ပန်းကန်ကို စားပွဲပေါ် ပြန်တင်လိုက်ပြီး

'မင်း တစ်ချိန်လုံး အိုလံပစ်ကျေးရွာမှာ ရှိနေတယ်ဆိုတာ ဘယ်သူမှ သံသယမရှိဘူး'

ဆံပင်ဝါနှင့်လူက ပခုံးတစ်ချက် တွန့်လိုက်ပြီး

'အလီရဲ့အသက်ကို ကျွန်တော်ကယ်လိုက်တာလည်း ဘယ်သူမှ မသိဘူး၊ အစွရေးတို့ အလီနောက်ကလိုက်တုန်းက လီလီဟန်းမားမြို့ဘက်ကို ကျွန်တော် လမ်းလွှဲလိုက်တာ၊ အလီက ခင်ဗျားကို မပြောပြဘူးလား'

ခေါင်းဆောင်ကြီးက ခေါင်းညိတ်လိုက်သည်။

'ဒါနဲ့ နေပါဦး၊ အလီထင်လို့ အသတ်ခံရတဲ့သူက ဘယ်သူလဲ'

'မော်ရိုကိုက စားပွဲထိုးတစ်ယောက်ပါ၊ လူမှားပစ်တာ၊ ပစ်ပြီးပြီး ချင်းပဲ ကျွန်တော်က နော်ဝေရဲ့ကို အကြောင်းကြားလိုက်တော့ နာရီပိုင်းအတွင်း ဒီကောင်တွေ အချုပ်ခန်းထဲ ရောက်ကုန်တာပဲ'

ခေါင်းဆောင်ကြီးက ပြုံးလိုက်ပြီး

'အဲဒါဟာ သူတို့ရဲ့ အဆိုးဝါးဆုံး ဆုံးရှုံးမှုတစ်ခု ဖြစ်သွားတယ်၊ တမ္ဘာ့အလယ်မှာ မော့ဆက်ဟာ ဟားစရာကြီးတစ်ခုဖြစ်သွားတယ်'

ခေါင်းဆောင်ကြီးက သူ့ပါးပေါ်မှ ပါးသိုင်းမွေးများကို အသာ ပွတ်သပ်နေရင်းမှ

'ဒါပေမဲ့ သူ့ကို နောက်ဆုံးမှာ သူတို့ရသွားတော့တာပဲ'

ဆံပင်ဝါနှင့်လူက စားပွဲရှေ့ကို ငုံ့သွားပြီး

'ဒါဟာ နောက်ဆုံးမဟုတ်သေးဘူး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး သူတို့ကို သွေးကြွေးဆပ်ရလိမ့်ဦးမယ်'

သူက တိုးတိုးပြောနေရာမှ စကားသံ တင်းမာလာသည်။

'အင်မတန် ကြီးမားတဲ့ တန်ဖိုးကြီး သူတို့ ပေးရလိမ့်မယ်၊ သူ့ရဲ့ သွေးစက်တိုင်းအတွက် ကျွန်တော် ကလဲ့စားချေရလိမ့်မယ်'

'ငါက အဘူကို ညွှန်ကြားချက်ပေးပြီးပြီ'

ခေါင်းဆောင်ကြီးက ပြောလိုက်တော့ ဆံပင်ဝါနှင့်လူက ခေါင်းခါ ပြလိုက်သည်။

'မဟုတ်ဘူး . . . . မဟုတ်ဘူး'

သူက ခပ်ပြတ်ပြတ် အော်လိုက်သည်။

'ခင်ဗျားတို့လူတွေနဲ့ မဟုတ်ဘူး၊ နောက်ထပ် ဗုံးဖောက်ခွဲဖို့၊ သတ်ဖြတ်ဖို့လည်း မဟုတ်ဘူး၊ ဒီလိုလက်စားချေတာမျိုးကို ကျုပ် မလိုလား



ဘူး၊ ကျုပ်မှာရှိတဲ့ တစ်ဦးတည်းသော သူငယ်ချင်းကို ဂျူးတွေက သတ်ဖြတ် လိုက်တယ်၊ ဒီဂျူးတွေနဲ့ ကျုပ် ကိုယ်ရေးကိုယ်တာကိစ္စနဲ့ကြွေးသ... ရှင်းစရာ ရှိနေသေးတယ်၊ ဒီလူတွေအပေါ်မှာ ကြောက်စရာ... လက်စားချေမှုကြီးတစ်ခု လုပ်ရမယ်'

သူက အသည်းယားလောက်စရာ ပြုံးလိုက်ပြီး

'ဒီစစ်ဆင်ရေးကို အသေးတကာ့ အသေးစိတ်အထိ စီစဉ်ဆောင်ရွက်... ရမယ်၊ 'ကလဲ့စားချေခြင်းဆိုတာဟာ အေးအေးဆေးဆေးစားရမယ့် ဟင်းတစ်ခွက်' လို့ပြင်သစ်စကားပုံရှိတယ်ဆိုတာ ခင်ဗျားသိအယ်မဟုတ်လား'

ခေါင်းဆောင်ကြီးက အမှတ်မထင် ပုခုံးတွန့်လိုက်သည်။

'ဒီလူသတ်သမားတွေကို ကျုပ်တို့ ရှာတွေ့နိုင်မှာပဲ'

ဆံပင်ဝါနှင့်လူက စိတ်ဆိုးဆိုးဖြင့် တံတွေးတစ်ချက် ထွေးလိုက် သည်။

'မဟုတ်ဘူး၊ လူသတ်သမားတွေတင် မဟုတ်ဘူး၊ ဒီလူသတ်မှု... အတွက် ဂျူးလူမျိုးတိုင်းက ပေးဆပ်ရမှာကို ကျုပ်လိုလားတယ်'

ခေါင်းဆောင်ကြီး၏ မျက်နှာပေါ်မှာ နားမလည်နိုင်သော အမူအရာ... ပေါ်နေသဖြင့် သူက ဆက်ပြီးပြောသည်။

'ခင်ဗျားက ကျုပ်ကို ရူးနေတယ်လို့ ထင်နေတယ်မဟုတ်လား၊ ကျုပ် မရူးဘူး၊ အဲဒါကို ခင်ဗျားယုံကြည်စေချင်တယ်၊ ကျွန်တော်ရဲ့ အစီအစဉ်တို့... ကျွန်တော့်ခေါင်းထဲမှာ အကြိမ်တစ်ရာမက အသေးစိတ် စီစဉ်ပြီးပြီ... ကျွန်တော့်အစီအစဉ်ကို အကောင်အထည်ဖော်လိုက်တဲ့ အချိန်မှာ... ကမ္ဘာကြီးဟာ ဂျူးတွေကို တွေ့လေရာအရပ်မှာ အော့နှလုံးနာကုန်ကြမှာပဲ...

'ဘယ်လိုလုပ်မှာလဲ'

ခေါင်းဆောင်ကြီးက ပြန်မေးလိုက်သည်။ ဆံပင်ဝါနှင့်လူက... ရှေ့တိုးပြီး

'ကျွန်တော် ခင်ဗျားရဲ့အကူအညီကို လိုတယ်'

နောက်တစ်နာရီခန့် ကြာသောအခါ ခေါင်းဆောင်ကြီး၏ ရုံးခန်း... သူ ထွက်လာသည်။ ခေါင်းဆောင်ကြီးက ဧည့်သည်ကို မော်တော်ကားဆီသို့... အရောက်လိုက်ပို့ပြီး သူ၏ကားမောင်းသမားကို

'ဖတ် . . . သူ့ကို လေယာဉ်ကွင်း လိုက်ပို့လိုက်ပါ'

ပြောပြီး ဧည့်သည်ကို သူက လိုက်လိုက်လှဲလှဲ ပွေ့ဖက်လိုက်သည်... ဆံပင်ဝါနှင့်လူက ခေါင်းဆောင်ကြီး၏ပုခုံးကို အသာကိုင်ပြီး

www.burmeseclassic.com

www.burmeseclassic.com

'အဲဒါကို မှတ်ထားပါ၊ အဲဒါဟာ ကျွန်တော်တို့ရဲ့ အဆုံးစွန်ကလဲ့စားချေခြင်းပဲ၊ ကြောက်မက်ဖွယ်ရာ အကောင်းဆုံး ဖြစ်စေရမယ်၊ အလို့အတွက် ကျွန်တော်တို့ တာဝန်ကျေရမယ်'

ခေါင်းဆောင်ကြီး ခေါင်းကို အသာငဲ့ပြီး

'ဒီကိစ္စအတွက် မင်း ဂျူးတစ်ယောက် လိုလိမ့်မယ်'

ဆံပင်ဝါနှင့်လူက သွားများပေါ်သည်အထိ ပြုံးပြလိုက်သည်။

'အဲဒါတော့ စိတ်မပူနဲ့၊ ကျွန်တော် စဉ်းစားထားတဲ့ လူတစ်ယောက်ရှိတယ်၊ ကျွန်တော် သူ့ကိုရအောင်ခေါ်မယ်၊ ကျွန်တော် ခိုင်းတာကို သူလုပ်မှာပဲ၊ ဒီကိစ္စပြီးရင် ဘယ်ဟာမှ ဒီအတိုင်းကျန်တော့မှာ မဟုတ်ဘူး'

ခေါင်းဆောင်ကြီး၏ မျက်နှာက စိုးရိမ်မှုနှင့် နှစ်သက်မှုတို့ကြားမှာ ရောထွေးနေသည့် ပုံစံပေါ်နေလေသည်။

မာစီဒီးကား အနက်ကြီးက ဖြည်းလေးစွာ ထွက်သွားလေတော့သည်။

၄

သံစုံတီးဝိုင်းမှ တေးဂီတသံများက တေးချင်းကို အဆုံးသတ်လိုက်သည
အခန်း တွင်းရှိ လူသုံးဆယ်နီးပါးရှိသော ပရိသတ်များမှာ ဥရောပတိုက်
အမျိုးသမီးများ ဖြစ်ကြသည်။ ယောက်ျားများမှာ အာရပ်အမျိုးသားများသ
ဖြစ်ကြသည်။

စားပွဲနောက်မှာ ထိုင်နေသော နာယကလုပ်သူက မတ်တတ်ထ
စတီရီယိုဓာတ်ပြားဖွင့်စက်ကို ပိတ်လိုက်သည်။ သူက ပရိသတ်ကို မရဲတ
လှမ်းကြည့်လိုက်ပြီး သူ့မျက်မှန်ကို လက်ကိုင်ပဝါတစ်ထည်နှင့် သုတ်နေသည

သူ့ခေါင်းမှ ဆံပင်တွေက ပြောင်လုနီးပါး ကျွတ်နေသည်။ သူ
မျက်တောင် တစ်ချက်နှစ်ချက်ခတ်လိုက်ပြီး၊ စကားစ ပြောလေသည်။

'အခု ဖွင့်ပြတာဟာ စောင်းနဲ့ သံစုံတီးဝိုင်း တွဲဖက်ထားတဲ့ ကွန်ဆ
တီးကွက်များ ဖြစ်ပါတယ်'

သူက ပြင်သစ်လို တုံ့ဆိုင်းတုံ့ဆိုင်းဖြင့် အသံကိုတိုး၍ပြောလိုက်သည

'ဒီ ဂီတကို ကျွန်တော် ရွေးချယ်ရတာဟာ ပြင်သစ်ဂီတပညာရှ
ဖရန့်စစ်ပိုလင်ရဲ့ ပညာနဲ့ပတ်သက်ပြီး ထူးခြားတဲ့ နာမူနာအဖြစ် ပြချင်လို့
ဒီတေးကို သူ ၁၉၂၈ ခုနှစ်က ရေးခဲ့ပါတယ်၊ နောက်ပွဲဟားနေ့ ခြောက်နာရီ
ကျွန်တော်တို့ ဒီအကြောင်းနဲ့ ပတ်သက်ပြီး နောက်ထပ် ဆွေးနွေးကြရအော
ကျေးဇူးတင်ပါတယ်'

ပရိတ်သတ်တွေက လက်ခုပ်ဖြည်းဖြည်းကလေး တီးလိုက်ပြီး အခ
ထဲမှ ထွက်သွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

နောက် ဆယ့်ငါးမိနစ်ခန့်အကြာမှာ အပေါ်ကုတ်အကျႌ အပြာရင့်ရင့်ကို ဝတ်ပြီး မီးခိုးရောင်ဦးထုပ်ကို ဆောင်းကာ စိန့်ဂျိုးဇက်တက္ကသိုလ်မှ ဂီတဘက်ဆိုင်ရာပညာရှင် အာမင်မက်ဆူရီယာက ပြင်သစ်ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံမှ ထွက်လာသည်။

လမ်းမကြီးပေါ်မှာ လူသူများ မရှိတော့။

သူက သတင်းစာ၊ မှတ်စုစာအုပ်နှင့် ခါတ်ပြားနှစ်ချပ်ကို ဘယ်ဘက်ချိုင်းကြားမှာညှပ်ပြီး ညာဘက်လက်က ကုတ်အကျႌကော်လံကို ဆုပ်ကိုင်လျက် လေတိုက်ရာဘက်ဆီသို့ ထွက်လာသည်။ လမ်းဆုံကို ရောက်သောအခါ ညာဘက်ကို ကွေ့လိုက်ပြီး အိုရီရင့် လက်ဖက်ရည်ဆိုင်ထဲ သို့ ဝင်လိုက်သည်။

ဆိုင်ထဲတွင် စကားပြောသံများနှင့် အာရပ်ဂီတသံများက သူ့ကို ဆီးကြိုလိုက်သည်။ သူ ကုတ်အကျႌကြယ်သီးကို ဖြုတ်လိုက်သည်။ ဆိုင်ထဲမှာ လူတစ်ဝက်မျှသာရှိသည်။ အမျိုးသမီးတစ်ယောက်မျှ မတွေ့ရ။

ယောက်ျားကလေးများကလည်း အာရပ်များသာဖြစ်ပြီး တတ္တိုပါခင်းထားသော ဆိုဖာများပေါ်မှာထိုင်ကာ ကော်ဖီသောက်ရင်း တစ်ယောက်နှင့် တစ်ယောက်ပြင်းခိုစကားများနေကြသည်။

အာရပ်တွေက သူ့ကိုဂရုမစိုက်ကြ။ စားပွဲထိုးနှစ်ယောက်ကတော့ သူ့ကို မှတ်မိသွားပြီး လှမ်းနှုတ်ဆက်ကြသည်။

ဆိုင်ရှင် လူဝဝကြီးက ထိုင်နေရာမှ ထလာပြီး မက်ဆူရီယာကို နှုတ်ဆက်သည်။

အိုရီယင့်လက်ဖက်ရည်ဆိုင်တွင် များသောအားဖြင့် မူဆလင်လူမျိုးများသာ စားသောက်လေ့ရှိကြသော်လည်း ဤပြင်သစ်လူမျိုး ခပ်ကြောင်ကြောင်ကို အမြင်များပြီး ရိုးနေကြပြီ။ သည်လူက ဗုဒ္ဓဟူးနေ့ညတိုင်း အချိန်မှန်မှန် ရောက်လာတတ်သည်။

သူက ဆိုင်ရှင်ကို နှုတ်ဆက်လိုက်ပြီး သူထိုင်နေကျ စားပွဲဆီသို့ လျှောက်သွားသည်။ သူ့အနားရှိ ရေဒီယိုတစ်လုံးမှ အရှေ့တိုင်းဂီတသံများ ဆူညံနေသည်မှာ ပြင်သစ်ဂီတဆိုင်ရာ ပညာရှင်တစ်ယောက်အတွက် အနှောင့်အယှက်မဖြစ်စေခဲ့။

သူက ခါတ်ပြား၊ မှတ်စုစာအုပ်နှင့် သတင်းစာများကို စားပွဲတစ်ဖက်နံမှာ သပ်ရပ်စွာပုံပြီးနောက် စားပွဲထိုးလာချပေးသော ကော်ဖီပန်းကန်ကို ယူခံယူလိုက်သည်။

ပြီးမှ စိတ်အေးလက်အေးဖြင့် သူ့ပစ္စည်းပုံကလေး၏ အပေါ်ဆုံးမှ



ခေတ်သစ်စာပေအမည်ရှိ မဂ္ဂဇင်းကို ဆွဲယူရရကောက်ဖတ်နေတော့သည်။

စာထဲမှာ စိတ်ဝင်စားနေသဖြင့် နံဘေးစားပွဲမှာ လူတစ်ယောက် လာထိုင်လိုက်တာကိုလည်း သူ မော့မကြည့်။ ကော်ဖီမှာသံကိုလည်း သူမကြားသလို နေလိုက်သည်။ ဒါပေမဲ့ နောက် ရောက်လာသူက ရေဒီယိုသီချင်းကြားမှ သူတစ်ဦးတည်းအတွက်သာ ကြားအောင်ပြောလိုက်သော စကားလုံးများကိုတော့ ကောင်းကောင်းကြားနေရသည်။

'တနင်္လာနေ့က ဆလာမက် အသုဘချပြီးတဲ့နောက် ခေါင်းဆောင်ကြီးရဲ့ကားနဲ့ သချိုင်းကုန်းကအပြန် လူတစ်ယောက်ပါလာတယ်'

အသံရှင်က အာရပ်ဘာသာစကားဖြင့် တိုးတိုးကလေး ပြောနေသည်။

'အဲဒီလူက အသက် (၃၅) နှစ်လောက်ရှိပြီ၊ ဆံပင်ကအဝါ၊ ကားပေါ်မှာ သူတို့နှစ်ယောက် ဆလာမက်အကြောင်း ပြောလာကြတယ်၊ သူက ခေါင်းဆောင်ကြီးနဲ့ ရုံးခန်းထဲမှာ တစ်နာရီလောက် အတူအတူနေခဲ့တယ်၊ သူပြန်တော့ ခေါင်းဆောင်ကြီးက သူနဲ့အတူ ကားနားအထိလိုက်လာပြီး သူတို့အချင်းချင်း ပြောတဲ့စကားကို ကျွန်တော် ကြားလိုက်တယ်၊ သူတို့တစ်ယောက်ကို တစ်ယောက် ပွေ့ဖက်လိုက်ကြပြီး ဆံပင်အဝါနဲ့လူက 'အဲဒါဟာ ကြောက်မက်ဖွယ်အကောင်းဆုံး ကလဲ့စားချေတာပဲ၊ အဆုံးစွန်သော ကလဲ့စားချေခြင်းပဲ၊ ငါတို့ အလို့ အတွက် ဆောင်ရွက်ပေးရမှာဖြစ်တယ်' လို့ပြောသံကို ကျွန်တော် ကြားလိုက်ရတယ်၊ သူတို့အင်္ဂလိပ်လိုပြောကြတယ်'

'နောက်တစ်ခေါက် ပြန်ပြောစမ်း'

'အဆုံးစွန် ကလဲ့စားချေခြင်း'

အာရပ်က တစ်ခေါက်ပြန်ပြောလိုက်သည်။

'ဒီနောက် ခေါင်းဆောင်ကြီးက သူ့ကို ဒီကိစ္စအတွက် မင်းနဲ့တစ်ယောက် လိုမယ်လို့ ပြောလိုက်တယ်၊ ဒီတော့ ဆံပင်အဝါနဲ့လူက ကျွန်တော်သိတဲ့ ဂျူးတစ်ယောက်ရှိတယ်၊ သူလုပ်လိမ့်မယ်၊ မဟုတ်သေးဘူး၊ ဒီတိုင်း မဟုတ်သေးဘူး'

သူက ခဏမျှ ပြန်စဉ်းစားလိုက်ပြီး

'ကျွန်တော်သိတဲ့ ဂျူးတစ်ယောက်ရှိတယ်၊ ကျွန်တော် သူ့ကိုရအောင်ခေါ်မယ်၊ သူလုပ်မှာပါလို့ ပြောတယ်၊ ဒီနောက် ဆံပင်အဝါနဲ့ လူက ပြောပြီးရင် ဘယ်ကိစ္စမှ မူလအတိုင်း ကျန်မှာမဟုတ်တော့ဘူး'

'ပြန်ပြောစမ်း'

www.burmeseclassic.com

www.burmeseclassic.com

'အဲဒါပြီးရင် ဘယ်ကိစ္စမှ မူလအတိုင်း ကျန်မှာမဟုတ်တော့ဘူး'

မက်ဆူရီယာက ကော်ဖီပန်းကန်ကို ကောက်ယူလိုက်ပြီး မသိမသာ ခေါင်းညိတ်ပြလိုက်သည်။

'ဒီနောက် ကျွန်တော်က သူ့ကို ပစ္စည်းတွေယူဖို့ ဟိုတယ်ကို မောင်းပို့ ပြီး၊ လေယာဉ်ကွင်းကို ပို့ပေးခဲ့တယ်၊ ဒီနောက် သူက ပဲရစ်မြို့ကို ပျံတဲ့ ပြင်သစ်လေကြောင်းနဲ့ ထွက်သွားတယ်၊ သူ့မှာ လက်ဆွဲအိတ်ကလေး တစ်လုံး ပါလို့ ကျွန်တော်က ကောင်တာအထိ လိုက်ပို့ခဲ့ရသေးတယ်'

'သူ့ နိုင်ငံကူးလက်မှတ်ကို မင်း မြင်လိုက်သေးလား'

'ဟုတ်ကဲ့ ဂျာမန် နိုင်ငံကူးလက်မှတ်ပါ၊ အဲဖရက်မြူလာလို့ ရေးထား တယ်'

'ဒီနောက် မင်း ဘာလုပ်သေးလဲ'

'ကျွန်တော် ပြန်လာတယ်၊ ခေါင်းဆောင်ကြီး တစ်ညနေလုံး စစ်ဆင် ရေးခေါင်းဆောင် အဘူဘာယက်နဲ့ အတူတူရှိနေတယ်၊ သူကြည့်ရတာ စိုးရိမ်ပူပန်နေတဲ့ပုံပဲ'

'တစ်ခြား ဘာကျန်သေးလဲ'

'ဘာမှမရှိတော့ဘူး'

'သူတို့စကားပြောတာ ဘယ်သူကြားသေးလဲ'

'ဘယ်သူမှ မကြားဘူး၊ သူတို့နှစ်ယောက်တည်းပဲ ရုံးခန်းထဲမှာ ရှိနေတယ်'

'ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းတခြားဘယ်သူနဲ့ ပြောမိသေးလဲ'

'မပြောမိပါဘူး'

'ခေါင်းဆောင်ကြီးနဲ့အတူ ပြောတဲ့ စကားတွေ မင်း ကြားမိသေး သလား'

'တစ်လုံးမှ မကြားရဘူး'

'သူတို့ နှစ်ယောက် စကားပြောပြီးတော့ အတူ ဘယ်ကို သွားသလဲ'

'သူ ဆိုက်ဒါကို သွားတယ်၊ သူ အခန်းထဲက ထွက်လာတော့ ကျွန်တော်က သူ့ ဒရိုက်ဘာနဲ့ အပြင်မှာ စကားထိုင်ပြောနေတယ်၊ သူက သူ့ ဒရိုင်ဘာကို အစီအစဉ်ပြောင်းတယ်၊ ငါတို့ ဆိုက်ဒါကို သွားကြရမယ်လို့ ပြောသံကို ကျွန်တော်ကြားလိုက်ရတယ်'

ရေဒီယိုမှ အလွမ်းသီချင်းသံ ပြီးဆုံးသွားသည်ကို မက်ဆူရီယာ ဂရုပြုမိပုံမပေါ်။ သူ ဖတ်နေသော မဂ္ဂဇင်းကို သူ့ ပစ္စည်းအပုံလေး အောက်



သို့ ထိုးသွင်းလိုက်ပြီး အပေါ်ဆုံးမှ သတင်းစာတစ်စောင်ကို ဆွဲယူကာ အကပဒေသာဆောင်းပါးကို စိတ်ဝင်စားစွာ ဖတ်နေလေသည်။

ရေဒီယိုထဲမှ ယောကျ်ားသံနှင့် အချစ်သီချင်းသံ ပေါ်လာတော့ ဖတ်၏ နားထဲမှာ နောက်ထပ် မေးခွန်းတစ်ခု ခပ်တိုးတိုးပေါ်လာသည်။

'ဘီရွတ်မှာရှိတုန်း၊ မြူလာ ဘယ်မှာ တည်းသလဲ'

'ဟိုတယ် ဖင်နီးဆီးယား'

'အဲဒီမှာ သူ ဘယ်လောက်ကြာကြာ နေခဲ့သလဲ'

စားပွဲထိုးတစ်ယောက် အနားမှဖြတ်လျှောက်သွားသဖြင့် ဖတ်က အချိုမုန့် မှာလိုက်သည်။ စားပွဲထိုး မီးဖိုခန်းဘက်ကို ထွက်သွားတော့မှ သူက ဆက်ပြီး

'ကျွန်တော် မသိဘူး၊ ကျွန်တော်ထင်တာတော့ တစ်ည နှစ်ညပဲ အောက်မေ့တယ်'

ခေတ္တမျှ ရပ်နားလိုက်ကြပြီး ပြင်သစ်ကြီးက ဆက်မေးလိုက်သည်။

'ဒီအသုဘအခမ်းအနားကို သူ ဘယ်လိုလုပ် ရောက်လာတာလဲ'

'ကျွန်တော် မသိဘူး'

'ဒါပေမဲ့ မင်းခေါင်းဆောင်ကြီး '

စားပွဲထိုးက အချိုမုန့်များ ယူလာပြီး ဖတ် ရှေ့မှာ လာချနေသဖြင့် သူက စကားစပြတ်သွားတော့သည်။

စားပွဲထိုးက မက်ဆူရီယာဘက်ကို လှည့်ပြီး မေးသည်။

'ဆရာကြီး နောက်ထပ် ဘာများ အလိုရှိပါသေးသလဲ ခင်ဗျား'

'မလိုအပ်တော့ပါဘူးကွာ'

ပြန်ပြောလိုက်ပြီး မဂ္ဂဇင်းကို အာရုံစိုက်ကာ ဆက်ဖတ်နေလိုက်သည်။

စားပွဲထိုးထွက်သွားတော့မှ သူ့မေးခွန်းကို ပြန်ဆက်လိုက်သည်။

'အသုဘမှာ မြူလာကို တွေ့တော့ မင်း ဆရာ အံ့သြမသွားဘူးလား'

ဖတ်က ခဏမျှဆိုင်းသွားပြီး မုန့်ကိုဝါးရင်း

'မအံ့သြပါဘူး၊ ဒါပေမဲ့ ကျွန်တော့် ဆရာ နည်းနည်းတော့ ကသိကအောက်ဖြစ်သွားတယ်၊ အသုဘမချခင် မြူလာ ရောက်နေတယ်လို့ တစ်ယောက်ယောက်က ကျွန်တော့်ဆရာကို ပြောပြီးသား ဖြစ်နေလိမ့်မယ်'

နောက်ထပ် မေးခွန်းထွက်မလာတော့။ သည်နေ့အတွက် မေးခွန်း ကုန်ပြီဟု ယူဆရသည်။

ဖတ်က ပြင်သစ်နှင့် တွေ့မှ ကသိကအောက်ဖြစ်ခဲ့ရသည်။ သည်လူက

www.burmeseclassic.com

www.burmeseclassic.com

ယမင်လူများနှင့်စာလျှင် ပိုပြီး စေ့စပ်သည်။ သူ ပုံပန်းကြည့်ရသည်မှာသည် လုပ်ငန်းနှင့် မသင့်တော်ဘူးဟု ထင်ရပေမယ့် သူက အတော်ဆုံးလူတစ်ယောက် ဖြစ်သည်။

မေးခွန်းမေးရာမှာ ဟာကွက် မရှိဘဲ စေ့စပ်သေချာလွန်းလှသည် အချိန်းအချက်များလည်း မပျက်ကွက်ခဲ့။ နောက်ထပ် အချိန်းအချက်များ ကိုလည်း တိတိကျကျ ညွှန်ကြားချက်ပေးနိုင်သည်။

တစ်နေ့ ပြောက်ကျားအဖွဲ့ဝင်တစ်ယောက် ဆိုင်ထဲဝင်လာချိန်မှာ သူဘယ်လို ပျောက်သွားမှန်း မသိလိုက်ရ။ မက်ဆူရိယာ စကားမပြော ဆက်ထိုင်နေသဖြင့် ဖတ်က သူ့ဘက်လှည့်ပြီး သူပစ္စည်းပုံအပေါ်ဆုံးမှ သတင်းစာကို လက်ညှိုးထိုးပြီး

'ဒီသတင်းစာကို ကျွန်တော့်ကို ကြည့်ခွင့်ပြုပါလား'

'ဩော် ဟုတ်ကဲ့၊ ကြည့်ပါ ကြည့်ပါ'

မက်ဆူရိယာက တရိုတသေဖြင့် မဂ္ဂဇင်းကို လှမ်းပေးသည်။

မဂ္ဂဇင်းကို တစ်ရွက်ချင်း လှန်ကြည့်နေရာမှ လက်ဘန္ဓန်ငွေစက္ကူများ ထည့်ထားသော စာအိတ်တစ်အိတ်ကိုတွေ့ရသဖြင့် စာအိတ်ကို သူ့အိတ်ထဲ အသာကလေး လျှိုထည့်လိုက်သည်။

စာအိတ်ထဲမှာ သူဒရိုင့်ဘာလခထက် သုံးဆခန့်ရှိသော ငွေများအပြင် ပြင်သစ်စပိုင်ကြီးက သူ့ကိုခိုင်းသည့် ညွှန်ကြားချက်အသစ်တွေလည် ပါလာသည်။ နောက်ထပ် ငါးမိနစ်ခန့်ကြာသောအခါ ဖတ်က မဂ္ဂဇင်း ပြန်ပေးလိုက်ပြီး ငွေရှင်းကာ ဆိုင်ထဲမှ ထွက်သွားလေသည်။

သည်နေ့ည အိမ်ရောက်လျှင် သည်ပြင်သစ်စပိုင်ကြီး သတင်းရေး၊ လျှို့ဝှက်စာတမ်းအဖြစ်ပြောင်း၊ ၅ လုံးပါစကားလုံးစုအ ပြန်ရေး၊ လေးထောင့်ကျကျ စက္ကူရွက်ပေါ်မှာကူး၊ ဓာတ်ပုံရိုက်၊ မိုက်ကရို အဖြစ်ပြောင်း၊ ပို့စကတ်တစ်ခုတွင် ကပ်ရမည့် တံဆိပ်ခေါင်းတစ်ခုမှာ ပြီး၊ နောက်တစ်နေ့ နံနက်မှာ ပဲရစ်မြို့က လိပ်စာတစ်ခုသို့ ထည့်လိုက်ရုံ

ရုပ်ရှင်ထဲမှာ စပိုင်တွေ သည်လိုလုပ်တာကို ဖတ် မြင်ဖူးသည် မက်ဆူရိယာ ပို့လိုက်သော ပို့စကတ်တွေ ပြင်သစ်စုံထောက်အဖွဲ့ မရောက်ဘူးဆိုလျှင် ဖတ် တော်တော်အံ့သြမိပေမည်။ မက်ဆူရိယာကိုယ် သည်အကြောင်းကို သိလျှင် ပိုပြီးအံ့သြပေလိမ့်မည်။

သူ့အနေနှင့် ဘီရွတ်ကအလုပ်ကို လက်မခံမီ သုံးလလော တတည်းက သင်တန်းဆင်းသည့်နေ့မှစပြီး သူချစ်မြတ်နိုးသော ပြင်သစ်နိုင်



အတွက် အလုပ် လုပ်နေသည်ဟု သူကိုယ်သူ ယုံကြည်ခဲ့ခြင်းကြောင့် ဖြစ် သည်။ ပဲရစ်မြို့စွန်ရှိ သူ့အိမ်ကိုလာပြီး တံခါးခေါက်သူက သူတို့သူ မွန်တီကာ မိတ်ဆက်ခဲ့သည်။ ပြင်သစ် အရှေ့အလယ်ပိုင်းဌာနအတွက် စုံထောက် အရာရှိ၏ မှတ်ပုံတင်ကိုလည်း ပြသည်။

မက်ဆူရိယာ၏ စစ်အတွင်း ကာလ လှုပ်ရှားမှုနှင့် သူ၏ ဇာတိ အယ်ဂျီးရီးယားမှာ နာဇီဆန့်ကျင်ရေး လုပ်ငန်းများ အကြောင်းကို ပြန်ဖော် ပြောပြီး သူ တိုင်းပြည်အတွက် အရေးကြီးသောလုပ်ငန်းတစ်ခုကို ဘီရွတ်မြို့ မှာရှိနေစဉ် တာဝန်ယူ ဆောင်ရွက်သင့်ကြောင်း ပြောပြသဖြင့် သူလက်ခံခဲ့ သည်။ သူ၏ အာရပ်လောက အတွေ့အကြုံနှင့် အာရပ်စကား ကျွမ်းကျင်စွာ ပြောတတ်ပုံကြောင့် သူကို တမင်သက်သက်ရွေးချယ်ခဲ့ခြင်း ဖြစ်ကြောင်း မွန်တီကာ ရှင်းပြခဲ့သည်။

နောက်တစ်ပတ်ခန့်အကြာမှာ သူ၏ သင်တန်းဆရာအဖြစ် မစ်ရှဲ ဆိုသည့် အမျိုးသမီးတစ်ယောက်နှင့် မိတ်ဆက်ပေးသည်။ မစ်ရှဲထံမှ လုပ်ငန်း လုပ်ကိုင်ပုံ နည်းစနစ်များကို သင်ယူခဲ့သည်။

ဘီရွတ်ကို ထွက်ခွာသွားမည့် နောက်ဆုံးညနေမှာ မွန်တီကာ သူ့ဆီ ရောက်လာပြီး သူလုပ်ရမည့် အလုပ်များကို အသေးစိတ် ညွှန်ကြားကာ သူလုပ်ရပ်များကို ပြင်သစ်စုံထောက်အဖွဲ့ကိုပင် အသိမပေးပါဆိုသော ဝန်ခံ ချက်တစ်ခုကို လက်မှတ်ထိုးခိုင်းခဲ့သည်။ ထိုနေ့က စပြီး မက်ဆူရိယာတ သူအတတ်နိုင်ဆုံး သည်လုပ်ငန်းကို ကြိုးစား ဆောင်ရွက်ခဲ့သည်။

သီတင်းပတ်တိုင်းမှာ ကြိုတင် သတ်မှတ်ထားသော နေရာတစ်ခုသို့ သွားပြီး ထိုနေရာမှာ ထားခဲ့သည့် ငွေစက္ကူအိတ်နှင့် ဖတ် အတွက် ညွှန်ကြား ချက်များကို သွားယူသည်။ သည့်နောက် ဖတ်ကို တစ်ပတ်တစ်ကြိမ်တွေ့ပြီး ဖတ်ထံမှ သတင်းကိုယူသည်။ သူလုပ်ရပ်နှင့်ပတ်သက်ပြီး ပဲရစ်က တော်တော် ကလေးကျေနပ်ပုံရနေသည်ဟု သူထင်သည်။

ရံဖန်ရံခါ သူ၏တူမအဖြစ် အယောင်ဆောင်ထားသော မစ်ရှဲ ကလည်း ပဲရစ်မှနေ၍ ဖုန်းဆက်သည်။ သူ၏ လုပ်ငန်းများက သူ့အတွက် အန္တရာယ်ရှိသည်ဟု မထင်ရ။ တစ်ပတ်တစ်ခါ ဖတ်နှင့်တွေ့ပြီး ရရှိသော သတင်းများကို မိုက်ကရိုဒေါ့အဖြစ်ပြောင်းပြီး ပဲရစ်မြို့မှ မဒမ်လာလို့င်းဆိုသူ ထံသို့ ပို့စကတ်လေးအဖြစ်ပို့လိုက်သည်။

သည့်နောက်ပိုင်းကိုတော့ သူ မသိ။ သည်ပို့စကတ်ကလေး တကယ်တမ်း ဘာဖြစ်သွားသည်ကို သူသိရလျှင် သူ ပို၍အံ့သြသွားပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ပဲရစ်မြို့မှ ပို့စကတ် လက်ခံသော အမျိုးသမီးကြီးက ပြင်သစ်စုံထောက်ဌာနနှင့် မည်သို့မျှ အဆက်အသွယ် မရှိ။

သည်ပို့စကတ်ကလေးကို လက်ခံ ရရှိပြီးနောက် ပို့စကတ်ကို စာရွက်အဖြူကလေးတစ်ခုမှာထည့်ပြီး သတ်မှတ်ထားသော နေရာတစ်ခုမှာ သွားထားလိုက်ရုံပဲ ဖြစ်သည်။

အဲဖရက်မြူလာနှင့် ပတ်သက်သော သတင်းပါသည့် ပို့စကတ်တလေးက ပဲရစ်မြို့မှ မဒမ်လာလ္လိုင်းဆီရောက်ပြီး ၄ ရက်အကြာမှာ မိုက်ကရိုဒေါ့ကို ပြန်ထုတ်ယူပြီး ပုံကြီးချဲ့၊ လျှို့ဝှက်စာကို ပြန်ဖြေရန် တဲလ်အဗစ်မြို့မှ မော့ဆက်၏ ခေတ်ခွဲခန်းထဲသို့ ရောက်သွားလေတော့သည်။

'အဆုံးစွန် ကလဲ့စားချေခြင်း၊ အဲဒါ ဘာအဓိပ္ပာယ်လဲ၊ ငါတော်တော်အံ့ဩတယ်' ဂျရာမိယာက ပြောလိုက်သည်။

သူ့စားပွဲပေါ်မှာ တင်ထားသော စာရွက်တစ်ရွက်ကို မျက်မှောင်ကြုတ်ပြီး ကြည့်နေသည်။ သူ့စားပွဲဘေးမှာ ဝိုင်းထိုင်နေကြသော လူခြောက်ယောက်ကိုမှ သူမမော့မကြည့်။

'ဒါဟာ စကားလုံး အသုံးအနှုန်းတစ်ခု ဖြစ်ချင်ဖြစ်မှာပါ'

ဒေးဗစ်က အေးအေးဆေးဆေး အကြံပြုလိုက်သည်။

'ဒါမှ မဟုတ်ရင် သူ့စိတ်ကူးထဲမှာ ထူးထူးခြားခြား ရက်စက်ကြမ်းကြုတ်တဲ့ ကလဲ့စားချေနည်းတစ်ခု စိတ်ကူးထားတာရှိချင် ရှိနေမှာပဲ'

'ဒါဖြင့် သူဘာကြောင့် ဒီ'အဆုံးစွန်'ဆိုတဲ့စကားလုံးကို သုံးရတာလဲ'

ဂျရာမိယာက စိတ်ကူးရင်း သူ့ပါးကို လက်နှင့်အသာပွတ်ကာ

'နောက်ပြီး ဟိုစကားလုံးက 'အားလုံးကိစ္စပြီးသွားရင် ဘယ်ဟာမှ မူလအတိုင်း ရှိတော့မှာ မဟုတ်ဘူး' ဆိုတာလည်း စဉ်းစားစရာပဲ'

သူက သူ့ရှေ့မှ လူများကို မော့ကြည့်လိုက်သည်။

'ဒါက အကြမ်းဖက်သမားတွေနဲ့ နောက်ထပ်တိုက်ခိုက်ဖို့ မဟုတ်ဘူး သူဘာကို လိုချင်နေတာလဲ၊ စစ်ပွဲကြီးတစ်ခု စဖို့လား၊ ဂျေရုဆလင်မြို့ပေါ် အနုမြူဗုံး တစ်လုံးချဖို့လား'

တော်တော်ကြာသည်အထိ မည်သူမျှ စကားမပြောကြ။

ရာဖေးက အခန်းထောင့် တစ်နေရာမှာ ထိုင်ပြီး မော့ဆက်ခေါင်းဆောင်ကြီး၏ အပြုအမူကို လှောင်ပြုံးကလေးပြုံးကြီး ကြည့်နေသည်။



ဒေးဗစ်က မျက်မှောင်ကုတ်ပြီး သူ့ ကုလားထိုင်နောက်မှီကို မှီလိုက်ရင်း အခန်းအပြင်ဘက်မှ မိုးရွာနေသော ကောင်းကင်သို့ ငေးကြည့်နေလိုက်သည်။ မော်လီက ခေါင်းငုံ့ပြီး ထုံးစံအတိုင်း ခဲတံဝါကလေးတစ်ချောင်းကို သွားဖြင့်ကိုက်နေသည်။ ဟက်ဖနာကတော့ စားပွဲပေါ်မှ မှန်ချပ်ကို ခေါက်နေသည့် အဘိုးကြီး၏ လက်ကို စိုက်ကြည့်နေသည်။ မော့ဆက်အဖွဲ့၏ စိတ်ရောဂါကုဆရာဝန် ဒေါက်တာ ဘာမင်က

'သူ့ စကားထဲမှာ ရှေ့နောက် မညီတာတွေရှိနေတယ်'

တိတ်ဆိတ်ငြိမ်သက်နေခြင်းကို စပြီး ဖြိုခွဲလိုက်သည်။

'မြူလာ ဆိုတဲ့ ငနဲက စိတ်ရူးပေါက်နေတဲ့ လူတစ်ယောက်ဆိုတာတော့ သေချာတယ်၊ သာမန်လူတစ်ယောက်အနေနဲ့ ဒီအသုံးအနှုန်းမျိုးကို သုံးမှာ မဟုတ်ဘူး၊ ဒီအသုံးအနှုန်းအရ ပြောရလို့ရှိရင် သူ့မှာ ထူးထူးခြားခြား အစီအစဉ်တစ်ခုရှိတယ်လို့ ယူဆရမယ်၊ ဒါပေမဲ့ သာမန်လူတစ်ယောက် စိတ်ကူးမထည့်မိလောက်အောင် ယုတ်မာတဲ့အစီအစဉ်မျိုးတစ်ခု ရှိလိမ့်မယ်လို့တော့ ကျွန်တော်မထင်ဘူး၊ သူပြောတဲ့ အစီအစဉ်ကို ပြောက်ကျားခေါင်းဆောင်ကြီးက သဘောတူပုံရတယ်၊ ဂျူးတစ်ယောက် လိုမယ်လို့ ပြောလိုက်တဲ့စကားကို ထောက်ကြည့်ဖို့လိုမယ်'

'ဟုတ်ပြီ၊ ဒီလိုဆိုရင် ဘာကြောင့် ဂျူးတစ်ယောက်လိုချင်တာလဲ'

ဂျရာမိယာက ပြန်မေးလိုက်သည်။

ဒေးဗစ်က ကုလားထိုင်လက်ရမ်းပေါ် လက်နှစ်ဖက်ထောက်လိုက်ပြီး၊ သူ့ လက်ချောင်းလေးများကို ယှက်ကာ

'ဂျူးတစ်ယောက်ဆိုတာ ဒီနိုင်ငံထဲဝင်ဖို့လွယ်တယ်၊ သူတိုက်ခိုက်ရမည့်ပစ်မှတ်ကို ချဉ်းကပ်ဖို့ သံသယမရှိနိုင်ဘူး မဟုတ်လား'

ဂျရာမိယာက စိတ်တိုတိုဖြင့် သူ့ ကုလားထိုင်ကို တွန်းလိုက်သည်၊

'ဒါတော့ ငါလည်း တွက်လို့ရသားပဲ၊ မင်းပြောပုံအရ စစ်ဆေးရေးတစ်ခုရဲ့ ပစ်မှတ်လို့ မင်းပြောတယ်၊ အဲဒီတော့ ဘယ်လိုစစ်ဆင်ရေးမျိုးလဲ၊ နောက်ပြီး သူ့စကားထဲမှာ ဒီစစ်ဆင်ရေးကို လုပ်မယ်ဆိုတဲ့ ဂျူးတစ်ယောက် လိုမယ်လို့ ပြောတယ်၊ ငါမှတ်မိသလောက် ပြောရလို့ရှိရင် အကြမ်းဖက်လုပ်ငန်းထဲမှာ ဂျူးတစ်ယောက်ပါဖူးတယ်ဆိုတာ မတွေ့ဖူးသေးဘူး'

'ဒါတော့ တစ်ချိန်က တစ်ယောက်ရှိခဲ့ဖူးတယ်ဆိုတာ ကျွန်တော် ကတိပေးဖို့ လိုမယ် မထင်ပါဘူး'

ဟက်ဖနာက ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'မနှစ်က ဂျက်ကော့ဘီ ဆိုတဲ့ ငနဲတစ်ကောင်က အာရပ်ပြောက်ကျားတွေအတွက် လက်နက် ခဲယမ်း မီးကျောက်တွေကို မှောင်ခိုပေးခဲ့တယ် မဟုတ်လား'

'ဒါကတော့ အစိပ္ပာယ်မရှိဘဲ၊ ဒီကောင်က ရိုးရိုးရာဇဝတ်ကောင်တစ်ယောက်၊ သူ သယ်သွားတဲ့ပစ္စည်း ဘာလဲဆိုတာတောင် သူမသိခဲ့ဘူး နောက်ပြီး ဒီကောင်က ဒီတိုင်းပြည်ထဲမှာနေတာ'

ဂျရာမီယာက စားပွဲပေါ်မှာ စာရွက်ကလေးကို ထောက်ပြလိုက်ပြီး

'မြူလာ ပြောတဲ့ သူသိတယ်ဆိုတဲ့ ဂျူးက နိုင်ငံခြားမှာနေတဲ့ ဂျူးတစ်ယောက်ဖြစ်ရမယ်၊ မော်လီ နိုင်ငံခြားမှာနေတဲ့ ဂျူးတွေနဲ့ပတ်သက်ပြီး အကြမ်းဖက် ပြောက်ကျားအဖွဲ့နဲ့ အဆက်အသွယ်ရှိတဲ့ လူတွေ စာရင်းကို မင်း စစ်ဆေးလို့ရပါ့မလား'

'ဒီသတင်းရောက်လာကတည်းက ကျွန်မအကုန်လုံး စစ်ဆေးကြည့်ရှုပြီးပြီ၊ ပြင်သစ်၊ ဒိန်းမတ်နဲ့ အင်္ဂလန်မှာရှိတဲ့ လက်ဝဲယိမ်းသမားတစ်ဒါဇင်လောက် တွေ့ရတယ်၊ သူတို့တစ်တွေက ပြောက်ကျားအဖွဲ့တွေကို ထောက်ခံတဲ့ အစည်းအဝေးမှာ မိန့်ခွန်းတက်ပြောတာကလွဲပြီး ထူးထူးဆန်းဆန်း လုပ်တာတော့ မတွေ့ရဘူး၊ နောက်ပြီး မြူလာနဲ့ ပတ်သက်ပြီး ကျွန်မတို့မှာ ဘာမှတ်တမ်းမှ မရှိဘူး'

'ငါတို့ ဒီအတိုင်းဆိုရင်တော့ မဖြစ်သေးဘူး၊ ဒီသတင်းက အစအနကလေးလောက်သာ ဖြစ်နေတယ်၊ ဒီထက်ပိုပြီး ပြည့်စုံအောင် စုံစမ်းရလိမ့်မယ်၊ ဒီသတင်း ဘယ်သူ့ဆီကရတာလဲ'

'စပိုက်ဒါဆီကရတာပါ'

မော်လီက ပြန်ဖြေလိုက်သည်။

'စပိုက်ဒါက အင်မတန် သပ်ရပ်သေချာတဲ့လူ၊ ရနိုင်သလောက်သတင်းအကုန်လုံး သူ့ထဲမှာ ပါပြီးပြီ၊ နောက်ထပ် ရနိုင်မှာ မဟုတ်ဘူး'

အဘိုးကြီး ကျေနပ်ပုံမရ။

'အသုဘ တို့ တွေ့ရတဲ့လူက မြူလာဆိုတဲ့လူ ဟုတ်တယ်ဆိုတာ မင်း သေချာရဲ့လား'

'သေချာပါတယ်၊ သူ့ပုံပန်းသဏ္ဌာန်၊ အချိန်နာရီ၊ ခေါင်းဆောင်ကြီးဆီက သွားတဲ့အကြောင်း အကုန်လုံး ကွက်တိမှန်တယ်'

အခန်းထဲမှာ မည်သူမျှ စကားမပြောကြတော့ဘဲ တိတ်ဆိတ်ငြိမ်သက်သွားကြသည်။ ခေတ္တကြာမှ ဒေးဗစ်က



'ကျွန်တော်ကတော့ ဒေါက်တာဘာမင်ရဲ့အယူအဆနဲ့ သဘောချင်းတိုက်ညီတယ်၊ မြူလာ ဆိုတဲ့ ငနဲက အနုမြူဗုံးတစ်လုံးချဖို့ ဆိုတာလည်း မဖြစ်နိုင်ဘူး၊ နောက်ထပ် လူ သိန်း သောင်း သတ်မှုကြီး ဖန်တီးဖို့ဆိုတာလည်း မဖြစ်နိုင်ဘူး၊ ဒါတွေက ဝတ္ထု ပုံပြင်ထဲမှာသာ ဖြစ်နိုင်တာ၊ တကယ်လို့ သူ့ တလဲ့စားချေချင်တယ်ဆိုရင် သူ့ အစီအစဉ်က လူကြီးပိုင်းကို လုပ်ကြံဖို့ဖြစ်မယ်'

ဂျရာမီယာက အချိန်တော်တော်ကြာကြာစဉ်းစားပြီးမှ ပြန်ဖြေလိုက်သည်၊

'လုပ်ကြံမှု ဟုတ်လား၊ ဆလာမက်အတွက် လက်စားချေဖို့ ဘယ်သူ့ကိုများ လုပ်ကြံကြမှာလဲ'

ဒေးဗစ်က သူ့နှုတ်ခမ်းကို ခပ်တင်းတင်းကလေး စေ့လိုက်သည်၊

'ရာ ခုနှစ်တုန်းက ဝန်ကြီးချုပ် ဘင်ဂူရီယံကို သူတို့လုပ်ကြံဖို့ ကြိုးစားခဲ့တယ် မဟုတ်လား၊ ဒီတော့ သူတို့က ဝန်ကြီးချုပ်လို၊ ဒါမှမဟုတ်ရင် ဒါယန်းလို ဝိုက်လ်မန်းလို လူတွေကို၊ ဒါမှမဟုတ် ခင်ဗျားတောင် ဖြစ်ချင်ဖြစ်နိုင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



## ၅

ဒီ ခရုဟင်းက သိပ်အရသာရှိပါလား၊ ကျွန်မတို့ နောက်ထပ်တစ်ပွဲ မှာလို့ ရမလားဟင် မိုက်ကယ်' မိန်းကလေးက မေးလိုက်သည်။

ယောကျ်ားကလေးက စားပွဲထိုးကို လက်လှမ်းပြလိုက်ပြီး အနား ရောက်လာတော့

'မိန်းကလေးအတွက် နောက်ထပ် ခရုဟင်းတစ်ပွဲ ယူလာပါ'

စားပွဲထိုး ပြန်ထွက်သွားသောအခါ မိုက်ကယ်က

'ဒီမှာ မောင်ရင်၊ မင်းလို တော်လှန်ရေးသမားတစ်ယောက် အနေနဲ့ ဆိုရင် နည်းနည်း မလွန်လွန်းဘူးလား'

သူ့အဖော်ဖြစ်သူ ချစ်စရာကောင်းသည့် မိန်းကလေးကို နောက်တောက်တောက် ပြောလိုက်သည်။ မိန်းကလေးက သာယာသောအသံဖြင့် နှစ်ခြိုက်စွာ ရယ်မောလိုက်ပြီး

'တော်လှန်ရေးသမားဆိုတာ ကျွန်မ မဟုတ်ဘူး၊ ပက်ထရစ်တို့၊ သူငယ်ချင်းတို့၊ နောက်ပြီး ရှင်တို့သာ ဖြစ်တယ်'

'ငါက ကြိုးစားနေတုန်းပါ၊ သူတို့က ငါ့ကို လက်ခံသေးတာမှ မဟုတ်ဘဲ'

'ဒါပေမဲ့ ပက်ထရစ်က'

'ပက်ထရစ်က ငါ့ရဲ့သူငယ်ချင်းပါ၊ ဒါပေမဲ့ သူက ငါ့ကို တစ်ခါမှ သူတို့ အစည်းအဝေးကို မဖိတ်ဘူး၊ ပက်ထရစ်နဲ့ အဲဖရက်တို့နှစ်ယောက်က လွဲရင် သူတို့အဖွဲ့ထဲက တခြားလူတွေကို ဘယ်သူမှ ငါမသိဘူး၊ ငါ အခု ပဲရစ်မှ လာနေတာ တစ်နှစ်လောက်ရှိပြီ၊ ဒီထက်ပိုပြီး ဘာမှမတိုးတက်သေးဘူး'

'ဒီတော့ ပက်ထရစ်ဘက်ကနေပြီး မအောင်မြင်တော့ သူ့နှမဘက်ကနေ သူတို့အဖွဲ့ထဲဝင်ဖို့ ရှင် ကြိုးစားနေတယ် မဟုတ်လား၊ ရှင်တာ တော်တော်ခေါင်းမာတဲ့ လူပဲ'

'ဒီမှာ မော်ရင်း၊ မင်းကို တွေ့တဲ့နေ့ကစပြီး ငါ ဒီလိုထမင်းစားဖိတ်ဖို့ ကြိုးစားခဲ့တယ်ဆိုတာ မင်းအသိပဲ၊ အဲဒါ မင်းအစ်ကိုနဲ့ ဘာမှမဆိုင်ဘူး၊ မင်းကို သဘောကျတာကလွဲလို့ ဘာမှမရှိဘူး'

'ဟုတ်ပါတယ် . . . ဟုတ်ပါတယ်၊ ကျွန်မ သိပါတယ်'

သူမ၏ပါးပြင်နှစ်ဖက်မှာ ပန်းနုရောင်ကလေးတွေ သမ်းလာသည်။

'ကဲ တော်လှန်ရေးတွေ ဘာတွေ ခဏ ဘေးချိတ်ထားလိုက်ဦး၊ အစားကောင်း အသောက်ကောင်းကလေးတွေ စားလိုက်ကြရအောင်'

မိန်းကလေးက စားပွဲထိုး နောက်ထပ်ယူလာသော ခရုဟင်းကို ဟန်ပါပါ စားနေရင်း

'မိုက်ကယ်၊ ရှင့်အကြောင်း ကျွန်မကို နည်းနည်း ပြောပြပါလား၊ ရှင် ဘာဖြစ်လို့ ပက်ထရစ်တို့အဖွဲ့ထဲကို ဝင်ချင်နေရတာလဲ၊ ဥရောပမှာဖြစ်နေတဲ့ ပြဿနာတွေကို ရှင်တို့လို အမေရိကန်နိုင်ငံသားတွေက စိတ်မဝင်စားဘူးဆိုတာ ကျွန်မ သံသယမရှိခဲ့ဘူး'

သူက ပြန်မဖြေခင် ကြာမြင့်စွာဆည်လိုက်ပြီးမှ

'ဟုတ်တယ် အမေရိကန်လူမျိုး တော်တော်များများက စိတ်မဝင်စားကြဘူး၊ ငါကိုယ်တိုင်ကလည်း စိတ်မထင်စားခဲ့ဘူး၊ မနှစ်ကစပြီး ငါ စိတ်ဝင်စားလာခဲ့တာ၊ ငါက သာမန်ဂျူးအိမ်ထောင်စုထဲမှာ မွေးလာခဲ့ပြီး မိဘတွေကလည်း ငါ့ရဲ့ဘဝတစ်သက်တာအတွက် အကုန်လုံးစီစဉ်ပြီးသား ဖြစ်နေတယ်၊ ငါ့ကို မိဘတွေက ကောလိပ်ကျောင်းပို့၊ နောင်တစ်နေ့ကျရင် ဆရာဝန်၊ ရှေ့နေ၊ ဒါမှမဟုတ် စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်ဖို့ စီစဉ်ပြီးသားပါ၊ ဒါပေမဲ့ ဗီယက်နမ်ပြဿနာကြောင့် ငါစိတ်တစ်မျိုးပြောင်းသွားခဲ့တယ်'

မော်ရင်းက မျက်မှောက်ကုပ်လိုက်သည်။

'ဗီယက်နမ် ဟုတ်လား၊ အဲဒီစစ်ပွဲကာလတုန်းက ရှင်က ကလေး အရွယ်ပဲရှိဦးမှာ၊ ခု ရှင် အသက်ဘယ်လောက်ရှိပြီလဲ'

'နှစ်ဆယ့်ငါးနှစ်၊ အဲဒီငြိမ်းချမ်းရေး ဆန္ဒပြပွဲတုန်းက ငါက

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ကျော်သက်ပဲ ရှိသေးတယ်၊ အဲဒီထဲ ငါ ပါခဲ့တာမဟုတ်ဘူး၊ မင်း ပြောသလို ငါက ကလေးတစ်ယောက်ပဲ၊ ဒါပေမဲ့ ငါ့ကိုယ်ငါမေးခွန်းတွေ အများကြီး ပြန်မေးကြည့်လိုက်တော့မှ ငါ့နိုင်ငံ၊ ငါ့လူမျိုးရဲ့ မနှစ်မြို့စရာ အမှန်တရားတချို့ကို ငါတွေ့ခဲ့ရတယ်'

မော်ရင်းသည် သူစကားပြောဆိုနေပုံကို စူးစိုက်ပြီး ကြည့်နေရာမှ တစ်ချိန်က ဘဲလ်ဖတ်မြို့မှာ သိကျွမ်းခဲ့သော အခြားလူတစ်ယောက်ကို သတိရ လိုက်မိသည်။ သူလိုပင် စိတ်လိုက်မာန်ပါနှင့် စိတ်ဓာတ်ပြင်းထန်သော လူတစ်ယောက်ဖြစ်သည်။

'မိုက်ကယ်ဂေါ်ဒွန်၊ သူလိုပဲ ရှင်ကလည်း ရက်စက်ကြမ်းကြုတ်တဲ့ သွေးချောင်းစီးမှုထဲ ပါသွားဦးမှာလား၊ မင်းရဲ့အသုဘမှာ ဟိုတစ်ချိန်ကလို ငါငိုရဦးမှာလား'

သူမက ကြက်သီးကလေးထသွားသော်လည်း ဣန္ဒြေပြန်ဆည်လိုက် သည်။

'ဒီတော့ ရှင်ဘာဆက်လုပ်မလဲ'

မိုက်ကယ်က ကိုင်ထားသော ခက်ရင်းကို အသာပြန်ချလိုက်သည်။

'ပထမတော့ ငါက ငါတို့ကျောင်းက ကျောင်းသားတွေကို စ စည်းရုံးတယ်၊ နောက် မကြာခင်ပဲ ငါ့ကို တိုးတက်တဲ့ ကျောင်းသားလို့ လူ သမုတ်လာကြတယ်၊ ဒါပေမဲ့ တစ်နေ့ကျတော့ ငါတို့လုပ်နေတဲ့ ကိစ္စ အားလုံး အစုတ်ပလုပ်ပဲဆိုတာ သိလာရတယ်၊ ဒီအချိန်မှာ လူတိုင်း ကိုယ့်အိမ်ကိုယ် ပြန်ပြီး စိမ်ပြေနပြေနဲ့ ညစာစား၊ ရုပ်ရှင်ထွက်ကြည့်နေ တော့တာပဲ၊ ဒီတော့ ငါက အာချောင်တဲ့ အလုပ်ကိုရပ်ပြီး တကယ့် လုပ်ရပ် လုပ်ဖို့အချိန်တန်ပြီလို့ ဆုံးဖြတ်လိုက်တယ်'

ထိုအချိန်မှာ ဂစ်တာကိုင်အဆိုတော် သုံးယောက်အဖွဲ့ဆိုင် ဝင်လာသဖြင့် မိုက်ကယ်က သူ့အသံကို နှိမ့်လိုက်သည်။

'ငါတို့ တောင်အမေရိကတိုက်ကို သွားကြတယ်၊ ငါတို့မှာ ငါးယောက်ပါတယ်၊ ငါတို့ အာဂျင်တီးနား၊ ဘိုလီးဗီးယားနဲ့ ဂွာတီမာလာ တစ်နှစ်လောက်နေခဲ့ကြတယ်၊ သူတို့ရဲ့ တော်လှန်ရေးအဖွဲ့ထဲကို ပါဝင် ငါတို့ ကြိုးစားခဲ့ကြတယ်'

'ဒီတော့ ရှင်တို့ ဝင်ခဲ့ရသလား'

'ဟင့်အင်း မဝင်ခဲ့ရဘူး၊ ငါတို့ ပြောက်ကျားတွေနဲ့ တွေ့ဖို့ကတော့ မခဲယဉ်းဘူး၊ ဒါပေမဲ့ ငါတို့က သူတို့ရဲ့ဘက်တော်သားတွေ ဖြစ်တယ်ဆိုတာ



သူတို့ ယုံကြည်လာအောင် ပြောပြဖို့ မလွယ်ခဲ့ဘူး၊ သူတို့ ခေါင်းထဲမှာ အမေရိကန်တွေ အားလုံးနယ်ချဲ့သမားချည်းပဲ၊ ခြွင်းချက်မရှိဘူးလို့ ယုံကြည် ထားကြတယ်၊ ဒီတော့ သူတို့က ငါတို့ကို မလိုချင်ကြဘူး၊ နောက်ဆုံးတော့ ငါတို့ လူစုခွဲပြီး ငါက အိမ်ပြန်လာတယ်၊ နှစ်ယောက်က နိုင်ကာရာဂွာမှာ နေရစ်ခဲ့တယ်၊ တစ်ယောက်က ချီကာဂိုပြန်သွားပြီး မိန်းကလေးတစ်ယောက် ကိုတော့ သူ့မိဘတွေက ပြန်ခေါ်သွားကြတယ်'

'ဒီတော့ တကယ့် တော်လှန်ရေးကို ရှင်မမြင်ခဲ့ရဘူးပေါ့'

သူမ သောက်လက်စ ဖန်ခွက်ပေါ်မှနေပြီး လှမ်းပြောလိုက်သည်။

'အေး ငါတို့မတွေ့ခဲ့ရဘူး၊ ငါက အိမ်ပြန်နေပြီး ကျောင်းပြန်တက် တယ်၊ တိုးတက်တဲ့အယူအဆရှိတဲ့ စာရေးဆရာ အတော်များများရဲ့ စာအုပ်တွေကို ငါဖတ်ခဲ့တယ်၊ နောက်ဆုံးတော့ လူမှုရေးပြောင်းလဲမှု တော်လှန်ရေးတွေဟာ ဥရောပမှာ ဆင်နွှဲနေကြတာကို ငါသတိထားလိုက် မိတယ်၊ ဥပမာ ပြင်သစ်၊ အီတလီ၊ ဂျာမနီတို့မှာပေါ့၊ ဒါကြောင့် ငါဒီကို ရောက်လာရတာပဲ၊ ငါ့အိမ်က မိဘတွေက ငါ့ကို ဒေါက်တာဘွဲ့အတွက် တျမ်းပြုစုဖို့ ဒီကိုလာတာလို့ ယုံကြည်နေကြတယ်၊ တကယ်ကတော့ ဝက်ထရစ်နဲ့ အဲဖရက်တို့ရဲ့အဖွဲ့ထဲဝင်ဖို့ ငါလာခဲ့တာပဲ၊ သူတို့က ငါ့ကို သဘောကျတယ်လို့တော့ အထင်သားပဲ၊ ဒါပေမဲ့ တောင်အမေရိကတိုက်မှာ လို ငါ့ရဲ့လုပ်ဆောင်ချက်ကို သူတို့လက်ခံချင်ပုံမပေါ်သေးဘူး'

သူတို့ လက်မခံတာ မှန်တာပဲဟု သူမက ထင်လိုက်သည်။

အိုင်ယာလန်တော်လှန်ရေးအဖွဲ့၊ ဂျာမနီတော်လှန်ရေးအဖွဲ့ အစည်းထဲကိုဝင်ဖို့ သူကြိုးစားပုံက နည်းနည်းတော့ သနားစရာကောင်း နေသည်။

သူလုပ်ပုံက ပွင့်လင်းသည်။ ပြတ်သားသည်။ ဒါပေမဲ့ ကလေးဆန် နေသည်။ သူလို နူးညံ့သိမ်မွေ့ပြီး ကြင်နာမှု အပြည့်အဝရှိနေသော လူတစ်ယောက်က ခုလို အကြမ်းဖက်ဝါဒထဲ ဝင်လာမည်ဆိုသည်ကို သူမ စဉ်းစားကြည့်လို့မရ။ သူက ပက်ထရစ်နှင့် သူ့ သူငယ်ချင်းအပေါင်း အသင်း တွေလို လူစားမျိုးမဟုတ်။

သူတို့က သူ့ကို အမေရိကန် ဂျူးသူဌေးသားကလေးတော်လှန်ရေးတို စိတ်ကူးယဉ်တာဖြစ်မည်ဟု သတ်မှတ်ထားကြသည်။

'ဒီအလုပ်ဟာ ရှင်နဲ့ မဆိုင်ဘူး' ဟု သူမက သူ့ကို စိတ်ကူးယဉ်အိပ် မက်ထဲမှ လှုပ်နှိုးလိုက်ချင်သည်။ 'ဒီအလုပ်ဟာ ရှင်နဲ့ ဘာမှမဆိုင်ဘူး၊ ဒါဟာ

www.burmeseclassic.com

www.burmeseclassic.com

ရက်စက်ကြမ်းကြုတ်တယ်၊ အန္တရာယ်ကြီးတယ်၊ အသက်အန္တရာယ်ရှိတယ်' လို့ပြောလိုက်ချင်သည်။

'ဒါဟာ အပျော်တမ်း ကစားတာမဟုတ်ဘူး၊ လူတွေရဲ့အသက် အိုးအိမ်စည်းစိမ်ကို သတ်ကြ၊ ဖြတ်ကြတာ၊ ကိုယ်တိုင်လည်း အသတ်ခံရတာ၊ အမေရိကန်နိုင်ငံကိုပြန်ပြီး အေးအေးဆေးဆေးနဲ့ ကိုယ့်စီးပွားရေး ကိုယ်ပြန် လုပ်ပါလား'လို့ ပြောလိုက်ချင်သည်။ ဒါပေမဲ့

'ဒါပေမဲ့ ရှင်လက်မလျှော့သေးဘူး မဟုတ်လား'

သူမ စိတ်ကူးကို ဖုံးကွယ်ပြီး မေးလိုက်သည်။

'ဘယ် လက်လျှော့ပါ့မလဲ'

မိုက်ကယ်က ပြုံးရင်း ဖြေသည်။

'တစ်ချိန်ချိန်ကျရင် သူတို့ ငါ့ကို ခေါ်မှာပါ'

ချက်ချင်းဆိုသလိုပင် သူမပင်ပန်းနွမ်းနယ်သွားပြီး မိုက်ကယ်ထက် ပို၍အသက်ကြီးသွားသည်ဟု ထင်လိုက်ရသည်။ သူ့ကို သတိပေးချင်သည်။ အကာအကွယ် ပေးချင်သည်။ ဖြစ်နိုင်ပါ့မလား။

တစ်ချိန်တုန်းက သူမ ကြိုးစားခဲ့ဖူးသည်။ မအောင်မြင်ခဲ့။ သူမ တကယ်ကြိုးစားလျှင် ကီဗင်သည် ထိုနေ့ညက ဘဲလ်ဖတ်မြို့မှာ အသတ်ခံ ရမှာ မဟုတ်။ ပက်ထရစ်ကလည်း ကီဗင်ကို နောက်ထက်အနှောင့်အယှက် မပြုရတော့ဘဲ လက်လွှတ်ထားလျှင် လွှတ်လိမ့်မည်။ ဒါပေမဲ့ ကီဗင် သေသွားပြီ။

သူမ၏ မောင်ဝမ်းကွဲ ပက်ထရစ်သည်လည်း အသက်လေးဆယ်ထိ အောင် နေရပါ့မလား။ သူတို့၏ နိုင်ငံရေးလှုပ်ရှားမှုကို ပထမဆုံး သံသယရှိ ခဲ့သည်မှာ သူမပဲ ဖြစ်သည်။ သူတို့၏ လှုပ်ရှားမှုတွေက အဓိပ္ပာယ်ကင်းမဲ့ပြီး အသတ်ခံရသော လူတွေနှင့် တန်ဖိုးမထိုက်တန်။

'မလုပ်'

သူမက တားမည်ဟု စကားစပြောလိုက်တော့ မိုက်ကယ်က ကုလားထိုင်နောက်မှီကို မှီလိုက်ပြီး စားသောက်သူ တော်တော်ကလေးရှင်း နေသည့် စားသောက်ခန်းကို လှည့်ပတ်ကြည့်နေသဖြင့် စကားဆက်မပြောဘဲ ရပ်လိုက်ရသည်။

'ကြည့်စမ်း၊ လူတွေ အိမ်ပြန်ကုန်ကြတာ သတိတောင်မထားမိလိုက် ဘူး၊ ငါ နည်းနည်း စိတ်ပါလက်ပါဖြစ်သွားမိတယ်ကွာ၊ အမှန်တော့ ဒီလို ဖြစ်အောင် ငါမရည်ရွယ်ခဲ့ပါဘူး၊ အင်မတန် သာယာလှပတဲ့ စားသောက်ဆိုင် ထဲမှာ ပထမတန်းစား အစားအစာနဲ့ မင်းကို ဧည့်ခံဖို့ ရည်ရွယ်ခဲ့တာပါ'



'ခုအတိုင်းလည်း ကျွန်မ တော်တော် ကျေနပ်ပါတယ်ရှင်း ရှင်တို့ရဲ့ ဓာတ်လမ်းကလေးကလည်း တော်တော့်ကို စိတ်ဝင်စားဖို့ကောင်းပါတယ် အစားအသောက်ကတော့ အကောင်းတကာ့ အကောင်းဆုံးပဲ'

'အေးပါ အေးပါ၊ ခုချိန်လောက်ဆို မင်းအတွက် ညဥ့်နက်လှပြီ နက်ဖြန်မနက် ဓာတ်တိုက်စရာရှိတယ်ဆိုပြီး အိမ်ပြန်တော့မယ် မဟုတ်လား'

'ဒီလောက် ညဥ့်မနက်သေးပါဘူး'

သည်အဖြေက မိုက်ကယ်မျှော်လင့်ထားသည့် အဖြေ မဟုတ်။ ထို့ကြောင့် မိုက်ကယ်က

'မင်းကို ငါ့အခန်းမှာ ဧည့်ခံမလို့ စိတ်ကူးထားတယ်၊ မင်းကို ငါပြစရာ'

'ကျွန်မ သဘောကျပါတယ်'

သူမ ချက်ချင်းပြန်ဖြေလိုက်သည်။

ထုံးစံအတိုင်း သူ ပြောတတ်လေ့ရှိသော ပန်းချီကားအကြောင်း၊ အခန်းပြတင်းပေါက်မှ ရှုမျှော်ခင်းအကြောင်း၊ ရှားပါးသော စကော့ဝီစကီ အကြောင်းများကိုတော့ နားမထောင်လို။

သူမက တစ်ခါတစ်ရံ ပြန်လှည့်ပြီး ထွက်ပြေးချင်စိတ်များ ပေါက်ပေါက်လာ သည်။ တစ်ချိန်က သူမအပေါ် ကြင်နာယုယခဲ့သော ချစ်သူဟောင်း ကီဗင်ကို ပြေးသတိရလိုက်မိသောကြောင့် ဖြစ်သည်။

မိုက်ကယ်၏ အလျှင် ချစ်ခဲ့ဖူးသော သေဆုံးသွားသူ အချစ်ဦးကီဗင်၏ အရိပ်က သူမကို အမြဲတမ်း ခြောက်လှန့်နေသည်။ ထို့ကြောင့်လည်း သူမက တစ်ခါတစ်ခါ မည်သူနှင့်မျှ အတွေ့မခံဘဲ တစ်ယောက်တည်း နေချင်စိတ်များ ပေါ်လာတတ်သည်။

ခုတော့ မိုက်ကယ်၏ အိပ်ရာပေါ်မှာ မိုက်ကယ် မမြင်ရလေအောင် တစ်ဖက်ကိုလှည့်ပြီး မျက်ရည်ကျနေမိသည်။

တယ်လီဖုန်းခေါ်သံက အိပ်ရာပေါ်မှ သူတို့နှစ်ယောက် ခုတ်လိုက် သလို ရုတ်တရက် ထိတ်လန့်သွားစေခဲ့သည်။ မိုက်ကယ်က စိတ်ဆိုးပြီဖြင့် မှောင်ထဲမှာထပြီး ဟိုစမ်း သည်စမ်းလုပ်နေလေသည်။ သူမ အနေနှင့် သည်အချိန်မျိုးမှာ မိုက်ကယ် တယ်လီဖုန်းမကိုင်ဘဲ ပစ်ထားဖို့ကောင်းသည် ဟုထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ပက်နာရီက ညကြည့်ဒိုင်ခွက်ကို ကြည့်လိုက်ပြီး

'၂ နာရီ ၁၅ မိနစ်၊ ဒီအချိန်ကျမှ ဖုန်းဆက်ရသလား'

မိုက်ကယ် ညည်းတွားလိုက်သည်။ သည့်နောက်သူက တယ်လီဖုန်းကို ကောက်ကိုင်ကာ ထူးလိုက်သည်။

'ဟုတ်ကဲ့ ပြောနေပါတယ်'

သူ၏ လက်တစ်ဘက်က စားပွဲပေါ်မှ မီးခလုတ်ကို လှမ်းဖွင့်လိုက်သည်။ သူ့မျက်နှာထားပြောင်းသွားတာကို မော်ရင်သတိထားမိလိုက်သည်။

သူက စိတ်ပါလက်ပါဖြင့်

'အဲဖရက်လား၊ ကျွန်တော် မအိပ်သေး ပါဘူး၊ ကျွန်တော့်ကို ခင်ဗျား အနှောင့်အယှက်မပြုပါဘူး၊ တကယ်ပြောတာပါ'

မော်ရင်းက သူ့မျက်နှာကို သေသေချာချာ လှလာကြည့်နေသည်။ သူ့ သူငယ်ချင်းတွေကို သူမအကုန်လုံးတော့မသိ။ ယခုခေါ်သူ 'အဲဖရက် မြူလာ' ကိုတော့ သူမ သိသည်။ သူက ညဥ့်နက်သန်းခေါင်ကျမှ တယ်လီဖုန်း ခေါ်လေ့ရှိသည်။ ပက်ထရစ်ကိုလည်း အစည်းအဝေးရှိသည်ဆိုပြီး ညဥ့်နက် သန်းခေါင်ကျော်မှ ခေါ်တတ်သည်။

မိုက်ကယ်က ဂရုတစိုက် နားထောင်ရင်း ခေါင်းညိတ်နေလေသည်။

'ဟုတ်ပါတယ်၊ အဲဖရက်၊ ခင်ဗျားကို ကျွန်တော် ပြောပြီးသားပဲ၊ ခင်ဗျားတို့ဘက်ကို ကျွန်တော် ခြေစုံပစ်ဝင်ပြီးသားပါ'

အဲဖရက် စကားဆက်ပြောနေတာကို မိုက်ကယ်က နောက်မှ လိုက်ပြောနေသည်။

'နက်ဖြန်မနက် ၈နာရီ ခွဲ၊ လီယွန်ဘူတာရဲ့ ထမင်းဆိုင်မှာ ဟုတ်ပြီ ကောင်းပြီ၊ ကျွန်တော်လာခဲ့ပါ့မယ်'

မိုက်ကယ်က ခဏမျှ ဆိုင်းပြီး

'ပက်ထရစ်ရော ပါ'

တယ်လီဖုန်းထဲမှာ အသံက သူ့စကားကို ဖြတ်လိုက်သည်။ မိုက်ကယ်၏ အသံသည်လည်း လျော့ပြီး တောင်းပန်သံများ ပါလာသည်။

'ဟုတ်ကဲ့ ကျွန်တော် နားလည်ပါပြီ၊ စိတ်ချပါ၊ ဂွတ်နိုက်'

မိုက်ကယ်က တယ်လီဖုန်းကို ပြန်ချလိုက်သည်။ သူ၏အမူအရာက စိတ်တက်ကြွသော အမူအရာဖြစ်နေသည်။

'ဒီကနေ့ညကတော့ ငါ့ရဲ့ ကံအကောင်းဆုံး ညပဲ'

သူက မော်ရင်းဘက်သို့ ပြုံးပြုံးလေးနှင့်လှည့်လာပြီး

'အင်မတန် ချောမောလှပတဲ့ ချစ်စရာ မော်ရင်း ခု တယ်လီဖုန်း ခေါ်တယ်၊ နောက်ဆုံးတော့ ငါ့ကို သူတို့ လက်ခံလိုက်ကြပြီ၊ ငါ့မျှော်လင့်ချက် တွေ အကုန်လုံး အကောင်အထည်ပေါ်လာပြီ'

မော်ရင်းက သူ့ကို စူးစူးစိုက်စိုက်ကြည့်နေရာမှ လိမ္မာပါးနပ်စွာဖြင့် စကားခွန်းမထုတ်ဘဲ နှုတ်ဆိတ်နေလိုက်သည်။

www.burmeseclassic.com

# ၄

ဘော်လဗို မီးခိုးရောင်ဖျော့ဖျော့ ကားကလေးက လက်ဘနွန်နယ်စပ်ဆိ
အပြေးမောင်းလာချိန်မှာ ဂါလီလီယန် တောင်ကုန်းဘက်ဆီမှ မိုးမှ
သည်းထန်စွာ ရွာသွန်းလာသည်။

ကားနောက်ခန်းထဲမှာ ထိုင်လိုက်လာသော ဟက်ဖနာက ကာ
ရှေ့ခန်းဒါရိုင်ဘာဘေးမှ ဂျရာမီယာ၏ ပခုံးကို အသာပုတ်လိုက်ပြီး

'ဒီ မိုးက မကောင်းလည်း မကောင်းဘူး၊ ကောင်းလည်း ကော
တယ်၊ မကောင်းတာကတော့ ကျုပ်တို့ ကောင်ကလေးတွေ လစ်တာနီမြစ်
ဖြတ်ကူးဖို့ သဲနုံးတွေကို တော်တော်ရုန်းရလိမ့်မယ်၊ ကောင်းတာကတေ
ဒီလောက် မိုးကြီးထဲမှာ အစောင့် စစ်သားတွေက သူတို့ကင်းတဲထဲကနေ
ခေါင်းတောင် ပြူကြည့်ကြမှာ မဟုတ်ဘူး'

ဂျရာမီယာက ခေါင်းခါလိုက်သည်။

'ငါတော့ တယ်မထင်ဘူး'

မတူလာ ရွာကလေးထဲသို့ သူတို့ ဝင်လိုက်သည်။ လမ်း၏တစ်ဖ
တစ်ချက်စီမှာ ရှိနေသော အိမ်တွေက မီးထွန်းမထားကြ။

ခရီးသည်တို့၏ မှောင်မည်းနေသော လိမ္မော်ရောင်၊ အဝါရော
ကားတွေက လမ်းပေါ်မှာ တန်းစီပြီး ရပ်ထားသည်။ ခြံဝိုင်းကြီး၏ အပေါက်
ကိုရောက်သောအခါ ဘော်လဗိုကားကလေး အရှိန်သတ်လိုက်သည်

အစောင့်တဲမှ စစ်သားတစ်ယောက် ကားအနား ရောက်လာသည်
ကားပေါ်မှလူတွေကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ပြီးနောက် ဂိတ်တံခါး



ပေးသည်။ ဘော်လဗိုကားက မှောင်မည်းနေသော ဂိုဒေါင်ကြီးတစ်ခုရှေ့မှာ
လိုက်သည်။

တံခါးအောက်ခြေ မီးရောင်တန်းကလေးမှလွဲပြီး ဘာမျှမမြင်ရ။

ဂျရာမီယာနှင့် ဟက်ဖနာတို့ ကားပေါ်မှဆင်းလိုက်ကြသည်။ ဒင်နီ
တော့ ကားနောက်ခန်းမှာ စောင်တစ်ထည် ခြုံလျက် ကွေးကျန်ရစ်ခဲ့သည်။
ဒေါင်တံခါးဖွင့်ပြီး သူတို့နှစ်ယောက် ဝင်လိုက်ကြသည်။

ဂိုဒေါင်ထဲမှ စစ်သားများ ပြည့်နေသည်။ အများစုက တုံးလုံး
လက်လှဲနေကြပြီး လက်နက်များကို လက်တစ်ကမ်းမှာ အဆင်သင့်
ကြသည်။ တချို့ကတော့ အိပ်ပျော်နေသည်။. တချို့က စကားတိုးတိုး
နေကြသည်။

တံခါးပေါက်နားမှာ စောင့်နေသော ဒုဗိုလ်လေးတစ်ယောက်က

'ဒီဘက်ကြွပါ၊ ဒီဘက်ကြွပါ ခင်ဗျား'

ဂိုဒေါင်ကြီး၏ အတွင်းဆုံးဘက် တာရပတ်နှင့် ကာထားသော
ယံစစ်ဆင်ရေးအခန်းသို့ ခေါ်သွားသည်။

အခန်းထဲက နံရံပေါ်မှာ လက်ဘနွန်တောင်ပိုင်း မြေပုံကြီးတစ်ချပ်ကို
ပ်စတစ်ဖုံးပြီး ချိတ်ဆွဲထားသည်။ ပလပ်စတစ်ပေါ်မှ ရေးမှတ်ထားသော
အမျိုးမျိုးကိုလည်း တွေ့ရသည်။ စားပွဲတစ်လုံးပေါ်မှ ဝိုင်ယာလက်
ဒီယိုတစ်လုံးကို စစ်သားလေးတစ်ယောက်က ထိန်းသိမ်းရင်း စက်နှင့်
ထားသော တယ်လီဖုန်းခွက်ထဲသို့ စကားပြောနေသည်။

အခန်းထဲရောက်တော့ ဂျရာမီယာနှင့် ပထမဦးဆုံး နှုတ်ဆက်သူမှာ
ဦးစီးချုပ် ဗိုလ်မှူးကြီး အိုက်တန်ဖြစ်သည်။ ဒုတိယ နှုတ်ဆက်သူကား
ဆင်ရေးဦးစီးချုပ် ဗိုလ်မှူးကြီး အဒမ်။ တတိယနှုတ်ဆက်သူကတော့
ထောက်လှမ်းရေးမှူးချုပ် ဗိုလ်မှူးကြီး ဂရန်နစ်။

'အတော်ပဲ ဂျရာမီယာ၊ ခင်ဗျား အချိန်မီရောက်လာတယ်၊
ောင်ကလေးတွေ အခု ငါးမိနစ်လောက်ကြာရင် ထွက်ကြတော့မှာ၊ သူတို့ကို
ကြားချက်တွေ ပေးပြီးပြီ၊ ဒီစစ်ဆင်ရေးမှာ တာဝန်ယူရမယ့် ရာမီကို
ဗျား နောက်ထပ် အသေးစိတ် ညွှန်ကြားလိုက်ပါဦး'

ဗိုလ်မှူးကြီး ဂရန်နစ်က ပြောပြီး အရပ်ပုပု ဗိုလ်မှူးတစ်ယောက်ကို
ခေါ်လိုက်၏။ ဂျရာမီယာနှင့်အတူ အိုက်တန်နှင့် အဒမ်တို့ မြေပုံနား
သို့ လျှောက်သွားသည်။ ဂျရာမီယာက မြေပုံရှေ့မှာရပ်ပြီး သူ ရရှိထားသော
င်များကို အသေးစိတ် ရှင်းလင်းပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com

'အကြမ်းဖက်သမားတွေက ဆလာမက်အတွက် ကလဲ့စားချေမယ် ကျုပ်တို့သတင်းရထားပြီးပြီ၊ ဘယ်လိုကလဲ့စားချေမယ်ဆိုတာကိုတော့ အသေ ကျုပ်တို့မသိရသေးဘူး၊ ဒါပေမဲ့ ကြီးကျယ်လိမ့်မယ်ဆိုတာတော့ ခန့်မှန်းလို့ရ သူတို့ရဲ့ အစီအစဉ်ကို ဖျက်ဆီးဖို့ကတော့ ကျုပ်တို့ တာဝန်ပဲ၊ သူတို့ရဲ့ အစီအစ တာဝန်ယူတဲ့ သူကတော့ အဲဖရက်မြူလာ အမည်ခံ ဂျာမန်လူမျိုးတစ်ယော အသုဘ အခမ်းအနားအပြီးမှာ ခေါင်းဆောင်ကြီးနဲ့ မြူလာတို့ တိုင်ပင်ကြ ခေါင်းဆောင်ကြီးရဲ့ စစ်ဆင်ရေးချုပ် အဆူက '၁၀၅ မမ' အမြောက်ကြီးတေ စမ်းသပ်ဖို့ အစီအစဉ်တောင် ဖျက်သိမ်း လိုက်ပြီး ဆိုက်ဒါဘက်ကို ကားမေ ထွက်သွားကြတယ်၊ အဲဒီဆိုက်ဒါက နိုင်ငံခြားက အပျော်တမ်းကူညီတဲ့ လူ ထားတဲ့နေရာပဲ၊ အဲဒီနေရာမှာ ဂျာမန်၊ ဒတ်ချ်၊ အိုင်းရစ်၊ ဆွီဒင်နဲ့ ဂျပန်တပ်နီ နေကြတယ်၊ အခု ခင်ဗျားတို့ကို ကျုပ် အကူအညီတောင်းချင်တာက အဲဒီနိုင်ငံ အပျော်တမ်းတပ်တွေထဲက ရနိုင်သလောက် ဖမ်းခေါ်လာပြီး စာရွက်စာတမ်း ကိုလည်း ရနိုင်သလောက် သိမ်းလာဖို့ပဲ'

'ကျွန်တော်တို့ တပ်တွေက သုံ့ပန်းနှစ်ဆယ် သုံးဆယ်ယော ဖမ်းခေါ်လာဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူး၊ သူတို့စခန်းကို အတင်းဝင် ပြီး အားလုံး အပျောက်ရှင်းလိုက်ရင်ကိစ္စပြီးတာပဲ မဟုတ်လား၊ ဒီလိုမှ မဟုတ် ကျွန်တော်တို့ဘက်က ကျဆုံးတဲ့လူတွေ ရှိချင်ရှိနေဦးမှာ' ရာမီက ပြန် လိုက်သည်။

ဂျရာမီယာက 'မင်းပြောတာ မှန်တယ်၊ ဒါပေမဲ့ တခြား တစ်နေ ဆိုရင်တော့ ကျုပ်လက်ခံနိုင်ပါတယ်၊ ဒီအချိန်မှာတော့ သူတို့ကို စစ်မေးစရာရှိလို့ ဖမ်းခိုင်းတာပဲ'

'ဒီလိုဆို ကျုပ်တို့ သတ်နိုင်သလောက်သတ်ပြီး တစ်ယော နှစ်ယောက်လောက် ဖမ်းခေါ်ခဲ့ရင် ပြီးတာပဲမဟုတ်လား'

ဂျရာမီယာ စိတ်တိုသွားသည်။

'မင်းတို့ စစ်သားတွေက လျှို့ဝှက်ထောက်လှမ်းရေးရဲ့ အ သဘောတရားကို နားမလည်ဘူးနဲ့တူတယ်၊ သူတို့တစ်ယောက်ချင်း စစ်ဆင်ရေးတစ်ခုစီ တာဝန်ပေးထားပေမယ့် အချင်းချင်း ဘာတာ ယူထားရတယ်ဆိုတာ သိချင်မှသိမှာ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ် ဒီကိုလာ က မင်းနဲ့တိုင်ပင်ဖို့ လာတာမဟုတ်ဘူး၊ ငါအမိန့်ပေးထားတဲ့အပေါ် ဘယ်လိုဆောင်ရွက်မယ်ဆိုတာကိုပဲ မင်းပြောဖို့လိုမယ်'

ဗိုလ်မှူးကြီး အိုက်တန်က ကြားဝင်ပြီး



'ရာမီ သူတို့ကို မင်းခြေလျင်ခေါ်လာဖို့ မဟုတ်ဘူး၊ မင်းတို့ အကြမ်းဖက် တို့ ငါတို့ရဟတ်ယာဉ်နဲ့လာခေါ်မယ်၊ အသွားရော အပြန်ပါ ရဟတ်ယာဉ်နဲ့ အကြိုအပို့ လုပ်ဖို့ စီစဉ်ပြီးပြီ၊ ဒါပေမဲ့ ခင်ဗျားက ရုတ်တရက် ဝင်တိုက်ရမယ် လို့ဆိုတော့ အဝင်ကို ခြေလျင်ဝင်ပြီး အထွက်ကျမှ ရဟတ်ယာဉ်နဲ့ ပြန်ခေါ်မှ စီစဉ်ရတာ၊ ပြောက်ကျားအဖွဲ့က ခုချိန်ထိ ကျုပ်တို့ အစီအစဉ်ကို သိဖို့ မရသေးဘူး၊ ရေဒီယိုသတင်းပို့ချက်တွေကို ဖြတ်နားထောင်ကြည့်တော့ ထုံးစံ အတိုင်း သာမန်သတင်းပို့ချက်တွေနဲ့ ပြည့်နေတာပဲ'

ရာမီက စိတ်ဆိုးနေပေမယ့် သူ့စိတ်ကို ထိန်းလိုက်သည်။ သံပေတံ တစ်ချောင်းကို ကောက်ကိုင်ကာ မြေပုံကိုထောက်ပြီး သူ့အစီအစဉ်တွေကို တစ်ခုချင်း ရှင်းပြနေတော့သည်။

သူ့ စစ်ဆင်ရေး အစီအစဉ် ရှင်းပြပြီးသောအခါ အိုက်တန်က နာရီ ကြည့်လိုက်ပြီး နံနက်နှစ်နာရီခွဲနေပြီဆိုတာကို မြင်လိုက်ရတော့မှ

'ကဲ ရာမီ ထွက်ကြစို့'

ရာမီက လပ်ခုပ်တစ်ချက်တီးလိုက်ပြီး. . . 'သွားကြစို့'

ဂူဒေါင်ကြီးထဲမှ စစ်သားတွေက ချက်ချင်းပင် ကိုယ့်ပစ္စည်း ကိုယ်ယူကာ ထွက်လာကြသည်။ တစ်မိနစ်အတွင်းမှာပင် ဂူဒေါင်ကြီးထဲတွင် လူရှင်းသွားတော့သည်။

အိုက်တန်က

'ဂျရာမီယာ ခင်ဗျား ပြန်သွားမှာလား'

'ငါ စောင့်မယ်'

ဂျရာမီယာက မြေပုံနားမှာ မခွာဘဲ မြေပုံကို စိုက်ကြည့်နေသည်။

ဂူဒေါင်၏တံခါးပေါက်ဝနားတွင် ဂရန်နစ်က ရာမီ၏ပခုံးကို အသာပုတ်လိုက်ပြီး

'ရာမီ မင်းအတွက် ကံကောင်းပါစေလို့ ငါဆုတောင်းပါတယ်ကွာ၊ မင်း ဖမ်းရမယ့် ကောင်တွေကို ရနိုင်သလောက် ဖမ်းခဲ့ပါ၊ ဒီကိစ္စတ သိပ်အရေးကြီးလို့ အဘိုးကြီးက တော်တော်စိုးရိမ်နေတယ်ကွ'

ရာမီက ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး မိုးရေထဲမှာ ပျောက်ကွယ် သွားတော့သည်။

ဂူဒေါင်ကြီးထဲမှာ တစ်ယောက်ယောက်က သူ့အတွက် ဆိုပ်စင်

www.burmeseclassic.com

www.burmeseclassic.com

ပေးထားသည်။ စစ်စောင်ကြီးကို ခေါင်းအုံးလုပ်ပြီး ခြေရင်းမှာတော့ လျှပ်စစ်မီးဖိုကို တစ်ယောက်ယောက်က မီးထွန်းသွားသဖြင့် သူ့အတွက် နွေးထွေးစေသည်။

အိုက်တန်နှင့် ဂရန်နစ်ကတော့ ဌာနချုပ်ကို ပြန်သွားကြပြီ။ အဒမ်တစ်ယောက်သာ အရေးပေါ်ကိစ္စအတွက် နေရစ်ခဲ့သည်။ သူကလည်း သူ့ကားထဲမှာ သွားအိပ်နေသည်။ ဂျရာမီယာက နိုးလိုက် ငိုက်လိုက်ဖြင့် အချိန်တော်တော်ကြာအောင် စောင့်နေခဲ့သည်။

ဂိုဒေါင်ကြီးမှာ မှောင်နေသည်။

ဟက်ဖနာနှင့် အမျိုးသမီး ဗိုလ်လေးတို့နှစ်ယောက် ထောင့်တစ်ထောင့်မှာထိုင်ပြီး စကားပြောနေသံကို ကြားနေရသည်။ ဝါယာလက်စက်မှ စက်သံ တဝီဝီကိုလည်း ကြားနေရသည်။

ရေဒီယိုစက်ကို ထိန်းသိမ်းကိုင်တွယ်နေသော စစ်သားကလေး၏ မျက်နှာကို ရေဒီယိုမှ မီးဝါရောင်က ထိုးနေသဖြင့် သူ့မျက်နှာကိုမြင်နေရသည်။ သည်မျက်နှာကို မြင်လိုက်ရတော့ သူ့အဖေ၏ မျက်နှာကို ဖြုန်းခနဲ သတိရလိုက်မိသည်။

သူ့ ဖခင်က ဂျူးဘုန်းကြီး အမျိုးအနွယ်ဖြစ်ပြီး သူ့သားကိုလည်း ဂျူးဘုန်းကြီး ဖြစ်စေလိုခဲ့သည်။ ဒါပေမဲ့ သူက အစ္စရေးနိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်ပြီး မျိုးရိုးအစဉ်အလာကို ဖျက်ခဲ့သည်။ မျိုးရိုး နာမည်ကိုပင် ပြောင်းပစ်လိုက်သဖြင့် မူလနာမည်သည်လည်း ပျောက်ကွယ်နေတော့သည်။

သူ့သားက ၁၉၆၇ ခုနှစ် စစ်ပွဲမှာ ကျဆုံးသွားခဲ့ရာ တစ်ကောင်ကြွက် အဖြစ် သူကျန်ရစ်ခဲ့တော့သည်။

သားနှင့်မယား သေဆုံးပြီးနောက် တစ်ကိုယ်တည်းသမားဘဝကိုသည်းမခံနိုင်လောက်အောင် ဖြစ်လာသည်။

ယခု သူ အနားယူတော့မည့် အချိန်နီးကပ်လာတော့ တစ်ကိုယ်တည်း အထီးကျန်နေရတော့မည်ဆိုသည်ကို ပိုပြီးစိုးရိမ်ပူပန်နေမိသည်။

သူက စာဖတ်ခြင်းလည်း ဝါသနာမပါ။ ဂီတတို့ ပြဇာတ်တို့နှင့်လည်း မပျော်ပါးတတ်။ မိတ်ဆွေအပေါင်းအသင်းများနှင့်လည်း မနေတတ်။ နှစ်ပေါင်းငါးဆယ်နီးပါးခန့်မှာ အလုပ်သာလျှင် သူ့အဖော်။

အခု သူ ဘာလုပ်ရမလဲ။

သူ့မက အမေရိကန် ဘရွတ်ကလင်မြို့မှ စာအုပ်ဆိုင်ပိုင်ရှင် ဂျူးအမျိုးသမီးတစ်ယောက်ဖြစ်ပြီး လွန်ခဲ့သော နှစ်နှစ်က သူ့မ ယောကျာ်းသည်



နှလုံးရောဂါဖြင့် သေဆုံးသွားခဲ့သည်။

သမီးက အစိုးရအရာရှိငယ်တစ်ယောက်နှင့် အိမ်ထောင်ကျသွားသဖြင့် သူ့မသည် တစ်ကိုယ်တော်ဖြစ်လာခဲ့ပြီး ဂျေရုဆလင်မြို့သို့ အလည်အပတ်ရောက်လာခြင်း ဖြစ်သည်။

သူက သူ့မနှင့် တဖြည်းဖြည်း ရင်းနှီးလာပြီး ရုပ်ရှင်၊ ပြဇာတ်နှင့် အားသောက်ဆိုင်များသည် သွားကောင်းသည့်နေရာ၊ သာယာသည့်နေရာများ အဖြစ် နားလည်လာသည်။ သူ့ မိန်းမ ဆာရာ သေဆုံးပြီးနောက် ပထမဆုံး ဆက်ဆံသည့် အမျိုးသမီး ဖြစ်သည်။ ထိုစဉ်က ထိုအမျိုးသမီးကို သူ တန်းတန်းစွဲ ဖြစ်နေခဲ့သည်။

သူ့မက ထိပ်တန်း စပိုင်တစ်ယောက် ပုံစံအတိုင်း ဖြစ်လာသည်။ သူက အစိုးရဌာနမှာ အလုပ်လုပ်သည့်အကြောင်း ပြောပြသောအခါ ကြီးကြီးကျယ်ကျယ် စိတ်ဝင်စားဟန်မပြ။

ရံဖန်ရံခါ သူ့အိမ်မှာ ညအိပ်ညနေ နေသော်လည်း သူ၏ စာရွက်စာတမ်းများကို ကိုင်တွယ်ခြင်းမတွေ့ရ။ သူတယ်လီဖုန်း စကားပြောနေလျှင် လည်း သူ့မက အခန်းထဲမှာ မသိမသာ ရှောင်ထွက်သွားလေ့ရှိသည်။

အမေရိကန် စီအိုင်အေအဖွဲ့ကို သူ့မ၏ နောက်ကြောင်း ရာဇဝင် ထောက်လှမ်းဖို့ စုံစမ်းခိုင်းတော့လည်း သူ့မ နောက်ကြောင်းက ရှင်းကြောင်း စီအိုင်အေထံမှ သတင်းရခဲ့သည်။

အာလ်တီမာစစ်ဆင်ရေး ဆုံးရှုံးသွားစဉ်က အစိုးရကိုဆန့်ကျင်သော ဆယ့်နှစ်ယောက်တို့ သူတို့၏ စာရွက်စာတမ်းအတုများနှင့် ဖင်လန်နိုင်ငံ ယ်ခြားဖြတ်ကူးစဉ် အဖမ်းခံလိုက်ရခြင်းကို မည်သူမှ မဖြေရှင်းနိုင်ခဲ့။ သံမှန်တိုင်း ခံကိန်းကြီး ပျက်သွားရခြင်းကိုလည်း မည်သူမျှ အဖြေမပေးနိုင်ခဲ့။ ဗြိတိသျှ တုဗေဒ အင်ဂျင်နီယာ ဆဲလ်ဘီကို 'အက်စ်အက် ၁၈' ဒုံးပျံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများနှင့်အတူ အဖမ်းခံရသည်ကိုလည်း မည်သူမှ မပြောပြနိုင်ခဲ့။

သည်တော့မှ ဂျရာမီယာက သူ့ဌာနထဲသို့ တခြားနိုင်ငံမှ စုံထောက်များ ဝင်ရောက်နေပြီကို သံသယဖြစ်လာသည်။

သူ၏စိတ်အချရဆုံး လူနှစ်ယောက်ကို အမေရိကန်သို့လွှတ်၍ သူ့မ၏ နောက်ကြောင်းရာဇဝင်နှင့် ပတ်သက်ပြီး စီအိုင်အေကို အသေးစိတ် စစ်ဆေးဖို့ ခိုင်းလိုက်သည်။ အမှန်တော့ သူက စီအိုင်အေအဖွဲ့၏ ပေါ့တီးပေါ့ဆ လုပ်တတ်မှုကို မယုံကြည်၍ လွှတ်လိုက်ရခြင်း ဖြစ်သော်လည်း သူ့မနှင့်

www.burmeseclassic.com

ပတ်သက်ပြီး ထူးထူးခြားခြား ဖြစ်လာလိမ့်မည်ဟု မမျှော်လင့်ခဲ့။ သူပင်ကိုယ် စေ့စေ့စပ်စပ် လုပ်တတ်သည့်အကျင့်ကြောင့်သာ လုပ်လိုက်ခြင်းဖြစ်သည်။

သည်အကျင့်ကြောင့် မဟုတ်ပါလျှင် တကယ့်အမှန်တရားကို တွေ့ရှိလိမ့်မည် မဟုတ်။ သူ့လူများကိုလည်း ဝါရှင်တန်သို့ ပို့ရသည်အ အရေးကြီးသော အထောက်အထားများ ရလိမ့်မည်မဟုတ်။ စီအိုင်အေထ သူ့ထံသို့ ဖြုန့်ခွင်းရေး အစီအစဉ် လုပ်ပုံလုပ်နည်းကို အကြောင်းကြားသ စာလည်း ရလိမ့်မည်မဟုတ်။ အင်အားလွန်နိုင်ငံကြီး တစ်ခု၏ စုံထောက်အဖွဲ့ သူမကို အနိုင်ကျင့်ပြီး ခြိမ်းခြောက် လုပ်ခိုင်းလိုက်သည်ကိုလည်း သူသိရှိရမ မဟုတ်။

သူမနှင့်ပတ်သက်ပြီး ဂျရာမီယာက တရားစွဲဆိုရန် မကြိုးစားခဲ့။

အမေရိကန်သို့ ပြန်သွားလျှင် သူမအတွက် မည်သို့ဖြစ်မည်ကို ကြိုတင်သိနေသည်။ ထို့ကြောင့် လေယာဉ်ပျံကွင်းသို့ သူကိုယ်တိုင် သူမ ကားနှင့် လိုက်ပို့သည်။

အဒမ်၏မျက်နှာနက်နက်ကြီးက သူ့အပေါ်မိုးပြီးနှိုးလိုက်တော့မှ အိပ်ပျော်သွားခဲ့တာကို သတိရလိုက်သည်။

'ထတော့ ကောင်ကလေးတွေ ပြန်လာကြပြီ'

သူက ကုတ်အင်္ကျီကို ပြန်ဝတ်လိုက်ပြီး အဒမ်၏နောက်မှ ဂိုဒေါင် အပြင်ဘက်သို့ ထွက်လိုက်သည်။ ဟက်ဖနာနှင့် မာရီယမ်တို့သည်လ အပြင်သို့ ရောက်နှင့်နေကြပြီ။

မိုးက ဖွဲဖွဲကလေး ကျနေသည်။

အရုဏ်တက်ပေပြီ။ ကောင်းကင်မှာ အနည်းငယ် ကြည်လင်စ နေပြီ။

မြံဝိုင်းကြီးထဲမှာ စစ်သားနှစ်ယောက်က မီးတုတ်များကို ထွန်း လိုက်ကြသည်။ ခဏမျှအကြာတွင် မြောက်ဘက် တောင်တန်းဆီ ရဟတ်ယာဉ်တစ်စင်းပေါ်လာပြီး ဝိုင်းအလယ်မှာ ဆင်းလိုက်သည်။

ပထမဆင်းလာသူမှာ ရာမီဖြစ်ပြီး သူ့ညာဘက်လက်ထဲမှာ စက္ကူအညိုနှင့် ထုပ်ထားသော အထုပ်တစ်ထုပ်ပါလာသည်။ ရဟတ်ယာဉ်ဘ တိုလှည့်ပြီး စစ်သားများကို အော်ဟစ်အမိန့်ပေးနေသည်။

သည့်နောက်သူက ဂျရာမီယာနှင့် အဒမ်တို့ရှိရာသို့ လျှောက်လ သည်။ ရာမီက ဂျရာမီယာ၏မျက်နှာကို ရန်လိုသော အမူအရာနှင့်လှမ်းကြ လိုက်သည်။



'ကျွန်တော်တို့ အဲဒီနေရာကို ရောက်တော့ ရောက်ဝါရဲ့။ ခင်ဗျားရဲ့ နိုင်ငံခြားသား အပျော်တမ်းတပ်တွေ အဲဒီမှာမရှိတော့ဘူး၊ လွန်ခဲ့တဲ့ ၂၄နာရီ ကတည်းက သူတို့ထွက်သွားကြပြီ၊ ကျုပ်တို့ ဟောဒီစာရွက်ကိုပဲ ရခဲ့တယ်'

အထုပ်ကို ဂျရာမီယာ၏ လက်ထဲသို့လှမ်းပေးလိုက်သည်။ ဂျရာမီယာက ခေါင်းအနည်းငယ်ငုံ့ကာ အထုပ်ကို သေသေချာချာချိန်ဆနေပြီးမှ

'အေး ဒါလည်း သတင်း'

သူက စပြောလိုက်သည်။

'အဲဒီနေရာကို ပြောက်ကျားတပ်မကြီး ရောက်နေတယ်'

ရာမီက ရဟတ်ယာဉ်ပေါ်မှ ထမ်းစင်တစ်ခု သယ်ချလာသည်ကို လှမ်းကြည့်နေသည်။

'ကျုပ်တို့ လူနှစ်ယောက် ဆုံးရှုံးရတယ်၊ ခင်ဗျားရဲ့သတင်းအတွက် ကျုပ်တို့ ပေးရတဲ့တန်ဖိုးက ကြီးလွန်းတယ်'

ရာမီက စိတ်ဆိုးမာန်ဆိုးဖြင့် ခဲလုံးလေးတစ်လုံးကို ဆောင့်ကန် လိုက်ပြီး လှည့်ထွက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၇

လီယွန်ဘူတာရုံရှေ့မှာ လူတွေကြိတ်ကြိတ်တိုးနေကြသည်။ မာဆေးမှ လာသော ညရထားနှင့် မြို့ဆင်ခြေဖုံးမှ ရုံးတက်ရထား ဆုံနေသဖြင့် လူတွေပို၍ စည်ကား နေသည်။ ဘူတာရုံရှိ လက်ဖက်ရည်ဆိုင်ကလေးမှာလည်း ည ခရီးသည်တွေ ပြည့်ညပ်နေသည်။

မိုက်ကယ်က တံခါးကိုတွန်းဖွင့်ပြီး ဝင်လိုက်သည်။ အပေါက်ဝနားမှာ မိန်းကလေးတစ်ယောက် ထိုင်နေတာကို တွေ့လိုက်ရသည်။ အဲဖရက်မြူလာ ကတော့ နံရံကိုကျောပေးပြီး ထောင့်စားပွဲတစ်လုံးမှာ ထိုင်နေသည်။

သူ့စားပွဲမှ ထိုင်ကြည့်လျှင် ဘူတာရုံပလက်ဖောင်းကို ကောင်းကောင်း ကြီး မြင်နိုင်သည်။ သူ၏ ဘယ်ဘက် မလှမ်းမကမ်းနေရာမှာ စားပွဲထိုးတွေ ဝင်ထွက်သွားလာနေကြသော ဆိုင်အနောက်ဘက် မီးဖိုတံခါးရှိသည်။

မိုက်ကယ်က သူ့ စားပွဲဆီသို့ တိုးသွားရင်း တစ်ချိန်တုန်းက ပက်ထရစ်က သူ့ကို အဆက်အသွယ်လုပ်နည်း သဘောတရား သင်ပေးတာကို သတိရလိုက်သည်။

'အဆက်အသွယ် လုပ်တယ်ဆိုတာ လူတော်တော်များတဲ့ လက်ဖက် ရည်ဆိုင်တို့၊ ဘူတာရုံ ထမင်းဆိုင်တို့၊ သာမန်စားသောက်ဆိုင်တို့မှာ လုပ်တာ အကောင်းဆုံးပဲ၊ နေရာရွေးတော့လည်း ထွက်ပေါက်ဝင်ပေါက်ကို မြင်နိုင်တဲ့ နံရံကို ကျောပေးတဲ့နေရာ ဖြစ်ရမယ်'

ပက်ထရစ် သင်ပြခဲ့သော သဘောတရားအတိုင်း အဲဖရက် ထိုင်နေ တာတိုတွေ့လိုက်ရတော့ သူက ခေါင်းညိတ်ပြီး အသိအမှတ်ပြုလိုက်လေသည်။

မြူလာက သူ့ စားပွဲမှာ မလှုပ်မယှက်ထိုင်နေပြီး လတ်နှစ်စောင်ကို စားပွဲပေါ်တင်ကာ မျက်လုံးကိုလည်း မျက်မှန်အနက်ဖြင့် ဖုံးထားသည်။ သူ့ ရှေ့မှာ မသောက်ရသေးသော ကော်ဖီတစ်ခွက် ချထားသည်၊ သူက ထုံးစံအတိုင်း အကျီအနက် ဝတ်ထားသည်။ ရာသီဥတုက ပူပေမယ့် ကုတ်အကျီကို မချွတ်။ သူမှာ လက်နက်ပါလိမ့်မည်ဟု မိုက်ကယ် ထင်လိုက်သည်၊

'ဂွတ်မောနင်း အဲဖရက်'

သူက နှုတ်ဆက်လိုက်သည်။ မြူလာက ခေါင်းကို အသာညိတ်လိုက်ပြီး တိုးတိုးပြန်ပြောသည်။ 'မိုက်ကယ် ထိုင်'

မိုက်ကယ်က ကုလားထိုင်တစ်လုံးကို ဆွဲယူထိုင်လိုက်ပြီး နံဘေးမှ ဖြတ်သွားသော စားပွဲထိုးတစ်ယောက်၏ အကျီလက်မောင်းကိုဆွဲကာ

'ကော်ဖီတစ်ခွက်၊ မုန့်ပါယူခဲ့'

ဟန်ပါပါ မှာလိုက်သည်။

'နောက်ကို ဒီလို ဘယ်တော့မှ မလုပ်နဲ့'

အဲဖရက်က ခပ်တိုးတိုးပြောလိုက်သည်။ သူ့အသံက အေးစက်မာကျော နေသဖြင့် မိုက်ကယ် ကျောစိမ့်သွားလေသည်။

'ခုဆိုရင် ဒီစားပွဲထိုးက မင်းကို မှတ်မိသွားပြီ၊ တခြားလူတွေ ထက်ဝင်စားအောင် ဘယ်တော့မှ မလုပ်ရဘူး၊ ကော်ဖီပန်းကန် မှောက်တာတို့ ကျယ်လောင်ကျယ်လောင် စကားပြောတာတို့၊ စားပွဲထိုးတွေကို လှမ်းဆွဲတာတို့ မလုပ်ရဘူး'

မိုက်ကယ် ခေါင်းညိတ်လိုက်သည်။ ထိုင်ခုံမှာထိုင်နေရင်း မအီမသာ ဖြစ်လာသည်။ အဲဖရက်ကို သူတစ်ယောက်တည်း သည်တစ်ကြိမ်ပဲ တွေ့ဖူး သည်။ အဲဖရက်ကို သူ သဘောမကျ။ နည်းနည်းလည်း ကြောက်သည်၊ သူက ပက်ထရစ်နှင့်မတူ။ ပက်ထရစ်က လူစိတ်ရှိသည်။

အဲဖရက်က တစ်ကိုယ်တည်း အေးတိအေးစက်နေတတ်ပြီး ရုပ်လည်း ဆိုးသည်။ လျှို့ဝှက်သိပ်သည်းသည်။ သူ ဘယ်အရပ်ကလာသည်ကို မည်သည်မျှ မသိရ။ အတိတ်က ဘာလုပ်ခဲ့သည်ဆိုသည်ကိုလည်း မည်သူမျှ မသိ။

တစ်ခါတစ်ရံ ရက်ပေါင်းများစွာ ပျောက်နေတတ်ပြီး ဖြူန်းဆို အစည်း အဝေးမှာ ပေါ်လာတတ်သည်။ ဒါပေမဲ့ သူက နေရာတိုင်းမှာ ရှေ့ဆောင်တတ် သည်၊ ပက်ထရစ်က အဲဖရက်ကို အလွန်ကြည်ညိုပြီး 'အဲဖရက်က အတော်ဆုံးပဲ' ဟု အမြဲတမ်းပြောသည်။ တိုက်ပွဲများ စီစဉ်ရာမှာ သူ့လို တော်သူမရှိ။

'မိုက်ကယ် မင်းက ငါတို့အဖွဲ့ထဲဝင်ဖို့ တောင်းဆိုနေတယ် မဟုတ်လား၊

www.burmeseclassic.com

www.burmeseclassic.com


ငါတို့မှာ မင်းကို တာဝန်ပေးစရာရှိနေတယ်'

အဲဖရက်က ဆိုင်းမဆင့် ဗုံမဆင့် ပြောလိုက်သည်။

'မင်းတစ်ယောက်တည်းတော့ မဟုတ်ပါဘူး၊ ဒီလုပ်ငန်းအတွ တခြားလူတွေလည်း ပါလိမ့်မယ်၊ ဒီလူတွေ အကုန်လုံးမဟုတ်တောင် တချို့ မင်းသိရမယ်၊ သီးခြားတာဝန်ယူရတယ်ဆိုတော့ မင်းနားလည်မှာ မင်းလုပ်ဆောင်ရမယ့် တာဝန်တစ်ခုရဲ့ အဓိကအချက်ကိုတော့ မင်းသိရမ ဒီနည်းက ငါတို့လူတွေကို ကာကွယ်ဖို့နဲ့ လုပ်ငန်းအောင်မြင်အောင် ဆောင်ရွ ဖို့အကောင်းဆုံးနည်းလမ်းပဲ'

'ဟုတ်ကဲ့ ကျွန်တော် နားလည်ပါတယ်'

မိုက်ကယ်က ပြန်ပြောလိုက်သည်။

စားပွဲထိုးက သူမှာထားသော ကော်ဖီနှင့်မုန့်လာချသဖြင့် မိုက်ကယ် မုန့်ကို ယူစားလိုက်သည်။

'မင်းမသွားခင် နောက်ဆုံးအကြိမ် ညွှန်ကြားချက်ပေးဖို့ ငါ ထပ်တွေ့ရဦးမယ်၊ ဒါပေမဲ့ ဒီအလုပ်ရဲ့ အဓိကအချက်အလက် တချို့ကို ငါမင်းကို အခုပြောပြမယ်၊ ဒီစစ်ဆင်ရေးက ဂျေရုဆလင်မြို့မှာ လုပ် စစ်ဆင်ရေးပဲ'

သူစကားအဓိပ္ပာယ်ကို အချိန်အနည်းငယ်ကြာမှ မိုက်ကယ် သဘေ ပေါက်သွားသည်။ သူ မျက်နှာ သွေးဆုတ်သွားပြီး

'ဘာ ခင်ဗျားရူးနေသလား၊ ကျွန်တော့်ကို ကျွန်တော့်နိုင်ငံ. . .

'မင်းအသံ သိပ်ကျယ်ကျယ် မပြောနဲ့ကွာ'

အဲဖရက်က လျင်မြန်စွာ တားလိုက်သည်။

'ခပ်အေးအေးနေစမ်းပါ၊ မင်းနိုင်ငံသားတွေကို ဆန့်ကျင်တိုက်ခို မင်းကို ငါလွှတ်တာမဟုတ်ဘူးကွ၊ ဒီအတိုင်း မင်းထင်ရင် မှားလိမ့်မယ်၊ ငါ စစ်ဆင်ရေးက အကြမ်းဖက်တာမပါဘူး၊ ဘယ်သူမှ အသတ်မခံရဘူး၊ ဘယ် သေနတ်တစ်ချက်ဖောက်ရမှာ မဟုတ်ဘူးကွ'

မိုက်ကယ်က အဲဖရက်ကို ငိုင်ပြီးကြည့်နေမိသည်။

'မိုက်ကယ် မင်းဂျူးလူမျိုးဆိုတာ ငါသိတယ်၊ မင်းတို့ရဲ့ ယုံကြ ကိုးကွယ်မှုကို ငါ ယုံကြည်လေးစားတယ်၊ မင်းတို့လူမျိုးအပေါ်မှာ သစ္စာရှိတာ လည်း ငါ ချီးကျူးပါတယ်၊ အစ္စရေးနိုင်ငံကို ဆန့်ကျင်တိုက်ခိုက်ဖို့ မင်းကို လွှတ်တာမဟုတ်ဘူး၊ အဲဒါ ငါ့ကို မင်းယုံသလား'

မိုက်ကယ် ပြန်မဖြေဘဲ နေလိုက်သည်။

'ဒါပေမဲ့ အစ္စရေးက ပါလက်စတိုင်း လူမျိုးတွေကို လွှတ်လပ်ရေး ငြင်းပယ်နေတယ်ဆိုတာ မင်းအသိပဲ၊ တိုးတက်တဲ့ အစ္စရေးနိုင်ငံသား ထောင်ပေါင်းများစွာက ဒီဝါဒကို ဆန့်ကျင်တယ်ဆိုတာလည်း မင်း သိသာပဲ'

'ဟုတ်ကဲ့' မိုက်ကယ်က လက်ခံချင်ပေမယ့် ဝန်ခံလိုက်သည်၊

'ဒါပေမဲ့ ပြောက်ကျား'

'ငါတို့ကိစ္စက ပြောက်ကျားတွေနဲ့ ဘယ်လိုမှ မပတ်သက်ဘူး'

မြူလာက ခပ်တင်းတင်းပြောလိုက်သည်။ ပထမဆုံးအကြိမ် သူ့အသံ ထဲမှာ ဒေါသပါလာသည်။

'ဒီပြောက်ကျားဆိုတဲ့ ကောင်တွေက လူသတ်သမားသက်သက်တွေပဲ၊ ငါတို့က လွတ်လပ်ရေးတိုက်ပွဲသမားတွေ၊ ဒါကို မင်းမျက်ခြည်မပြတ်နဲ့၊ ငါ နောက်ထပ် ပြောစရာရှိတာကို မင်း ကြားပြီးရင် မင်းစိတ်ပြောင်းလာမယ် ဆိုတာ ငါယုံကြည်တယ်'

အဲဖရက်၏အသံက ပုံမှန်အတိုင်း ပြန်ဖြစ်သွားသည်။

'ပထမဆုံး ပြောရရင် ပါလက်စတိုင်းတွေရဲ့ အမိနိုင်ငံတစ်ခု ရထိုက် တယ်ဆိုတာ မင်း လက်ခံတယ် မဟုတ်လား'

'ဒါကို ကျွန်တော် သဘောတူပါတယ်၊ ဂျူးလူမျိုးတွေဟာ တစ်ချိန်တုန်းက သူတို့ ငြင်းပယ်ခံခဲ့ရတာမျိုး တခြားလူတွေကိုတော့ ငြင်းပယ်ဖို့ မသင့်ဘူး'

'အေး ဒါပဲ၊ ငါပြောချင်နေတာ'

အဲဖရက်၏ နှုတ်ခမ်းမှာ ပြုံးယောင်သမ်းသွားသည်။

'ဂျူးလူမျိုးတွေ့ရဲ့ နောက်ကြောင်း ရာဇဝင်မှာခံခဲ့ရတဲ့ ဒုက္ခတွေကြောင့် အရှေ့အလယ်ပိုင်းမှာ အကြမ်းဖက်မှုတွေ မရှိသင့်ဘူးလို့ ငါယုံကြည်တယ်၊ ဒီတိုင်းပြည်က သေလုမျောပါး သွေးထွက်သံယိုမှုတွေကို ခံခဲ့ရပြီးပြီပဲ'

မိုက်ကယ်က သည်တော့မှပဲ စိတ်သက်သာရာ ရသွားသည်။ အဲဖရက်၏ အမူအရာ၊ စိတ်သဘောထားက ရိုးသားပြီး နည်းနည်းတောင် မြင့်မြတ်နေပုံပဲ၊ သူ ထင်ထားသလို ကြမ်းတမ်းရက်စက်သူ တစ်ယောက် မဟုတ်ပါကလား၊

'ဒီတော့ အကြမ်းဖက်မှုမပါတဲ့ စစ်ဆင်ရေးလုပ်ရင် ငါတို့အောင်မြင်ဖို့ အလားအလာရှိတယ်၊ ကမ္ဘာ့တုံ့ပြန်မှုကလည်း အတိုင်းအဆမရှိအောင် ကြီးကျယ်သွားနိုင်တယ်'

သူက မျက်မှန်ကိုချွတ်ပြီး စက္ကူလက်ကိုင်ပဝါလေးဖြင့် သုတ်တာ ပြန်တပ်လိုက်သည်။ မိုက်ကယ်က သူ၏အပြာနုရောင်မျက်လုံးကို မြင်လိုက်ရ သည်၊

'ငါတို့ ဂျေရုဆလင်မြို့ပေါ်မှာ ပါလက်စတိုင်းလူမျိုး တစ်သိန်းတိတိ ငြိမ်းချမ်းစွာ ဆန္ဒပြပွဲကြီးတစ်ခုကို စည်းရုံးပြီးကျင်းပဖို့ပဲ'

အချိန်အတော်ကြာမျှ မိုက်ကယ် စကားမပြောဘဲ ထိုင်စဉ်းစားနေ သည်။ သည့်နောက်မှ မြူလာ၏စိတ်ကူးကို သူတဖြည်းဖြည်းသဘောပေါက်လာ သည်။ သူက ခပ်တိုးတိုးလေသံဖြင့်

'ပါလက်စတိုင်း လူမျိုးတစ်သိန်းဆိုတော့ သွေးထွက်သံယိုမှု အကြီးကြီး ဖြစ်လာမှာပဲ၊ ရဲတွေနဲ့ သူတို့ထိပ်တိုက်တွေ့မှာပဲ၊ တစ်ယောက်ယောက်ကစပြီး သေနတ်နဲ့ ပစ်လိုက်ရင် . . .'

'သေသေချာချာ ထိန်းသိမ်းနိုင်ရင် မဖြစ်ပါဘူးကွ'

မြူလာက အေးဆေးစွာ ပြန်ပြောလိုက်သည်။

'ဒီဆန္ဒပြပွဲကြီးကို အမျိုးသမီးတွေနဲ့ ကလေးတွေက ခေါင်းဆောင်လို့ ရှိရင် မင်းထင်သလို မဖြစ်ပါဘူး၊ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ ဆန္ဒပြကြတဲ့ ပရိတ်သတ်တွေကို ဘယ်အစ္စရေးစစ်သားတွေကမှ သေနတ်နဲ့ ပစ်မှာ မဟုတ်ဘူးလို့ ငါယုံကြည်တယ်၊ ဒီတော့ ငါတို့တာဝန်က ဆန္ဒပြပွဲဟာ ငြိမ်းချမ်းစွာ ဆန္ဒပြရေးနဲ့ လက်နက်မကိုင်ရေးကို ကြပ်မတ်ဖို့ပဲ'

စားသောက်ဆိုင်ထဲမှာ လူအနည်းငယ်သာ ကျန်တော့သဖြင့် သူတို့၏ အခြေအနေသည်လည်း သက်တောင့်သက်သာ ရှိလာသည်။ မြူလာက သူ့ အကျႌအိတ်ထဲမှ စက္ကူဝါပတ်နှင့် စီးကရက်ဘူးကို ထုတ်လိုက်ပြီး တလိပ် မီးညှိသောက်လိုက်သည်။ ထူးဆန်းပြီး စူးရှသော အနံ့ထွက်လာသဖြင့်

'အဲဒါ ဘာလဲ' မိုက်ကယ်က မေးလိုက်သည်။

'ယူကလစ်ရွက်ကွ'

မြူလာက ခပ်ဆတ်ဆတ် ဖြေလိုက်သည်။ သူက ဆေးလိပ်ကို တစ်ချက်ရှိုက်လိုက်ပြီး

'ဒါကို ငါကြိုက်တယ်ကွ၊ ဒါနဲ့ မင်း ဘယ်လို သဘောရသလဲ'

'ခင်ဗျားရဲ့ လုပ်ငန်းက တော်တော်ကြီးကျယ်တဲ့ လုပ်ငန်းကြီး တစ်ခုပဲ၊ အဲဒါက ပါလက်စတိုင်းလူမျိုးတွေ၊ တကယ့်ကို လွတ်လပ်ရေးလိုချင်ပြီး အကြမ်းဖက်သမားတွေနဲ့ မပတ်သက်ဘူးလို့ ကမ္ဘာကို ပြလိုက်တာပဲ'

'ဒီထက် မကပါဘူး'

အဲဖရက်က ပြန်ထောက်လိုက်သည်။

'မင်း စဉ်းစားကြည့်စမ်း၊ ဒီ ဆန္ဒပြပွဲကြီးက အကြမ်းဖက်သမား အဖွဲ့အစည်းကိုရော၊ ဘလက်စက်တင်ဘာ အဖွဲ့အစည်းကိုရော၊ ပြောက်ကျား ခေါင်းဆောင်ကြီးကိုပါ တစ်ချက်တည်းနဲ့ အလဲထိုးလိုက်တာပဲ၊ ပါလက်စတိုင်း လူမျိုးအားလုံး ညီညီညွတ်ညွတ် တပြိုင်တည်း 'လွတ်လပ်ရေးကို ငါတို့ လိုချင် တယ်၊ အကြမ်းဖက်ဝါဒကို ငါတို့မလိုလားဘူး၊ သွေးချောင်းစီးမှုကို ငါတို့ မလို လားဘူး၊ ပြောက်ကျားခေါင်းဆောင်ကြီးကို အလိုမရှိ' လို့ ကမ္ဘာကို ကြွေးကြော် လိုက်တာပဲ'

မိုက်ကယ်က အားပါးတရ ခေါင်းညိတ်လိုက်ပြီး

'အဲဒါမှ အစီအစဉ်ရှိတယ်ဗျ'

မြူလာ တစ်ချက်ပြုံးလိုက်သည်။

'ဒီတော့ ငါတို့ဘက်ကို မင်းပါမယ် မဟုတ်လား'

'ပါမှာပေါ့ဗျာ'

မိုက်ကယ်က ခပ်တင်းတင်းကလေး ပြန်ပြောလိုက်သည်။

'ကောင်းပြီ၊ ဒီလိုဆိုရင် နောက်ထပ် နည်းနည်း ငါပြောပြမယ်၊ ထောင်၊ မင်း ခုနကပြောခဲ့သလို ဒီစစ်ဆင်ရေးကြီးက အင်မတန်ကြီးကျယ်တဲ့ လုပ်ငန်းကြီးတစ်ခုပဲ၊ ဒီတော့ ဂျေရုဆလင်မြို့မှာ လျှို့ဝှက်လုံခြုံတဲ့စည်းရုံး လှုပ်ရှားမှုတွေ လုပ်ရမယ်၊ ဒီလုပ်ငန်းကြီးကို ငါတို့က ဆက်သွယ်ညွှန်ကြားဖို့ တာဝန်ယူရမယ်၊ ဂျေရုဆလင်မှာ ခုဆိုရင် တခြားလျှို့ဝှက်လုပ်နေသူ တော်တော် များများ ရောက်နေကြပြီ၊ အစ္စရေးလူမျိုးတော်တော်များများလည်း ဒီကိစ္စထဲမှာ ပါနေကြပြီဆိုတာ မင်းသိစေချင်တယ်'

'ခင်ဗျားက လျှို့ဝှက်လုပ်ရမယ်လို့ ပြောပေမယ့် လူတစ်သိန်းလောက် ပါဝင်လှုပ်ရှားတဲ့ လုပ်ငန်းကြီးမှာ ဘယ်လိုလုပ်ပြီး လျှို့ဝှက်နိုင်မှာလဲ'

'အိုး အဲဒါကို သူတို့ သိမှာမဟုတ်ဘူးကွ၊ အနောက်ဘက်ကမ်းဒေသ အားလုံးမှာ သောကြာနေ့မနက်ထုံးစံအတိုင်း သူတို့ဘုရားရှိခိုးကျောင်းတို့ သွားကြမှာပဲ၊ ဘုရားရှိခိုးကျောင်းက လူတွေထွက်လာပြီး လမ်းမပေါ်လည်း ရောက်ရော ငါတို့လူတွေက ကြွေးကြော်သံတွေနဲ့ ဒီလူတွေကြားထဲကို ဝင်ယူကြမယ်။ လူတွေကလည်း ဘုရားရှိခိုးကျောင်းက ထွက်လာတဲ့အချိန်မှာ စိတ်ဓာတ် တက်ကြွနေတတ်ကြတယ်၊ ငါတို့လူတွေ ကိုင်တွယ်ပုံမှန်ရင် ခဏလေးအတွင်းမှာ လူထောင်ပေါင်းများစွာကို လမ်းမပေါ်ရောက်အောင် ထိန်းထားနိုင်လိမ့်မယ်၊ ဂျေရုဆလင်ကို ချီတက်ဖို့ လှုံ့ဆော်နိုင်လိမ့်မယ်'

အစီအစဉ်က ရိုးရိုးကလေး လွယ်လွယ်ကလေး ထင်ရပေမယ့် သည် စိတ်ကူးမျိုး ပေါ်လာဖို့က တကယ့်ကို ပညာသားပါသည်။ လုပ်မည်ဆိုလျှင်လည်း ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော်က ဘယ်လုပ်ရမှာလဲ' မိုက်ကယ်က မေးလိုက်သည်။

'မင်း ဂျေရုဆလင်ကို အမြန်ဆုံး သွားရမယ်'

'နောက်အပတ်မှာသွားရင် ဖြစ်မလား'

မြူလာက ခဏစဉ်းစားလိုက်ပြီးမှ 'ကောင်းသားပဲ'

'ကျွန်တော်က ဘယ်လိုဟန်ဆောင်ပြီး သွားရမှာလဲ'

မိုက်ကယ်က နာမည်တု၊ စာရွက်စာတမ်းတုများနှင့် တခြားနိုင်ငံတစ်ခု... စွန့်စားသွားရမည်ကို အလွန်စိတ်ဓာတ် တက်ကြွနေလေသည်။

'အတုအယောင် လုပ်စရာမလိုဘူး'

မြူလာက ပြန်ပြောလိုက်သည်။

'မင်းက မိုက်ကယ်ဂေါ်ဒွန်၊ အမေရိကန် ဂျူးတစ်ယောက်၊ ဇိယွန်ဝါဒ... သန်သူ၊ အစ္စရေးနိုင်ငံကို အလယ်လာတာ၊ ဒါမှမဟုတ် အမြဲပြောင်းလာ... အလားအလာရှိတဲ့ လူတစ်ယောက်၊ မင်းတာဝန်နှစ်ခု ယူရမယ်၊ ပထ... တာဝန်က မင်းကိုယ်မင်း အမျိုးသားစိတ်ဓာတ်ပြင်းထန်တဲ့ ဂျူးတစ်ယောက်... ကိုယ့်ကိုယ်ကို ဟန်ဆောင်ရမယ်၊ ဘုန်းတော်ကြီး ကာဟိန်းခေါင်းဆောင်... အဖွဲ့အစည်းထဲကို ဝင်ရလိမ့်မယ်'

'ဘာဖြစ်လို့ ဝင်ရမှာလဲ'

မိုက်ကယ်က မျက်မှောင်ကုတ်ရင်း ပြန်မေးလိုက်သည်။

ကာဟိန်းက လက်ယာစွန်းရောက် နာမည်ကြီး ပုဂ္ဂိုလ်တစ်ယော... ဖြစ်သည်။ နယူးယောက်မြို့မှာ ဂျူးလူမျိုးတွေ၏ ကာကွယ်ရေးအဖွဲ့အစ... ဆိုကာ ဖွဲ့ခဲ့သဖြင့် အမေရိကန်ရဲများနှင့် မကြာ မကြာပြဿနာဖြစ်ခဲ့ရ... အစ္စရေးနိုင်ငံသို့ ပြောင်းရွှေ့လာခဲ့ရသည်။

အစ္စရေးနိုင်ငံမှာလည်း နောက်လိုက်သိပ်မများလှသော လက်ယာစွန်း... အဖွဲ့စည်းငယ်တစ်ခု၏ ခေါင်းဆောင်ဖြစ်လာခဲ့သည်။

'မင်း ခိုင်းတာကို လုပ်ပြီး ပြန်လှန်မေးခွန်းတွေ မေးနေစရာမလိုဘူး'

မြူလာက ခပ်ဆတ်ဆတ် ပြောလိုက်သည်။

'ဒါပေမဲ့ ဒီတစ်ကြိမ်တော့ မင်းကို ငါ ပြောပြမယ်၊ ကာဟိန်း... အဖွဲ့အစည်းထဲက လူတွေက သူတို့ကိုယ်သူတို့ သိပ်အထင်ကြီးပြီး တာဝန်... လုပ်တတ်ကြတယ်၊ ငါတို့ရဲ့ ဆန္ဒပြပွဲကြီးကို သွေးထွက်သံယိုမှုကြီးဖြစ်အော... ပြောင်းလဲပစ်ပြီးရင် သူတို့ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြတော့မှာပဲ၊ ဒီတော့... သူတို့အဖွဲ့အစည်းထဲမှာ ဘယ်လို အကြမ်းဖက်မှုတွေ လုပ်မယ်ဆိုတဲ့ အစီအစဉ်... တွေကို ကြိုတင်သိပြီး ငါတို့ကို သတင်းပေးနိုင်တဲ့ လူတစ်ယောက် သူတို့ထဲ...



...လိုအပ်နေတယ်'

'အဲဒါ သဘာဝကျပါတယ်'

မိုက်ကယ်က သဘောတူလိုက်သည်။

'ဒါနဲ့ ဒုတိယ တာဝန်ကကော'

'မြို့ဟောင်းရဲ့ အာရပ်ရပ်ကွက်မှာ မင်းအိမ်ခန်းလေးတစ်ခန်း ငှားရ...ယ်၊ ဂျေရုဆလင်မြို့ အနှံ့အပြားမှာ ငါတို့ အဖွဲ့သားတွေကို အခြေအနေ...လာဖို့နဲ့ စောင့်ရှောက်ထိန်းသိမ်းဖို့ အခန်းတွေ အတော်လိုမယ်၊ အာရပ်...ကွက်မှာ ကာဟိန်းအဖွဲ့သားတစ်ယောက်က အခန်းလာငှားနေတယ်ဆိုတာ ...ဘာဝကျတယ်၊ ဘာကြောင့်လဲဆိုရင် အိမ်ခန်းတွေကို သူတို့ပိုင်တယ်လို့ ...တို့က အမြဲတမ်းယူဆထားကြလို့ပဲ'

မိုက်ကယ်က လက်ခံချင်ပုံမရ။

'နေပါဦး ခဏ နေပါဦး၊ အိမ်ခန်းကို ကျွန်တော် ဘယ်လို ...ရနိုင်မှာလဲ၊ ဂျူးတစ်ယောက်ကို ဘယ်အာရပ်ကများ အိမ်ငှားချင်မှာလဲ'

'အဲဒါကို မင်း မပူနဲ့'

မြူလာက ပြောလိုက်ပြီး သူ့အကျႌလက်ကိုပင့်ကာ နာရီကြည့်လိုက်...သည်။

'အရှေ့ ဂျေရုဆလင်မှာရှိတဲ့ ငါ့မိတ်ဆွေ အာရပ်တစ်ယောက်က ...နဲ့လာဆက်သွယ်လိမ့်မယ်၊ မင်းလိုချင်တဲ့ အကူအညီကို သူက အကုန်ပေး...လိမ့်မယ်'

'ကောင်းပြီ'

မြူလာက အိတ်ထဲမှ ပိုက်ဆံနှိုက်ထုတ်လိုက်ပြီး

'ကဲ မင်းအရင်ပြန်တော့၊ လက်ဖက်ရည်ဖိုး ငါရှင်းလိုက်မယ်'

'ခင်ဗျားကို ကျွန်တော် ဘယ်တော့ ပြန်တွေ့ရဦးမှာလဲ'

'မင်းကို ငါ အကြောင်းကြားမယ်'

မိုက်ကယ်က သူနှင့် မော်ရင်းတို့ အိပ်ရာထဲမှာ ရှိနေစဉ် မြူလာ ...ဆက်ခဲ့တာကို သတိရလိုက်သည်။

'ဒါနဲ့ နေပါဦး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ပက်ထရစ်နဲ့ မော်ရင်းတို့ကို... ...ပြောပြနိုင်တယ် မဟုတ်လား'

'ဘယ်သူ့ကိုမှ တစ်ခွန်းမှ မပြောရဘူး၊ အဲဒါ မင်း ကောင်းကောင်း ...ထား'

'ဒါပေမဲ့ ပက်ထရစ်နဲ့မော်ရင်းက တခြားလူတွေမှမဟုတ်ဘဲ၊ သူတို့တ

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားနဲ့ ရင်းနှီးတဲ့ မိတ်ဆွေတွေပဲ မဟုတ်လား'

မိုက်ကယ် ဆင်ခြေကန်လိုက်သည်။

'မပြောရဘူးလို့ ငါပြောနေတယ်'

မြူလာက စိတ်ဆိုမာန်ဆိုးဖြင့် သူ့သောက်လက်စ စီးကရက်ကို ပြာခံခွက်ထဲ ဆောင့်ချေပစ်လိုက်သည်။

'ဒီကိစ္စကို သူတို့ သိဖို့ မလိုဘူးကွ'

မိုက်ကယ်က သူ့ကို မယုံကြည်နိုင်သော အမူအရာဖြင့် ကြည့်နေသည်။

'ခင်ဗျားက ပက်ထရစ်နဲ့ အမြဲတမ်းတွဲပြီး အလုပ်လုပ်နေတယ်။ ကျွန်တော်ထင်ခဲ့တယ်၊ အခု သူ ဘာဖြစ်နေလို့လဲ'

'ပက်ထရစ်က ဒီစစ်ဆင်ရေးမှာ မပါဘူး'

မြူလာက အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။ သူ သည်လော စိတ်ဆိုးနေသည်ကို မိုက်ကယ်တစ်ခါမှ မမြင်ဘူးခဲ့။ သူ့လက်တွေ တုန်နေ အောက်နှုတ်ခမ်းကိုလည်း ကိုက်ထားသည်။

အနီးရှိစားပွဲမှ မိန်းမကြီးတစ်ယောက်က သူတို့ဘက်သို့ လှည့်ကြ လိုက်တော့မှ မြူလာက အသံကို ပြန်နှိမ့်ချလိုက်ပြီး

'ပက်ထရစ် မပါရဘူး၊ မော်ရင်းလည်း မပါရဘူး'

သူ့စကားကို တန်းလန်း ရပ်လိုက်ပြီး အသက်ပြင်းပြင်း တစ်ချက်ရှူ လက်နှစ်ဖက်ကို စားပွဲပေါ်တင်လိုက်သည်။

'ဆောရီးပဲကွာ၊ ငါပြောတဲ့ အတိုင်းသာ မင်း လုပ်ပါ၊ ကဲ သွားတော

၈

ညနေ အလုပ်သိမ်းချိန်တွင် ပေါ်တူကီလူမျိုး မက္ကင်းနစ်သည် အလုပ်ရှင် အဘိုးကြီးကို အလုပ်ရုံတံခါးပိတ်ခဲ့ပြီဖြစ်ကြောင်း၊ သော့တော့ မခတ်ရသေး ကြောင်း၊ ပြောကာ ဆင်းသွားသည်။

'အေး၊ ငါ သော့ခတ်လိုက်မယ်'

အလုပ်ရုံပိုင်ရှင် ကော်စီကင်လူမျိုး အဘိုးကြီး ကာဗလတီက ပြန်ပြော လိုက်သည်။

အမှန်တော့ သူ အသက်ခြောက်ပြည့်ပြီ၊ အလုပ်မှ အနားယူသင့်ပြီ။ သူ၏အလုပ်ရုံမှ သူ့အတွက် ဝင်ငွေကောင်းကောင်းရနေသည်။ သူနေဖို့ အိမ်တို သည်း ဆောက်ပြီးသည်မှာ နှစ်နှစ်ခန့်ရှိပြီ။

ဒါပေမဲ့ သူ့သား အသုံးမကျသည့်ကောင်၊ ဘိန်းဖြူနှစ်ပေါင်ခွဲနှင့် အဖမ်းခံရပြီး ထောင်ကျသွားသဖြင့် သူ့အလုပ်ကို လက်လွှဲပေးရမည့်သူ မရှိတော့။

သူ့အလုပ်က ဘိန်းဖြူရောင်းသလို ဝင်ငွေမကောင်းသည်ကတော့ အမှန်ပင်။ ဒါပေမဲ့ အန္တရာယ်နည်းသည်။ ဝင်ငွေမှန်သည်၊ ရဲများကိုလည်း ပုဖန်ရံခါ နည်းနည်းပါးပါး စွန့်ထားလိုက်လျှင် ပြီးသည်။

လွန်ခဲ့သည့် သုံးဆယ့်ငါးနှစ်က လူမိုက်တစ်ယောက်ကို သေနတ် တစ်လက်ရောင်းမိလိုက်ပြီး ကတည်းက လက်နက်အရောင်းအဝယ်လုပ်သည့် စီးပွားရေးလောကမှာ သူ နာမည်တစ်လုံး ရသွားသည်။

ပဲရစ်မြို့ပေါ်မှာရော အခြားမြို့များမှ လက်နက်အလိုရှိသူများပါ သူ့

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရုံ ပိတ်သည့်အချိန်မှာ လာလေ့ရှိသည်။

သူ့အလုပ်ရုံဘေးမှ သံတိုင်သံစပုံထားသည့် ဝင်းကြီးတစ်ခုရှိသဖြ သူ့ဆီ လာလိုသူများက တခြားလူများ မမြင်ရဘဲလာရန် လွယ်ကူနေသည်။ သူ့အလုပ်ရုံက သူ့အိမ်အနောက်ဘက်မှာရှိသဖြင့် ဖောက်သည်များက သူတို့ လိုချင်သည့် လက်နက်ကိုရွေးပြီး ဆယ့်ငါးမိနစ်အတွင်း အရောင်းအဝယ် ဖြစ်နိုင်သည်။ အိုင်ယာလန်မှ အကြမ်းဖက်သမားအဖွဲ့အစည်းများက M-16 လက်နက် များများလိုသည် ဆိုလျှင်လည်း ညဥ့်နက်ပိုင်းမှာ ကားနှင့် လာတင်ပါက အလွယ်တကူ ပြီးစီးနိုင်သည်။

သည်နည်းအတိုင်းပဲ သူ့ထံသို့ အမေရိကန်စစ်စခန်းမှ လော်လီကားနှင့်လက်နက်များ လာပို့သည်ကို သူ လက်ခံရသည်။

ပြင်သစ်ရဲများသည် M-16 အကြောင်းကို ပတ်သက်ပြီး သိပ်မသိကြ။ သူ့ကို လက်နက်သေး အရောင်းအဝယ်လုပ်သူတစ်ယောက်ဟု မှတ်ယူထားကြသည်။ တစ်ခါတစ်ရံ မသင်္ကာဖွယ်ရာ လူများလာတတ်သည့်အခါ သူက ရဲများထံ သတင်းပို့ပေးတတ်သဖြင့် ရဲများက သူ့ကိုသိပ်ပြီး အနှောင့်အယှက် မပေးကြ။

ဥပမာပြောရလျှင် ဗိန်းဆိုသည့် လကျ်ားဂိုဏ်းသားတချို့ သူ့ဆီ ရောက်လာကာ ဟန်ကြီးပန်ကြီးနှင့် လက်ပစ်ဗုံးနှင့် ဒိုင်းနမိုက် လေးသေတ္တာ လိုချင်သည်ဟုပြောပြီး လာဝယ်ကြသည်။ လေးသေတ္တာသည် ပဲရစ်မြို့ တစ်ဝက်နီးနီးကို ဖောက်ခွဲဖျက်ဆီးပစ်နိုင်သည်။ ထိုအခါ သူက နောက် တစ်ခေါက်လာခဲ့ပါဟု မှာလိုက်သည်။ နောက်တစ်ပတ် သူတို့ပြန်ရောက် လာချိန်မှာ အဆင်သင့် စောင့်နေကြသော ရဲများနှင့် ဒက်ထိတိုးသွားကြတော့သည်။

ကာဗလီသည် ပြင်သစ်မြေပေါ်မှာ အကြမ်းဖမ်းသမားများနှင့် မပတ်သက်ရလေအောင် လိမ္မာပါးနပ်စွာနှင့် ရှောင်တိမ်းနိုင်ခဲ့သည်။

သည့်ထက် ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုမှာ သူ့လို ကော်စီကင်လူမျိုး ရဲမှူးက 'ခင်ဗျားသာ အစိုးရကို အကူအညီ များများပေးရင် ခင်ဗျားရဲ့သား မြန်မြန်လွတ်ရမည်' ဟုကတိပြုထားခြင်းကြောင့် ဖြစ်သည်။

သူက စားပွဲမှာထိုင်ပြီး ဝိုင်ပုလင်းကိုဖောက်ကာ အချမ်းလုံအောင် ခပ်များများ မော့ချလိုက်သည်။

လက်နက်ရုံဘေးမှာ ကြိုးနှင့်ချည်ထားသည့် သူ့ ဂျာမန်ခွေးက ကြိုးကို အတင်းရုန်းကန်ပြီး ဟိန်းလိုက်သံကို ကြားလိုက်ရသည်။

သူက စားပွဲမှထလာပြီး ပြတင်းပေါက်အပြင်ဘက်ကို လှမ်းကြည့်လိုက သည်။ အပြင်မှာ တစ်ယောက်ယောက် ရောက်နေတာ ဖြစ်ရမည်။ မထုတ်လျှင် သည်ခွေးလှုပ်မှာမဟုတ်။ အပြင်မှာ မှောင်နေသဖြင့် သူ ဘာမှမမြင်ရ။

လက်နက်ရုံဘက်ကို သွားလျှင် သူ ပြတင်းပေါက်ရှေ့က ဖြတ်သွား သည်။ ပြတင်းပေါက်ရှေ့က လူဖြတ်သွားသည်ကိုလည်း သူမမြင်လိုက်မိ။ သူက သည်ပတ်ပဝါကိုပတ်ပြီး တံခါးကို ဖွင့်လိုက်သည်။ သူ့ခွေးပို၍ အသံကျယ်လာပြီး ကြိုးများကို တအားရုန်းနေသံကို ကြားလိုက်ရတော့

'ဘယ်သူလဲ ဟေ့' လှမ်းအော်လိုက်သည်။

တစ်ခဏမျှ ဘာသံမျှမကြားရသော်လည်း လူရိပ်တစ်ခုက လက်နက်ရုံ ဘေးမှထွက်လာပြီး

'ကာဗလတီလား' တိုးတိုးကလေး မေးလိုက်သည်။

'အေး ဘယ်သူလဲကွ'

'ကျွန်တော် ကလာရီရဲ့သူငယ်ချင်းတစ်ယောက်ပါ'

ကာလာရီ ဆိုသူမှာ အိုင်းရစ်များအတွက် M-16 သေနတ်များကို ဝယ်ယူသူ ဖြစ်သည်။

'ဘယ်က ကလာရီလဲ၊ ငါမသိပါလား'

ကာဗလတီက မှောင်ထဲကို လှမ်းကြည့်ရင်း ပြောလိုက်သည်။

'ခင်ဗျား သူ့ကိုသိပါတယ်၊ ခင်ဗျား ခုတစ်ယောက်တည်း မဟုတ်လား'

စကားပြောသူ၏ ပြင်သစ်စကားက ပီသလွန်းနေသည်။ ဒါပေမဲ့ အင်္ဂလိပ်နည်းဝဲနေသည်ဟုလည်း ထင်ရသည်။ ဧကန္တတော့ နောက်ထပ် အိုင်းရစ် လူတစ်ယောက် ရောက်လာပြန်ပြီဟု ကာဗလတီ ထင်မိသည်။

'အေး ငါတစ်ယောက်တည်းပဲ၊ အပြင်မှာ သိပ်အေးတယ်၊ လာ အထဲဝင်ခဲ့'

ထိုလူက ကာဗလတီနှင့်အတူ ဆိုင်ခန်းထဲသို့ ဝင်လာသည်။ သူ့ နောက်ဘက်မှ တံခါးကို ပြန်ပိတ်လိုက်သည်။ အနံ့ဆိုးဆိုးနှင့် သူ့စီးကရက်ကို ဖွာနေသည်။

'ကဲ မင်းက ဘယ်သူလဲ'

ကာဗလတီက မယုံသင်္ကာဖြင့် ဆက်မေးလိုက်သည်။

'ကလာရီရဲ့ သူငယ်ချင်းလို့ ကျွန်တော်ပြောပြီးပြီမဟုတ်လား၊ နောက်အပတ်မှာ သူလာလိမ့်မယ်၊ M-16 တစ်သေတ္တာနဲ့ အား ၄၀ လက်ပစ်ဗုံးတွေကို သူလိုလိမ့်ဦးမယ်၊ သူမှာထားတဲ့ M-16 လက်သေနတ်တွေ

www.burmeseclassic.com

www.burmeseclassic.com

ရပြီလား'

ကာဗလတီက ခေတ္တမျှ ဆိုင်းသွားသည်။ M-16 စက်သေနတ်ကိစ္စ ကလာရီနှင့်သူ နှစ်ဦးတည်းသာသိသည့် လျှို့ဝှက်ချက်ဖြစ်သည်။ သ ညွှဲ့သည်က သည်အကြောင်းကိုသိနေလျှင် သူသည် ကလာရီ၏သူငယ်ချ ဖြစ်သည် ဆိုသည်မှာ မှန်လောက်သည်။

အကယ်၍များ ကလာရီတစ်ယောက် လက်နက်များနှင့် အဖမ်းခံ လျှင် သူ့အကြောင်း ဖော်များ ပြောနေဦးမှာလား။

'မင်းပြောတဲ့အကြောင်းနဲ့ ပတ်သက်ပြီး ငါ ဘာမှမသိဘူးကွ'

ကာဗလတီက ခေါင်းမာမာဖြင့် ဆက်ငြင်းလိုက်သည်။

'သူက ကျွန်တော့်ကို မှာလိုက်တယ်၊ သူ ဂလပ်စကိုမြို့ကို နော တစ်ခေါက်သွားပြီးလို့ရှိရင် ခင်ဗျားအတွက် ဂလင်ဒီဗက်အရက်တစ်ပုလ ယူခဲ့မယ်လို့ မှာလိုက်တယ်၊ အဲဒီအရက်ဟာ ခင်ဗျားသောက်နေတဲ့ ရေမီမာတ ထက်ကောင်းတယ်လို့ သူပြောတယ်'

ကာဗလတီ စိတ်ချသွားတော့သည်။ သူတို့လုပ်ငန်း စလုပ်စဉ် စက ပြောကြတုန်းက ဂလင်ဒီဗက်တို့၊ ရေမီမာတင်တို့ဆိုသည့် စကားလုံးများ စကားပြောရာမှာ စကားဝှက်အဖြစ် အသုံးပြုရမည်ဟု သဘောတူထားခဲ့သည်။

'ဩော် မင်းက ကလာရီရဲ့ သူငယ်ချင်းကိုးကွ၊ မင်းဘာလိုခ တာလဲ၊ M-16 တွေကိုတော့ တနင်္လာနေ့မှ ရမယ်လို့ သူ့ကို ငါပြောထား သားပဲ'

ညွှဲ့သည်က စီးကရက်တစ်လိပ်ကို နောက်ထပ်ထုတ်လိုက်ပြီး

'ကျွန်တော် တစ်ခြားကိစ္စနဲ့ လာတာပါ၊ ကျွန်တော်က ခပ်သေးသေး လွယ်လွယ်ကူကူသယ်နိုင်တဲ့ မှန်ပြောင်းပါ စနိုက်ပါသေနတ်တစ်လ လိုချင်လို့ လာခဲ့တာပါ'

'မင်း လက်ငင်း ငွေချေမှာလား'

'ဟုတ်ကဲ့'

ကော်စီကင်က ခေါင်းညိတ်လိုက်သည်။

'ဒါ ပြဿနာ မရှိပါဘူး၊ မင်းကို ငါ ဝင်ချက်စတာ စပါယ်ရှယ တစ်လက်ရအောင် လုပ်ပေးနိုင်တယ်၊ ခုတောင် တစ်လက်ရှိနေတယ်၊ အဲ ပထမတန်း လက်နက်ပဲ၊ သိပ်ဖြောင့်တာပဲ၊ မောင်းကလည်း ထောပတ် အိနေတယ်၊ တကယ်လို့ ဒီထက်သေးသေးလိုချင် လျှူဂါမိန် ၁၄ ကာဘိ တစ်လက်ရအောင် ငါလုပ်ပေးနိုင်တယ်၊ အဲဒီ သေနတ်



နီးအော်တိုမက်တစ်ကွ၊ M-16 လို ၅. ၅၆ ကျည်ဆည်သုံးတယ်၊ တစ်မီတာ တ် ပိုမရှည်ဘူး၊ ခေါက်ပုံ ဆရာတွေ သုံးတဲ့သုံးချောင်းထောက် တ်နဲ့ဆိုရင်အတော်ပဲ'

အင်္ကျီအနက်ဝတ်သူက ခေါင်းခါပြသည်။

'ဒါမျိုး ကျွန်တော် မလိုချင်ဘူး၊ ကျွန်တော် လိုချင်တာက တခြား မျိုးအစားဗျ'

'မင်းလိုချင်တာက ဘာအမျိုးအစားလဲ၊ ပြောစမ်းပါဦး'

ညွှဲ့သည်က အင်္ကျီအိတ်ထဲ လက်နှိုက်လိုက်ပြီး နာမည်ကတ်ပြား ငယ်ရှိ ခေါက်ပုံတစ်ပုံကို လှမ်းပေးသည်။ အဘိုးကြီးက ခေါက်ပုံကိုယူပြီး ရောင်အောက်မှာ သွားကြည့်သည်။ သည်လို ပစ္စည်းမျိုးကို သူတစ်ခါမှ တွေ့ဘူးသေး။

ခေါက်ပုံထဲမှ သေနတ်ပုံစံက ပစ္စတိုလိုလို၊ ရိုင်ဖယ်လိုလို ပုံစံမျိုး။ တိုလက်ကိုင်နှင့် ပစ္စတိုမောင်းပါပြီး ပြောင်းတိုကတော့ နှစ်လုံးပြူးပြောင်း ဖြတ်ထားသည်နှင့်တူသည်။ သေနတ်ဒင်က လေးထောင့်ပြားပြားဖြစ်ပြီး တိုလက်ကိုင် နောက်မှ အနောက်ဘက်ကို ဆန့်ထွက်နေသည်။

'ဒီသေနတ်က ထိုးမောင်းပါတဲ့ ပစ္စတိုပါလား'

'ဟုတ်တယ်၊ ရီမင်တန် x.p ၁၀၀ မောင်းထိုးပစ္စတိုပဲ၊ ရိုင်ဖယ်လို စ်ချက်ချင်း မောင်းထိုးပစ်ရတာ'

'ဘာကျည်ဆံ သုံးသလဲ'

'ဖိုင်းယားဘော ၂၂၁'

ဒီသေနတ်မျိုးက သူ့အတွက် အသစ်အဆန်းဖြစ်နေသည်။

'ဒီသေနတ်က ၅၀ ဂရိန် ကျည်ဆန်ထိပ်နဲ့ ပစ်တယ်၊ ကျည်ဆန်ရဲ့ မြန်နှုန်းက တစ်စက္ကန့်ကို ပေ ၂၆၅၀ သွားတယ်၊ တခြား ပစ္စတိုကျည်ဆန် ထက် မြန်တယ်'

'ဒီသေနတ် ဘယ်လောက်ရှည်သလဲ'

'၁၇ လက်မ၊ ၄၂ စင်တီမီတာနဲ့ ညီတယ်'

'ဒီတော့ မင်းလက်ကိုင်အိတ်ကလေးထဲမှာထည့်ပြီး လွယ်လွယ်ကူကူ ယ်နိုင်တာပေါ့'

ညွှဲ့သည်က ခေါင်းညိတ်ပြလိုက်ပြီး

'မှန်ပြောင်းတပ်ထားပြီးလည်း သယ်နိုင်တာပဲ'

'ဘယ်လောက် ဝေးဝေး ပစ်နိုင်သလဲ'

www.burmeseclassic.com

www.burmeseclassic.com

‘မှန်ပြောင်းတပ်ထားလို့ရှိရင် ၁၈၀ မီတာအထိ ပစ်နိုင်တယ်’

အဘိုးကြီးက ဓာတ်ပုံကလေးကို ပြန်ပေးလိုက်သည်။

‘မင်းပစ္စည်းကတော့ တော်တော်စိတ်ဝင်စားစရာ ကောင်းပါတယ် ဒါပေမဲ့ ဒီပစ္စည်းကို ငါဘယ်မှာ ရနိုင်တယ်ဆိုတာ မသိဘူးကွ’

‘ခင်ဗျား လက်နက်တွေကို အမေရိကန်စစ်စခန်းက ရနေတာ မဟုတ်လား၊ အဲဒီစစ်စခန်းမှာ ဒီသေနတ်မျိုး စမ်းသပ်နေတာ ဆယ်လ... ခင်ဗျား ဝယ်တဲ့ M-16 စက်သေနတ်တွေထားတဲ့ နေရာမှာ ဒီသေနတ်... နည်းနည်းရှိတယ်၊ အဲဒီစခန်းမှာ ခင်ဗျား လူရှိတယ် မဟုတ်လား၊ အဲဒီလူ... ခုတယ်လီဖုန်းနဲ့ လှမ်းခေါ်လိုက်ပါ။ ဒီသေနတ်တစ်လက်နဲ့ ကျည်ဆန်တစ်... မှန်ပြောင်း တစ်လက် အပါအဝင် ကျွန်တော့်ကို ရအောင်လုပ်ပေး၊ ... တောင်းသလောက် ပိုက်ဆံ ကျွန်တော်ပေးမယ်’

‘မင်း ဒီလောက် သိနေယင် မင်း ဘာသာသွားယူပါလား’

ခပ်ဆတ်ဆတ် ပြောလိုက်သည်။

အကျီအနက်နှင့် လူက သူ့ကို ဂရုမစိုက်ဘဲ။

‘အဲဒါကို ကျွန်တော့်အတွက် ရအောင်လုပ်ပေးပါ၊ M-1... စက်သေနတ် အတွက် ကလာရီပေးတဲ့ ဈေးထက်နှစ်ဆပေးမယ်’

သူက အိတ်ထဲမှ ငွေစက္ကူတစ်ထပ်ကို ဆွဲထုတ်ပြီး အဘိုးကြီး... ပေးလိုက်သည်။

‘အဲဒါ တစ်ဝက်ပဲ’

အဘိုးကြီးက ငွေစက္ကူများကိုယူရန် လက်လှမ်းလိုက်တော့ ထိုသူ... ခဏဆိုင်းလိုက်ပြီး

‘ဒီကိစ္စဟာ ခင်ဗျားနဲ့ ကျွန်တော်နဲ့ နှစ်ယောက်တည်းရဲ့ကိစ္စနော်... ဒီအကြောင်း ပေါက်ကြားသွားရင် ကျွန်တော်ကျေနပ်မှာ မဟုတ်ဘူး’

ကာဗလလီ တွန့်သွားသည်။

သည်လူ့အကြောင်းကို ဘာမျှမသိရ။ ဒါပေမဲ့ သူ့ ခြိမ်းခြောက်မှု... ကြောက်စရာကောင်းသည်။

‘ဒီကိစ္စနဲ့ပတ်သက်ပြီး ကလာရီတောင် မသိစေရဘူး၊ အဲဒါ ခင်ဗျား... နားလည်ထားပါ’

အဘိုးကြီးက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ပိုက်ဆံတွေကို အိတ်... ထည့်လိုက်သည်။

‘ရမယ် မရဘူးတော့ မင်းကို ငါကတိမပေးနိုင်ဘူး၊ အဂါနေ့လောက်...



ငါ့ဆီတစ်ခေါက်လောက် လာကြည့်ပါဦး၊ အဲဒီအချိန်လောက်ဆိုရင် ... ရချင်ရနေမှာ’

‘ကောင်းပြီ၊ ခင်းဗျားဖုန်းနံပါတ်ကို ကျွန်တော်ယူပြီးပြီ’

ကာဗလတီက သူ၏ စပ်စုချင်သည့်စိတ်ကို ထိန်းချုပ်၍မရသည့်အဆုံး မှာ ပြန်မေးလိုက်သည်။

‘မောင်းထိုးတဲ့ ပစ္စတိုကို မင်းက ဘာဖြစ်လို့ လိုချင်တာလဲ၊ ဒါမျိုး ဆိုတာ စွန့်စားရဖို့ ပြဿနာရှိတယ်၊ သာမန်အားဖြင့်ဆိုရင် မင်းနောက် တစ်ကြိမ် ကျည်ထိုးဖို့အချိန်ရမှာ မဟုတ်ဘူး၊ မင်းရဲ့ပထမကျည်ဆန်က မင်း လိုသလို မဖြစ်လာခဲ့ရင်’

ကောက်ကွေ့ပြီး တွန့်သည့် အပြုံးတစ်ခုက သွေးမရှိသည့် နှုတ်ခမ်း ပေါ်မှာ ခဏကလေး ပေါ်လာသည်။

‘ဒါတော့ ခင်ဗျား မပူနဲ့၊ ပထမကျည်ဆန်က သူ့အလုပ် သူလုပ်မှာပါ’

သူက တံခါးကိုဖွင့်ပြီး ပြန်မပိတ်ဘဲ အပြင်သို့ထွက်ခွာသွားတော့ သည်။ ကာဗလတီက သူ့နောက်မှ နှစ်လှမ်း သုံးလှမ်းခန့်ဆက်လိုက်သွားပြီး လှမ်းအော်လိုက်သည်။

‘ဟေး ငါ့ကို မင်းရဲ့နာမည် ပြောမသွားပါလား’

သူ့ စိတ်ထဲမှာ သူ့ကို အရေးလုပ်ပြီး ပြန်ဖြေလိမ့်မည်မဟုတ်ဟု ထင်နေခဲ့သည်။ ထိုသူက သူထင်သလို မဟုတ်ဘဲ သူ့ဘက်ပြန်လှည့်ပြီး ပြောလိုက်လေသည်။

‘နာမည်က မိုက်ကယ်ဂေါ်ဒွန်လို့ ခေါ်တယ်၊ မိုက်ကယ်ဂေါ်ဒွန်’

www.burmeseclassic.com

www.burmeseclassic.com

## ၄

သေရမည့်သူသည် ထုံးစံအတိုင်း နံနက်ငါးနာရီမှ အိပ်ရာကထသည်။ ဘာသာရေးကိုင်းရှိုင်းသူ ဖြစ်သဖြင့် နံနက် ဘုရားရှိခိုးသည့်အလုပ်နှင့် တစ်နေ့တာ လုပ်ငန်းကို အစပြုလိုက်သည်။ ပြီးမှ မျက်နှာသစ်၍ အဝတ်အစားလဲသည်။

ရာသီဥတုကလည်း အေးသည်။ သူက ကုတ်အင်္ကျီလက်တိုပေါ်မှ သိုးမွေးစွယ်တာ လက်ပြတ်တစ်ထည်ကို ထပ်ဝယ်လိုက်သည်။ သူ၏ နေအိမ် ပန်းခြံကလေးထဲသို့ တိတ်တိတ်ဆိတ်ဆိတ် ဆင်းသွားသည်။

သဘာဝအလှအပကို ချစ်မြတ်နိုးသူ တစ်ယောက်ဖြစ်သောကြောင့် နာရီပေါင်းများစွာ တစ်ခါတစ်ရံ ရက်ပေါင်းများစွာ ကျေးလက်တောရွာ ဘက်သို့ လမ်းလျှောက်ထွက်လေ့ရှိသည်။

ဒါပေမဲ့ သူအရွေးချယ်ခံခဲ့ရသော နေ့ကစပြီး သည်ကဲ့သို့ လုပ်ရန် မဖြစ်နိုင်တော့။ သတ်မှတ်ထားသော နေအိမ်အတွင်းရှိ ငြိမ်းချမ်းသည့် ပန်းခြံ ကလေးထဲမှာသာ နံနက်ပိုင်း တစ်ခဏမျှ သူအချိန်ဖြုန်းနိုင်သည်။

စွန်ပလင်ပင် တစ်ပင်အနီးရှိ သူ အလွန်နှစ်သက်သော ပန်းချုံ ကလေးတစ်ခုနားမှာ ရပ်လိုက်သည်။ ပန်းချုံနားမှာ ဒူးထောက်လိုက်ပြီး သစ်ရွက်ခြောက်များကို ညင်သာစွာ ဖယ်ရှားပစ်လိုက်သည်။ ဤအရပ် ဤဒေသ၏ ရာသီဥတုက ပြင်းထန်လှသည် မဟုတ်သော်လည်း ဆောင်း တွင်းမှာပင် ပန်းပင်များ စိမ်းစိမ်းစိုစိုရှိနေနိုင်သည်။ သူမွေးရာဇာတိ ဖြစ်သော တိုင်းပြည်၏ ဆောင်းတွင်းအအေးဒဏ်က သစ်ပင်၊ ပန်းပင်ငယ်



များကို သေကြေပျက်ပြုန်းကုန်စေသည်။ စွန်ပလွန်ပင်ဆိုလျှင် နှင်းအထုထိုးခံနိုင်ဖို့ ဝေးစွ။

သူ၏ ဘယ်ဘက်နံရံနားမှ ယူနီဖောင်းဝတ် အစောင့်တစ်ယောက်က အလေးပြုသည်။ သူက အစောင့်ကို ပြုံးပြလိုက်သည်။

ကိုယ်ရံတော်များ၊ အစောင့်များ နောက်မှ တစ်ကောက်ကောက် လိုက်လျက် ပတ်ဝန်းကျင်ပရိသတ်ကို မသက်ာသလို စူးစမ်းရှာဖွေသည့် မျက်လုံးများနှင့် လိုက်ကြည့်ကာ သူ့အတွက် လုံခြုံမှုပေးနေကြသည့် ဘဝမျိုး ကို ခုချိန်ထိ သူနေသားတကျ မရှိနိုင်သေး။ သည်ပုံစံမျိုးကို အစကတည်းက သူ မနှစ်သက်ခဲ့။

မမျှော်လင့်ဘဲ သည်ရာထူးကို လက်ခံလိုက်ရသည့်နေ့ကစပြီး သူ့ လက်အောက်ပတ်ဝန်းကျင်ရှိ ငယ်သားများ၊ သူ့ ပတ်ပတ်လည်မှာ ဝန်းရံကာဆီးထားသည့် အတားအဆီးများကို တဖြည်းဖြည်း သူဖြိုချနေ သည်။

အရွေးခံရသည့်ညက မဲနှင့်ပတ်သက်ပြီး လူအများ အုံ့ဩနေကြစဉ် သူက ဆေးရုံတက်နေသော သူ့မိတ်ဆွေ သူငယ်ချင်းတစ်ယောက်ဆီ လူသူ မသိစေဘဲ တစ်ယောက်တည်းကားမောင်းပြီး သွားတွေ့ခဲ့သေးသည်။

ရာထူးလက်ခံသည့် နေ့ကစပြီး ပရိတ်သတ်များနှင့် ရောပြွမ်းနေရန်၊ လက်ဆွဲနှုတ်ဆက်ရန်၊ ကလေးငယ်များကို ပွတ်သပ်ယုယရန်နှင့် မွေးကင်းစ ကလေးငယ်များကို ပွေ့ချီပြီး ဖက်ရမ်းနမ်းရှုံ့ရန် အခွင့်အရေးများကို သယ်သောအခါမျှ လက်လွှတ်မခံခဲ့။

သူက မလိုလားအပ်သော အန္တရာယ်များကို တမင် အခွင့်အရေး ပေးသလိုဖြစ်နေပြီး နှစ်ပေါင်းများစွာ ထိန်းသိမ်းလာခဲ့သည့် အစဉ်အလာတို့ ချိုးဖောက်သည့်အတွက် သူ၏ နောက်လိုက် နောက်ပါများ စိုးရိမ်တကြီးဖြစ်ခဲ့ ကြသည်။ ဒါပေမဲ့ တိုင်းသူပြည်သားများက သူ့ကို သည်အတွက်ပို၍ ချစ်လာ ကြသည်။

ရွေးကောက်ပွဲ၏ ရလာဒ်ကို လူတကာက ပထမပိုင်းမှာ သိပ်ပြီး ကျေနပ်နေကြသည် မဟုတ်။ သူ့ရှေ့မှပုဂ္ဂိုလ်က သည်နိုင်ငံသားဖြစ်ပြီး အရွေးခံဖို့ သင့်တော်သော ပုဂ္ဂိုလ်တစ်ယောက်အဖြစ် ထင်ရှားခဲ့သည်။ သူက တော့ တခြားနိုင်ငံသားတစ်ယောက်ဖြစ်သည်။

သူ့နိုင်ငံ၏ ဘာသာစကားကို ခပ်ဝဲဝဲကလေး သူပြောတတ်ပြီး သူ၏ အယူအဆကိုလည်း နည်းနည်းမာပြီး ရှေးဆန်သည်ဟု အများက သတ်မှတ်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ မမှန်ပါ။ သူက အစဉ်အလာကို ထိန်းသိမ်းသည့် လူတစ်ယောက်ဖြစ်သည်။

တချို့ဝေဖန်ရေးသမားများက သူ့ကိုလယ်ယာသွေးဖည်ရေးဂိုဏ်းသားတစ်ယောက်ဖြစ်ပြီး နှစ်ဆယ်ရာစုနှစ်နှင့် သင့်တော်သောပုဂ္ဂိုလ်မဟုတ်ဟု ဝေဖန်ကြသည်။ ဒါပေမဲ့ သူ၏အာဝဇ္ဇန်း၊ သူ၏ ယုံကြည်မှုနှင့် တိုင်းသူပြည်သားများအပေါ် ဆက်ဆံတတ်သည့် သဘောထားများက သူ့အပေါ်ထားကြသော စေတနာကို တဖြည်းဖြည်း ပြောင်းလဲလာစေသည်။

သူ၏ ပုံသေကားချပ် မဟုတ်သော အပြုအမူများကို သတင်းစာသမားများက ထောက်ခံလာကြသည်။ သူက သတင်းစာသမားများကို အလေးဂရုပြုတတ်ပြီး သူတို့နှင့် ကြုံတိုင်း အလ္လာပ၊ သလ္လာပပြောလေ့ရှိသည်။

သူ၏ပထမဦးဆုံး နိုင်ငံခြားခရီးစဉ်တုန်းက သူ့အတွက် သတ်မှတ်ထားသော သီးခြားအခန်းထဲမှာ နေရမည့်အစား သတင်းစာသမားများအတွက် လေယာဉ်ပေါ်မှာ သတ်မှတ်ထားသည့် သီးခြားအခန်းကိုလာပြီး ရယ်စရာ၊ မောစရာများ ပြောနေခဲ့သည်။ သူ၏ သတင်းဖြန့်ချိရေးအတွင်းဝန်က တားမြစ်ဖို့ကြိုးစားသည်ကို သူက မသိမသာလျစ်လျူရှုခဲ့သည်။ သတင်းထောက်များက သူ၏ နိုင်ငံခြားဘာသာ မြောက်မြားစွာ တတ်ကျွမ်းခြင်းကို သဘောကျကြသည်။

တစ်ပတ်တစ်ကြိမ် သူ့မြို့သို့ အလည်အပတ်လာကြသော ဧည့်သည်များကို သူနှင့်တွေ့ခွင့်၊ စကားပြောခွင့်ပြုရမည်ဟု အမိန့်ပေး သတ်မှတ်ခဲ့သောကိစ္စမှာ သူ၏လုံခြုံရေး ရဲအရာရှိများကို အတိုက်အခံပြုပြီး သူအနိုင်ရရှိထားခြင်း ဖြစ်သည်။

ရုံဖန်ရံခါ ယခုလို သာမန်လူများနှင့် စကားပြောရခြင်းကို သူ့စိတ်ထဲမှာ လေးလေးနက်နက်ရှိမိသည်။

ပြီးခဲ့သည့် သီတင်းပတ်က လွန်ခဲ့သော အနှစ်လေးဆယ်ခန့်က ကွဲကွာသွားသည့် သူ့မိတ်ဆွေဟောင်းတစ်ယောက်ကို အမှတ်မထင်ပြန်တွေ့လိုက်ရသဖြင့် သူ အင်မတန်ကြည်နူးခဲ့ရသည်။ ဧည့်သည်ကို တွေ့ရန် ရုံးခန်းထဲမှ အပြင်သို့ထွက်လာသောအခါမှာ အမျိုးသမီးတစ်ဦးက လှမ်းမေးသည်။

'ရှင် ကျွန်မကို မှတ်မိသလား'

သူက သူမ၏မျက်နှာကို မမှတ်မိသော်လည်း သူမ၏အသံလေးတိုချက်ချင်း မှတ်မိလိုက်သည်။

'မင်း ရန်ကာ မဟုတ်လား'



သူမ၏ ကျောင်းက ငယ်နာမည်ကို ခေါ်ပြီး ပြန်မေးလိုက်သည်။ သူမက ခေါင်းညိတ်လိုက်ပြီး ပြန်ဖြေဖို့ပင် နှုတ်ဆွံ့နေခဲ့သည်။ သူမ၏ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာသည်။ သူတို့နှစ်ယောက် ငယ်စဉ်အခါကကျောင်းပြဇာတ်ထဲမှာ သမီးရည်းစားအဖြစ် ကပြခဲ့ဖူးသည်။

'မင်း ခု ဘာဖြစ်နေသလဲ၊ ဒီကြားကာလထဲမှာ မင်းဘယ်တွေရောက်နေသလဲ'

'ခု ကျွန်မ အစ္စရေးနိုင်ငံကို ပြောင်းပြီး လာနေတယ်လေ၊ တဲလ်အဗစ်မြို့မှာ မြေးလေးယောက်ရဲ့အဘွားဖြစ်နေပြီ၊ ရှင် ကျွန်မအမေတို မှတ်မိသလား'

သူမက မေးလိုက်သည်။

'မေမေက ဂျာမန်အကျဉ်းစခန်းမှာ အသတ်ခံခဲ့ရတယ်'

သူက စိတ်မထိန်းနိုင်ဘဲ သူ၏လက်ကလေးများကို ဆုပ်နယ်နေလိုက်မိသည်။

နောက်နှစ်ရက်ခန့် ကြာသောအခါ သူတို့နှစ်ယောက်၏ တွေ့ဆုံခန်းကို သတင်းစာ တော်တော်များများက အရေးတယူ ရေးသားကြလေသည်။

ဂျာမန်သတင်းစာ တစ်စောင်ကဆိုလျှင် သူတို့ငယ်ငယ်တုန်းက ပြဇာတ်ကသည့် ဓာတ်ပုံကိုပင် ထည့်လိုက်သေးသည်။ ဇာတ်မင်းသားဖြစ်ချင်သော သူ့အကြောင်းကိုလည်း တော်တော်ကလေးရေးခဲ့ကြသည်။

လေ ရှုတ်တရက် တိုက်လိုက်သဖြင့် သူက ဆောင်းထားသော ခေါင်းစွပ်ကလေးကို လေထဲပါမသွားရလေအောင် လက်တစ်ဖက်ဖြင့် ထိန်းလိုက်သည်။

ဇာတ်ခုံပေါ်မှာ သရုပ်ဆောင်ရသည့်အလုပ်ကို သူ ငယ်ရွယ်စဉ်တုန်းက ဝါသနာပါခဲ့သည်။ ဇာတ်ဆောင် တစ်ယောက်ဖြစ်ဖို့၊ ဒါမှ မဟုတ် ပြဇာတ်ရေးဆရာတစ်ယောက်ဖြစ်ဖို့ ထိုစဉ်က သူစိတ်ကူးမိခဲ့သည်။ ထို့ကြောင့်လည်း ဘာသာရေးနှင့် ပတ်သက်သည့် ပြဇာတ်လေးငါးပုဒ်ခန့် သူရေးခဲ့ဖူးသည်။ သူရေးခဲ့သည့် ပြဇာတ်ထဲမှာ 'ဂျော့၏ နောက်ဆုံးကြေကွဲဖွယ် ဇာတ်သိမ်းခန်းပြဇာတ်'ကို သူအနှစ်သက်ဆုံးဖြစ်ခဲ့သည်။

သူ တက္ကသိုလ်ရောက်သောအခါ စာပေနှင့် ပြဇာတ် နှစ်ဘာသာတို့ အဓိကဘာသာအဖြစ် ယူခဲ့သည်။ သူ၏ ကျောင်းနေဖက်သူငယ်ချင်းတွေ ကို့ထဲလည်ပြီး သောင်းကျန်းနေကြစဉ် သူက အခန်းထဲမှာကုတ်ပြီး ကဗျာများ ကိုသာကြိတ်ရေးနေခဲ့သည်။

www.burmeseclassic.com

စစ်ကြီးဖြစ်လာသောအခါ အခြေအနေအားလုံး ပြောင်းလဲသွားလေသည်။ သူ၏တိုင်းသူပြည်သားများ ရက်စက်ကြမ်းတမ်းပြီး ကြောက်မက်ဖွယ်ကြေကွဲမှုကြီး ကြုံလာတော့ သူ အလွန်စိတ်ထိခိုက်သွားသည်။ သူ၏စာပေသင်ကြားမှုနှင့် ပြဇာတ်ပညာ ဆည်းပူးလေ့လာခြင်းတို့ကို စွန့်လွှတ်လိုက်သည်။

စစ်ကြီး ပြီးသွားသောအခါ သူ ဝါသနာပါရာ သူ့ တကယ့် အလုပ်ကိုတွေ့ရှိခဲ့သည်။ သူ၏ဘဝသစ်ကို သည်ဘက်ကမ္ဘာမှာ သည်ရာထူးများနှင့်လာပြီးဖြစ်ဖို့ အကြောင်းက ဖန်လာခဲ့သည်။

မိုးဖွဲဖွဲလေး ကျလာသည်။

သူက ခမ္မတေးကို ညည်းပြီး အဆောက်အအုံထဲ ပြန်ဝင်သွားသည်။ နံနက်စာစားနေစဉ် သူ၏အတွင်းဝန် စီစဉ်ထားသည့် တစ်နေ့တာလုပ်ငန်းအစီအစဉ်ကို စစ်ဆေးကြည့်ရှုလိုက်သည်။

ကနေ့ အလုပ်များမယ့် နေ့ပဲ။

နေ့လည်စာ စားချိန်အထိ သံအမတ်လေးယောက်ကို လက်ခံတွေ့ဆုံရမည်။ ညနေပိုင်း ချိန်းဆိုချက်များလည်း ရှိသေးသည်။

တစ်ခုက လူဇင်ဘတ်နိုင်ငံရေးဝန်ကြီးနှင့် တွေ့ဆုံရန်ဖြစ်သည်။ ဂျေရုဆလင်ပြဿနာကို တင်ပြ ဆွေးနွေးလိမ့်မည်ဟု ထင်ရသည်။ သူ သက်ပြင်းတစ်ချက် ချလိုက်သည်။

သည်ကိစ္စက သူ၏တာဝန်ဖြစ်သောကြောင့် ရှောင်တိမ်းရန် မဖြစ်နိုင်သည့်ပြင် အမေရိကန်နိုင်ငံကို သွားရောက်လည်ပတ်ရန် အစီအစဉ်နှင့် ဆောင်ရွက်ရန်ကိစ္စများ ရှိနေသေးသည်။ အမေရိကန်နိုင်ငံမှာ အတည်တကျ ပြောင်းရွှေ့နေထိုင်ကြသော သူ့ လူများ၏အဖွဲ့အစည်းကို သွားရောက်တွေ့ဆုံရန် သူ စိတ်စောနေသည်။

ကိုယ်ရေး အတွင်းဝန်က ရုံးခန်းထဲမှာ သူ့ကို စောင့်နေသည်။ ဂျေရုဆလင်အစီအစဉ်နှင့် ပတ်သက်ပြီး ဖိုင်ပြာ တစ်ခုကို သူယူထားသည်။ သည်ကိစ္စနှင့်ပတ်သက်ပြီး သူတို့လျှို့ဝှက်စွာ စည်းဝေးညှိနှိုင်းခဲ့ကြသော်လည်း ရက်ကိုတော့ မသတ်မှတ်ကြရသေး။

'ငါ ဆုံးဖြတ်ပြီးပြီ'

သူက စကားပလ္လင်မခံဘဲ ပြောလိုက်သည်။

'ဧပြီလ ၇ ရက်ဆိုရင် အတော်ပဲ'

သူ၏ အတွင်းဝန်က မျက်မှောင်ကုတ်လိုက်သည်။



'ခင်ဗျားကို ကျွန်တော် သတိပေးချင်တယ်၊ ဒီနှစ် [illegible]တွေရဲ့ ပသကာပွဲတော်နဲ့ ခရစ်ယာန်တွေရဲ့ အီစတာပွဲတော်ရက်က တစ်ထပ်တည်း ကျနေတယ်၊ ဒီတော့ ဒီမြို့မှာ ဘုရားဖူးတွေနဲ့ ပြည့်နေမှာပဲ'

'ဒီတော့ ဘာဖြစ်သလဲ၊ ငါ မမှုပါဘူး'

'ခင်ဗျားမမှုတာတော့ ကျွန်တော်သိပါတယ်၊ ဒါပေမဲ့'

'ဒါပေမဲ့တွေ ဘာတွေ လုပ်မနေနဲ့၊ ဧပြီလ ၇ ရက်ဟာ နောက်ဆုံးရက်ပဲ'

သူက တစ်ချက်ပြုံးလိုက်ပြီး လေသံကို နည်းနည်းလျှော့ကာ

'သိပ်မပူပါနဲ့ကွာ၊ အားလုံး သူ့ဘာသာ အဆင်ပြေသွားမှာပါ'

သူ ဆုံးဖြတ်ချက်က သူ၏သေမိန့်ကို လက်မှတ်ထိုးလိုက်ခြင်းဖြစ်ကြောင်း သူသိမည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

## ၁၀

စားသောက်ဆိုင်ထဲသို့ ဂျရာမီယာ ဝင်လိုက်သောအခါ မျက်နှာဝိုင်းဝိုင်းနှ
အော်ဂါက သူ့ထံသို့ ခပ်သုတ်သုတ် ပြေးလာသည်။

'ဂျရာမီယာ ရှင့်ကို မတွေ့ရတာ ကြာလှပြီ'

သူမက တအံ့တသြ နှုတ်ဆက်လိုက်ရင်း သူမ၏လက်ဖောင်းဖော
ကြီးကို လက်သုတ်ပဝါဖြင့် တအားသုတ်နေလေသည်။

'ရှင် အခုတလော ဘယ်များရောက်နေသလဲ မသိဘူး'

သူက သူမ၏လက်စိုစိုကို လှမ်းဆွဲပြီး နှုတ်ဆက်ရင်း ပြုံးပြ
လိုက်သည်။ သူက အထူးသဖြင့် ယခုကဲ့သို့ တရင်းတနှီး ဆက်ဆံတတ်သော
အမျိုးသမီးရှေ့မှာ မနေတတ် မထိုင်တတ် ဖြစ်တတ်သည်။ ဒါပေမဲ့
အော်လ်ဂါက သည်လိုဆက်ဆံတတ်သည်မှာ ပုံမှန်အကျင့်ဖြစ်သည်။

သူမက ဂျရာမီယာတို့မိသားစုကို လွန်ခဲ့သည့် နှစ်ပေါင်းလေးဆ
လောက်က ပါလက်စတိုင်းသို့အလာ သင်္ဘောတစ်စီးတည်း အတူစီးလာ
ကတည်းက သိခဲ့သည်။

ဂျရာမီယာကိုလည်း သူ့အဖေ၏ လက်ဖက်ရည်ဆိုင်ထဲမှာ ကာ
အကျီဝတ်သည့် ရှေ့ဆောင်လူငယ်ကလေးအဖြစ် သိခဲ့သည်။ ထို
ကတည်းက အော်လ်ဂါက သူ့ကို 'လုံခြုံရေးကိစ္စ'နှင့် ပတ်သက်နေသည်
သံသယရှိခဲ့သည်။

တစ်ခါတစ်ရံ သူ တိတ်တဆိတ် ပျောက်သွား ပြီးနောက် မျှားမကြာ
သတင်းစားထဲမှာ ဟာဂနာ မြေအောက်တော်လှန်ရေးသမားများက တိုက်ခို



ခိုက်သည်ဆိုသည့် သတင်းကို ဖတ်လိုက်ရသည်။

ဗြိတိသျှလက်နက်သယ်ယူရေး ကွန်ဗွိုင်ကို အစီရင်ခံရကြောင်း
အဖမ်းခံထားရသည့် ဂျွန်ယွန်အဖွဲ့သား လွတ်မြောက်ထွက်ပြေးသည့်
အကြောင်း၊ နယ်မြေသစ်ကို ထွက်ခွာလာသည့် လှေသမ္ဗာန်များကို ရှာဖွေ
သော ဗြိတိသျှရေဒါစခန်းကို ဗုံးခွဲသည့်အကြောင်း စသည်တို့ ဖြစ်သည်။

ထိုစဉ်က အော်လ်ဂါ ကိုယ်တိုင် ဆယ်ကျော်သက်မျှသာရှိသေး
သော်လည်း တုံ့ဏှိုဘာဝေလုပ်တတ်သော ဂျရာမီယာကို သည်ကိစ္စများနှင့်
ပတ်သက်နေသည်ဟု သူမ ယုံကြည်ခဲ့သည်။ သည်အကြောင်းများကို
ဖွင့်ပြောလေမလားဟု သူမ၏ကြိုးစားမှု မအောင်မြင်ခဲ့။

နှစ်ပေါင်း ၃၅ နှစ် ကြာသည့်တိုင်အောင် သည်သေးသေးနှင့်
သိပ်စကားမပြောသည့် ဂျရာမီယာသည် တကယ်တမ်း ဘာအလုပ်လုပ်နေ
သည်ကို သူမ အတိအကျ မသိရသေး။

တစ်ခါတစ်ရံ သူနှင့်ပါလာသော အဖော်များက သူ့ကို ရိုရိုသေသေ
ဆက်ဆံကြသည်ကို မြင်ရတော့ အရေးပါအရာရောက်သည့် အစိုးရအရာရှိ
တစ်ယောက်ဟူ၍သာ သူမ တွေးလို့ရခဲ့သည်။

ဒါပေမဲ့ ဂျရာမီယာသည် ယခင်အတိုင်း ပြောင်းလဲမှု သိပ်ဖြီး
မရှိလှဟု ထင်ရသည်။ သူမ၏ ဆိုင်ခပ်သေးသေးမှ အိမ်ချက်အစား
အသောက်များကို နှစ်သက်ပုံကတော့ ယခင်အတိုင်းပဲ ရှိသေးသည်။

အရာရှိကြီးများနှင့် စီးပွားရေးသမားများ သွားရောက်စားသောက်
လေ့ရှိသည့် ဆိုင်ကြီးများကို မနှစ်သက်ဘဲ သူ့ ဆိုင်ကလေးကိုသာ လာဖြီး
အားပေးလေတော့ သူမ ဂုဏ်ယူမိသည်။

'ရှင် နေ့လည်စာကို တစ်ယောက်တည်း စားမှာလား'

မေးလိုက်ရင်း သူမ၏ကိုယ်လုံးကြီးဖြင့် စားပွဲခုံကြားမှ တိုးဝင်သွား
သည်။

'ငါ့ သူငယ်ချင်းတစ်ယောက် ခဏကြာရင်လာလိမ့်မယ်'

သူမ နောက်မှ ကပ်လိုက်လာပြီး ပြောသည်။

'ကောင်းပြီလေ'

သူမက နောက်ဘက်လှည့်ပြီး ပြန်ပြောလိုက်ရင်း လူတွေနှင့်ပျော်
နေသည့် အခန်းကြီးထဲမှ စကြီကျဉ်းကလေးထဲသို့ ဝင်သွားသည်။

'ရှင် ထိုင်နေကျစားပွဲ အားနေတယ်'

သူမ၏ စိတ်ထဲမှနေ၍ ဂျရာမီယာအရင်လိုပါပဲလားဟု တွေးဖြီး

www.burmeseclassic.com

www.burmeseclassic.com


ပြုံးလိုက်မိသည်။ သူဟာ ဘယ်လိုလဲ၊ လူကြီးလူကောင်း ဖြစ်လာပေမယ့် အမြဲတမ်း ငါးမိနစ်စောပြီး ရောက်လေ့ရောက်ထရှိသည်။

အော်လ်ဂါ စားသောက်ဆိုင်တွင် အရေးအကြီးဆုံးမှာ အစားအစာများအပြင် နေရာထိုင်ခင်းပဲဖြစ်သည်၊ သာမန် လူနေတိုက်ခန်း အောက်ထပ်မှာ ဖွင့်ထားခြင်းဖြစ်ပြီး အဆောက်အအုံသည် မူလက လူနေရန် သက်သက် ဆောက်ထားသည့် ပုံစံမျိုးဖြစ်သည်။

ထို့ကြောင့် စားသောက်ခန်းကို အခန်းကလေး ငါးခုခွဲထားသည်၊ နောက်ဘက်က အခန်းအငယ်ဆုံးကလေးသည် လေးယောက်ထိုင် စားပွဲ တစ်လုံး ဝင်သာရုံပဲ ရှိသည်။ သည်အခန်းကလေးသည် ဂျရာမီယာအတွက် ပတ်ဝန်းကျင်က လူအများမသိစေချင်သည့် အကြောင်းအရာများကို တိုးတိုး တိတ်တိတ် ဆွေးနွေးနိုင်သည့်နေရာဖြစ်သည်။

အဘိုးကြီးက မိုးကာအင်္ကျီကို သေသေသပ်သပ် ခေါက်လိုက်ပြီး သူ ထိုင်နေကျ ပြတင်းပေါက်ဘက် မျက်နှာမူသည့် ထိုင်ခုံမှာ ထိုင်ချ လိုက်သည်။ အော်လ်ဂါက ခန်းဆီးကန့်လန့်ကာကို အသာပိတ်ပြီး ပြန်ထွက် သွားသည်။

ယနေ့ ဂျရာမီယာ၏ ဟန်ပန်ကိုကြည့်ရသည်မှာ စိတ်ထဲတွင် တစ်ခုခု မတင်မကျ ဖြစ်နေသည်ဟု ထင်ရသည်။

မတင်မကျဖြစ်သည်ကတော့ အမှန်ပင်။ နံနက်စောစောက ဝန်ကြီးချုပ်က သူ့ကို ဖုန်းဆက်လိုက်ပြီးကတည်းကပင် သည်ကဲ့သို့ ဖြစ်လာခဲ့ ရသည်။

သူရေးလိုက်သည့် နှုတ်ထွက်စာနှင့်ပတ်သက်ပြီး ဝန်ကြီးချုပ်ထံမှ 'နှုတ်ထွက်စာကို ပြန်ရုပ်သိမ်းပါ၊ ဒါမှမဟုတ် လက်ရှိ လုံခြုံရေးအခြေအနေ အရ နှုတ်ထွက်ခြင်းကို ပြန်လည်စဉ်းစားပါ' ဟုပါသည့် စာတစ်စောင်ရောက် လာလိမ့်မည်ဟု သူ မျှော်လင့်ခဲ့သည်၊

သည်ကဲ့သို့ လုပ်တတ်သည့်ထုံးစံရှိကြောင်း သူသိသည်၊ သူ ကိုယ်တိုင် လုပ်ခဲ့ဖူးသည်၊ ယခုတော့မူ ဝန်ကြီးချုပ်က ဆံလာမက်ကိစ္စနှင့် ပတ်သက်ပြီး သူ့ကို ချီးကျူးထောမနာပြုပြီး

'ခင်ဗျား၏ ဆုံးဖြတ်ချက်ကို ပြန်ပြင်လို့ မရဘူးဆိုသည်ကို ကျွန်တော် နားလည်ပါသည်။ ကျွန်တော့်အနေဖြင့် ဝမ်းနည်းစွာ လက်ခံရုံမှ တစ်ပါး အခြားမရှိပါ' ဟုအကြောင်း ပြန်ကြားလိုက်သည်၊

ဂျရာမီယာက သည်စကား၏နောက်မှ ကပ်ပါလာသည့် အဓိပ္ပာယ်ကို ဖြတ်ကနဲသိလိုက်သည်။

ဝန်ကြီးချုပ်က သူ့ကို လက်လွှတ်ရသည်ကို ကျေနပ်ဝံ့မရ၊ သည့် အပြင် ဝန်ကြီးချုပ်က သူ၏ ရာထူးကို ဆက်ခံမည့် လူ၏နာမည်ကို ထောင် မေးမြန်းဖော်မရ၊ ဒေးဗစ်ကို သူ့ရာထူးဆက်ခံမည့်သူအဖြစ် ဂျရာမီယာက လိုလားနေကြောင်း ဝန်ကြီးချုပ်သိပြီး ဖြစ်မည်၊

သည်အတိုင်းဆိုလျှင် ယနေ့ညနေ သတင်းစာထဲမှာပါသည့် သတင်း အတိုကလေးကို မည်သို့ အဓိပ္ပာယ် ကောက်ရပါမည်နည်း၊

ဂျရာမီယာက သတင်းစာကို ဖြန့်လိုက်ပြီး မျက်နှာဖုံးမှာ ပါသည့် သတင်းအတိုကလေးကို တစ်ခေါက် ပြန်ဖတ်ကြည့်လိုက်သည်၊

'အမျိုးသားလုံခြုံရေးနှင့် ပတ်သက်သောရာထူးနေရာတစ်ခု မကြာခင် အပြောင်းအလဲရှိသည်။'

ဝန်ကြီးချုပ်ရုံးနှင့် နီးစပ်သူတစ်ဦးက ထိုဌာနနှင့်ပတ်သက်ပြီး အမြင့်ဆုံးရာထူး တစ်နေရာကို မျှားမကြာမီ လူသစ်တစ်ယောက်ကို ခန့်မည်ဟု သတင်းထွက်ပေါ်နေသည်။

အမည်နှင့် ရာထူးကိုတော့ လုံခြုံရေးအကြောင်းကြောင့် ထုတ်ဖော် မပြ၊ ပုဂ္ဂိုလ်အပြောင်းအလဲကို လွှတ်လပ်ရေးနေ့ကျမှ ပြုလုပ်မည်ဟု အဆို ရှိသည်။

သည်သတင်းအရဆိုလျှင် ဝန်ကြီးချုပ်သည် အတော်ကလေး ခြေသွက်နေသည်။ သူ၏နှုတ်ထွက်စာတင်လိုက်ခြင်းသည် ဝန်ကြီးချုပ်၏ အကွက်ထဲသို့များ တန်းခနဲ ဝင်သွားလေသလား ဟု သူထင်မိသည်၊

ဝန်ကြီးချုပ်က ဒေးဗစ်ကို ခန့်ရန် ရည်ရွယ်ချက်မရှိဘဲ မော့ဆက်၏ အမြင့်ဆုံးရာထူးနေရာကို သူ့ လူတစ်ယောက် အစားထိုးခန့်ဖို့ သည် အခွင့်အရေးကို အသုံးချကောင်းချပေမည်။

ပမာမခန့်နှင့်လှောင်ပြုံး ပြုံးနေသည့် ရာဖေးအာဘီဇာ၏ မျက်နှာ ပုံသဏ္ဌာန်က သူ့မျက်လုံးများ ရှေ့မှာ ရုတ်တရက်ပေါ်လာသည်၊

'ဟဲလို ဂျရာမီယာ'

သူက သတင်းစာကို ချလိုက်ပြီး မော့ကြည့်လိုက်သည်၊ အသားရောင် ခပ်မည်းမည်းဝဝနှင့် သူ့ညီသည်က တံခါးပေါက်ဝမှာ ရပ်နေသည်ကို မြင်လိုက်ရသည်၊

သူဝတ်ထားသည့် အဝတ်အစားများက အကောင်းသားမဟုတ် သော်လည်း ပုံပန်းကျနပြီး ကုန်းနေသော သူ့လက်ပြင်ကို အတော်ကလေး

www.burmeseclassic.com

www.burmeseclassic.com

ဖုံးကွယ်ထားနိုင်သည်။ သူ၏ ရှပ်အင်္ကျီသည် အပြာနုရောင်ဖြစ်ပြီး သိုးမွေးလည်စည်းကို လုလုပပချည်ထားသည်။

'ကျွန်တော် နည်းနည်း နောက်ကျသွားတယ်'

သူက ခပ်ဩဩအသံနှင့် ပြောလိုက်သည်။

'ကျွန်တော့်ရဲ့ ဒီအဝတ်အစားတွေကိုတော့ ခွင့်ပြုပါနော်၊ အမေရိကန် မိတ်ဆွေတွေနဲ့ သွားတွေ့ပြီး ဒီကို တန်းလာရလို့ မလဲအားဘူး'

'ပြဿနာများရှိလို့လား'

ဂျရာမီယာက မေးလိုက်သည်။

သူ့ ညည့်သည်က ဂျရာမီယာနှင့် မျက်နှာချင်းဆိုင်မှ ကုလားထိုင်ကို ဆွဲယူလိုက်ပြီး

'ကျွန်တော့် အထင်တော့ သူတို့နည်းနည်းတော့ ကသိကအောက်ဖြစ်နေတုန်းပဲ၊ သူတို့ဘာလုပ်ရမှန်း မသိသေးဘူး'

'အဲဒါ သူတို့အမှားပဲ'

ဂျရာမီယာ ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။

'ကျုပ်တို့ သတင်းပေးတုန်းက သူတို့ အလေးထားဖို့ကောင်းတယ်၊ တကယ်လို့ အဲဒီတုန်းက သူတို့အလုပ်ကို ပိပိပြင်ပြင် လုပ်ခဲ့ရင် ဒီအခြေအနေက ရှောင်တိမ်းနိုင်မှာပဲ၊ အဲဒီသတင်းနဲ့ ပတ်သက်ပြီး ငါ မင်းကို ပို့ခိုင်းလိုက်တာ ဘယ်တုန်းကလဲ မှတ်မိသေးလား'

'ဂျွန်လထဲကလေ'

'အေး ဂျွန်လထဲက၊ ဒီသတင်းကို ငါကိုယ်တိုင် လက်မှတ်ထိုးပြီး ပေးခိုင်းလိုက်တာ၊ ငါ့စိတ်အထင်တော့ သူတို့ ဒီသတင်းပေးချက်ကို ဖတ်တောင် ဖတ်ကြည့်ကြမှာမဟုတ်ဘူး၊ အဲဒီတုန်းက သူတို့ဟာ စီအိုင်အေ အခြေအနေနဲ့ ပတ်သက်ပြီး ဟိုပြေးဒီပြေး ပြေးနေရပြီး အလုပ်ရှုပ်နေကြတယ်လေ၊ ခုရော သူတို့ ဘာပူနေကြသလဲ'

'ဆော်ဗီအာရေးဗီးယားနဲ့ ကူဝိတ်အတွက် သူတို့ ပူနေကြတယ်လေ၊ ကျွန်တော်က သူတို့ကို လောလောဆယ် အန္တရာယ်မရှိဘူးလို့ ပြောထားပေမဲ့ သူတို့က သိပ်ပြီးကျေနပ်ပုံမရဘူး၊ ကျွန်တော့်ကို နောက်ထပ် သတင်းပေးပါဦးဆိုလို့ ကျွန်တော် သတင်းတချို့ ထပ်ပေးခဲ့တယ်'

ဂျရာမီယာက ခေါင်းညိတ်ပြလိုက်ပြီး စားပွဲရှေ့ကို တိုးလာသည်။

'ကောင်းပြီ၊ ကဲ နားထောင် ရောဘတ်'

အော်လ်ဂါက အခန်းထဲကို ခေါင်းလျှိုဝင်လာပြီး



'ဂျရာမီယာ အစားအသောက်တွေ မှာတော့မလား'

'အေး အော်လ်ဂါ ဝင်ခဲ့၊ ဟောဒါက ငါ့အရင်းနှီးဆုံး သူငယ်ချင်း ရောဘတ်'

အဘိုးကြီးက ခေါင်းညိတ်ပြလိုက်ပြီး မိတ်ဆက်ပေးလိုက်သည်။

သူမက အသားညိုညိုလူကို ပြုံးပြလိုက်ပြီး သူ၏ ချောမွေ့သည့် မျက်နှာ၊ ဖြောင့်စင်းသည့် နှာတံ၊ ပွင့်လင်းသည့် မျက်လုံးနှင့် နက်မှောင်သည့် ဆံပင်တို့ကို တစ်ချက်တည်း သိမ်းကျုံးပြီးကြည့်လိုက်သည်။

သူမ၏ မျက်လုံးများက သူ့လက်သည်းနေရာမှာ ရုပ်ဆိုးသော ပန်းရောင်အမာရွတ်များကို မြင်လိုက်ရသဖြင့် အနည်းငယ်လန့်သွားလေသည်။ ဒါပေမဲ့ ရောဘတ်၏မျက်နှာက ဘာမှမဖြစ်သလိုနှင့် အေးအေးဆေးဆေးရှိနေသည်။ နှိပ်စက်ညှဉ်းပန်းခြင်း ခံရဖူးသည့် လူတစ်ယောက်၏ စိတ်ဓာတ်ပျက်ပြားမှုကို နည်းနည်းကလေးမျှ ရှာမတွေ့ရ။

ဂျရာမီယာက သူမ၏မျက်နှာထားကို စောင့်ကြည့်နေပြီးနောက်

'ဘယ်လိုလဲ အော်လ်ဂါ'

သူမက ကြွေဲ့ပြန်ဆည်လိုက်သည်။ ယနေ့စားသောက်ဖွယ်ရာစာရင်းကို တတွတ်တွတ်ရွတ်ပြလိုက်သည်။

ဂျရာမီယာက သူနှစ်သက်သော အစားအစာများကို မှာလိုက်သည်။ ရောဘတ်ကလည်း သူစားချင်ရာကို မှာလိုက်တော့မှ အော်ဂါက မီးဖိုခန်းဘက်သို့ ထွက်သွားလေသည်။

သူတို့နှစ်ယောက်သည် ပထမယူလာသည့် အစားအစာကို စကားမပြောကြဘဲ စားလိုက်ကြသည်။

ဂျရာမီယာက အစားငုံ့စားနေသော သူ့မိတ်ဆွေ၏ခေါင်းနက်နက်ကြီးကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ရောဘတ်၏ လက်မှအမာရွတ်များကိုမြင်သွားသဖြင့် အော်လ်ဂါလန့်သွားသည်ကိုလည်း သူသတိပြုမိလိုက်သည်။

သူ့စိတ်ထဲမှာ ရောဘတ်အပေါ် ကြင်နာစိတ်များ တဖွားဖွားပေါ်လာသည်။ ကြင်နာရုံပင်မက နှစ်သက်ပြီး ဂုဏ်ယူမိသည်။

ရောဘတ်ဘင်းသည် သူတွေ့ခဲ့ဖူးသော လူတွေထဲမှာ သတ္တိအကောင်းဆုံးသူ ဖြစ်သည်။ ကိုယ်ကာယ သတ္တိထက် စိတ်ဓာတ်သတ္တိက ပို၍ထူးခြားသည်။ သည်အကြောင်းကို သက်သေပြရန် ဝမ်းနည်းစရာဇာတ်လမ်းကလေးတစ်ခုနှင့် ပြခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အော်လ်ဝါက ဒုတိယစားစရာများ ယူလာတော့ သူ၏ပထမပန်းကန်ကို ဘေးသို့ တွန်းဖယ်လိုက်သည်။

လွန်ခဲ့သော ဆယ့်ငါးနှစ်က ဘဂ္ဂဒက်မြို့မှာ မော့ဆက်၏အဖွဲ့အစည်းတစ်ခုဖျက်ဆီးခံရပြီး နောက်ထပ် စပိုင်လုပ်ငန်းတစ်ခု အစီအစဉ် အကောင်အထည်ဖော်ရန် ရောဘတ်ကို သူ ဘဂ္ဂဒက်သို့ လွှတ်လိုက်သည်။

ပသကာပွဲတော်ရက်ကို သူ ကောင်းကောင်းကြီး မှတ်မိနေသေးသည်၊ ရောဘတ်က ထိုစဉ်က အသက်ငယ်ပြီး ရှက်လည်း ရှက်တတ်သည်၊ စကားပြောလည်း နူးညံ့သည်။ သူက ကိုင်ရိုမြို့မှာ မွေးသဖြင့် အာရပ်စကားကို ကျွမ်းကျင်စွာ ပြောတတ်သည်။

သူ့ကို အီဂျစ်ရှေ့နေတစ်ယောက်အဖြစ် ဖန်တီးပြီး နာဆာဆန့်ကျင်ရေးသမားအဖြစ် ပုံသွင်းထားသည်။ အီဂျစ်အစိုးရ ဆန့်ကျင်ရေးသမားများက အီရတ်နိုင်ငံမှာ ရေပန်းစားနေသည်။

သည်တော့ ဘင်းသည် အီရတ်လေယာဉ်မှူးတစ်ယောက်ကို ထိုအချိန်က အင်မတန်လူသိနည်းသည့် M-16-21 လေယာဉ်ပျံတစ်စင်းကို မောင်းပြီးအစ္စရေးဘက် ခိုလှုံလာအောင် လုပ်ဆောင်နိုင်ခဲ့သည်။

ထိုစစ်ဆင်ရေး အောင်မြင်ခဲ့သော်လည်း ဘင်းနှင့် သူ့အဖွဲ့သားတချို့ အဖမ်းခံလိုက်ရသည်။ ထိုနေ့ ညနေမှာ ဆက်သွယ်ရေး ရုံးခန်းထဲ ရေဒီယိုသတင်းများ ရောက်လာသည်ကို ရင်တမမနှင့် နားထောင်နေခဲ့ရသည်။

ရေဒီယိုမှ အဖမ်းခံရသော လူများတစ်ယောက်ပြီး တစ်ယောက် ထွက်ပေါ်လာနေသည်ကို သူ တုန်တုန်ယင်ယင်နှင့် ကြားနေရသည်။

အီရတ်တို့က သူတို့၏လျှို့ဝှက်ရဲဌာနချုပ် အဆောက်အအုံထဲသို့ သူတို့ကို တွဲခေါ်သွားပြီး နှိပ်စက်ညှဉ်းပန်းခဲ့သည်။ ဆယ်လီမာက ညှင်းပန်းခံရပြီး သေဆုံးသွားသည်၊ နောက်တစ်ယောက်က စိတ်ဖောက်ပြန်သွားသည်၊ ဖော်ဆီနှင့် ဟာမတို့ကိုတော့ သေဒဏ်အမိန့်ချမှတ်ပြီး ဘဂ္ဂဒက် ဗဟိုအကျဉ်းထောင်ထဲမှာ ကြိုးပေးလိုက်ကြသည်။

ရောဘတ်ကိုတော့ ထောင်တစ်သက်တစ်ကျွန်း ချလိုက်သည်၊

ရောဘတ်က အီရတ်များအတွက် ချက်ချင်းလက်ငင်း သတ်ပစ်လိုက်ဖို့ မဖြစ်နိုင်သည့် တန်ဖိုးရှိသော လူတစ်ယောက်ဖြစ်နေသည်။ သူ့ကို လူသတ်သမားများ၊ ကြိုးပေးခံရမည့်သူများ ထားထားသော နာမည်ကြီး ဘာဆရာအကျဉ်းထောင်ထဲမှာ လပေါင်းများစွာ ဆက်ပြီး စုံစမ်းမှုများပြုခဲ့



သေးသည်၊

တစ်နှစ်ကျော်ကျော်ခန့်အထိ ယင်းကိစ္စနှင့် ပတ်သက်ပြီး ဒေးဗစ်တကြိုးကြိုးစားစား ဆောင်ရွက်ခဲ့သည်။ နည်းမျိုးစုံနှင့် လုပ်ခဲ့ရပြီး နောက်ဆုံးရောဘတ်၏ အကျဉ်းထောင်ထဲကို သတင်းတစ်ခု ပို့ပေးနိုင်ခဲ့သည်၊ သတင်းကလေးကတော့

'စိတ်မပျက်နဲ့ ငါတို့ မင်းကို အရထုတ်ယူမယ်'

ဒါပေမဲ့ ရောဘတ်ကို ကယ်ယူရေးမှာ မဖြစ်နိုင်ကြောင်း ဒေးဗစ်သိသည်၊ သည်တော့ အနေးနှင့်အမြန် သူ အရှုံးပေးသွားလိမ့်မည်ဟု ထင်သည့်အတွက် စာရွက်ကလေးနှင့်အတူ အဆိပ်ပုလင်းကလေး တစ်လုံးကိုလည်း ပို့လိုက်သေးသည်။

သည်အဆိပ်ပုလင်းကလေးကို မသုံးဖြစ်ခဲ့။

နောက် မကြာမီ ရောဘတ်နှင့် အဆက်အသွယ် ပြတ်သွားလေသည်၊ တစ်နှစ်ခန့် ကြာသောအခါ မော့ဆက်အဖွဲ့ထဲသို့ ထူးဆန်းသော ဘာလဟာလ တစ်ခုရောက်လာသည်။ ရောဘတ်သည် 'ကြိုးစင်မှ စီစဉ်သူ' ဖြစ်နေပြီ။

'အဲဒီ 'ကြိုးစင်မှ စီစဉ်သူ'ဆိုတာ ဘာလဲကွ'

ဂျူရာမီယာ မေးခဲ့ဖူးသည်။

ထိုစဉ်က သူသည် မော့ဆက်အဖွဲ့၏ ပထမဦးဆုံး တည်ထားသည့် အဆောက်အအုံဟောင်းထဲမှာတုန်းက ဖြစ်သည်။

ဒေးဗစ်က ဂျူရာမီယာ၏ စားပွဲရှေ့မှာ ထိုင်နေသော မိန်းမနှင့်ကလေးကို လက်တန် ခြေဟန်ပြနေသည်။

အဖွဲ့အမှုထမ်းများ၏ မှီခိုသူများဌာနမှ ဘယ်လို ငနဲတစ်ယောက်က ရောဘတ် မသေသေးဘူး၊ အသက်ရှင်နေသေးသည်ဟု သတင်းပေးပြီး၊ သူ့မိန်းမနှင့်ကလေးကို ဂျူရာမီယာ၏ ရုံးခန်းထဲသို့ ပို့လွှတ်လိုက်သလဲမသိ။

ဒေးဗစ် ခြေဟန် လက်ဟန် ပြသည်ကို မြင်လိုက်ရတော့မှပဲ ဂျူရာမီယာက စကားလမ်းကြောင်း ပြောင်းပြီး မိန်းမနှင့်ကလေးကို အပြင်ကို လွှတ်လိုက်သည်။

'ကဲ ပြောစမ်းပါဦး၊ 'ကြိုးစင်မှ စီစဉ်သူ'ဆိုတာ ဘာလဲကွ'

'အကျဉ်းသားတွေထဲမှာ ဒီရာထူးက အင်မတန်အရေးကြီးတယ်၊ ရောဘတ်ဟာ အကျဉ်းသမားတွေရော၊ ထောင်တာဝန်ခံတွေရဲ့ လေးစားမှုကို ခံနေတယ်လို့ အမိပ္ပာယ်ရတယ်၊ အဲဒီတော့ ဘယ်အာဏာပိုင်ကမှ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com


နှိပ်စက်ညှဉ်းပန်းလို့ မရတော့ဘူး'

ဒေးဗစ်၏ နောက်ဆုံးစကားများကို ဂျရာမီယာက မကြားလိုက်

အလွန်သိမ်မွေ့ပြီး၊ သတ္တိနည်းသည့် ကောင်ကလေးကို လွန်ခဲ့သော နှစ်နှစ်ခန့်က သူ လွှတ်လိုက်စဉ်က ပုံကိုမျက်စိထဲ ပြန်မြင်လိုက်ရသဖြ ကြက်သီးများ ထသွားသည်။ နံနက်စောစော မိုးမလင်းမီ ကြိုးစင်အောက်မှ ငွေစက္ကူအထပ်လိုက်ကိုင်ပြီး ကြိုးစင်ပေါ်က ကြိုးပေးသမား၏လုပ်ငန်း စိစစ်နေသည့်ပုံကို မြင်ယောင်လာသည်။

သည်ကောင်စိတ်များမှန်မှ မှန်ပါဦးမလား။ သည်လောက်စက်ဆုပ် ရွံရှာစရာကောင်းသည့် လုပ်ငန်းကို လုပ်နေရသော ငရဲပြည်ထဲမှာ သူ ပုံမှ အတိုင်း ရှိမှ ရှိနေပါဦးမလား။ ထိုနေ့ကစပြီး ရောဘတ်ကို ဘယ်နည်းနှင့်မ ကယ်တင်ရန် သူဆုံးဖြတ်လိုက်သည်။ နည်းမျိုးစုံနှင့် ကြိုးစားခဲ့သည်။ ဒါပေ အခွင့်အရေးကို နောက်ထပ် နှစ်နှစ်ခန့်ကြာမှ ရရှိခဲ့သည်။

အီရတ်သမ္မတကို လုပ်ကြံရန် အရာရှိတစ်ချို့ စီစဉ်ဆောင်ရွက် ခြင်းကို မော့ဆက်က သိလိုက်သည်။ အများ ပိတ်ပင်တားဆီးနေသည့်ကြား ဂျရာမီယာသည် လန်ဒန်ကို သွားပြီး အီရတ်သမ္မတ၏ ကိုယ်ရေးအကြံ ပုဂ္ဂိုလ်ကို သွားတွေ့ခဲ့သည်။

ရောဘတ်ဘင်းကို လွှတ်ပေးခဲ့လျှင် လုပ်ကြံမှုအရာရှိများ၏ နာမည် ကိုပေးမည်ဆိုပြီး အလဲအလှယ် လုပ်ခဲ့သည်။ နောက် တစ်ပတ်ခန့်အကြာမှ အစ္စရေးသို့ ရောဘတ် ပြန်ရောက်လာသည်။

ဂျရာမီယာက ရောဘတ်ကို လေယာဉ်ကွင်းမှာ တစ်ယောက်တည်း စောင့်ကြိုခဲ့သည်။ သူ၏မိသားစုများကို အကြောင်း မကြားရသေး။

အဘိုးကြီးက ရောဘတ်ကို သူခံစားခဲ့ရသည့် ဒုက္ခများအတွက် လူရော စိတ်ပါ ပုံပျက် ပန်းပျက် တွေ့ရလိမ့်မည်ဟု မျှော်လင့်ထားသည်။ ဒါပေမဲ့ ဣန္ဒြေရရ အပြုံးမပျက်ဘဲ ဆံပင်ကလည်း ဆက်လက်နက်မှောင် နေသော ရောဘတ်ကို မြင်လိုက်ရတော့ သူအလွန်အလွန် အံ့သြသွားမိသည်။

ရောဘတ်က နည်းနည်းလေး ပိုပြီးရင့်လာ၊ နည်းနည်း ပိုဝလာသည် ကလွဲ၍ ပြောင်းလဲမှု သိပ်မရှိ။

ဂျရာမီယာက သူ၏လက်အောက်ငယ်သား ရှေ့မှာ စကားမပြော နိုင်ဘဲ မျက်ရည်ကျလုမတတ် ဆို့နေခဲ့သည်။

မိသားစုများနှင့်ရော၊ အဖွဲ့မိတ်ဆွေများနှင့်ပါ တပျော်တပါး ပြန်လည်ဆုံမိပြီး သူ့အတွက် မော့ဆက်၏ဂုဏ်ပြုညစာစားပွဲကြီး ကျင်းပ ည့်နောက်မှသာ ဂျရာမီယာက

'ရောဘတ် မင်း ဘယ်လိုများလုပ်ခဲ့တာလဲ'

ဆိုသော မေးခွန်းကို သူ မေးဝံ့တော့သည်။

ရောဘတ်က မေးခွန်း၏ အတိမ်အနက်ကို နားလည်လိုက်သည်။ သူ၏ မျက်လုံးနက်နက်ထဲမှာ မမှန်းဆနိုင်သော နာကျင်သည့် သဘော တွအာကလေးရိပ်ခနဲ ပေါ်လာသည်။

သူ၏အဖြေက ပိုလို့ပင် နားမလည်နိုင်စရာ ဖြစ်လာခဲ့သည်။

'ကျွန်တော် ပေါင်မုန့်စားတယ်၊ ပေါင်မုန့် အလုံးလိုက်ကို ကျွန်တော် းပစ်တယ်၊ ခင်ဗျားတို့ သိတဲ့အတိုင်း ကျွန်တော်က ပေါင်မုန့် ကြိုက်တယ်၊ ကျွန်တော် တစ်နေ့လုံး စားတယ်၊ နေ့တိုင်းစားတယ်၊ ဝါးလိုက်၊ မျိုလိုက်၊ းလိုက် မျိုလိုက်နဲ့ လုပ်နေရာက သူတို့ ငါ့ကို ဒီနေရာက လွှတ်အောင် ပ်ကြမှာ၊ သူတို့ အတတ်နိုင်ဆုံး ကြိုးစားကြမှာပါလို့ပြောပြီး ပေါင်မုန့်ကို က်ပြီး စားနေတာပဲ'

သူက သူ၏ခါးကို လက်ညှိုးထိုးပြလိုက်ပြီး ခပ်ပြုံးပြုံးနှင့်

'ဒီမှာသာ ကြည့်တော့'

'ပေါင်မုန့်စားတယ်' ဂျရာမီယာက သည်အဖြေကို မပြေလည်သဖြင့် မော့ဆက်၏ စိတ်ရောဂါကု ဆရာဝန်ဘက်သို့ ခေါင်းညိတ်ပြလိုက်သည်။

လူ၏အခြေခံ အလုပ်တစ်ခုဖြစ်သော စားသောက်ခြင်းကို စိုက်လိုက် တ်တတ်လုပ်ခြင်းဖြင့်၊ ကိုင်တွယ်၍ရသော ပေါင်မုန့်ဆိုသည့်ပစ္စည်းကို မှီသဟဲပြုလိုက်ခြင်းဖြင့် ရောဘတ်သည် ဘဝ၏တွယ်တာစရာတစ်ခုကို ရှိသွားသည်ဟု ဆရာဝန်က ရှင်းပြသည်။

'တချို့လူတွေဟာ အလွန်ကြီးမားတဲ့ စိတ်သောက ရောက်တဲ့အခါ ိုးမှာ ဖြေသိမ့်စရာတစ်ခုကို ရှာဖွေရရှိသလိုပဲ၊ သူကစားသောက်ခြင်းမှာ ဖြေသိမ့်ဖို့ရခဲ့တယ်၊ သူ့ရဲ့ဦးနှောက်ထဲမှာ အနှောင့်အယှက်ဖြစ်တဲ့ စဉ်းစား ရာ အကြောင်းအရာ တချို့ကို ပိတ်ပစ်နိုင်ခဲ့တယ် နံနက်တိုင်း သူ့ရဲ့အချုပ် န်းထဲကို ပေါင်မုန့်၊ ပုံမှန်အတိုင်းရောက်ဖို့ လုပ်နေကြမှာပဲလို့ သူယုံကြည် ားတယ်၊ အဲဒီသဘောတရားကို ခင်ဗျား သဘောပေါက်ရဲ့လား'

ဂျရာမီယာ နားလည်လိုက်သည်မှာ တခြား အမှန်တရားတစ်ခုဖြ လသည်။ မိတ်ဆွေ သူငယ်ချင်းများနှင့် မော့ဆက်သည် ရောဘတ်ဘင်း၏ အသက်တည်ရာ မှီခိုရာ ဖြစ်လာခဲ့သည်။ ယခုအချိန်မှာ သူ့ကို ဂုဏ်ထူး ဆောင်နှင့် အနားယူခိုင်းလို့ပင် မဖြစ်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com

သူ၏မိခိုရာ အလုပ်ကို ခုချိန်မှာ ဖျက်လိုက်လျှင် နှစ်ပေါင်းများ စိတ်မဖောက်မပြန်ဘဲ ခိုင်မြဲစွာ ရပ်တည်နေနိုင်သော သူ့အင်အား ရုတ်တရက် ပြိုကွဲသွားပေလိမ့်မည်။

ထို့ကြောင့် ဂျရာမီယာက သူ့ကို မော့ဆက်အဖွဲ့ထဲမှာ ဆက် အလုပ် ပေးထားရသည်။

အာရပ်လောက တစ်ခုလုံးမှာရှိသော လျှို့ဝှက်ထောက်လှမ်း အဖွဲ့များတွင် သူ၏မှတ်တမ်းများ၊ ဓာတ်ပုံများ ရှိနေပြီမို့ သူ့ကို နောက် လျှို့ဝှက်သည့် အလုပ်ခိုင်းရန် မဖြစ်နိုင်တော့။

သူ့ကို မိတ်ဆွေနိုင်ငံများနှင့်သာ ဆက်ဆံရသော နိုင်ငံခြားဌာနအ (၂)၏ အဖွဲ့ခေါင်းဆောင်အဖြစ် ခန့်အပ်လိုက်ရသည်။ သူသ ဂျရာမီယာ၏ ကိုယ်ရေးကိုယ်တာ သံတမန်ဖြစ်လာသည်။ ယခု မြူလာကိစ္စ လည်း သူ့ကို သည်ပုံစံမျိုးနှင့် တာဝန်ပေးရန်ဖြစ်လေသည်။

'မင်း ပေါင်မုန့်ယူဦးမလား'

'တော်ပြီ'

ရောဘတ်က ရုတ်တရက်လက်ကာပြကာ ပြန်ဖြေလိုက်ပြီး ဂျရာမီယာ၏ မေးခွန်းအမိပ္ပာယ်ကို သဘောပေါက်သွားပြီး ရယ်မောလို သည်။

'ဒီအကြောင်းတွေနဲ့ ပတ်သက်ပြီး ခင်ဗျားကို ကျွန်တော်ပြောမိ မှားတယ်'

ဂျရာမီယာက ကြွေနြေပြန်ဆည်လိုက်သည်။

'ကဲ ငါတို့ အလုပ်အကြောင်း ပြောကြစို့၊ မြူလာနဲ့ ပတ်သက် ငါခိုင်းတာ မင်းလုပ်ပြီးပြီလား'

'ဟုတ်ကဲ့ ကျွန်တော် လုပ်ပြီးပြီ'

ရောဘတ်က သူ့အင်္ကျီအတွင်းအိတ်ထဲမှ စာအိတ်တစ်အိတ် ထုတ် ဂျရာမီယာကို လှမ်းပေးလိုက်သည်။

'အဲဒါ ကျွန်တော့်အစီရင်ခံစာ၊ အရေးကြီးတဲ့ အချက်အလက်တွေ ခင်ဗျား ကြားချင်မှာပဲ'

ဂျရာမီယာက ခေါင်းညိတ်ပြလိုက်သည်။

'မြူလာရဲ့ဖိုင်တွဲကို တယ်လီဗီးရှင်းကရတဲ့ ဓာတ်ပုံနဲ့ ဘီရွတ်က သတင်းပို့ချက်တွေ အပါအဝင် ကျွန်တော် ဥရောပမှာရှိနေတဲ့ အစိ ထောက်လှမ်းရေးအဖွဲ့တွေဆီကို ပို့ပြီးပြီ'



'အမေရိကန်တွေဆီက ဘာရသလဲ'

အမေရိကန် ထောက်လှမ်းရေးအဖွဲ့ဆီကို ကျွန်တော်ကိုယ်တိုင်သွား တယ်'

သူတို့က အက်ဘီအိုင် မူးယစ်ဆေးဝါးကာကွယ်ရေးဌာန၊ ထောက် မ်းရေးနဲ့ စီအိုင်အေတို့မှာ စုံစမ်းကြည့်တယ်၊ မြူလာနဲ့ပတ်သက်ပြီး ဘာမှ တွေ့ရဘူး'

'သူတို့မှာ ကွန်ပျူတာ ဓာတ်ပုံမှတ်တမ်းရှိတယ်၊ မြူလာက တစ်ခြား ည်နဲ့ ရှိချင်ရှိနေမှာ အဲဒီမှာလည်းကြည့်ဖို့လိုတယ်'

ဂျရာမီယာက ထပ်ဖြည့်လိုက်သည်။

ရောဘတ်က ခေါင်းယမ်းပြလိုက်ပြီး

'အဲဒီမှာ သူတို့စစ်ဆေးကြသေးတယ်၊ ကျွန်တော် ပြောသလိုပဲ၊ ဘာမှ တွေ့ရဘူး'

'ဥရောပ အဖွဲ့တွေမှာရော'

ဂျရာမီယာက ဆက်မေးလိုက်သည်။ ဖော်လ်ဂါက လက်ဖက်ရည် နှင့် ဝင်လာသဖြင့် ရောဘတ်က သူမစားပွဲရှင်းလင်းပြီး လက်ဖက်ရည် တာန်များ ချနေသည်ကို စောင့်ဆိုင်းနေလိုက်သည်။

သူမ ထွက်မသွားခင် ရောဘတ်ကို ပြုံးပြီး နှုတ်ဆက်လိုက်သဖြင့် ဘတ်ကလည်းပြုံးပြီး နှုတ်ဆက်လိုက်သည်။

'ကဲ ဆက်စမ်းပါဦး'

ဂျရာမီယာက စိတ်မရှည်နိုင်ဘဲ မေးလိုက်သည်။

'အဖြေကတော့ နတ္ထိပဲ၊ မြူလာကို အီတလီမှာ၊ အင်္ဂလန်မှာ၊ လန်မှာ နောက်ပြီး စကင်ဒီနေဗီယန်းနိုင်ငံအားလုံးမှာ ဘယ်သူမှ ကြဘူး'

'အိုင်းရစ်တို့နဲ့ရော စစ်ဆေးကြည့်သေးလား'

'မစစ်ဆေးခဲ့ရသေးဘူး'၊ ခုတလော ဒဗ္ဗလင်ဘက်မှာ ပေါက်ကြားမှု ရှိနေတယ်လို့ သတင်းရတယ်၊ အဲဒီတော့ ကျွန်တော်တို့ အရဲစွန့်ပြီး ်ချင်ဘူး။ သူ့ကို ကျွန်တော်တို့ စုံစမ်းရှာဖွေနေတယ်ဆိုတာ သိသွားပြီး ိုးသွားရင် ကျွန်တော်တို့ သူ့ကို ရှာလို့ရတော့မှာ မဟုတ်ဘူး'

ရောဘတ်က အဘိုးကြီး မကြိုက်မှန်းသိလျက်နှင့် စီးကရက် လိပ်ကို မီးညှိလိုက်သည်။

'ဒီနည်းအတိုင်းပဲ၊ စပိန်နဲ့ ပေါ်တူကီမှာလည်း ကျွန်တော်မစုံစမ်းခဲ့

www.burmeseclassic.com

www.burmeseclassic.com

ဘူး၊ သူတို့ လုပ်ပုံလုပ်နည်းက မပိရိဘူး၊ အဲဒီတော့ သူတို့ကို အားကိုး
မဖြစ်ဘူး၊ ဒါကြောင့် ကျွန်တော့်မှာ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံပဲ ကျန်တော့တ

'သူတို့ကရော အကူအညီပေးကြရဲ့လား'

'ဘယ်ပေးပါ့မလဲ'

ရောဘတ်က ခါးခါးသီးသီး ပြောလိုက်သည်။

'သူတို့က ကျွန်တော်တို့ကို အာရပ်ရေနံ လေးငါးပုံးနဲ့ ရောင်း
မယ့် လူစားမျိုးတွေပဲ၊ ပြင်သစ်ငြင်းပုံ ငြင်းနည်းကတော့ ယဉ်တယ်'

ဂျူရာမီယာက ခေါင်းငဲ့ပြီး ဆက်နားထောင်နေသည်။

'ပြင်သစ်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့က ကျွန်တော်တို့
တောင်းဆိုချက်ကို စစ်ထောက်လှမ်းရေးဘက် လွှဲချလိုက်တယ်၊ စစ်ထော
လှမ်းရေးက ရဲဆီလွှဲတယ်၊ ရဲက အင်တာပိုကို လွှဲတယ်၊ အင်တာပို
ဒီလူအကြောင်း သူတို့မှတ်တမ်းမှာ မရှိဘူးလို့ အဖြေပေးလိုက်တယ်'

'မဖြစ်နိုင်တာ'

ဂျူရာမီယာက ဒေါသတကြီး ပြောလိုက်သည်။

'မြူလာဟာ ဘီရွတ်ကနေပြီး ပဲရစ်ကို လေယာဉ်ပျံနဲ့ ပြန်လာတ
သူ့နိုင်ငံကူးလက်မှတ်က နာမည်အတိုင်း ဖြစ်မှာပဲ၊ ပြီးခဲ့တဲ့အင်္ဂါနေ့
လေယာဉ်ပျံကဆင်းတဲ့ လူစာရင်းကို ပြန်ရှာလိုက်ရင် သူ့ကို ချက်ချင်းတွေ့
တာပဲ'

ရောဘတ်က သဘောမတူသည့်အနေဖြင့် ခေါင်းယမ်းပြလိုက်သ

'ခင်ဗျားကို ကျွန်တော် မိကျောင်းမင်း ရေခင်းပြသလို မလုပ်
ပါဘူး၊ သူဟာ စောစောကတည်းက ပဲရစ်ကနေပြီး တခြားမြို့တစ်မြို့
သွားဖို့ လေယာဉ်လက်မှတ် ကြိုတင်ပြီး ယူထားလို့ရှိရင် လူဝင်မှုအရာရှိ
ဖြတ်သွားဖို့မလိုအောင် သူ စီစဉ်ထားလို့ရတယ်၊ သူ့အနေနဲ့ အလွယ်တ
လုပ်နိုင်တာက လေယာဉ်ပျံပေါ်က ဆင်းလာပြီး၊ ကြားခရီးသည် နားနေ
မှာခဏနား။ ပြီးတော့ ဒုတိယလက်မှတ်ကိုပြပြီး တစ်နေရာကို ထွက်သွာ
တယ်၊ သူ့မှာ ပါလာတဲ့ ခရီးသွားသေတ္တာကို တောင်မှ အဲဒီမြို့ကို ရွှေ့ပြော
ပို့ပေးလို့ရတယ်'

'အေး ဒါဖြစ်နိုင်တယ်'

ဂျူရာမီယာက ငြိမ်ငြိမ်ကလေး ခဏထိုင်နေပြီးမှ

'ဒီနောက်တော့ သူ ဘာလုပ်နိုင်သေးလဲ'

'နောက်တစ်နည်း လုပ်နိုင်တာကတော့ လူပြောင်းဖို့ပဲ၊ လေယာ



တွင်းမှာ ဒီအလုပ်ဟာ ကလေးကစားစရာပဲ၊ ဒီအလုပ်မျိုးကို ကျွန်တော်တို့
ခဏခဏ လုပ်နေတာပဲ၊ ခရီးသည်တွေက စားပွဲခြောက်လုံးသာရှိတဲ့ လူဝင်မှု
ကြီးကြပ်ရေးအဖွဲ့ကို ဝိုင်းပြီး တိုးနေကြတာ၊ ဒီတော့ ခရီးသည်တွေရဲ့
လေယာဉ်လက်မှတ်ကို မေးမနေတော့ဘူး၊ မြူလာက သူ့ရဲ့ဂျာမန်ပတ်စပို့ကို
ညှို့ထားလိုက်ပြီး တခြားစာရွက်စာတမ်းတွေ ထိုးပေးလိုက်ရင် ရတာပဲ၊
လေယာဉ်ပေါ်က ဆင်းတဲ့မှတ်တမ်းကိုလည်း သူကြိုက်ရာ လေယာဉ်အမှတ်
ကို ရေးထည့်လိုက်ရင် ပြီးတာပဲမဟုတ်လား၊ ဒီအကြောင်းကိုသိတဲ့အခါကျမှ
နောက်ကြောင်းပြန် လိုက်ရှာရင် လနဲ့ချီပြီး ကြာမှတွေ့လိမ့်မယ်'

'အေး ဟုတ်တယ်'

ဂျူရာမီယာက အော်လ်ဂါ ချပေးခဲ့သည့် လက်ဖက်ရည်ကို
သောက်လိုက်သည်။

'ဂျာမန်တွေကရော ဘယ်လိုလဲ၊ မပေးဘူးလို့ ပြောလိုက်သလား'

'သူတို့က မပေးဘူးလို့ ပြောလိုက်ရုံတင်ဘယ်ကမလဲ၊ ဘာကြောင့်
အကူအညီမပေးသေးဘူးဆိုတာတောင် ပြောလိုက်သေးတယ်'

'ဘာကွ'

'လွန်ခဲ့တဲ့ သုံးလလောက်က ဂျာမန်မဂ္ဂဇင်းတစ်စောင်မှာပါတဲ့
ဆောင်းပါးတစ်ပုဒ်ကို ခင်ဗျား မှတ်မိသေးလား၊ ကျွန်တော်တို့ရဲ့ ကျွမ်းကျင်သူ
နှစ်ယောက်က မြူးနစ်မြို့မှာ အကြမ်းဖက်သမားတစ်ယောက်ကို စစ်ဆေး
မေးမြန်းတဲ့ အကြောင်းလေ'

'အဲဒါက သူတို့ကိုယ်တိုင် တောင်းဆိုလို့ ငါတို့က သွားလုပ်ကြရတာ၊
အဲဒီတုန်းက ဂျာမန်လျှို့ဝှက်ထောက်လှမ်းရေးရဲ့ လက်ထောက်ညွှန်ကြားရေးမှူး
ကိုယ်တိုင် ငါတို့ဆီကို တစ်ယောက်ယောက်လွှတ်ပေးပါလို့ တောင်းတာ၊ ငါတို့က
လွှတ်တာမဟုတ်ဘူး'

'ဟုတ်ပါတယ်၊ ဒီသတင်းပေါက်ကြားသွားတယ်၊ ဒီအကြောင်းနဲ့
ပတ်သက်ပြီး သူတို့ ရှင်းလင်းချက်တွေ လုပ်ရတယ်၊ ဒါကို အာရပ်တွေက
သဘောမကျဘူး၊ ဒီတော့ ကျွန်တော်က သူတို့ အကူအညီသွားတောင်းတော့
သူတို့က ဖြောင်ပဲ မကူညီနိုင်ဘူးလို့ ပြောလိုက်ကြတယ်'

ဂျူရာမီယာက စားပွဲကို လက်သီးနှင့် တအားထုလိုက်သည်။ စားပွဲ
ပေါ်မှ လက်ဖက်ရည်ပန်းကန်များ ထခုန်ကုန်သည်။

'ဒွိ'

သူက ဒေါသတကြီး စပြောလိုက်ပြီးမှ သူ့ကိုယ်သူ ပြန်ထိန်းလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

နှုတ်ခမ်းများကို တင်းထားလိုက်သည်။

ရှောဘတ်က စီးကရက် နောက်တစ်လိပ် ထပ်ညှိသည်။

'ဂျရာမီယာ၊ ခင်ဗျား ဒီဇာတ်လမ်းအဆုံးကို မကြားရသေးဘူး'

'မင်း ဘာဆိုလိုတာလဲ'

'ကျွန်တော် ဆိုလိုတာက ဂျာမန်တွေမှာ အဲဖရက်မြူလာနဲ့ ပတ်သက်တဲ့ ဖိုင်တစ်ခုရှိတယ်'

'မင်း ဒါကို အရင်းဆုံး ပြောဖို့ကောင်းတယ်၊ ဒီလို လုပ်ပုံလုပ်နည်းမျိုးကိုငါမကြိုက်ဘူး၊ မင်းက ဇာတ်စင်ပေါ်မှာ ဇာတ်ကနေတာ မဟုတ်ဘူး မော့ဆက်ကလည်း ဇာတ်ရုံမဟုတ်ဘူးကွ'

အဘိုးကြီး၏ စကားသံများက စူးစူးရှရှ ဖြစ်လာသည်။

'တဲ ဆက်ပြောစမ်း'

ဘင်းက ဂျရာမီယာ စိတ်ဆိုသည်ကို အေးဆေးစွာပင် လက်ခံလိုက်သည်။

'ဂျိုစင်ရှာဆိုတဲ့ လူကို ခင်ဗျား မှတ်မိသေးလား'

'နာဆီတွေကို လိုက်ဖမ်းတဲ့လူ မဟုတ်လား၊ ငါ မှတ်မိတာပေါ့၊ ငါတို့ သူနဲ့အတူတူ လုပ်ခဲ့ဖူးသေးတာပဲ၊ အဲဒါ နှစ်တော်တော် ကြာသွားပြီပဲ၊ အင်း သူဟာ ခုဆို ခြောက်ဆယ့်ငါးနှစ်လောက်ရှိရော့မယ်၊ ငါက သူ အနားယူသွားပြီလို့ ထင်နေတာ'

'သူ အနားမယူသေးဘူး၊ မှတ်တမ်းရုံးမှာ လက်ရှိအလုပ်ကို လုပ်နေတုန်းပဲ'

'သူဟာ တကယ့်မိတ်ဆွေတစ်ယောက် ဖြစ်ခဲ့တယ်'

'ခုလည်း မိတ်ဆွေဖြစ်နေတုန်းပဲ၊ ကျွန်တော့်ကို ဂျာမန်စုံထောက်အဖွဲ့က ငြင်းလိုက်တော့ ကျွန်တော် သူ့အိမ်ကို ဖုန်းလှမ်းဆက်လိုက်တယ်၊ သူ့ကို မေးခွန်းတစ်ခွန်းတည်းပဲ မေးလိုက်တယ်၊ သူတို့ရဲ့ မှတ်တမ်းရုံးမှာ မြူလာနဲ့ ပတ်သက်တဲ့မှတ်တမ်းရှိ၊ မရှိဆိုတာပဲ မေးလိုက်တယ်၊ ဒီထက်ပိုမေးနေရင် တရားရာကျမှာမဟုတ်လို့ ကျွန်တော် ဆက်မမေးတော့ဘူး'

'ဒီတော့ သူ့အဖြေက'

'အဖြေကတော့ 'ရှိတယ်' လို့ ဖြေလိုက်တယ်၊ သူတို့မှာ အဲဖရက်မြူလာနဲ့ပတ်သက်တဲ့ ဖိုင်တစ်ခုရှိတယ်'

ဂျရာမီယာက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ငြိမ်သက်စွာဆက်လတ်စဉ်းစားနေတော့သည်။



သည့်နောက် ဂျရာမီယာက သူ့လက်နှစ်ဖက်ကို အလုပ်တိုစ္စပြီးသည်နေဖြင့် စားပွဲပေါ်သို့ တင်လိုက်လေသည်။

သူ စိတ်ဆိုးမနေတော့သဖြင့် သူ့ မျက်လုံးပြာများသည်လည်း ..ဝှက်သော ကြည်နူးမှုများနှင့် တောက်ပနေသည်။

ရှောဘတ်ကို လက်ညှိုးနှင့် လှမ်းထောက်လိုက်ပြီး

'မင်း ဘွန်းကိုသွားရမယ်၊ ဖိုင်ကို မင်း ရအောင်ယူခဲ့ရမယ်၊ ဘယ်လို ..မယ်ဆိုတာ မင်းကို ငါ အတိအကျ ပြောပြမယ်'

www.burmeseclassic.com

www.burmeseclassic.com

## ၁၁

မိုက်ကယ်ဂေါ်ဒွန်က သူ၏ မျက်နှာကို ပိုးခြည်ကဲ့သို့သော ဆံပင်များထဲ နှစ်မြှုပ်လိုက်ပြီး မော်ရင်း၏ လန်းဆန်းလတ်ဆတ်သော မွှေးရနံ့ကို ရှူ လိုက်သည်။

သူ၏ နှုတ်ခမ်းသည်လည်း သူမ၏နူးညံ့ပျော့ပျောင်းသည့် လည်ဂ တစ်လျှောက် ရွေ့လျားနေသည်။ သူ၏နှုတ်ခမ်းအောက်မှာ သူမ၏နားရွ ကလေးကို တို့ထိလိုက်မိသည်။ အနေးနှင့် အမြန် ပြောရတော့မည်ကို သိလိုက်သည်။

ထို့ကြောင့် သူက လေသံတိုးတိုးဖြင့်

'ငါ နောက်အပတ်မှာ တခြားကို သွားစရာရှိတယ်၊ နည်းနည်း ကြာမယ်'

သူမ၏ ခန္ဓာကိုယ် အနည်းငယ် တောင့်သွားသည်ကို သူသိလိုက် သည်။ သူမက သူ့ကို ဖတ်ထားရာမှခွာပြီး၊ နောက်သို့ အနည်းငယ်ဆုတ် သူ့ကို စိုက်ကြည့်သည်။ ဆောင်းလေနုအေးက သူမ၏ ဆံပင်ကို ဆော့က နေပြီး မျက်နှာပေါ်သို့ ရွှေရောင်တန်းကလေးများ မှုတ်လွှင့်နေသည်။

ယနေ့သည် တနင်္ဂနွေနေ့ နံနက်ဖြစ်သည်။ ပန်းခြံထဲမှာ လူ လုံးဝမရှိသလောက် ဖြစ်နေသည်။ တခြား စုံတွဲတစ်တွဲက ပန်းချုံများအ သို့ တွဲလျှောက်သွားနေသည်။

အကျီအနက်ဝတ်ထားသော အဘွားအိုတစ်ယောက်က သံတ လျှားတစ်ခုပေါ်မှာ ထိုင်နေသည်။ သူမကြဲထားသော ပြောင်းဖူးစေ့များ



ရန် သူ့အနားမှာ ခိုကလေးတွေ စုပြုံနေကြသည်။

'ရှင် ထွက်သွားတော့မှာလား'

သူမ၏အသံက ကြေကွဲနေပြီး မျက်လုံးစိမ်းစိမ်းထဲမှာ အုံ့ညှိုးရိပ်များ ရှိနေသည်။

'ဘယ်ကိုသွားမှာလဲ မိုက်ကယ်'

သူက အဖြေမပေးဘဲ၊ သူမ၏ပခုံးနှစ်ဖက်ကို အသာကိုင်ပြီး

'မော်ရင်း၊ လာ ထိုင်ကြရအောင်'

သူတို့အနားမှာ ဆေးအစိမ်းရောင်သုတ်ထားသော တန်လျှားတစ်ခု ရှိနေသည်။

'မထိုင်ဘူး'

မျက်နှာပေါ်သို့ ဝဲကျလာသော ဆံပင်များကို ခေါင်းယမ်းပြီး ဖယ်လိုက်သည်။

'ရှင် ဘယ်လိုသွားမှာလဲ' ထပ်မေးလိုက်သည်။

သူက အသက်ပြင်းပြင်း တစ်ချက်ရှိုက်လိုက်ပြီး

'ငါ မသွားလို့ မဖြစ်ဘူး' မရောမရာ ပြန်ပြောလိုက်သည်။

'နှစ်လ သုံးလလောက်ကြာရင် ငါပြန်လာမှာပါ'

မော်ရင်းက စကားမပြောဘဲ ငြိမ်နေပြီး သူ့မျက်နှာကို မလှုပ်မယှက် ကြည့်နေလေသည်။

'အဲဖရက်မြူလာ မဟုတ်လား'

သူမက နောက်ဆုံးမှာ တိုးတိုးကလေး မေးလိုက်သည်။

'မင်း ဘာကို ဆိုလိုတာလဲဟင်'

'အဲဒါ အဲဖရက်မြူလာ ဟုတ်တယ်'

သည်တစ်ကြိမ်သည် မေးခွန်းမဟုတ်တော့။

'ဟိုညက ရှင့်ကိုသူဖုန်းဆက်တယ်၊ သူနဲ့တွေ့ဖို့ ချိန်းတယ်၊ ခုရှင့်ကို ခေါ်သွားမို့တယ်'

ဆက်ပြီး လိမ်ပြောနေ၍ မဖြစ်တော့၊ 'အေး ဟုတ်တယ်'

သူက သူမကို တည့်တည့်ကြည့်ပြီး ဖြေသည်။

'အဲဖရက်က ငါ့ကို သူတို့အဖွဲ့ရဲ့ လှုပ်ရှားမှုတစ်ခုမှာ ပါဝင်ဖို့ ခေါ်တယ်၊ ငါက ဝမ်းမြောက်စွာနဲ့ လက်ခံလိုက်တယ်၊ အဲဒါ ဘာဖြစ်လို့လဲ'

သူမက ခေါင်းကို အသာယမ်းလိုက်သည်။

'ဘာမှ မဖြစ်ပါဘူး၊ ရှင်က အဲဒါကိုပဲ လုပ်ချင်နေတယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



သူမကို ငုံကြည့်လိုက်သောအခါ သူ့ လည်ချောင်းထဲ တစ်ဆို့ဆို့ ဖြစ်လာသည်။

'အေးလေး ဟုတ်မှာပေါ့' သူက မရေမရာ ဖြေလိုက်သည်။

သူမက ကြားနိုင်လောက်ရုံ လေသံတိုးတိုးဖြင့်

'မိုက်ကယ် ရှင် ဘယ်ကိုရောက်နေတာလဲ'

'ငါက ဘယ်သူ့ကိုမှ မပြောရဘူးလို့ အပိတ်ပင်ခံထားရတယ်'

'ရှင်က ဘယ်သူ့ကိုမှ မပြောရဘူး ဟုတ်လား၊ ကျွန်မကိုတော့ ရှင်ပြောနိုင်ပါတယ်၊ ပက်ထရစ်က ကျွန်မကို ဘယ်တော့မှ လျှို့ဝှက်ချက် လျှို့မထားဘူး'

'အင်း'

သူ ဘယ်လိုပြန်ပြောရမှန်း မသိတော့။

'ဒီလိုလေ ဒီကိစ္စမှာ ပက်ထရစ်မပါဘူး'

သူမက ခေါင်းအသာငဲ့ပြီး သူ့ကို မယုံကြည်နိုင်သော မျက်နှာ နှင့်ကြည့်လိုက်သည်။

'အဲဒါတော့ ကျွန်မနားမလည်နိုင်တော့ဘူး၊ ရှင်က ပက်ထ တောင်မသိတဲ့ လုပ်ငန်းကြီးတစ်ခုကို ပါဝင်လုပ်ဆောင်ရမယ်လို့ ကျွန်မ ပြောပြနေတာလား၊ ရှင် ဆိုလိုချင်တာ ဒီအဓိပ္ပာယ်ပဲ မဟုတ်လား'

သူက စိတ်ဖျက်စွာ သက်ပြင်းချလိုက်သည်။

'ဒီမှာ မော်ရင်းရယ်၊ ငါ့ကိုတော့ သိပ်အကြပ်မကိုင်ပါနဲ့ကွာ၊ အဲဖ တို့ရဲ့ လုပ်ငန်းတွေမှာ ငါဘယ်လောက် ပါဝင်ချင်တယ်ဆိုတာ မင်းကို ပြော ပြီးသားပဲ၊ ခု ငါ့မှာ အခွင့်အရေးရပြီလေ၊ ဒါကြောင့်မို့ ငါ လက်ခံလိုက်တ အဲဒါ မင်း နားလည်သဘောပေါက်တယ် မဟုတ်လား'

သူ၏ အသံက စိတ်ပါလက်ပါဖြစ်လာသည်။

'ငါ့အတွက် ဘယ်လိုအဓိပ္ပာယ်မျိုးဆောင်နေတယ်ဆိုတာ မင်း နေတယ် မဟုတ်လား၊ ဒီအကြောင်း ဘယ်သူ့ကိုမှ မပြောရဘူးလို့ ပိတ်ပင်ထားတယ်၊ ခု မင်းကို ငါတစ်ခုခုပြောပြလိုက်ရင် ငါ့ အခွင့်အ ဆုံးရှုံးသွားမှာပဲ၊ အဲဒီတော့ ငါ့ကို ဆက်မမေးနဲ့တော့ကွယ်'

သူမ မျက်နှာက ခုအချိန်အထိ မပြေလည်သည့်ပုံ ပေါ်နေ သော်လည်း စိတ်ပြောင်းလိုက်ပြီး မျက်လွှာချကာ

'ကျွန်မ မမေးတော့ပါဘူးရှင်' 'ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွ နည်းနည်း စိတ်ရောကိုယ်ပါ ဖြစ်မိသွားတယ်လို့ ထင်တယ်၊ ကျွန်မမှာ

ဆက်အရင် ချစ်သူတစ်ယောက်ပဲ ရှိခဲ့ဖူးတယ်လို့ ရှင့်ကို ကျွန်မပြောခဲ့ဖူးတယ် သူ့နာမည်က ကီဗင်တဲ့၊ သူက အိုင်းရစ်အမျိုးသား၊ အများအခေါ် အရ သွတ်လပ်ရေး တိုက်ပွဲဝင်သူများလို့ ခေါ်ကြတယ်၊ သူဟာ ဘဲလဖတ်မြို့မှာ အသတ်ခံရတယ်၊ သူသေပြီးကတည်းက'

သူမက တံတွေးကို တစ်ချက်မျိုချလိုက်ပြီး မျက်ရည်များ ကျမလာ စေရန် အားယူထိန်းသိမ်းလိုက်သည်။

'ကျွန်မရဲ့ဘဝမှာ နောက်ထပ် ဘယ်အမျိုးသားမှ မရှိခဲ့ဘူး၊ ခုကျမှ ရှင်ပဲရှိတယ်၊ ကျွန်မ သူ့ကို ဆုံးရှုံးရသလို ရှင့်ကို မဆုံးရှုံးချင်ဘူး'

သူမက မျက်နှာကလေးကို မော့လိုက်သောအခါ မျက်လုံးအိမ်ထဲမှာ မျက်ရည်များ ပြည့်နေသည်။

'ရှင်ရဲ့ တော်လှန်ရေးက ပြန်လာတဲ့အခါ ကျွန်မကို လာရှာပါနော်၊ ဟုတ်လား မိုက်ကယ်'

သူမက ရုတ်တရက်လှည့်လိုက်ပြီး ကျောက်ဖြူခင်းထားသော လမ်းကလေးဆီသို့ ပြေးသွားသည်။

မိုက်ကယ်က မော်ရင်းပြောသွားသော စကားများ၏ အတိမ်အနက် ကို ချင့်ချိန်ကာ မလှုပ်မယှက် ရပ်နေမိသည်။ သတိပြန်ရသောအချိန်မှာ ထွက်ပြေးသွားသော မော်ရင်းနောက်သို့ ဆက်လိုက်သွားသည်။

သူမက စိန့်မစ်ချယ်လမ်းပေါ်က လူအုပ်ကြီးထဲမှာ ပျောက်သွား လေတော့သည်။

ခော်တော်ဆိုင်ကယ် ရပ်ထားခဲ့သော လမ်းထောင့်သို့ အရောက်ပြေးသွားရင်း တစ်ခုခုတော့ဖြစ်နေပြီဟု ထပ်ဖန်တလဲလဲ သူမကိုယ်သူမပြော နေမိသည်။

ကိုယ့်ကိုယ်ကိုလည်း စိတ်ဆိုးမိသည်။ ရှင်းရှင်းလင်းလင်း မစဉ်းစား နိုင်လောက်အောင် မျက်ရည်ကျရပါ့မလားဟု ဒေါသဖြစ်နေမိသည်။

တစ်ခုခုသည် ပုံမှန်မဟုတ်တော့။

ပက်ထရစ်က သူမကို ဘာကြောင့်များ မပြောဘဲ နေနိုင်ရမှာလဲ။

မြူလာက သူ့ဘာသာသူ လုပ်ငန်းတစ်ခုလုပ်ရန်စီစဉ်ပြီး ပက်ထရစ် ကိုမပြောဘဲ မိုက်ကယ်ကို တိတ်တဆိတ် ခိုင်းခြင်းဖြစ်နိုင်သည်။ အလွန် ဖြစ်ရာကောင်းနေသည်။ သည်လို သူ ဘယ်သောအခါကမှ မလုပ်ခဲ့။ ပက်ထရစ်နှင့်တွဲပြီး အလုပ်စလုပ်ကတည်းက မလုပ်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ပက်ထရစ် ရိုးရိုးသားသား မသိဘဲ လုပ်ခဲ့တာမျိုးတော့ ရှိချင် ရှိနေမည်ပင်။

သေသေချာချာ ပြန်စဉ်းစားလိုက်လျှင် ပက်ထရစ်သည် မြူလ အကြောင်း မည်မျှသိနေပါသလဲ။ သူ ဘယ်က လာတာလဲ၊ သူ ဘယ်မှာ နေတာလဲ၊ ခဏခဏ ပျောက်ပျောက်ပြီး သူ ဘယ်ကို သွားသွားနေတာလဲ

သူမက မော်တော်ဆိုင်ကယ်ကို စက်နှိုးပြီး မညီညာသောလမ်းပေ သို့ အရှိန်ပြင်းစွာ မောင်းထွက်လိုက်သည်။

ဖေဖော်ဝါရီလ၏ လေနုအေးက ပူလာသည့် သူမ၏မျက်နှာ အေးမြစေသည်။ သူမ၏ ဆံပင်များကိုလည်း လေထဲမှာ လွင့်စေပြ မျက်ရည်များ စိုစွတ်နေသော မျက်နှာကို ချက်ချင်း ခြောက်သွေ့ သွား သည်။ သည်တော့မှ အနည်းငယ် နေသာထိုင်သာ ရှိသွားသည်။

သူမက အပြာရောင် ဘူရှီ ကားဟောင်းတစ်စီးနှင့် စီးတီးရာ နယ်လှည့်ခရီးသည် ဘတ်စ်ကားကြားမှ တိုးဝင်လိုက်ပြီး လမ်းကျဉ်းတစ် ထဲသို့ ချိုးကွေ့လိုက်သည်။

လမ်းထောင့်မှာ ပဝါနက်ခြုံထားသော မျက်နှာနီနီ မိန်းမကြီ တစ်ယောက်က မီးဖိုတစ်လုံးနှင့် သစ်ချသီးများကိုလှော်ပြီး စက္ကူအိတ်ကထေ ထဲသို့ ထည့်နေသည်။ သူမဘက်သို့ မော်ရင်းလာနေသည်ကို မြင်လိုက်ရသော လှမ်းအော်လိုက်သည်။

'သစ်ချသီးလှော် ပူပူလေး'

ပက်ထရစ်အိုဒေါ်နယ်သည် အမှတ်(၅)ရပ်ကွက်က နာမည်ကြ ဈေးလမ်းတစ်ခု၏ အောက်ထပ်တိုက်ခန်းငယ်ကလေးမှာ နေသည်။ သူ့ အခန်းလေးက စိုစွတ်ထိုင်းမှိုင်းပြီး မှောင်လည်း မှောင်နေသည်။

ဈေးမှ အသံများက မိုးမလင်းမီ သူ့ကို အိပ်ရာမှ နိုးလောက်အော ဆူညံကြပြီး၊ မိုးချုပ်တော့မှပင် အသံများ တိတ်သွားသည်။ နွေအခါ အိမ်နောက်ဖေးလမ်းကြား အမှိုက်ပုံမှ အနံ့အသက်များက မခံရပ်နိုင်အော နံလှသည်။ ဘယ်လိုပဲဖြစ်ဖြစ် သည်အခန်းက ပက်ထရစ်အတွက် တကယ့် သင့်တော်သည့် အခန်းတစ်ခန်းဖြစ်သည်။

သည်အခန်းက ထွက်ပေါက်နှစ်ခုရှိသဖြင့် ရဲများဝိုင်းသည့်အခါ အသုံးဝင်လှသည်။

နှစ်ပြ သုံးပြ အကွာလောက်မှာ ကားလိုင်စ်ဆိုသည့် လူတစ်ယော သည် ၁၉၇၅ ခုနှစ်က အာရပ်သတင်းပေး တစ်ယောက်နှင့် ပြင်သ



ရဲနှစ်ယောက်ကို သေနတ်နှင့်ပစ်ပြီး တိုက်ခန်းထဲမှ ထွက်ပြေးသွားခဲ့သဖြ နာမည်ကြီး ကျန်ရစ်ခဲ့သည်။

အကယ်၍ ထိုသူသည် ယခုသူနေသည့်အခန်းမှာနေခဲ့လျှင် သော ပြဿနာမပေါ်ဘဲ အသာလျှိုထွက်သွားပြီး၊ ကိုယ်ရောင်ဖျောက်နိုင်သည် ပက်ထရစ်က ပြောလေ့ရှိသည်။

ညတွင်းချင်း နာမည်ကြီး အကြမ်းဖက်သမား တစ်ယောက်တော ဖြစ်မလာနိုင်ဘူးပေါ့။ ယခုလို တစ်သက်လုံး သားကောင်လို အလိုက်ခံနေ မှာလည်း မဟုတ်။

ပက်ထရစ်က ပဲရစ်သို့ ရှောင်တိမ်းလာရင်း အိုင်-အာ-အေအဖွဲ့နှ ဥရောပရှိ တခြားတော်လှန်ရေးအဖွဲ့နှင့် အဆက်အသွယ်ပြုခဲ့သည်။ နေ့စ လိုပင် အီတလီ၊ ဂျာမနီနှင့် စပိန်မှ အကြမ်းဖက်အဖွဲ့အစည်းများ၊ တမန်မျာ နှင့် သူတွေ့ဆုံရသည်။

ဆွစ်ဇာလန်မှ တိုးတက်သော လူစုများနှင့် အဆက်အသွယ်လုပ်ပေ ကတော့ ယနေ့အထိ မအောင်မြင်သေး။ ယခုအချိန်မှာ ပြင်သစ်မှ သူတို့ ဆွေမျိုးဟုခေါ်ရလောက်သော ဘာရီတန်များနှင့် အဆက်အသွယ်ရထ သည်။

သည်ဘာရီတန်များက ပြင်သစ်နိုင်ငံအတွင်းမှာ ငွေကြေးကောတ် ပြီး အိုင်အာအေအဖွဲ့သားများ အသုံးပြုရန် လုံခြုံရေးတိုက်ခန်းများ ဖန်တီးပေးထားကြသည်။

ပက်ထရစ်က များသောအားဖြင့် သူ့အခန်းကလေးထဲမှပဲ နေ ရှိသည်။ လမ်းပေါ်က လူရှုပ်ခြင်းကို အကာအကွယ်ယူပြီး သူ့ထံ ညှိသည်များ လွယ်လွယ်ကူကူနှင့် ဝင်နိုင် ထွက်နိုင်ရန်ဖြစ်သည်။

ညနေပိုင်းနှင့် တနင်္ဂနွေနေ့များတွင် သူစိမ်းများဝင်ထွက် သွား သည်ကို ပတ်ဝန်းကျင်မှ သိသာလွယ်သဖြင့် သူ့ ဌာနချုပ်ကို ဒီဇာမိ ကဖေး သို့ပြောင်းရွှေ့လိုက်သည်။

မော်ရင်းက သူနှင့်အတူ လက်ဖက်ရည်ဆိုင်မှာ အသက်ကြီး ဝက်ခြံဗရပျစ်နှင့် အိုင်ရစ်ပြည်ပြေးတစ်ယောက်ကို တွေ့ရသည်။

ပက်ထရစ်က စိတ်အနှောင့်အယှက်ဖြစ်လာသော မော်ရင်း၊ တွေ့ရတော့။

'တို့ လူစုခွဲလိုက်ကြရအောင် လိုင်ယင်'

www.burmeseclassic.com

www.burmeseclassic.com


ဒီဇာမီကဖေးသည် တနင်္ဂနွေနံနက်ပိုင်းမှာ လူစည်ကားနေလေ့ရှိသည်။ ယနေ့ညနေ မြင်းပွဲလောင်းကစားကြေးများကို ဆိုင်ရှေ့မှ စီးကရက်ဆိုင်မှာ ဝိုင်းပြီး လောင်းကြေးသွင်းနေကြသည်။

မော်ရင်းက ပက်ထရစ်၏အဖော် လိုင်ယင်ကို နှုတ်ဆက်လိုက်ပြီး သူ ထွက်သွားသော ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

ပက်ထရစ်က 'မင်း ငိုလာတယ် မဟုတ်လား'

သူမက ခေါင်းညိတ်လိုက်ပြီး ကုလားထိုင်မှာ ထိုင်ချကာ ကုတ်အင်္ကျီ ကြယ်သီးများကို ဖြုတ်လိုက်သည်။ သူမသည် စီးကရက်ကို မီးညှိလိုက်ပြီး

'ပက်ထရစ်မှာ'

သူမက ဆက်မပြောဘဲ ဆိုင်းနေလိုက်သည်။

'မိုက်ကယ်ကို ငါ ခုပဲ တွေ့လိုက်တယ်'

ပက်ထရစ်က ဘာမျှမဖြစ်သလို တမင်ဟန်ဆောင်လိုက်သည်။ ဟိုအမေရိကန် သူငယ်ချင်းနှင့် သူမတို့ ညစာအတူစားသည့် ညက သူမထံ သူ ဖုန်းဆက်ခဲ့သေးသည်။ ဖုန်းပြန်ထူးမည့် သူ မရှိသဖြင့် သူနားလည် သဘောပေါက်ခဲ့သည်။

'အေး သူ ခုနေကောင်းရဲ့လား'

သူမက သူ့ကို စေ့စေ့စပ်စပ် ကြည့်လိုက်သည်။

'ပက်ထရစ် ငါ့ကို နင်မှန်မှန်ပြောစမ်း၊ မိုက်ကယ်ကို နင်တို့အဖွဲ့ထဲ မှာပါဖို့ မြူလာကို နင် ခိုင်းလိုက်သလား'

သူက မျက်မှောင်ကုတ်လိုက်သည်။

'မြူလာကို ငါက မိုက်ကယ်ကို မသုံးနဲ့လို့ အကြံပေးပြီးသားပါ။ သူ့အနေနဲ့ မိုက်ကယ်ကို သဘောကျတာအမှန်ပဲ၊ ဒါပေမဲ့ သူက ငါတို့လို လူစားမျိုး မဟုတ်ဘူး၊ ငါတို့ကိစ္စမှာ မပတ်သက်စေနဲ့လို့ မြူလာကို ငါပြော ထားသေးတယ်၊ ဒါတွေ မိုက်ကယ်သွားမပြောလိုက်နဲ့နော်'

မော်ရင်း၏ မျက်လုံးထဲမှာ စိုးရိမ်သည့် အမူအရာကလေးများကို သူ မြင်လိုက်ရသည်၊ သူမက

'မြူလာက မိုက်ကယ်နဲ့တွေ့ပြီး သူလုပ်နေတဲ့ လျှို့ဝှက်အစီအစဉ် ထဲမှာပါဖို့ ခေါ်နေတာ နင် သိသလား'

ပက်ထရစ်က အံ့ဩခြင်းကြီးစွာဖြင့် မျက်တော်တစ်ချက်နှစ်ချက် ခတ်လိုက်ပြီး



'ဘာ လျှို့ဝှက်အစီအစဉ် ဟုတ်လား၊ ဘယ်လို လျှို့ဝှက်အစီအစဉ် ...ထဲ ငါ မကြားဘူးပါလား၊ နင်ကော သေချာရဲ့လား'

'ဟုတ်တယ်၊ ငါ သေချာပါတယ် ပက်ထရစ်၊ ငါ့ကို နင်တစ်ခုခု ...ရအောင် ဖုံးထားတာလား၊ ငါ့ကို အမှန်အတိုင်း ပြောစမ်းပါဟယ်၊ ...တွေဖြစ်နေကြတယ်ဆိုတာ ငါ သိချင်လိုက်တာ'

ပက်ထရစ်က အနားပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်ပြီး အသံ ...တိုးဖြင့် ပြောလိုက်သည်။

'နေစမ်းပါဦး၊ ငါ ဘာမှမသိဘူး၊ ခု နင်ပြောတဲ့ လျှို့ဝှက်အစီအစဉ် ...ဘာကိုလည်း ငါ ဘာမှမသိဘူး၊ မြူလာက မိုက်ကယ်ကို ပါဝင်ဖို့ ...တယ်ဆိုတာလည်း ငါမယုံနိုင်ဘူး'

'ဟုတ်တယ်၊ သူခေါ်တယ်၊ မိုက်ကယ်ကို ပြီးခဲ့တဲ့ ကြာသပတေးနေ့က ...ဖို့ သူခေါ်တယ်၊ သူတို့နှစ်ယောက် လီယွန်ဘူတာရုံမှာ ဆုံကြတယ်၊ ...ာက် မိုက်ကယ်ကို သူတစ်ခြားလွှတ်လိုက်တယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ...တယ်က ငါ့ကို ပြောပြဖို့ ငြင်းနေတယ်၊ နောက်ပြီး ဒီအစီအစဉ်ထဲမှာ ... မပါဘူးလို့ ငါ့ကို ပြောသွားတယ်'

ပက်ထရစ်က သူမကို မယုံကြည်နိုင်သော မျက်နှာထားနှင့် ကြည့်ရင်း

'မြူလာက မိုက်ကယ်ကို ဒီအစီအစဉ်ထဲမှာ ငါမပါဘူးလို့ ပြောတယ် ...်လား'

သူမက ခေါင်းညိတ်ပြလိုက်သည်။

'ငါ ငါ ယုံကို မယုံနိုင်ဘူး၊ ငါက မြူလာရဲ့ ညာလက်ရုံးပဲ၊ ငါမပါဘဲ ... ဘယ်တုန်းကမှ ဘာမှ မလုပ်ခဲ့ဘူး'

'နင် သေချာရဲ့လား ပက်ထရစ်၊ မြူလာ ဘာတွေစိတ်ကူးနေတယ် ...ာ ငါ့ကို စုံစမ်းပေးစမ်းပါ၊ သူနဲ့တွေ့ပြီး မေးကြည့်ပါဦး၊ နင်မေးရင်တော့ ...ပြောချင် ပြောမှာ၊ မိုက်ကယ်ကို သူဘယ်လို ခိုင်းတယ်ဆိုတာ ငါ ...ချင်တယ်'

ပက်ထရစ် ရုတ်တရက် ဒေါသထွက်လာသည်။

'ဘာလဲ နင်က ငါ့ကို ဘာလုပ်ခိုင်းချင်တာလဲ၊ ငါ့ကို မခေါ်ဘဲ ...လို့ မိုက်ကယ်ကို ခေါ်ရသလဲလို့ မေးခိုင်းတာလား၊ ငါ့နှမက သိချင်တယ် ...း သူ့ကို မေးရမှာလား၊ ဒီမှာမော်ရင်း နင်အံ့ဩသလို ငါလည်း အံ့ဩ ...ာပဲ၊ ငါကိုယ်တိုင် နားမလည်နိုင်တော့ဘူး'

'ငါပြောတာက မြူလာနဲ့စကားစမြည် ပြောကြည့်ဖို့ပါ၊ မိုက်ကယ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ငါတို့အကြောင်း မပါစေနဲ့ပေါ့၊ စကားစရင်းနဲ့ တဖြည်းဖြည်း သူ နေ
လုပ်မယ့်လုပ်ငန်းအစီအစဉ်၊ နင့်ကို သူ ပြောချင် ပြောမှာ'

ပက်ထရစ်က သူ့ထိုင်ခုံပေါ်တွင် မအီမသာဖြင့် ဟိုရွေ့သည်
လုပ်နေသည်။ သူမက သူ့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေသည်။ သူ
မျက်လုံးထဲမှာ စစ်ရှုံးသူတစ်ယောက်၏ မျက်နှာထားမျိုးပေါ်နေသည်

ထို့ကြောင့် သူမက အသံတိုးတိုးဖြင့်

'ပက်ထရစ်၊ ငါ့အတွက် လုပ်ပေးစမ်းပါဟာ၊ သူ့ကို ငါနောက်ထ
အဆုံးအရှုံးမခံနိုင်ဘူး'

ပက်ထရစ်က အသက်ပြင်းပြင်း ရှူလိုက်ပြီး

'အေးပါဟာ'

၁၂

ယ်အယ်ဘိုးရင်း ၇၀၇ လေယာဉ်ပျံတစ်စင်းသည် အလည်အပတ်သွား
သည်များ တင်ဆောင်ထားသည့် T.W.A လေယာဉ်ထက် စောပြီး မိနစ်
ည်းငယ်အတွင်း ဆင်းသက်လာသည်။

ရောဘတ်ဘင်းက အမေရိကန်ခရီးသည်များ မဆင်းမီ လူဝင်မှု
ကြပ်ရေးမှ ရှေးဦးစွာ ဆင်းခွင့်ရလိုက်သည်။ ခန်းမထဲမှ သူ့ကို စောင့်နေ
ာ ဆယ်မီရှိစင်ကို တွေ့လိုက်ရသည်။

ရှိစင်က ဆောင်းတွင်းဝတ် ကုတ်အင်္ကျီထူကြီးကို ဝတ်ထားပြီး ထုံးစံ
တိုင်း စီးကရက်တစ်လိပ်ခဲထားသည်။ .

ယခင်တစ်ခေါက် မြင်ရသည်ထက် ခုတစ်ခေါက်မှာ သူ့အနည်းငယ်
သည်ကို တွေ့လိုက်ရသဖြင့် မြူနစ် ကောင်စစ်ဝန်ရုံးမှ လုံခြုံရေးအရာရှိ
ဆိုသူသည် လူပ်ရှားသွားလာမှု နည်းပါးသည်မှာ ထင်ရှားနေသည်၊

'တို့အိမ်က ဘာသတင်းများ ထူးခြားသလဲ'

ဆယ်မီက မေးလိုက်သည်။

ဆယ်မီက ပါးစပ်မှ စီးကရက်ကို မချွတ်ဘဲ စကားပြောတတ်သည့်
ကျင့်ကြောင့် ဟောလီးဝုဒ်ရုပ်ရှင်ထဲက ချီကာဂိုလူဆိုးပုံပေါက်နေသည်၊

'ဂျူရာမီယာ အနားယူတော့မယ်၊ သူ့နေရာကို အဘီဇာနဲ့ အစားထိုး
မယ် ထင်ရတယ်'

ဆယ်မီက 'ကျွန်တော်လည်း ဒီကောလဟာလကို ကြားမိလိုက်တယ်၊
ဘီဇာလို လူကို မော့ဆက်အဖွဲ့ရဲ့ ခေါင်းဆောင်နေရာမှာ မြင်ဖို့ အများစိတ်ကူး

www.burmeseclassic.com

www.burmeseclassic.com

လို့ရသလား၊ ဌာနချုပ်မှာ အကြောင်းကြောင်းလူတွေ တော်တော်များနေ မဟုတ်လား'

သူက ရောဘတ်ကို သံတမန်များ သီးသန့်အသုံးပြုသော ကားထား နေရာရှိ သူ၏ B.M.W ကားဆီသို့ ခေါ်သွားသည်။

'ဒီမှာရော အခြေအနေ ဘယ်လိုရှိကြသလဲ'

'မကောင်းဘူး' ဆယ်မီက ပြန်ဖြေလိုက်သည်။

ကားကို စက်နှိုးပြီး အရှိန်ယူထွက်လိုက်သည်။

'မကောင်းပါဘူးဗျာ၊ သူတို့က ရေနံနဲ့ပတ်သက်ပြီး အာရပ်တွေ ကြောက်နေကြတယ်၊ ကျွန်တော်တို့နဲ့လည်း သူတို့ သိပ်စကားမပြော ကြဘူး၊ ခင်ဗျားရဲ့ အစီအစဉ်ကိုတောင်မှ ပြောင်းထားရသေးတယ်'

'ဘာအဓိပ္ပာယ်လဲကွ'

'ခင်ဗျားက ခရှူဂါနဲ့တွေ့ဖို့ အစီအစဉ်ဆွဲထားတယ် မဟုတ်လား ကနေ့မနက် သူတို့ ကျွန်တော့်ဆီကို ဖုန်းဆက်တယ်၊ ခင်ဗျားနဲ့တွေ့ အစီအစဉ်ကို အကြောင်းကြောင်းကြောင့် ဖျက်သိမ်းလိုက်တယ်လို့ အကြော ကြားတယ်ဗျ၊ အရေးကြီးတဲ့ကိစ္စ တစ်ခုပေါ်လာလို့ အလုပ်များမယ် ပြောတယ်၊ ဒီတော့ သူတို့က ခင်ဗျားကို ဗိုင်ဂျာရက်ဇင်တင် ဟိုတယ် တောက်လျှောက်သွားဖို့ အကြံပြုတယ်၊ အဲဒီကို သူတို့ လာတွေ့မယ်လို့ဆိုတ ပိုဆိုးတာက ခရှူဂါအလုပ်များနေလို့ မလာနိုင်ဘူး၊ တစ်ယောက်ယော ကို လွှတ်လိုက်မယ်လို့ ပြောတယ်'

ဒေါသကြောင့် ရောဘတ်မျက်နှာ နီမြန်းလာသည်။

'ဘယ်သူလဲ'

'ဘယ်သူလဲလို့တော့ သူတို့ မပြောဘူး၊ အဲဒါကို ခင်ဗျား ဘယ် သဘောရလဲ'

'ဒါ ရှင်းနေတာပဲကွ၊ သူတို့ ငါ့ကို မတွေ့ချင်ဘူး၊ နောင်တစ်နေ တစ်ယောက်ယောက်က မေးလာလို့ရှိရင် ဂျာမန်ထောက်လှမ်းရေးအဖွဲ့ ထဲ ဘယ်အစ္စရေးလူမျိုးတွေကိုမှ ဝင်ခွင့်ပေးမထားဘူးလို့ သူတို့ ငြင်းနိုင်တ ဒီနည်းနဲ့ သူတို့ရဲ့ အရှေ့အလယ်ပိုင်းဌာနခွဲက အရာရှိတစ်ယောက် အစ္စရေးက ပုဂ္ဂိုလ်တစ်ယောက်နဲ့ မတွေ့ခဲ့ဘူးလို့ ငြင်းနိုင်တယ်လေ'

'ဒီတော့ ခင်ဗျားရဲ့ ခရီးစဉ်က မစခင်ကတည်းက ပျက်နေပြီ

'ပြောလို့ မရသေးပါဘူးကွာ'

သူတို့နှစ်ယောက် နောက်ထပ် စကားမပြောဖြစ်ကြဘဲ တိတ်ဆိတ်



ငြိမ်သက်စွာ သွားနေကြသည်။ ဟိုတယ်ရှိရာ လမ်းဘက်သို့ ချိုးကွေ့လိုက် သောအခါ ဆယ်မီက မေးလိုက်သည်။

'ကျွန်တော်နေဖို့ လိုဦးမလား'

'နေဖို့မလိုပါဘူးကွာ၊ ဒါက လျှို့ဝှက်ကိစ္စပဲ ဆိုပါတော့'

'ဟုတ်ကဲ့ ကောင်းပါပြီ၊ ခင်ဗျား ပြန်ခါနီးရင် ကျွန်တော့်ကို ခေါ်လိုက်ဦးနော်၊ ခင်ဗျား တစ်ခုခုရသွားရင်လည်း ကျွန်တော့်ကို ပြောသွား ပါဦး'

'အေးပါကွာ'

ဆယ်မီ၏ ပခုံးကို အသာပုတ်လိုက်ပြီး ဟိုတယ်မှ အပေါက်စောင့်ကို တံခါးဖွင့်ခိုင်းလိုက်သည်။

ဟိုတယ် ညွှန်ကြား စားပွဲမှာ ပုံစံများဖြည့်နေစဉ် လူသေးသေး တစ်ယောက် သူ့အနားရောက်လာပြီး မသိမသာ ချောင်းဟန့်လိုက်သည်။

ရောဘတ်က သူ့ဘက်ကို လှည့်ကြည့်လိုက်သောအခါ အသက် လေးဆယ်ကျော်အရွယ်ခန့် အရပ်ပုပုလူတစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုသူက 'ခင်ဗျား မစ္စတာဘင်း မဟုတ်လား'

'ဟုတ်ပါတယ်'

'ကျွန်တော့် ကိုယ် ကျွန်တော် မိတ်ဆက်ပါရစေ၊ ကျွန်တော့်ရဲ့ နာမည်က အဲလမက်ဝက်ဂနာလို့ ခေါ်ပါတယ်၊ ဂျာမန်ထောက်လှမ်းရေးအဖွဲ့ ကပါ၊ ကျွန်တော့် မိတ်ဆွေ မစ္စတာ ခရှူဂါ အလုပ်များနေလို့ မလာနိုင်တဲ့ အတွက် သူ့ ကိုယ်စား ခင်ဗျားကိုတွေ့ဖို့ ကျွန်တော့်ကို လွှတ်လိုက်တာပါ'

သူတို့ နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်လိုက်ပြီး ဘင်းတ တရိုတသေ ပြောလိုက်သည်။

'ခင်ဗျားရဲ့ ကတ်ပြားကလေး ကျွန်တော့်ကို ကြည့်ခွင့်ပြုပါလား'

'သြော် ဟုတ်ကဲ့၊ ဒီမှာ ကျွန်တော့်ကတ်ပြားအပြင် မစ္စတာခရှူဂါ ရေးပေးလိုက်တဲ့ မိတ်ဆက်စာလည်း ပါပါတယ်'

သူက ရောဘတ်ကို စာရွက်များပေးရင်း ရောဘတ်၏လက်ထိပ်မှ အမာရွတ်များကို သတိပြုမိလိုက်သည်။ ရောဘတ်က ဝက်ဂနာ၏ မှတ်ပုံတင် ကတ်ပြားကို သေသေချာချာ စစ်ဆေးကြည့်ရှုပြီး ထုံးစံအတိုင်း တောင်းပန်ချက် တွေပါသော ခရှူဂါ၏စာကို ဆက်ဖတ်လိုက်သည်။

ဝက်ဂနာက ပထမ လေသံအတိုင်း ဖိတ်ခေါ်သည်။

'ဘားထဲမှာ ကျွန်တော်နဲ့ တစ်ခုခုသောက်ရအောင်'

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ကဲ့'

သူတို့နှစ်ယောက်သား ခပ်မှောင်မှောင်ရှိသော ဘားခန်းထဲသို့ ဝင်သွားကြပြီး ရောဘတ်က မေးလိုက်သည်။

'ခင်ဗျား ဌာနချုပ်မှာ ဘာတာဝန်ယူရသလဲ'

ဝက်ဂနာက မေးခွန်းကို အချိန်ကြာကြာ စဉ်းစားပြီးမှ ပြန်ဖြေလိုက်သည်။

'ကျွန်တော်က ဌာနချုပ်ကိုလာတဲ့ နိုင်ငံခြားဧည့်သည်တွေကို တာဝန်ယူရပါတယ်'

'ဪ ဟုတ်လား'

သူတို့က လျှို့ဝှက် လုပ်ငန်းနှင့် မပတ်သက်သော အရာရှိပေါက်စ တစ်ယောက်ကို လွှတ်လိုက်ခြင်းပင်။ ဂျရာမီယာ၏ မူလအစီအစဉ်အတိုင်း ဆက်လက် အကောင်အထည်ဖော်ဖို့ သူ ဆုံးဖြတ်လိုက်သည်။

သူတို့က သောက်စရာများ မှာလိုက်ကြသည်။

စားပွဲထိုးတစ်ယောက်က ဝီစကီနှင့် မြေပဲလှော်များ လာချပေးသည်။ ရောဘတ်က သူမှာ ပါလာသော သေတ္တာကလေးကို ဖွင့်လိုက်ပြီး အထဲမှ ဖိုင်အညိုတစ်ခု ထုတ်လိုက်သည်။

'ပြီးခဲ့တဲ့အပတ်က ကျွန်တော်တို့ စစ်တပ်က ဆိုင်ဒါစခန်းကို သွားတိုက်တယ်၊ ဆိုင်ဒါက နိုင်ငံခြားက အပျော်တမ်း ကူညီသူတွေကို သင်တန်းပေးရာဌာနချုပ်ပဲ၊ ကျွန်တော်တို့တပ်သွားတိုက်တော့ အပျော်တမ်းတွေက လွန်ခဲ့တဲ့ နှစ်ဆယ့်လေးနာရီ ကတည်းက စခန်းသိမ်းပြီး နေပြီ၊ ဒါပေမဲ့ ကျွန်တော်တို့ စစ်တပ်က ရုံးခန်းတစ်ခုထဲမှာ စိတ်ဝင်စားစရာ စာချုပ်စာတမ်းစာထုပ် တွေ့ခဲ့ရတယ်'

ရောဘတ်က စာရွက်များကို လှန်ကြည့်နေလိုက်သည်။ အင်္ဂလိပ်စာနှင့်ဂျာမန်စာများတွဲပြီး ရေးထားသည်။ တချို့စာရွက်တွေက ရေစိုပြီး အနည်းငယ် ပျက်စီးနေသည်။ တချို့စာရွက်တွေကတော့ အစွန်းအထင်းများ ရှိနေသည်။

ရောဘတ်က ဣန္ဒြေရရဖြင့် ပြောလိုက်သည်။

'ဒီအထဲမှာ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက ဆိုင်ဒါမှာ သင်တန်းတက်ခဲ့တဲ့ ဂျာမန်အကြမ်းဖက်သမားတွေရဲ့ စာရင်းပါတယ်၊ သူတို့က ဂျာမန်က ဘေဒါမိန်ဟော့အဖွဲ့သားတွေများတယ်၊ ဒီမှာ အဲဒီအကြမ်းဖမ်းသမားတွေရဲ့ တစ်ဦးချင်းစာရွက်တွေပဲ၊ သူတို့ရဲ့ အတိတ်က



ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေအကြောင်း၊ ဆိုင်ဒါမှာ တက်ခဲ့တဲ့သင်တန်းတွေ အကြောင်း၊ နောင် တာဝန်ယူရမယ့် လုပ်ငန်းအလားအလာတွေအကြောင်း ဥရောပကို ပြန်သွားတဲ့ ရက်စွဲလည်းပါတယ်။ ဒီဟာတွေကို ခင်ဗျားတို့ စိတ်ဝင်စားမှာပဲလို့ ကျွန်တော်ယူဆတယ်'

ဝက်ဂနာက စိတ်ဝင်စားလာပြီး သွက်သွက်လက်လက် ပြောလိုက်သည်။

'ကျွန်တော် ကြည့်ပါရစေလား'

'ရပါတယ်'

ရောဘတ်က စာရွက်များကို လှမ်းပေးလိုက်သည်။ ကုလားထိုင်နောက်မှီကို စိတ်လက်ပေါ့ပါးစွာ မှီလိုက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။

ဝက်ဂနာက စာရွက်များကို အာရုံစူးစိုက်စွာ တစ်ရွက်ချင်း သေသေချာချာ လေ့လာရင်း သူ၏မျက်နှာကို ဖိုင်မှဘေးဘက်သို့ လှည့်မကြည့်ဘဲ အံ့သြစွာ ပြောလိုက်လေသည်။

'ဒီလို သတင်းမျိုးကို ကျုပ်တို့ စိတ်ဝင်စားတာပေါ့'

ရောဘတ်က သူ့လက်ထဲမှ ဖိုင်ကို ပြန်ယူပြီး သေတ္တာကလေးထဲသို့ ပြန်ထည့်လိုက်သည်။

'ကောင်းပြီ၊ ခင်ဗျားလုပ်စရာကိစ္စကတော့ ဌာနချုပ်ကို တယ်လီဖုန်းဆက်ဖို့ပဲ၊ အဲဖရက်မြူလာရဲ့ ကိုယ်ရေးကိုယ်တာ ဖိုင်ကို ကျွန်တော့်ဆီ ယူလာဖို့ မစ္စတာ ခရှုဂါဆီ ဖုန်းလှမ်းဆက်ဖို့ပဲ'

ဝုဖ်ဂင်ခရှုဂါသည် အသက် ငါးဆယ်ကျော်ကျော်ရှိ အရပ်မြင့်မြင့်ပိန်ပိန် ရှည်ရှည် လူတစ်ယောက်ဖြစ်သည်။ ရုပ်ရည်သန့်ပြန့်ပြီး မေးရိုးခိုင်သည်၊ နှာတံဖြောင့်သည်။ စူးရှသော မျက်လုံးပြာများ ရှိသည်၊ သူ၏ ထူးခြားသော ပုံသဏ္ဍာန်မှာ နားသယ်မှာ မီးခိုးရောင်သမ်းနေသော ဆံပင်ပဲဖြစ်သည်။

သူက အဝတ်အစားများကို အမြဲတမ်း သပ်ယပ်သန့်ရှင်းစွာ ဝတ်တတ်သည်၊ ရောဘတ်၏ ဟိုတယ် အခန်းထောင့်တွင် ထိုင်ကာ စာရွက်များကို ဖတ်နေရာမှ ဖြည်းညင်းစွာ မတ်တပ်ရပ်လိုက်သည်။

'ဆောရီးပဲ ရောဘတ်၊ မင်းတို့နဲ့ တို့အပေးအယူ မလုပ်နိုင်ဘူး'

ရောဘတ်က ခရှုဂါကို အံ့သြစွာ လှမ်းကြည့်လိုက်ပြီး ခရှုဂါ

www.burmeseclassic.com

www.burmeseclassic.com

လက်ထဲမှ စာရွက်များကို လက်ညှိုးထိုးရင်း

'ဒီစာရွက်တွေကို ခင်ဗျားတို့ စိတ်မဝင်စားဘူးလို့ ပြောနေတာလား'

ခရူဂါက စာရွက်များကို သူတို့နှစ်ယောက်ကြားမှာရှိသော နှစ်ယောက်အိပ် ခုတင်ကြီးပေါ်လှမ်းပစ်တင်လိုက်ပြီး

'ငါ စိတ်ဝင်စားတာပေါ့ကွာ၊ ဒီသတင်းက ပထမတန်းစား သတင်းတွေပဲ၊ ငါတို့ တကယ်ရမယ်ဆိုရင် လိုချင်တာပေါ့၊ ဒါပေမဲ့ ပြဿနာက ငါ့မှာ မင်းနဲ့အပေးအယူ လုပ်နိုင်တဲ့အာဏာမရှိဘူးကွ'

'ဒီလောက်'

'ဒီလောက် အရေးပါ အရာရောက်တဲ့ သတင်းကိုတောင်မှ ငါ အပေးအယူ လုပ်ပိုင်ခွင့်မရှိဘူး'

ခရူဂါက ရောဘတ်၏ စကားကို ဆက်ဖြေလိုက်သည်။

ရောဘတ်က သူ့ကို စကားမပြောဘဲ တော်တော်ကြာကြာ ကြည့်နေရင်း နောက်ဆုံးမှ မိတ်ဆွေရင်း ပြောနည်းပြောဟန်မျိုးဖြင့်

'အခြေအနေတွေက ဒီလောက်တောင်ဆိုးနေသလား'

ခရူဂါက သက်ပြင်းတစ်ချက်ချလိုက်သည်။

'အေး ဟုတ်တယ်၊ အခြေအနေက တော်တော့်ကို ဆိုးနေတယ်၊ ဒီမှာ ရောဘတ်၊ မင်းတို့နဲ့ ငါတို့က မိတ်ဆွေတွေပဲ၊ အလုပ်အတူတူ လုပ်ခဲ့ဖူးကြတယ်၊ ငါ့ရဲ့ ပင်ကိုစိတ်ဆန္ဒက ဘယ်ဘက်မှာရှိတယ်ဆိုတာ မင်း သိပါတယ်၊ ဒါပေမဲ့ ငါ့မှာ ဟိုအထက်ထက်က အမိန့်တွေ ပေးထားတာရှိတယ်၊ မင်းတို့နဲ့ ဖက်စပ်ဆောင်ရွက်ဖို့ လုပ်ငန်းနည်းနိုင်သမျှ နည်းအောင် အထက်က အမိန့်ပေးထားတယ်၊ ငါတို့ တိုင်းပြည်ရဲ့ တရားဝင်ကြေငြာထားတဲ့ ပေါ်လစီအရဆိုရင် အာရပ်လောကနဲ့ ရင်းနှီးချစ်ခင်တဲ့၊ ယုံကြည်အားကိုးတဲ့ မိတ်ဆွေတွေဖြစ်အောင် ကြိုးစားရမယ်လို့ဆိုထားတယ်'

ဂျရာမီယာ၏ အစီအစဉ် ပထမအဆင့် ဆုံးရှုံးသွားပြီ။

ထို့ကြောင့် နောက်နည်းတစ်ခုကို အသုံးပြုရပေတော့မည်။

'ကျွန်တော် နားလည်ပါတယ်၊ ကောင်းပြီလေ၊ ကျွန်တော်တို့ကတော့ သက်ရှိအခြေအနေအရ ခင်ဗျားတို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ဆက်လက်ကျင့်သုံးနေရဦးမှာပဲ၊ အပေးအယူမလုပ်ဘူးဆိုရင်တော့ ကိစ္စမရှိပါဘူး'

'တစ်ချိန်တုန်းက ကျွန်တော်တို့ အချင်းချင်း အပေးအယူရှိခဲ့တာကို ထောက်ထားပြီး ကျွန်တော်တို့က တစ်ဖက်သတ်အနေနဲ့ပဲ စေတနာပြရတာပေါ့၊ ရော့ ဒီဖိုင်ကို ယူထားလိုက်ပါ'



သူက ခုတင်ပေါ်မှ စာရွက်များကို ပြန်လည်ကောက်ယူပြီး ခရူဂါ၏ လက်ထဲသို့ ထည့်လိုက်သည်။

ခရူဂါက ပထမနားမလည်သည့် မျက်နှာထားနှင့် မျက်မှောင်ကုတ်လိုက်သည်။ နောက်မှ သူ၏ချောမောသော မျက်နှာပေါ်မှာ မအီမသာအပြုံးတစ်ခုပေါ်လာသည်။

'ရောဘတ် ဒီလိုဖြစ်လိမ့်မယ်လို့ ငါ မမျှော်လင့်ဘူးကွာ၊ မင်းတို့ ငါ သိပ်ကျေးဇူးတင်ပါတယ်၊ ငါ့ရဲ့ဌာနချုပ် အကြီးအကဲကလည်း မင်းတို့ သိပ်ပြီး ကျေးဇူးတင်မှာ'

ဂျရာမီယာက ရောဘတ်ကို ပြဇာတ်ဆန်သည်ဟု မကြာခဏဝေဖန်ခဲ့ဖူးသည်။ သည်နေရာမှာတော့ ရောဘတ်က ပြဇာတ်ဆန်ဆန်လုပ်ရန်မှတစ်ပါး ရှောင်တိမ်း၍ မရတော့။

'အိုး ထားလိုက်ပါဗျာ၊ ထားလိုက်ပါတော့၊ ဒါနဲ့ နေပါဦး၊ မိုဂါဒိုင်ရှူး ဇာတ်လမ်းနဲ့ ပတ်သက်ပြီး ခင်ဗျားကြားပြီးပြီလား'

'မိုဂါဒိုင်ရှူး အဲဒါ ဘာဇာတ်လမ်းလဲ'

ခရူဂါက ပြန်မေးလိုက်သည်။ ရောဘတ်က စီးကရက်တစ်လိပ်ကို မီးထပ်ညှိလိုက်ပြီး ဘာမျှမဖြစ်သည့် ပုံစံမျိုးဖြင့်

'ခင်ဗျား မသိသေးဘဲကိုး၊ တဲလဗစ်က ခင်ဗျားတို့ရဲ့သံရုံးတခင်ဗျားတို့ဆီ အကြောင်းကြားပြီးပြီ ထင်ထားတာ၊ အစ္စရေးတိဗ္ဗတလေယာဉ်အပိုင်စီးခြင်းကို ကယ်တင်တဲ့ ဇာတ်လမ်းမျိုးကို စပါယ်ရှယ်အစီအစဉ်တစ်ခုပြဖို့ ရည်ရွယ်ထားတယ်၊ 'အင်တက်ဘီမှ မိုဂါဒိုင်ရှူးသို့' လို့ အမည်တပ်ထားပြီး တိုင်းပြည်ကို ဒီ စစ်ဆင်ရေးနှစ်ခုရဲ့ အတွင်းကျကျ အကြောင်းတွေကို ပြလိမ့်မယ်၊ ဒီ စစ်ဆင်ရေးနှစ်ခုက ဒီဘက်ကာလမှာ အထူးခြားဆုံးစစ်ဆင်ရေးနှစ်ခုလို့ ယူဆထားကြတယ်'

'တော်တော်ကောင်းတဲ့ အစီအစဉ်ပဲ၊ မိုဂါဒိုင်ရှူးက အင်တက်ဘီနဲ့ ဘယ်လိုယှဉ်လို့ရပါ့မလဲ၊ အင်တက်ဘီတုန်းက မင်းတို့လုပ်တဲ့ စစ်ဆင်ရေးတ အံ့ဩလောက်စရာပဲ၊ မိုဂါဒိုင်ရှူးကတော့ ပိုလွယ်ပါတယ်၊ အာရပ်တွေက လူသန်စာလေယာဉ်တစ်စီးကို အပိုင်စီးပြီး၊ မိုဂါဒိုင်ရှူးကို မောင်းသွားတာ ငါတို့ အထူးတပ်ဖွဲ့ကလည်း အဲဒီကို လိုက်သွားပြီး တိုက်ခိုက်လိုက်တာပဲ၊ အင်ရှုယိယံလေဆိပ်မှာတုန်းက ဆာဗီနာလေယာဉ်ကို မင်းတို့ ကယ်တင်လိုက်ပုံနဲ့ သိပ်ပြီးမထူးခြားလှပါဘူးကွာ'

'အဲဒါပေါ့ဗျာ၊ သူတို့ပြချင်တာအဲဒါပဲ၊ မိုဂါဒိုင်ရှူးမှာ ခင်ဗျားတို့

www.burmeseclassic.com

www.burmeseclassic.com

ကယ်တင်ရေးလုပ်ပုံလုပ်နည်းက ကျွန်တော်တို့ ဆာဗီနာလေယာဉ်ကို တိုက်ခိုက်တဲ့ ပုံစံအတိုင်းတူတဲ့ အကြောင်းပြချင်တာပဲ၊ ဘာကြောင့် တူရတယ် ဆိုတာကို သူတို့ကပြလိမ့်မယ်၊ မိုဂါဒိုင်ရှူးစစ်ဆင်ရေးတုန်းက မော့ဆက် အဖွဲ့သားလေးယောက် ပါဝင်ခဲ့လို့ ဒီလို တူရတယ်ဆိုတဲ့ အကြောင်းလည်းပြ လိမ့်မယ်'

'ဘာကွ မင်းတို့ မော့ဆက်အေးဂျင့်ဟုတ်လား၊ သူတို့ကို ဘယ်သူက ပြောလို့လဲ'

ဘရှူဂါက တအံ့တဩ ပြန်မေးလိုက်သည်။

'ဒါကြောင့်မို့ ကျွန်တော်က ခင်ဗျားကို သိပြီးပြီလားလို့ မေးတာပေါ့၊ ဒီဇာတ်လမ်း ထုတ်လုပ်သူက ဒီကိစ္စနဲ့ ပတ်သက်ပြီး တော်တော်စိတ်ဝင်စား နေတယ်၊ သူက ဒီသတင်းကို အစ္စရေး သတင်းထောက်တစ်ယောက်က ဂျာမနီမှာ အနားယူသွားပြီးဖြစ်တဲ့ မိုဂါဒိုင်ရှူးအဖွဲ့ဝင်တစ်ယောက်ကို အင်တာဗျူးလုပ်တုန်းက ရလိုက်တယ်လို့ အဆိုရှိတယ်၊ ဒီထုတ်လုပ်သူက ဒီကိစ္စနဲ့ပတ်သက်ပြီး ဂျာမန်အစိုးရရဲ့ သဘောထားကို သိချင်တယ်လို့ဆိုတယ်၊ ခင်ဗျားတို့ သံရုံးနဲ့အဆက်အသွယ်လုပ်ရလိမ့်ဦးမယ်လို့ သူ ပြောနေတယ်၊ ကျွန်တော်တို့ကတော့ ထုံးစံအတိုင်း သဘောထားပေးဖို့ ငြင်းဆန်ခဲ့တယ်၊ မော့ဆက်က သူတို့လုပ်ခဲ့တဲ့ လျှို့ဝှက်လုပ်ငန်းကို ဘယ်တုန်းကမှ သဘော ထားပေးရိုး ထုံးစံမရှိပါဘူး'

ခရှူဂါ၏ မျက်လုံးပြာထဲမှာ ဒေါသရောင်များ လျှမ်းတက်လာသည်။

'ရောဘတ် မင်း ဒီလို တောက်တီးတောက်တက်တော့ မလုပ်နဲ့၊ မိုဂါဒိုင်ရှူးတုန်းက မော့ဆက်အဖွဲ့သားတွေ ပါဝင်လုပ်ဆောင်ခဲ့တာက တို့တိုင်းပြည်ရဲ့ လျှို့ဝှက်ချက်တစ်ခုပဲ၊ ပင်းမှာ ဒီလျှို့ဝှက်ချက်ကို ထုတ်ဖော် မပြောနိုင်ဘူးဆိုတာ မင်း သိတယ်၊ ဒီဇာတ်လမ်းပေါ်သွားရင် ငါတို့ရဲ့ အာရပ်လောကတစ်ခုလုံးနဲ့ ဆက်ဆံရေး လုံးဝပျက်ပြားသွားနိုင်တယ်၊ 'ဂျာမန် များသည် မူဆာလင် ဆိုမာလီယာနိုင်ငံကို ဆင်းသက်ပြီး အာရပ်အကြမ်းဖက် သမားများကို ဖမ်းဆီးသတ်ဖြတ်ရန် အစ္စရေးအေးဂျင့်များက ကူညီခဲ့သည် ဆိုတဲ့ သတင်းခေါင်းကြီးကို ငါမျက်စိထဲ မြင်လာတယ်'

'နည်းနည်းကလေး ပုံကြီးချဲ့လွန်းပြီထင်တယ်၊ မိုဂါဒိုင်ရှူးမှာတုန်းက အစ္စရေးတွေ တကယ့်တိုက်ပွဲထဲမှာ မပါပါဘူး၊ သူတို့က အကြံပေးအဖွဲ့ထဲမှာ သာပါခဲ့တာပါ၊ အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး ဇာတ်လမ်းထဲမှာ ရှင်းရှင်း တလေးတင်ပြထားမှာပါ'



ခရှူဂါက သူ့ကိုယ်သူ ထိန်းသိမ်းရန် ကြိုးစားသော်လည်း မအောင်မြင် ...တော့။

'ရောဘတ် အဲဒါမင်းတို့ ဘာသဘောလဲကွ၊ မင်းတို့ ဘာကိုရည်ရွယ် ...လုပ်နေတာလဲ၊ ငါတို့ကို သိက္ခာချနေတာလား၊ ငါတို့ကို နစ်နာအောင် ...နေတာလား၊ ငါတို့ကို မင်း ကလဲ့စားချေနေတာလား'

ရောဘတ်က ဟန်ဆောင်မနေတော့ဘဲ

'ကလဲ့စားချေတာ မဟုတ်ပါဘူးဗျား၊ အဲဒီဇီးညှစ်တာသက်သက်ပဲ၊ ...ကျွန်တော်တို့က ခင်ဗျားတို့ဆီက မဖြစ်စလောက် အကူအညီတစ်ခုတောင်း ...ယ်၊ ခင်ဗျားတို့အနေနဲ့ အရေးကိုမကြီးတဲ့ကိစ္စလေးပါ၊ ကနေ့ အစ္စရေးကို ...ကျွန်တော်တို့တွက်လို့မရတဲ့ ရှုးကြောင်ကြောင်ကိစ္စတစ်ခု လုပ်ဖို့ကြံနေတဲ့ ...မန်အကြမ်းဖက်သမားတစ်ယောက်ရဲ့ ရာဇဝင်မှတ်တမ်းကလေးတစ်ခုကို ...ာင်းတယ်၊ ဒါလေးကိုပေးဖို့ ခင်ဗျားတို့က ရေန်အတွက်ချိုးချမ်းနေကြတယ်၊ ...ကျွန်တော့်ကို တွေ့ဖို့တောင်မှ ခင်ဗျား ရှောင်တိမ်းခဲ့လို့ ဒီဖိုင်ကလေးနဲ့ ...ဗျားကို ဒီရောက်အောင် မျှားခေါ်ခဲ့ရတယ်၊ အဲဒီတော့ ခင်ဗျားက ...ပ်တို့ကို အာရပ်ဖဲနဲ့ ခြိမ်းခြောက်တော့ ကျွန်တော်ကလည်း ခင်ဗျားကို ...ရပ်ဖဲ ပြန်ပြလိုက်ရုံပဲပေါ့၊ ခုကျွန်တော်ခင်ဗျားဆီပေးတဲ့ ဒီသတင်းစာရွက် ...နဲ့ ကျွန်တော်တို့ လိုချင်တဲ့ ဖိုင်နဲ့လဲယင် တီဗွီလွှင့်တာ မဖြစ်စေရတော့ ... ခင်ဗျားတို့က ကျုပ်တို့ကို နှနာဝဲစွဲတဲ့ လူတစ်ယောက်လို မဆက်ဆံချင် ...ဆိုပြီး မြစ်ထဲတွန်းချမယ် ဆိုရင်တော့ တီဗွီအစီအစဉ်လွှင့်ဖို့ ခွင့်ပြု ...တ်ရမှာပဲ၊ ဒီတော့ ခင်ဗျားကို ကျွန်တော်သတိပေးချင်တယ်၊ ခင်ဗျားတို့ ...ာက်လှမ်းရေးအဖွဲ့ချုပ်ကြီးမှာ အစ္စရေးအဖွဲ့ဝင်များ စုပြုံနေတာ မရှိဘူး ... အာရပ်တွေယုံအောင် ခင်ဗျားတို့ နောက်နှစ်ပေါင်းနှစ်ဆယ်ကြာအောင် ...စားလည်းရမှာ မဟုတ်တော့ဘူး'

ခရှူဂါက လက်သီးတွေဆုပ်ပြီး ခပ်မတ်မတ်ရပ်ကာ ဒေါသတကြီး ... 'မင်းက ငါ့ကို ဒီလိုပြောတယ်ပေါ့၊ ဒီကိစ္စတစ်ခုလုံး ကို ငါ ဘယ်လိုခံစား ...ယ် ဆိုတာ မင်းသိမယ် မထင်ဘူး'

'ခင်ဗျား ဘယ်လိုခံစားရတယ်ဆိုတာ သိပါတယ်၊ ဒါကို ကျွန်တော် ...စားမိပါတယ်၊ မြူလာဆိုတဲ့လူက အစ္စရေးကို တကယ် အန္တရာယ်ပေးမယ့် ...တစ်ယောက်ဖြစ်ရင်တောင် ခင်ဗျားက မကူညီချင်ဘူးပေါ့၊ ခင်ဗျားက ...မိန့်နာခံရတာပါ၊ ဟုတ်လား'

ခရှူဂါ၏ နှုတ်ခမ်းများ ဖြူသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'အမိန့်နာခံရပါသည်' ဆိုသည့် စကားလုံးက ဒုတိယကမ္ဘာစစ်ကြီး အတွင်း ဂျူးများကို သတ်ဖြတ်သည့် လုပ်ရပ်များမှာ နာဇီအရာရှိများ တာဝန်မဲ့ လှီးလွှဲပြောခဲ့သည့်စကားလုံးဖြစ်သည်။ ဂျာမန်များအတွက် ထိုသည်စကားလုံးက နာကြည်းစရာဖြစ်လာသည်။

တစ်ယောက်နှင့် တစ်ယောက် ဒေါသချင်းယှဉ်ကာ စူးစိုက်ပြီးကြည့် နေကြသည်။ နောက်ဆုံးတော့ ခရူဂါက သက်ပြင်းတစ်ချက်ချလိုက်ပြီး

'ငါ့ကို ခဏခွင့်ပြုပါ၊ ငါ ဖုန်းခဏသွားဆက်လိုက်ဦးမယ်'

'ကျွန်တော့် ဖုန်းကိုသုံးပါ၊ ကျွန်တော် အပြင်ခဏထွက်ပေးပါ့မယ်'

ရောဘတ်က အခန်းအပြင်ဘက်ထွက်ပြီး စီးကရက်တစ်လိပ် မီးညှိသောက်နေလေတော့သည်။

မိနစ်အနည်းငယ်ကြာသောအခါ ခရူဂါက အခန်းထဲမှ ထွက်လာပြီး ပြောလိုက်လေသည်။

'အဲဖရက်မြူလာရဲ့ ဖိုင်ကို ဒီနေ့ည ဆယ်နာရီမထိုးခင် ပို့လိုက်ပါ့မယ်'

# ၁၃

ရရှိလိုက်သည်မှာ ဖိုင်မဟုတ်၊ ကွန်ပျူတာစက်နှင့် ရိုက်ထားသော စာရွက် အဝါလေးရွက်ဖြစ်သည်၊ အနောက်နိုင်ငံ လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့များ အချင်းချင်း ကူညီရိုင်းပင်းကြရန် ၁၉၆၀ ပတ်ဝန်းကျင်က သဘောတူညီ ထားချက်အရ အဖွဲ့အစည်းတိုင်းမှာ ကွန်ပျူတာဖြင့် မှတ်တမ်းများကို မိခင်နိုင်ငံဘာသာနှင့် အင်္ဂလိပ်ဘာသာနှစ်ရပ်ထားရှိရန် သဘောတူခဲ့ကြ သည်။

ခရူဂါက အင်္ဂလိပ် ဂျာမန် နှစ်ဘာသာဖြင့် ရိုက်ထားသော ဖိုင်ကို ရောဘတ်ဆီ ပေးပို့လိုက်သည်။

ယနေ့ညမှာ မြူလာဖိုင်ကို မိတ္တူပွားကာ နံပါတ်များထိုးလျက် မော့ဆက်ဌာနခွဲဦးစီးမှူးများကို ဝေငှပြီး ဂျရာမီယာ၏ အခန်းထဲမှာ အစည်း အဝေးပြုလုပ်ကြသည်။

သည်ရွေးချယ်ခဲ့သည့် အဖွဲ့အစည်းကို အဖွဲ့-၁ ဟုခေါ်ပြီး ဂျရာမီယာ၏ အတွင်းလူများသာ ပါဝင်ကြသည်။

ဂျရာမီယာ၏ဖိုင်ကို အားလုံးဝိုင်း၍ လေ့လာနေကြသဖြင့် အခန်းထဲမှာ ငြိမ်သက်သွားသည်။

မြူလာအဲဖရက် (ခေါ်) မော်လင်ဒါအီကွန် (ခေါ်) ဗော့က်စ်င်းနီး ယပ်စရိုင်းဟတ် (ခေါ်) ရက်ကီဟိုချင်း (ခေါ်) ဆိုဒါစတွန်း၊

မွေးနေ့-၁၉၄၂ ခုနှစ်မှ ၄၇ ခုအတွင်း ခန့်မှန်း။

မွေးရပ်-ဂျာမန်ဇာတိဖြစ်ဟန်တူသည်၊ သတင်းတချို့က တခြား

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံမှာ မွေးပြီး တခြားနိုင်ငံမှာ ကြီးပြင်းသည်။

ရှူးဘတ်အဆို-အက်စတိုးနီးယားနိုင်ငံ၊ တော်လင်မှာ မွေးသည်။

ဟွန်နက်ကာအဆို-ချက်ကလိုဆိုဗက်ကီယားနိုင်ငံ ပရောက်မြို့မှာ မွေးသည်။

ဝဂ္ဂနာအဆို - ဖင်လန်(သို့)ပိုလန်(သို့)နယ်သာလန် အဆိုရှိသည်။

ရာဇဝတ်ပြစ်မှုမှတ်တမ်း - မရှိ။

လက်ဗွေပုံစံ - မရှိ။

ဓာတ်ပုံ - မရှိ။

လှုပ်ရှားမှု- ရှူးဘတ်-ဟွန်နက်ကာ-ဝဂ္ဂနာ-မိုးဇက်ခရိတ်-ဒီဗျူစီတို့၏ အဆိုအရ

၁၉၆၈ ခုနှစ်၊ ပဲရစ်မြို့ ကျောင်းသားအုံကြွမှုတွင် လက်ဝဲကျောင်းသားခေါင်းဆောင် ဒင်နီယက်ကွန်ဗင်းဒစ် (ခေါ်) ဒင်နီးလာရွတ်နှင့် နီးစပ်သည်ဟု အဆိုရှိသည်။

၁၉၇၀ ခုနှစ်၊ ဂျာမန်ကျောင်းသားဆန္ဒပြပွဲမှာ ဘာလင်မြို့တွင် ပါဝင်လှုပ်ရှားသည်ဟု အဆိုရှိသည်။ ခေါင်းဆောင် ရူဒီဂျူဒ် (ခေါ်) ရက်ရှူဒီနှင့် နီးစပ်သည်ဟု အဆိုရှိသည်။

၁၉၇၁-၇၄ ခုနှစ်အတွင်း မည်သည့်နေရာမှာ ရှိသည်မသိ။ ရှူးဘတ်အဆိုအရ ဤကာလတွင် အာရပ်အကြမ်းဖက်သမားများနှင့် ရင်းနှီးသည်ဟု အဆိုရှိသည်။

မိုးဇက် အဆိုအရ ဤကာလတွင် ၁၉၇၂ ခုနှစ်၊ ဩဂုတ်လမှ စက်တင်ဘာလအတွင်း မြူးနစ်မြို့မှာ ရှိသည်ဟု အဆိုရှိသည်။

၁၉၇၄ ခုနှစ်၊ အင်ဒီရီဘေဒါနှင့် အဲရစ်မီလန်ကော့ ဂိုဏ်းဝင်တစ်ယောက်ဖြစ်ပြီး ကာစ်စရူး၊ ဘွန်း၊ ဟမ်းဘတ်၊ ဖရန့်ဖွတ်မြို့များတွင် တွေ့ရသည်ဟု အဆိုရှိသည်။

၁၉၇၇ ခုနှစ်၊ ဧပြီလတွင် အစိုးရရှေ့နေချုပ် ဇစ်ဖရစ်အူးလ်ဘတ်ကို ကာစရူးမြို့ လမ်းမပေါ်တွင် သတ်ရာ၌ ပါဝင်သည်ဟု အဆိုရှိသည်။

၁၉၇၇ ခုနှစ်၊ ဂျူလိုင်လတွင် ဝရမ်းပြေး စူဆန်အဲဘရက်ချ်နှင့်အတူ ဘဏ်သူဌေးကြီး ဂျက်ဂင်ပွန်တိုကို သတ်မှုတွင် ပါဝင်သည်ဟု အဆိုရှိသည်။

၁၉၇၇ ခုနှစ်၊ စက်တင်ဘာလတွင် စက်မှုလုပ်ငန်းရှင် ဟန်းစ်မားတင်ရှေယာနှင့် သူ၏ကိုယ်ရံတော်နှင့်ကားမောင်းသမားတို့ကို ပြန်ပေးဆွဲပြီး



သတ်ဖြတ်ကာ အလောင်းကို ပြင်သစ်နိုင်ငံသို့ ရွှေ့ပြောင်းသယ်ယူရာမှာ ပါဝင်သည်ဟု အဆိုရှိသည်။

ဒီဗျူစီအဆိုအရ ၁၉၇၈-၈၀ခုနှစ်အတွင်း ပြင်သစ်ပြည်၊ ပဲရစ်မြို့၌ (၈)ကြိမ်ထက်မနည်း အိုင်းရစ်ချ်အကြမ်းဖက်မှုအဖွဲ့ဝင်များနှင့် အီတာလီယံတပ်နီများနှင့်အတူ သွားလာလှုပ်ရှားနေသည်ကို တွေ့ရသည်။

အရည်အချင်း အလွန်အန္တရာယ်ကြီးသည်ဟု အဆိုရှိပြီး လူသတ်ရာ၌ လေ့ကျင့်ထားသည်ဟု အဆိုရှိသည်။

လှုပ်ရှားမှုများကို တစ်ကိုယ်တော် လုပ်တတ်ပြီး အုပ်စုနှင့် လုပ်လေ့လုပ်ထမရှိ။

လိမ်လည် လှည့်ဖြားသည့်ဉာဏ် ထူးချွန်ပြီး လမ်းလွှဲပညာတတ်မြောက် ကျွမ်းကျင်သည်။

လိင်ဆက်ဆံရေး မတိကျ။ မိုးဇက်အဆိုအရ လိင်တူ ဆက်ဆံခြင်း ဝါသနာရှိသည်။

ဟွန်နက်ကာ အဆိုအရ ပန်းသေသည်။ စွဲမြဲသော 'ဖို' သို့မဟုတ် 'မ' နီးစပ်မှုမရှိ။

အတတ်ပညာ သတင်းမရှိ။

ဤအမှုတွဲကို ဂျာမန်သမ္မတနိုင်ငံအစိုးရ၏ စုံစမ်းထောက်လှမ်းရေးအေဂျင်စီ ဟမ်းဘတ်မြို့ ရုံးချုပ်မှ ဒါရိုက်တာ ဒေါက်တာဟန်းစ်ရိုးဆက်ဟိုချင်၏အကူအညီဖြင့် မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ရက်စွဲ ၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ရက်။

မှတ်တမ်းကို ဖတ်ကြည့်ပြီးသောအခါ ဟက်ဖနာက အခန်းတစ်ခုလုံးသို့ လှည့်ကြည့်လိုက်သည်။

ဂျရာမီယာက သူ၏ သပ်ယပ်သေးကွေးသော လက်ရေးများဖြင့် မှတ်စုစာအုပ် အနက်ကလေးထဲမှာ ရေးမှတ်နေသည်။ သူက ဤ သားရေဖုံးမှတ်စုစာအုပ်ကလေး တစ်အုပ်ကို အိတ်ထဲမှာ အမြဲဆောင်ထားလေ့ရှိသည်။

ဤစာအုပ်ကလေးထဲမှာ အစ္စရေး စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့်အတူ အစိုးရကိုပါ ဖောက်ခွဲဖျက်ဆီးပစ်နိုင်သော အကြောင်းအရာများပါဝင်နေသည်ကို မည်သူမျှ သံသယမရှိကြ။ တိုင်းပြည်မှာရှိသော လျှို့ဝှက်မှုမှန်သမျှ ဤစာအုပ်ကလေးထဲမှာ မမှတ်သားမိသည် မရှိချေ။

သူ၏ညာဘက်မှာ ပြောက်ကျားရေးရာ ကျွမ်းကျင်သူ မော်လီကာဖိုင်တွဲများနှင့် အပြန်ပြန်အလှန်လှန် စစ်ဆေးကြည့်ရှုနေသည်။ သည့်နေ့

www.burmeseclassic.com

www.burmeseclassic.com



ခဲတံကိုက်ရန် အချိန်မရတော့။

ဟက်ဖနာက ဒေးဗစ်နှင့် ရာဖေးအဘိဇာတို့နှစ်ဦးကြားမှာ ထိုင်နေရသဖြင့် ကသိကအောက်ဖြစ်နေသည်။

ဂျရာမီယာအနားယူပြီး သူ့နေရာမှာ အဘိဇာကိုခန့်ရန် ကောလဟာလ သတင်းထွက်နေသောကြောင့် မော့ဆက်တစ်ဖွဲ့လုံး ကျွတ်စီကျွတ်စီ ဖြစ်နေကြသည်။ ဒေးဗစ်ကို အများက ဂျရာမီယာ၏ရာထူးဆက်ခံရန် အဖြစ်နိုင်ဆုံးပုဂ္ဂိုလ်ဟု သတ်မှတ်ထားကြသော်လည်း အဘိဇာက ဤနေရာကိုရဖို့အရေး ညစ်ပတ်သော နိုင်ငံရေးကြိုးဆွဲမှုများကြောင့် ဖြစ်ရသည်ဟု လူအများက ပြောဆိုနေကြသည်။

ဒေးဗစ်က အဘိဇာဘက်သို့ လှည့်ကြည့်လိုက်ရင်း ဂျရာမီယာ၏ ရာထူးအတွက် မထိုက်မတန် တိုးဝင်လာသည့် အတွက်ကြောင့် သူ့ကိုယ်တိုင် လည်ပင်းညှစ်ပြီး သတ်ချင်စိတ်များ ပေါ်ပေါက်လာသည်။

ဒေးဗစ်က စိတ်ဆိုးနေပေမယ့် အပြင်သို့ ထုတ်မပြ။ မြူလာ၏ဖိုင်ကို အစ်လိပ်-ဂျာမန် နှစ်ဘာသာစလုံးဖတ်ပြီး တိုးတိုးကလေးရယ်နေသည်။

ဟက်ဖနာက သူ့အနားကပ်လာပြီး တိုးတိုးမေးလိုက်သည်။

'ဘာများ သဘောကျလို့ ဒီလောက်ရယ်နေရတာလဲ'

'တကယ့်ကို ဂျာမန် ပီသပါပေတယ်ဗျာ၊ သူတို့ စုံထောက်တွေရဲ့ နာမည်တွေကို ကြည့်စမ်း၊ ဂီတပညာရှင်တွေရဲ့ နာမည်ချည်းပဲ၊ မင်း သတိမြုမိသလား၊ မိုးဇက်၊ ဝဂ္ဂနာ၊ ခရိုတ်၊ ဒီဗျူစီ၊ ငါတို့ဆို တွေးတောင် တွေးမိမှာ မတုတ်ဘူး'

ဒေးဗစ်က ရယ်မောရင်း တိုးတိုးကလေး ပြန်ဖြေလိုက်သည်။

'ဘယ့်နှယ်လဲ မော်လီ'

ဂျရာမီယာ၏အသံက စားပွဲတစ်ဖက်မှ ပေါ်ထွက်လာသည်။

သူက မှတ်စုစာအုပ်အနက်ကလေးကို ဘေးသို့ချထားလိုက်ပြီး စားပွဲပေါ်သို့ လက်ပိုက်ထောက်ကာ လှမ်းမေးလိုက်သည်။ ပြောက်ကျား ရေးရာ ကျွမ်းကျင်သူ မော်လီက စဉ်းစားတွေးတောသည့် အမူအရာနှင့် ပြန်ပြောလိုက်သည်။

'ဒီဖိုင်က တော်တော်ကို မရေရာတဲ့ဖိုင်ပဲ၊ ဒီအထဲပါတဲ့ ရက်စွဲတချို့နဲ့ ဆလာမက် ဖိုင်မှာပါတဲ့ ရက်စွဲနဲ့ တိုက်ကြည့်တော့ တော်တော်ကိုက်ညီနေတာ တွေ့ရတယ်၊ ၁၉၆၈ ခုနှစ် ကျောင်းသားလှုပ်ရှားမှုတုန်းက မြူလာပါတယ်လို့ အဆိုရှိသလို၊ ဆလာမက်လည်း အဲဒီအချိန်က ပဲရစ်မှာရှိတယ်၊ သူက



ဘော်ဘွန်းမြို့မှာ ပြောက်ကျားတွေအတွက် ဝါဒဖြန့်ချိမှုတွေ လုပ်နေခဲ့ ၁၉၇၀ခုနှစ်မှာ မြူလာက ဘာလင်မြို့မှာ ရှုဗိဒတ်ချ်နဲ့အတူရှိနေတယ်လို့ ဆိုရှိတယ်၊ အဲဒီအချိန်က ဆလာမက်က ဂျာမနီမှာ ဂျာမန်သတ်ခဲ့ ကျောင်းသားတွေကို ပြောက်ကျားအဖွဲ့အစည်းတွေဖွဲ့ဖို့ စည်းရုံးနေတယ်။ ဒီတစ်ချိန်လုံး ဘာလင်ကို သူနှစ်ခေါက် ရောက်ခဲ့တယ်၊ ၁၉၇၂ ခုနှစ်မှာ လာကို မြူးနစ်မြို့မှာ တွေ့တယ်လို့ အဆိုရှိတယ်၊ ဆလာမတ်တ အိုလံပစ် းကစားသမားတွေကို သတ်ဖြတ်ဖို့ အဲဒီအချိန်က အစီအစဉ်လုပ်နေ ယ်၊ အိုလံပစ်ပွဲတော်က စက်တင်ဘာလမှာ ကျင်းပတယ် မဟုတ်လား'

မြူးနစ်ကိစ္စပြီးတော့ ဂျာမန်အကြမ်းဖမ်းသမား တချို့က လာမက်ရဲ့ လုပ်ငန်းမှာ အကူအညီ ပေးကြတယ်လို့ ပြောဆိုသံတွေ ထွက် ာတာ မင်းတို့မှတ်မိကြသေးလား'

ရောဘတ်ဘင်းက သူမကို လှမ်းမေးလိုက်သည်။ သူမက ခေါင်းညိတ် တ်သည်။

'ဟုတ်ကဲ့၊ အဲဒီတုန်းက ဒီလို ကောလဟာလတွေ ထွက်ခဲ့ပါတယ်၊ ဒါပေမဲ့ ီတိကျကျတော့ ဘာမှမရှိခဲ့ဘူး၊ နောက်ဆုံး ၁၉၇၄ ခုနဲ့ ၁၉၇၉ ခုနှစ် အကြား လာမက်က ပဲရစ်ကို မကြာမကြာသွားတယ်၊ အဲဒီမှာရှိတဲ့ ပြောက်ကျား ဖွဲ့အစည်းတွေရဲ့ အရာရှိတစ်ယောက်အဖြစ်သွားတာပဲ၊ ကျွန်မအနေနဲ့ ပြာရလို့ရှိရင် မြူလာနဲ့ ဆလာမက်ဟာ ဆယ်နှစ်ကျော်ကျော်ကာလအတွင်း ရောပတစ်ခွင်သွားလာလှုပ်ရှားပုံ ထပ်တူထပ်မျှဖြစ်နေတယ်၊ အဲဒါ ဘယ်လို ဓိပ္ပာယ်ကို ဆောင်သလဲဆိုတာ ကျွန်မ မပြောတတ်ဘူး'

ဂျရာမီယာက သူ့မှတ်စုစာအုပ်ကလေးတွင် နောက်ထပ် တ်တမ်းများ လျင်မြန်စွာ ရေးမှတ်လိုက်သည်။ ဖိုင်နှစ်မျိုးကို ခုချိန်ထိ ိုက်ဆိုင်ကြည့်ရှုနေသော ဒေးဗစ်ဘက်သို့လှည့်ပြီး မေးလိုက်သည်။

'မင်း ဘယ်လိုသဘောရသလဲ ဒေးဗစ်'

ဒေးဗစ်က ခေါင်းမော့လိုက်ပြီး ကုလားထိုင် နောက်မှီကို မှီလိုက်ရင်း

'ရှင်းရှင်းပြောရရင် ဂျရာမီယာ၊ ကျွန်တော့်အနေနဲ့ သိပ်ရေရာတာ တွေ့ဘူး၊ ဒီမှတ်တမ်းကို ကြည့်ရင် သတင်းစာတစ်စောင်ထဲက သူတစ်ဝ တင်းအဖျင်းရေးတဲ့ သတင်းလိုဖြစ်နေတယ်၊ မရေရာဘူး၊ ဘယ်ဥဒ္ဒမှ လအကြောင်းနဲ့ ပတ်သက်ပြီး တိကျခိုင်လုံတာမရှိဘူး၊ ဘယ်အချက်မှ န်တယ်လို့ အဆိုမရှိဘူး'

'ဒီလိုဆို မင်းက ဟိုလူသတ်မှုနဲ့ ပတ်သက်ပြီး မင်းဘယ်လို သဘောရ

www.burmeseclassic.com

www.burmeseclassic.com



သလဲ၊ အဲဒီလူသတ်မှုတွေမှာ သူပါတယ်ဆိုတာ မင်း မယုံလို့လား'

သူက ခေါင်းညိတ်ပြလိုက်ပြီး

'ဒီလူသတ်မှုတွေနဲ့ သူပတ်သက်နေတယ်ဆိုတာ ကျွန်တော် ယုံပါတယ်၊ ဒါပေမဲ့ ဒီကိစ္စတွေနဲ့ နောက်ကွယ်က အဓိကဖန်တီးတဲ့သူဟာ သူမဟုတ်တာ ကျွန်တော်တို့ သိတယ်၊ သူက အဓိကလူသတ်သမားမဟုတ်ဘူး နို့မဟုတ်ရင် ဂျာမန်အစိုးရက သူ့အကြောင်းနဲ့ ပတ်သတ်ပြီး ပိုတိကျ အချက်အလက်တွေကို တွေ့နိုင်တယ်၊ ဒီတော့ ကျွန်တော်တို့ ခုရထားတာ တွက်ကြည့်မယ်ဆိုရင် သူက ဒုတိယတန်းစား အကြမ်းဖက်သမ တစ်ယောက်ဖြစ်ပြီး ဂျာမန်တပ်နီအကြမ်းဖက်သမား ငါးဆယ်လောက်လို ရိုးရိုးလူသတ်သမားတစ်ယောက် ဖြစ်ချင်ဖြစ်မှာပဲ'

'အဲဒီအတိုင်းဆိုရင် သူ့ကို အန္တရာယ်ရှိတယ်လို့ သတ်မှတ်နိုင်ပြီပေ

ဂျရာမီယာက ပြန်ပြောလိုက်သည်။

ဒေးဗစ်က လက်နှစ်ဖက်ကို အသာမြှောက်ပြလိုက်သည်။

'ကောင်းပါပြီ၊ သူ့ကို အန္တရာယ်ရှိတယ်လို့ ယူဆကြစို့၊ ဘယ်လော အန္တရာယ်ကြီးကြီးပေးနိုင်မလဲ၊ ဆလာမက်အသုဘချပြီးတဲ့ နေ့ကစပြီး မြူလ အကြောင်းပဲ ကျွန်တော်တို့စဉ်းစားနေကြတယ်၊ ခု စဉ်းစားကြည့်စမ် သူဘာလုပ်နိုင်သလဲ၊ အသုဘမှာတုန်းက သူပေါ်လာတာကို ခင်ဗျာ အံ့ဩသလို ကျွန်တော်လည်း အံ့ဩရတာပဲ၊ ပြောက်ကျားခေါင်းဆောင်ကြ ကိုသူပြောတဲ့စကားနဲ့ ပတ်သက်ပြီး စပိုက်ဒါရဲ့ သတင်းပို့ချက်ကို ကျွန်တော် လည်း ဖတ်ကြည့်တာပဲ၊ ဟိုတုန်းက ကျွန်တော်ပြောခဲ့သလို ခု ကျွန်တော် ပြန်ပြောရဦးမှာပဲ၊ ကျွန်တော့်အနေနဲ့ လူ့လောကရဲ့ နောက်ဆုံး အဆုံးစွ ကလဲ့စားချေခြင်းကို မယုံကြည်ဘူး၊ လက်ဆွဲသေတ္တာတစ်လုံးထဲမှာ အနုမြူ ကိုထည့်ပြီး ဆွဲသွားတဲ့လူမျိုး၊ စိတ်ရူးပေါက်တဲ့ သိပ္ပံပညာရှင်ကြီးက သေမင် ရောင်ခြည်လက်နက်ကိုင်ထားတာမျိုးတွေကို ကျွန်တော်မယုံကြည်ဘူ မြူလာက တော်လှန်ရေးခေါင်းဆောင်ကြီးကို အဆုံးစွန်သော ကလဲ့စားချေ ခြင်းလို့ ပြောခဲ့တယ်၊ အဲဒီ စကားကို ကျွန်တော်မယုံကြည်ဘူး၊ ကျွန်တော် အနေနဲ့ အဲဖရက်မြူလာလို လူမျိုးပဲဖြစ်ဖြစ်၊ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်အကြမ် ဖက်သမားပဲဖြစ်ဖြစ် အဆုံးစွန် ကလဲ့စားချေခြင်းမျိုးကို လုပ်နိုင်မယ်လ ကျွန်တော်မယုံကြည်ဘူး၊ သူဟာ ဆလာမက်ရဲ့သူငယ်ချင်း ဖြစ်တာတော့ အမှန်ပဲ၊ ဝါနဲ့ပပတ်သက်ပြီး မော်လီမှတ်တမ်းအရ ထင်ရှားတယ်၊ နောက်ပြ သူဟာ လူသတ်သမား တစ်ယောက်ဖြစ်တယ်၊ ကျွန်တော့အနေနဲ့ နောက်ဆ



မှတ်ချက်ချရရင် ဂျူးတစ်ယောက်ရဲ့ အကူအညီနဲ့ လူသတ်မှု ကျူးလွန်ဖို့ သူစီစဉ်နေတာ ဖြစ်မှာပဲ'

'ဒါပေမဲ့'

ဂျရာမီယာ စကားစလိုက်တော့

'ကျွန်တော် ပြီးအောင်ပြောပါရစေ၊ တကယ်လို့ သူဟာ လူသတ်မှု စီစဉ်နေတယ်ဆိုရင် ကျွန်တော်တို့က ဒီလူသတ်မှုကို ကာကွယ်ဖို့ အစီအစဉ် လုပ်ရမယ်၊ ဒီအန္တရာယ်ကို သိပ်ပုံကြီးချဲ့ဖို့တော့ မသင့်ဘူး၊ ကမ္ဘာပေါ်မှာ ဘယ်လိုလူမျိုးပဲသေသေ၊ ဒီတိုင်းပြည်ကတော့ ပျက်မှာမဟုတ်ဘူး၊ အဲဒီတော့ ဒီပြဿနာကို သူ့အတိုင်းတာနဲ့သူ ညီညွတ်တဲ့ ပုံစံအထိလောက်ပဲ ကျွန်တော်တို့ လက်ခံစဉ်းစားဖို့လိုမယ်'

'ဒါကို ကျွန်တော်လုံးဝ သဘောတူတယ်'

ဟက်ဖနာ၏ ညာဘက်မှ အသံထွက်လာသည်။ ဟက်ဖနာ လှည့်ကြည့်လိုက်သောအခါ အဘီဇာက ဒေးဗစ်ကို ပြုံးပြီး ကြည့်နေသည်ကို မြင်လိုက်ရသည်။ အဘီဇာက ဂျရာမီယာကို စွပ်စွဲသည့် အကြည့်မျိုး ကြည့်ပြီး

'ဒေးဗစ်ပြောတာမှန်တယ်၊ မြူလာ ပြဿနာက မကြီးသင့်ဘဲကြီး နေပြီ၊ လက်ဘနွန်မှာ မလိုလားအပ်ဘဲ အသက်နှစ်ချောင်း ဆုံးရှုံးခဲ့ရပြီးပြီ၊ ကျွန်တော့်အနေနဲ့ မေ့ဆက်ဟာ မြူလာနဲ့ ပတ်သက်ပြီး ပူပန်ရတဲ့ အလုပ်တွေ ထက်ပိုပြီး အရေးကြီးတဲ့ လုပ်ငန်းတွေရှိတယ်လို့ ယုံကြည်တယ်'

'ခင်ဗျားက မြူလာနဲ့ပတ်သက်တဲ့ စုံစမ်းမှုကို ရပ်ဆိုင်းပစ်ဖို့ အကြံပြု နေတာလား အဘီဇာ'

'ကျွန်တော် ဒီလိုဆိုလိုတာ မဟုတ်ပါဘူး၊ ကျွန်တော်တို့က သူဘာကို ရည်ရွယ်ပြီး ဘာလုပ်မယ်ဆိုတာကို ကြိုးစားရှာဖွေဖို့ပဲ၊ ကျွန်တော်တို့ တတ်နိုင်သလောက် ကြိုတင်ကာကွယ်မှုတွေကို ဆောင်ရွက်ထားဖို့ပဲ၊ ကျွန်တော်တို့ရဲ့ ပြည်တွင်း လုံခြုံရေးကိစ္စတွေကို ဒီထက် နည်းနည်းတင်းကြပ် အောင်ပြုပြင်လိုက်ရင် ဒီပြဿနာအတွက် လုံလောက်ပြီလို့ ကျွနတော် ထင်တယ်'

ဟက်ဖနာ၏မျက်စေ့ထောင့်ထဲမှ ဒေးဗစ်၏ သဘောတူသည့် ပုံနှင့် ခေါင်းညိတ်နေသည်ကို မြင်လိုက်ရသည်။ မော်လီ၏ မျက်နှာပေါ်မှာ စိတ်ရှုပ်ထွေးသွားသည့် အမူအရာကို သူ သတိပြုမိလိုက်သည်။ ဘာတွေများ ဖြစ်နေကြပါလိမ့်။

ဒေးဗစ်နှင့် အဘီဇာတို့ ခုချိန်မှစပြီး မဟာမိတ်ပြုနေကြပြီလား။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ နှစ်ယောက်က ဂျရာမီယာနှုတ်ထွက်မည့် ကိစ္စကိုများ စတင်စိစဉ်နေကြပြီလားဟု တွေးနေမိသည်။

ဂျရာမီယာက အဘီဇာကို တစ်ချက်မျှ လှည့်မကြည့်ဘဲ အဘီဇာ၏ စကားများကို မကြားယောင်ပြုကာ ပြန်ပြောလိုက်လေသည်။

'ဒေးဗစ်၊ ငါနဲ့ မင်းနဲ့ သဘောချင်း မတိုက်ဆိုင်ဘူး၊ ငါ့အနေနဲ့ မြူလာဟာ တကယ့်အန္တရာယ်ရှိတဲ့ လူလို့ ယူဆထားတယ်၊ ငါတို့ဟာ သူ့ကို ရှာတွေ့ဖို့ကြိုးစားပြီး အချိန်မနှောင်းမီ သူ့အစီအစဉ်ကို အနှောင့်အယှက်ပေးရမယ်၊ နောက်တော့ ဘာမေးခွန်းများရှိကြသေးသလဲ'

မည်သူမျှ စကားမပြောကြ။

'ကောင်ပြီ၊ မြူလာပြဿနာနဲ့ ပတ်သက်ပြီး ငါကိုယ်တိုင် တာဝန်ယူမယ်'

သူက အစည်းအဝေးပြီးဆုံးသည့် အထိမ်းအမှတ်အဖြစ် သူ့လက်ဝါးနှစ်ဖက်ဖြင့် စားပွဲကို ခပ်နာနာကလေး ပုတ်လိုက်သည်။

'မော်လီ၊ မင်း ခဏနေလို့ရမလား၊ မင်းနဲ့ ငါ စကားပြောချင်တယ်'

## ၁၄

ကာဗလတီသည် သူ၏ကုလားထိုင်မှ ဖင်ခုအုံးများကို နေရာတကျ ပြုပြင်ပြီး ထိုင်ချလိုက်သည်။ တစ်နေလုံး မိုးရွာနေသဖြင့် သူ့ အရိုးများအထိ ထိုင်းမှိုင်းငုတ်နေသည်ဟု ထင်ရသည်။

လျှပ်စစ်မီးဖိုဘက်သို့ သူ့ ခြေထောက်ကို လှမ်းထိုးလိုက်သည်။ မီးအပူရှိန်ကြောင့် သူ့မျက်နှာ ရှုံ့သွားသည်၊ သူ့အဆစ်ရောင်ရောဂါတခါတိုင်းနှင့်မတူ ပို၍ ဆိုးလာသည်။ ချောင်းဆိုးနေသည်ကလည်း မသက်သာ။

အသည်းရောဂါထသည်မှာလည်း နှစ်ခါရှိပြီ။ အကြိမ်တိုင်းမှာလည်း အလွန်နာကျင်လှသည်၊ သူ့နှလုံးကလည်း ဒုက္ခပေးနေပြီ။

သူ့ကိုယ်သူ တတွတ်တွတ်ရေရွတ်ရင်း စားပွဲခင်းပေါ်မှာ ပေါင်မုန့်တစ်လုံး၊ ထောပတ်၊ ဝက်အူချောင်းနှင့် ဒိန်ခဲများ တင်လိုက်သည်။ မနက်တုန်းဝယ်ထားသည့် ဝိုင်အရက်က ပုလင်းမှာ လက်ကျန်ရှိနေသေးသည်၊

ထောင်ကျနေသည့် သူ့သားအတွက် တစ်ခုခုလုပ်ပေးရန် ခိုင်းထားသော ရဲမှူး ပါရီနီ၏ တောင်းဆိုချက် နောက်တစ်ခုလုပ်ပေးပါမည်ဟု သူ ဝန်ခံထားသည်။ ဤသို့ ဝန်ခံရသည်မှာလည်း ယခုအချိန်မှာ သူသေသွားခဲ့လျှင် သူ၏ဇာတိ ကောဆိကာမှ စိမ်းလန်းစိုပြည်သည့် တောင်ကုန်းကလေးများကို မမြင်လိုက်ရမှာ စိုးရိမ်သောကြောင့် အလွယ်တကူ ကတိပေးလိုက်ရခြင်း ဖြစ်သည်။

အမှန်တော့ ရဲမှူး ပါရီနီဆိုသော ငနဲက တကယ့်ကို ဆိုးရွားသည်၊ ကတယ်၍များ ကာဗလတီက သူ့အကြောင်းနှင့် ပတ်သက်ပြီး သူ့အမေ

www.burmeseclassic.com

www.burmeseclassic.com



ကို ပြောပြလျှင် သူ့အမေ အရှက်ကြီး ရှက်သွားပေရော့မည်။

ပြီးခဲ့သည့် သောကြာနေ့က ပါရိနီ အမှိုက်ပုံနားလာပြီး သူ့ရုံးခန်း ဟိုရှာသည်ရှာ လုပ်သည်။ ဖိုင်များကိုလည်း လှန်လှောကြည့်ရှုသည်။ စား အံဆွဲထဲလည်း ရှာသေးသည်။

အတိုချုံးလိုက်လျှင် သူ့သားအတွက် ဆောင်ရွက်ရန်ကိစ္စအောင်မြင် စေရန် သူ့ဘက်မှ အစိုးရကို ကူညီသည့် အလုပ်ကလေးတစ်ခုလုပ်ပြ လိုမည်ဟု ပြောသွားသည်၊ သည်လိုကောင်းကို ငြင်းနေလို့ အကျိုးမရှိကြောင်း ကာဗလတီ နားလည်ထားသည်။ သူ့ကိစ္စက ပါရိနီ၏ လက်ထဲရောက် သည်။

ထို့ကြောင့် သူက လက်မြောက် အရှုံးပေးလိုက်ပြီး ယနေ့ည ရော လာမည့် စနိုက်ပါမှာထားသော ဟိုငနဲ့အကြောင်းကို ပြောလိုက်ရတော့သည် သည်လူသည် အငှားလူသတ်သမားတစ်ယောက်ဖြစ်မှာပဲဟု သူက ရဲမှူး ပြောပြသည်။ သည်သေနတ်တစ်လက်အတွက် သူ့ပိုက်ဆံများစွာ ရမှာပဲ သူက တွက်ဆသည်။

သူ့စားစာခံက အင်မတန်အရေးကြီးသည့် ပုဂ္ဂိုလ်ဖြစ်ရမည် သည်လို လူစားမျိုးက အသေးအဖွဲ့လုပ်မည့် လူစားမျိုးမဟုတ်။ သမ္မတ တောင် လုပ်ကြံချင် လုပ်ကြံမည့် လူစားမျိုးဟု ရဲမှူးကို ပြောပြလိုက်သည်

ဆံပင်အဝါရောင် လူ၏နာမည်ကိုတော့ သူမပြောလိုက်။ အိုင်း ဆံပင်အဝါရောင်လူကို ထောင်ဖမ်းဖို့ အစီအစဉ်လုပ်ရန် ချက်ချင်းဆုံးဖြ လိုက်သည်။

ကာဗလတီက သူ့အိတ်ထဲမှ မောင်းချဓားတစ်ချောင်း ထုတ်လိုက် ပေါင်မုန့်ကို သူ့ရင်ဘတ်တွင်ကပ်ကာ သူ့ဖခင်လှီးသည့် ပုံစံမျိုးလှီးလိုက်သည် ပေါင်မုန့်ကို ထောပတ်ထူထူသုတ်လိုက်ပြီး ဝက်အူချောင်း အစိတ်ကလေးမျာ ကို တဖြည်းဖြည်းဝါးစားနေသည်။

'ထိုင်ပြီး စားရမယ့် အလုပ်ကို ဆက်လုပ်ပါ၊ တစ်ယောက်ယော ကပြတင်းပေါက် အပြင်ဘက်က လှမ်းကြည့်လိုက်ရင် မင်းကို ညစာစား တယ်လို့ မြင်လိမ့်မယ်၊ အဲဒီလိုဆိုရင် မင်းလူကမင်းကို စိတ်ချလိမ့်မယ်'

ပါရိနီက သူ့ကို ညွှန်ကြားထားသည်။

ဆံပင်အဝါရောင်လူက နေ့လည်တုန်းက သူ့ဆီဖုန်းဆက်သည် ကာဗလတီက သူ့အသံကို ချက်ချင်းမှတ်မိလိုက်သည်။

'ကျွန်တော် မိုက်ကယ်ဂေါ်ဒွန်ပါ၊ ကျွန်တော်မှာထားတဲ့ ပစ္စည်း



ရပြီလား'

'ရပါပြီ'

'ကျွန်တော် ည ၇ နာရီ လာခဲ့မယ်'

တစ်ဖက်ကပြောပြီး ဖုန်းကို ချက်ချင်း ပြန်ချသွားသည်။

ကာဗလတီက ပါရိနီ၏ရုံးခန်းကို ချက်ချင်း ဖုန်းလှမ်းဆက်လိုက် သည်။ ပါရိနီက သတင်းကြားလိုက်ရတော့ ဝမ်းသာသွားပြီး တယ်လီဖုန်းထဲမှ င် အသေးစိတ် ညွှန်ကြားချက်များမှာကြားသည်။

'မင်း ဖောက်သည်ကို ငါတို့ ကောင်းကောင်းမွန်မွန် ကြိုဆိုဖို့ အစီအစဉ် လုပ်လိုက်ဦးမယ်'

မိုးချုပ်သည်နှင့် တစ်ပြိုင်နက် ပါရိနီနှင့် သူ့အဖွဲ့သား ခြောက် ယောက်ရောက်လာသည်။ နှစ်ယောက်က အမှိုက်ပုံဝင်းထဲက စောင့်ပြီး ကျန်လူများက သူ့ရုံးခန်းနှင့် အလုပ်ရုံ ဘေးပတ်ဝန်းကျင်မှာ စောင့်ကြသည်။ ကာဗလတီကိုတော့ ရုံးခန်းအတွင်းမှ အပြင်သို့ မထွက်ရန်မှာကြားထားပြီး ပါရိနီက

'ဒီကောင် မင်း ရုံးခန်းထဲကို ဝင်တာနဲ့ သူ့ကိုတို့အမိဖမ်းလိုက်မှာပဲ'

နံရံပေါ်မှာ ချိတ်ဆွဲထားသော နာရီကို သူ လှမ်းကြည့်လိုက်သည်။ (၆း၅၅)နာရီ ရှိပြီ။

ဆံပင်အဝါရောင်လူက သူ့ကို 'အာမချောင်နဲ့' ဟုခပ်အေးအေး မှာသွားတာ သတိရလိုက်မိသည်။ 'ကျွန်တော် စိတ်မကောင်းဖြစ်ရလိမ့်မယ်' ဟုလည်း ပြောသွားသေးသည်။

ကာဗလတီ၏ လက်ဖဝါးတွေ ကပ်စေး ကပ်စေးဖြစ်လာသည်။ ပေါင်မုန့်ကို အသာချပြီး၊ သူ့လက်ဖဝါးနှစ်ဖက်ကို ဘောင်းဘီနှင့်သုတ်လိုက် သည်။ သူ့နောက်ထပ် စားချင်စိတ်မရှိတော့၊ ကိုက်ပြီးသား ပေါင်မုန့်ကလည်း သူ့လည်ချောင်းထဲမှာ တစ်ဆို့နေသဖြင့် ဝိုင်အရက်နှင့် မျှောချလိုက်သည်။

တယ်လီဖုန်းမြည်လာသည်။ သူက ခပ်ဆိုင်းဆိုင်းလုပ်နေပြီးမှ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

'ဟုတ်ကဲ့'

'ဂေါ်ဒွန်ပါ၊ ကျွန်တော် ကနေ့ည မလာနိုင်တော့ဘူး၊ မနက်ဖြန်ည ဒီအချိန်မှာ လာမယ်'

'နေပါဦး ဒီမှာ'

သူ့စကားဆက်ပြောလိုက်သောအခါ တစ်ဖက်မှ ဖုန်းချသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက တယ်လီဖုန်းကို ဒေါသတကြီး ဆောင့်ချလိုက်သည်။

ကုလားထိုင်မှ အားယူထလိုက်ပြီး တံခါးပေါက်နားသို့ လျှောက်သွ ကာမှောင်ထဲသို့ လှမ်းခေါ်လိုက်သည်။

'ပါရိုနီ'

အမှောင်ထဲမှ အရိပ်တစ်ခု သူ့နားရောက်လာသည်။ ပါရိုနီ ဒေါသတကြီးဖြင့်

'သိပ်အော်မနေနဲ့၊ ဒီလိုအော်နေရင် အစီအစဉ်တွေ ပျက်ကု မှာပေါ့'

'ကျွန်တော့်ကို စကားပြောခွင့်ပြုပါဦးဗျာ၊ ဟိုငနဲက ဖုန်းဆက်တယ် သူ ဒီနေ့ မလာနိုင်ဘူးတဲ့'

ပါရိုနီက သူ့ကို မသက်သာသလိုကြည့်ပြီး

'ဟုတ်မှလည်း လုပ်ပါ ကာဗလတီရဲ့၊ ကျွန်တော့်ကို ခင်ဗျားအရူးမှ လုပ်နေတာလား၊ ခင်ဗျား အဲဒီလိုလုပ်ရင်တော့'

အဘိုးကြီးက လက်နှစ်ဖက်ကို အပေါ်မြှောက်လိုက်ပြီး

'ဘုရားရေ ခုန တယ်လီဖုန်းဆက်တာ ခင်ဗျား ကြားလိုက်တ မဟုတ်လား၊ ခင်ဗျားကို ကျုပ် ဘာဖြစ်လို့ လိမ်ရမှာလဲ၊ ကျုပ်သားကို ဒီဒု က ကယ်နိုင်တာ ခင်ဗျားတစ်ယောက်ပဲ ရှိတယ် ဆိုတာ ကျုပ်သိပါတယ်

ပါရိုနီက သူ့မျက်နှာရိပ် မျက်နှာကဲကို စောင့်ကြည့်လိုက်ပြီးနော ခေါင်းညိတ်လိုက်သည်။

သူ့ညာဘက်လက်ထဲမှာ ကိုင်ထားသော ဝေါကီတော်ကီနှင့် စကာ ခပ်တိုးတိုး ပြောလိုက်တော့ မှောင်ရိပ်ထဲမှ လူများက သူ့ဆိုင်မျက်နှာ စာ ကွက်လပ်ထဲသို့ ဝင်လာကြသည်။

'ကျွန်တော်တို့ နက်ဖြန်ခါ ဒီအချိန် ပြန်လာမယ်၊ ခင်ဗျား ရုံးခန် ထဲမှာ နောက်ထပ် ဆယ်မိနစ်လောက် နေလိုက်ဦး၊ ကျွန်တော်တို့နဲ့ ခင်ဗျာ လိုက်လာတာကို တခြားလူတွေ မမြင်စေချင်ဘူး၊ ပြီးမှ ခင်ဗျား အိမ် ခင်ဗျား ပြန်တော့'

ပြောပြီး သူ့လူများနှင့်အတူ ထွက်သွားလေတော့သည်။

လမ်းတစ်ဖက်ရှိ လူနေအဆောက်အဦတစ်ခု၏ နဝမထပ်ရှိ မှောင် ထားသော ပြတင်းပေါက်တစ်ခုမှ နေ၍ အဲဖရက်မြူလာက သူ၏ ဂျာမန်လု ညကြည့်မှန်ပြောင်းဖြင့်စုံထောက်တွေ ထွက်ခွာသွားသည်ကို စောင့်ကြည နေသည်။



စုံထောက်တွေ ကားနှစ်စီးပေါ် တက်သွားတာတို့ မြင်လိုက်ရ သူက အခန်းထဲမှ ထွက်လာပြီး ဓာတ်လှေကားခလုတ်ကို နှိပ်လိုက်သည်။

ကာဗလတီ၏ ဆိုင်ခန်းဘက်သို့ လမ်းဖြတ်ကူးရန် ထွက်လိုက် သောအခါ ရဲကားများ နောက်မီးကလေးများကို မြင်နေရသေးသည်။

ဂျာမန် သိုးထိန်းခွေးက ဟောင်လိုက်သော်လည်း သူ ဝရ မစိုက်တော့။ ဆိုင်ခန်းရှေ့က ကွန်ကရိကျောက်သားခုံပေါ်သို့ သူတက်လိုက် သောအခါ ကာဗလတီက ရုံးခန်းတံခါးဖွင့်ပြီး အပြင်ဘက်သို့ လှမ်းကြည့်ရင်း မေးလိုက်သည်။

'ဟေ့ လာပြန်ပြီလား တစ်ခေါက်'

ခွေးဟောင်သံကြားရသဖြင့် သူ့စိတ်ထဲမှာရဲတွေ တစ်ခေါက်ပြန် လာကြသည်ဟု ထင်နေသည်။

အဘိုးကြီးက သူ့ကို မမှတ်မိခင်မှာပင် မြူလာက အဘိုးကြီးရှေ့သို့ ရောက်သွားလေသည်။ အဘိုးကြီးကို ရုံးခန်းထဲသို့ ဆောင့်သွင်းလိုက်ပြီး ရုံးခန်းတံခါးကို ခြေထောက်ဖြင့် ဆောင့်ကန်ပိတ်လိုက်သည်။

ကော်စီကန်ကြီးက အလန့်တကြားဖြင့် သူ့ကို မော့ကြည့်နေစဉ် သူ၏လည်ပင်းကို မြူလာက ညာဘက်လက်သီးနှင့် ရက်ရက်စက်စက် ခပ်ပြင်းပြင်း ထိုးလိုက်သည်။ ကျောက်သံမံတလင်းပေါ်သို့ ကာဗလတီ လဲကျ သွားသည်။

မြူလာက အဘိုးကြီး၏ရင်ဘတ်မှ အကျီကိုဆွဲပြီး ကုလားထိုင် ပေါ်သို့ တွန်းတင်လိုက်သည်။

'ဘာ ဘာကြောင့်'

ကာဗလတီက အသက်ကောင်းစွာ မရှူရှိုက်နိုင်ဘဲ ဇဝေဇဝါ မေးလိုက်သည်။ မြူလာက အဘိုးကြီး၏ မျက်နှာကို တစ်ချက်၊ ဝမ်းပိုက်ကို တစ်ချက်၊ ထိုးလိုက်ပြန်သည်။ အဘိုးကြီး ညည်းတွားလိုက်ပြီး နှာခေါင်းမှ သွေးတွေ ယိုစီးကျလာသည်။

ယခုအချိန်ထိ မြူလာက စကားတစ်ခွန်းမျှမပြော။ သူ့ မျက်လုံးများ က မျက်မှန်နှင့် ဖုံးကွယ်ထားသဖြင့် စိတ်အေးအေးပဲ ထင်နေရသည်။

သူ့ကုတ်အကျီအိတ်ထဲမှ နိုင်လွန်ကြိုးခွေတစ်ခွေကို ဆွဲထုတ်လိုက်ပြီး အဘိုးကြီး၏ လက်များကို ကုလားထိုင် နောက်ဘက်သို့ဆွဲကာ လက်နှင့် ကုလားထိုင်ရော လူပါ ကြိုးနှင့်တုပ်လိုက်သည်။

စားပွဲပေါ်မှာတင်ထားသော အစားအစာများနှင့် အရက်ပုလင်း

www.burmeseclassic.com

www.burmeseclassic.com



ကို စားပွဲဘေးဘက်သို့ အသာတွန်းဖယ်လိုက်ပြီး စားပွဲခင်းကြီးကို အလုံးကလေး တစ်ခုအဖြစ် လုံးလိုက်သည်။ ပြီးမှ ကာဗလတီ၏ ပါးစပ်ထဲကို ဆို့လိုက်သည်။

သူ့လုပ်ရပ်ကို စိတ်အေးလက်အေးဖြင့် ပြန်လည်စစ်ဆေးကြည့်ရှု လိုက်ပြီး

'ဘယ်မှာလဲ၊ ကျွန်တော်မှာထားတဲ့ သေနတ်'

ကာဗလတီက ပါးစပ်ဆို့ထားခံရသဖြင့် အသက်ရှူဖို့ လေရရန် ကြိုးစားရင်း ရင်ထဲမှ အသံများထွက်နေသည်။

သူက ရုံးခန်းထောင့်မှ အလုပ်ရုံအဝတ်အစားများ ချိန်ထားသော အောက်မှာ တဝက်တပျက် ပေါ်နေသည့် သံတမန် လက်ဆွဲသေတ္တာ အသစ်ကလေးတစ်လုံးဆီသို့ ခေါင်းငဲ့ပြလိုက်သည်။

ပါရနီက လက်နက်ကို ရုံးခန်းထဲမှာ အဆင်သင့်ထားရန် မှာထားခဲ့သည်၊ အကယ်၍ ဆံပင်ဝါနှင့်လူက ရုံးခန်းထဲကို ဦးစွာရောက်နေခဲ့လျှင် ရဲများ မလာမီ သူ့ကိုနည်းနည်းပါးပါး အလုပ်ရှုပ်စေပြီး အချိန်ဆွဲထားဖို့ အဆင်သင့်ခိုင်းထားခြင်း ဖြစ်သည်။

မြူလာက ကြက်ခြေရုရဖြင့် သေတ္တာကလေးကို ကောက်ယူလိုက်သည်။ သေတ္တာ၏ သော့ကလေးက လက်ကိုင်မှ တွဲလောင်းကျနေသည်။ သေတ္တာကို စားပွဲပေါ်တင်ပြီး သော့ဖွင့်လိုက်သည်။

သူ့မျက်နှာ အမူအရာမပြောင်းသော်လည်း သူ့လက်ချောင်း ကုတ်ကုတ်ကြီးက သူ့ရှေ့မှာပေါ်လာသော လူသတ်လက်နက်ဆီသို့ ချက်ချင်း ရောက်သွားသည်။

XP-100 သေနတ်က သေတ္တာထဲမှာ ပလပ်စတစ်ဖော့များဖြင့် အံဝင်ခွင်ကျ ထည့်ထားသည်၊ မှန်ပြောင်းက အဝနည်းနည်းကျယ်ပြီး သီးခြားနေရာကလေးမှာ အံကျထည့်ထားသည်။ တတိယနေရာမှာ သံဘူး ဝိုင်းကလေးတစ်လုံး ထည့်ထားပြီး အပေါ်မှ ခရမ်းရောင် စာတမ်းများ ရိုက်ထားသည်။

၂၂၁- ဖိုင်ယားဘော၊ ၂၅-တောင့်။

မြူလာ၏ အရိုးပြိုင်းပြိုင်းထနေသော လက်ချောင်းများက သေနတ် ပြောင်းတိုတိုကလေးကို အသာပွတ်သပ်နေသည်။ သေနတ်ဒင်က ခပ်တိုတို နှင့်ထူးဆန်းသည့် ပုံစံဖြစ်ပြီး ခလုတ်ကွင်းကတော့ ရှေးနည်း ပုံစံအတိုင်း ဖြစ်သည်။ သူ့လက်ချောင်းများက မောင်းခလုတ်တို့ကို အသာကိုင်ကြည့်ပြီး



ပစွာ ထွင်းထားသော လက်ကိုင်ဆီသို့ ရောက်သွားသည်။ သေနတ်ကို သေတ္တာထဲမှ ဆက်ကနဲ ဆွဲထုတ်လိုက်သည်။

သူ၏ ဘယ်ဘက် လက်ညှိုးနှင့် လက်မကို အသုံးပြုပြီး သေနတ်၏ ထိုးမောင်းကို နောက်ဘက်သို့ ဆွဲထုတ်လိုက်သည်၊ ထိုးမောင်းက နောက်ဘက် သို့ လျှောထွက်လာသဖြင့် အတွင်းဘက်မှ ကျည်အိမ်ကို မြင်ရသည်။

သူက သေနတ်ကို စားပွဲပေါ်သို့ အသာပြန်တင်လိုက်ပြီး သေတ္တာ ထဲမှ ကျည်ဆန်ဘူးကို ထုတ်ကာ အဖုံးဖွင့်လိုက်သည်။

ကျည်ဆန်တစ်တောင့်ထုတ်ယူပြီး သေနတ်ကျည်အိမ်ထဲသို့ ထည့်ကာ မောင်းထိုးပြီး ပိတ်လိုက်သည်။

တစ်ဖန် သူက မှန်ပြောင်းကို သူ့နေရာမှ ဆွဲထုတ်လိုက်ပြီး ကျွမ်းကျင်စွာဖြင့် သေနတ်ပြောင်းပေါ်မှာ ထွင်းထားသော လမ်းကြောင်းပေါ်သို့ တပ်လိုက်သည်။ သေနတ်ကို ညာဘက်လက်ပေါ်တင်ပြီး အလေးအပေါ့ ချိန်ဆနေလိုက်သေးသည်။ ပြီးမှ

'သေနတ်ထဲက ကျည်ရိုက်တံကိုတော့ ခင်ဗျားဖြုတ်မထားပါဘူးနော်'

မေးလိုက်ပြီး အဖြေကိုမစောင့်ဘဲ နောက်ဘက်သို့ နှစ်လှမ်း ဆုတ်လိုက်သည်၊ သေနတ်ကို လက်နှစ်ဖက်နှင့်ကိုင်ပြီး အဘိုးကြီးဆီ ချိန်လိုက် သည်၊ သူ၏ ညာဘက် လက်ချောင်းကလေးများနှင့် မှန်ပြောင်း ရှေ့အနီး အဝေး ချိန်ဘီးကို အသာလှည့်ပြီး ချိန်လိုက်သည်။

သူ၏ မှန်ပြောင်းထဲမှ အဘိုးကြီး၏မျက်နှာဝိုင်းဝိုင်းကြီးက အရုပ်ဆိုး နှာပေါ်လာပြီး သူ၏မျက်လုံးများက ထိတ်လန့်စွာ လှုပ်ရှားနေသည်။ နဖူးပေါ်မှ ချွေးသီးချွေးပေါက်များ ကျလာသည်။

မြူလာက သေနတ်ကို ခပ်ငြိမ်ငြိမ်ကိုင်ထား၊ပြီး မှန်ပြောင်းမှ ကြက်ခြေခတ်မျဉ်းကို ကာဗလတီ၏ မျက်စိနှစ်လုံးကြားရှိ နှာခေါင်းရိုး တည့်တည့်သို့ ချိန်ထားလိုက်သည်၊ နောက်ဆုံးမှာ သူက သေနတ်ကို အောက် သို့နှိမ့်ချလိုက်ပြီး ထိုးမောင်းကို ပြန်ဖြုတ်လိုက်သည်၊ ခုန်ထွက်လာသော ကျည်ဆန်ကို ကျွမ်းကျင်စွာ လှမ်းဖမ်းလိုက်သည်၊

နောက်တစ်ကြိမ် မောင်းထိုးလိုက်ပြီး သေနတ်ကို အပေါ်သို့ မတင်ကာ ခလုတ်ဖြုတ်ချလိုက်သည်။ မောင်းဖြုတ်သံကြားလိုက်ရသော့မှ သူက ကျေနပ်နှစ်ခြိုက်စွာ ခေါင်းညိတ်လိုက်လေသည်။

မြူလာက သေနတ်မှ မှန်ပြောင်းကို ဖြုတ်လိုက်သည်။ သေနတ်နှင့် ကျည်ဆန်ဘူးကို သေတ္တာထဲ ပြန်ထည့်လိုက်ပြီး သေတ္တာကိုပိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သေတ္တာကို တံခါးပေါက်ဘေးနားတွင် သွားချထားလိုက်ပြီး ကာဗလတီ၏ ရှေ့မှာ ဒူးထောက် ထိုင်ချလိုက်သည်။ အဘိုးကြီးကို ချည်ထားသော နိုင်လွန်ကြိုးအောက်မှ အပေါ်အင်္ကျီကြယ်သီးကို ဖြုတ်ပြီး အောက်ခံအလုပ်သမား ဝတ်စုံမှဇစ်ကို ခါးအထိ ဆွဲဖွင့်လိုက်သည်။

အောက်မှာ ဝတ်ထားသော အနွေးထည်နှင့် စွပ်ကျယ်ကို စိပ်ဖြေနပြေ အောက်မှစ၍ အပေါ်သို့ ရောက်သည်အထိ လိပ်တင်လိုက်သည်။ အဘိုးကြီး ဝမ်းဗိုက်နှင့် ရင်ဘတ်အောက်ပိုင်းပေါ်လာသည်။

အဘိုးကြီးက အသက်ရှုနိုင်ရန် လေရဖို့ ကြိုးစားနေရာမှ အထိတ်တလန့် မျက်လုံးဖြင့် သူ၏လှုပ်ရှားမှုကို ကြည့်နေသော်လည်း ကိုယ့်အလုပ်နှင့်ကိုယ် အလုပ်ရှုပ်နေသော မြူလာက အဘိုးကြီး၏ မျက်နှာကို သတိမရနိုင်။

သူက ဘယ်ဘက်လက်ကို မြှောက်လိုက်ပြီး ညာဘက်လက်ဖြင့် ကုတ်အင်္ကျီလက်ဖျားကိုစမ်းကာ ရှည်ရှည်သေးသေးနှင့် ပြောင်လက်နေသော အရာဝတ္ထုကလေးကို လက်မနှင့် လက်ညှိုးကြားမှ အသာညှပ်ပြီး ဆွဲထုတ်လိုက်သည်။

ခုနစ်လက်မ ရှည်သော အပ်သေးသေးကလေးပဲ ဖြစ်သည်။

ကာဗလတီကလက်နက်ကို ကြည့်ရင်း ကုလားထိုင်ပေါ်မှာ ထိတ်လန့်တုန်ရင်းကန်နေသည်။ သူ၏ ပါးစပ်တွင် ဆို့ထားသော အဆို့ကို မှုတ်ထုတ်ပစ်ရန်နှင့် အော်ဟစ်ရန် ကြိုးစားသောအသံများ သူ့လည်ချောင်း ထဲမှထွက်လာသည်။

သည်ပစ္စည်းကလေး ဘာဆိုတာကို သူနားလည်လိုက်သည်။ တရုတ်အပ်စိုက်ပညာမှာ အသုံးပြုသော အပ်မှန်း သူသိလိုက်သည်။

သူ၏ရင်ဘတ် ဘယ်ဘက်နံရိုးများကို လျှောက်စမ်းနေသော လက်၏ ထိတွေ့မှုကြောင့် နောက်ခံစားမှုတစ်မျိုးကို ကာဗလတီ ထိတွေ့ခံစားလိုက်ရသည်။

မြူလာက သူ၏မျက်မှန်ကိုချွတ်ပြီး ကြမ်းပြင်ပေါ်မှာ ချထားလိုက်သည်။ သူ၏ မျက်လုံးပြာကို အဘိုးကြီးက ပထမဦးဆုံးအကြိမ် မြင်လိုက်ရပြီး သူတို့နှစ်ယောက်သား မျက်လုံးချင်း ဆုံမိကြသည်။

'ခင်ဗျား ပါရီနီကိုခေါ်ဖို့ မသင့်ဘူး'

ခပ်တိုးတိုး ပြောလိုက်ချိန်တွင် ကာဗလတီက သူ့ရင်ဘတ်ထဲ အပ်စူးဝင်သွားသည်ကို သိလိုက်ရသည်။ မြူလာက အပ်ကို မနားတမ်းရှေ့နောက်လှည့်လိုက်သည်။

အပ်က အဘိုးကြီး၏ နံပါတ်ငါးနှင့် နံပါတ်ခြောက်နံရိုးကြားထဲသို့



တဖြည်းဖြည်း စူးဝင်သွားသည်။ ကာဗလတီက ခဏမျှ ကြာသောအခါ သူ့ရင်ဘတ်ပေါ်သို့ ဇက်ကျိုးကျသွားသည်။

သူမသေခင် နောက်ဆုံးအဖြစ် သူ၏မျက်နှာနှင့် လက်မအနည်းငယ်အကွာမှ ဆံပင်ဝါဝါ လူ၏မျက်နှာကို မှတ်မိလိုက်သည်။

သူ့မျက်လုံးက ကြောက်မက်ဖွယ် ကျေနပ်နေသော အမူအရာနှင့် သူ၏သွေးမရှိသော နှုတ်ခမ်းကို လျှာဖြင့် လျက်နေသည်ကိုလည်း မြင်လိုက်ရသည်။

ကာဗလတီ၏ အလောင်းကို မည်သည့်ဆရာဝန်က ဘယ်လိုပဲ စစ်ဆေးသည့်တိုင် နှလုံးရောဂါကြောင့် သေသွားသည်ဟု ယူဆကြပေမည်။ အပ်ပေါက်ကို မတွေ့မချင်း မည်သူမှ မသိနိုင်။ သေနတ်ပျောက်သွားသည်ကို သိပြီးသည့်နောက်တွင်မှ မည်သို့ သေရခြင်းသည် အကြောင်းမထူးလှချေ။

သူက ကာဗလတီ၏ ပါးစပ်ထဲမှ စားပွဲခင်းကို ပြန်ဆွဲထုတ်လိုက်ပြီး စားမကုန်သော အစားအစာများပေါ်သို့ ပစ်တင်လိုက်သည်။

နိုင်လွန်ကြိုးကိုဖြေပြီး သူ့အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။ အပ်တလေးကိုလည်း သူ့အင်္ကျီလက်တွင် အဆင်သင့် လုပ်ထားသော နေရာမှာ ပြန်ထည့်လိုက်သည်။ သေတ္တာကို ကောက်ယူပြီး အထွက်မှာ မီးပိတ်သွားသေးသည်။

၂

ည ရှစ်နာရီကျော်ကျော်ခန့်မှာ မြူလာက အနောက်ဘက်ကမ်း နာမည်ကြီး စားသောက်ဆိုင် 'လာကိုပို' ထဲသို့ ဘေးပေါက်တံခါးမှ ဝင်လာသည်။

တံခါးမကြီးတည့်တည့်မှာ အဝတ်အစား အပြည့်အစုံဝတ်ထားသော တံခါးမှူးနှင့် စားသောက်သူတွေကို ရှောင်ကွင်းလိုသောကြောင့် ဖြစ်သည်။

လာကိုပိုသို့ အဆိုတော်များ၊ ပန်းချီဆရာများ၊ ဂီတပညာရှင်များ ဝင်ထွက် စားသောက်လေ့ရှိသဖြင့် ပရိသတ်တွေက ဆိုင်ထဲဝင်လာ သူတို့ စူးစူးစိုက်စိုက် ကြည့်လေ့ရှိကြသည်။ ဝိုင်းကြည့်ခြင်းမျိုးကို မြူလာအနေနှင့် သည်လို ညမျိုးမှာတော့ မခံယူလို။

မြူလာက ဘားကောင်တာမှာ အရက်တစ်ခွက်မှာပြီး အရက်ခွက်ကို ကိုင်ကာ စားသောက်ခန်းဘက်သို့ ထွက်လာသည်။

စားသောက်ခန်းထဲတွင် ပရိတ်သတ်များ ပြည့်ကျပ်နေပြီး ပျားအုံကဲ့သို့ ဆူညံကာ တိုးဝှေ့နေကြသည်။ သူထိုင်နေကျ စားပွဲမှာ ပက်ထရစ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း စားသောက်နေသည်ကို တွေ့လိုက်ရသည်။ သူက အရက်ခွက်ကို ကိုင်ပြီး လူကြားထဲမှာတိုးကာ ပက်ထရစ်နှင့် မျက်နှာချင်းဆိုင်ခုံမှာ ထိုင်လိုက်သည်။ ကိုင်ထားသော အိတ်ကလေးကို သူ့ညာဘက် ခြေထောက် ဘေးနားမှာ ချထားလိုက်သည်။

'မင်း ငါ့ကို တွေ့ချင်တယ်ဆို'

သူတို့နှစ်ယောက်က ပြင်သစ်စကားဖြင့် ပြောဆိုနှုတ်ဆက်ကြသည်။ ဘာသာစကား ပြောဆိုခြင်းထက်ပို၍ စိတ်ချ သည်။

ဤသည်လိုနေရာမျိုးမှာ တခြားဘာသာစကား ပြောဆိုခြင်းထက်ပို၍ စိတ်ချ

'ကျွန်တော်နဲ့ညစာ အတူစားမှာလား'

ပက်ထရစ်က မေးသည်။

မြူလာက ပက်ထရစ်စားစရာများ မှာနေသည်ကို ကြည့်က အနံ့ဆိုးရှားသည့် သူ့စီးကရက်တစ်လိပ်ကို မီးညှိရင်း ပြန်ဖြေလိုက်သည်။

'ငါ မဆာသေးဘူး၊ ငါ့မှာ အချိန်သိပ်မရဘူး'

ပက်ထရစ်က မှာထားသော အစားအစာများကို မစားချင်စားချ ဖြင့် ခက်ရင်းနှင့် ဟိုထိုးသည်ဆွလုပ်နေပြီးမှ

'အရစ်တွန်တို့က ငါ့ကို ဘရက်စ်မြို့ကို သွားဖို့ခိုင်းနေတယ်၊ ဒါပေ ပြီးသနားက ငါ ပဲရစ်ကနေပြီး နှစ်ပတ် သုံးပတ်လောက် တခြားခရီးသွားစရာ ရှိတယ်၊ ပြီးခဲ့တဲ့လက ငါ့ကို မင်း အစီအစဉ်တစ်ခု ဆွဲထားတယ်လို့ ပြောတ မဟုတ်လား၊ အဲဒီအစီအစဉ် အဆင်သင့်ဖြစ်တဲ့ အချိန်မှာ ငါ တခြားရော မနေချင်ဘူးကွာ'

'အဲဒီသွားဖို့ မဆုံးဖြတ်ခင် ငါ့ကို မင်းအလိုရှိမရှိ အရင်သိချင်တယ်'

မြူလာက အဖြေမပေးသေးဘဲ ပက်ထရစ်ကို တော်တော်အချိန် စောင့်ကြည့်နေပြီးမှ ပြောလိုက်သည်။

'မင်း ဘရက်စ်ကို အရင်သွားနိုင်တယ်'

'မင်း ပြောထားတဲ့ အစီအစဉ်ကရော'

'လောလောဆယ် အရေးကြီးတဲ့ကိစ္စ ဘာမှမရှိဘူး၊ ငါတို့ကို အထက် ညွှန်ကြားထားတာက နှစ်လ သုံးလလောက် ငြိမ်နေဖို့မှာထားတယ် ဆိုဗီးယားကိစ္စနဲ့ ပတ်သက်ပြီး ရဲက အပူတပြင်း လိုက်လံစုံစမ်းနေတယ်၊ သူ ဆီမှာ လူပုံပန်းသဏ္ဍာန်တော်တော်များများ ရထားပုံပဲ၊ ဒီတော့ ငါတို့ အ မစွန့်သင့်ဘူး'

မြူလာက သူ့ အရက်ခွက်ကို အကုန်မော့ချလိုက်ပြီးမှ

'လူပုံပန်းသဏ္ဍာန် ဟုတ်လား၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ငါတို့လူတွေ စ်ယောက်မှ အဖမ်းမခံရပါလားကွ၊ အပြင်လူတွေလည်း တစ်ယောက်မှ သိဘူး၊ ငါတို့လုပ်ငန်းကလည်း သိပ်ကို သပ်ရပ်တယ်၊ ဘယ်လိုပုံသဏ္ဍာန်တို့ ယ်သူ ပြောနိုင်မှာလဲ'

မြူလာက ပခုံးတစ်ချက်တွန့်လိုက်သည်။

'ဒါတော့ သူတို့သက်သေ ဘယ်သူလဲဆိုတာ ငါ မပြောနိုင်ဘူး၊ ထက်က ညွှန်ကြားချက်ကတော့ ရှင်းတယ်၊ ဒါကို ငါတို့ လိုက်နာရမယ်၊ ာက်နှစ်လ သုံးလအတွင်း လှုပ်ရှားမှု ဘာမှမလုပ်ရဘူးလို့ ဆိုတယ်၊ ဒီတော့ င်း ဘရက်စ်ကိုသွားပြီး လှုပ်ရှားမှုအတွက် ပြင်ဆင်ဖို့ဆိုရင် ဖြစ်နိုင်တယ်၊ င်း အိမ်ထဲက မထွက်ရင် ပြီးတာပဲ'

မြူလာ လိမ်ပြောနေကြောင်း ပက်ထရစ် တပ်အပ်သိသည်။ တဲ့ထိုး မေးလိုက်ချင်သော်လည်း မမေးတော့ဘဲ စကားကို လွှဲပြောလိုက်သည်။

'ကောင်းပြီလေ၊ ငါ ဘရက်စ်ကိုသွားမယ်၊ အကြောင်းထူးရှိရင် ငါ့ဆီ န်းလှမ်းဆက်လိုက်ပေါ့'

'အေးပါ၊ မင်း မပါရင် ငါ ဘာမှမလုပ်တတ်ဘူးဆိုတာ မင်း ပါတယ်ကွာ၊ ကဲ မင်း စားနေရစ်တော့၊ ငါ သွားတော့မယ်'

ပြောပြီး သေတ္တာကလေးကို ကောက်ယူကာ ထွက်သွားသည်။

စားသောက်ဆိုင်ထဲမှ သူထွက်လာသောအခါ ရုပ်ရှင်ပြီးချိန်နှင့် ဆုံ သဖြင့် လမ်းပေါ်မှာ လူတွေရှုပ်ထွေးနေသည်။ သူ့နောက်မှ အရိပ်တစ်ခု ပ်ကြပ်မကွာ လိုက်ပါလာသည်ကို သူမသိ။

ပက်ထရစ်က သူ၏စိတ်အချရဆုံး လက်ထောက် လိုင်ယင်ဟာစ်ဂင်ကို ခနေကတည်းက အပြည့်အစုံပြောထားပြီး မြူလာ၏နောက်သို့ မျက်ချည် ခြတ်လိုက်ရန် မှာကြားထားပြီး ဖြစ်သည်။

အိမ်အခန်းတံခါး ဖွင့်ဖွင့်ချင်း အိမ်ထဲမှ တယ်လီဖုန်းသံ မြည်လာသည်။ တ်ထရစ်က လိုင်ယင်နှင့် ချိန်းထားသည့်အတိုင်း ဖြစ်လေမလားတွေးရင်း ယ်လီဖုန်းကို အပြေးအလွှား ကောက်ကိုင်လိုက်သည်။

'ငါပါကွ'

လိုင်ယင်ထံမှ အလောတကြီး အသံကို ကြားလိုက်ရသည်။

'မင်း ခုဘယ်က ပြောနေတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီဂေါ လေယာဉ်ကွင်းက ငါ ပြောနေတာ၊ ငါတို့ သူငယ်ချင်း ရော သွားမယ့် လေယာဉ်ဖိုးပေါ် တက်သွားပြီ'

'ဘာကွ ရောမ ဟုတ်လား'

'ဟုတ်ပါတယ်၊ မင်းဆီက ထွက်လာပြီး မြို့ထဲကို ထုံးစံအတို ခြေရာဖျောက်ဖို့ ဟိုပတ်ဒီပတ် သူလုပ်တယ်၊ ဒီနောက် ကားတစ်စင် သူ့ကို လေယာဉ်ကွင်းလိုက်ပို့တယ်၊ လေယာဉ်လက်မှတ်ကို သူလက် ငွေချေပြီး ၁၀ နာရီ ၂၀ မှာ ထွက်မယ့် လေယာဉ်ပေါ် တက်သွားပြီ'

'သူ ဘာနာမည်ကို အသုံးပြုသွားတာလဲ၊ မင်း သိလိုက်သလား'

'မသိဘူး၊ သူ့နားကို ငါ သိပ်မကပ်ချင်လို့ မသိလိုက်ဘူး' လူ ကြီးကြပ်ရေးစားပွဲကို မသွားခင် လေယာဉ်ကွင်းက ပစ္စည်းထားတဲ့ သော့ ခန်းထဲမှာ လက်ဆွဲအိတ် အနက်တစ်လုံး အပ်သွားတယ်'

'ဒီလေယာဉ် ရောမကို ဘယ်အချိန် ဆိုက်မှာလဲ'

'၁၁ နာရီ ၁၅ မိနစ်'

'မင်းကို ငါ နက်ဖြန်မှ စကားပြောတော့မယ်၊ ခု ငါပြောလိုက်ဦးမ

ပက်ထရစ်က အခန်းထဲမှ အပြင်ဘက်သို့ ခြေကုန်သုတ် လေတော့သည်။ သူတို့ စည်းကမ်းအရ ပြေးသူကို ဘေးလူများက သတိ မိဖို့လွယ်သည်။ ခုချိန်မှာတော့ သည်စည်းကမ်းကို ထိန်းသိမ်းမနေနိုင်တော ဖုန်းဆက်စရာတစ်ခုက အရေးတကြီးရှိနေသည်၊ အိမ်ကဖုန်းကိုလည်း အ ပြုရန်မဖြစ်။

သိပ္ပံဌာနအနီးရှိ လက်ဖက်ရည်ဆိုင်၏ အောက်ထပ် အများ တယ်လီဖုန်းခန်းထဲသို့ ဝင်လိုက်ပြီး အီတလီနိုင်ငံ၊ ရောမမြို့ရှိ သူမှတ်ထားသေ ဖုန်းနံပါတ်တစ်ခုကို လှည့်လိုက်သည်။ တစ်ဖက်မှ မိန်းကလေးအသံ ကြားလိုက်ရပြီး သူက

'ကျွန်တော့်ကို လူဂျီနဲ့ စကားပြောခွင့်ပြုပါ'

နှစ်ယောက်သား အရေးတကြီး စကားဝုက်များကို ပြောပြီးမှ

'လူဂျီ၊ ငါခုမှာမယ့်ကိစ္စက အရေးကြီးတယ်၊ ရောမကို မိ လေးဆယ်အတွင်း လူတစ်ယောက် ရောက်လာလိမ့်မယ်၊ သူ ဘယ် ဘာလုပ် တယ်ဆိုတာ ငါတို့ သိချင်တယ်'

'သူ ဘာနဲ့လာတာလဲ'

'လေယာဉ်နဲ့ လာနေတယ်'

'ကဲ ဆိုစမ်း၊ လေယာဉ်ခရီးစဉ်နံပါတ်နဲ့ လူပုံသဏ္ဌာန် ငါ့ ပြောပြစ



ပက်ထရစ်က လေယာဉ်ခရီးစဉ်အမှတ်နှင့် မြူလာ၏ပုံပန်းသဏ္ဌာန်ကို အသေးစိတ် ပြောပြလိုက်သည်။

'ငါတို့ ပြန်ပြီး မခေါ်နဲ့၊ နက်ဖြန်မနက် ပထမဆုံး လေယာဉ်နဲ့ ရောမကို ငါ လိုက်လာမယ်'

ထိုအချိန်မှာပင် မိုင်ပေါင်း ၂၀၀၀ ခန့် ဝေးသော နေရာ၌ မိုက်တယ်ဝေါ်ခွန်တာ ဘင်ဂူရီယံလေဆိပ်ကို ဆင်းသက်ပြီး ဂျေရုဆလင်မြို့ကို ရွေ့ရှားသွားနေပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၅

ပြင်သစ် လေကြောင်းကုမ္ပဏီ၏ ဘိုးရင်း ၇၂၇ လေယာဉ်ကြီးတ စင်း ရောမလေဆိပ်သို့ ဆင်းသက်လာသည်။ ပက်ထရစ်က လေယာဉ်ပေ မတက်မီ မော်ရင်းထံသို့ တယ်လီဖုန်းလှမ်းဆက်ခဲ့သေးသည်။

'မြူလာ မနေ့ညက ရောမကို တိတ်တိတ်ထွက်သွားပြီ၊ မင်းပြောတ ဟုတ်ချင်မှ ဟုတ်မှာ၊ ဒီကောင့် လှုပ်ရှားပုံက ထူးခြားနေတယ်၊ ဒီတော့ ရောမကို ငါလိုက်သွားဦးမယ်'

'ဒီကိစ္စထဲမှာ မိုက်ကယ်များ ပါနေသလား၊ မိုက်ကယ် သူ့အခန်းထဲ က ထွက်သွားပြီ၊ ခု ဘယ်ရောက်နေတယ်ဆိုတာ ဘယ်သူမှ မသိရဘူး'

'ငါ လည်းမသိဘူး၊ မနေ့က မြူလာ လေယာဉ်ပေါ်တက်တုန်း တော့ တစ်ယောက်တည်းပဲ၊ ငါစိတ်ထင်တာကတော့ မိုက်ကယ်လည်း ဒီအ ပါချင် ပါနေမှာပဲ၊ မြူလာ ဘာလုပ်တယ်ဆိုတာ ငါသိသိချင်း ဖုန်းဆက်လို မယ်'

သူ ဤသို့ လုပ်ခြင်းသည် မှန်သလား၊ မှားသလား မသိ၊ မြူလာ ရောမသွားတာ မိုက်ကယ်နှင့်မပတ်သက်ဘူးဆိုလျှင် ဘယ့်နှယ်လုပ်မ မြူလာက သူ့ကို ဥရောပတစ်ခွင် နောက်ယောင်ခံလိုက်နေတာသိရင် ဘ လိုလုပ်မလဲ။ သူတို့အကြားရှိ ပေါင်းကူးတံတား ပျက်စီးသွားနိုင်သည်။

ပက်ထရစ်က တဲရင့်ဖလင်းမင်းအမည်နှင့် အင်္ဂလိပ် ပတ်စပို့ ကို ဆောင်လာခဲ့ခြင်းဖြစ်သည်။

လေယာဉ်ကွင်းမှ အပြင်သို့ ရောက်ရောက်ချင်း တယ်လီဖုန်းရှာ



သူ့ဂျိဆီ ဖုန်းဆက်လိုက်သည်။ လူ့ဂျိကို အိမ်မှာမတွေ့ရ။ ဖားနိစ်ဈေးနားက ထရန်မွန်းတနား လက်ဖက်ရည်ဆိုင်က စောင့်ဖို့ မှာသွားသည်။

တက္ကစီတစ်စီးခေါ်ပြီး ထရန်မွန်းတနား လက်ဖက်ရည်ဆိုင်ကို ရောက်သောအခါ လူ့ဂျိကို မတွေ့သေး။ လက်ဖက်ရည်တစ်ခွက်မှာပြီး လူ့ဂျိ ကို ထိုင်စောင့်နေရသည်။ ဆယ်မိနစ်ခန့် ကြာသောအခါ လက်ဖက်ရည်ဆိုင် ရှင်က လာပြောသည်။

'မစ္စတာ ဖလင်း မင်းကို တယ်လီဖုန်း ဆက်တယ်'

ဖုန်းကောက်ကိုင်လိုက်သောအခါ တစ်ဖက်မှ လူ့ဂျိက ပြောသည်။

'ဗာတီကင် ပြတိုက်နဲ့ မျက်နှာချင်းဆိုင် ထရစ်တိုးရီးယား အဆောက် အဦးကို လာခဲ့'

တက္ကစီတစ်စီးငှားပြီး ထရစ်တိုးရီးယားသို့ ရောက်သောအခါ လူ့ဂျိ က စားပွဲတစ်လုံးမှာ ဝိုင်အရက်သောက်နေရင်း ဗာတီကင်ပြတိုက်ဝင်ပေါက် တည့်တည့်ကို ထိုင်စောင့်ကြည့်နေတာ မြင်လိုက်ရသည်။

လူ့ဂျိက ပက်ထရစ်ကို လှမ်းနှုတ်ဆက်ပြီး ဗာတီကင်ပြတိုက်ထဲသို့ အလည်အပတ် ရောက်ရှိနေသော ခရီးသည်များကို စူးစိုက်ကြည့်နေရာမှ မေးလိုက်သည်။

'ငါ့ကို မင်းခိုင်းတဲ့အလုပ်က တကယ် အရေးကြီးလို့လား'

'တကယ် အရေးကြီးတယ်၊ ဒီအကြောင်းနဲ့ပတ်သက်ပြီး မင်းကို ငါ ဒီနေ့ပြောပြမယ်၊ တစ်ညလုံး ငါ့အတွက် မင်းကူညီခဲ့တာကို ကျေးဇူးတင်ပါ တယ်ကွာ'

'အေးပါကွာ၊ မင်းသူငယ်ချင်း ညက အချိန်မှန် ရောက်လာတယ်၊ သူကြည့်ရတာ ခိုးကြောင်ခိုးဝှက်ပဲ၊ ဒီကောင်က ဘယ်လိုလူစားလဲကွ၊ ဒီကောင် ရောက်ရောက်ချင်းပဲ ရောမတစ်မြို့လုံးကို လျှောက်ပတ်နေတယ်၊ တက္ကစီ လေးစီး ပြောင်းစီးတယ်၊ နောက်ဆုံးကားက မွန်စီကာလိုလမ်းမမှာ ရှိတဲ့ ဝန်းခြံအကျယ်ကြီးနဲ့ အိမ်တစ်အိမ်ထဲ ဝင်သွားတယ်၊ အဲဒီအိမ်က လစ်ဗျား သံရုံးက ဒုတိယအတွင်းဝန်အိမ်ပဲ၊ အတွင်းဝန် ဆာအီဆူပါဂျာက ရောမမှာ ရှိတဲ့ အာရပ်ပြောက်ကျားတွေအတွက် တာဝန်ယူရတဲ့ပုဂ္ဂိုလ်၊ ညတ တစ်ညလုံး ငါမင်းသူငယ်ချင်းကိုစောင့်ရင်း လမ်းမပေါ်မှာပဲ အချိန်ကုန်ခဲ့ တယ်၊ မနက်ကျတော့ ငါက ထရန်မွန်တနားထဲဝင်ပြီး ထိုင်စောင့်နေတော့ ဆယ်နာရီခွဲမှ မင်းသူငယ်ချင်းပြန်ထွက်လာတယ်၊ ထုံးစံအတိုင်း မြို့လုံး ပတ်လည် ကားအဆင့်ဆင့်ပြောင်းပြီး ဆယ့်တစ်နာရီ၊ ဆယ့်ငါးမိနစ်တျော့မှ

www.burmeseclassic.com

www.burmeseclassic.com



သူ ဒီကိုရောက်လာပြီး ပြတိုက်ထဲ ဝင်သွားတယ်၊ သူနောက်က ငါဝင်လိုက်သွားတော့ ခရီးသည်တွေ၊ အလည်လာသူတွေ ကြားထဲမှာ သူကို မျက်ခြည်ပြတ်သွားတယ်၊ သူ့ကိုရှာလို့ မတွေ့တော့တာနဲ့ ဖြတ်လမ်းကနေ အပြင်ကို ငါ ပြေးထွက်လာတယ်၊ သူက ငါ့အရင်တော့ အပြင်မရောက်နိုင် ဘူး။ ဒါကြောင့်မို့ သူ့ကို ငါဒီနေရာက ထိုင်စောင့်နေတာ၊ မင်း မစိုးရိမ်ပါနဲ့ကွာ'

'မင်းက ငါ့ကို စိတ်မပူပါနဲ့လို့တော့ ပြောတာပဲ၊ ဒါပေမဲ့ ဒီအထဲမှာ သူ ဘယ်သူ့ကို ဆက်သွယ်တယ်ဆိုတာ ငါတို့ ဘယ်လိုလုပ် သိရတော့မှာလဲ'

'အဲဒါတော့ ငါလည်းမသေချာဘူးကွာ၊ ဒီ အဆက်အသွယ်နဲ့ သူ နောက်တစ်ကြိမ် ဆက်သွယ်ဦးမှာပဲ၊ မင်း သူငယ်ချင်းက သိပ်ကို သတိကြီးတဲ့ လူကွ၊ ဒီလိုလူမျိုးက အဆက်အသွယ်တစ်ယောက်ကို ပထမတစ်ကြိမ်တည်းနဲ့ လုပ်ငန်းပြီးအောင် ဆက်သွယ်ရိုးထုံးစံ မရှိဘူး၊ ဒီနည်းကို မင်း သိပြီးသားပဲ၊ ပထမ တယ်လီဖုန်းနဲ့ လှမ်းပြီး ချိန်းလိုက်မယ်၊ အဲဒီ ချိန်းထားတဲ့နေရာကို လာပြီး တယ်လီဖုန်းကို ချောင်းနားထောင်သူ ရှိမရှိ သေချာအောင် စစ်ဆေးဦးမယ်၊ အဲဒီလို ပထမအကြိမ်လာတဲ့ အခါမှာ လုံခြုံမှု ရှိမရှိ ဆိုတာကိုလည်း စစ်ဆေးဦးမှာပဲ၊ နောက်တစ်ကြိမ် အချိန်းအချက်ကျမှ အလုပ် လုပ်တာကွ'

'ဒါကြောင့်မို့ မင်းက ချက်ချင်းပြန်ထွက်လာပြီး ဒီက စောင့်နေတာပေါ့၊ ဟုတ်လား'

'ငါ့ကို ယုံပါကွာ၊ မင်း သူငယ်ချင်း သိပ်ကြာကြာ မနေပါဘူး၊ ပြန်ထွက်လာမှာပါ'

'ကဲ ကျေးဇူးတင်တယ်ကွာ လူရဲ၊ မင်းပြန်အိပ်လိုက်ပါဦး၊ ဒီနေရာကနေ ငါ ဆက်လုပ်လိုက်မယ်'

'ဒီအတိုင်းဆိုရင်နေတော့ ငါ့ကို တစ်နာရီပြည့်တိုင်း ဖုန်းဆက်ပါ။ မင်းရဲ့လှုပ်ရှားမှုနဲ့ ပတ်သက်ပြီး ငါအဆက်မပြတ်သိချင်တယ်၊ ညကျရင် မင်းကိုယ်စား နောက်ထပ် လူတစ်ယောက် လွှတ်ပေးမယ်'

'အေး ကောင်းတယ်'

ပက်ထရစ်က သူ့ သူငယ်ချင်း၏နေရာမှာ ဝင်ထိုင်လိုက်သည်။ မကြာမီ နိုင်ငံခြားခရီးသည် အုပ်စုနှင့်အတူ ဗာတီကင်ထဲမှ မြူလာထွက်လာတာကို တွေ့လိုက်ရသည်။ မြူလာ၏ အရိုးခြောက်နှင့်တူသော မျက်နှာ၊ စေ့ထားသော နှုတ်ခမ်းနှင့် ဖြူစပ်စပ်အသားအရေကို စေ့စေ့စပ်စပ်ကြည့်လိုက်လျှင် သူ၏မျက်နှာ အမူအရာထဲမှာ ရက်စက်ကြမ်းကြုတ်ပြီး လူနှင့်



ဆူသည့်ပုံပေါ်နေသည်။

ပက်ထရစ်က ဖန်ခွက်ကို စားပွဲပေါ် ပြန်တင်လိုက်ပြီး ဆိုင်ထဲမှ ပြင်သို့ ထွက်ကာ မြူလာ နောက်သို့ ဆက်လိုက်သွားသည်။ ချက်ချင်းပဲ ဘားသွားပြီဆိုတာကို သိလိုက်သည်။ မြူလာကို နောက်ယောင်ခံ လိုက်ရန် သူ့ကိုပဲ တာဝန်ပေးသင့်သည်။ သူ၏ ကျောထဲမှ ကြက်သီးများ စိမ့်ခနဲ ထွက်လာသည်။

ခုချိန်က စပြီး သူ့အန္တရာယ်တစ်ခုခု ကျရောက်လာလေတော့ မလားဟု စိုးရိမ်မိလိုက်သည်။

အကြောင်းကား သူ့မျက်နှာကို မြူလာက သိနေသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၆

မြူလာက သူနောက်သို့ ပက်ထရစ် လိုက်နေမှန်း နှစ်ဆယ့်ငါးမိ
အတွင်း သိသွားသည်။

လမ်းမှာ ကားနှစ်ခါ ပြောင်းစီးသည်။ နောက် ကုန်တိုက်ကြီ
ဝင်လိုက် ထွက်လိုက် လုပ်ခဲ့သည်။

သည့်နောက် လမ်းသွား လမ်းလာ လူအုပ်ကြီးထဲသို့ ရောဝင်လို
သည်။

သူနောက်မှ နောက်ယောင်ခံသောလူ ရှိမရှိ၊ ဆိုင်ပြူတင်းပေါက်
မှ နောက်သို့ ပြန်ကြည့်လိုက်သောအခါ သူမြင်နေကျ ကိုယ်လုံးကိုယ်ထ
နှင့် လူတစ်ယောက်ကို အမျိုးသမီးတွေကြားမှာ တိုးဝှေ့သွားနေတာ မြင်လို
ရသည်။

သူ အံ့ဩပြီး ရုတ်တရက် တွန့်သွားသည်ကို ပက်ထရစ်က ဝေးေ
မြင်လိုက်ရဟန်မတူ။

မြူလာက စက်ရုပ်ကဲ့သို့ ရှေ့ဆက်လျှောက်နေရင်း စဉ်းစားပြ
လိုက်သည်။

ဗီ အိုင်းရစ် ငါ့နောက်ကို ပဲရစ်ကနေ လိုက်လာပါလား။
ဘာကြောင့် လိုက်လာရတာပါလိမ့်၊ တစ်ခုခုများ သိနေလို့ပဲလား၊ မိုက်ထ
ဂျေရှုဆလင်ကို မသွားခင် အကြောင်းစုံများ အန်ချသွားလေရော့လား
ပေမဲ့ မိုက်တယ်က တကယ့် လုပ်ငန်းကို မသိ၊ သူ သိတာက အပေါ်
မျက်နှာဖုံးဇာတ်လမ်း။



မြူလာက စိတ်ဆိုးဆိုးဖြင့် အောက်နှုတ်ခမ်းကို တင်းတင်းကိုက်လိုက်သည်။

ဒီကောင် ငါ့နောက်ကို လိုက်နေတာ ဘယ်လောက် ကြာပြီလဲ၊ ဘာတီကင် စာကြည့်ခန်းထဲမှာ တာရှုဖ်နဲ့ တွေ့တာကို သူမြင်သွားသလား။ သူတစ်ယောက်တည်းလား၊ သူ့အဖွဲ့ တစ်ဖွဲ့လုံး ငါ့နောက်ကို လိုက်နေတာလား။

ငါ့အစီအစဉ်ကို ဗီ အိုင်းရစ် သစ္စာဖောက်က ဖျက်ဆီးပစ်နိုင်တယ်၊ ဂျူးတွေကို အပြတ် ချေမှုန်းဖို့ ငါ့ရဲ့နောက်ဆုံး အောင်မြင်မှုကြီးကို ဒီကောင် ဖျက်ဆီးပစ်နိုင်တယ်၊ ဒီတော့ ဒီကောင့်ကို ခုချက်ချင်း တားမှ ဖြစ်တော့မယ်။

လမ်းဆုံတစ်ခုဆီသို့ ကုန္ဒြေရရ ကြိုးစားပြီး ဆက်လျှောက်လိုက်သည်။ ပက်ထရစ်ကို သူ မမြင်ရတော့။ ဒါပေမဲ့ သူ့အနီးနားမှာ ရှိနေတာကိုတော့ သူ သိသည်။ လမ်းပေါ်မှာ ဖြတ်သွားနေသော တက္ကစီ နှစ်စီးကို လွှတ်ပေးလိုက်ပြီး တတိယအစင်းကျမှ လှမ်းခေါ်လိုက်သည်။

ကား စပြီး ထွက်တော့မှ ဒရိုင်ဘာ၏ နောက်ကြည့်မှန်ကလေးထဲမှာ နောက်ထပ် တက္ကစီတစ်စီးပေါ်သို့ တက်လိုက်သော ပက်ထရစ်၏ ပုံကို မြင်လိုက်ရသည်။

သူ တစ်ယောက်တည်းဖြစ်မည်ဟု ထင်ရသည်။ ပထမ လွှတ်ပေးလိုက်သော တက္ကစီနှစ်စီးကို ခေါ်မည့်သူမရှိ။ သည်တော့ ရှေ့မှကြိုပြီး ချောင်းသူမရှိဟု သူတွက်ဆသည်။

ဒါပေမဲ့ နောက်ထပ်ရှဲဒိုး လိုက်သူ တစ်ယောက်က ကားနောက်ကြည့်မှန်ထဲမှ လူကိုစောင့်ကြည့်နေသည်။

ရောမမြို့၏အကြီးဆုံးမြို့လယ် အကွက်ကြီးထဲမှာ ခရီးသွားများနှင့် ရှုပ်ထွေးနေသည်။ မြေအောက်ရထား၊ ဘူတာ ဂိတ်ပေါက်ကြီးများကလည်း မြို့ပြင်မှ ခြင်းတောင်းများ ဆွဲလာသော တောင်သူမိန်းမကြီးများကို အန်ထုတ်နေသည်။

မြူလာက ကားခပေးပြီး ဘူတာရုံ၏ မိန်းတံခါးမကြီးထဲကို ဝင်သွားသည်။ ဘူတာရုံသည် ကမ္ဘာပေါ်ရှိ အခြားဘူတာရုံများကဲ့သို့ပင် များအုံသဖွယ် ကြိတ်ကြိတ်တိုးနေကြသည်။

သတင်းစာ အရောင်းဆိုင်ကို ဖြတ်ပြီး ပလက်ဖောင်းများဆီသို့ လျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘူတာထဲမှ နာရီက ၂း၀၇ နာရီသို့ ပြနေသည်။

သူက ဗဟိုစကြီလမ်းပေါ်မှာ တဖြည်းဖြည်း လျှောက်သွားရင်း ရထား ထွက်ချိန်ပြ စာရင်းကို အမှတ်တမဲ့ ကြည့်လိုက်သည်။ မီလာဖုံ၊ နိုအာသို့ ထွက်သော ရထားက ၃ နာရီ ၄၅ မိနစ် ဖြစ်သော်လည်း ရထား ကတော့ ထိုးထားပြီ။ လူသူ ကင်းရှင်းနေသည်။

မြူလာက ရထား ဘေးမှကပ်ပြီး သူ့ခြေလှမ်းတွေကို ခပ်မြန်မြန် အရှိန်မြှင့်လိုက်သည်။ ရထားတွဲ အမှတ် ၄ နံဘေးသို့ရောက်သောအခါ အသာ ခုန်တက်လိုက်ပြီး တံခါးလက်ကိုင်ကို ဆွဲလှည့်လိုက်သည်။ တံခါး ချောမောစွာ ပွင့်လာသည်။

သူ့ရထားတွဲထဲသို့ ရောက်သွားပြီး လူသွားလမ်းကလေးအတိုင် မြတ်လျှောက်လိုက်သောအခါ သူ့ခြေသံ ကျယ်လွန်းအားကြီးသည်ဟု ထင် သည်။

ဘယ်ဘက်မှ အခန်းထဲဝင်လိုက်သည်။ ဆွဲတံခါးနောက်ကွယ်မှ အသာဝပ်ချကာ စောင့်နေလိုက်သည်။

မြူလာ၏လှုပ်ရှားမှုကို ပက်ထရစ်က တံခါးမကြီးဘေးရှိ စားစ ဆိုင်ကလေးနားမှနေ၍ လှမ်းကြည့်နေသည်။ သည့်နောက်မှ စကြီအမှ ၁ ဆီသို့ ခရီးသွားများကို အကာအကွယ်ယူပြီး သတိထား၍ လျှောက်လ သည်။ သတင်းစာရောင်းသော ဆိုင်မှစောင့်ပြီး မြူလာကို တစ်ယော ယောက်က လာ ဆက်သွယ်လေမလားဟု စောင့်ကြည့်နေခဲ့သည်။

နာရီဝက် ကြာသွားသည်အထိ ထူးခြားမှု မရှိချေ။ စကြီ ၁ မှာလည် ခုချိန်ထိ လူတစ်ယောက်မျှ ရောက်မလာသေး။ သန့်ရှင်းရေး အမျိုးသ နှစ်ဦးသာ ရထား၏ ဟိုဘက်ထိပ်မှာ ရယ်မောစရာများ ပြောရင်း သန့်ရှ ရေးလုပ်နေကြသည်။

နာရီဝက်ဆိုသည့် အချိန်က များလှသည်။ အဆက်အသွယ် လုပ်သူ တစ်ယောက်က သည်လိုနေရာမျိုးမှာ နာရီဝက်တိတိထိ စောင့်နေ၍မဖြစ် အဆက်အသွယ် လုပ်သူက မြူလာ အရင် ရထားပေါ် ရောက်နေလျှင်တော့ သူတို့ နှစ်ယောက်တွေ့ပြီ။

ရုတ်တရက် သူ့ ခေါင်းထဲမှာ စိတ်ကူးတစ်ခု ချက်ချင်း ပေါ်လာ သည်။ မြူလာက လူသူ မရှိသော ရထားတွဲကို အသုံးပြုပြီး နောက်ယောင် ခံလိုက်သူကို မျက်ခြည်ပြတ်ဖို့ရန် အကွက်ဆင်တာများလား။ တခြား တံခါ ပေါက်တစ်ခုမှ ပြန်ဆင်းကာ သူ့ဒီနေရာမှ စောင့်နေစဉ် ဘူတာထဲမှ အပြင်



သို့ ထွက်သွားပြီလား။ ထို့ကြောင့် သူ ရထားပေါ်သို့ လိုက်ကြည့်ရုံမှ တစ်ပါး အခြားမရှိပြီ။

သူက စကြီအမှတ် ၁၀ တွင် ရပ်ထားသော ရထားနံဘေးသို့ ကပ် နိုင်သမျှ ကပ်လျှောက်သွားသည်။ တတိယတွဲ၏ တံခါးက လွယ်ကူစွာ ပွင့် လာသဖြင့် သူက အသံမကြားအောင် အထဲသို့ တက်လိုက်သည်။ မြူလာ တက်သွားသော စတုတ္ထတွဲဆီသို့ အသံမကြားစေရန် ဖြည်းဖြည်းကလေး လျှောက်သွားသည်။

သူ၏ရာဘာ ဖိနပ်က အသံမမြည်။ တွဲနံရံကို ကျော်တက်ကာ အခန်းတစ်ခုကို သေသေချာချာကြည့်ပြီးမှ နောက်တစ်ခန်းသို့ ဆက်သွား သည်။ တွဲထဲမှာ မည်သူမျှမရှိ။

သတိကြီးစွာဖြင့် တွဲကြားကို ဖြတ်ပြီး စတုတ္ထတွဲဆီသို့ သူရောက် လာသည်။ အနီးရှိ အိမ်သာ တံခါးကို တွန်းကြည့်တော့ တံခါး သော့ခတ် ထားသည်။

တွဲတစ်ခုလုံး ဂူကြီးတမျှ တိတ်ဆိတ်နေသည်။

သူက သွက်လက်စွာဖြင့် ပထမ အခန်းထဲသို့ လှမ်းကြည့် လိုက် သည်၊ မည်သူမျှ မရှိ။

အပြင်ဘက်မှ အသံ ကြားလိုက်ရသဖြင့် သူက ပြူတင်းပေါက်ဆီ သို့ လှမ်းကြည့်လိုက်သည်။ စကြီအလုပ်သမားကြီးတစ်ယောက်က ချော ဖာဖိတ်များ တင်ထားသော လက်တွန်းလှည်းကို တွန်းလာသောအသံဖြစ် သည်၊ လှည်း၏ဘီးသံသည် စကြီလမ်းပေါ်မှာ တရျောင်းရျောင်းမြည်နေ သည်၊ ကံကောင်းသည်ဟု သူ ထင်လိုက်သည်။

အပြင်မှ အသံက သူ့ခြေသံကို ဖုံးလွှမ်းသွားနိုင်သည်၊ ထို့ကြောင့် သူက ဒုတိယနှင့်တတိယ အခန်းကို ခပ်သွက်သွက် ကြည့်လိုက်သည်၊ မည် သူမှ မရှိ၊ လက်တွန်းလှည်းဘီးသံက တဖြည်းဖြည်း တိုးသွားသည်၊ ဒါဝေမဲ့ လှည်းသံက သူ့နောက်ကွယ်မှ လှုပ်ရှားသံတစ်ခုကို ဖုံးထားနိုင်သေးသည်။

သူက နောက်တက်သို့ ရုတ်တရက် လှည့်ကြည့်လိုက်သည်။ သူ့နောက်မှ ရက်ရက်စက်စက် ခုတ်ချလိုက်သော လက်ကိုရှောင်တိမ်းဖို့ အချိန် နှောင်းသွားလေပြီ။ သူက ရှေ့သို့ ခွေကျသွားသည်၊ အကာအကွယ် မရှိသော သူ့ခေါင်းက ရထားဘောင်နှင့် ပြေးဆောင့်လိုက်သဖြင့် အားလုံး မှောင်ကျသွားသည်။

မြူလာက ခွေးရူးကဲ့သို့ ထခုန်လိုက်သည်၊ ပက်ထရစ်ကိုတော်သာ

www.burmeseclassic.com

www.burmeseclassic.com



မှဆွဲပြီး တွဲနံရံနှင့် ဆောင့်လိုက်သည်။ ပက်ထရစ်က သတိလစ်နေသဖြင့် မည်သို့မျှ ပြန်မလုပ်နိုင်၊ မြူလာက ပြန်လည် ခုခံခြင်းမပြုနိုင်သော ပက်ထရစ် ၏ခေါင်းကို နံရံနှင့် ဖေါ်သတကြီး ဆက်ကာဆက်ကာ တိုက်နေသည်။ ပက် ထရစ်၏ ညာဘက်ဘေးသို့ သူ့မျက်မှန် ပြုတ်ကျသွားသည်၊

သူက မီးရောင်ဘက်သို့ လှမ်းကြည့်လိုက်ပြီး ပက်ထရစ်ကို လွှတ် လိုက်သည်၊ ပက်ထရစ်၏ မျက်စိများ ပိတ်နေပြီး သူ့နဖူးရှိ ဒဏ်ရာမှ သွေး တွေ ယိုစီးကျနေသည်။

မြူလာက မောမောပန်းပန်းနှင့် အသက်ရှူလိုက်တော့ သူ့လည် ချောင်းထဲမှ မြည်သံများ ထွက်ပေါ်လာသည်၊ သူက တုန်ယင်နေသော လက်များနှင့် သူ့အကျီ လက်ဝန္တတ်ခမ်းကို စမ်းလိုက်ပြီး အရောင်လက်နေ သော အပ်ကလေးကို ဆွဲထုတ်လိုက်သည်၊ ဒါပေမဲ့ သူ့လက်တွေ တုန်ယင် လွန်းနေသဖြင့် အပ်ကလေးက အကျီစနှင့် ညှိပြီး ကျိုးသွားသည်၊

စိတ်ဆိုးဆိုးဖြင့် အပ်ကျိုးကလေးကို ဘေးသို့ ပစ်ချလိုက်ပြီး ဂဏန် လက်မနှင့်တူသော သူ၏လက်ဖြင့် ပက်ထရစ်၏ လည်မျိုကို တအားဖြစ်ညှစ် လိုက်တော့သည်။ ပက်ထရစ်၏ ကိုယ်လုံးက ရှုတ်တရက် ရှုန်းကန်လိုက်ပြီး မျက်လုံးများ ပွင့်လာကာ ဝူးဝူးဝါးဝါး အသံများ ထွက်လာသည်။

သူ့ခြေထောက်ကလည်း လေထဲမှာ ဟိုကန်သည်ကန်နှင့်။ သူ့လက် တလည်း လည်မျိုညှစ်ထားသော လက်ဆီသို့ ဆွဲလိုက် ကုတ်လိုက်နှင့် ရုန်း တန်နေသည်၊ နောက်ဆုံးမှာတော့ သူ့လက်ကြီးက မြူလာ၏မျက်မှန်ပေါ်သို့ ကျသွားပြီး မျက်မှန်လည်း ကြေမွသွားသည်။

မြူလာ၏ မျက်နှာသည်လည်း အားစိုက်ရလွန်းသဖြင့် နီရဲ၍နေ သည်၊ သူက သူ့သူငယ်ချင်း လုံးဝမလှုပ်ရှားနိုင်တော့သည့် အချိန်အထိ အကြာကြီး ညှစ်ထားလိုက်ပြီးမှ သူ့လက်ကို တဖြည်းဖြည်း လျှော့ချလိုက် သည်၊

သစ္စာဖောက်သေပြီ။ စီမံကိန်းကြီးလည်း လုံခြုံသွားပြီ။

ခဏမျှ အမောဖြေပြီးနောက် မျက်မှန်ကွဲစများနှင့် အပ်ကျိုးကလေး ကို စိတ်ရှည်လက်ရှည် ပြန်ကောက်လိုက်သည်။

အလောင်းကို ပက်လက်လှန်လိုက်ပြီး အိတ်ထဲမှ စာရွက်စာတမ်း များ၊ လေယာဉ်လက်မှတ် အစရှိသည်များကို နှိုက်ယူကာ သူ့အပေါ်အကျီ အတွင်းဘက်အိတ်ထဲသို့ ထည့်လိုက်သည်။

သူက ဖြည်းလေးစွာ မတ်တပ်ရပ်လိုက်ပြီး ရထား၏ အခြားပေါက်



စကြီဆီသို့ ဆင်းသွားသည်။ ဘူတာရုံထဲမှ လူများနှင့် ရောနှောပြီး အပြင် ထွက်လာကာ တက္ကစီတစ်စီးကို ခေါ်လိုက်သည်။ ရောမမြို့ တစ်မြို့လုံးကို အစ်နာရီကျော်ကျော်ခန့် ကားတစ်စီးပြီး တစ်စီး ပြောင်းလဲစီးကာ လျှောက် တော်နေလိုက်သည်။

သူ့ကို ခြေရာခံသော သူ နောက်ထပ်မတွေ့ရတော့၊

ညနေ လေးနာရီတိတိအချိန်မှာ စန်တာကရှုန်း ဘုရားရှိခိုးကျောင်း ထဲသို့ ကာရှုဇီနှင့် နောက်ထပ် တွေ့ဆုံရန် ဝင်လာသောအခါ သူ့ကို နောက် ယောင်ခံသူ မရှိကြောင်း သေချာစွာ သိလိုက်သည်၊

ဒါပေမဲ့ ကာရှုဇီကိုတော့ နောက်ယောင်ခံသူ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၇

ဘုန်းတော်ကြီး ကာရှုဇီက အရပ်ရှည်ရှည် မြင့်မြင့်၊ ထောင်ထော
မောင်းမောင်း ဖြစ်သည်။ သူ၏ နှစ်ဖက်ဆက်လုမတတ်ရှိသော မျက်ခုံးအော
စူးရှသော မျက်လုံးနက်နက်ကြီးတွေက လူတစ်ဖက်သားကို လွှမ်း မိုးနိုင်သော
အင်အားများရှိနေသည်။ ဖြောင့်စင်းသော နှာခေါင်း၊ ကျယ်ပြန့် သော နဖူးပုံစံ
တွဲဖက်လိုက်လျှစ် ဆိုက်ပရပ်၏ ပထမဆုံး သမ္မတဘုန်းတော်ကြီး မကာရီယို
တော်တော်ကလေး ဆင်သည်။

ကာရှုဇီ၏ လုပသော ဓာတ်ပုံများ သတင်းစာထဲမှာ ပါခဲ့ဖူးသ
မေ့ဆက်၏ လက်ရှိလှုပ်ရှားနေသော လူများ၏ ဖိုင်တွဲထဲမှာလည်
အကြောင်းထူးတစ်ခုကြောင့် ပါရှိနေသည်၊ ထူးခြားသော ဘုန်းတော်ကြီးက
အကြမ်းဖက်သမားတစ်ယောက်ပင်တည်း။

ငယ်စဉ်က ပီယာဟူရီ အမည်နှင့် လက်ဘရွန် ကျေးရွာလေးတ
ရွာမှာ မွေးဖွားခဲ့ပြီး ခရစ်ယာန် အရှေ့ပိုင်းဒေသက အုပ်ချုပ်ရေးအဆ
ဆင့်မှာ တဖြည်းဖြည်း နာမည်တက်လာသည်။ လက်ဘရွန် ကက်သလ
ဘုရားရှိခိုးကျောင်း အဖွဲ့အစည်းမှာ အရေးပါ အရာရောက်သော အဆင့်အ
တိုးတက်လာပြီး ခရစ်ယာန်တို့၏ အစပြုရာ ဒေသဖြစ်သော ဘီသဟင်
ပြောင်းရွှေ့လာခဲ့သည်။

၁၉၆၇ ခုနှစ် အာရပ် အစ္စရေး စစ်ပွဲဖြစ်ပွားစဉ်က သာမန်ဘု
ကြီးတစ်ပါးမျှသာဖြစ်သည်၊ နောက် လေးနှစ်ခန့်အကြာ ၁၉၇၁ ခုနှစ်
ပုပ်ရဟန်းမင်းကြီးက သူ့ကို 'ကာရှုဇီဘွဲ့' ဖြင့် ဘုန်းတော်ကြီးအဖြစ် တိုး



ခန့်အပ်လိုက်သည်။

ဒါပေမဲ့ ဘုန်းတော်ကြီး ကာရှုဇီက အောက်တိုဘာစစ်ပွဲ ပြီးတာထည်း
က ပါလက်စတိုင်းဘက်သို့ စိတ် နည်းနည်း ယိုင်သွားသည်၊ စိတ်လိုက်မာန်
ပါ လုပ်တတ်သူ ဖြစ်သောကြောင့် တဖြည်းဖြည်းနှင့် အစ္စရေးများကို မုန်း
တီးစိတ် ပေါ်လာပြီး တစ်ဖက်ကို ပို၍ စေတနာထားလာသည်။

တစ်ဖက်စွန်းရောက် လူတစ်ယောက် ဖြစ်သောကြောင့် တိုင်းပြည်
အတွက်ဆိုပါက မိန်းမနှင့် ကလေးများကို သတ်ပစ်လျှင်ပင် တရားသည် ဟု
ယူဆလာသည်။ ပွင့်ပွင့်လင်းလင်း စကားပြောတတ်သောကြောင့် မှားမကြာမီ
သူ၏ ရွေ့ပြေးနေသော အယူအဆများကို အနောက်ဘက်ကမ်း တစ်ခုလုံးမှာ
လူသိများလာတော့သည်။

၁၉၇၄ ခုနှစ် ဘီရွတ်မှာ ဘာသာရေး အစည်းအဝေး သွားတက်ခဲ့
စဉ်က အာရပ် လူငယ်နှစ်ယောက် သူ့ထံ ချဉ်းကပ်လာသည်။

သူတို့က ပါလက်စတိုင်း တော်လှန်ရေးတွင် လက်နက် အားနည်း
နေသော အချက်ကို ထုတ်ဖော် ပြောပြသည်။ အစ္စရေး စစ်တပ်ကလည်း
နယ်ခြားလမ်းများကို အခိုင်အမာ ပိတ်ဆို့ထားသည်၊ လေယာဉ်ကွင်းနှင့်
ဆိပ်ကမ်းတွင် ထားကိုပါ အစောင့်အကြပ် တင်းကြပ်စွာ ချထားသဖြင့် အနောက်
ဘက်ကမ်းသို့ လက်နက်ခိုးသွင်းရန် မလွယ်ကူကြောင်း သူနှင့် ဆွေးနွေးသည်။

ဘုန်းတော်ကြီး ကာရှုဇီက နယ်ခြားကို အချိန်အခါမရွေး ဖြတ်သန်း
သွားနိုင်သည်။ ဘီရွတ်မြို့ကို တစ်လတစ်ခေါက် ရောက်လေ့ရှိသည်၊ ဘုန်း
တော်ကြီး ရာထူးတလျှောက် သံတမန် အခွင့်အရေးများကို ခံစားရသည်၊
သူစီးလာသော ကားကို ရှာဖွေခြင်း မခံရ။

ထို့ကြောင့် တော်လှန်ရေးသမားများအတွက် အလွန်တန်ဖိုးရှိသော
အကူအညီပေးသည့်အနေနှင့် နယ်ခြားကို ဖြတ်ပြီး လက်နက်များ တူညီ
သယ်ဆောင်ပေးရန် သူ ချက်ချင်း သဘောတူလိုက်သည်။ နောက်တစ်နေ့
သနေပိုင်း အစ္စရေးနယ်ခြားကို ဖြတ်ပြီး ဘီသဟင်သို့ အပြန်တွင် သူ၏ ကား
နောက်ခန်းထဲမှာ သေတ္တာ အလေးကြီးတစ်လုံး ပါလာခဲ့သည်။

မှားမကြာမီ သူသည် ဘီရွတ်နှင့် အနောက်ဘက်ကမ်းခြေ အဆက်
အသွယ်လုပ်သော ကယ်ရီယာ ဖြစ်လာသည်။ စာများ၊ သတင်းပို့ချက်များ
လက်နက်များ၊ လက်ပစ်ဗုံးများနှင့် ဖောက်ခွဲရေးပစ္စည်းများ သယ်ဝေးသူ
ဖြစ်လာသည်။ သူ့အိမ်မှနေ၍ လက်သမားဆရာတစ်ယောက် ကသယ်သွား
သော ထိုလက်နက်များ မည်သို့ ဖြစ်ပျက်သွားသည်ကိုတော့ သူဘယ်သော

www.burmeseclassic.com

www.burmeseclassic.com



အခါမျှ မေးရိုးထုံးစံမရှိ။ သူတို့ လာပြောလျှင်လည်း သူစိတ်အနှောင့်အယှက် ဖြစ်လိမ့်မည် မဟုတ်။

တကယ် မှန်မြတ်သော ရည်ရွယ်ချက် တစ်ခုကို အောင်အောင်မြင်မြင် လုပ်လိုပါက အကြမ်းဖက်မှု၊ လူသတ်မှုတို့ကို လုပ်သင့်သည်ဟု သူ ရိုးသားစွာ ယုံကြည်ထားသောကြောင့် ဖြစ်သည်။

အစ္စရေး ထောက်လှမ်းရေးအဖွဲ့က နှစ်နှစ် နီးပါးခန့် စုံစမ်း ထောက်လှမ်းပြီးမှ ဘုန်းတော်ကြီး ကာရှူဇီ၏ ဘုန်းကြီးမဆန်သော လုပ်ငန်းများကို ဖော်ထုတ်နိုင်ခဲ့သည်။ သူ့အကြောင်းနှင့် ပတ်သက်ပြီး အစိုးရအဖွဲ့က ၄ နာရီတိတိ အကြိတ်အနယ် ဆွေးနွေးပြီးမှ တိုင်းသိပြည်သိ ထုတ်ဖော် ကြေငြာခဲ့ရသည်။

ကာရှူဇီကို ကားထဲမှ လက်နက်များနှင့်အတူ လက်ဆုပ်လက်ကိုင် ဖမ်းမိသည်။ သူ့အိမ်မှာလည်း ဝှက်ထားသောလက်နက် အတော်များများ တွေ့ရသည်။

သူ့ကို ရုံးတော်က ထောင်ဒဏ် ဆယ်နှစ် ချမှတ်လိုက်သော်လည်း ခြောက်လကြာသောအခါ တိုင်းပြည်မှ နှင်ထုတ်လိုက်သည်။ ရုံးတော်မှ အမိန့်ချပြီးနောက် ဗာတီကင်နှင့် လျှို့ဝှက်ဆွေးနွေးပွဲတွင် နောက်နောင်ကို အရှေ့အလယ်ပိုင်းသို့ မလာတော့ပါဟူသော ကာရှူဇီ၏ ခံဝန်ချက်ရသဖြင့် ပြည်နှင်ဒဏ်ပေးလိုက်ခြင်း ဖြစ်သည်။ အစ္စရေးအနေနှင့်လည်း ရာထူးကြီးမားသော ကက်သလစ်ဘုန်းတော်ကြီးတစ်ပါးကို ထောင်ထဲထည့်ပြီး ချုပ်ထားရသော ဒုက္ခငြိမ်းသွားသည်။

ခဏတော့ ကာရှူဇီက ကတိအတိုင်း လိုက်နာခဲ့သည်။

ဗာတီကင်၏ ကမ္ဘာလှည့် သံတမန်အဖြစ် ခန့်အပ်ခြင်း ခံရသောကြောင့် တောင် အမေရိကတိုက်နှင့် ဖိလစ်ပိုင် နိုင်ငံသို့ အချိန်တော်တော်ကြာမျှ သွားရောက်နေထိုင်ခဲ့သည်။ ၁၉၇၈ ခုနှစ်ကျတော့ ဆီးရီးယားမှာ ပေါ်လာပြီး ထိုနှစ် အောက်တိုဘာမှာ ဘီရွတ်တွင် သုံးပတ်ကြာမျှ လာနေသွားသည်။ နောက်နှစ် နှစ်ဆန်းပိုင်းမှာ သူ့ကို တီဟီရန် ဘဂ္ဂဒက်နှင့် ထရီပိုလီတို့မှာ ဆက်တိုက် တွေ့နေရသည်ဟု အဆိုရှိသည်။

မော့ဆက်က ရောမမှာအခြေချ နေထိုင်သော အေးဂျင့်တစ်ယောက်ကို ဘုန်းတော်ကြီး၏ လှုပ်ရှားမှုတွေကို စောင့်ကြည့်နေစေသည်။ ထူးခြားသော လှုပ်ရှားမှုတွေ့လျှင် သတင်းပို့ရန် ညွှန်ကြားထားသည်။

ထို့ကြောင့် ထိုနေ့ နံနက်က ဗာတီကင် စာကြည့်တိုက်ထဲမှာ ကာ



ရှူဇီနှင့် ထူးဆန်းသော ဆံပင်အဝါရောင် လူတစ်ယောက်ကို ခဏတာလေး မြင်လိုက်ရသည်။

ညနေဘက်မှာ ဗာတီကင်မှ ကာရှူဇီ ထွက်လာပြီး စန်တာတရှန်း ဘုရားရှိခိုးကျောင်းသို့ သွားသောအခါ လက်ဆွဲအိတ် ခပ်နွမ်းနွမ်းကို ကိုင်ထားသော ခေါင်းပြောင်ပြောင် လူတစ်ယောက်က သူ့နောက်မှ ဝင်လိုက်လာသည်။ သူ့လက်ဆွဲအိတ်ထဲမှာ ခေတ်မီ ကင်မရာတစ်လုံး ပါလာသည်။ အိတ်ဟောင်းကြီး၏ အပေါက်ကလေးထဲမှ မှန်ဘီလူးကို မြင်နေရသည်။ ခလုတ်ကတော့ အပြင်ဘက်မှာ ဖြစ်သည်။

ထိပ်ပြောင်ပြောင် လူကြီးက တောမှလာသော ညှို့သည်နှင့် ရောနှောပြီး လိုက်လံ ပြသနေသော ဘုန်းကြီးတစ်ပါး နောက်မှ ကပ်လိုက်သွားသည်။ သူက လမ်းပြ ဘုန်းကြီး ရှင်းလင်းပြောပြနေသည်ကို နားထောင်ရင်း ဘုရားစင်ရှေ့တွင် ဒူးထောက်လျက် ဘုရားရှိခိုးနေသော ဘုန်းတော်ကြီး ကာရှူဇီ ဘက်သို့ လှမ်းကြည့်လိုက်သည်။

ဆံပင်ဝါနှင့် လူက ဘုန်းတော်ကြီး ကာရှူဇီ ဘေးမှာ ဒူးထောက် ထိုင်ချလိုက်သည်။ ဘုန်းတော်ကြီးက သူ့ကို တစ်ချက် မော့ကြည့်လိုက်ပြီး အာရုံ ပြန်ပြုနေသည်။ ထိပ်ပြောင်ပြောင် လူက သူ့လက်ထဲမှ သားရေအိတ်ကြီးကို ညာဘက်လက်သို့ ပြောင်းကိုင်လိုက်ပြီး ခလုတ်ကို နှိပ်လိုက်လေသည်။ ခလုတ်နှိပ်သံ မကြားရ။

သူက ဘုန်းတော်ကြီး ညွှန်ပြသော ရောင်စုံ ဖန်ပြတင်းပေါက်တွေထို ကြည့်ရှု လေ့လာနိုင်ရန် နောက်သို့ အနည်းငယ် ဆုတ်လိုက်သည်။

သည်လို အချိန်းအချက် ဆိုတာမျိုးက ထုံးစံဖြစ်ကြောင်း သူသိသည်။ နံနက်က ဗာတီကင်စာကြည့်တိုက်ထဲမှာ ပထမအဆက်အသွယ်လုပ်ပြီး စိတ်ချယုံကြည်ရတော့မှ ယခုကဲ့သို့ တကယ့်အချိန်းအချက်မှာ လာဆုံခြင်း ဖြစ်သည်။

ထိပ်ပြောင်ပြောင်လူကြီးက လူအုပ်ထဲမှ ခွဲထွက်လာပြီး ဘုရားစင်ရှေ့သို့ သွားကာ ဒူးထောက်လျက် ဘုရားကို အာရုံပြုလိုက်သည်။ သူ၏ လက်ညှိုးကတော့ ကင်မရာခလုတ်ကို ခဏ ခဏ နှိပ်နေသည်။

သူက ဘုရားရှိခိုးကျောင်းမှ ထွက်လာပြီး အပြင်ဘက် ခပ်လှမ်းလှမ်း ပလက်ဖောင်းဘေးမှာ ရပ်ထားသော အယ်လ်ဖာရိုမီယို ကားလေး ရှေ့ထဲ တော့ ထိုင်ချလိုက်သည်။ ဖိနပ်ကြိုးကို ချည်နေလိုက်သည်။

'ဆံပင်အဝါ အကျီအနက်နဲ့ လူ'

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှာ ဆေးလိပ် သောက်နေသော မိန်းကလေးကို လှမ်းပြောလိုက်သည်။ သူမဘေးမှာ ထိုင်နေသော ယောက်ျားကလေးက ကားထဲမှ ရေဒီယိုခလုတ်များကို ဟိုလှည့် သည်လှည့် လှည့်လိုက်သည်။

ခေါင်းပြောင်ပြောင် လူကြီး ထွက်သွားလေပြီ။ ကာရှုဗီကို သူ စိတ်မဝင်စားတော့။ သူ စိတ်ဝင်စားရမည့် သူကတော့ ဆံပင်အဝါနှင့် လူ ဖြစ်သွားပြီ။ သူ့ နောက်ကို လင်ဒါနှင့် အီမိုင်းတို့က လိုက်လိမ့်မည်။

သူတို့နှစ်ယောက်စလုံး ထိပ်တန်း အေးဂျင့်များ ဖြစ်သည်။

နောက်တစ်နေ့ ညနေပိုင်းတွင် ရောမကပို့လိုက်သော သတင်းနှင့် ပုံကြီးချဲ့ထားသော ဓာတ်ပုံတွေက မော်လီ့စားပွဲပေါ်သို့ ရောက်လာသည်။ မော်လီက ဓာတ်ပုံတွေကိုင်ပြီး ဂျာရာမီယာ၏ အခန်းထဲမှာ ကျင်းပနေသော အစည်းအဝေးကို အနှောင့်အယှက် ပြုလိုက်လေတော့သည်။

# ၁၈

သံရုံးမှ နှုတ်ခမ်းမွေး ကောက်ကောက်၊ ခပ်ဝဝနှင့်စကား အလွန်နည်းသော လုံခြုံရေးအရာရှိက သူတို့ကို ဘန်းလေဆိပ်မှာ လာ၍ စောင့်နေသည်။

ဂျရာမီယာနှင့်မော်လီတို့ကို လက်ဆွဲနှုတ်ဆက်သည်။ ဂျရာမီယာက သူနှင့်ဟက်ဖနာကို မိတ်ဆက်ပေးလိုက်သည်။

'ကျွန်တော်တို့ ကားထဲမှာပဲ စကားပြောကြရအောင်'

လုံခြုံရေးအရာရှိ ဘရန်းက ပြောလိုက်သည်။

လေယာဉ်ကွင်း အပြင်ဘက် လမ်းများပေါ်မှာ နှင်းခဲများ ကျနေသည်။ ဒါပေမဲ့ ည၏ ကောင်းကင်မှာတော့ ကြည်လင်နေသည်။

သူက ကားဆီသို့ ခေါင်းဆောင်သွားပြီး ဂျာရာမီယာနှင့်မော်လီတို့က နောက်မှ လိုက်လာသည်။ သူ့တို့နောက်မှ ဟက်ဖနာ ကပ်လိုက်လာသည်။

ဘရန်း၏ အမူအရာကို သူ မနှစ်မြို့ပေ။ သူ ကိုယ်တိုင်လည်း ပတ် ဝန်းကျင်နှင့် သိပ်ပြီး စကားပြောချင်စိတ် မရှိ။ လက်ဘရွန်ကို ဝင်တိုက်သည့် ညက နယ်ခြားစခန်းမှာ တွေ့ခဲ့ရသော မာရီယန်နှင့် ချိန်းထားသောကြောင့် ဖြစ်သည်။ သူ့ဇနီးကို အရေးတကြီး အလုပ်တစ်ခုရှိသည်ဆိုသော ဖြီးထားပြီး ဖြစ်သည်။ နောက်ဆုံး အချိန်ကျမှ သည်နေရာကို လိုက်လာရန် တာဝန်ကျလာသည်။

ဂျရာမီယာက ရောမ၊ ဘန်း၊ ပဲရစ်တို့ကို ဖုန်းဆက်ပြီးမှ သည်

www.burmeseclassic.com

www.burmeseclassic.com



ဆစ်ဖာလန်ကို လိုက်လာခြင်းဖြစ်သည်။ လေယာဉ်ပျံပေါ်မှာလည်း ၄ နာရီ တိတိ မည်သူနှင့်မျှ စကားမပြောဘဲ နေခဲ့သည်။ ဂျရာမီယာနှင့်မော်လီက လေယာဉ်ပျံ အရှေ့ခန်းထဲမှာ ထိုးတိုးတိုင်ပင်နေကြသဖြင့် သူ့ကို သတိပြုမိဟန် မတူ။

ဟက်ဖနာက ကားရှေ့ခန်းမှာ ဝင်ထိုင်လိုက်သည်။

ဘရန်းက နောက်ခန်းမှာ ထိုင်နေသော ဂျာရာမီယာနှင့်မော်လီတို့ဘက်လှည့်ပြီး

'ခင်ဗျား ဆံပင်အဝါနဲ့ လူ တစ်နေ့ညက ရောမကနေပြီး ဒီကို ရောက်လာတယ်၊ လေယာဉ်ကွင်းမှာ အစောင့်တွေကို အတုန်လုံး ညွှန်ကြားထားပြီးပြီ၊ ဂျနီဗာကနေ ပဲရစ်ကို လက်မှတ်တစ်စောင့် ယူထားတယ်၊ အေဗစ်တို့ သွားဖို့ ကားတစ်စီး သူငှားထားတယ်။ ဘားနက်ရောစ်ဆိုတဲ့ နာမည်ကို သုံးပြီး သူလိပ်စာကို ဩစရီးယားလို့ ပေးထားတယ်'

'သူ့ ကားမောင်း လိုင်စင်ကော'

ဂျရာမီယာက မေးလိုက်သည်။

'ဒီနာမည်နဲ့ပဲ ဩစရီးယားထုတ် လိုင်စင် ကိုင်ထားတယ်။ ကားငှားခတို့ လက်ငင်းငွေချေပြီး ဒီကားကို ဂျီနီဗာမှာ ထားခဲ့မယ်လို့ သူပြောတယ်'

'ဒီတော့ သူက ဂျီနီဗာအထိ ကားမောင်းသွားပြီး အဲဒီကမှ ပဲရစ်အရောက် လေယာဉ်စီးဖို့ ရည်ရွယ်တာ ဖြစ်မှာပေါ့'

'ဟုတ်တယ်၊ ဂျီနီဗာနဲ့ ပဲရစ်မှာ ရှိတဲ့ ကျွန်တော့်အဖွဲ့သားတွေကို အကြောင်းကြားပြီးပြီ၊ ဂျီနီဗာက သူပြန်ချင်တဲ့အချိန် ပြန်ပို့မယ့်လူက အဆင်သင့်ပဲ၊ ပဲရစ်မှာလည်း ကြိုမယ့်သူ အဆင်သင့်ရှိနေပြီ၊ သူက ဂျီနီဗာဘက်ကို ကားမောင်းသွားပြီး ပါရာနီက အကျော် ၅ ကီလိုမီတာ အလွန်ကနေပြီး လမ်းခွဲကလေးထဲ ဝင်သွားတယ်။ အဲဒီ လမ်းခွဲကလေးက လက်ဘာရွန် ဆိုတဲ့ ရွာကိုရောက်တယ်။ အဲဒီရွာထဲမှာ လူနေအိမ် ခြောက်လုံး ခုနစ်လုံးပဲရှိတယ်၊ အိမ်တစ်အိမ် ရှေ့မှာ ရပ်လိုက်တယ်၊ အဲဒီမှာ သူ ညအိပ်တယ်၊ ကျွန်တော်တို့ သတင်းဖာရ ဆိုရင် ခုချိန်အထိ ဒီရွာထဲမှာ သူ ရှိနေသေးတယ်'

မော်လီက ရှေ့တိုးပြီး မေးလိုက်သည်။

'ဒီအိမ်ထဲက သူ အပြင်မထွက်ဘူးလား'

'ရွာထဲမှာ အမျိုးသမီး တစ်ယောက်နဲ့တွဲတာ လေးငါးခါ တွေ့လိုက်ရတယ်လို့ ဆိုတယ်၊ အဲဒီအမျိုးသမီးရဲ့နာမည်ကိုတော့ ကျွန်တော်တို့ မသိဘူး၊ ကျွန်တော်တို့မှာ အဆက်အသွယ်လုပ်ဖို့ ပြဿနာ ရှိနေတယ်၊ လက်ရှိ



အစိုးရရဲ့ ညွှန်ကြားချက်အရ ကျွန်တော်တို့ ကြိုးမဲ့ကြေးနန်းကို အသုံးပြုခွင့်မရှိဘူး၊ တယ်လီဖုန်းကိုပဲ အားကိုးနေရတယ်၊ လက်ဘာရွန်က ရွာကလေးဆိုတော့ ဖုန်းတယ် မရှိဘူး၊ တည်းခိုစရာဆိုလို့ ရွာနဲ့ ၁၀ ကီလိုမီတာ အကွာလောက်မှာ ကားရပ်စခန်း တစ်ခုပဲ ရှိတယ်၊ တယ်လီဖုန်းကလည်း အော်တို မဟုတ်တော့ ကျွန်တော်နဲ့ ကျွန်တော့်လူတွေ စကားလုံး အနည်းဆုံးနဲ့ ဆက်သွယ်ကြရတယ်'

ဂျရာမီယာက ခေါင်းညိတ်လိုက်သည်။

'သူ့ကို ခင်ဗျား အကူအညီ မပေးနိုင်ဘူး ဟုတ်လား'

'ဟုတ်တာပေါ့။ ဒီလိုနေရာမျိုးမှာ လူစိမ်းတစ်ယောက် ရောက်လာရင် ထီးထီးကြီး ပေါ်နေမှာ၊ အထူးသဖြင့် ဒီလိုရာသီမှာဆို ပိုဆိုးတယ်၊ ဒီအရပ်သူ တစ်ယောက်အနေနဲ့ သူစိမ်းကို ချက်ချင်းသိကြမှာပဲ၊ ခုချိန်လောက်ဆို ကျွန်တော့လူတောင်မှ ပေါ်နေပြီလား မသိဘူး'

ဟက်ဖနာက ကြားဖြတ်လိုက်ပြီး

'ဘယ်လိုအကာအကွယ်တွေ ယူထားတာလဲ'

'ဆပ်ပြာရောင်းတဲ့ ကုမ္ပဏီတစ်ခုက ဈေးကွက် စုံစမ်းထောက်လှမ်းဖို့ စာရင်းကောက်တဲ့လူ အဖြစ်နဲ့ လွှတ်ထားတယ်'

'ဆာဘီရဲ့လူတွေ မရောက်သေးဘူးလား'

ဂျရာမီယာက မေးလိုက်သည်။ ဆာဘီက မော့ဆက်၏ စစ်ဆင်ရေးအဖွဲ့ခေါင်းဆောင် ဖြစ်သည်။

ဘရန်းက 'ရောက်နေကြပြီ၊ ပဲရစ်က ယောကျ်ား သုံးယောက်နဲ့ မိန်းကလေးတစ်ယောက်၊ တဲအဗစ်က နှစ်ယောက်၊ သူတို့နဲ့အတူ ဆာဘီ ဝါတယ်၊ မြူးနစ်က မိန်းကလေးနှစ်ယောက်၊ ဒီနေ့ည ကားနဲ့ရောက်လာကြလိမ့်မယ်'

ဟက်ဖနာက ကြားဖြတ် ဝင်ပြောလိုက်သည်။

'ကျွန်တော်တို့ သူတို့ကို တခြားအမှုတစ်ခု ဆောင်ရွက် နိုင်းထားရာက ဒီဘက်ကို လွှဲပြောင်း ခေါ်ခဲ့တာ'

ဘရန်းက 'ဂျရာမီယာ၊ ခင်ဗျားရဲ့စစ်ဆင်ရေးအဖွဲ့ကို ဒီနေရာမှာ အသုံးချမလို့လား'

ဂျရာမီယာက သူ့ မေးခွန်းကို ပြန် မဖြေသေးဘဲ ပြတင်းပေါက် အပြင်ဘက် လရောင်အောက်မှာ ပြောင်လက်နေသော နှင်းတောင်ကြီးတို့ ငေးကြည့်လိုက်သည်။ ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားတို့ ရိုက်ထားတဲ့ အဲဒီလူရဲ့ဓာတ်ပုံ ဘယ်တော့ရမလဲ၊ ကျွန်တော်တို့ လိုက်နေတဲ့လူ ဟုတ်မဟုတ်ဆိုတာ သေချာအောင် သိချင်တယ်'

မော်လီနှင့် ဟက်ဖနာတို့က မျက်နှာ လွှဲလိုက်ကြသည်။ လီလီဟန်းမားတုန်းက လူမှားခဲ့သော ဖဏ်ရာ ဖဏ်ချက်ကြီးက အဘိုးကြီးကို ခုချိန်ထိ ချောက်ချားနေဆဲ ဖြစ်သည်။

'မနက်ကျရင် ကျွန်တော်တို့ ဓာတ်ပုံတွေ ရလိမ့်မယ်၊ ကျွန်တော့်လူက အဲဒီလူနဲ့ အဲဒီ မိန်းမ ဓာတ်ပုံကို ရိုက်ယူထားလိုက်တယ်၊ ဂျိနီဗာက လူတစ်ယောက် ဒီနေ့ည သန်းခေါင်မှာ အဲဒီရွာအပြင်ဘက်မှာတွေ့ဖို့ ချိန်းထားတယ်၊ နှစ်နာရီခွဲလောက်ကြာရင် ဒီနေရာကို သူရောက်လာလိမ့်မယ်၊ နံနက်စာ စားချိန် ဓာတ်ပုံတွေ အဆင်သင့် ရောက်လာမှာပါ'

ဂျရာမီယာက ခေါင်းညိတ်လိုက်ပြီး

'ကောင်းပြီ၊ ဒီနေ့ညတော့ ငါတို့ လက်ဘရွန်ရွာထဲ သွားဖို့ မလိုတော့ဘူး၊ ညဉ့်နက်သန်းခေါင် ကားတစ်စီး ဝင်လာရင် တစ်ရွာလုံး လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြလိမ့်မယ်၊ ဒီတော့ ငါတို့ အိပ်ရေးဝအောင် အိပ်လိုက်ကြရအောင်၊ နက်ဖြန်မှပဲ လုပ်ငန်း စကြစို့ ဟုတ်လား၊ မြူလာကို သူတို့ ဖမ်းတဲ့အချိန်မှာ အနီးအနားမှာ ငါရှိနေချင်တယ်၊ နက်ဖြန်မနက် ၆ နာရီမှာ ဆာဘီရယ်၊ မော်လီရယ်၊ မင်းရယ်၊ ဟက်ဖနာရယ်၊ ငါ့အခန်းထဲကို လာခဲ့ကြ'

ဘရန်းက ကားကို စက်နှိုးလိုက်ပြီး တည်းခိုခန်းသို့ မောင်းသွားလေသည်။

တည်းခိုခန်းမှာ သူတို့အားလုံး နာမည်တုများ စာရင်းပေးထားလိုက်ကြသည်။ ဘရန်းက မော်လီကို သူ့အခန်းရှိရာသို့ ခေါ်သွားချိန်မှာ ဂျရာမီယာနှင့် ဟက်ဖနာကလည်း သူတို့၏ အခန်းဆီသို့ ဓာတ်လှေကားနှင့် တက်သွားကြသည်။ ထုံးစံအတိုင်း အဘိုးကြီး၏ လုံခြုံရေးအတွက် အခန်းကို စစ်ဆေးပြီးမှ အဘိုးကြီးကို ဝင်စေခဲ့သည်။

'ဒီနေ့ည ငါတို့ သိပ် အိပ်ရမှာ မဟုတ်ပါဘူး'

ဂျရာမီယာက ပြောလိုက်သည်။

'ဆာဘီကို သွားခေါ်ချည်၊ ပစ္စည်းအပြည့်အစုံနဲ့ မြေပုံပါ ယူလာဖို့ ပြောလိုက်၊ ငါတို့ လုပ်နည်းလုပ်ဟန်တွေကို ဆွေးနွေးပြီး သူ့အဖွဲ့ကို မနက် မိုးမလင်းခင် အဆင်သင့် လွှတ်ထားရမယ်၊ သူတို့ထဲက တစ်ယောက်ကို တယ်လီဖုန်းနားမှာ စောင့်ခိုင်းထားရမယ်၊ မော်လီနဲ့ ငါက ဓာတ်ပုံကို ကြည့်ပြီး သေချာလို့ရှိရင် မီးစိမ်းပြလိုက်မယ်၊ ဒီတော့ သူတို့ကို မနက် စောစော



ဘာ ဖမ်းဆွဲလိုက်ရုံပဲ၊ ငါတို့မှာ အချိန်သိပ်မရဘူး'

ဟက်ဖနာက အပြင်ထွက်ဖို့ တံခါးလက်ကိုင်ဘုကို ကိုင်ပြီးမှ နောက်လှည့်ကာ

'မြူလာကို ခင်ဗျား စစ်ဆေးပြီးရင် သူ့ကို ခင်ဗျား ဘယ်လိုလုပ်ဖို့ ရည်ရွယ်ထားသလဲ'

အဘိုးကြီးက ဟက်ဖနာကို စိမ်းစိမ်း ကြည့်လိုက်သည်။

'မာရီယန်က နောက်တစ်ပတ် ရက်အား တစ်ရက် ခွင့်ပေးနိုင်ဦးမှာပါ'

ဟက်ဖနာက အံ့ဩခြင်း ကြီးစွာဖြင့် ဂျရာမီယာကို ကြည့်နေမိလိုက်သည်။ သူတို့အကြောင်းကို အဘိုးကြီး ဘယ်အချိန်ကများ သိသွားသည် မသိ။

အဘိုးကြီးက ဆက်ပြီး

'ငါ့ လက်အောက်ငယ်သားအားလုံး သူတို့ မယားတွေကို လိမ်လည်တာတော့ ငါ မနှစ်မြို့ဘူး၊ အဲဒါ စိတ်ဓာတ်ရေးရာမှာ မကောင်းဘူး'

ဟက်ဖနာ ထွက်သွားသောအခါ ဂျရာမီယာက တံခါးကို အသာတလေး ပိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၉

ဘရန်းက ကားကို ဂရုတစိုက်မောင်းနေရသော်လည်း သူ့မျက်နှာ မကြည်မလင် ဖြစ်နေသည်။ ဂျရာမီယာ တစ်ညလုံး ဆာဘီနှင့် အလုပ်လုပ် နေပြီး ဆာဘီ၏ လူများကို နေရာတကျ လွှတ်ပြီးပြီဟု နံနက်စာ စားချိန်မှ သိလိုက်ရကတည်းက သူသိပ်ပြီး စကားမပြောတော့ပေ။

ဟက်ဖနာက ကားနောက်ခန်းထဲသို့ ပြန်လှည့်ကြည့်လိုက်သည်။ ဂျရာမီယာနှင့် မော်လီတို့က မနက်က ရောက်လာသော ဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးနေကြသည်။ ဓာတ်ပုံများကို တစ်နာရီကျော် နောက်ကျပြီးမှ ရခဲ့သည်။

ဓာတ်ပုံထဲက လူမှာ မြူလာ အမှန် ဖြစ်နေသည်။ ဆလာမက် အသုဘတုန်းက ဝတ်သည့် အဝတ်အစားအတိုင်း ဝတ်ထားသည်။ သူနှင့် တွဲလာသော မိန်းမက အသက်ကြီးပြီး ပိန်ပိန်ပါးပါးနှင့် ဆံပင် ဖြူစ ပြုနေပြီ။ အပေါ်စား ယုန်မွေး အနွေးထည်ကို ဝတ်ထားပြီး ခွာမြင့် ရှူးဖိနပ် စီး ထားသည်။

ဓာတ်ပုံတစ်ပုံကတော့ စားသောက်ဆိုင်ထဲမှာ သူတို့နှစ်ယောက် ထိုင်နေသည်ကို အပြင်မှ ရိုက်လိုက်ခြင်း ဖြစ်သည်။ နောက်တစ်ပုံက မိန်းမကြီးကို မြူလာ လက်တွဲပြီး လမ်းမမှာ လမ်းလျှောက်နေသည့်ပုံ ဖြစ်သည်။ သူမ၏ မျက်နှာက မှုံခြောက်ခြောက်နှင့်။ နှုတ်ခမ်းကို တင်းထား စေ့ထားသည်။ မျက်လုံးကတော့ ဥာဏ်များပုံ ပေါ်သည်။

ဟိုတယ်ခန်းထဲမှာ သည်ပုံများကို မြင်လိုက်ရုံဖြင့် ချက်ချင်းပင်



ဘယ်လီဖုန်းမှနေပြီး စကားဝှက်ကို အလွယ်တကူ ပြောလိုက်နိုင်သည်။ နံနက်စာကိုပင် ပြီးအောင်မစားတော့ဘဲ ဘရန်း၏ ကားနှင့် ချက်ချင်း ထွက် လာခဲ့သည်။

'ဟော၊ ဟိုမှာ ဘာလဲ' ဘရန်းက ပြောလိုက်သည်။

နှင်းထုထဲ အရှေ့ဘက်မှ မည်းမည်းသဏ္ဌာန် နှစ်ခု နှင်းထုထဲမှာ ပေါ်လာသည်။ ဘရန်းက ကားရှေ့ကို ငုံ့ပြီး သေသေချာချာ ကြည့်လိုက် သည်။

'ကားတွေ၊ ကျုပ်တို့ကားတွေ'

သူက ရပ်ထားသော ကားနှစ်စီး နောက်မှာ သူ့ကားကို ရပ်လိုက် သည်။

ထိုကားထဲမှ လူတစ်ယောက် ထွက်လာသည်။ ဆာဘီက ဂျရာမီယာ တို့၏ကားနောက်ခန်းထဲသို့ တိုးဝင်လိုက်သည်။

'ဂျရာမီယာ သတင်းက မကောင်းဘူး၊ ကျုပ်တို့ ဖမ်းမယ့် ငှက်တ ထွန်ခဲ့တဲ့ တစ်နာရီလောက်က ပြန်ထွက်သွားပြီ'

'မင်း ဘာပြောတယ်'

ဂျရာမီယာ ဒေါသတကြီး မေးလိုက်သည်။

'သူ မိုးလင်းလင်းချင်း ထွက်သွားတယ်၊ ခင်ဗျားဆီက အမိန့်ရောက် တော့ သူ လမ်းပေါ်ရောက်နေပြီ၊ ခင်ဗျားအမိန့်က ဘာဖြစ်လို့ ဒီလောက် နောက်ကျ နေရတာလဲ'

'ဓာတ်ပုံက အဆင်သင့် မဖြစ်လို့ကွ' ဂျရာမီယာက ဘရန်း၏ နောက်ကျောကို ကြည့်ပြီး အံကြိတ်ကာ ပြောလိုက်သည်၊

ဆာဘီက လက်နှစ်ဖက်ကို ဖြန့်ပြီး

'ခုချိန်မှာတော့ ကျွန်တော်တို့ တစ်ခုခုလုပ်ဖို့ နောက်ကျသွားပြီ၊ လမ်းမကြီးပေါ်မှာ ပစ်ခတ်ပြီး လိုက်ဖမ်းလို့တော့ မဖြစ်နိုင်ဘူး'

ဟက်ဖနာက ဂျရာမီယာကို လှမ်းကြည့်လိုက်သည်၊ အဘိုးကြီး ယခု တဲ့သို့ စိတ်ဆိုးနေသည်ကို တစ်ခါမှ မမြင်ဘူးခဲ့။ နှုတ်ခမ်းများကို ဖိထားပြီး ခပ်မတ်မတ် ထိုင်နေသည်။ သူ့ မျက်လုံးထဲမှာ ဒေါသများက ပေါက်ကွဲလု မတတ် ဖြစ်နေသည်။

'သူ အခု ဘယ်ရောက်နေပြီလဲ'

'ကျွန်တော့် လူ ဘယ်ရီက သူ့ကို ဂျိနီဗာအထိ နောက်ယောင်ခံ လိုက်သွားတယ်၊ ခုနကတင် လေယာဉ်ကွင်းထဲ ရောက်ပြီး ပြင်သစ်ကို သွား

www.burmeseclassic.com

www.burmeseclassic.com



မယ့် ပထမဆုံး လေယာဉ်ပေါ်ကို တက်သွားတယ်'

ဂျရာမီယာက အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ပြီး ဆုပ်ထား သော သူ့ လက်သီးကို ငုံ့ကြည့်ကာ ခေါင်းယမ်းလိုက်လေသည်။

'တောက်၊ စစ်ဆင်ရေး တစ်ခုလုံး အသုံးမကျတဲ့ ဓာတ်ပုံဆရာတ ယောက်ရဲ့ ညံ့ဖျင်းမှုကြောင့် ပျက်စီးသွားပြီ'

ဆာဘီက 'ဂျရာမီယာ၊ ကျွန်တော်တို့ ပဲရစ်မှာ သွားလုပ်နိုင်တယ် ကျွန်တော်တို့ လူတွေ ပဲရစ်က စောင့်နေတာပဲ'

ဂျရာမီယာက ခတ်ဆတ်ဆတ်ဖြင့် 'အဓိပ္ပာယ်မရှိတာ၊ ပဲရစ်မှ လူတစ်ယောက်ကို ဆွဲဖို့ဆိုတာ တော်တော် အခြေအနေ ရှုပ်ထွေးတယ်'

သူနောက်ထပ် စကားမပြောဘဲ နေလိုက်တော့ ကျန် လူတွေ လည်း စကားမပြောရဲတော့ဘဲ ငြိမ်နေကြသည်။ နောက်ဆုံးမှ သူက

'ဟိုမိန်းမက ဘယ်သူလဲ၊ မင်း သိခဲ့သလား'

ဆာဘီက ခေါင်းညိတ်ပြလိုက်သည်။

'မနက်က ခင်ဗျား ဖုန်းမလာခင် တယ်ရီနဲ့ ကျွန်တော် စကားပြော ခဲ့တယ်၊ ဆံပင်ဝါနဲ့လူက အဲဒီ မိန်းမကြီးကို ဂျာမန်လို အမေလို့ခေါ် ကြားလိုက်တယ်လို့ တယ်ရီက ပြောတယ်'

'အမေ ဟုတ်လား၊ သူ့နာမည်ကိုရော သိသလား'

ဂျရာမီယာက မေးလိုက်သည်။

'ဒါကတော့ မခဲယဉ်းပါဘူး၊ ကျွန်တော်တို့မှာ လိပ်စာရှိသားပဲ'

'လာ၊ သွားကြစို့' ဂျရာမီယာက ပြောလိုက်သည်။

'ခင်ဗျားကိုယ်တိုင် သွားမလို့လား၊ ကောင်ကလေးတွေကို လွှတ်လိုက် ရင် ပြီးတာပဲ'

ဟက်ဖနာက ဝင်ပြောလိုက်တော့ . . .

'လာ. . . သွားစို့'

ဂျရာမီယာက ခပ်ငေါက်ငေါက် ပြောလိုက်သည်။

'ဆာဘီ၊ မင်း ကားထဲကနေပြီး ဘရန်းကို လမ်းပြလိုက်'

ဘရန်းက ကားစက်နှိုးလိုက်သည်။

ဟက်ဖနာက သူ့နေရာမှာ ခပ်တောင့်တောင့် ထိုင်နေပြီး လမ်းဘေး တစ်ဖက်တစ်ချက်မှ အိမ်ငယ်ကလေးများကို ကြည့်ရင်း လိုက်ပါလာသည်။

လူနေအဆောက်အအုံများက ရွာ၏ တောင်ဘက်မှာ ရှိနေသည်။ အဝါရောင်သုတ်ထားသော ရှုပ်ဆိုးလှသည့် တိုက်ကြီး ၇ လုံးကို တွေ့ရသော



အခါ ဆာဘီက တိုက်တစ်လုံးကို လက်ညှိုးထိုးပြလိုက်ပြီး

'ဟို တတိယတိုက်ပဲ'

'မင်းတို့အားလုံး ကားထဲနေခဲ့ကြ၊ မော်လီ ငါနဲ့လိုက်ခဲ့'

ဂျရာမီယာက စိတ်ဆိုးနေသော်လည်း ကျွမ်းကျင်မပျက်ဘဲ ကားပေါ်မှ ဆင်းသွားသည်။

အသက်အရွယ် ကြီးရင့်သော အဘိုးကြီး၊ အဘွားကြီး နှစ်ယောက် တည်းဆိုလျှင် ပတ်ဝန်းကျင်က သိပ်ပြီး သတိပြုမိကြမည် မဟုတ်။

တိုက်ခန်း၏ အဝင်ပေါက်မှာ မီးတစ်လုံး ထွန်းထားသည်။

'ဒီဘက်ကို'

မော်လီက ခေါ်လိုက်သော်လည်း သူက နားမထောင်ဘဲ တိုက်ဝင် ပေါက် ညာဘက်ဘေးမှ စာတိုက်ပုံးတွေပေါ်မှာ ရေးထားသော နာမည်တွေ ကို လျှောက်ဖတ်နေသည်။

ရုတ်တရက် ဆိုသလို သူက နည်းနည်း ယိမ်းထိုးသွားသည်။ သူ့ကို တစ်ယောက်ယောက်က မျက်နှာကို လက်သီးနှင့် ထိုးလိုက်သည်ဟု ထင် ထိုက်သည်။

မော်လီက သူ့လက်မောင်းကို လှမ်းကိုင်လိုက်သည်။

'ဂျရာမီယာ ဘာဖြစ်တာလဲ'

သူက အရှေ့တည့်တည့်ကို စူးစူးစိုက်စိုက် ကြည့်နေရင်းမှ သူ့မျက်နှာ ဖြူရော်ရော်ဖြစ်လာသည်။

သူ့လက်ကို တဖြည်းဖြည်း မ လိုက်ပြီး ဘယ်ဘက်အစွန်ဆုံးက စာ တိုက်ပုံးမှာ ညှပ်ထားသော နာမည်ကပ်ပြားကလေးကို လက်ညှိုးထိုးပြလိုက် သည်။

'ကောင်းရောကွာ၊ နီနာကိုလိုင်ချက်တဲ့'

www.burmeseclassic.com

www.burmeseclassic.com

## ၂၀

သံရုံးညှိခန်းမှ စားပွဲ၏နောက်မှာ ကီတာစင်နီစီ ထိုင်နေသည် သူက အသားညိုညို၊ မျက်နှာကြော တင်းတင်း၊ ခပ်ပိန်ပိန်၊ ကော်လံအမ နှင့် လည်စည်းကို တင်းတင်းချည်ထားသဖြင့် မနေတတ် မထိုင်တတ် ဖြ နေသည်။

ပဲရစ်ကိုတော့ သူမနှစ်မြို့။ အေးလွန်းခြင်း၊ လူရှုပ်ခြင်း၊ ကားများ ခြင်း၊ ပြီးတော့ မကောင်းသောမိန်းမများနှင့် ရှုပ်ထွေး ဖောက်ပြန်သည နိုင်ငံ၏လူမှုရေး ပုံစံများကို သူ နားမလည်နိုင်။

သူ နေခဲ့သော နေရာကို ပြန်သွားရမည်ဆိုလျှင် မည်မျှ ပေးရပေး ပြန်သွားချင်သည်။ သူ့ ညီအစ်ကိုများ၏ ကုလားအုပ် ခရီးသွားအဖွဲ့နှင့်အတ သဲကန္တာရထဲကို ဖြတ်သွားပြီး စခန်းက မီးဖိုဘေးမှာထိုင်၍ စကာ ပြောရသော ဘဝမျိုးကိုသာ သူ လိုလားသည်။

လစ်ဗျား လေယာဉ်မောင်းသမား တစ်ယောက်၏ စတုတ္ထသားဖြစ် ပြီး သူ့မိခင်၏ ဇာတိရွာကို အသက် ၁၇ နှစ် သားအရွယ်က ပစ်ပယ်ပြီး ထွက်ခွာလာခဲ့သည်။ သားလေးယောက်ထဲမှ တစ်ယောက်ယောက်က စစ် သား ဖြစ်ရမည်ဆိုသော သူ့ဖခင်၏ဆန္ဒအရ သည်တာဝန် သူ့အပေါ် ကျ ရောက်ခဲ့သည်။

စစ်ဝတ်စစ်စားဝတ်လိုက်သည်နှင့် တစ်ပြိုင်နက် သူက သေခြင်း တရားကို ရှောင်ဖယ် ထွက်ပြေးခြင်းမပြုဘဲ အရဲစွန့်ခဲ့သည်။ တစ်နေ့ တကယ် လက်နက်ကျည်ဆန်များနှင့် လေ့ကျင့်ခန်း ပြုလုပ်ပြီးချိန် ခပ်ငယ်ငယ် မေဂျာ



စ်ယောက်က သူ့ကို ခေါ်ပြီး စစ်ရေး စစ်ရာရော ဘာသာရေး အယူအဆ ရာ မေးမြန်း စစ်ဆေးသည်။

နောက် ၃ လခန့် အကြာမှာ ကာနယ် ဖြစ်သွားသော ထို မေဂျာ လေးက လက်ရှိ ရှင်ဘုရင်၏ အာဏာကို သိမ်းပြီး တိုင်းပြည် အုပ်ချုပ်သူ ်လာသည်။ ကီတာစင်နီစီလည်း ဗိုလ်အဖြစ် ရာထူးတိုးမြှင့်ခံရပြီး ါင်းဆောင်ကြီး၏ ကိုယ်ရံတော် ဖြစ်လာသည်။

နောက် များမကြာမီ စကားနည်းသော ဗိုလ်ကလေးသည် ါင်းဆောင်ကြီး၏ စီမံကိန်းကို အကောင်အထည်ဖော်သော လက်ရွေးစင် ဖွဲ့သားအဖြစ် အရွေးခံရသည်။ ထို့နောက် ပဲရစ်မြို့ သံရုံးမှာ လုံခြုံရေး ရာရှိအဖြစ် ခန့်အပ်ခြင်းခံရပြီး ပါလက်စတိုင်း ပြောက်ကျားများ၏ ရာရှိ အဖြစ်လည်း တာဝန်ယူရသည်။

ပြီးခဲ့သည့်အပတ်က သူ့ထံသို့ ဥရောပတိုက်သားတစ်ယောက် ဆက်အသွယ်ပြုမည်ဟု သတင်း ရောက်နေပြီး ဖြစ်သည်။ သည်သတင်း ပါလက်စတိုင်း ပြောက်ကျား ခေါင်းဆောင်ကြီးက ပို့လိုက်ခြင်းဖြစ်သည်။

လူနာမည်ကိုတော့ ထုတ်ဖော်ခြင်း မပြု။ မိတ်ဆွေဟုသာ ပြောပြီး အပ်သော အကူအညီများ မဖြစ်မနေ ပေးလိုက်ပါဟု ညွှန်ကြားစာ သည်။

ယနေ့ နံနက်မှာ သည်မိတ်ဆွေ ဆိုသူက စကားဝှက်များနှင့် ဖုန်း တ်ပြီး အကြောင်းကြားသည်။ ကီတာက သံရုံးကို ဝင်ရန် တံခါးပေါက်၊ ်း အစရှိသည်တို့ကို ညွှန်ကြားလိုက်သည်။ သူ ရောက်လာဖို့ မိနစ် နည်းငယ်သာ လိုတော့သည်။

သူ စားပွဲပေါ်မှ တယ်လီဖုန်း မြည်လာသဖြင့် ကောက်ကိုင်လိုက် ည်။ ဖုန်းထဲမှ

'ခင်ဗျားရဲ့ ဧည့်သည် ရောက်နေပြီ'

'ငါ့ဆီ လွှတ်လိုက်'

သူ့ အခန်း၏ တစ်ဖက်မှ တံခါးနှစ်ချပ် ပွင့်လာသည်။

ဆံပင်အဝါရောင်နှင့် မျက်နှာခပ်ချောင်ချောင် လူတစ်ယောက် ်လာသည်။ သူက အကျီအနက်ဝတ်ထားပြီး လက်ထဲတွင် သံတမန်အိတ် နက်ကလေးတစ်ခုကို ဆွဲထားသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၁

မြူလာက ပိန်ညှော်ညှော် ကီတာကို လက်ဆွဲ နှုတ်ဆက်ခြင်း မ
သူက လေယာဉ်ကွင်းမှ သေတ္တာကလေးကို ရွေးယူပြီး တောက်လျှော
လာခဲ့ခြင်း ဖြစ်သည်။ သူ့ အနေနှင့် သံရုံးကို လာပြီး အကူအညီ တောင်
မလိုလား။ သည်လို အကူအညီ တောင်းရခြင်းက သူ၏ တစ်ကိုယ်တေ
လုပ်နည်းလုပ်ဟန်နှင့် ဆန့်ကျင်နေသည်။ သူ၏ အစီအစဉ်က သူ့
အစီအစဉ်ပဲ ဖြစ်ရမည်။

ကလဲ့စားချေမှုကလည်း သူတစ်ဦးတည်းပိုင် ဖြစ်ရမည်။ ပြင်ဆ
သောနေရာမှာ မည်သူ့မျှမပါသင့်သလို အောင်မြင်မှု အရသာကိုလည
မည်သူမျှ မခံစားရစေချင်။ 'ဒါပေမဲ့ ဆလာမက် အသုဘချသည့် နေ
ခေါင်းဆောင်ကြီးနှင့် တိုင်ပင်လိုက်သော အခါမှာ ယခု ပြင်သစ်နိုင်င
သံရုံးမှ တတိယအတွင်းဝန်၏ အကူအညီ မပါလျှင် မဖြစ်ဘူးဟု သူတို့
ယောက် ဝန်ခံခဲ့ကြရလေသည်။ ကီတာကို ခဏဖြစ်ဖြစ် သည်အစီအစဉ်
မှာ ပါဝင်ခွင့်ပြုရလိမ့်မည်။

'မိတ်ဆွေက ငါပဲ'

'သူက ပြင်သစ်လို ပြောလိုက်သည်။

'ဒီသေတ္တာထဲမှာ ငါ့ လက်နက် ပါလာတယ်၊ ဒီ လက်နက်ကို နော
အပတ်ထက် နောက်မကျအောင် ဗျေရှဆလင်ကို ပို့ပေးဖို့ လိုအပ်တယ
ပထမ ဒီလက်နက်ကို စမ်းပစ်ကြည့်ပြီးမှ မှန်ပြောင်းကို ငါချိန်ရဦးမယ်

ကီတာက မျက်နှာ အမူအရာ မပျက်ဘဲ ခေါင်းညိတ်လိုက်သည



'ကျွန်တော်နဲ့ လိုက်ခဲ့'

သူတို့နှစ်ယောက် ဧည့်ခန်းကို ဖြတ်ပြီး ကီတာက သော့တစ်ချောင်းနှင့် ဖွင့်ကာ ဘေး တံခါးပေါက်သို့ ဝင်သွားသည်။ နှစ်ယောက်သား နောက်ထပ် တံခါးတစ်ချပ်ကို သော့ဖွင့်ပြီး ကြောင်လိမ်လှေကားမှတစ်ဆင့် မြေအောက်ခန်းထဲကို ဆင်းလိုက်ကြသည်။

အောက်ဘက်အခန်းထဲမှာ ကြမ်းပြင်၏ ခေါင်မိုးအထိ အထွက်ဘက်မှနေ၍ ပလပ်စတစ် အပွမျှားကပ်ထားသော အုတ်နံရံကို တွေ့လိုက်ရသည်။ နံရံမှ တံခါးကိုလည်း ပလပ်စတစ်ပွမျှား ကပ်ထားသည်။

အရပ် ထောင်ထောင် မောင်းမောင်း၊ ပခုံးကျယ်ကျယ်၊ နှုတ်ခမ်းမွေးနှစ်ဖက် တွဲကျနေသော လူတစ်ယောက်က သတင်းစာဖတ်နေရာမှ သူတို့နှစ်ယောက် ဝင်လာသောအခါ ချက်ချင်း မတ်တတ်ရပ်လိုက်သည်။ ထိုသူက သေကာသလို လှမ်းကြည့်လိုက်ပြီး သူ့ခါးမှာ ချိတ်ထားသော ခြောက်လုံးပြူးဆီသို့ လက်ရောက်သွားသည်။

ကီတာက ခေါင်းညိတ်ပြလိုက်မှ ထိုသူက ပလပ်စတစ် ဖော့များကပ်ထားသော တံခါးကို သော့ဖွင့်ပေးလိုက်သည်။ သူတို့ နှစ်ယောက် ရှေ့နေ၍ အခန်းထဲသို့ ဝင်ပြီး မီးခလုတ် ဖွင့်လိုက်သည်။ တစ်ခန်းလုံး မီးချောင်းများ လင်းထိန်လာပြီး နေ့အလင်းရောင်နှင့် တူသွားသည်။

မြူလာက သေနတ် စမ်းသပ်ရန် မြေအောက်ခန်းထဲသို့ ရောက်လာသည်။

ကိုက် ခြောက်ဆယ် ရှည်လျားသော မြေအောက်ခန်းကို သေနတ်စမ်းသပ်ရန် လမ်းကြောင်း၊ ငါးခု ခွဲထားသည်။ လမ်းကြောင်းတိုင်းမှာ လျှပ်စစ်နှင့်ထိန်းသော ပစ်မှတ်များ ရှိသည်။ နံရံတစ်ဖက်မှ သံသေတ္တာထဲမှာတော့ လက်နက်နှင့် ခဲယမ်းမီးကျောက် မြောက်များစွာ ရှိနေပုံရသည်။

သတ္တုမျက်နှာပြင် စားပွဲပေါ်မှာ ဝက်အူလှည့်၊ တူ၊ ဆောက် တန်ဆာပလာမျိုးစုံကို ခွဲစိတ်ခန်း ဆရာဝန်များ အသုံးပြုသကဲ့သို့ စီတန်းထားသည်။

သည်အခန်းကို ကီတာက ဂုဏ်ယူ ဝင့်ကြွားလေ့ရှိသည်။ သည်အခန်းမှာ တော်လှန်ရေးသမားများကို လက်နက် တပ်ဆင်ပေးပြီး၊ လက်နက်များ ကိုင်တွယ် ပစ်ခတ်နည်းကိုလည်း သင်ပေးရသော နေရာဖြစ်သည်။

မြူလာက သူ့ ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်ပြီး 'ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



ဒီအခန်းထဲမှာ ထားခဲ့ပါ၊ ကျွန်တော် အလုပ် လုပ်စရာ ရှိတယ်'

ကီတာက စိတ်ပျက်လက်ပျက်ဟန်ဖြင့် 'ဒီအခန်းထဲမှာ ဘယ်သူ့ကိုမှ တစ်ယောက်ထည်း ထားခဲ့လို့ မဖြစ်ဘူး၊ ဒီအခန်းက. . .'

'ခင်ဗျား အမိန့်ရထားပြီးပြီ မဟုတ်လား၊ ဒီတော့ ကျုပ်ကို ဒီအခန်းထဲမှာ တစ်ယောက်တည်း ထားခဲ့ပါ၊ ဆရာကြီးဆီက နောက်ထပ် သံကြိုးတစ်စောင် လိုဦးမယ်ဆိုရင် ပြောပါ'

ဆရာကြီးဆိုသော နာမည်ကို ကြားလိုက်ရတော့ ကီတာ ဘာမှ ပြန်မပြောနိုင်ဘဲ စိတ်နည်းနည်း ဆိုးသွားသည်။ သူက လက်သီး ဆုပ်လိုက်ပြီး အစောင့်ကို 'ကဲ ထွက်ကြစို့'

'ကျွန်တော့်ကို သော့ပေးခဲ့ပါ'

မြူလာက သူ့ လက်ဝါးကို ဖြန့်ပြီး လှမ်းတောင်းလိုက်သည်။ အစောင့်ကြီးက ဒေါသ ထွက်လာပြီး ကီတာဘက်ကို လှမ်းကြည့်လိုက်သည်။ ကီတာက ခေါင်းညိတ်ပြလိုက်သည်။ မြူလာလက်ထဲသို့ သော့တစ်ချောင်း ရောက်လာသည်။

မြူလာက သူတို့နှစ်ယောက် ထွက်သွားသောအခါ တံခါးကို ပိတ်ပြီး သော့ခတ်လိုက်သည်။

သူက ဘယ်ဘက် အစွန်ဆုံးမှ သေနတ်ပစ် လမ်းကြောင်းကို ရွေးပြီး သူ့ရှေ့မှာ သေတ္တာကို ချလိုက်သည်။ သေတ္တာဖွင့်ပြီး သေနတ်ကို မဆော်မီ စုံမက် နှစ်သက်စွာဖြင့် ပွတ်သပ်နေသည်။

သေနတ်ကို သူ့ရှေ့မှာ ချပြီး ပစ်မှတ် ခလုတ်ကို နှိပ်လိုက်သည်။ မော်တာစက်သံ ကြားရပြီး ပစ်မှတ်စက္ကူချပ်ပြားက အဝေးမှ တဖြည်းဖြည်း သူ့ထံ ရွေ့လာသည်။ မျက်နှာကြက်မှ သံတန်း လမ်းကြောင်းအတိုင်း ရွေ့လာခြင်း ဖြစ်သည်။

မြူလာက သံဘောင်ပေါ်မှာ တပ်ထားသော စက္ကူကို ဆွဲထုတ်ပြီး ကြမ်းပြင်ပေါ်သို့ လွှင့်ပစ်လိုက်သည်။

သူ၏ အင်္ကျီအိတ်ထဲမှ စက္ကူခေါက်ကို ဆွဲထုတ်လိုက်ချိန်မှာ တော်တော်တလေး စိတ်လှုပ်ရှားသွားသည်။ စက္ကူခေါက်ကို ဖြန့်လိုက်သည်။ သံဘောင်ပေါ်မှာ တွယ်ကပ်ကာ နောက်သို့ တစ်လှမ်းဆုတ်ပြီး လေ့လာကြည့်လိုက်သည်။

တကယ့်လူ အရွယ်အစား အတိုင်းရှိသော လူတစ်ယောက်၏ အထက်ပိုင်း ဓာတ်ပုံ ဖြစ်သည်။



'သေရမည့်လူ' ၏ ကမ္ဘာကျော် မျက်နှာက ဓာတ်ပုံထဲမှနေပြီး ပြုံးစေ့စေ့ဖြင့် သူ့ကို ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၂

သူက ခလုတ်ကို ပြန်နှိပ်လိုက်သည်။ သူ့ခေါင်းပေါ်မှ ချိန်းကြိုးများ အသံမြည်လာပြီး ပိုစတာကြီးက အပေါ်သို့ ပြန်ဆုတ်သွားသည်။ ပစ်လမ်း အဆုံးရောက်တော့ ရပ်သွားသည်။

သူက သေနတ်ကို ကိုင်လိုက်ပြီး မှန်ပြောင်းမှ အနီးအဝေးချိန် ခလုတ်ကို ကျွမ်းကျင်စွာ ညှိလိုက်သည်။ မှုန်ဝါးနေသော မြင်ကွင်းက တဖြည်းဖြည်း ကြည်လင်လာပြီး ခတ်ပုံထဲမှ လူ၏ မျက်နှာနှင့်ရင်ဘတ်က သူ့ မျက်စိရှေ့မှာ ပေါ်လာသည်။

ခတ်ပုံထဲမှ လူ၏ နှလုံးတည့်တည့်ကိုချိန်ပြီး မောင်းတစ်ချက် ဖြုတ်ချလိုက်သည်။ အခန်းထဲမှာ သေနတ်သံ မြည်ဟည်းသွားပြီး သေနတ်က သူ့လက်ထဲမှာ တုန်သွားသည်။

ပစ်ပြီးသား ကျည်ခွံကို သူ၏ ဘယ်ဘက်လက်ထဲရောက်အောင် ကျွမ်းကျင်စွာ ထုတ်ယူလိုက်ပြီး နောက်ထပ် ကျည်တစ်တောင့် ထိုးလိုက်သည်။ သေနတ်ကို မြှောက်ချိန်လိုက်ပြီး မှန်ပြောင်းထဲမှနေ၍ ပထမ ပစ်ချက်ကို စစ်ဆေးကြည့်လိုက်သည်။ ယမ်းတောင့်က ပုံထဲမှ လူ၏ ရင်ဘတ်ကို ဖောက်သွားပြီး နှလုံး၏ ဘယ်ဘက် အောက်နားကို ထိမှန်သွားသည်။

သူက စားပွဲပေါ်မှ ဝက်အူလှည့် တစ်ချောင်းကို လှမ်းယူလိုက်ပြီး မှန်ပြောင်းမှ ဝက်အူတစ်ခုကို အသာလှည့်လိုက်သည်။ တစ်ခါထပ်ချိန်ပြီး ပစ်လိုက်ပြန်သည်။ သည်တစ်ကြိမ်မှာ ကျည်ဆန်က စက္ကူ၏ အထက်ပိုင်းကို ဖောက်သွားသည်။



နောက်တစ်ခါ ဝက်အူကလေးတို့ လှည့်လိုက်ပြီး ထပ်ပစ်ပြန်သည်။ နည်းနည်း မြင့်နေသေးသည်။ နောက်တစ်ကြိမ် ထပ်ပြင်လိုက်ပြီး စတုတ္ထ အကြိမ်ကျမှ သူ ကျေနပ်လောက်သော ပုံစံကိုရလာသည်။ မှန်ပြောင်းမှ ဝက်အူကို သည်အတိုင်းထားလိုက်ပြီး နောက်ထပ် သုံးချက်ပစ်လိုက်သေးသည်။ နောက် သုံးချက်စလုံး အရုပ်၏ နှလုံးတည့်တည့်ကို တစ်ထပ်တည်း ဖောက်သွားသည်။ သူ၏ စိတ်ထဲမှာ ကျေနပ်မှုကလေးကို ခံစားလိုက်ရသည်။

သူက ခလုတ်ကို ပြန်နှိပ်လိုက်တော့ ပစ်မှတ်က သူ့ဆီ တဖြည်းဖြည်း ပြန်ရွေ့လာသည်။ ခတ်ပုံကို ပြန်ဖြုတ်ပြီး စားပွဲပေါ်တင်ကာ အသေးစိတ် လေ့လာကြည့်လိုက်သည်။

သေနတ်ကို သူ လိုချင်သည့်အနေအထားအတိုင်း ရထားလေပြီ။

ပလပ်စတစ် ကော်ကိုယူပြီး ဝက်အူနေရာ မပျက်စေရန် အပေါ်မှာ နည်းနည်း သုတ်လိုက်သည်။ စားပွဲ၏ အစွန်းမှာ ဆေးနီဘူးတစ်ဘူး တွေ့ရသဖြင့် စုတ်တံတစ်ချောင်းဖြင့် ဆေးတို့ကာ ခတ်ပုံထဲမှ လူ၏နှလုံးပေါ်မှာ စက်ဝိုင်းသုံးခု ဆွဲလိုက်သည်။

သူက ခတ်ပုံကို ထောင်ကြည့်လိုက်တော့ ဆေးနီတွေက အမည်းပေါက်ကလေးမှ စီးကျလာသည်ကို တွေ့လိုက်ရသည်။ သူ တစ်ချက်ပြုံးလိုက်ပြီး ခြောက်နေသော နှုတ်ခမ်းကို လျှာဖြင့် ပွတ်လိုက်သည်။

မြူလာက သေနတ်ကို ပြန်ဖြုတ်လိုက်ပြီး သေတ္တာထဲသို့ နေရာတကျ ပြန်ထည့်လိုက်သည်။ သော့ခတ်ပြီးနောက် သော့ကို ခေါက်ထားသော ပိုစတာနှင့်အတူ အိတ်ထဲ ပြန်ထည့်လိုက်သည်။ အခန်းအပြင်ဘက်တွင် ကီတာနှင့် အစောင့်က ခပ်တိုးတိုးစကားပြောနေကြသည်။ သူ တံခါးဖွင့်လိုက်တော့ စကားပြောရပ်သွားတော့သည်။

'လာ သွားစို့'

သူက ကီတာကို ပြောလိုက်သည်။ အစောင့် မကြားနိုင်သောနေရာသို့ ရောက်တော့မှ သူက သေတ္တာကလေးကို စာရွက်တစ်ရွက်နှင့်အတူ ကီတာထံ အပ်လိုက်သည်။

'ဒီ သေတ္တာကို နောက်အပတ် ဇျူရစ်ဆလင် အရောက်ပို့ပေးပါ၊ ကြာသပတေးနေ့ထက် နောက်မကျစေရဘူး၊ ကယ်ရီယာက ဒီဖုန်းနံပါတ်ကို ခေါ်ရမယ်၊ သူတို့ စောင့်နေလိမ့်မယ်'

ကီတာ ခေါင်းညိတ်လိုက်သည်။ သူ့ကို လူစိမ်းတစ်ယောက်က အရာ လုပ်တာကို မကျေနပ်၊ ဒီတောင် မြန်မြန် ပြန်ထွက်သွားမှ အေးမည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ ဒီကိုလာတာ တစ်ယောက်ယောက်က နောက်ယောင်ခံလိုက် ချင်လိုက်နေလိမ့်မယ်၊ ငါ ဒီက ပြန်အထွက်မှာ နောက်ယောင်ခံ မပါရအော ဆောင်ရွက်ပေးပါ'

'ဒါတော့ မခဲယဉ်းပါဘူး'

လမ်းစဖျောက်ရသည်က လွယ်သည်။ မြူလာ၏ သေတ္တာကလေး လက်ခံပြီးသည့်နောက် ဆယ်မိနစ်ကြာသောအခါ အားလုံးအဆင်သ ပြင်ဆင်ပြီးနေပြီ။

သံရုံး အတွင်းဘက် မြေ ကွက်လပ်မှာ ကား ငါးစီး ထွက်ခွာသွား စက်များ နှိုးထားပြီးနေပြီ။ ကားနှစ်စီးပေါ်မှာ ခရီးသည် လေးငါးယော တင်ထားပြီး ကျန်သုံးစီးက ကားမောင်းသူမှအပ လူမပါဘူး ဟုထင်ရသည် မြူလာက ကားတစ်စီး၏ ကြမ်းပြင်မှာ အိပ်လျက်သား။

ကီတာ အမိန့်ပေးလိုက်သောအခါ သံရုံး တံခါးကြီး ရုတ်တရက် သွားသည်၊ ကားတွေ တစ်စီးပြီးတစ်စီး အရှိန်ပြင်းပြင်း မောင်းထွက်လာ လေးဘက်လေးတန်သို့ မောင်းသွားကြသည်။ မြူလာက တတိယကား ပါသွားသည်။

အစ္စရေးအေးဂျင့်နှစ်ယောက်က မြူလာကို လေယာဉ်ကွင်းမှ သံရုံးနောက်ဘက်ပေါက် အဝင်အထိ လိုက်ပါခဲ့ပြီး နောက်ထပ် အကူအ များ ခေါ်ကာ အရှေ့ပေါက်နှင့် အနောက်ဘက် အပေါက်ကိုပါ ညှပ်စောင့် ခဲ့သည်။

ဒါပေမဲ့ အနောက်ဘက် အပေါက်မှ သံရုံးကားများ တပြုံကြီး ပြိုင်တည်း ထွက်လိုက်တော့ သူတို့ မည်သို့မျှ မတတ်နိုင်ကြတော့။ သူ ကားက လူပါသွားသော ကားတစ်စီးနောက်သို့ ဆက်လိုက်သွားသည်။ သောက်ဆိုင် တစ်ဆိုင်ရှေ့မှာ ကားရပ်ပြီး လူလေးယောက် အတူဆင်း တာကို မြင်လိုက်ရတော့မှ သူတို့ ရှုံးသွားပြီဆိုတာကို သိလိုက်ကြရ သည်။

မြူလာ ခြေရာ ပျောက်သွားပြီ။

မြူလာက သံရုံးမှ မထွက်ခင် ကီတာ၏ လက်ကို အသာကလေး ဆုပ်နယ်ခဲ့သည်။ တစ်ဖက်သူကို ဟန်ဆောင်ပြရခြင်းကို သူ ဝန်မလေးတာ ကီတာကို သည်တစ်ကြိမ်တွေ့ရခြင်းမှာ နောက်ဆုံးအကြိမ်ဖြစ်ကြောင်း သိနေ သည်။ ကီတာကား သတ်မှတ်ခြင်း ခံရသူတစ်ယောက် ဖြစ်နေပြီ လူသေ တစ်ယောက် ဖြစ်နေပြီ။

## ၂၃

နောက်တစ်နေ့ နံနက် ပြင်သစ် လေကြောင်းကုမ္ပဏီ၏ လေယာဉ်ပေါ်မှ ဘီရွတ် လေယာဉ်ကွင်းထဲသို့ ပထမဆုံး ဆင်းလာသူကား ကီတာစင်နိုစီ ဖြစ်သည်။ သူက သံမှူး စာရွက်စာတမ်းများကို ပြပြီး လူဝင်မှုကြီးကြပ်ရေးမှ ချက်ချင်း ထွက်ခွာလာသည်။

ဘီရွတ်ရှိ သံရုံးမှ သူ့ကို လာကြိုသော တတိယအတွင်းဝန်ကို ခေါင်းညိတ် နှုတ်ဆက်လိုက်ပြီး

'ငါ မှာထားတဲ့ ကားရောက်ပြီလား'

'ခင်ဗျား ညွှန်ကြားတဲ့အတိုင်း ကျွန်တော်တို့ ကားတစ်စီး အဆင်သင့် ငှားထားပြီးပြီ၊ ခင်ဗျား သွားလိုရာကို ကျွန်တော် မောင်းပို့. . .'

ကီတာက သူ့စကားကို ဖြတ်လိုက်သည်။

'ငါ့ကို သော့ပေး၊ ငါ့ဘာသာ ငါ မောင်းသွားမယ်၊ ကားရှိတဲ့နေရာကိုသာပြ၊ နောက်ပြီး သံရုံးကို မင်း ပြန်နေတော့'

နောက် ငါးမိနစ်ခန့်အကြာမှာ တိုင်ယာမြို့ဆီသို့ တောက်လျှောက်မောင်းသွားရသော အမှတ်တစ်လမ်းမကြီး ပေါ်မှာ သူ အပြေးမောင်းနေသည်။

လက်ဘနွန်ကို သူကိုယ်တိုင် လာခဲ့ရသည်။

ပြီးခဲ့သော လများက လက်နက်များကို ဘီရွတ် သံရုံးသို့ သံရုံးပစ္စည်းများနှင့်အတူ ရောပို့ခဲ့သည်။ ဒါပေမဲ့ ပြီးခဲ့သည့် နိုဝင်ဘာလထုတ် ပြင်သစ် မဂ္ဂဇင်းတစ်စောင်မှာ အနားယူသွားပြီဖြစ်သော ပြင်သစ် ထောက်လှမ်းရေး

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့မှ အရာရှိကြီးတစ်ယောက်၏ မှတ်တမ်းများကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုမှတ်တမ်းထဲတွင် သံရုံးပစ္စည်းများကိုရော သံတမန် အထုပ်အပိုးများကို ပါ လေဆိပ်မှာ ဖောက်ကြည့်သည်ဟု ပါလာသည်။

ကီတာက သူ မကြာခဏ ပို့နေသော လက်နက်များကို ပြင်သစ်အစိုးရက မိုးဖောက်ကြည့်နေမလားဟု တွေးကြည့်မိပြီး ကြက်သီးများ ထသွားမိသည်။ နောက်ထပ် လက်နက်များ တိတ်တဆိတ်ပို့ရန် နည်းလမ်းသစ်ကို ရှာကြံရပေဦးမည်။

ယခုလောလောဆယ် မိတ်ဆွေဆိုသူကို သူ၏လက်နက်ကို သူကိုယ်တိုင်ပဲ ကယ်ရီယာလုပ်ကာ သယ်ခဲ့ရသည်။ ဗီဂေါလေဆိပ်မှာ သံတမန်များကို မရှာသည်က ကံကောင်းသည်ဟု ဆိုရမည်။ ဘီရွတ်မှထွက်လာခဲ့ပြီး တစ်နာရီခန့်အကြာမှာ လက်ဘရွန်ရှိ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်မှ နိုက်ဂျီးရီးယားတပ် ဌာနချုပ်ကို သူ ရောက်လာသည်။

ကီတာက အစောင့်တပ်သားကို ပြောလိုက်သည်။

'မေဂျာ ဘာလဝါကို ပြောလိုက်၊ သူ တွေ့ချင်တဲ့ သူငယ်ချင်းတစ်ယောက် ရောက်နေပြီလို့'

အစောင့်တပ်သားက တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး လှမ်းအကြောင်းကြားလိုက်သည်။ နှစ်မိနစ်ခန့်အကြာမှာ ဂျစ်ကားတစ်စီးက တံခါးပေါက်နား လာရပ်သည်။

ကားပေါ်မှ ခပ်ဝဝ စစ်ဗိုလ်တစ်ယောက် ဆင်းလာပြီး ကီတာ၏ကားထဲ ဝင်ထိုင်လိုက်သည်။ သူတို့နှစ်ယောက် နှုတ်ဆက်လိုက်ကြပြီး ကီတာက အိတ်အနက်၊ စာရွက်ကလေးနှင့် ငွေစက္ကူများဖြင့် ဖောင်းနေသော စာအိတ်တစ်အိတ်ကို စစ်ဗိုလ်ဆီ အပ်လိုက်သည်။

တခြား ဆွေးနွေးရန် အကြောင်းများမရှိ။ ဘာလဝါက သည်လုပ်ငန်းမျိုးကို ယခင်က သုံးလေးကြိမ် လုပ်ဖူးသဖြင့် အထူး ပြောရန် မလိုတော့။

ထိုနေ့ ညနေပိုင်းမှာ ကီတာက ဘီရွတ်သို့ ပြန်ရောက်လာပြီး ဟိုတယ်မာရီဗီယဉ်မှာ တည်းခိုသည်။ နောက်တစ်နေ့ နံနက် ပဲရစ်ကို ပြန်ရန် လေယာဉ်လက်မှတ်လည်း ကြိုတင် ဝယ်ခဲ့ပြီးပြီ။

ထိုနေ့ ညနေပိုင်းမှာပင် မေဂျာဘာလဝါက ဇျေရူဆလင်သို့ လေးနာရီတိတိ ကားမောင်းပြီး ရောက်လာသည်။ အစ္စရေးနယ်ကြားဖြတ်ရန် သူ့မှာ အခက်အခဲမရှိ။ ကုလသမဂ္ဂအမှတ်အသားကို မြင်လိုက်ရတာတည်းက အစောင့်စစ်သားတွေက စစ်ဆေးခြင်းမပြုဘဲ သူ့ကို ဖြတ်သန်းခွင့် ပြုလိုက်သည်။



ကင့်ဒေးဗစ် ဟိုတယ်က သူ့အခန်းထဲမှနေ၍ ကီတာ ပေးသော ဖုန်းနံပါတ်အတိုင်း ဖုန်းဆက်လိုက်သည်။ တစ်ဖက်မှ ပြန်ထူသောအခါ သူက အင်္ဂလိပ်လို မေးလိုက်သည်။

'ခင်ဗျားတို့ မိသားစု နေကောင်းရဲ့လား'

သူ့လုပ်ငန်းနှင့် ပတ်သက်ပြီး ပြောရန် မလိုပေ။ တစ်ဖက်လူက သူ့ကို အိုရီယင့် စားသောက်ဆိုင်သို့ နက်ဖြန် နံနက်စာ စားရန် ကြွခဲ့ပါဟု ဖိတ်လိုက်သည်။

နောက်တစ်နေ့ နံနက်မှာ ဘာလဝါက မုတ်ဆိတ်ရိတ်၊ အဝတ်အစားလဲပြီး ဟိုတယ်ခများကို ရှင်း၍ ဘူဘောကာ စားသောက်ဆိုင်သို့ ကားမောင်းထွက်လာသည်။ စားသောက်ဆိုင်၏ လှပသော လသာဆောင်မှာ စိတ်အေး လက်အေး နံနက်စာ စားနေလိုက်သည်။ သူ့ကို မည်သူမျှ လာရောက်ဆက်သွယ်ခြင်း မပြု။

သူပြန်ရန် ထလိုက်သောအခါ သူ့ ကုလားထိုင် ဘေးနားတွင် ချထားသော သံတမန် လက်ဆွဲအိတ်ကလေး မရှိတော့။

လက်ဘရွန်သို့ ဘာလဝါ ကားမောင်း၍ ပြန်လာသောအခါ လက်ဆွဲအိတ်ကလေးမှာ နဝပ်ဖ် အမည်ရှိ ကျောင်းသားကလေး တစ်ယောက်၏ အခန်းထဲသို့ တစ်စုံတစ်ယောက်က လာပို့သွားသည်။

အသုံးပြုရန် လက်နက်က စီစဉ်ထားသည့်အတိုင်း နေရာတကျ အဆင်သင့်ဖြစ်နေပြီ။

စီစဉ်ထားသည့်အတိုင်း ဘီရွတ်မြို့တစ်နေရာမှာ မသင်္ကာဖွယ်ရာ ကားတိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

မာရီဗီယဉ် ဟိုတယ်မှ သူငှားလာသည့် အငှားကားရပ်ထားရာဆီသို့ လျှောက်သွားသောအခါ မလှမ်းမကမ်း ကားရပ်ကွင်းမှ ထရပ်ကားကြီး တစ်စီး ရုတ်တရက် မောင်းထွက်လာပြီး ကီတာကို တိုက်သွားသည်။

ကားကြီးက ကီတာကို တိုက်ပြီး မောင်းပြေးသည်။ ချက်ချင်း ပျောက်ကွယ်သွားသည်။ ကားနံပါတ်ကို မည်သူမှ မမှတ်မိလိုက်ကြ။ ကီတာ ပွဲချင်းပြီး သေဆုံးသွားသည်။

မိတ်ဆွေအတွက် ခေါင်းဆောင်ကြီးက ဂရုတစိုက်ရှိလှသည်။ ပဲရစ်မြို့ရှိ လစ်ဗျားသံရုံးမှာ လက်နက်စမ်းသပ်သော ဆံပင်ဝါလူနှင့် ဇျေရူဆလင်မြို့သို့ တိတ်တဆိတ် ခိုးယူတင်သွင်းခဲ့သောလူ ကြား အဆက်အသွယ်ဖြတ်ပစ်လိုက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၆

ညနေ နေဝင်ရီတရောအချိန်၊ မော်လီက ရေခဲနေသောကန်မှ သစ်သား ဆိပ်ခံဘောကလေးဆီသို့ လျှောက်သွားသည်၊ ဂျရာမီယာက ထိုရေကန်နှင့် မနီးမဝေးရှိ အိမ်တောင်းကြီးတစ်ဆောင်ထဲမှာ စစ်ဆင်ရေးဌာနတစ်ခုကို ယာယီ တည်ထောင်ထားသည်၊

ဆာဘီ၏ လူများက ပြင်သစ်နိုင်ငံသို့ ပြန်ရောက်နေကြပြီ။ သည် အဆောက်အအုံမှာတော့ မော်လီ၊ ဂျရာမီယာ၊ ဟက်ဖနာ၊ ဆက်သွယ်ရေးမှ ပုဂ္ဂိုလ်တစ်ယောက်နှင့် ကိုယ်ရံတော် နှစ်ယောက်သာ ကျန်ရစ်ခဲ့သည်၊

မနေ့က ပဲရစ်မြို့၊ လစ်ဗျားသံရုံးမှ မြူလာထွက်ပြေးသွားသော သတင်းကို ကြားရသောကြောင့် သူမိခင်ရှိရာ လက်ဘာနွန်ကိုပြန်များ ရောက်နေလေမလား အထင်ဖြင့် ဆွစ်ဇာလန်မှာ နောက်ထပ် နှစ်ရပ်သုံးရပ် ဆက်စောင့်နေခဲ့သည်၊

ဆိပ်ခံဘောလေးနား ရောက်လာတော့ မလှုပ်အယှက်နှင့် ရပ်နေ သော လူတစ်ယောက်ကို တွေ့လိုက်ရသည်၊

နီနာကိုလိုင်ချက်၏ နာမည်ကို တွေ့လိုက်ရသည့်နေ့ကစပြီး ဂျရာမီယာက လူအများနှင့် အရောတဝင် သိပ်မရှိတော့၊ မော်လီမေးသမျှ ကိုလည်း တိတိကျကျ ပြန်မပြောဘဲ ရှုံဖန်ရံခါငေးငိုင်နေသည်၊ စကားလည်း များများ မပြောတော့၊ အစားအသောက်ကိုပင် သူ့အခန်းထဲမှာပဲစားသည်၊

ဂျရာမီယာကို ဆိပ်ခံတံတားကလေးပေါ်မှာ မြင်လိုက်ရတော့ ရှေ့ဆက်သွားရမည်လား၊ ပြန်လှည့်သွားရမလား မဆုံးဖြတ်နိုင်ဘဲ ရှိရသည်၊



နောက်ပြန်လှည့်မည် အပြုတွင် သူကလှည့်ကြည့်လိုက်သဖြင့် သူမကို မြင်သွားသည်၊ သူက သူမဆီကိုလာရန်လည်း မကြိုးစား၊ ခေါ်လည်း မခေါ်။ သူမကို စိုက်ကြည့်နေသဖြင့် မော်လီမနေသာတော့ဘဲ သူ့ဆီ လျှောက်သွားခဲ့ရသည်။

'ဂျရာမီယာ နေကောင်းရဲ့လား'

သူမ၏ မေးခွန်းကို သူကြားဟန်မတူ၊ ရေခဲနေသော ရေကန် မျက်နှာပြင်ဆီသို့ ဆက်လက် ငေးမောနေသည်၊ တော်တော်ကလေးကြာမှ သူက အသံခပ်တိုးတိုးလေးဖြင့်

'အတိတ်က အရာဝတ္ထုတစ်ချို့ဟာ တို့ဆီကို ပြန်လာတတ်တယ်၊ တို့က သေဆုံးပြီး မြှုပ်နှံသင်္ဂြိုဟ်ခဲ့ပြီးတဲ့ အရာဝတ္ထုတွေဟာ ဖြုန်းခနဲ တခြားပုံစံနဲ့ ပြန်ရောက်ရောက်လာတတ်တယ်၊ ဖီးနစ်ဆိုတဲ့ ငှက်လိုပေါ့၊ မီးလောင်ကျွမ်းပြီး ပြာပုံကနေ ပြန်ထလာတယ်ဆိုတဲ့ ငှက်လိုပဲ၊ ရှေးတုန်းက မြင်ဖူးခဲ့တဲ့လူ၊ သိခဲ့တဲ့ အမည်နာမတွေပေါ့'

သူ့အသံက တဖြည်းဖြည်း တိုးဝင်သွားသည်၊

'နာနီကိုလိုင်ချက်ကို ပြောတာမဟုတ်လား'

သူမက သူ့စကား ဆက်ပြောချင်မှန်းသိ၍ စကားစပေးလိုက်သည်၊

'သူမနဲ့ သူ့ယောက်ျားကွက်ကိုလိုင်ချက်တို့ပဲ၊ ဒီနာမည်တွေကို မင်းကြားဖူးသလား၊ မင်းကြားဖူးမှာ မဟုတ်ပါဘူး၊ ၁၉၅၈ ခုနှစ်က မင်း မော့ဆက်ထဲ မရောက်သေးဘဲကိုး'

မော်လီ ခေါင်းညိတ်လိုက်သည်၊ ၁၉၅၈ ခုနှစ်က သူမသည် ဆိုင်မွန် ဆီဂက်ဖ်ဆိုသူ အေးဂျင့်တစ်ယောက်၏ ဇနီးဖြစ်ခဲ့သည်၊ မော့ဆက်အဖွဲ့ အစည်းကြီးထဲမှာ ဘာတွေလုပ်နေသည်ကို မသိခဲ့၊

လင်မယားကွာရှင်းပြီးသည့်နောက်မှာ နေမကောင်းသော ခွေး တစ်ကောင်ကို အမဲရိုး ပစ်ပေးခဲ့သလို မော့ဆက်က သူမကို အလုပ်ခေါ်ခန့် လိုက်ခြင်း ဖြစ်သည်၊

'ကိုလိုင်ချက်က ၁၉၅၇ ခုနှစ်က ရောက်လာတယ်၊ သူက ချက်လူမျိုး၊ ဂျူးသေွး မပါဘူး၊ ဥရောပတိုက်မှာ အဏုမြူအင်အားနဲ့ ပတ်သက်ပြီး ရှေ့တန်းက ကျွမ်းကျင်သူလို့ အများက ယူဆခဲ့ကြတယ်'

'သူ့ကို ချက်တွေက နိုင်ငံခြား ထွက်ခွင့်ပြုလိုက်သလား'

'သူက ပြည်ပြေးတစ်ယောက်ပဲ၊ ၁၉၅၄ ခုနှစ်အတည်းက ပရာတ်ကနေ ထွက်ပြေးခဲ့တယ်၊ သူ့ကို ပဲရစ်မြို့ အပြည်ပြည်ဆိုင်ရာ အစည်း

www.burmeseclassic.com

www.burmeseclassic.com



အဝေးတစ်ခုကို တက်မိုင်းလိုက်လို့ ရောက်လာပြီး သူ ပြင်သစ်က မပြန်ဘဲ နေရစ်ခဲ့တယ်၊ သူ့သားနဲ့ သူ့မယားကိုတော့ ချက်မှာပဲ ထားရစ်ခဲ့တယ်'

'သူ့သား မြူလာကို ရှင်ဆိုလိုတာလား'

'ဟုတ်မယ်၊ အဲဒီတုန်းက သူက ကလေးအရွယ်ပဲ ရှိဦးမယ်၊ လာ တို့ လမ်းလျှောက်ကြရအောင်'

သူတို့နှစ်ယောက် ရေကန်ဘောင်ပေါ်မှနေ၍ အဝေးက သစ်တောဆီသို့ လမ်းလျှောက်သွားကြသည်။

'ကိုလိုင်ချက်က သုံးနှစ်လောက်က ဥရောပတက္ကသိုလ်တွေမှာ ကထိကအဖြစ် ဆောင်ရွက်ခဲ့တယ်၊ ၁၉၅၇ ခုနှစ်ကတော့ ဂျေရုဆလင်တက္ကသိုလ်က ရူပဗေဒဌာနမှာ အလုပ်လုပ်ခဲ့တယ်၊ သူ့ကို ဝိုက်စ်မင် သိပ္ပံဌာနမှာလည်း သုတေသနအရာရှိတစ်ယောက်အဖြစ် ခန့်ထားခဲ့တယ်၊ အဲဒီနေရာတွေမှာ သူ့ကို လူချစ် လူခင်ပေါတယ်၊ သူက အင်မတန်တော်တဲ့ သိပ္ပံပညာရှင်တစ်ယောက်ပဲ၊ သူက ပါးနပ်တယ်၊ စေတနာရှိတယ်၊ ခင်မင်စရာလည်း ကောင်းတယ်။

'အဲဒီလို လူတွေက ချစ်ခင်နေကြပေမယ့် ရှင် တစ်ယောက်တော့ မပါဘူး မဟုတ်လား၊ ရှင်က အစကတည်းက သူ့ကို သံသယရှိခဲ့တယ် မဟုတ်လား'

သူက သူမ၏ မေးခွန်းကို အရေးမစိုက်။

'ဒုတိယကမ္ဘာစစ်အတွင်းက ဂျူးသိပ္ပံပညာရှင်တွေကို ကယ်တင်ပြီး ဇိုက်ပေးတဲ့ မြေအောက်လုပ်ငန်းတွေကို သူ အများကြီး ဆောင်ရွက်ပေးခဲ့တယ်၊ သူ့ကို ဂက်စတာပိုအဖွဲ့က ဖမ်းသွားပြီး 'တဲ့ရယ်ဆီယင်စတက်' ထောင်မှာ ချုပ်ထားခဲ့တယ်'

'ဂျူးတွေချုပ်တဲ့ထောင် မဟုတ်လား'

'ဟုတ်တယ်၊ ဂျူးတွေအပြင် ပညာတတ် လူတန်းစားလည်း အနည်းအကျဉ်းပါတယ်၊ အဲဒီထောင်က အသက်မသေဘဲ ပြန်လွတ်လာတဲ့ လူတချို့က သူ့ကို ကောင်းကောင်းမှတ်မိကြတယ်၊ သူတို့အပြောအရ သူက ထောင်ထဲမှာ ထူးထူးခြားခြား ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ခဲ့တယ်၊ လူဆန်တယ်၊ စေတနာရှိတယ်၊ ရုပ်ကလည်းချောတယ်'

'ဒါကို ရှင်က သူ့ကို သံသယရှိခဲ့တယ် မဟုတ်လား'

'ဟုတ်တယ်၊ ငါက အဲဒီတုန်းက တန်ပြန်ထောက်လှမ်းရေးကို တာဝန် ယူရတဲ့အချိန်ပဲ၊ ငါတို့က နာဂစ်မြို့မှာ အထည်စက်ရုံတစ်ခုကို



အယောင်ပြပြီး အဏုမြူဓာတ်ပေါင်းဖိုတစ်ခု တည်ဆောက်နေကြတယ်၊ တစ်ဖက်နိုင်ငံကြီးက ဒီအကြောင်းနဲ့ ပတ်သက်ပြီး မသင်္ကာဖြစ်လာတော့ နှစ်ကြိမ်တိတိ ဖောက်ထွင်းဖို့ ကြိုးစားခဲ့တယ်၊ သူတို့အေးဂျင့်တစ်ယောက်ကို ငါတို့ ဖမ်းမိခဲ့တယ်။ ငါတို့ ဒီဓာတ်ပေါင်းဖို ဆောက်လုပ်ဖို့ ပစ္စည်းပေးတဲ့ ကုမ္ပဏီထဲကိုလည်း သူတို့ဖောက်ထွင်း ဝင်ရောက်ခဲ့ကြသေးတယ်'

သူတို့နှစ်ယောက် ထင်းရှူးပင်တန်းကလေးဆီသို့ ရောက်သွားကြသည်။ ဂျရာမီယာက သစ်ကိုင်းခြောက်တစ်ခုကို ငုံ့ကောက်လိုက်ပြီး နှစ်ပိုင်းချိုးလိုက်သည်။

'ဒီတော့ တစ်ဖက်နိုင်ငံကြီးက ငါတို့ရဲ့ ဒီအထည်စက်ရုံကြီးထဲမှာ ဘာတွေ တိတ်တဆိတ်လုပ်နေတယ် ဆိုတာကို သိရဖို့ကြိုးစားတော့တယ်၊ သူတို့ ကြိုးစားခဲ့တာတွေ မအောင်မြင်ခဲ့လို့ အဏုမြူ ရူပဗေဒပညာကို နားလည်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ယောက်ကို အထက်တန်းအဆင့် နေရာမှာ ထည့်သွင်းဖို့ ကြိုးစားလိုက်တာပဲ၊ နာမည်ကြီး ကွန်မြူနစ်ဆန့်ကျင်တဲ့လူ၊ ဂျူးတွေကို ချစ်တတ်တဲ့လူ ဖြစ်တဲ့ သိပ္ပံပညာရှင်တစ်ယောက်ကို ငါတို့ရဲ့ အဏုမြူပညာကျွမ်းကျင်သူအဖွဲ့ထဲကို ထည့်သွင်းဖို့ လူက အသင့်တော်ဆုံးပဲ မဟုတ်လား'

'ဒီတော့'

'ဒါပေမဲ့ ငါတို့ ဘာမှမရခဲ့ဘူး၊ ခြောက်လတိတိ ငါတို့ သူ့ကို နောက်ယောင်ခံပြီး သူ့လှုပ်ရှားမှုတွေ၊ တယ်လီဖုန်းဆက်သွယ်တာတွေ၊ စာပေးစာယူတာတွေ၊ ဒါတွေကို ငါတို့စစ်ဆေးခဲ့တယ်၊ ထူးထူးခြားခြား ဘာမှမတွေ့ရဘူး၊ တကယ်သန့်ရှင်းတဲ့ လူတစ်ယောက်လို့ ယူဆရတယ်၊ နောက်ဆုံး ငါက သူ့ရဲ့ အတိတ်အကြောင်းကို ပြန်နှိုက်ဖို့ ကြိုးစားခဲ့တယ်၊ အဲဒီထောင်က အသက်မသေဘဲ ကျန်ခဲ့တဲ့ လူအားလုံးကို ပြည်တွင်းပြည်ပမှာ စုံစမ်းမေးမြန်းခဲ့တယ်၊ ငါးလလောက်ကြာတဲ့အခါကျမှ သူ့ရဲ့အစကလေးတစ်ခုကို ကောက်မိတယ်၊ မီယာမီမှာနေတဲ့ အဘိုးကြီးတစ်ယောက်က ငါတို့ကို သူ့အကြောင်းနဲ့ ပတ်သက်ပြီး ထူးဆန်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြခဲ့တယ်၊ အဘိုးကြီးဟာ ကိုလိုင်ချက်နဲ့ အခန်းတစ်ခန်းထဲမှာအတူ နေခဲ့ဖူးတယ်၊ စစ်ပြီးခါနီး နောက်ဆုံးတစ်နေ့မှာ ကိုလိုင်ချက်က ဘူဗီတန်က ဂျာမန်နာဇီအရာရှိ အမျိုးသမီးတစ်ယောက်နဲ့ တိတ်တိတ်ပုန်း ချစ်ကြိုက်ခဲ့တယ်လို့ အဘိုးကြီးက ကျိန်တွယ်ပြီး ပြောတယ်၊ ဒီအမျိုးသမီးရဲ့ နာမည်က အီဗာရှင် လို့ခေါ်တယ်၊ အဘိုးကြီး ပြောပြချက်အရ ဒီမိန်းမက အင်မတန်ရက်စက်ကြမ်းကြုတ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးကို နာကြည်းအောင် လုပ်ရမှကျေနပ်တဲ့၊ စိတ်ဖောက်ပြန်တတ်တဲ့ အမျိုးသမီးပဲ၊ အကျဉ်းစခန်းတစ်ခုလုံးက သူမကိုပဲ ကြောက်နေကြရတယ်၊ ဒါပေမဲ့ တစ်ခါတစ်ခါမှ ဖြစ်တတ်တာမျိုးပါ။ ဒီအမျိုးသမီးက အလွန်လှတယ်၊ သူမက ကိုလိုင်ချက်ကို ရွေးခဲ့တာ၊ သူက ပထမတော့ လက်မခံချင်ပေမယ့် သူ့အသက်ကို ကယ်တင်ပြီးတဲ့နောက် မနေသာတော့ဘဲ လက်ခံလိုက်ရတယ်၊ သူ့ကို လူသတ်စခန်း အော့စ်ဝစ်အကျဉ်း ထောင်ကိုပို့ဖို့ ရွေးချယ်ခံရတော့ သူမက ပို့ခါနီး နောက်ဆုံးအချိန်မှာ သူ့နာမည်ကို စာရင်းက ပယ်ဖျက်ပေးခဲ့တယ်'

ဂျရာမီယာက သူ၏တုတ်အကျီမှာ တပ်ပါလာသော ထင်းရှူးရွက် အမျှင်အတန်းလေးများကို ပွတ်ခါချလိုက်ပြီး

'ငါတို့က မှတ်တမ်းတွေကို ဒီမှာရော ပရာဂ်မှာပါ ပြန်လည်လည် စစ်ဆေးခဲ့တယ်၊ အဲဒီအချိန်တုန်းက ချက်အစိုးရက ငါတို့သံရုံးကို ပိတ်မပစ် ရသေးလို့ နာဇီတွေရဲ့ စစ်အတွင်းရာဇဝတ်မှတ်တမ်းနဲ့ ပတ်သက်ပြီး ငါတို့ကို အကူအညီပေးခဲ့တယ်'

'ဒီမိန်းမကို ရှင် တွေ့ခဲ့တယ် မဟုတ်လား'

'အီဗာရွှင်က စစ်ပြီးတော့ ပျောက်သွားတယ်၊ သူ့အကြောင်းနဲ့ ပတ်သက်ပြီး နောက်ထပ် မကြားရတော့ဘူး၊ သုံးနှစ်လောက် ကြာတော့ ကွတ်ကိုလိုင်ချက်က ပရာဂ်မြို့ကို သူ့မယားငယ်လေးနဲ့ ရောက်လာတယ်၊ သူ့မိန်းမက နီနာလို့ခေါ်ပြီး သိပ်လှတယ်၊ ဒါနဲ့ ဆူဒီတန်က ဂျာမန်တွေ ချက်စကားကို ဂျာမန်စကားတို့ ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်တာ မင်း သိမှာပေါ့'

'ဒီတော့ ရှင်က သူ့ကို ဖွင့်ချလိုက်တယ် မဟုတ်လား'

'ငါက ဝိုက်စ်ပင်း သိပ္ပံဌာနက သူ့အခန်းကိုသွားပြီး ငါသိထားတဲ့ သူ့အကြောင်းတွေကို ဖွင့်ချလိုက်တယ်၊ အမှန်တော့ ငါက ခပ်တည်တည်နဲ့ ဖြီးလိုက်တာပဲ၊ နီနာကိုလိုင်ချက်ဟာ အီဗာရွှင်ဖြစ်တယ် ဆိုတဲ့ သက်သေ အထောက်အထား ငါတို့မှာ မရှိဘူး၊ ဒါပေမဲ့ သူတစ်ခါတည်း ပြိုကျသွားပြီး၊ သူ့အဖြစ်သနစ် ပေါင်းစုံကို ထုတ်ဖော်ဝန်ခံတော့တာပဲ၊ စစ်ပြီးတဲ့အခါတော့ အကျဉ်းစခန်းထဲမှာ သေဆုံးသွားတဲ့ မိန်းကလေးတစ်ယောက်ရဲ့ စာရွက် စာတမ်းတွေကို အသုံးချပြီး၊ အီဗာကိုသူ လက်ထပ်လိုက်တယ်၊ သူတို့ နှစ်ယောက် အခြေအနေအသားကျအောင် ဘရိုနိုမြို့မှာ နေခဲ့တယ်၊ အဲဒီမှာ သားလေး တစ်ယောက်မွေးခဲ့တယ်၊ ဒီနောက် စိုးရိမ်စရာတွေ ရှင်းလောက်



ပြီလို့ ယူဆပြီး ပရာဂ်မြို့ကို ပြန်လာခဲ့ကြတယ်၊ အဲဒီအကျဉ်းစခန်းက အကျဉ်းသားတွေ သေတဲ့လူ သေကုန်ကြပြီ၊ တခြား နိုင်ငံကို ပြောင်းသူက ပြောင်းသွားကြပြီလေ'

'ဒီမိန်းကလေးကို သူ တော်တော်ချစ်ပုံရတယ်နော်'

ဂျရာမီယာက သူမကို စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး စိတ်ပါလက်ပါ ပြောလိုက်သည်။

'သူက အင်မတန်ပျော့တဲ့လူတစ်ယောက်ပဲ၊ ထောင်ထဲမှာ ဒီလောက် ကြောက်စရာ အဖြစ်အပျက်တွေကို ကိုယ်တိုင်ကိုယ်ကျ မြင်လျက်သားနဲ့ ဒီ နာဇီလို မိန်းမတစ်ယောက်ကို ချစ်ရမယ်ဆိုတာ စဉ်းစားလို့မရဘူး၊ ဘာပဲဖြစ်ဖြစ် တစ်ဖက် နိုင်ငံကြီးကလူတွေက သူ့အကြောင်းနဲ့ ပတ်သက်ပြီး နှစ်တော် တော်ကြာမှ သိသွားကြတယ်၊ ၁၉၅၂ ခုနှစ်မှာ သူ့စမ်းသပ်ခန်းထဲကို အေးဂျင့် တစ်ယောက် လွှတ်လိုက်တယ်၊ စစ်ရာဇဝတ်ကောင်တစ်ယောက်ကို သူ လက်ထပ်လိုက်တာ သူတို့မှာ အထောက်အထား ပြည့်ပြည့်စုံစုံရှိတယ်လို့ ပြောတယ်၊ သူတို့က 'ကိုလိုင်ချက်နဲ့ သူ့မိန်းမကို ချက်ချင်းဖမ်း၊ သူမကို စစ်အတွင်း ရာဇဝတ်မှုနဲ့ သူ့ကိုတော့ အပေါင်းပါအဖြစ်နဲ့ စွဲချက်တင်ပြီး တစ်ပတ်အတွင်း ကြိုးပေးပစ် နိုင်တယ်' လို့ သူ့ကို ပြောခဲ့တယ်၊ ဒီတော့ ဒီလို မဖြစ်ချင်ရင် လုပ်ရမယ့် အဖြေတစ်ခုကို ပေးခဲ့တယ်'

'ဟုတ်တာပေါ့၊ တကယ်လို့ သူက အနောက်နိုင်ငံဘက်ကို ခိုလုံ သွားပြီး၊ သူတို့အတွက် စပိုင်လုပ်ပေးလို့ရှိရင် သူ့မိန်းမကို အနှောင့်အယှက် မပေးဘဲထားမယ်ဆိုပါတော့'

သူတို့နှစ်ယောက် အိမ်ဘက်သို့ ပြန်လျှောက်လာကြသည်။

မိုးချုပ်လုနီးပါးဖြစ်နေပြီ။ နှင်းများကလည်း တလက်လက်တောက်ပ စပြုလာပြီ၊ ကောင်းကင်သည်လည်း ကြည်လင်ပြီး ကြယ်များ ထွက်စပြုပြီ။

ဂျရာမီယာ ပြန်မဖြေဘဲ ဆိတ်ဆိတ်နေသောကြောင့် မော်လီက

'သူ့ကို ရှင် မဖမ်းဘူးမဟုတ်လား၊ တကယ်လို့ ရုံးတင်စစ်ဆေးရင် ကျွန်မ သိရမှာပေါ့၊ ဒီတော့ ရှင်က သူ့ကို ရှင့်အတွက် ထောက်လှမ်းပေးဖို့ ပြန်လုပ်ခဲ့တယ် မဟုတ်လား'

သူ ခေါင်းညိတ်လိုက်သည်။

'ဒီတော့ နောက်ထပ်ဘာဖြစ်သွားသေးလဲ၊ ကျွန်မကို ပြောပြပါလား'

'အေး၊ ငါက သူ့ကို တို့အတွက် ပြန်လုပ်ခိုင်းလိုက်တယ်၊ သူက မလုပ် ချင်ဘူး၊ သူ့ကိုဖမ်းပြီး ရုံးတင်စစ်ဆေးဖို့ ငါ့ကို တိုက်တွန်းတယ်၊ သူ့အနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



သူလူ ငါ့ဘက်သားလုပ်နိုင်တဲ့ အရည်အချင်းမရှိဘူးလို့ ပြောတယ်၊ သူ ဒီလိုလုပ်ပြီး သစ္စာဖောက်သွားတာကို သူခိုင်းတဲ့ နိုင်ငံက သိသွားလို့ရှိရင် သူမယားနဲ့ သူသားကို သတ်ပစ်ဖို့ လက်နှေးမှာ မဟုတ်ဘူးလို့ ပြောတယ်၊ ငါက သူတို့ဆီကို မမှန်သတင်းတွေပို့ပေးဖို့ သူ့ကို အလိုရှိနေတယ်၊ ဒီတော့ ငါက သူ့ကို ပြောင်းပြန် လှန်လုပ်ရမှုဖြစ်မယ်၊ ဓာတ်ပေါင်းဖိုက အရေးကြီးတယ် မဟုတ်လား'

'သူ ဘယ်လောက်ကြာကြာ လုပ်ပေးခဲ့သလဲ'

'သိပ်မကြာပါဘူး၊ သုံးလေးလလောက်ပဲ လုပ်ခဲ့တယ်၊ ၁၉၅၈ ခု ဧပြီလမှာ သူ့နိုင်ငံက အဖွဲ့တစ်ဖွဲ့ရောက်လာတယ်၊ သိပ္ပံပညာဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့လို့ နာမည်ခံထားပြီး တို့နိုင်ငံတွင်းမှာရှိတဲ့ သူတို့ အေးဂျင့်တွေကို တွေ့ဆုံပြီး ပြန်လည်စီစစ်ဖို့ လာခဲ့တာပဲ'

'သူ့အကြောင်းတွေ သူတို့သိသွားတယ် မဟုတ်လား'

'မသိဘူး၊ သူတို့က သူနဲ့အဆက်အသွယ်လုပ်ပြီး စည်းဝေးပွဲတစ်ခု တောင် လုပ်ခဲ့သေးတယ်၊ ငါတို့က သူ့ကို ဘာတွေပြောရမယ်၊ ဘယ်လိုပြောရ မယ်ဆိုတာ သင်ပေးပြီး၊ သုတေသန လုပ်ထားတဲ့ ဖိုင်အတု သူ့အတွက် ဖန်တီး ပေးထားတယ်'

မော်လီက စီးကရက် တစ်လိပ်ထုတ်ယူပြီး မီးညှိလိုက်သည်။

'အဲဒီ ညက သူတို့နဲ့ မတွေ့ခင်၊ သူက ငါ့ကို တွေ့ချင်တယ်လို့ ခေါ်နိုင်း တယ်၊ သူနဲ့ ငါနဲ့ဝိုက်စ်ပင်း သိပ္ပံခန်းမရှေ့ကားထဲမှာ တွေ့ခဲ့ကြတယ်၊ သူက သူ မလုပ်နိုင်ဘူးလို့ ငါ့ကို ပြောတယ်၊ သူ့အကြောင်းကို သူတို့တစ်တွေ ချက်ချင်း သိသွားနိုင်တယ်လို့ ပြောတယ်၊ သူ့မယားနဲ့ သူ့သားချမ်းသာ မှုရအောင် သူ့ကိုဖမ်းပြီး တစ်သက်လုံးထောင်ထဲမှာ ချုပ်ထားပါလို့ သူက တိုးလျှိုးတောင်းပန်တယ်၊ ဒါကို ငါက လုပ်မပေးနိုင်ဘူး၊ သူ ခြေမကိုင်မိ လက်မကိုင်မိဖြစ်လာတယ်၊ သူက အင်မတန် သဘောကောင်းပြီး အလွန် ပျော့ညံ့တဲ့ လူတစ်ယောက်ပဲ'

မိုးချုပ်သွားပြီ။

သူတို့ တည်းခိုသော အိမ်ကြီးက သူတို့အရှေ့မှာ ပေါ်လာသည်။

သူက ဆက်ပြီး

'သူ အိမ်ပြန်သွားပြီး သူ့ကိုယ်သူ သတ်သေလိုက်တယ်'

သူမသည် သောက်လက်စ စီးကရက်ကို လွှင့်ပစ်လိုက်သည်။ စီးကရက်မီးက ငြိမ်းမသွားဘဲနှင်းပေါ်မှာ နီနီရဲရဲ မီးခဲကလေးအဖြစ် တင်နေ



လေသည်။

'ဒါ ငါ့ရဲ့အပြစ်ပဲ၊ ငါ့ အပြစ် လုံးလုံးဖြစ်သွားတယ်၊ ဒီလူကအင်မတန် သဘောကောင်းတယ်၊ သူ့ကိုငါ တော်တော်ကလေး ခင်မိတယ်'

မော်လီက ဇူရာမီယာ၏လက်မောင်းကို လှမ်းဆွဲလိုက်သည်။

'လာ၊ ပြန်ကြစို့'

www.burmeseclassic.com

www.burmeseclassic.com

## ၂၅

ညစာစားပြီးချိန်မှာ မော်လီက ခုတင်ပေါ်လှဲရင်း စီးကရက်တွေတစ်လိပ်ပြီး တစ်လိပ် ဆက်တိုက်သောက်နေတော့သည်။ ဂျရာမီယာကို ယနေ့ပုံစံမျိုး ထိခိုက်လွယ်သော ပုံစံမျိုး တစ်ခါမှ မတွေ့ဘူးခဲ့။ သည်အပြစ်က သူ့ကို ခြိမ်းခြောက်နေသဖြင့် အိပ်မပျော်နိုင်သော ညတွေများစွာရှိပေလိမ့်မည်။

နီနာကိုလိုင်ချတ် မည်သို့ဖြစ်သွားလိမ့်မည် ဆိုသည်ကို သူ အရေးတယူ လုပ်နေခြင်းမဟုတ်။ သူမက နာဇီတစ်ယောက်။ နာဇီတိုင်းကိုလည်း သူ မုန်းတီးနေခဲ့သည်။

ဒါပေမဲ့ ကွက်ကိုလိုင်ချက်ကိုတော့ သူ ခင်မင်မိသည်၊ ကိုလိုင်ချက်နှင့် သူ့သားကလေး၏ ကံကြမ္မာအတွက် သူ့မှာ တာဝန်ရှိသည်ဟုထင် ကောင်းထင်နေမိလိမ့်မည်၊

နီနာကိုလိုင်ချက်၏ နာမည်ကတ်ပြားတလေးကို လက်ဘရွှန် ရွာကလေးမှာ မနေ့က တွေ့လိုက်ရတော့ သူ ဖန်တီးထားခဲ့သော နည်းဗျူဟာနှင့် ပြန်လည်အတိုက်ခံလိုက်ရပြီဆိုတာကို သူနားလည်သဘောပေါက် သွားသည်၊

တစ်ဖက်အစိုးရသည် အလွန်ဉာဏ်များသော အစိုးရဖြစ်သည်၊

သူတို့က ကိုလိုင်ချတ်၏မိသားစုများကို သတ်မပစ်ကြ။ အာတိတ် ရေခဲပြင်ဆီသို့လည်း နယ်နှင်မပစ်ခဲ့ကြ။ လာလတ္တံ့သော အနာဂတ်အတွက် မြင်ဆင်ပြီး ကောင်းကလေးကို လက်သပ်မွေးကြသည်၊ တောင်ကလေးကို စိတ်ရှည်လက်ရှည်ဖြင့် အကြမ်းဖက်မှု၏ လက်နက်တစ်ခု ဖြစ်လာစေရန်



မျိုးထောင်ခဲ့သည်။ သူ၏အလွန်သဘောကောင်းသော ဖခင်ကို အစ္စရေးတွေက သိက္ခာချပြီး သတ်ပစ်ကြသည်ဟု ပြောခဲ့ကြလိမ့်မည်။

သူ၏ဝမ်းထဲမှာ အစ္စရေးနှင့် အနောက်နိုင်ငံများကို မုန်းတီးသော မီးတောက်မီးလျှံများ ပေါ်ထွက်လာစေရန် ဖန်တီးခဲ့ကြလိမ့်မည်။ သည့်နောက် သူမိခင်သည်၊

မော်လီ ရုတ်တရက် ကြက်သီးများ ထသွားသည်၊

အီဗာရွှင် (ခေါ်) နာနီကိုလိုင်ချက်က သူမ၏လက်အောက်မှာ သားကလေးကို ဤသို့သော ပုံစံမျိုးပြုစုမျိုးထောင်ခဲ့တာ စဉ်းစားကြည့်လျှင် ကြက်သီးထလောက်သည်။

ကလေး၏ဖခင် အသက်ရှင်နေသမျှ ကာလပတ်လုံး သူမ၏နာဇီ အယူအဆ၊ အတွေးအခေါ်များကို ရေငုံနှုတ်ပိတ်နေရလိမ့်မည်၊

အခု သူမ၏ခင်ပွန်းသေသွားပြီ၊ တစ်ချိန်က နာဇီအကျဉ်းစခန်းမှ အရာရှိတစ်ယောက်၏ ဂျူးဆန့်ကျင်ရေး အရှူးစိတ်ဓာတ်က တစ်ဖန် ပြန်လည်ပေါက်ကွဲ လာပြန်တော့မည်၊ မူလထက်ပို၍ ပြင်းထန်လာပြီး မုန်းတီးစိတ်တွေ ပိုများလာပေတော့မည်၊

သူ့ဖခင်၏ သေရခြင်းအကြောင်းနှင့် ကမ္ဘာပေါ်ရှိ မကောင်းမှု အားလုံး ဂျူးများကြောင့် ဖြစ်ပေါ်လာရသည်ဟု ပြောဆိုသံများကို ကောင်ကလေး အကြိမ်မည်မျှ ကြားဖူးနေပြီလဲ။

ပိန်ခြောက်ခြောက် အရိုးခေါင်း ပုံသဏ္ဌာန် မြူလာ၏မျက်နှာက သူမ၏ မျက်စိရှေ့ပေါ်လာသည်၊

ခေါင်းဆောင်ကြီးနှင့် ခွဲခွာစဉ်က သူ ပြောခဲ့သော

'ဒါ နောက်ဆုံး ကလဲ့စားချေခြင်းပဲ၊ ဒီကိစ္စပြီးရင် ဘယ်ဟာမှ ပုံမှန်အတိုင်း ဖြစ်မနေတော့ဘူး'

ဆိုသည့် စကားသံများကို သူမ ကြားယောင်နေမိသည်။

မောဆက်၏ စိတ်ရောဂါဆရာဝန်က မြူလာ စိတ်ဖောက်ပြန်နေတဲ့လူ၊ စိတ်မမှန်တဲ့လူ၊ မဟုတ် မဟတ်စိတ်ကူးတတ်တဲ့လူ ဟုပြောခဲ့သည်။ သည်ကလေး၏ စိတ်ထဲမှာ ဂျူးဆန့်ကျင်ရေး စိတ်ဓာတ်ရှိသည့် မိခင်နှင့် အစိုးရဝါဒဖြန့် သွန်သင်ဆုံးမမှုများအကြား မည်မျှ စိတ်ရှူးပေါက်လိုက်မလဲ ဆိုသည်ကို စိတ်ရောဂါကုဆရာဝန်မဟုတ်ပါဘဲလျက် သူမ သိနိုင်လာသည်၊

တကယ့်ကြောက်မက်ဖွယ် ကလဲ့စားချေခြင်းကို အမြဲတမ်းစိတ်ကူး နေရင်း မြူလာ ကြီးပြင်းလာခဲ့ခြင်းဖြစ်သည်၊ အရည်အချင်းရှိလာသော

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ သူတို့က သူ့ကိုကြိုးဖြေပြီး လွှတ်လိုက်ကြပြီ။

သူတို့က သူတို့သားအမိကို ဆွစ်ဇာလန်မှာ နေခွင့်ပြုလိုက်သည်။ နေခွင့်ပြုရခြင်းကလည်း ကြိုတင်အကွက်ချထားသည့် အစီအစဉ်တစ်ခုဖြစ်သည်။

သူတို့က သူနှင့်အဆက်အသွယ် လုပ်ဖို့မလိုတော့၊ သူလုပ်ရမည့် ကိစ္စများကို စက်ရုပ်သဖွယ်သံပတ်ပေး၍ လွှတ်လိုက်ခြင်းဖြစ်သည်။

ဂျာမနီမှ မြူလာ၏ဖိုင်က သည်အကြောင်းများကို သက်သေခံနေသည်။

သူက သူ့ရှေ့မှာ ပွင့်နေသည့် တစ်ခုတည်းသော လမ်းကြောင်းဆီသို့သာ နင်းလျှောက်သွားတော့သည်။ အကြမ်းဖမ်းသမားတစ်ယောက်ဖြစ်လာပြီး သွေးအေးသည့် လူသတ်ကောင် တစ်ယောက်ဖြစ်လာသည်၊ အစ္စရေးကို ဆန့်ကျင်တိုက်ခိုက်နေသော အဖွဲ့အစည်းများနှင့် ဆက်သွယ်မိခဲ့ပြီး နောက်ဆုံး ဆလာမက်နှင့် တွေ့ဆုံလိုက်ရခြင်းဖြစ်သည်။

သူတို့တစ်ဖက်နိုင်ငံကြီးက ဂုဏ်ယူလောက်ပေသည်။ ဒါပေမဲ့ အခု မြူလာ၏ အစီအစဉ်လုပ်ငန်းမှာ သူ့နိုင်ငံက နောက်ခံကားချပ်အနေနှင့်ပါ မည်မဟုတ်ဟု သူမ၏မိန်းမစိတ်က အလိုလို ထင်မိလိုက်သည်။

သည်လူက တစ်ကိုယ်တော်သမားဖြစ်ပြီး မည်သူ့ကိုမျှ မတိုင်ပင်၊ မည်သူ့အကြံဉာဏ်မျှလည်း တောင်းခံလိမ့်မည်မဟုတ်။ နှစ်ပေါင်း တော်တော်ကြာကြာကတည်းကပင် ကလဲ့စားချေမည်ဆိုသည့် စိတ်ဓာတ်က သူ့ဦးနှောက်ထဲမှာ တဖြည်းဖြည်း စုစည်းလာခဲ့ပြီး ယခုအချိန်ကျမှသာ အကောင်အထည်ဖော်ဖို့ အခွင့်အရေးရလာခြင်း ဖြစ်သည်။

ဂျူးများအပေါ် တကယ့်ကြောက်မက်ဖွယ်ကလဲ့စားချေခြင်းကို သူအကောင်အထည်ဖော်တော့မည်။ ဒါပေမဲ့ မည်သို့သော ကလဲ့စားချေခြင်းမျိုးလဲ။

ဂျရာမီယာကလွဲ၍ ကျန်လူအားလုံးက သတ်ဖြတ်လုပ်ကြံမှုတစ်ခုဟုသဘောတူကြသည်၊ သည်အတိုင်း သူမကလည်း ထင်မြင်ခဲ့သည်၊ ဒါပေမဲ့ အခုတော့ သူမ ခပ်ပေါ့ပေါ့မတွေးနိုင်တော့။

ငယ်စဉ်တောင်ကျေး ဘဝကတည်းက သူ့ဖခင် သေဆုံးရသည်မှာ ဂျရာမီယာကြောင့်ဟု သူကြားနေမိမှာအမှန်၊ အတိတ်အကြောင်းပြောရလျှင် အဘိုးကြီး၏အသက်ကို အန္တရာယ်ပြုရန်ဆိုသည့် အချက်သည် ဖြစ်နိုင်လောက်သည်။



ဒါပေမဲ့ သူက စိတ်ရှုပ်ပေါက်နေသူဖြစ်သည်၊ မကြုံဘူးသည့် ကလဲ့စားချေခြင်းမျိုးကို ပြုလုပ်ရန် ကြံစားလိမ့်မည်။

ဂျရာမီယာကို လုပ်ကြံခြင်းဖြင့်သော်လည်းကောင်း၊ ကမ္ဘာပေါ်ရှိ အခြားမည်သူ့ကိုပဲဖြစ်ဖြစ် လုပ်ကြံ၍သော်လည်းကောင်း၊ သူ၏အရူးအမူး မျက်ကန်းမုန်းတီးခြင်းကို နှစ်သိမ့်ကျေနပ်နိုင်ပါ့မလား၊ သူ၏ စိတ်ရှုပေါက်နေသော ဦးနှောက်တစ်ခုတည်းသာ စဉ်းစားမန်တီးနိုင်သည့် လူသတ်မှုကြီးတစ်ခုကိုများ စီစဉ်နေလေရော့သလား။

သူမ အိပ်မပျော်နိုင်တော့။

အိပ်ရာထဲတွင် အရုဏ်တက်သည်အထိ ဘယ်ညာလှိမ့်ကာ မေးခွန်းမျိုးစုံကို စဉ်းစားတွေးတောနေမိတော့သည်။

ပြတင်းပေါက်ဆီမှ အရုဏ်၏ အလင်းရောင်တန်းကလေးတွေတိုးဝင်လာချိန်မှာ ဟက်ဖနာက သူ၏အခန်းတံခါးကို ခေါက်ပြီးနှိုးသည်။

'မော်လီ ထတော့၊ ငါတို့ အိမ်ပြန်ကြမယ်၊ သူ ခြေရာ ပဲရစ်မှာ ပျောက်သွားပြီ'

www.burmeseclassic.com

www.burmeseclassic.com

## ၂၆

ပဲရစ်မြို့တွင် စိုးရိမ်ပူပန်နေသော လိုင်ယင်ဟစ်ဂင်က မော်ရင်း၏အခန်းတံခါးကို အဆက်မပြတ် ခေါက်နေသည်။ သူမက ညဝတ်အင်္ကျီခါးပတ်ကို ပတ်ရင်း တံခါးဖွင့်လိုက်သည်။ သူ့ကို ချက်ချင်း မမှတ်မိသေးဘဲ ငေးကြောင်ကြည့်နေသည်။

'ငါ လိုင်ယင်ဟစ်ဂင်ပါ။ ပက်ထရစ် သူငယ်ချင်းလေ၊ ငါတို့ ဗီဇာမီလက်ဖက်ရည်ဆိုင်မှာ တွေ့ခဲ့ဘူးတယ်၊ မှတ်မိသလား'

'ဪ ဟုတ်ပြီ' သူမက ခပ်တိုးတိုး ပြန်ပြောလိုက်သည်။

'ပက်ထရစ် တစ်ခုခုများ ဖြစ်သွားလို့လား၊ ဘာများသတင်းထူးလို့လဲ'

'ငါတော့ မသိဘူး၊ ငါတို့နဲ့ အဆက်အသွယ် ပြတ်သွားတယ်၊ သူ ရောမကို ထွက်သွားတာ'

'ဟုတ်တယ်၊ အဲဒါ ကျွန်မသိတယ်၊ မြူလာ နောက်ကို သူလိုက်သွားတာ'

'သူ ပျောက်သွားတယ်၊ တို့ဆီကို သူအဆက်အသွယ် မလုပ်ဘူး၊ အီတလီက တို့မိတ်ဆွေဆီကိုလည်း သူ အဆက်အသွယ် မလုပ်ဘူး၊ ငါတို့က စိုးရိမ်လို့ မင်းကို လာပြောတာ'

'သူ ထွက်သွားပြီး ကတည်းက ကျွန်မဆီ ဖုန်းတစ်ခါမှ မဆက်ဘူး၊ သူတစ်ခုခုများ ဖြစ်သွားမလားလို့ ရှင်တို့ ထင်နေသလား'

သူမက တုန်နေသော လက်များနှင့် သူမ၏ပါးစပ်ကို ပိတ်လိုက်သည်။



'ငါလည်း အဲဒါ မသိဘူး၊ တကယ့်ကို မသိတာပါ၊ တကယ်လို့များ မြူလာက သူလိုက်လာတာ သိသွားလို့ရှိရင် မင်းလည်း အန္တရာယ်ရှိလိမ့်မယ်လို့ ငါတို့ထင်တယ်'

'ကျွန်မလား၊ ဘာဖြစ်လို့လဲ'

'မြူလာက မင်းနဲ့ပက်ထရစ် အင်မတန် နီးစပ်တယ်လို့ သိထားတယ်၊ တကယ်လို့ ပက်ထရစ်က သူ့နောက်ကို လိုက်တာ သိသွားရင် မြူလာက မင်းကို လာရှာဦးမှာပဲ၊ ဒီတော့ မင်းလည်း ခုချက်ခင်း တစ်နေရာရာကို ရှောင်တိမ်းနေရင် ကောင်းမှာပဲ'

'ဘုရားရေ'

မော်ရင်းက သူမ၏မျက်နှာကို လက်ဝါးပေါ်သို့ ငုံ့ချလိုက်သည်။

'ရှင်တို့ ကျွန်မကို မပြောဘဲနဲ့ တစ်ခုခုဖုံးထားတယ်ထင်တယ်၊ ကျွန်မကို ပြောပြပါ'

သူမက မျက်နှာပေါ်မှ လက်များကို အသာဖယ်လိုက်ပြီး မျက်ရည်မကျရန် ထိန်းထားရင်းမှ 'ကျွန်မကို ပြောပြပါလား'

'ပက်ထရစ် ဘယ်မှာရှိတယ်ဆိုတာ ငါတို့ တကယ်မသိတာပါ၊ ဒါပေမဲ့ မင်းတစ်ခြားကို ခဏလောက် ရှောင်တိမ်းနေလိုက်ပါ'

သူမက ကယောင်ကတမ်းဖြင့် တံခါးဘောင်ကို လှမ်းတွယ်လိုက်ပြီး

'ကျွန်မ ဘယ်ကို သွားရမှာလဲ၊ မိတ်ကယ်လည်း မရှိတော့ဘူး၊ တခြား ဘယ်သူမှ'

လိုက်ယင်က အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်သည်။ ကြောက်လန့်နေသော မျက်လုံးစိမ်းကလေးတွေက သူ့ကိုအားကိုးတကြီး ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၇

မြို့ဟောင်း၏ ဂျူးရပ်ကွက် လူနေအဆောက်အအုံတစ်ခု၏ ရှေ့တွင် မိုက်ကယ်ဝေါ့ဒ်ခ် ရပ်နေသည်။ ဂျေရုဆလင်မြို့၏ နံနက်ခင်း အလှအပ မြင်ကွင်းကို ငေးမောကြည့်နေသည်။ ဂျေရုဆလင်၏ တုနှိုင်းမရသည့် အလှအပက သူ့ရင်ကို ပြောမပြတတ်လောက်အောင် လှုပ်ရှားစေခဲ့သည်။

သည်နိုင်ငံမှာ သူ့အတွက် မမျှော်လင့်သော ဖြစ်ရပ်များဖြစ်ခဲ့ရသည်။

လွန်ခဲ့သော ဆယ်ရက် အစ္စရေးသို့ သူရောက်သည့်နေ့ကစပြီး ဂျေရုဆလင်တစ်မြို့လုံးကို စုန်းပူးခံရသော လူတစ်ယောက်ပမာ မနားမနေ လည်ပတ်ကြည့်ရှုခဲ့သည်။ ချောင်ကြိုချောင်ကြား၊ ဈေးကြိုဈေးကြားပါ မကျန်။ ရှေးရှင်ဘုရင်တို့၏ ဂူသင်္ချိုင်းများ၊ ဒုံးဆစ်ထိ ရေမြုပ်နေသော လိုဏ်ဂူကြီးများ၊ ထိပ်ဖူးလုံးကြီးများရှိသော ဗလီများ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ။

ဗီလိုရိုစာ လမ်းမတွင် ဂျူးဘုရားဖူးများက ဆုတောင်းဝတ်ပြု၍ နံရံကြီးတစ်လျှောက်မှာ ဘုရားစာများ ရွတ်ဖတ်သရဇ္ဈာယ်ရင်း တစ်ချိန်က လူပေါင်းများစွာ သွေးကြွေပျက်စီးခဲ့သည်တို့ အမှတ်တရအဖြစ် သတိရစေခဲ့သည်။

ဂျေရုဆလင်မြို့သည် သူ ငယ်စဉ်ကလေးဘဝက သိခဲ့၊ သင်ကြားခဲ့ဖူးသော အကြောင်းအရာများကို ပြန်၍ သတိရစေသည်။ ငယ်စဉ်က သူ သင်ကြားခဲ့သည့် ဟီးဘရူးစကားလုံးအနည်းငယ်ကိုလည်း ပြန်လည်ရွတ်ဆို



နိုင်သော အခြေအနေမျိုးအထိ ဖြစ်လာသည်။

ယနေ့ည သူ၏ခံစားချက်တွေကို နယူးဂျာစီရှိ သူ့မိဘနှစ်ပါးဆီဖုန်းဆက်ပြီး ပြောခဲ့သေးသည်။ သူ့ခံစားမှုတွေကို ပြောလိုသောဆန္ဒဖြစ်ပေါ်လာသောအခါ သူနှင့်စကားပြောရန် သူ့မိဘများသာရှိသည်။ သူ အလွန်သတိရနေသော မော်ရင်းကိုတော့ သူ ခေါ်ခွင့်မရ၊ အစ္စရေးမှာလည်း သူ့ အသိမိတ်ဆွေတစ်ယောက်မျှမရှိ။

သူ့ပြောစကားအရ သူ စိတ်အားသန်သည်နှင့်အမျှ သူ့ဖခင်ကလည်း စိတ်မာတ်တက်ကြွခဲ့လေသည်။

သူ့သားက လက်ဝဲဆန်ဆန် သူငယ်ချင်းများကို စွန့်ပစ်ခဲ့သည်။ အစ္စရေးမှာ သွားရောက်နေထိုင်ခြင်းကို သဘောကျပြီး စိတ်သက်သာရာရခဲ့သည်၊ ဂျူးရပ်ကွက်မှာ သူ ငှားရမ်းနေထိုင်သော အခန်းကလေး၏ အိမ်လခကို သူ့ဖခင်က တာဝန်ယူမည်ဟု ချက်ချင်း စကားပြန်လိုက်သည်။

မြူလာ၏ ညွှန်ကြားချက်အရ သူ တာဝန်ယူရသော လုပ်ငန်းက အကောင်အထည်မပေါ်သေး။ အာရပ်ရပ်ကွက်မှာ အိမ်ခန်းတစ်ခန်း ငှားပေးမည်ဆိုသော မြူလာ၏ သူငယ်ချင်းက ယခုအချိန်ထိ ပေါ်မလာသေး။ သူ နေရပ်လိပ်စာပါသော သံကြိုးစာတစ်စောင်ကို မြူလာဆီပေးပို့ခဲ့သည်။ မြူလာဆီရောက်မှ ရောက်ပါ့မလား ဟုစိတ်ပူနေမိသည်။

မြူလာ၏ ညွှန်ကြားချက်အတိုင်း ပဲရစ်မြို့ စာတိုက်သေတ္တာတစ်ခုသို့ လိပ်မူပြီး ယခင်သီတင်းပတ်ထဲက ပို့လိုက်ခြင်းဖြစ်သည်။ သည်သံကြိုးစား ရောက် မရောက်ကို စုံစမ်းစစ်ဆေးရန် သူ့တွင် နည်းလမ်းမရှိ။ ထို့အပြင် တစ်ဖက်စွန်းရောက် ဓမ္မကထိက ကာဟိန်းအဖွဲ့အစည်းထဲသို့ ဖောက်ထွင်းဖို့ ကြိုးစား ခဲ့သည်ကလည်း မအောင်မြင်သေး။ ကာဟိန်းထောက်ခံသူများ၏ လူထု အစည်းအဝေးနှစ်ခုမှာ သူကူညီလုပ်ကိုင်ပေးခဲ့သည်မှာ မှန်ပါသည်၊ သည် လောက်နှင့်တော့ သူ့အတွက် ခရီးမတွင်လှသေးပေ။

အစည်းအဝေးမှာ တရားဟောသူနှင့် နားထောင်သူ ပရိသတ်တွေက များသောအားဖြင့် အမေရိကန်ဂျူးများဖြစ်သည်။ မုတ်ဆိတ်များထားကာ ခေါင်းစွပ်ဦးထုပ်ကလေးများ ဆောင်းထားလေ့ရှိကြသည်။

အစ္စရေးပြည်ဖွား ဂျူးလူငယ်များမှာ အနည်းစုမျှသာ ပါဝင်ကြသည်။

တရားဟောသူ ငါးယောက်ထဲမှ သုံးယောက်က အင်္ဂလိပ်စကားဖြင့် ဟောပြောကြသည်။ သူတို့က သူတို့၏ အယူအဆများအကြောင်း၊ အနောက်

www.burmeseclassic.com

www.burmeseclassic.com



ဘက်ကမ်းကို သိမ်းပိုက်ရမည်ဆိုသည့်အကြောင်း၊ ဤအရပ်ဒေသမှာ နေထိုင်သော ဂျူးမဟုတ်သူများကို အမြစ်မှလှန်ပစ်ရမည်ဆိုသည့် အကြောင်းများကို ဟောပြောကြသည်။ စကားလုံးကြီးကြီးများကို အသုံးပြုပြီး သမ္မာကျမ်းစာထဲမှ စာသားများကို ရေရွတ်ရင်း အမေရိကန်သံဝဲဝဲနှင့် ဘာသာရေးစကားများကို ကြွေးကြော်သံများ နှောကာ ဟောပြောကြသည်။

ပထမတော့ သူကိုယ်သူ အမေရိကန် ဂျူးတစ်ယောက်အနေနှင့် သည်အဖွဲ့အစည်းထဲသို့ ဝင်ရန် လွယ်ကူလိမ့်မည်ဟု ထင်ခဲ့သည်။ သူတို့၏ လှုပ်ရှားမှုထဲမှာ ပါဝင်ရန် ခွင့်တောင်းသည့်အခါကျတော့မှ သူတို့က မယုံသင်္ကာမျက်လုံးများနှင့် ကြည့်ပြီး

'ငါတို့မှာ အပျော်တမ်း ကူညီတဲ့ လူကိုအလိုမရှိဘူး၊ ငါတို့ရဲ့အလုပ်က အတွေးအခေါ် လှုပ်ရှားမှုသက်သက်ပဲ'

ဘာနီဆိုသော သူတို့ထဲမှ ခေါင်းဆောင်လုပ်သူက ပြန်ပြောသည်။ နောက်ထပ်ခပ်ဝဝ ကောင်ကလေးတစ်ယောက်နှင့် စကားပြောဖြစ်တော့မှ သူ့ကို အဘယ်ကြောင့် လက်မခံခြင်းဖြစ်ကြောင်း မိုက်ကယ်သိလိုက်ရတော့သည်။

ဓမ္မကထိက ကာဟိန်းကို အစိုးရက ထိန်းသိမ်းထားခဲ့သည်မှာ တစ်ပတ်ခန့်ရှိပြီ။ အဖမ်းမခံရသေးသော သူ့ အဖွဲ့သားများသည်လည်း ရဲများက လိုက်လံဖမ်းဆီးမည်ကို ကြောက်ရွံ့စိုးရိမ်နေကြသည်။

သည်တော့ လူထုအစည်းအဝေးကို တက်ရောက်လာကြသော မျက်နှာစိမ်း လူသစ်များကို ရဲကလွှတ်ထားသော စပိုင်များဟု သူတို့ ထင်လာကြသည်။ ထို့ကြောင့် ဘာနီနှင့် သူ့ သူငယ်ချင်းများကို မိုက်ကယ် နောက်ထပ်မည်သို့ပင် ကြိုးစား ကြိုးစား၊ သူတို့ လက်ခံလိမ့်မည် မဟုတ်မှန်း သိလာရသည်။ သူတို့အဖွဲ့ထဲ နောက်ထပ် တကယ်တမ်း ဖောက်ထွင်း ဝင်ချင်လျှင် တခြားနည်းကို ရှာဖွေအသုံးပြုရလိမ့်မည်။

ယနေ့နံနက် ၅း၃၅ နာရီ အချိန်တိုက်ခန်းရှေ့မှာ ချမ်းချမ်းစီးစီး ထွက်ရပ်နေခြင်းမှာ သည်ရည်ရွယ်ချက်ကြောင့် ဖြစ်သည်။

သူက ကုတ်အင်္ကျီကော်လာကို အပေါ်ထောင်လိုက်ပြီး ညက အဆင်သင့် ပြင်ဆင်ထားသော ပလပ်စတစ်အိတ်ကြီးကို ဆွဲကာ လေ့ကားမှ ခပ်သွက်သွက် ဆင်းသွားသည်။ ဂျူးဘုရားရှိခိုးကျောင်းပျက်ကြီး ရှေ့မှဖြတ်သွားချိန်မှာ သူ့အစီအစဉ် အောင်မြင်ပါ့မလားဟု စဉ်းစားလိုက်သေးသည်။ သည်စိတ်ကူးကို လွန်ခဲ့သည့် နှစ်ရက်က မြို့သစ်ရပ်ကွက်တွေ လျှောက်လည်



ရင်း ရရှိခဲ့ခြင်းဖြစ်သည်။

ခြံကြီးတစ်ခြံ ရှေ့ရောက်လာသောအခါ ခြံရှေ့မှာ ကျောက်ခြသေ့ ရုပ်ကြီးနှစ်ခုနှင့် ထောက်ထားသော ဆိုင်းဘုတ်ကြီးတစ်ခု အုတ်နံရံတွင် ကပ်ထားသည်ကို တွေ့လိုက်ရသည်။ သည်အဆောက်အအုံသည် တီသီယိုးပီးယား ဘုရားရှိခိုးကျောင်းဟု ဆိုင်းဘုတ်မှာ ရေးထားသည်။

ဘုရားရှိခိုးကျောင်း၏ မျက်နှာစာကို မသမာသူ တချို့က ညစ်ပတ်ပေကျံအောင် လုပ်ထားသည်၊ အုတ်နံရံမှာ အစွရေးအထိမ်းအမှတ် ဒေးဗစ်ကြယ်ပုံကို သင်္ဘောဆေးဖြင့် ရေးထားပြီး 'ဂျူး မဟုတ်သူတွေ ထွက်သွား' ဆိုသော စာလုံးကို သင်္ဘောဆေးအနက်ဖြင့် ရေးထားသည်။

တံခါးပေါက်ရှေ့မှာ အသားမည်းမည်း လူတစ်ယောက်ထိုင်နေသည်ကိုတွေ့ရသဖြင့် အဆောက်အအုံ၏အစောင့်ဖြစ်ကြောင်း သိလိုက်ရသည်။

မိုက်ကယ်က 'ဒီစာတွေက ဘယ်သူ့လက်ရာတွေလဲ'ဟု မေးလိုက်တော့သူက 'ရဲကတော့ ပြောတာပဲ၊ ကာဟိန်းနောက်လိုက်တွေ လုပ်တယ်လို့' ခေါင်းခါခါ လည်ခါခါ ပြန်ဖြေသည်။

'ဒီကောင်ကလေးတွေက သူတို့ဘာကြောင့် လုပ်ရတယ်ဆိုတာတော သိချင်မှ သိကြမှာ'

မိုက်ကယ်က ထိုနေရာမှ ပြန်ထွက်လာရင်း စိတ်ကူးတစ်ခုရသွားသည်။ အုတ်နံရံပေါ်မှ စာလုံးများကို သူ့မှတ်စုစာအုပ်ထဲကူးယူခဲ့ပြီး မနေ့က သင်္ဘောဆေးတစ်ဘူးနှင့် စုတ်တံတစ်ချောင်း ဝယ်ခဲ့သည်။ ဂျေရုဆလင်မြို့၏ မြို့ဟောင်းထဲမှာ ကာဟိန်းနောက်လိုက်များထက် သာအောင်လုပ်ဖို့ သူ ဆုံးဖြတ်လိုက်သည်။

သူလုပ်ရမည့် အလုပ်အတွက် စိတ်မကောင်းတော့ ဖြစ်မိသည်၊ သူ့မှာ တာဝန်တစ်ခု ရှိနေသဖြင့် သည်လိုလုပ်ရန်မှ တစ်ပါးအခြားမရှိပေ။

သူ အဖမ်းမခံရခင် တစ်ဖက်လူကို ကြိုးကြိုးကျယ်ကျယ်နစ်နာသွားမှာကိုတော့ သူ စိုးရိမ်မိသည်။ အဓိက အလုပ်ကား သူ အဖမ်းခံရဖို့ပဲ ဖြစ်သည်။

ဈေးလမ်းထဲ သူလျှောက်လာခဲ့သည်၊ ဈေးဆိုင်များ မဖွင့်ကြသေး။ ဈေးတန်းမှာ လူရှင်းနေသည်၊ ဈေးကို လွန်ပြီးနောက် အာမေးနီးယန်း ဘုရားရှိခိုးကျောင်းဝင်းကြီးနားသို့ ရောက်သွားသည်၊ သူတွေ့ရသော အဆောက်အအုံမှာ အာမေးနီးယန်း ဘုရားရှိခိုးကျောင်း၏ အစောင့်နေထိုင်သော အိမ်ဖြစ်သည်။

လမ်းကို ကျော်ဖြတ်ထားသော ရှုံးအောက်မှ ဝင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ဘယ်ဘက်မှာ သံတံခါး အုတ်ခုံကြီး ရှိနေသည်။ သူက သံတံခါးပေါက်ရှေ့မှာ ရပ်လိုက်ပြီး လက်ထဲမှာပါလာသော ပလပ်စတစ်အိတ်ထဲမှ သဘော်ဆေးနှင့်စုတ်တံကို ဆွဲထုတ်လိုက်သည်။

သဘော်ဆေးကို စုတ်တံနှင့် တို့ယူလိုက်ပြီး ပထမ သူ့ကိုယ်ကို ပေကျံသွားအောင် အစက်ကလေးများ ဖြန်းလိုက်သည်။ ပြီးမှ အုတ်နံရံပေါ်မှာ ဖေးဗစ်ကြယ် အနက်ကြီး တစ်လုံးကို ရေးလိုက်သည်။ သူ့နောက်မှ လူများ၏ ခြေသံကို သူ ကြားနေရသော်လည်း လှည့်မကြည့်။ နောက်တစ်ကြိမ် သဘော်ဆေးတို့ပြီး ပိုကြီးသော ကြယ်ကြီးတစ်လုံးကို ဆွဲလိုက်ပြန်သည်။

ဆေးဘူးထဲသို့ စုတ်တံကျလာပြီး ဂျူးမဟုတ်သူများ ထွက်သွားဟု အင်္ဂလိပ်ဘာသာနှင့် ရေးလိုက်လေသည်။ နောက်တစ်ကြိမ် အီးဘရူးဘာသာနှင့်ဆက်ရေးပြန်သည်။ စာမဆုံးခင် သဘော်ဆေးကုန်သွားသည်။

သူ၏ ခေါင်းတည့်တည့်မှ တံခါးဖွင့်သံကြားလိုက်ရသဖြင့် မော့ကြည့်လိုက်သည်။ ပြတင်းပေါက်ထဲမှ မျက်လုံးနက်နက် မုတ်ဆိတ်မွေးဖြူဖြူ မျက်နှာတစ်ခုကို မြင်လိုက်ရသည်။

'ဟေ့ မင်း ဘာလုပ်နေတာလဲ'

အုတ်ခုံပေါ်က စာလုံးများကို မြင်လိုက်ရသောအခါ ထိုသူက တော်တော်စိတ်ဆိုးသွားပုံရသည်။ သည်လောက်ဆိုလျှင် သူလုပ်ရမည့် အလုပ်ပြီးသွားပြီ။ သည့်ထက် ထိခိုက်နစ်နာအောင် လုပ်ဖို့မလိုတော့၊

သူလိုချင်သည်က အဖမ်းခံရှုသက်သက်ပဲ ဖြစ်သည်။ သူက ကြောင်တောင်တောင်ပုံစံဖြင့် မတ်တပ်ရပ်နေလိုက်သည်။ လက်ထဲရှိ စုတ်တံမှ ဆေးတစ်စက်စက်ကျနေသည်။

သံတံခါး ပွင့်လာပြီး အနက်ရောင် ဝတ်ဆင်ထားသော အာမေးနီးယန်းဘုန်းကြီးတစ်ပါး ထွက်လာသည်။

ပြတင်းပေါက်မှ လှမ်းမေးလိုက်သော ဘုန်းတော်ကြီးပင် ဖြစ်သည်။

မိုက်ကယ်ကို ဂရုမစိုက်ဘဲ နံရံပေါ်မှာ ရေးထားသော စာလုံးများကို စိတ်မကောင်းသည့် အမူအရာနှင့်ကြည့်ရင်း

'မင်း ဘာလို့လုပ်ရတာလဲ၊ ငါတို့က ဘယ်သူ့ကိုမှ နစ်နာအောင် မလုပ်ခဲ့ဘူး'

သူ၏ စကားသံထဲတွင် ရန်လိုသော အသံများ လုံးဝမပါ။

မိုက်ကယ်က ကာဟိန်းလူထုစည်းဝေးပွဲမှ သူကြားခဲ့ရသော စကားလုံးများနှင့် ကြီးကြီးကျယ်ကျယ် ဟန်ပန်လုပ်ပြီး တရားဟောလိုက်မည်ဟု



စိတ်ကူးမိလိုက်သေးသည်။ ဒါပေမဲ့ သူ့နှုတ်မှ မည်သို့မျှထွက်၍မရ။

'ကျွန်တော် ဘာလုပ်တယ်ဆိုတာ ရဲစခန်းကျမှ ကျွန်တော်ပြောမယ်'

ဘုန်းကြီးက မည်သို့ဆုံးဖြတ်ရမည်ကို မသိဟန်ဖြင့် ခဏမျှစဉ်းစားနေပြီးမှ မေးသည်။ 'ရဲကို ငါ ခေါ်လိုက်ရမလား'

မိုက်ကယ်က ပခုံးတစ်ချက် တွန့်လိုက်သည်။ သည်အခြေအနေမျိုး ဖြစ်ပေါ်လာလိမ့်မည်ဟု သူ မမျှော်လင့်ခဲ့။ သည်ဘုန်းကြီးက သူ့ကို အရေးမယူဘဲ လွှတ်များလွှတ်လိုက်မလားဟု ထင်လိုက်မိသည်။

ထို့ကြောင့် သူက 'ဟုတ်တဲ့၊ ခေါ်လိုက်ပါ'

ဘုန်းကြီးက အဆောက်အအုံထဲမှ နောက်ထပ် ထွက်လာသော လူငယ်ကလေးဘက်သို့ လှည့်ပြီး တစ်စုံတစ်ရာ ပြောလိုက်လေသည်။ ကောင်ကလေးက ခေါင်းညိတ်ပြီး ပြေးထွက်သွားသည်။ ထိုအချိန်တွင် သူတို့၏ ပတ်ပတ်လည်မှာ လူတွေတော်တော်များနေပြီ။ တချို့က အာရပ်ဘာသာစကားဖြင့် အော်ဟစ်ကြသည်။

ဘုန်းကြီးက 'လာ တို့အထဲက စောင့်ကြရအောင်'

မိုက်ကယ်က ဘုန်းကြီး၏နောက်မှ ဘုရားရှိခိုးကျောင်းထဲသို့ ဝင်လိုက်သွားသည်။

ကျောင်းထဲရောက်သောအခါ ဘုန်းကြီးက

'မင်း ဘာဖြစ်လို့ လုပ်တာလဲ' 'ငါတို့က ဘုရားကိုသာ ကိုးကွယ်တာပါ၊ ဘယ်သူ့ကိုမှ အန္တရာယ်မပြုပါဘူး'

မိုက်ကယ် အဖြေမပေးရသေးခင်မှာပင် အပြင်ဘက်မှ ကားသံကြားလိုက်ရသည်။

ပြေးထွက်သွားသော ကောင်ကလေးနှင့်အတူ ရဲနှစ်ယောက် ပါလာသည်။ ရဲတစ်ယောက်က သူ့ကိုလှမ်းခေါ်သည်။ မိုက်ကယ်အနားရောက်သွားသောအခါ သူ့လက်ထဲမှ ဆေးပုံးနှင့် စုတ်ကို ဆွဲယူလိုက်သည်။ နောက်ရဲသားတစ်ယောက်က သူ့ကို ပြောသည်။

'ကားထဲဝင်'

မိုက်ကယ်က ကားလေးထဲကို နောက်မြီးဘက်မှ ဝင်လိုက်သည်။ ဘေးဘက်မှ သစ်သားတန်းလျားခုံပေါ်မှာ ထိုင်လိုက်သည်။ ရဲတစ်ယောက်ကလည်း သူ့နောက်မှ တက်လိုက်လာကာ သူနှင့်မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။

ရဲများက နံရံတွင် ရေးထားသော စာများကို ခဏမျှရပ်ကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးနှင့် စကားတစ်ခွန်းနှစ်ခွန်းပြောပြီးနောက် ရှိသေစွာ နှုတ်ဆက် သည်။

ကားမောင်းထွက်လာသောအခါ ရဲသားက မိုက်ကယ်ကို ဟိုးအ ဘာသာဖြင့် လှမ်းမေးလိုက်သည်။

'ကျွန်တော် နားမလည်ဘူး'

မိုက်ကယ်က အင်္ဂလိပ်လို ပြန်ပြောလိုက်သည်။ ရဲသားက သူ မသက်သာသော မျက်လုံးများနှင့် လှမ်းကြည့်သည်။

'ဓမ္မတထိက ကာဟိန်း'

မိုက်တယ်က ကျယ်ကျယ်လေး ပြောလိုက်သည်။ သည်တော့ ရဲသာ သူ့လက်ညှိုးနှင့် သူ့နားထင်ကိုထောက်လျက် လက်ခါပြသည်။ ကာဟိန်းတ သူ မည်သို့ သဘောထားကြောင်း အမူအရာပြလိုက်ခြင်း ဖြစ်သည်။ သည့်နော ရဲသားများက သူ့အပေါ်မှာ စိတ်ဝင်စားမှု မရှိတော့ပေ။

ရဲစခန်းသို့ ရောက်သောအခါ နံရံ၏တစ်ဖက်တွင် တန်းစီထားေ တန်းလျားရှည်ပေါ်မှာ သူခိုးများ၊ ခါးပိုက်နှိုက်များ၊ အလစ်သုတ်သမား အယောက်နှစ်ဆယ်ခန့် ထိုင်နေသည်ကို တွေ့လိုက်ရသည်။

စားပွဲတစ်လုံးနောက်မှာ ထိုင်နေသော ရဲအရာရှိသုံးယောက် တန်းလျားပေါ် ထိုင်နေကြသော အလစ်သုတ်သမားများကို မကြာမ လှမ်းကြည့်ပြီး တစ်ယောက်စီခေါ်၍ စစ်ဆေးမေးမြန်းနေသည်။

အချိန်က နံနက် ၆ နာရီ ၂၅ မိနစ်ပဲရှိသေးသည်။

သူ့အလှည့်ရောက်သောအခါ အင်္ဂလိပ်စကားအနည်းငယ် တတ်သော အရာရှိတစ်ယောက်က သူ၏နာမည်နှင့် လိပ်စာတို့ကို ရေးမှတ် သူ၏ စာရွက်စာတမ်းများကို ကြည့်ရှုစစ်ဆေးသည်။ သည့်နောက် သူ အတွင်းဘက်အခန်းတစ်ခန်းထဲသို့ ခေါ်သွားသည်။ သူ၏လက်ဗွေများ နှိပ်ယူပြီးနောက် သူ၏ယနေ့ လှုပ်ရှားမှုများကို အစအဆုံး မေးမြန်း ရေးမှတ်ယူထားလိုက်သည်။

သည်စစ်ဆေးချက်ကို သူ လက်မှတ်ထိုးရန် ငြင်းဆန်လိုက်သည သူ့ကို အာမခံမည့်သူ မရှိသောကြောင့် လူခြောက်ယောက်နှင့်အတူ အ ခန်းတစ်ခန်းထဲမှာ ချုပ်ထားလိုက်သည်။ သူက ထောင့်တထောင့်တွင် ထိုင်ရ သူ့လုပ်ရပ် ဟုတ်မှဟုတ်ပါ့မလားဟု ပြန်လည် စဉ်းစားကြည့်နေမိသည်။

၇ နာရီ ၂၅ မိနစ်အချိန်တွင် သူ အဖမ်းခံရသော သတင်း သတင်းစာအဖွဲ့သို့ ရောက်သွားသည်။ ရှစ်နာရီမှာ နံနက်ပိုင်း ရေး



သတင်းမှ ကြေငြာလိုက်သည်။ ကိုးနာရီခွဲတွင် ရဲတစ်ယောက်က အချုပ်ခန်း တံခါးကို ဖွင့်ပြီး သူ့ကို ခေါ်ထုတ်သွားသည်။

အပြင်ဧည့်ခန်းထဲ ရောက်သောအခါ ဂျူးခေါင်းစွပ်ကလေးများ ဆောင်းထားသော လူငယ်နှစ်ယောက်က စာရွက်စာတမ်းတွေမှာ လက်မှတ် ရေးထိုးနေတာကို တွေ့လိုက်ရသည်။

အရပ်ရှည်ရှည်တစ်ယောက်က သူ့ဘက်ကို လှည့်ကြည့်လိုက်သည်။ သူ့ကို မှတ်မိသွားပြီး ခေါင်းညိတ်ပြသည်။

'ပန်းချီဆရာလေး နောက်တစ်ခါဒါမျိုးကို ငါတို့ခိုင်းမှလုပ်ပါ'

ဘာနီက ခပ်ပြုံးပြုံးနှင့် ဆက်ပြောလိုက်သည်။

'ကဲ မိုက်ကယ်၊ ငါတို့အဖွဲ့အစည်းက မင်းကို ကြိုဆိုနေပါတယ်'

www.burmeseclassic.com

www.burmeseclassic.com

## ၂၈

သူအိမ်ပြန်ရောက်တော့ မိုးချုပ်စ ပြုနေပြီ။ သူက ပင်ပန်းနေသော်လည်း စိတ်ဓာတ်တက်ကြွနေသည်။

ဘာနီအပါအဝင် သူလူနှစ်ယောက်နှင့်အတူ တစ်နေကုန်အချိန်ဖြုန်းခဲ့သည်။ နေ့လည်စာကို စားသောက်ဆိုင်တစ်ဆိုင်မှာ စားသောက်ခဲ့သည်။ ယနေ့ သူ၏လုပ်နည်းလုပ်ဟန်ကို ဘာနီက ဖြစ်တင် မာန်မဲသေးသည်။

'ခင်ဗျားတို့ အီသီယိုပီးယားဘုရားရှိခိုးကျောင်းကိုတောင် ခင်ဗျားအဖွဲ့သားတွေက ဒီလိုလုပ်ခဲ့ကြသေးတယ် မဟုတ်လား'

'ဒါက အရင်တုန်းက လုပ်ကြတာ၊ ခု အခြေအနေပြောင်းသွားပြီ၊ ငါတို့ ဆရာကြီးကာဟိန်းနဲ့ အဖွဲ့သားနှစ်ယောက် ထောင်ထဲရောက်နေကြပြီ၊ ငါတို့ကို ရဲတွေတင်မကဘူး၊ ဘာသာရေးအဖွဲ့အစည်းတွေကတောင် လိုက်နေကြပြီ၊ ငါတို့အဖွဲ့အစည်းကို လုံးဝပျောက်ကွယ်သွားအောင် သူတို့ ကြိုးစားနေကြတယ်၊ ဒီတော့ ငါတို့က သတိထားမှ ဖြစ်မယ်'

'ငါတို့က လေချည်းပဲ ပြောနေလို့မဖြစ်ဘူး၊ အလုပ်လုပ်ကြမှဖြစ်မယ်'

မိုက်ကယ်က ပြန်ပြောလိုက်သည်။

'ဒီအချိန်မှာ လှုပ်ရှားမှုလုပ်လို့ မဖြစ်သေးဘူး၊ ခုချိန်တော့ ငါတို့ အသာလေး လျှိုနေကြရုံပဲ၊ အချိန်တန်ရင် ငါတို့လုပ်စရာရှိတာတွေ လုပ်မှာပါ။ မင်း ပူမနေနဲ့၊ အဲဒီအခါကျရင် ငါတို့က ဘုရားရှိခိုးကျောင်းနံရံတွေမှာ ခြွေးခြောက်သံတွေ ရေးတာထက် ပိုပြီးကြီးကျယ်တာတွေကို လုပ်ကြမယ်'

ဘာနီတို့၏ အရူးစိတ်ဓာတ်ကို သူ စိုးရိမ်မိသည်။



ဒါပေမဲ့ တစ်နိုင်ငံလုံးမှာ သူတို့အဖွဲ့သား ငါးဆယ်ကျော် ခြောက်ဆယ်ထက် မပိုကြောင်းသိရသဖြင့် နည်းနည်းတော့ စိတ်အေးမိသည်။ အရေးကြီးတာက သူ့ကို သူတို့အဖွဲ့သားတစ်ယောက်အဖြစ်လက်ခံလိုက်ခြင်းပဲ ဖြစ်သည်။ ထို့ကြောင့် အကြောင်းတစ်ခုခုပေါ်ခဲ့လျှင် သူက အနီးဆုံးသိရမည့် လူတစ်ယောက် ဖြစ်လာရသည်။

လူချင်းမခွဲမီ တယ်လီဖုန်းနံပါတ်များ အလဲအလှယ် လုပ်ကြပြီး၊ နေ့စဉ် အဆက်အသွယ် လုပ်ရန်လည်း ကတိပြုလိုက်ကြသည်။

ဂျေရုဆလင်မြို့ပေါ်မှ လာမည့်ချီတက်ပွဲကြီး ကျင်းပသည့်အခါ သူက အဲဖရက်မြူလာကို ကြိုတင်သတိပေးနိုင်သော အခြေအနေရှိနေပြီ။

သူအခန်းကို ပြန်ရောက်သောအခါ အပြင်ဘက် လှေကားဝမှာ အာရပ်အမျိုးသမီးကလေးတစ်ယောက် ရပ်နေသည် တွေ့လိုက်ရသည်။ သူက အမျိုးသမီးကလေးကို ခဏမျှ ကြည့်လိုက်ပြီး အခန်းတံခါးသော့ ဖွင့်ကာ အိမ်ထဲ ဝင်လိုက်သည်။

အိမ်ထဲရောက်တော့ ဝိုင်အရက်တစ်ဖန်ခွက်ငှဲ့ပြီး စီးကရက်တစ်လိပ် မီးညှိကာ ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ အရက်တစ်ကြိုက်မျှ သောက်ပြီးရုံရှိသေး တံခါးခေါက်သံ ကြားလိုက်ရတော့ သူစိတ်ရှုပ်သွားသည်။ ဒုတိယအကြိမ် ထပ်ခေါက်လိုက်မှ သူက တံခါးကို ဖွင့်ပေးလိုက်သည်။

အာရပ် မိန်းကလေးက တံခါးပေါက်ဝမှာ ရပ်နေပြီး အင်္ဂလိပ်စကားနှင့်ပြောလိုက်လေသည်။

'ကျွန်မကို ဝင်ခွင့်ပြုပါ၊ အဲဖရက်က ကျွန်မကို လွှတ်လိုက်တယ်'

သူမက အခန်းထဲသို့ ဝင်လာကာ တံခါးပြန်ပိတ်လိုက်တော့မှ မိုက်ကယ်က သူမကို တအံ့တသြကြည့်မိလိုက်သည်။ သူမျှော်လင့်နေသူမှာ သည်မိန်းကလေးငယ်လေး ဖြစ်လိမ့်မည်ဟု မထင်မှတ်ခဲ့။

'အိမ်ခန်းရှာလို့ ရပြီလား'

'ဟုတ်ကဲ့ ရပါပြီ၊ အရှေ့ဂျေရုဆလင်မှာရှိတဲ့ လူတွေက ဂျူးတွေကို အိမ်ငှားချင်တာ မဟုတ်ဘူး၊ ဒါကြောင့်မို့ ကျွန်မတို့အဆက်အသွယ် လုပ်ဖို့ နောက်ကျခဲ့တာ၊ မနေ့တနေ့က အခန်းရှာလို့ရတယ်၊ ရှင့်ကို ကျွန်မအောက်ထပ်မှာ စောင့်နေတာ တစ်နာရီကျော်ကျော်လောက် ရှိသွားပြီ၊ လာ လိုက်ခဲ့တော့'

'ခုချက်ချင်းလား၊ နက်ဖြန်မှ သွားလို့မဖြစ်ဘူးလား'

'မဖြစ်ဘူး၊ ကျွန်မတို့ ညတွင်းချင်းသွားရမယ်၊ အိမ်ငှားစာချုပ်ကို ဒီနေ့ည လက်မှတ်ထိုးဖို့ သူတို့စောင့်နေကြတယ်၊ နက်ဖြန်ဆိုရင် အိမ်ငှားတဲ့ကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



ပျက်ချင်ပျက်သွားမှာ'

သူက သက်ပြင်းချလိုက်ပြီး အပေါ်အင်္ကျီကို ကောက်ဝတ်လိုက်သည်။

'အိမ်ခန်းက ဘယ်နားမှာလဲ'

'သိပ်မဝေးပါဘူး။ ဆယ်မိနစ်လောက် လမ်းလျှောက်ရင် ရောက်နိုင်ပါတယ်၊ စိန့်ဟယ်လင်နာလမ်း အလွန်နားလေးတင်ပဲ'

'စိန့်ဟယ်လင်နာ ဆိုတာ ဒိုလိုရိုစာ လမ်းမကြီးမှာပေါ့'

'ဆိုပါတော့၊ ရှင် ကံကောင်းတယ်လို့ ပြောရမှာပဲ၊ အဲဒီအခန်းရဲ့ ပြတင်းပေါက်က ကမ္ဘာကျော်နေရာကြီးနဲ့ တည့်တည့်ဖြစ်နေတယ်၊ အဲဒီနေရာက သချိုင်းတော် ဘုရားရှိခိုးကျောင်းကြီးပဲ'

## ၂၉

နောက်တနင်္ဂနွေတစ်ပတ်ခန့်ကြာသောအခါ အဲဖရက်မြူလာက ပဲရစ်မြို့၊ အမှတ် ၈ ရပ်ကွက်မှ စာတိုက်ထဲသို့ ဝင်လာသည်။ ဘေးဘက် တံခါးပေါက်မှနေ၍ စာတိုက်သေတ္တာများထားရှိရာ အခန်းထဲသို့ တန်းဝင်လာသည်။

အိတ်ထဲမှ သော့တစ်ချောင်းကို ထုတ်ပြီး စာတိုက်သေတ္တာတစ်ခုမှ သော့ကို ဖွင့်လိုက်သည်၊ သေတ္တာထဲမှ အရွယ်အစား မတူသော စာအိတ်လေးငါးခုကို ယူလိုက်ပြီး သူ့ကုတ်အင်္ကျီ အတွင်းအိတ်ထဲသို့ထည့်ကာ ပြန်ထွက်လာသည်။

လက်ဖက်ရည်ဆိုင် တစ်ဆိုင်၏ အတွင်းဘက်ကျကျ စားပွဲတစ်လုံးမှာ ထိုင်လိုက်ပြီး ကော်ဖီတစ်ခွက် မှာလိုက်သည်၊ စာအိတ်များကို အိတ်ဆောင် ဓားကလေးနှင့် သေသပ်စွာ ဖောက်လိုက်သည်။ နှစ်စောင်က အစွရေးမှ ပြောက်ကျားခေါင်းဆောင်ကြီး တာဝန်ပေးထားသူထံမှ လာသောစာဖြစ်သည်။

ပထမတစ်စောင်မှာ ဂျေရူဆလင်မြို့၏ အလှအပကို ရေးထားပြီး အဘွားတစ်ယောက်၏ ကျန်းမာရေး အခြေအနေများရေးထားသော အဓိပ္ပာယ် မရှိသည့်စာတစ်စောင်ဖြစ်သည်၊ အမှန်တော့ စာထဲမှာ လျှို့ဝှက်သတင်းပါခဲ့ပြီး ဖြစ်သည်။ နောက်မှ စိတ်အေးလက်အေး အဖြေထုတ်ရန် သပ်သပ်ဖယ် ထားလိုက်သည်။

နောက်စာတစ်စောင်က စာမပါဘဲ ဂျေရူဆလင်မြို့သတင်းစာတစ်စောင်မှ ဖြတ်ပိုင်းစကလေးဖြစ်သည်၊ မိုက်ကယ်ဂေါ်ဒွန်

www.burmeseclassic.com

www.burmeseclassic.com



ဆိုသူ ဘာသာရေး စိတ်ရှုးပေါက်သူတစ်ယောက်က အာမေနီးယန်း ဘုရားရှိခိုးကျောင်းကို မဖွယ်မရာဆေးများနှင့် ညစ်ညစ်ညမ်းညမ်းပြုခဲ့သော သတင်းကို မြူလာ ဖတ်လိုက်ရ သည်။

သတင်းစာဖြတ်စကလေးကို သူ ခဏမျှ စူးစူးစိုက်စိုက်ကြည့်ပြီး အသံမထွက်ဘဲ ရယ်လိုက်မိသည်။

ဂေါ်ဒွန်ဆိုတဲ့ ကောင်က သူခိုင်းတာကို လုပ်ချင်ဇောနဲ့ ထူးထူးခြားခြားဖြစ်အောင် လုပ်လိုက်သေးတယ်၊ သူဒီလို လုပ်ခဲ့တဲ့အတွက် မြူလာတို့ ဘယ်လောက် ကူညီလိုက်တယ်ဆိုတာ သူသိမှာမဟုတ်ဘူး။ သူက နောက်ထပ် တစ်ကြိမ်ရယ်လိုက်သေးသည်။

သူ၏ စီမံကိန်းကြီးက တဖြည်းဖြည်း အကောင်အထည်ပေါ်လာနေပြီ၊ ဂျေရုဆလင်မှာ သူအသုံးလိုသော ပစ္စည်းမှန်သမျှ ရောက်နေနှင့်ပြီ၊ လက်နက်ရယ်၊ အခန်းရယ်၊ ဂျူးရယ်။

နေ့ရက်လမ်းလွှဲပစ်ဖို့ အချိန်တန်ပြီ။

သည်လမ်းလွှဲကို သူတို့လိုက်နေစဉ် သူက သည်ဘက်မှာ အကောင်အထည်ဖော်ဖို့ အဆင်သင့်ဖြစ်နေပြီ။

သူက ကော်ဖီတစ်ကြိုက်သောက်လိုက်ပြီး ခေါင်းဆောင်ကြီးအား အကြောင်းကြားဖို့ လျှို့ဝှက်စာတစ်စောင်ရေးလေတော့သည်။

## ၃၀

'သေရမည့် လူ'က စားလက်စ အစားအစာများကို ဘေးဘက်သို့ အသာတွန်းဖယ်လိုက်ပြီး လေယာဉ်ပြတင်းပေါက်မှ မျက်စိတစ်ဆုံး မြင်နေရသော ဝါဂွမ်းပုံကြီးလို မိုးသားတော်ဇောကြီးကို ကြည့်နေသည်။ သူက အင်အားကုန်ခမ်းပြီး မောပန်းနေသည်။ လေယာဉ်ဦးခန်းမှ စက်သံကိုတော့ သိပ်မကြားရချေ။

သူ၏ ကိုယ်ရံတော်များကလည်း တိုးတိုးတိတ်တိတ်နှင့် ခြေဖျားထောက်ကာ သွားလာနေကြသည်။ သတင်းထောက်များကိုလည်း သူ့ကို အနှောင့်အယှက်မပေးရန် မှာထားပြီးပြီ။

ပြီးခဲ့သည့် နှစ်ရက် သုံးရက်အတွင်း ဖြစ်ပျက်ခဲ့သော အကြောင်းစုံကို တွေးနေရင်း သူစိတ်လှုပ်ရှားနေပြီး ပင်ပန်းသော်လည်း အိပ်မပျော်။ သူ၏ အမေရိကန် ခရီးစဉ်က အောင်မြင်ခဲ့သည်၊ သူ၏ ယုံကြည်မှုအတွက် အကျိုးရှိလိမ့်မည်ဟု မှတ်ယူသည်၊ မျက်စိမှိတ်လိုက်သောအခါ အမေရိကန်ခရီးစဉ်တွေ သူ့မျက်လုံးထဲမှာ တဖျပ်ဖျပ်ပေါ်လာသည်။

အိမ်ဖြူတော်မှ သမ္မတနှင့် သမ္မတကတော်တို့ ကြိုဆိုနေကြပုံ၊ နယူးယောက်၊ ချီကာဂို၊ ဖီလာဒဲဖီးယားမှ ကြိုဆိုကြသည့် လူစုလူဝေးကြီး၊ ကုလသမဂ္ဂအဆောက်အအုံကို အလည်သွားခဲ့ပြီး တစ်နာရီကြာမျှ အထွေထွေညီလာခံမှာ သူဟောပြောခဲ့သော မိန့်ခွန်း။

နိဂုံးချုပ် မိန့်ခွန်းအပြီးမှာ ဧည့်ပရိတ်များ၏ မတ်တပ်ရပ်ပြီး ဩဘာကျူးထောမနာပြုခြင်း ခံရသည်။

www.burmeseclassic.com



နယူးယောက်နှင့် ချီကာဂိုမြို့များမှာ သူ့ကို ကြိုဆိုသူပေါင်း ခုနစ်သောင်းငါးထောင်ခန့်ရှိသည်။ ဤသို့ အောင်မြင်မှုများကြားမှ စိတ်မကောင်းဖွယ်ရာများလည်းရှိသေးသည်။

ရောက်လေရာ နေရာတိုင်းမှာ သူ့ကို ရှေးအယူအဆစွဲသန်မှုကို ဝေဖန်ကြသည်။ တည့်တည့်မတ်မတ် မျက်နှာချင်းဆိုင် မဝေဖန်သော်လည်း သတင်းစာများမှ ရေးသားချက်များကို သူဖတ်ရသည်။ သူ့ကို လုပ်ကြံမည်ဟု သတင်းထွက်လာသဖြင့် နယူးဂျာစီတွင် ရဲများကရှာဖွေရာ စက်သေနတ်နှင့် ကျည်ဆန်များ ဖမ်းမိခဲ့သည်ဟု သတင်းစာထဲမှာ ဖော်ပြခဲ့သည်။

သူက တစ်ချက်သမ်းလိုက်ပြီး သူ့ဘေးခုံပေါ်မှာ တင်ထားသော ရွှေစာလုံးနှင့် ရိုက်ထားသည့် ဖိုင်ကိုလှမ်းယူလိုက်သည်။ အပေါ်ဆုံးမှ စာရွက်က ပြန်ရောက်သွားလျှင် အရေးတကြီးဆောင်ရွက်ရမည့်ကိစ္စများကို မှတ်သားထားသော စာရွက်ဖြစ်သည်။ ပထမအရေးကြီးဆုံးတား ဘာသာရေးပြဿနာပင်ဖြစ်သည်။

ယခုတလော သူခရီးအထွက်များသွားသည်။ အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ။

လုပ်ရမည့် အလုပ်တွေ များပြားလွန်းသဖြင့် တချို့အလုပ်တွေကို အစီအစဉ်ရှိပေမယ့် ရွှေ့ဆိုင်းတန် ရွှေ့ဆိုင်းရလိမ့်မည်။ အီဂျစ်ကို အလည်သွားရေးကိစ္စကိုတော့ အစီအစဉ်ဖျက်ရလိမ့်မည်။ ဒါပေမဲ့ မလုပ်မဖြစ် အစီအစဉ်တစ်ခုကတော့ ဂျေရုဆလင်သွားဖို့ အစီအစဉ်ဖြစ်သည်။

ရက်သတ်မှတ်ပြီးပြီ။ အစီအစဉ်လည်း ရေးဆွဲပြီးပြီ။ ဒါပေမဲ့ ဂျေရုဆလင်မှာ အခြားအစီအစဉ်တစ်ခု လုပ်ထားတာကိုတော့ သူမသိပါလေ၊

လူရယ်၊ လက်နက်ရယ် နေရာတကျဖြစ်နေနှင့်ပြီ။ သေခြင်းက သူ့ကို စောင့်နေပြီ။

၃၁

မော့ဆက် အဆောက်အအုံ၏ နဝမထပ်မှာ အဘိုးကြီး ဆွစ်ဇာလန်က ပြန်လာပြီးကတည်းက တစ်ခုခုဖြစ်နေပြီဟု သတင်းများ ပျံ့နှံ့နေသည်။

သူက ရုံးခန်းထဲမှာ တစ်ယောက်တည်း ပိတ်နေခဲ့ပြီး ဧည့်သည်များကိုလည်း လက်မခံ။ ဖုန်းကိုလည်း မထူး။ သူ၏စာရေးမနိုရာပို့ပေးသည့် နေ့လည်စာကိုလည်း မစားဘဲ ပြန်ပို့စေခဲ့သည်။

သူနှင့် အနီးစပ်ဆုံးအဖွဲ့သားများတို့ နိုရာက

'ဂျာရာမီယာက ဖိုင်ဟောင်းတွေကို ရှာဖတ်နေတယ်၊ နောက်ပြီး ပုံကြီးချဲ့ထားတဲ့ မြူလာရဲ့ ဓာတ်ပုံကို နံရံမှာကပ်ထားပြီး ငေးကြည့်နေတတ်တယ်၊ သူ့ရဲ့ရုံးခန်းတစ်ခုလုံးလည်း ရှုပ်ပွနေတယ်' ဟုပြောပြသည်။

ဂျရာမီယာက သူရှာခိုင်းသော ဖိုင်များမတွေ့ရကောင်းလား ဟုဆိုပြီး သူမကိုမာန်မဲတတ်သည်။ သူရှာခိုင်းသောဖိုင်များ အချိန်မီမရောက်လာလျှင်လည်း ပေါက်ကွဲတတ်သည်။ သူရှာခိုင်းသောဖိုင်များက နှစ်လွန်ဖိုင်များဖြစ်နေသောကြောင့် ဖိုင်တွဲသိမ်းဆည်းရေးဌာနက ရှာဖွေရန်မလွယ်ကူကြောင်းရှင်းပြသော်လည်း လက်မခံ။

သူက ရုံးသို့ ပထမဆုံးရောက်သူဖြစ်ပြီး၊ နောက်ဆုံးမှ ပြန်သူဖြစ်သည်။ တာဝန်ကျအရာရှိက သူ့ကိုရုံးအလာနှင့် အပြန်တိုင်းမှာလှမ်း၍ နှုတ်ဆက်သော်လည်း စိတ်ပျက်သည့် အမူအရာမျိုးနှင့်သာ သူကပြန်၍ နှုတ်ဆက်တတ်သည်။

အရာရှိကြီးတွေကတော့ သူ ဤသို့ဖြစ်ရခြင်းမှာ လက်ဘနွန်ကျေးရွာ

www.burmeseclassic.com

www.burmeseclassic.com



၏ဆုံးရှုံးမှုကြောင့် ဟုဆိုကြသည်။ တချို့ကတော့ နောက်ရက်အနည်းငယ် အတွင်း ရာထူးထွက်သွားရမည်ကို မနေတတ် မထိုင်တတ်ဖြစ်နေခြင်းဟု ဆိုကြသည်။

လက်ဘရွန်ကျေးရွာမှ ဆုံးရှုံးမှုကို ဂျရာမီယာစိတ်နာကြည်းနေ သည်။ ပဲရစ်မှာမြူလာကို မျက်ခြည်ပြတ်သွားပြီး လုပ်ငန်းများရပ်ဆိုင်းသွား သည်။ အကြမ်းဖက်သမား၏ စီမံကိန်းနှင့် ပတ်သက်ပြီး သူ့ အဖွဲ့အစည်း များနှင့် သဘောချင်းမတိုက်ဆိုင်ဖြစ်ရသည်။

သူ့အနေနှင့် မြူလာက နောက်တစ်ကြိမ် လှုပ်ရှားမှုပြုလာမည့် အချိန်ကို မစောင့်ချင်ဘဲနှင့် စောင့်နေခဲ့ရသည်။ ဆွစ်ဇာလန်မှ ပြန်လာ ပြီးနောက် သတင်းသုံးပတ်တိတိ တပင်တပန်း စောင့်ခဲ့သည်။ ထူးထူးခြားခြား ဘာမျှဖြစ်မလာ။

နောက်ဆုံးမှာတော့ မြူလာက သူတို့နှစ်ယောက်ကစားနေသော စစ်တုရင် ခုံပေါ်မှ နယ်ရုပ်ကလေးတစ်ရုပ်ကို ရွှေ့လိုက်သည်။

မတ်လ ၁၆ ရက်နေ့၊ နံနက်စောစောတွင် တယ်လီဖုန်းသံကြောင့် သူအိပ်ရာမှ နိုးလာသည်။ ချက်ချင်းပင်ဖုန်းကို ကောက်ကိုင်ပြီးခုတင်ပေါ်မှာ ထိုင်လျက်သားဖြစ်သွားသည်။

ရုံးမှ ညတာဝန်ကျ အရာရှိက

'ဂျရာမီယာ ကျွန်တော်တို့ အမ်စတာဒန်ကနေ သတင်းတစ်ခု ရတယ်၊ ဒတ်ချ်လူမျိုးတစ်ယောက် K.L.M လေယာဉ်နဲ့ ကနေ့မနက် ရောက်လိမ့်မယ်၊ သူ့ကို အဲဒီဒေသကပြောက်ကျား အဖွဲ့အစည်းက လူတွေ မကြာမကြာအတူ သွားလာနေတာတွေ့ရတယ်။ သူနာမည်က ရစ်ဝေဒင် ခေါ်တယ်၊ အရပ်အမောင်းက သာမန်ပဲ၊ ဆံပင်အညိုနဲ့ မျက်မှန်တပ်တယ် ကျွန်တော်တို့ ကွန်ပျူတာနဲ့စစ်ကြည့်လိုက်တော့ ဒီလူ လက်ဘရွန်မှာနေဖူးတာ တွေ့ရတယ်၊ ကျွန်တော်တို့ ဖေဖော်ဝါရီလ ဆိုင်ဒါကိုသွားတိုက်တုန်းက ထွက်ခွာသွားတဲ့အဖွဲ့မှာ သူပါတယ်'

ဆိုင်ဒါဆိုသော အသံကို ကြားလိုက်ရတော့ သူ လှုပ်လှုပ်ရှရှဖြစ် သွားပြီး 'လေယာဉ်ပျံ ဘယ်အချိန်ဆိုက်မှာလဲ'

သူ့စားပွဲတင်နာရီက ၄ နာရီ ၂၇ မိနစ်သို့ ပြနေသည်။

'၁၁ နာရီ ၅၅ မိနစ် K.L.M ခရီးစဉ်အမှတ် ၃၁၇'

'ငါ ရုံးကို ၆ နာရီ ရောက်မယ်၊ ရဲကို အကြောင်းကြားထား လေယာဉ်တွင်း လုံခြုံရေးကိုလည်း အကြောင်းကြားထား'



'ဟုတ်ကဲ့ အကုန်လုံးအကြောင်းကြားထား ပြီးပါပြီ'

'ကောင်းပြီ၊ ဒေးဗစ်ရယ်၊ မော်လီရယ်၊ ပြီးတော့ အဇာဘီနဲ့ ဟက်ဖနာတို့ကိုပါ ခေါ်ထား၊ ရဲမင်းကြီး အယ်ဘရိုတို့ကိုလည်းခေါ်ထား သူတို့ကို ခြောက်နာရီမှာ ငါ့ရုံးခန်းမှာတွေ့မယ်လို့ ပြောထားလိုက်၊ အကြမ်း ဖက်သမားတိုက်ခိုက်ရေးအဖွဲ့ကိုလည်း ဆယ်နာရီခွဲမှာ အဆင်သင့်ပြင်ဆင် ထားလို့မှာထားလိုက်'

သူက တယ်လီဖုန်းကို ပြန်ချလိုက်ပြီး အမှောင်ထဲမှာ မလှုပ်မယှက် ခဏထိုင်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၃၂

ဆံပင်အညိုရောင်၊ ရင်ဘတ်ချိုင့်ချိုင့်၊ အပြာရောင်ဂျာကင်ကို သိုးမွေ ရှပ်အင်္ကျီအပေါ်မှာ ထပ်ဝတ်ပြီး ဂျင်ဘောင်းဘီနှင့် အယ်ဒီဒတ်စ်ဖိနပ်စီးထာ သူကို လူဝင်မှုကြီးကြပ်ရေးစားပွဲမှာ တန်းစီနေတာမြင်လိုက်ရသည်။ ပခွ အိတ်ပေါင်းတစ်လုံးကိုလည်း ကျောပေါ်မှာ လွယ်ထားသည်။

သူ၏အရှေ့နှင့်အနောက်ဘက်မှာ ကပ်၍ရပ်နေသော လူနှစ်ယောက် မှာ လုံခြုံရေးအေးဂျင့်နှစ်ယောက်က ခရီးသည်ယောင်ဆောင်ပြီး ဝင်ရပ်ေ ခြင်းဖြစ်ကြောင်း သိမည်မဟုတ်။ သေနတ်ကို ကုတ်အင်္ကျီအိတ်ထဲမှာ သို့မဟုတ် စွယ်တာအင်္ကျီထဲမှာ ဝှက်ထားသော ပြောက်ကျားတိုက်ခိုက်ရေးအဖွဲ့သာ သုံးဆယ်ခန့်က သူ့ကိုစူးစူးစိုက်စိုက် စောင့်ကြည့်နေကြကြောင်းကိုလည်း သိမည် မဟုတ်။

မော့ဆက်ဌာနချုပ် နံနက်ပိုင်းအစည်းအဝေးမှာ ဂျရာမီယာက သည်လူကို လူဝင်မှုကြီးကြပ်ရေးဆီ မရောက်မီ လေယာဉ်ကွင်းမှနေ အရေးတကြီး ဖမ်းဆီးခြင်းမပြုရန် တားမြစ်ခဲ့သည်။ ရဲမင်းကြီးအယ်ဘရီ လေယာဉ်ပျံကို လုံခြုံရေးအဖွဲ့သားများ ဝိုင်းပြီးခရီးသည်တစ်ယောက်ချင်း ရှာဖွေရန် အကြံပြုသည်။ ဂျရာမီယာက ငြင်းပယ်လိုက်သည်။

လေယာဉ်ပျံပေါ်မှာ ရစ်ချ်ဝေဒင်၏ ကြံရာပါ တစ်ယောက်ယော ပါချင်ပါနိုင်သည်ဟု ညွှန်ပြသည်။ သည်ကြံရာပါက လေယာဉ်ကွင်းမှ လျှို ထွက်သွားပြီး မြို့ထဲရှိ သူတို့အဖွဲ့သားများကို ကြိုတင်အကြောင်းကြား သည်။ နောက်တစ်ချက် ဖြစ်နိုင်သည်မှာ ဝေဒင်ဆိုသူက သူ့နာမည်ရင်း



ခရီးမသွားဘဲ နေချင်နေမည်။ ဘယ်လိုပဲဖြစ်ဖြစ် အဖမ်းအဆီးရှိခဲ့လျှင် ဇာများသူငါ သိပ်မသိလိုက်ကြဘဲ တိုးတိုးတိတ်တိတ် ဖမ်းဆီးဖို့လိုအပ်သည်။

ဒါပေမဲ့ ဝေဒင်က သူ့နာရင်းနှင့်ပဲ ခရီးသွားသည်။ ပြီးတော့ အဖော် လည်းမပါ။ ထုံးစံအတိုင်း အကောက်ခွန် ရှာဖွေရေးက သူ့အိတ်ကို ရှာဖွေ သည်။

လေယာဉ်ကွင်း အပြင်ဘက်သို့ ရောက်ရောက်ချင်း တက္ကစီတစ်စီး ငှားပြီး ဆာဘာရာဟိုတယ်ကို မောင်းခိုင်းလိုက်သည်။ လမ်းတစ်နေရာကို ရောက်တော့ ကားဆရာက ကားကို ရပ်လိုက်သည်။ ကား၏နောက်ခန်း တံခါး နှစ်ဖက်လုံးပွင့်သွားပြီး ကားထဲကို လူနှစ်ယောက်ပြိုင်တူ တက်လာကြ တော့သည်။

ထိုနေ့ညနေပိုင်းမှာ မော့ဆက်ဌာနချုပ်၏ အစည်းအဝေးခန်းမ ထဲသို့ ထိုလူနှစ်ယောက် ရောက်လာကြသည်။ အဖွဲ့၁ အဖွဲ့ဝင်များအားလုံး ရောက်နေကြပြီ။ မကြာမီ ရဲမင်းကြီးအယ်ဘရီရောက်လာသည်။ အစည်း အဝေးစားပွဲမှာ ဂျရာမီယာက နောက်ဆုံးမှ နေရာယူသူဖြစ်သည်။ သည်နေ့ သူ့ကို ကြည့်ရသည်မှာ ခါတိုင်းထက်မတူကြောင်း မော်လီသတိပြုမိသည်။ သူ့ခြေလှမ်းတွေ သွက်လက်နေသည်။ မျက်လုံးများကလည်း ယခင်ကအတိုင်း ပြန်လည်တောက်ပနေသည်။ သူ့အသံကလည်း ပြန်လည် တည်ငြိမ်နေသည်။

'ကဲ အယ်ဘရီ ဘယ်လိုသတင်းရသလဲ'

အယ်ဘရီက သူ့တပည့်နှစ်ယောက်ဘက်သို့ လှည့်ပြီး

'အယ်လီနဲ့ ဂျိုနသန်တို့က စစ်ဆေးမေးမြန်းတဲ့လူတွေဆိုတော့ သူတို့ ပြောပြပါလိမ့်မယ်'

'ဂျရာမီယာ၊ ကျွန်တော်တို့ ဖမ်းမိလိုက်တဲ့လူက အကြမ်းဖက်သမား မဟုတ်ဘူး၊ ဒီကောင်က ဗာလီတာပဲ၊ စကားစပြီး ပြောလိုက်တာနဲ့ မရပ်တော့ ဘူး၊ သူ့ကိုကြည့်ရတာ တကယ့်ကို ကြောက်ဒူးတုန်နေတဲ့ကောင်ပဲ'

'စစ်ဆေးချက်တွေကို ရေးမှတ်ထားတာမရှိဘူးလား'

မော်လီက မေးလိုက်သည်။

'ဒီနေ့ည အဆင်သင့်ဖြစ်မှာပါ၊ လောလောဆယ်တော့ သူ့ဘာသာ စကားနဲ့ ကျွန်တော်တို့ စစ်ဆေးထားလို့ဘာသာပြန်နေပါတယ်'

'ငါတို့ကို သူ့စစ်ချက်အတိုချုပ် ပြောပြစမ်း'

'သူ့ စစ်ချက် အတိုချုပ်ကတော့ သူတို့အဖွဲ့ ဆိုင်ဒါကနေ ထွက်လာ ကြပြီး လတ်ဘရွန်မြောက်ပိုင်း တစ်နေရာမှာ အဝီလိပ်အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့ ခတ်ချ်အမျိုးသားတစ်ယောက်က သူ့ကို အစ္စရေးနဲ့ ပတ်သက်ပြီး အသေးစိတ် သင်တန်းပေးခဲ့တယ်၊ ပထဝီ၊ ရာဇဝင်၊ မြို့ကြီးတွေ၊ လမ်းတွေ၊ ဓလေ့ထုံးစံနဲ့ ဟီဘရူးစကားနည်းနည်းတောင် သင်ပေးတယ်၊ ဘရက်တာ ဝေါလ်သာ သေနတ်ငယ်တွေ ကိုင်နည်းကိုလည်း အသေးစိတ်သင်တန်းပေးသေးတယ်၊ ပြီးခဲ့တဲ့ နှစ်ပတ်လောက်က သူ့ကို အမ်စတာဒမ် ပြန်ပို့လိုက်ပြီး ညွှန်ကြားချက်စောင့်ခိုင်းထားခဲ့တယ်၊ အဲဒီမှာ အကြမ်းဖက်သမားတချို့နဲ့ သူတွေ့တယ်၊ ပြီးခဲ့တဲ့ နှစ်ရက်လောက်က ဟိုတယ်တစ်ခုထဲမှာ ဆီးရီးယား အမျိုးသမီးတစ်ယောက်နဲ့ တွေ့တယ်၊ အဲဒီအမျိုးသမီးက သူ့ကို မြေအောက်လှုပ်ရှားမှုတစ်ခုလုပ်ဖို့ ရွေးချယ်ထားတယ်လို့ ပြောတယ်၊ သူက အစ္စရေးကိုသွားပြီး ဆာဘရာဟိုတယ်မှာ တည်းခိုရမယ်လို့ ညွှန်ကြားတယ်၊ အဲဒီမှာ အဆက်အသွယ်ကို စောင့်ရမယ်လို့ဆိုတယ်၊ မိန်းကလေးရဲ့ အဆိုအရ ဒီလှုပ်ရှားမှုထဲမှာပါတဲ့ တစ်ခြားလူတွေလည်း နေရာတကျ အဆင့်သင့်ရှိနေကြပြီး ညွှန်ကြားချက်ကို စောင့်နေကြတယ်လို့ အဆိုရှိတယ်'

မော်လီက ကြားဖြတ်ပြီး 'ဘာတဲ့'

ဖျိုနသန်က ပခုံးတွန့်ပြလိုက်သည်။

'သူက အဲဒီလို ပြောတာပဲ၊ ဒီလှုပ်ရှားမှုမှာ ပါဝင်တဲ့ တချို့လူတွေ အစ္စရေးကို ရောက်နေကြပြီး အမိန့်ကိုစောင့်နေကြတယ်လို့ ပြောတယ်၊ ဒီတိုင်းပြည်ထဲကို လက်နက်တွေ ခိုးသွင်းပြီးပြီ၊ မကြာခင် လှုပ်ရှားမှုစတော့မယ်လို့ဆိုတယ်၊ ဝေဒင်က အဲဒီအုပ်စုရဲ့နောက်ဆုံးလူလို့လဲ ပြောသေးတယ်'

'အလိုလေးလေး၊ ဒီလူတို့ ဆာဘရာဟိုတယ်မှာ တခြားလူတွေနဲ့ အဆက်အသွယ်များ ရသွားရင်'

'အဲဒါတော့ မပူပါနဲ့၊ ဝေဒင်နဲ့ ရုပ်ချင်းသိပ်တူတဲ့ ကျွန်တော်တို့ အဖွဲ့သားတစ်ယောက်က သူ့နိုင်ငံကူးလက်မှတ်ကိုင်ပြီး အဲဒီဟိုတယ်ခန်းထဲမှာ အဆက်အသွယ်လုပ်မယ့် လူကို စောင့်နေပါတယ်'

'ကောင်းပြီ၊ သူတို့ရဲ့ လှုပ်ရှားမှုနဲ့ ပတ်သက်ပြီး မင်းတို့ကို သူက ပြောသေးလား'

ဂျရာမီယာက မေးသည်။ ဖျိုနသန်က ခေါင်းညိတ်လိုက်ပြီး

'သူတို့ရဲ့ လှုပ်ရှားမှုက အလီဟာဆန် ဆလာမက်အတွက် ကလဲ့စားချေဖို့ပဲ၊ ဒီလှုပ်ရှားမှုကို 'အလီစစ်ဆင်ရေး'လို့ နာမည်ပေးထားတယ်၊ သူ့ရဲ့တာဝန်ကတော့ မော့ဆတ်ခေါင်းဆောင် ဂျရာမီယာကို လုပ်ကြံသတ်ဖြတ်ရမယ့် တာဝန်'

# ၃၃

ဝေဒင်၏ထုတ်ဖော် ပြောပြချက်အရ မော့ဆက်တစ်ဖွဲ့လုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသော်လည်း ဂျရာမီယာတစ်ယောက်ကတော့ အရင်အတိုင်း ပြန်လည် ငေးငိုင်သွားတာကို သတိပြုမိသူနည်းလေသည်။

သူ့စိတ်ပြန်လည် ရှင်လန်းလာသည်မှာ တစ်ရက်ပဲရှိသေးသည်။

ဒေးဗစ်ခေါင်းဆောင်တာ အရေးပေါ် အဖွဲ့အစည်းတစ်ခု ဖွဲ့စည်း လျက် တစ်မြို့လုံး ပိုက်စိပ်တိုက်ပြီး အကြမ်းဖမ်းသမားများကို ရှာဖွေဖမ်းဆီးရန် ကြိုးပမ်းနေကြချိန်မှာ အဘိုးကြီးက သူ့ရုံးခန်းသို့ ပြန်၍ တံခါးပိတ်နေခဲ့သည်။

နီရာကို ဖိုင်များ၊ စာရွက်စာတမ်းများ ရှာဖွေပေးဖို့ ခိုင်းလာပြန်သည်။ ခုသူတောင်းသည့် ဖိုင်တွေက မော်လီ၏ဌာနနှင့် ပတ်သက်သော ဖိုင်များ ဖြစ်သည်။

အထူးသဖြင့် ဆိုင်ဗါမှာ သင်တန်းတက်ခဲ့သော နိုင်ငံခြားသား အကြမ်းဖက်သမားများဖိုင်၊ ဥရောပတစ်ခွင်လုံးမှာရှိသော မြေအောက် အဖွဲ့အစည်းများဖိုင်၊ အမ်ဆာဒမ်မှ မော့ဆက်အေးဂျင့်တို့၏ လွန်ခဲ့သော နှစ်အနည်းငယ်က ပေးပို့သော သတင်းဖိုင်များပဲ ဖြစ်သည်။

ဝေဒင်၏ စစ်ဆေးထွက်ဆိုချက်ကို အခေါက်ခေါက် အခါခါ ပြန်ဖတ်ပြီး၊ နောက်ထပ်မေးရန် မေးခွန်းများကို ရဲမင်းကြီးဆီပေးပို့လိုက်သည်။ သူ့ကိုယ်ပိုင်ကိုင်ထားသော မြူလာဖိုင်မှာတော့ စာရွက်များ တဖြည်းဖြည်း တွန့်ကြေလာပြီး မှင်ရောင်မျိုးစုံနှင့် အမှတ်အသားများ၊ မှတ်ချက်များ ရှုပ်ထွေးနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'နေမကောင်းဘူး'ဆိုသောအကြောင်းပြချက်ဖြင့် အစည်းအဝေးများ တက်ရောက်ဖို့တိုရော၊ ဝေဒင်နှင့်ပတ်သက်သော သတင်းများကို ဝန်ကြီးချုပ် ထံအစီရင်ခံဖို့ပါ ဒေးဗစ်တို တာဝန်လွှဲထားလိုက်သည်။

မတ်လ ၂၅ရက်နေ့မှာ ရဲမင်းကြီးအယ်ဘရိတ အကြမ်းဖက်သမား တစ်ယောက်ကို ဖမ်းမိလုလုဖြစ်သွားကြောင်း သတင်းပို့သည့်တိုင် သူမ လှုပ်ရှားခဲ့။

ဂျရာမီယာ၏ အိမ်အနီးမှာ မသင်္ကာဖွယ်လူတစ်ယောက်ကို တွေ့ရ သဖြင့် လိုက်ဖမ်းသော်လည်း အမှောင်ထဲမှာ ပျောက်ကွယ်သွားလေသည်။ သည်လူကို မမိလိုက်သော်လည်း ဝေဒင်၏ပြောပြချက်မှန်ကြောင်း ယူဆနိုင် စရာအကြောင်းက ရှိလာသည်။ အကြမ်းဖက်သမား အဖွဲ့တစ်ဖွဲ့ တိုင်းပြည်ထဲ ဝင်ရောက်နေပြီး ဂျရာမီယာတို လုပ်ကြံရန် အစီအစဉ်ရှိသည်မှာ သေချာ သွားသည်။

အယ်ဘရိ၏ သတင်းပို့ချက် ပြီးဆုံးသွားသည်နှင့် ဂျရာမီယာက အခန်းထဲမှ ထွက်သွားတော့သည်။

မော်လီက သက်ပြင်းတစ်ချက် ချလိုက်ပြီး စာရွက်များကို စုစည်း နေရာမှ ဂျရာမီယာတို လှမ်းကြည့်လိုက်လေသည်။

'မော်လီ အဘိုးကြီး ဘာတွေဖြစ်နေတာလဲ၊ ငါတို့သိထားတဲ့ ဂျရာမီယာ မဟုတ်တော့ဘူး'

မော်လီ ပြန်လှည့်ကြည့်လိုက်တော့ စိုးရိမ်တကြီးမေးနေသော ဒေးဗစ်တို မြင်လိုက်ရသည်။

သူ

မော်လီက ပြန်ဖြေဖို့ စကားစလိုက်ပြီးမှ လက်ထဲက သောက်လက်စ စီးကရက်ကို ပြာခွက်ထဲ ဆောင့်ချေပစ်လိုက်ပြီး အခန်းထဲမှ ထွက်သွားလေ သည်။

သူမ အိမ်ပြန်ရောက်တော့ မိုးချုပ်နေပြီ၊ ပြတင်းပေါက်များကို ဖွင့်လိုက်သည်။ ပန်းခြံထဲမှ ဝန်းရနံ့များ အိမ်ထဲသို့သင်းပျံ့စွာဝင်လာသည်။

ည ၁၀ နာရီ သတင်းနားထောင်ဖို့ ရေဒီယိုတလေးကို မီးဖိုခန်းထဲ သို့ယူသွားသည်။ အစားအသောက် ပြင်ဆင်နေဆဲ ရေဒီယိုက ဝစ္စည်း ကြော်ငြာသံ ဆူညံနေသဖြင့် အိမ်အပြင်ဘက်မှ သူမ၏ ခွေးဟောင်သံကို ဂရုမစိုက်မိခဲ့။

ဂရုစိုက်လိုက်မိသော အချိန်မှာ ခွေးဟောင်သံနှင့် ရောပြီး တံခါး



ခေါက်သံကို ကြားလိုက်ရသည်။

'တံခါးဖွင့်ထားပါတယ်၊ ဝင်ခဲ့ပါ'

သူမက ညှိခန်းသို့ ထွက်လာရင်း လှမ်းပြောလိုက်သည်။ တံခါးပွင့် လာပြီး ဂျရာမီယာကို မျက်နှာချင်းဆိုင် တွေ့လိုက်ရသည်။

'အို ဂျရာမီယာ'

သူမက တိုးတိုးကလေး ရေရွတ်လိုက်သည်။

အဘိုးကြီးက သူမအိမ်သို့ ယခင်က တစ်ကြိမ်သာ လာဖူးသည်။

'လာပါ တတယ့်ကို အံ့ဩစရာပဲ၊ ထိုင်ပါဦး၊ ကျွန်မ အိမ်မှာရှိတယ် လို့ ရှင် ဘယ်လိုလုပ် သိသလဲ၊ တာဝန်ကျအရာရှိက ပြောလို့နဲ့တူတယ်'

သူ ခေါင်းညိတ်လိုက်သည်။

'ကော်ဖီသောက်မလား၊ ရေနွေးအဆင်သင့် တည်ထားတာရှိတယ်'

'အေး ကောင်းသားပဲ'

'ခဏ ထိုင်ဦးနော်'

သူမက မီးဖိုခန်းဘက်သို့ ပြန်လှည့်သွားတော့ သူက လှမ်းပြီး

'မင်းရဲ့သားတွေ အိမ်မှာ မရှိဘူး မဟုတ်လား'

'ဟုတ်တယ်၊ မရှိဘူး၊ အကြီးကောင်က ဟိုင်ဖာမှာ ဗိသုကာပညာ လေ့လာနေတယ်၊ အငယ်ကောင်က စစ်တပ်ထဲမှာ တစ်ပတ်တစ်ခါ ပြန်လာ တယ်'

သူ့မေးခွန်းတွေက သူမ၏ဦးနှောက်ထဲတွင် ဖုံးဖိထားသော မနှစ်မြို့ ဖွယ်ရာ အကြောင်းများကို ပြန်လည်ပေါ်ပေါက်လာစေသည်။ လွန်ခဲ့သော ၀၆ နှစ်ခန့်က သူမ ခံစားခဲ့ရသော ခံစားမှုတွေက အသစ်ပြန်ဖြစ်လာခဲ့ရ သည်။

ထိုစဉ်က ဆောင်းတွင်း ညတစ်ညဖြစ်ပြီး နှင်းမုန်တိုင်း တိုက်နေ သည်ကို သူမ သတိရနေမိသည်။ ၁၂ နာရီ ထိုးပြီးပြီဖြစ်ပေမယ့် သူမအိပ် မပျော်နိုင်သေး၊ အိပ်ခန်းပြတင်းပေါက်ကို ရိုက်ခတ်နေသော လေတိုးသံတွေ ကိုနားထောင်နေခဲ့သည်။

ဆိုင်းမှန်ကို ဒမတ်စကတ်သို့ တာဝန်နှင့် လွှတ်လိုက်ရကတည်းက သူမစိတ်မငြိမ်မသက် ဖြစ်လာခဲ့ရသည်။ ရက်ရှည်လများတစ်ကိုယ်တည်း နေရသည့်ဘဝကို သည်းမခံနိုင်လောက်အောင် ဖြစ်လာသည်။ သူ အခု ဘာလုပ်နေသလဲ၊ လုံခြုံမှုကော ရှိရဲ့လား၊ လွတ်လပ်မှုကော ရှိနေသေးရဲ့လား၊ အသက်ရှင်လျက်ကော ရှိပါသေးရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ခင်ပွန်း ဆိုင်မွန်က ရန်သူတွေကြားမှာ ထောက်လှမ်းရေးအလုပ်ကို သက်စွန့်ဆံဖျား လုပ်နေရသည်။

သူ့ကို ဒမတ်စကတ်သို့ ပြင်သစ်လူမျိုးအဖြစ် လွှတ်ထားသည့် ဆီးရီးယားမြို့တော်မှာ အရာရှိများ အသုံးပြုသော ကလပ်တစ်ခုဖွင့်ခိုင်းထားသည်။

ပြင်သစ်အမည်ခံထားသော ဆိုင်မွန်က ဆီးရီးယားဗိုလ်ချုပ်ကြီးများနှင့် ရင်းနှီးလာသည်။ အချိန်မတော် စားသောက်ပျော်ပါးပြီးတိုင်း အရာရှိတွေဟိုဟိုသည်သည် ပြောတတ်သောကြောင့် သူတို့ဆီမှ သတင်းများကို ဆိုင်မွန်က မော့ဆက်သို့ ပို့ပေးနိုင်ခဲ့သည်။

တစ်နှစ်ကို သုံးလေးကြိမ်ခန့် ပြင်သစ်သို့ ပြန်လာပြီး နိုင်ငံကူးလက်မှတ်လဲလှယ်သည်။ အစ္စရေးသို့ပြန်ပြီး သားမယားနှင့် ခဏတဖြုတ်နေထိုင်သည်။

ပထမပိုင်းတော့ သူ့ကို ဒမတ်စတတ်မှာ နှစ်နှစ်မျှသာ တာဝန်ပေးခဲ့သည်။ အောင်မြင်မှုရလာသဖြင့် နှစ်နှစ်ထပ်တိုး၍ တာဝန်ပေးလိုက်သည်။ သူ့ဇနီးအဖို့ အမြဲတမ်းစိုးရိမ်ကြောင့်ကြ နေရသော လေးနှစ်ဖြစ်လာရသည်။ သူမကို ဌာနက ကြည့်ရှုစောင်မဖို့ တာဝန်ယူခဲ့သည်။

သူ့လခကို ဘယ်သောအခါမျှ နောက်မကျစေခဲ့ရ။ သူမတဲအဗစ်တက္ကသိုလ်မှာ ပညာလွတ်လွတ်လပ်လပ် သင်ယူနိုင်ရန် သူမ၏ကလေးများအတွက် ကလေးထိန်းတစ်ယောက်ကို ဌာနက ငှားပေးခဲ့သည်။ ဆိုင်မွန်ခရီးသွားလာနေသည့် ကာလအတွင်း သူမ မပျင်းရန် တက္ကသိုလ်ပြန်တက်ခဲ့ခြင်းဖြစ်သည်။ သူမ အလွန်ဝါသနာပါသော အာရပ်ဘာသာစကားနှင့် အရှေ့အလယ်ပိုင်းသမိုင်း သင်ကြားခဲ့သည်။

တစ်ညတံခါးခေါက်သံ ကြားကြားချင်း သူမက အကျီဝတ်ပြီး ညည့်ခန်းထဲသို့ ချက်ချင်း ထွက်လာခဲ့သည်။

အချိန်မတော် တံခါးလာခေါက်လိမ့်မည်ဆိုတာကို အကြိမ်ပေါင်းများစွာ တွေးတောပူပန် ချောက်ချားရခဲ့ပေါင်းများလှပြီ။ ထိုညက ရောက်လာသူမှာ ဆံပင်ဖြူဖြူ၊ ကိုယ်လုံးကိုယ်ထည် ခပ်သေးသေး လူတစ်ယောက်ဖြစ်သည်။

'ငါ ဂျရာမီယာပါ'

သူက အေးအေးဆေးဆေး ပြောသည်။ သူမက သူ့ကို အိမ်ထဲဝင်စေခဲ့သည်။ သူ့နာမည်ကို သူမ ကြားဖူးထားသည်။ မိုးရေစိုရွှဲနေသော



သူ့ကို ငေးစိုက်ကြည့်နေရင်းမှ

'သူ'

သူမက အထစ်ထစ် အငေါ့ငေါ့ဖြင့် စကားစလိုက်ရာ သူက ခေါင်းယမ်းလိုက်ပြီး၊ 'သူ့အခြေအနေ ကောင်းပါတယ်၊ မင်းရဲ့သားတွေ အိမ်မှာမရှိဘူး မဟုတ်လား'

'ဟုတ်ကဲ့ မရှိဘူး၊ သူတို့ရဲ့ အဘွားအိမ်မှာ ရောက်နေကြတယ်၊ ကျွန်မလည်း နက်ဖြန်ခါ ဇေရုဆလင်မှာ အစည်းအဝေး'

သူက မိုးကာအကျီကို ချွတ်လိုက်ပြီး တံခါးမှာ သပ်ရပ်စွာ သွားချိတ်ထားလိုက်သည်။

မော့ဆက်၏ ခေါင်းဆောင်ကြီးက အချိန်မတော် ငါ့ယောကျ်ားကောင်းကောင်းမွန်မွန်ရှိတယ်လို့ ဘာဖြစ်လို့များ လာပြောနေရတာလဲ၊ တစ်ခုခုတော့ ဖြစ်ပြီနဲ့တူတယ်။ သူမ၏ရင်ထဲက အသည်းနှလုံးတဒိန်းဒိန်းခုန်လာသည်။

'ဆိုင်မွန် ကောင်းကောင်းမွန်မွန်ရှိတယ်' ဟု သူပြောနေသည်။ ထိုနိုင်ငံက စပိုင်ဆန့်ကျင်ရေးအဖွဲ့တွေ သူ့ကိုချောင်းနေတာကြာပြီ။ သူပို့သော သတင်းများကို အသံဖမ်းစက်နှင့်ဖမ်းပြီး သူ့ကို ရှာဖွေနေကြသည်။ လွန်ခဲ့သော နှစ်ပတ်ခန့်က သူ့အခန်းကို ရဲတွေဝင်ရောက်ရှာဖွေတော့ အသံလွှင့်စက်ကို တွေ့သွားသည်။ ကံကောင်းချင်တော့ အိမ်မှာ သူ မရှိ။

သူ့ကြဲရာပါတစ်ယောက်က သူ့ကို ကလပ်မှနေပြီး ကားတစ်စီးနှင့် လွှတ်ရာသို့ခေါ် ပြေးနိုင်ခဲ့သည်။ ဆိုင်မွန်က မော့ဆက်မှ ပေးထားသော အရေးကြုံလျှင် အကူအညီတောင်းဖို့ အစီအစဉ်အတိုင်း အကြောင်းကြားသည်၊ မော့ဆက်က ကယ်တင်ရေးအဖွဲ့လွှတ်ပြီး သူ့ကို ကယ်တင်ခဲ့သည်။

ကနေ့မနက်ပဲ ပဲရစ်မြို့ကို ဆိုင်မွန်ရောက်နေပြီ။

'ဒီလိုဆိုရင် ကောင်းတာ'

ဂျရာမီယာ၏ အမူအရာမှာ ပြောဖို့ကျန်နေသေးသည်ဟု ထင်လိုက်ပြီး ပြောလက်စ စကားကို သူမ ရပ်ပစ်လိုက်သည်။

'သူ လွတ်မြောက်လာတာတော့ အမှန်ပဲ၊ ဒါပေမဲ့ သူတစ်ယောက်တည်း မဟုတ်ဘူး၊ အမျိုးသမီးတစ်ယောက်ပါလာတယ်'

'အမျိုးသမီးတစ်ယောက်'

သူမက မိုက်မဲစွာ ပြန်ပြောလိုက်သည်။

ပြင်သစ်အမျိုးသမီးအကြောင်းကို ဂျရာမီယာက သူ့ကို ပြန်ပြော

www.burmeseclassic.com

www.burmeseclassic.com



ပြလေသည်။ ဖမတ်စကတ်မှာ အလုပ်လုပ်နေချိန်တွင် ဆိုင်မွန်ကို အိမ်ထောင်ရှိ လူတစ်ယောက်ဖြစ်သင့်သည်ဟု မော့ဆက်က ယူဆကာ ပြင်သစ်အမျိုးသမီးတစ်ယောက်ကို သူ့ဇနီးအဖြစ် ထည့်ပေးလိုက်သည်။

အမျိုးသမီးကလည်း မော့ဆက်အဖွဲ့သားတစ်ယောက်ဖြစ်သည်။ သည်တုန်းက သည်အစီအစဉ်မှာ လုပ်ငန်းသဘော သက်သက်ပဲ ဖြစ်သည်။ သည်အကြောင်းတွေကို မော်လီအနေနှင့် စိတ်စနောင့်စနင်း မရှိရလေအောင် အဖွဲ့က တမင်မပြောဘဲ လျှို့ဝှက်ထားခဲ့သည်။

ဂျရာမီယာဖွင့်ပြောတာတွေတာကို သူမသိပ်ပြီး အံ့ဩလှသည်တော့ မဟုတ်။ ဆိုင်မွန်ဟာတစ်ယောက်တည်းမဟုတ်မှန်း သူမ တစ်ချိန်လုံးသံသယရှိနေခဲ့သည်။ ဒါပေမဲ့ သူမက သည်အကြောင်းတွေကို မမေးခဲ့။ အဖြစ်မှန်ပေါ်လာမည်ကို စိုးရိမ်သည်။ မလိုလားသည့် လိမ်လည် ညာဝါးမှုတွေကိုလည်း မကြားလို။ ဆိုင်မွန်အိမ်ပြန်လာချိန်တိုင်း သည်ပြဿနာကို ရှောင်ရှားခဲ့သည်။

မော့ဆက်က သူမတို့ တစ်ချိန်လုံး လျှို့ဝှက်ထားခဲ့ပြီး၊ ခုမှဘာဖြစ်လို့များ လာပြောနေရပါလိမ့်။ သူမက

'ဘာဖြစ်လို့ အခုကျမှ'

ဂျရာမီယာက နဖူးကြောများ တွန့်လိုက်ပြီးမှ

'ဒီနေ့မနက် ပဲရစ်မြို့မှာ သူနဲ့ငါတွေ့ခဲ့တယ်၊ ဒီမိန်းမက သူနဲ့အတူ အန္တရာယ်တွေကြားက လွတ်မြောက်ခဲ့တယ်၊ ဒီမိန်းမက သူ့အသက်ကို ကယ်ခဲ့တယ်လို့ သူက ပြောတယ်၊ ခုသူတို့နှစ်ယောက် မေတ္တာမျှနေကြပြီ၊ အိမ်ကို သူ ပြန်မလာချင်တော့ဘူး၊ လင်မယား ကွာရှင်းပေးဖို့ တောင်းဆိုနေပြီ'

သူ့စကားလုံးတိုင်းက သူမ၏အသည်းနှလုံးကို ဓားဖြင့်ဆွနေသလို နာကျင်စေခဲ့သည်။

'အဲဒါကို ငါက သဘောမတူဘူး၊ သူ မော့ဆက်က အလုပ်ထွက်ရလိမ့်မယ်၊ သူ့မှာ ပင်စင်ခံစားထိုက်တဲ့ အခွင့်အရေးရှိတယ်၊ သူ့ရဲ့မယားစရိတ် ထောက်ပံ့ကြေးကလေးနဲ့တော့ မင်း ရပ်တည်နိုင်မှာ မဟုတ်ဘူး၊ ဒီတော့ ငါ အခုလာတာက မင်းကို ငါတို့အဖွဲ့ရဲ့ သုတေသနဌာနမှာ အလုပ်ခန့်ဖို့ပဲ မင်း အာရပ်ဘာသာစကား နားလည်တယ် မဟုတ်လား'

ထိုစဉ်က သူမက ဒေါသဖြင့် တုန်တုန်ယင်ယင်ဖြစ်နေရာမှ တံခါးကို မပြုဖွင့်လိုက်ပြီး

'ခုချိန်မှာ ကျွန်မတို့ ဒါတွေ လာပြောမနေပါနဲ့'



ဒါပဲ သူမ ပြောနိုင်သည်။

သူက မိုးကာအင်္ကျီကိုယူပြီး တံခါးပေါက်နားမှာ ရပ်ကာ သူမကို စိုးရိမ်ပူပန်သော အမူအရာနှင့် လှည့်ကြည့်သည်။

'ငါ တစ်ယောက်ယောက်ကို အကြောင်းကြားပေးရမှာလား။ မင်းအမေကို ငါ အကြောင်းကြားလိုက်မယ်လေ'

သူမ တစ်ကိုယ်လုံးတုန်လှုပ်နေပြီး ခေါင်းကို သွက်သွက်ကြီးခါလိုက်သည်။ မျက်ရည်တွေ ကျမလာစေရန် အောက်နှုတ်ခမ်းကို ခပ်တင်းတင်း ကိုက်ထားလိုက်သည်။ သူမ မျက်စိရှေ့မှာ အိပ်ခန်းတစ်ခန်းလုံး ယိမ်းထိုးလာသည်ကိုလည်း တွေ့လိုက်ရသည်။

သူ ကားစက်နှိုးပြီး ထွက်သွားတော့မှ သူမ တစ်ချက်ရှိုက်လိုက်ပြီး၊ သတိလစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၃၄

အဖြူရောင်အခန်းဖြစ်သည်။ နံရံအဖြူ၊ ခုတင်အဖြူ၊ စားပွဲကုလားထိုင်အဖြူ နှင့် ပြတင်းပေါက်ဘောင်များကလည်း အဖြူရောင်ဖြစ်သည်။ ပြတင်းပေါက် သံတိုင်ကိုလည်း အဖြူရောင်ဆေးသုတ်ထားသည်။

ပြတင်းပေါက်က မျက်နှာကြက်နား ကပ်နေပြီး ရှည်မျောမျော အပေါက်ဖြစ်နေသဖြင့် သူအပြင်သို့ လှမ်းကြည့်၍မရ။ အခန်းက ဆေး အခန်းနှင့် ဆင်ဆင်တူနေသည်။ အစားအစာယူလာသော အမျိုးသမီး ကလည်း သူနာပြုဆရာမတစ်ယောက်နှင့် တူလှသည်။ သူမက ခပ်ဝဝ၊ ခါး တုတ်တုတ်၊ မီးခိုးရောင် ဆံပင်များနှင့်၊ မျက်မှန်လည်း တပ်ထားသည်။

အမျိုးသမီးက အစားအသောက်များ ယူလာပြီး အိပ်ရာခုတင်က ပြင်ဆင်ပေးနေသည်။ အတူပါလာသော် ယောကျ်ားတတော့ သူနာပြု မတူ။ သူက အရပ်ရှည်ရှည်၊ မျက်နှာထားတင်းတင်း၊ လက်မောင်းကြွက်သား ပြည့်ပြည့်နှင့်၊ ခါးမှာလည်း ခြောက်လုံးပြူးတစ်လက် ပြောင်ပြောင်တင်းတင်း ထိုးထားသည်။ သူက သူ့အနားသို့ ဘယ်တော့မှမလာဘဲ ဖွင့်ထားသော တံခါးပေါက်ဘေးမှာ ရပ်နေတတ်သည်။ သူ့လှုပ်ရှားမှုတွေကို မသက်မသာ မျက်လုံးအစုံဖြင့် လိုက်ကြည့်နေတတ်သည်။

သူတို့က သူနှင့်စကားမပြော။ သူတို့ကို သူအင်္ဂလိပ်လိုရော ဂျာမန် စကားနှင့်ပါ စကားပြောဖို့ကြိုးစားပေမယ့် သူတို့က စကားပြန်မပြောကြ။

သူတို့ ထွက်သွားသောအခါ အခန်းထဲမှာ တိတ်တဆိတ်လွန်းသဖြင့် သူ ရူးချင်စိတ်ဝင်ပေါက်ခဲ့သည်။



အဖြူရောင်က စိတ်ငြိမ်စေသည်ဟု အများက ပြောကြပေမယ့်၊ သူ့အတွက်တော့ စိတ်ရူးပေါက်မတတ်ဖြစ်ခဲ့ရသည်။ သူ့ တစ်သက်သာမှာ ယခု အချိန်လောက် စကားပြောဖို့ အဖော်လိုအပ်သော အချိန်မရှိခဲ့။

တစ်ပတ်မှာ နှစ်ရက် သုံးရက်ခန့်သာ မျက်မှန်တပ်ထားပြီး ကြွက် မျက်နှာနှင့်တူသော ဖတ်ချိစကားနားလည်သူ တစ်ယောက်ဝင်လာတတ်သည်။ သူက ထုံးစံအတိုင်း စကားစလိုက်သည်။

'ရစ် နေကောင်းရဲ့လား'

သူတို့နှစ်ယောက် အချိန်တော်တော်ကြာကြာ သူ့လုပ်ငန်းနှင့် ပတ်သက်ပြီး စကားပြောဖြစ်ကြသည်။

သူ့အဖမ်းခံရပြီး ဒုက္ခရောက်နေခြင်းမှာ သူ၏အပေါင်းအသင်း သူငယ်ချင်းတွေက လျှို့ဝှက်ချက်ကို မထိန်းသိမ်းနိုင်၍ဟု သူ သဘောပေါက် ထားသည်။ သည်အရပ်ကို သူ မရောက်မီကပင် အစ္စရေးတွေက သိခဲ့ကြောင်း သည်လူက သူ့ကို ပြောပြသည်။ သည်တော့ သူက မည်သူ့ကိုမျှ ထိန်းထားရန် မရှိတော့ဘဲ ကိုယ်လွတ်ရုန်းဖို့သာ ကြိုးပမ်းလေတော့သည်။

အစ္စရေးတွေက သူ့ကို စိတ်ရှိတိုင်း လုပ်နေနိုင်ပြီ။ သူကအလွန် ကြီးကျယ်သော ရာဇဝတ်မှုကြီးတစ်ခုမှာ ပါဝင်နေပြီ။

အစိုးရအရာရှိကြီးတစ်ယောက်ကို လုပ်ကြံမည့် အမှုမျိုးက အကယ်၍ သူအသက်မသေတောင်မှ နှစ်ပေါင်းများစွာ ထောင်ကျပြီးမှ လွတ်နိုင်သော ပြစ်မှုမျိုးဖြစ်သည်။ အကယ်၍ သူက သိသမျှအားလုံးကို ထုတ်ဖော်ဝန်ခံမည်ဆိုလျှင်တော့ သက်သက်သာသာလေး ပြီးသွားလိမ့်မည် ဟု သူတို့က ပြောကြသည်။

အခန်းတံခါး သော့ဖွင့်သံကြားလိုက်သဖြင့် သူအိပ်ရာမှလန့်နိုးလာ သည်။ အချိန်နာရီကို သူကောင်းကောင်းမှန်းဆ၍ မရတော့။ သူတို့က သူ့ နာရီကို ဖြုတ်ယူထားသည်။ အခန်းထဲမှာလည်း နေ့ရောညပါမီးထွန်းထား သည်။ မျက်နှာကြက်နားကပ်နေသော ပြတင်းပေါက် ရှည်မျောမျောက အနက်ရောက်မဟုတ်ဘဲ၊ မီးခိုးရောင်ဖြစ်နေသဖြင့် မနက်မိုးလင်းပြီဟု သူ မှန်းဆ၍ရခဲ့သည်။

တံခါးပေါက်ဝမှာ ဆံပင်ဖြူဖြူ လူတစ်ယောက် ရပ်နေသည်ကိုတွေ့ ရသည်။ ရှပ်အင်္ကျီလက်ပွဝတ်ထားသည်။ သူက ကိုယ်လုံးကိုယ်ထည်သေး ပေမယ့် သူ့အနေအထားကို ကြည့်ရခြင်းအားဖြင့် အာဏာပိုင်အရာရှိတစ်ဦး ဖြစ်လောက်သည်ဟု သူတွက်ဆသည်။

www.burmeseclassic.com

www.burmeseclassic.com



ရစ်က ခုတင်ပေါ်မှ ဆင်းပြီး မတ်တတ်ရပ်ကာ စောင့်နေလိုက်သည်။ ဆံပင်ဖြူနှင့်လူက အင်္ဂလိပ်စကားနှင့် စ၍ပြောလေသည်။

'မင်းက ရစ်ဝေဒင်မဟုတ်လား၊ ငါက ဇူရာမီယာ၊ မော့ဆက်ရဲ့ ခေါင်းဆောင်ပဲ၊ မင်းကို သူတို့က ဒီလွှတ်ပြီး ငါ့ကိုသတ်ဖို့ အစီအစဉ်လုပ်ထားတယ်ဆို'

'ကျွန်တော်'

ရစ်က လည်ချောင်းထဲမှာ ခြောက်ကပ်လာပြီး ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

'ဒီအကြောင်းကို ငါအယုံအကြည်မရှိဘူး၊ ငါ့ကို သတ်ဖို့ဆိုတဲ့ ဇာတ်လမ်းက ငါ့ကိုတစ်ပတ်ရိုက်ဖို့ပဲ မဟုတ်လား၊ လုပ်ပုံလုပ်နည်းက တော်တော်ကို ညံ့ဖျင်းနေတယ်ကွ၊ မင်းတို့လွှတ်လိုက်တဲ့ လူတွေက မင်းကို သက်သက်အသုံးချလိုက်တာပဲ၊ သူတို့က လုပ်ကြံသတ်ဖြတ်ဖို့ အစီအစဉ်ဘက်ကို ငါအာရုံ ရောက်သွားအောင် မျှားခေါ်သွားပြီး ဒီထက်ပိုဆိုးရွားတဲ့ အစီအစဉ်တစ်ခုလုပ်ဖို့ ပြင်ဆင်နေကြတယ်၊ ဒီတော့ မင်းက ငါတို့အတွက် အသုံးမလိုဘူး၊ မင်းကို ငါတို့က တိုင်းပြည်ကနှင်ထုတ်လိုက်မယ်၊ ဒီနေ့မနက် ပထမဆုံးထွက်တဲ့လေယာဉ်နဲ့ မင်းကို ပြန်ပို့လိုက်မယ်၊ တစ်အောင့်လောက်ကြာရင် မင်းပစ္စည်းတွေနဲ့ မင်းရဲ့ နိုင်ငံကူးလက်မှတ်ကို သူတို့ ပို့ပေးလိမ့်မယ်'

ဇူရာမီယာက အခန်းထဲမှ ထွက်သွားပြီး တံခါးပိတ်လိုက်တော့ ဝေဒင် ကြက်သေသေပြီး ကျန်ရစ်ခဲ့သည်။

ဇူရာမီယာ ကော်ရစ်ဒါမှာ လျှောက်လာစဉ် လူတစ်ယောက် သူ့ဆီပြေးလာပြီး သတင်းပို့သည်။

'ဇူရာမီယာ တယ်လီဖုန်းလာနေတယ်'

ဇူရာမီယာက ခေါင်းညိတ်လိုက်ပြီး ထိုအရာရှိနှင့်အတူ ဓာတ်လှေကားဖြင့် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

'ဇူရာမီယာ'

ရဲမင်းကြီး အယ်ဘာရီ၏ အသံကျယ်ကျယ်ကြီးကို ဖုန်းထဲမှ ကြားလိုက်ရသည်။

'ဟုတ်တယ် အယ်ဘာရီ'

ဇူရာမီယာက အေးဆေးစွာ ပြန်ဖြေလိုက်သည်။

'ဇူရာမီယာ၊ ခင်ဗျားက ဝေဒင်ကို တိုင်းပြည်က နှင်ထုတ်ဖို့ အမိန့်ပေးလိုက်တယ်လို့ ပြောနေကြတယ်၊ အဲဒါ ဟုတ်သလား'



'ဟုတ်တယ်'

'ခင်ဗျား ဒီလိုလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒီလူကို ကျုပ်တို့ဖမ်းထားပြီး သူ့ကို စစ်မေးနေတာ'

'သူ့ကို စစ်မေးနေတာပြီးသွားပြီ၊ ကျုပ်တို့ သူ့ကို မလိုတော့ဘူး'

'ဘာဗျ၊ သူ့ကို အလိုမရှိတော့ဘူး ဟုတ်လား၊ ခင်ဗျား'

'ဟုတ်တယ်၊ သူ့ကို တိုင်းပြည်ကနှင်ပစ်တာ ဘာအဓိပ္ပာယ်ရှိတယ်ဆိုတာ ကျုပ်သိတယ်၊ ကျုပ်ဒီကိစ္စကို ဆုံးဖြတ်ချက်မချခင်သေသေချာချာ စဉ်းစားပြီးမှ လုပ်တာ'

'ဒီလိုဆိုရင် ကျွန်တော်က မူအရ ပြောရလိမ့်မယ်၊ ကျွန်တော်တို့ရဲ့အနေနဲ့ ဒီဆုံးဖြတ်ချက်ကို ကန့်ကွက်ရလိမ့်မယ်၊ ကျွန်တော့် အချုပ်ခန်းထဲမှာ ချုပ်ထားတဲ့ လူတစ်ယောက်ကို ကျွန်တော်တို့ လွှတ်မပေးနိုင်ဘူးဗျ'

ဇူရာမီယာက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဒီမှာ အယ်ဘာရီ၊ ကျုပ် စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ လုံခြုံရေးအဖွဲ့အစည်းများကော်မတီရဲ့ နာယကအဖြစ်နဲ့ ကျုပ်က ခင်ဗျားရဲ့ကန့်ကွက်ချက်ကို ပယ်ချပစ်နိုင်တယ်၊ ခု ကျွန်တော် ဒီအတိုင်းပဲ ဆောင်ရွက်နေတယ်၊ ကျုပ်ရဲ့ ဆုံးဖြတ်ချက်က အပြီးသတ်ပဲ၊ တကယ်လို့ခင်ဗျား မကျေနပ်ရင် ဝန်ကြီးချုပ်ဆီအကြောင်းကြားနိုင်တယ်၊ ဝန်ကြီးချုပ် နယူးယောက်က ပြန်လာပြီ၊ သူ့ကို ခင်ဗျား သွားတွေ့ချင်ရင် တွေ့နိုင်ပါတယ်'

ဇူရာမီယာက ရဲဌာနချုပ်အဆောက်အအုံမှ ထွက်လာခဲ့သည်။ သူကားသမား ဒယ်နီကို ဘင်ရှုရိယံလေဆိပ်သို့ မောင်းနိုင်းလိုက်သည်။

တစ်နာရီခန့်ကြာသောအခါ စက်နှိုးထားသော K.L.M လေယာဉ်ကြီးအနီးသို့ ရဲကားတစ်စီးမောင်းသွားတာကို သူကား ပြတင်းပေါက် မှတဆင့် တွေ့မြင်ရသည်။ ထို့နောက် အစောင့်အရှောက်များ ခြံရံလျက် လေယာဉ်ပေါ် တက်သွားသော ဝေဒင်ကို တွေ့မြင်ရသည်။

လေယာဉ်ပျံကြီး ကောင်းကင်ပေါ် ပျံတက်သွားလေမှပဲ သူကကား ထိုင်ခုံနောက်မှီကို မှီလိုက်ရင်း သူ့အစီအစဉ်အောင်မြင်မှ အောင်မြင်ပါ့မလား တွေးတော စဉ်းစားနေမိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၃၅

ပဲရစ်မြို့၏ ညနေ မိုးဖွဲဖွဲကျနေဆဲ။ မြူလာက လမ်းဘေး အများ
တယ်လီဖုန်း အခန်းထဲသို့ ဝင်သွားပြီး နံပါတ်တစ်ခုကို လှည့်လိုက်သ
သူက စကားဝှက်ကို ပြောပြီးနောက် တစ်ဖက်မှပြောစကားမျာ
စူးစူးစိုက်စိုက် နားထောင်နေရာမှ ဒေါသပေါက်ကွဲသွားသည်။

'ဘာကွ၊ တစ်ပတ်ရိုက်တယ်၊ ဟုတ်လား၊ ဂျရာမီယာက ဒီလုပ်
ဆိုတာ သူ့ကို လိမ်တယ်လို့ပြောတယ်၊ ဟုတ်လား'

'ဝေဒင်ကို သူက အဲဒီအတိုင်း ပြောလွှတ်လိုက်တယ်၊ သူ့ကို လုပ်
သတ်ဖြတ်ဖို့ အစီအစဉ်တာ လိမ်တာဆိုပြီး ဒီထက်ဆိုးရွားတဲ့ အစီအစဉ်
လုပ်နေကြတယ်လို့ သူပြောလိုက်သေးတယ်၊ ပြီးမှ နှင်ထုတ်လိုက်တယ်'

မြူလာက ဒေါသပုန်ထပြီး ဓားဘက်သို့ ထွီခနဲ တံတွေး
လိုက်သည်။

'ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ၊ ကျွန်တော်တို့အစီအစဉ်
ပစ်ရမှာလား'

'ဘာအစီအစဉ် ဖျက်လိုက်ရမှာလဲ၊ မင်း တော်တော်
အသုံးမကျတဲ့ ကောင်၊ တုံးပါ့ကွာ မင်း'

သူက အောက်နှုတ်ခမ်းကို ကိုက်ပြီး သူ့ဒေါသကို ထိန်းချုပ်
ကြိုးစားလိုက်သည်။

'မင်း လူတွေကို ပြောလိုက်၊ ဂျရာမီယာကို ပစ်သတ်လိုက်
ပြောလိုက်စမ်း'



သူက တယ်လီဖုန်းကို ဆောင့်ချလိုက်ပြီး နံရံကို မှီလိုက်သည်။

သူ့မျက်နှာပေါ်မှာ မုန်းတီးခြင်းများနှင့် လွှမ်းမိုးနေသည်။ စီးကရက် မီးညှိလိုက်တော့ သူ့လက်များ တုန်နေသည်။

'ငါ့လုပ်ငန်းကြီးကို သူမြင်သွားပြီလား၊ အဲဒါကိုတော့ သူမြင်နိုင်စရာ အကြောင်းမရှိဘူး၊ ဒီအစီအစဉ်က ငါနဲ့ပြောက်ကျားခေါင်းဆောင်ကြီး နှစ်ယောက်တည်းပဲသိတယ်၊ ခေါင်းဆောင်ကြီးက တခြားဘယ်သူ့ကိုမှ ပြောပြမှာ မဟုတ်ဘူး၊ မိုက်ကယ်ဂေါ်ဒွန်လည်း လုံခြုံတဲ့ဆီရောက်နေပြီ၊ အခန်းကလည်း အဆင်သင့်ဖြစ်နေပြီ၊ ဂျရာမီယာထင်ကြေးနဲ့ လုပ်နေတာ ဖြစ်မှာပဲ၊ ဒီကောင်ကြီးက အင်မတန် ဉာဏ်များပြီး စဉ်းလဲတဲ့ နတ်ဆိုးကြီးလို့ လူတွေက ပြောနေကြတယ် မဟုတ်လား။

မြူလာက မိုးဖွဲဖွဲကျနေသော အပြင်ဘက် လမ်းမကို လှမ်းကြည့် လိုက်သည်။

'အချိန်တန်ယင် ဂျရာမီယာလည်း သေရမှာပဲ၊ ဒါပေမဲ့ သူ့ကို အရင် ဖယ်ရှားပစ်ထားမှဖြစ်မယ်၊ ငါ့အစီအစဉ်ထဲမှာ သူက တကယ့်အန္တရာယ် ပေးမယ့် လူတစ်ယောက်ဖြစ်နေပြီ၊ သူ့ကို မလှုပ်ရှားနိုင်အောင် လုပ်ထား ရမယ်၊ သူ့ကို သိက္ခာချရမယ်'

သိက္ခာချရမယ်။

သည်စိတ်ကူး သူ့ခေါင်းထဲ ရုတ်တရက်ဝင်လာသည်။ သူ့ဦးနှောက် ထဲမှာ လုပ်ရမည့်အဖြေ တဖြည်းဖြည်းပေါ်လာသည်။ သူ ခေါင်းတညိတ်ညိတ် ဖြစ်လာသည်။

ဟုတ်ပြီ။

ဂျရာမီယာကို ဘယ်လို ဖျက်ဆီးဖြိုခွဲရမယ်ဆိုတာ ငါ သိပြီ။

မိုက်ကယ်ဂေါ်ဒွန်က ကာဟိန်းအဖွဲ့သားများနှင့် သွားရောက်တွေ့ဆုံခဲ့ပြီး နောက်၊ သူ၏ အခန်းဟောင်းသို့ ပြန်ရောက်လာချိန်မှာ ည သန်းခေါင် ကျော်နေပြီ။

အခန်းသစ်ကိုငှားပြီးထားပေမယ့် သူက နေ့ဘက်တွေပဲသွားသည်၊ အခန်းဟောင်းကို လက်မလွှတ်သေး။ သည်အခန်းဟောင်းမှာ ညလာ အိပ်လေ့ရှိသည်။

သီချင်း တညည်းညည်းနှင့် အပေါ်ထပ်သို့ ပြေးတက်လာသည်၊ အပေါ်ထပ်တံခါးဝနားရောက်တော့ သူ သီချင်းသံရုတ်ခြည်းရပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ တံခါးပေါက်သေးနားမှာ စောင်တစ်ထည်ခြုံပြီး ထိုင်နေသူတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

'ဒါ ဘယ်သူလဲ'

သူက မည်သူမည်ဝါမှန်းသိရန် ငုံ့ကြည့်လိုက်သောအခါ ရှုပ်ပွနေသော စတော်ဗယ်ရီရောင် ဆံပင်များကြားမှ သူ့ကိုမော့ကြည့်နေသော မျက်လုံးစိမ်းလေးကို မြင်လိုက်ရပြီး တအံ့တဩဖြစ်သွားသည်။

'မိုက်ကယ်'

သူမက ခပ်တိုးတိုးခေါ်လိုက်လေသည်။

'အလိုလေ မော်ရင်း'

သူက သူမကို လှမ်းဖက်လိုက်လေသည်။

သူမက သူ့ရင်ခွင်ကိုမှီရင်း အချိန်အကြာကြီး ထိုင်နေခဲ့သည်။ သူမ၏ ဆံပင်နုနုကလေးတွေကို ပွတ်သပ်ပေးရင်း သူက နှစ်သိမ့်ချော့မော့ခဲ့ရသည်။

နောက်ဆုံးသူက 'တိတ်ပါတော့၊ အကုန်လုံး အဆင်ပြေတော့မှာပါ၊ သိပ်ပူမနေပါနဲ့'

မိုက်ကယ်က သူမကို ဆိုဖာပေါ်မှာ ထိုင်စေပြီး

'ငါ့ကို မင်း ဘယ်လိုလုပ်တွေ့အောင် ရှာနိုင်တာလဲ'

'ရှင် ဘယ်မှာရောက်နေတယ်ဆိုတာ ကျွန်မ မသိဘူး၊ ကျွန်မမှာ သွားစရာ နေရာလည်းမရှိဘူး၊ ဒီတော့ ကျွန်မစိတ်ကူးရတာနဲ့ ရှင့်အိမ်ကို မေးဖို့ ဆုံးဖြတ်လိုက်တယ်'

'ငါ့အိမ်ကို ဟုတ်လား'

'တစ်ခါတုန်းက နယူးဂျာစီပြည်နယ် ဝက်စ်ဖီးလ်က လာတယ်လို့ ကျွန်မကို ပြောခဲ့ဖူးတာ ရှင် မှတ်မိသေးလား၊ ဒီတော့ ကျွန်မက အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းဌာနကနေပြီး ဝက်စ်ဖီးလ်က ဂေါ်ဒွန်မိသားစု ဖုန်းနံပါတ်တွေကို စုံစမ်းကြည့်တယ်'

'ဒါဆိုရင် အနည်းဆုံး'

'၁၀ ဦးရှိတယ်၊ ဒီတော့ ကျွန်မက အဲဒီနံပါတ်တွေကို မိုက်ကယ် ဂေါ်ဒွန်ရဲ့အိမ် ဟုတ်ပါသလားဆိုပြီး တစ်ခုပြီး တစ်ခုဆက်ပြီး မေးတော့ နံပါတ် ၇ ခုမြောက်မှာ ရှင့်မိဘတွေနဲ့ တွေ့တယ်'

'ဒီတော့ မင်းက ဘာတွေ ပြောလိုက်သေးလဲ'

'ကျွန်မက ပြင်သစ်သံဝဲဝဲနဲ့ ပဲရစ်မြို့ နိုင်ငံရေးသိပ္ပံဌာနက ပါမောက္ခ



ဂရော့စာက ရှင်ပြုစုနေတဲ့ စာတမ်းအတွက် ရှင့်လိပ်စာ လိုအပ်လို့ မေးမြန်းစုံစမ်းတာပါလို့ ပြောလိုက်တယ်။ ရှင့်အမေက ရှင့်လိပ်စာ ကျွန်မကို ပြောပြလိုက်တယ်'

'မင်း တော်တော် ဉာဏ်များတဲ့ ကောင်မလေးပဲ၊ ပဲရစ်မှာတုန်းက ငါ့ကို မင်းစောင့်နေမယ်လို့ ဆိုတယ်မဟုတ်လား၊ ခုဘာဖြစ်လို့လဲ'

'မိုက်ကယ် တစ်ခုခုဖြစ်နေတယ်၊ ပက်ထရစ် ပျောက်သွားပြီ၊ သူ ဘယ်ရောက်နေတယ်ဆိုတာ ကျွန်မ မသိဘူး၊ သေသလား ရှင်သလား ဆိုတာ ကျွန်မ မသိဘူး'

မိုက်ကယ်၏ ဟန်အမူအရာ နည်းနည်းတောင့်သွားပြီး

'မင်း ဘာတွေပြောနေတာလဲ'

'ရှင် ထွက်သွားပြီးတော့၊ မဟုတ်သေးဘူး၊ လူဇင်ဘတ် ပန်းခြံထဲမှာတုန်းက မြူလာက ရှင့်ကို တစ်နေရာရာ လွှတ်နေတယ်လို့ ပြောတယ် မဟုတ်လား'

သူမက စကားတွေကို ရှေ့နောက် အစီအစဉ်မကျဘဲ ခပ်သွက်သွက် ပြောပြသည်။

ပက်ထရစ်နှင့် သူ တိုင်ပင်ခဲ့သည့်အကြောင်း၊ ပက်ထရစ်က မြူလာနောက်ကို ရောမအထိ လိုက်သွားသည့်အကြောင်း၊ နောက်တစ်နေ့ လိုင်ယင်က သူမဆီရောက်လာပြီး အကြောင်းကြားသည့် အကြောင်းစုံကို ပြန်ပြောလိုက်သည်။

'လိုင်ယင်က ပက်ထရစ်ရဲ့တပည့် တစ်ယောက်လိုဖြစ်ခဲ့တယ်၊ သူက ကျွန်မကို သူ့အခန်းမှာ နှစ်ပတ်သုံးပတ်လောက် နေခွင့်ပြုတယ်၊ မြူလာက ကျွန်မနောက်ကို လိုက်နေပြီလို့ သူထင်လို့ ကျွန်မကိုရှောင်တိမ်းနေဖို့ ပြောတယ်၊ ကျွန်မမှာ သွားစရာမှ မရှိတာ၊ ဒီတစ်သက် အိုင်ယာလန် ပြန်သွားဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ အဲဒီမှာနေရင်းက လိုင်ယင်က ပက်ထရစ်ကို တစ်ချိန်လုံး ထွက်ရှာနေလို့ သူနဲ့လည်း သိပ်မတွေ့ရဘူး၊ မနေ့က မနက်စောစောမှာ သူက ကျွန်မကို အိပ်ရာထဲက အလန့်တကြားလာနှိုးတယ်၊ သူ ကြောက်လန့်ပြီး ဖြူဖပ်ဖြူရော်ဖြစ်နေတယ်၊ လက်တွေတုန်နေတယ်၊ မြူလာက ကျွန်မကို လိုက်ရှာနေတယ်၊ ကျွန်မတို့ အသက်အန္တရာယ်ရှိနေပြီလို့ သူက သတိပေးတယ်၊ ဒီတော့ ကျွန်မ ပဲရစ်ကနေပြီး တခြားနေရာကို ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ထွက်သွားဖို့ လိုမယ်လို့ပြောတယ်၊ ပက်ထရစ်နဲ့ ပက်သတ်ပြီး စိုးရိမ်စရာတွေ သူ တွေ့ခဲ့တယ်လို့ ကျွန်မ ထင်တယ်၊ သူ့ကို မေးတော့

www.burmeseclassic.com

www.burmeseclassic.com



သူက မပြောဘူး မိုက်တယ်၊ ပက်ထရစ်သေပြီလို့ ကျွန်မတထစ်ချ ယုံကြည်တယ်၊ လိုင်ယက်က ကျွန်မကို မပြောပေမယ့် မြူလာက သူ့ကို သတ်ပြီး ကျွန်မတို့ကိုပါ အန္တရာယ်ပြုဖို့ လိုက်နေတယ်လို့ ကျွန်မ နားလည် လိုက်တယ်'

'ဒီတော့ မင်းက ဝက်စ်ဖီးလ်ကို ဖုန်းဆက်ပြီး ဒီကို လိုက်လာတယ် ဆိုပါတော့'

သူမက ခေါင်းတစ်ချက်ညိတ်ပြီး သူ့ကို ဖက်ထားသည်။ ကြောက်လန့်နေသော မိန်းကလေးကို အရက်တစ်ခွက်ဖြင့် ချော့မောတိုက်လိုက်တော့မှ လှုပင်ပန်း စိတ်ပင်ပန်းမှုများရောပြီး ခုတင်ပေါ်မှာ အိပ်ပျော်သွားတော့သည်။

သူမ ပြောပြသော အကြောင်းအရာတွေကြောင့် သူစိတ်အနှောင့်အယှက်ဖြစ်မိသော်လည်း သူမ သံသယရှိခဲ့သလို သူကတော့ သံသယမရှိပေ။ ပက်ထရစ်ကို မြူလာ အန္တရာယ်ပြုခဲ့သည့် အကြောင်းကလည်း သက်သေအထောက်အထားမရှိ။ မြူလာက သူ့အချစ်ဆုံး သူငယ်ချင်းကို အန္တရာယ်ပြုလိမ့်မည်မထင်။ တစ်ချိန်ချိန်မှာ ပက်ထရစ် ပြန်ပေါ်လာပြီး၊ အားလုံးပုံမှန်အတိုင်း ဖြစ်သွားလိမ့်မည်။

အဲဖရက်က သူတို့အပေါ် စိတ်ဆိုးမည်ဆိုလျှင် ဆိုးလောက်သည်။ မိုက်ကယ်ကိုယ်တိုင် မြူလာနေရာက နေကြည့်လျှင် စိတ်ဆိုးမိပေလိမ့်မည်။ မော်ရင်းနှင့် ပက်ထရစ်က အဘယ်ကြောင့် သူ့ လှုပ်ရှားမှုကို နောက်ယောင်ခံပြီး လိုက်ချောင်းရတာလဲ။ ပက်ထရစ်က မြူလာကို ရန်သူသဖွယ် ရောမမြို့အထိ အဘယ်ကြောင့် လိုက်ချောင်းရတာလဲ။

မြူလာက ပက်ထရစ်ကို ဖမ်းမိလိုက်ပြီး ရောမမြို့တစ်နေရာမှာ ပိတ်လှောင်ထားကာ ဖျော်ဖြေရေးဆလင်ချီတက်ပွဲကြီး ပြီးတော့မှ ပြန်လွှတ်လိမ့်မည်ထင်သည်။

ပက်ထရစ်တို့ကို မြူလာက သူ့အစီအစဉ်ကြီးထဲမှာ မပါစေလိုသောဆန္ဒကလည်း သူ့အကြောင်းနှင့်သူ ရှိလိမ့်မည်။ သည်လျှို့ဝှက်ချက်ကို လူသူမသိရအောင် ပိတ်ပစ်မည်ဆိုလျှင် သူ့အတွက် တရားသည်။ အဖွဲ့အစည်းတစ်ခုမှာ တာဝန်ခွဲခြားသည့် သဘောပင်ဖြစ်သည်။

ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းသံများက နံနက်ခင်း၏ ငြိမ်သက်ခြင်းကို ဖြိုခွင်းလိုက်သည်။ မော်ရင်းက အညောင်းဆန့်လိုက်ပြီး သူ့စေးမှ မိုက်ကယ်ကို ခပ်တိုးတိုး ပြောလိုက်သည်။



'မိုက်ကယ် ကျွန်မတို့ ဒီနေရာက ထွက်သွားကြရအောင်နော်၊ ကျွန်မတို့နှစ်ယောက်ကို ဘယ်သူမှ အနှောင့်အယှက်မပြုနိုင်တဲ့ နေရာကို သွားကြရအောင်'

'သွားတာပေါ့ကွာ၊ ဒါပေမဲ့ နောက်ထပ်နှစ်ရက် သုံးရက်လောက် စောင့်ရဦးမယ်'

'ဘာဖြစ်လို့ ခုချက်ချင်း မသွားနိုင်ရတာလဲ'

'ငါ ဒီကို အစီအစဉ်တစ်ခုနဲ့ရောက်လာတယ်ဆိုတာ မင်း မှတ်မိတယ် မဟုတ်လား၊ ဒီအစီအစဉ်မပြီးခင် ငါ သွားလို့ မဖြစ်ဘူး'

သူမက ကိုယ်ကို တစ်ချက် တွန့်လိုက်သည်။ သူမ၏ မျက်လုံးထဲသို့ ကြောက်လန့်ခြင်းများ ပြန်ဝင်လာသည်။

'ဘာ အစီအစဉ်တွေလဲ မိုက်တယ်၊ ရှင့်ကို ကျွန်မ ပြောပြီးပြီ မဟုတ်လား၊ မြူလာက'

'ဒီမှာ မော်ရင်း၊ မြူလာဟာ မင်းတွေးထားသလောက် မဆိုးဘူးလို့ ငါ ထင်တယ်၊ မင်းသူငယ်ချင်း လိုင်ယင်က လိုတာထက် ပုံကြီးချဲ့နေတယ်လို့ ငါ ယူဆတယ်၊ မြူလာက ပက်ထရစ်ကို အန္တရာယ်မပြုလောက်ပါဘူး၊ တစ်ရက် နှစ်ရက်လောက် ကြာရင် မြူလာရောက်လာလိမ့်မယ်၊ သူ့ကို ငါ မေးကြည့်ဦးမယ်'

'ဘာ မြူလာ ဒီကို'

သူမက ခုတင်ပေါ်မှ ခုန်ဆင်းလိုက်သည်။ ကြောက်အား လန့်အား မအော်မိစေရန် ပါးစပ်ကို ပိတ်ထားလိုက်ရသည်။

သူက ခေါင်းညိတ် ပြလိုက်သည်။

မော်ရင်း အတိုင်းအဆမဲ့ ကြောက်လန့်နေပြီး ထိန်းမနိုင် သိမ်းမရဖြစ်လာသည်။

'ဒီလူသတ်သမားအကြောင်း ကျွန်မ ဒီလောက်ပြောပြီးတာတောင် ရှင်က တွေ့ချင်နေသေးတယ် ဟုတ်လား'

သူမက အကျႌအဝတ်အစားများကို ကောက်ယူပြီး ဒရောသောပါးပြန်ဝတ်နေသည်။

'ဒီမှာ မော်ရင်း၊ ဒီလောက် ဝရုန်းသုန်းကား ဖြစ်မနေပါနဲ့ ငါတို့ အေးအေး ဆေးဆေးစကားပြောကြရအောင်'

'ဒီမှာ မိုက်တယ်ဝေါ်ခွန်၊ ရှင် ရူးနေသလား၊ ရှင် ဒီလောက် ထုံရသလား၊ ရှင့်ကိုယ်ရှင် တော်လှန်ရေးသမားကြီးများ အောင့်မေ့နေသလား၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်ကျမှ ရှင် သတိပြန်လည်လာမလဲ၊ သူက သေနတ်ဆွဲပြီး ရှင့်နဖူးထဲ ကျည်ဆန်ပစ်သွင်းလိုက်မှပဲ ရှင် သတိရတော့မှာလား။ ကျွန်မကို ရှင်ချစ်တယ်လို့ အောင့်မေ့နေတာ'

'မော်ရင်း၊ မင်းကို ငါ တကယ်ချစ်တာပါ၊ ဒါပေမဲ့'

'ကျွန်မကို မထိနဲ့'

သူမက အော်ဟစ်လိုက်သည်။

'ကျွန်မနားကို မကပ်နဲ့၊ မြူလာကို ရှင် ကိုးကွယ်နေတယ် မဟုတ်လား၊ ရှင်က သူ့ကို စောင့်ရမယ်၊ ဟုတ်တယ် မဟုတ်လား၊ ကောင်းပါပြီ၊ ရှင် စောင့်နေရစ်တော့၊ အဆင့်သင့်ဖြစ်အောင် လည်စင်းထားပေးလိုက်ပါဦး၊ ရှင်လည်း တခြားလူတွေလို အဆုံးသတ် သွားရမှာပဲ'

သူမက မိုက်ကယ်လက်ထဲမှ ရုန်းထွက်လိုက်သည်။ ညော်ခန်းကို ဖြတ်ပြီး အခန်းအပြင်ဘက်သို့ ထွက်ပြေးသွားသည်။

ပထမတော့ သူမတည်းခိုရာ အမေရိကန်ကုမ္ပဏီဟိုတယ်သို့ ပြန်ဖို့ဖြစ်သည်။ လမ်းခုလတ်တွင် အလွန်လှပသည့် လူတန်းကြီးတစ်ခု ဘုရားရှိခိုးကျောင်းဝင်းထဲသို့ ဝင်သွားတာကို မော်ရင်း မြင်လိုက်ရသည်။

မယ်သီလရှင်နှင့် ဘုန်းကြီးတွေက ဝတ်ရုံဖြူများ ဝတ်ထားကြသည်၊ အာရပ်မိန်းကလေးတွေကလည်း သပ်ရပ်စွာ ဝတ်ဆင်ထားကြသည်။ သာယာနာပျော်ဖွယ် ဓမ္မတေးများကို ရွတ်ဆိုရင်း လက်ထဲမှ သစ်ခက်ကလေးများကို ဝှေ့ယမ်းလာကြသည်။

မော်ရင်း ယခုမှ သတိရလိုက်တော့သည်။

ယနေ့သည် ယေရှုခရစ်တော်က ဂျေရုဆလင်မြို့သို့ အောင်မြင်စွာ ပြန်လည်ဝင်ရောက်သည့်နေ့ နှစ်စဉ်နှစ်တိုင်း အထိမ်းအမှတ်ပြုသည့်နေ့

အီစတာပွဲတော်က နောက်တစ်ပတ်အကြာ ဧပြီလ ၇ ရက်နေ့မှ ကျရောက်မည်။

ဧပြီလ ၇ ရက်၊ သောကြာနေ့ မြူလာ၏အစီအစဉ်အရ သတ်မှတ်ထားသောနေ့ရက်ဖြစ်မှန်းတော့ သူမ မသိပါချေ။

# ၃၆

နယူးယောက်မြို့ ဝါးဒေါ့အက်စတိုရီးယားဟိုတယ်ကြီး၏ ၁၈ ထပ်သို့ ဓာတ်လှေကားမှ ဒိုင်လင် ထွက်လာချိန်မှာ ပါတီပွဲစနေပြီ။ ဤပါတီပွဲက ဆော်ဒီရေနံဝန်ကြီးနှင့် ကုလသမဂ္ဂရောက် သံအမတ်ကြီးများ၏ ပါတီဖြစ်သည်။

ခန်းမကြီးထဲမှာ ပရိတ်သတ်များ ပြည့်ကျပ်နေပြီး အမျိုးသမီးများကို သိပ်မတွေ့ရ။

သည်လိုပါတီမျိုးက သူမတို့လို အမျိုးသမီးတွေ အလွန်ပျင်းစရာကောင်းသော ပါတီမျိုးဖြစ်သည်။ တစ်နာရီအတွင်း ရှန်ပိန် ၆ ခွက် သောက်ပြီးနောက် သူမ၏ မျှော်လင့်ခြင်းများ တုန်ဆုံးသွားသည်။

တချို့လူစုထဲသို့ ဝင်ကြည့်သော်လည်း စကားပြောမရ၍ ပြန်ထွက်ခဲ့ရသည်။ သူတို့ပြောကြသော အကြောင်းအရာတွေက ရေနံအကြောင်း၊ အိုပက်နိုင်ငံရေးအကြောင်း၊ ပင်လယ်ကွေ့ ရေနံထုတ်ကုန်အကြောင်း။ သူမ ဘာမျှ နားမလည်။

သူမက အခန်း၏ တစ်ဘက်စွန်းရှိ ပြတင်းပေါက်နားမှာ ရပ်ပြီး အပြင်ဘက်ကို ငေးကြည့်စဉ် တစ်ယောက်ယောက်က သူမကို စောင့်ကြည့်နေသည်ဟု ထင်မိလိုက်သည်။

သူမ ပြန်လှည့်ကြည့်လိုက်တော့ လူလတ်ပိုင်း အရွယ်ကိုယ်ကာယ ထွားထွား၊ အာရပ်အမျိုးသားတစ်ယောက်က သူမကို ဂရုတစိုက်ကြည့်နေတာကိုမြင်လိုက်ရသည်။ ထိုလူက သောက်လက်စ လိမ္မော်ရည်ကို ထားခဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



သူမဆီသို့ လျှောက်လာသည်။

'ကောင်းသော ညနေခင်းပါ ခင်ဗျာ'

နှုတ်ဆက်ပြီး သူက

'ကျွန်တော့်နာမည်က ယူစွက်အယ်လ်ဟာမစ်ပါ၊ ကျွန်တော်က အယ်လ်ဂျီးရီးယားနိုင်ငံရဲ့ ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့က ဒုတိယအတွင်းဝန်ပါ၊ ခင်ဗျားကရော'

'ကျွန်မက ဒိုင်ယင်မစ်ဆင်ပါ၊ နယူးယောက်တိုင်း သတင်းစာကပါ'

'ကျွန်တော်တို့ရဲ့ ပါတီပွဲကို ခင်ဗျား ဘယ်လိုသဘောရသလဲ၊ နက်ဖြန် မနက်သတင်းစာမှာ ရေးစရာအကြောင်းရော ရပြီလား'

'ကျွန်မ ကြုံဖူးတဲ့ ပါတီတွေထဲမှာတော့ ဒီပါတီက ပျင်းစရာအကောင်းဆုံးပဲ၊ ဘာတစ်ခုမှ ရေးစရာမကောင်းဘူး'

'သံတမန်ပါတီဆိုတာ ဇာတ်လမ်းကောင်းကောင်းရတဲ့ ပါတီမျိုးမဟုတ်ဘူး အမျိုးသမီးရဲ့၊ သတင်းထောက်ဆိုတာဟာ ကိုယ်သတင်းထောက်လှမ်းရမယ့်လူကို ဘားခန်းထဲခေါ်သွား၊ အရက်နာနာတိုက်၊ ဒီတော့မှ စက်ရေသတင်းလေး ဘာလေးရတတ်တာ၊ လာ အောက်ထပ် ဘားခန်းထဲမှာသွားပြီး အေးအေးဆေးဆေးနဲ့ ရှန်ပိန်လေးဘာလေး သွားသောက်ရအောင်၊ အဲဒါဆို ကျွန်တော့် အပေါင်းအသင်းတွေက ကျွန်တော့်ကို ဘုရားမကြိုက်တဲ့ အလုပ်လုပ်တာ မမြင်ရတော့ဘူးပေါ့'

သူမက သူ့ကို မသက်သာသလို ကြည့်လိုက်သည်။ ဒီလူက တစ်ခုခု ပြောချင်နေလို့ စနေတာလား၊ ဒါမှမဟုတ် လူကို ချိုင်ချင်လို့ပဲလား။ နှစ်မျိုးစလုံး ဖြစ်နိုင်သည်ဟု သူမ ယူဆလိုက်သည်။

'ကောင်းသားပဲ၊ ပါတီပွဲလည်း ပြီးခါနီးနေပြီ'

သူတို့နှစ်ယောက် ဓာတ်လှေကားဖြင့် အောက်ထပ် ဘားခန်းထဲသို့ ရောက်လာသည်။ ချောင်ကျကျ နေရာမှာ ထိုင်ကြသည်။

စားပွဲထိုး အမျိုးသမီးလေးတစ်ယောက်က ငွေရောင်ပုံးနှင့် ရွှေရောင်တံဆိပ်များပါသော ရှန်ပိန် တစ်ပုလင်းယူလာသည်။ အရက်ကို စိမ်ပြေနပြေ သောက်ရင်း သူက မေးသည်။

'မင်း ဂျူးသွေးများ ပါသလား'

'မပါပါဘူး၊ ရှင် ဘာဖြစ်လို့ ကျွန်မကို ဒီလို မေးရတာလဲ'

'ဘာကြောင့်လဲဆိုတော့ ဂျူးတွေက ကမ္ဘာပေါ်မှာ သူတို့သာ အတော် ဆုံးလို့ထင်နေကြတယ်လေ။ အဲဒါကြောင့် မေးတာပါ။ နေ့ရှိသရွေ့



တခြား လူတွေထက် သူတို့ဘယ်လောက် ပိုတော်တယ်ဆိုပြီး ကြွားနေကြတယ်'

'ဒီလို မဟုတ်ဘူးလို့ ရှင်က ထင်နေတယ်ပေါ့'

'ထင်တာမဟုတ်ဘူး၊ ခိုင်ခိုင်မာမာ သက်သေပြနိုင်တယ်'

'ဟုတ်ပါ့မလား'

သူက သူမကို စေ့စေ့စပ်စပ် ကြည့်လိုက်ပြီး

'ကျုပ် နာမည် ယူဆွတ်အယ်လ်ဟာမစ်၊ ခင်ဗျား ကြားဖူးသလား'

'အယ်လ်ဟာမစ် ဟုတ်လား၊ ကျွန်မ မကြားဖူးပါဘူး'

'၁၉၇၃ ခုနှစ်က ကျွန်တော် ဂျီနီဗာမှာ တာဝန်ကျတယ်'

'အဲဒါလည်း ကျွန်မ မကြားမိဘူး'

'ဒီလိုဆို လီလီဟန်းမားဆိုရင်တော့ မင်းဘယ်လို သဘောပေါက်သလဲ'

'အဲဒါကရောဘာလဲ၊ တယ်လီဗီးရှင်း ကြော်ငြာလား၊ ဒါတွေအားလုံး ဘာမှ ကျွန်မမသိဘူး'

'၁၉၇၃ ခုနှစ်က ထူးဆန်းတဲ့ လူသတ်မှုတစ်ခုဖြစ်သွားခဲ့တဲ့ နော်ဝေးက မြို့တစ်မြို့ဆိုရင်တော့'

'၇၃ ခုဟုတ်လား၊ ၇၃ ခု လီလီဟန်းမားလို့ ရှင်ပြောတယ်၊ အဲဒီ မြို့လေးမှာ အစ္စရေးတွေက မော်ရိုကို လူမျိုးတစ်ယောက်ကို သတ်တဲ့နေရာ မဟုတ်လား'

'အေး ဟုတ်ပြီ'

သူက ပြောပြီး အရက်ခွက်တွေကို နောက်ထပ်ဖြည့်လိုက်သည်။

'ကျွန်မ မှတ်မိသလောက် ပြောရရင် အစ္စရေးတွေက နာမည်ကြီး အကြမ်းဖက်သမား တစ်ယောက်ကို လိုက်ရှာနေတယ် မဟုတ်လား'

'ဟုတ်ပြီ၊ အဲဒီ အရှာခံရတဲ့ လူရဲ့ နာမည်က အလီဟတ်ဆန် ဆလာမက်'

'အဲဒီတုန်းက အစ္စရေးတွေက လူမှားပြီး ထမင်းဆိုင်တစ်ဆိုင်က စားပွဲထိုးတစ်ယောက်ကို သတ်ခဲ့တယ် မဟုတ်လား'

'အဲဒီအသတ်ခံရတဲ့ လူရဲ့နာမည်က အာမက်ဆူရှိကီလို့ခေါ်တယ်'

'အဲဒီတုန်းက အစ္စရေးတွေ တော်တော်တုံးတဲ့ အမှားတစ်ခုကို လုပ်ခဲ့ကြတာပဲ'

'အမှားမဟုတ်ဘူး၊ ငါတို့ရဲ့ထောင်ချောက်ပဲ၊ ဒီဘက်ခေတ်မှာ ခေတ်အမီဆုံးထောင်ချောက်ထဲကို သူတို့ဝင်လာတာပဲ၊ အဲဒီဇာတ်လမ်းထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ငါကအစကတည်းက ပါဝင်ခဲ့တဲ့လူ'

'ရှင် ဟုတ်လား'

ပထမဆုံးအကြိမ် သူမတွင် သတင်းထောက်တစ်ယောက်ရှိသင့်ရှိအပ်သော ထိန်းသိမ်းမှုများ လွတ်သွားသည်။

စိတ်ဝင်စားဖွယ် ဟိုးလေးတကျော်ကျော် သတင်းဖြစ်နိုင်လောက်သည်ကို သူမ မှန်းဆ၍ ရလိုက်သည်။

'ကျွန်မကို ပြောပြပါလား'

အယ်လ်ဟာမစ်က အရက်ခွက်ကို မော့ချလိုက်ပြီး ရှန်ပိန်ပုလင်းကို မီးရောင်မှာ ထောင်ကြည့်လိုက်သည်။

'ကုန်သွားပြီ'

သူက ပြောလိုက်ပြီး သူမဘက်သို့လှည့်ကာ

'အရက်ဆိုင်ထဲမှာ အလုပ်လုပ်ရမယ်လို့ ဘယ်ငတုံးကများ ပြောထားသလဲ၊ အရက်ဆိုင်ဆိုတာ လူရှုပ်တယ်၊ လူစိမ်းတွေများတယ်၊ ချောင်းနားထောင်သူတွေရှိနေဦးမယ်၊ မင်းကို အနှောင့်အယှက် ပေးကြဦးမယ်၊ ဒီမှာ ဗိုင်ယင်၊ သတင်းထောက် တစ်ယောက်ဟာ စက်ရုပ်သတင်းလိုချင်ရင် သတင်းပေးသူရဲ့ အခန်းထဲကို စိတ်အေးလက်အေး လိုက်သွားပြီးမှ လိုရာသတင်းကို နှိုက်ယူနိုင်တယ် မဟုတ်လား၊ လာ သွားစို့'

သူက အရက်ပုလင်းကို မှုလပုံးထဲသို့ ဇောက်ထိုး ပြန်ထည့်လိုက်ပြီး သူ့ကိုယ်သူ လက်မနှင့်ထောက်လျက်

'ဒီငနဲဆီမှာ မင်းလိုချင်တဲ့ သတင်းတွေ အများကြီးရှိတယ်'

သူ၏အခန်းသို့ရောက်ပြီး နာရီဝက်ခန့်ကြာသောအခါ သူက သူမဘေးတွင် ယှဉ်အိပ်ပြီး စီးကရက်တစ်လိပ်ကို မီးညှိဖွာရင်း

'၁၉၇၃ ခုနှစ်တုန်းက ငါက ဂျိနီဗာမှာရှိတဲ့ ကုလသမဂ္ဂအဖွဲ့အစည်းမှာ အယ်ဂျီးရီးယားကိုယ်စားလှယ်အဖွဲ့ရဲ့ အလုပ်သမား တာဝန်ခံအဖြစ်နဲ့ လိုက်သွားတယ်၊ အဲဒါ ဟန်ပြသက်သက်ပဲ၊ ငါ့ရဲ့တကယ့်တာဝန်က ဥရောပမှာရှိနေတဲ့ ဘလက်စက်တင်ဘာ အဖွဲ့သားတွေနဲ့ ဆလာမက်ကြားမှာ အဆက်အသွယ်လုပ်ဖို့ တာဝန်ယူရတာ၊ မြူးနစ်ကိစ္စပြီးကတည်းက အစ္စရေးတွေက သူ့နောက်ကို အသေအလဲ လိုက်နေတယ်ဆိုတာ ငါတို့သိတယ်၊ ဒီတော့ ငါတို့က ကြိုတင်ပြီး၊ အကာအကွယ်ယူဖို့လိုတယ်'

'လုံခြုံရေးကြောင့် ငါသွားလေရာမှာ ငါ့နောက်မှာအာရပ်နဲ့ ဥရောပတိုက်သား လေးယောက်လောက်အမြဲတမ်း အစောင့်အရှောက်ပါတတ်တယ်၊



၇၃ ခုနှစ် မေလ ငါ လန်ဒန်ခရီးမှာ ထူးဆန်းတဲ့ လူတစ်ယောက် ငါ့နောက်ကို လိုက်လာတာ သတိထားမိ လိုက်ရတယ်၊ ငါ့အစောင့် လေးယောက်က ကင်မရာတွေ လျှို့ဝှက်ပြီးယူလာတယ်လေ၊ အဲဒီလူကို ဓာတ်ပုံရိုက်ပြီး စစ်ဆေးကြည့်လိုက်တော့ အစ္စရေးအေးဂျင့်တစ်ယောက်ဖြစ်မှန်း သိလိုက်ရတယ်၊ ငါတို့ အဖွဲ့ထဲက လူတချို့က ဒီကောင့်ကိုဖြောင်းပစ်ဖို့ ဆန္ဒရှိကြတယ်၊ ဒါပေမဲ့ ငါတို့ရဲ့ ဥရောပတိုက်သား မိတ်ဆွေက အစ္စရေးတွေကို သူ့နည်းနဲ့သူ ပြန်တွယ်ဖို့ အစီအစဉ်လုပ်လိုက်တယ်၊

'ဂျူလိုင် လဆန်းလောက်မှာ ငါတို့က ဆလာမက်ဟာ စကင်ဒီနေဗီးယန်းနိုင်ငံတွေကို ခရီးသွားမယ့်အကြောင်း သတင်းလွှင့်ခဲ့တယ်၊ ငါက မော့ဆက်အဖွဲ့သားတွေ မျက်ခြည်မပြတ်ရလေအောင် အော်စလိုမြို့ကို ခပ်ပြောင်ပြောင်ပဲ သွားခဲ့တယ်၊ ငါတို့ ထင်တဲ့အတိုင်း အစ္စရေးတွေက ငါ့နောက်ကနေပြီး လီလီဟန်းမားမြို့အထိ လိုက်လာကြတယ်၊

'ငါတို့ လီလီဟန်းမားမြို့ကို ရွေးတာကတော့ မင်းတို့သိတဲ့အတိုင်း ဒီမြို့ကလေး အင်မတန်ငယ်လေတော့ လူစိမ်းတွေ ရောက်လာရင် အလွယ်တကူ မှတ်မိနိုင်တယ်၊ ငါက အော်စလိုမြို့ကို ရောက်ရောက်ချင်း ငါ့နောက်မှာ အစ္စရေးအေးဂျင့်တွေ ပါလာတာ သေချာပြီဆိုတော့ လီလီဟန်းမားမြို့ကလေးကို ကားမောင်းထွက်သွားလိုက်တယ်၊ နောက်ထပ် လုပ်ရမယ့်ကိစ္စကတော့ ဓားစာခံရှာဖို့ပဲ

အဲဒီ ဆူရှိုက်ဆိုတဲ့လူကို ရွေးချယ်လိုက်တာ ငါမဟုတ်ဘူး၊ အစီအစဉ်ကိုအစအဆုံးလုပ်တဲ့ ဥရောပတိုက်သားက ရွေးတာပဲ၊ အဲဒီလူက ဆလာမက်နဲ့ နည်းနည်းဆင်တူလို့ ရွေးလိုက်တာ၊ ငါ့တာဝန်က အဲဒီလူနဲ့ ခဏဆုံပြီး လူတွေရှေ့မှာ လက်ဖက်ရည် တိုက်လိုက်တာပဲ၊ ဒီနောက် ငါက ရှောင်တိမ်းနေလိုက်တယ်၊ ဆူရှိုက်ကို အစ္စရေးက သတ်လိုက်တဲ့အချိန်မှာ ငါက နယ်ခြားကို ကျော်ဖြတ်ပြီးသား ဖြစ်နေပြီ၊ ဆလာမက်ရဲ့ သူငယ်ချင်း ဥရောပတိုက်သားက ဆူရှိုက်ရဲ့အိမ်နဲ့ တိုက်တစ်ရာလောက်နေရာမှာ ကားနဲ့ စောင့်ကြည့်နေတယ်၊ အစ္စရေးတွေ ဆူရှိုက်ကိုသတ်ပြီး ထွက်ပြေးသွားတာနဲ့ တစ်ပြိုင်နက် ရဲကို သတင်းပေးလိုက်တော့တာပဲ၊ အဲဒီနေ့ ညမှာပဲ အစ္စရေးတွေ အကုန်လုံး အဖမ်းခံရတယ်၊ ကျန်တာတော့ မင်းသိပြီးသားပဲ၊ ဒီနည်းနဲ့ အစ္စရေးတွေကို ငါတို့ ဆော်ထည့်လိုက်တာပဲ၊ ဘယ့်နှယ်လဲ ဒီသတင်းကောင်းတယ် မဟုတ်လား'

သူမက ခုတင်အတွင်းဘက်ဆီသို့ တိုးသွားကာ

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ ဥရောပတိုက်သားက ဘယ်သူလဲ'

အယ်လ်ဟာမစ်က ပခုံးတစ်ချက်တွန့်လိုက်ပြီး

'အဲဒါတော့ ငါ မသိဘူး၊ ဒီလူက နာမည်အမျိုးမျိုး သုံးတတ်တယ်၊ သူက လူထူးလူဆန်းဖြစ်ပေမယ့် ဆလမက်က သူ့ကိုခင်တယ်၊ မြူးနစ်ကိစ္စတုန်းက သူတို့နှစ်ယောက် အတူတူစီစဉ်တာပေါ့'

သူမက ခုတင်ပေါ်မှဆင်းပြီး အဝတ်အစားများကို ပြန်ဝတ်နေရာမှ

'ကျွန်မကို ဒီအကြောင်း ဘာလို့ပြောရတာလဲ'

သည်လို ဇာတ်ကြောင်းမျိုးက တွေ့ရာကြုံရာ လူကို ပြောပြရမည့် ဇာတ်လမ်းမျိုး မဟုတ်၊ အယ်လ်ဟာမစ်က ဝါးလုံးကွဲရယ်ချလိုက်သည်။

'ရှင်းရှင်းပြောရရင် မင်းကို ငါ သဘောကျလို့ ပြောတာပဲ၊ ဒါပေမဲ့ တကယ်တမ်း အတည်ပေါက်ပြောရမယ်ဆိုရင်တော့ ငါက လက်ရှိအလုပ်က ထွက်တော့မယ်၊ ဆော်ဒီအာရေးဗီးယားမှာ ရေနံဝန်ကြီးရုံးက အာရပ်နိုင်ငံအချင်းချင်း ဆက်ဆံရေးအတွက် လက်ထောက် ဒါရိုက်တာ အလုပ်က ငါ့ကို စောင့်နေပြီ၊ ခု ငါ့ ဇာတ်လမ်းက ငါ့ကို အာရပ်လောက တစ်ခုလုံးမှာ သူရဲကောင်း တစ်ယောက်လို့ နာမည်ကျော်သွားတော့မှာပဲ၊ လူတွေက ငါ့ကို မော့ဆက်ကို ဆော်တဲ့လူလို့ သိကြမှာ၊ ငါ့အနေနဲ့ ထူးထူးခြားခြား အန္တရာယ် မရှိနိုင်ဘူး၊ ဒီတိုင်းပြည်က နောက်တစ်ပတ်ဆိုရင် ထွက်သွားပြီ၊ အစ္စရေးတွေက ငါ့ကိုတွေ့ဖို့ အချိန်တော်တော်ကြာကြာ ရှာကြရလိမ့်ဦးမယ်၊ ကဲ ဘယ့်နှယ်ရှိစ စက်ရပ်သတင်းရပြီ မဟုတ်လား'

အခန်းထဲမှ ထွက်ပြီး ဓာတ်လှေကားထဲ ရောက်တော့မှ သူမ ရလိုက်သည့် သတင်းက သတင်းထောက်တစ်ယောက်၏ဘဝမှာရဖို့ အလွန်ခဲယဉ်းသော သတင်းမျိုးဖြစ်ကြောင်း စဉ်းစားမိတော့သည်။

အယ်လ်ဟာမစ်က သူမကို ထူးခြားလှသည့် ဇာတ်လမ်းပြောပြလိုက်သည်။ သည်ဇာတ်လမ်းနှင့် ပတ်သက်ပြီး အပေးအယူ မလုပ်ခဲ့။ သူက သည်ဇာတ်လမ်းကို ကြုံရာ သတင်းထောက် တစ်ယောက်ယောက်ကို ပေးမှာ အမှန်။ သူမက ကြုံရာ သတင်းထောက်ဖြစ်သွားခဲ့ပြီ။

အိမ်အပြန် အငှားကားပေါ်မှာ သူမ စိတ်ပြောင်းသွားပြီး ကားသမားကို သတင်းစာတိုက်သို့ မောင်းခိုင်းလိုက်သည်။ ပထမမှတ်တမ်းဌာနကိုသွားပြီး သုတေသန နည်းနည်းလုပ်ရမည်။ လိုအပ်သည့် နေရာများကိုလည်း ဖုန်းဆက်၍ မေးမြန်းစုံစမ်းရဦးမည်။

နောက်တစ်နေ့ နံနက်တွင် သူမ၏သတင်းက တိုင်းသတင်းစာ၏



မျက်နှာဖုံးမှာ ပါလာတော့သည်။

ခေါင်းစဉ်ကြီးက

'မော့ဆက်အဖွဲ့က ဘလက်စက်တင်ဘာအဖွဲ့က လီလီဟန်းမား အမှုမှာ အရှုံးလုပ်လိုက်ခြင်း'

ခေါင်းစဉ်ငယ်က 'အာရပ်လျှို့ဝှက်အေးဂျင့်များက အစ္စရေးအဖွဲ့ကို လူမှားသတ်မိစေရန် မျှားခေါ်လိုက်ခြင်း'

လမ်းဘေး သတင်းစာ အရောင်းဆိုင်များသို့ တိုင်းသတင်းစာများ ရောက်လာချိန်တွင် ဇျေရုဆလင်မြို့ရှိ သချိုင်းတော် ဘုရားရှိခိုးကျောင်းမှ နံနက်ချိန် ခေါင်းလောင်း ငါးချက် ထိုးလိုက်သည်။ ထိုနေ့ကား ဧပြီလ ၄ ရက်နေ့။

www.burmeseclassic.com

www.burmeseclassic.com

## ၃၇

ဂျေရုဆလင်မြို့တွင် မိုးသည်းထန်စွာ ရွာချလိုက်သည်၊ ဂျူဗီယံတောင်ကုန်းတို ဖုံးလွှမ်းနေသော မိုးသားနက်များကြားမှ မိုးကြိမ်းသံများ တလိမ့်လိမ့် မြည်ဆင်းနေသည်၊ မြို့ထဲတွင် ရွှံ့ရေများ၊ နံနတ် ရုံးတက်ချိန် ကားများနှင့် လမ်းများ ပိတ်ဆို့ပြီး ကျပ်ခဲနေသည်။ ဒါပေမဲ့ ဘင်မိုင်မွန်လမ်းပေါ်မှာတော့ ကားများ ရှင်းနေသည်။

မီးခိုးရောင် ဗော်လဗိုကားသည် တိုက်နံပါတ် ၁၉ ရှေ့မှာ ရပ်ထားသောရဲကားနောက်တွင် ကပ်၍ရပ်လိုက်သည်။ အရပ်ဝတ်နှင့် လူနှစ်ယောက်က ကားတစ်ဖက် တစ်ချက်ဆီသို့ ကပ်လာကြသည်၊

ဆံပင်အဝါကို တိုတိုညှပ်ထားသော အရပ်ထောင်ထောင်မောင်းမောင်း လူတစ်ယောက် ကားပြတင်းပေါက်မှ အတွင်းဘက်သို့ ငုံ့ကြည့်လိုက်သည်။

ကားနောက်ခန်းထဲမှ ကိုယ်ရံတော် နှစ်ယောက်ကြားတွင် ပါလာသူကို သူ မှတ်မိလိုက်သည်၊ သူက ရိုသေစွာ ခေါင်းညိတ်လိုက်ပြီး သူ့လက်ထဲမှာ ကိုင်ထားသော ဝေါကီတော်ကီနှင့် စကားအနည်းငယ် ပြောလိုက်သည်။

ကွန်တီနာ ကားတစ်စီး ဗော်လဗိုကားနောက်သို့ နောက်ထပ်ရောက် လာပြီး ကားပေါ်မှ ကိုယ်ရံတော်များ ဆင်းလာသည်။ ဗော်လဗိုကား၏ နောက်ခန်း တံခါးပေါက်များကို သူတို့ ကိုယ်နှင့် ပိတ်ကာထားလိုက်ကြသည်။

'တော်ကြစမ်းပါကွာ၊ မင်းတို့ဟာက '



ဂျရာမီယာက စိတ်ပျက်လက်ပျက် ညည်းညူလိုက်ပြီး ကျပ်ညှပ်နေသည့် ကားထဲမှ တိုးထွက်လာသည်။

'မင်းတို့ ဗီဆပ်ကပ်ပွဲက ရပ်ဖို့ကောင်းပါပြီကွာ၊ ဝန်ကြီးချုပ်အိမ်ရှေ့မှာ ငါ့ကို ဘယ်သူမှ သေနတ်နဲ့လာပစ်မှာ မဟုတ်ပါဘူး'

သူက ကုတ်အင်္ကျီမပါဘဲ ဝန်ကြီးချုပ်အိမ်သို့ လမ်းလျှောက်သွားသည်။ မိုးကာအင်္ကျီဝတ်ထားသော ရဲအရာရှိတစ်ယောက်က ဝန်ကြီးချုပ်အိမ်ဝင်ပေါက်ဘေးရှိ အစောင့်တဲမှ ထွက်လာကာ သံတံခါးဖွင့်ပေးပြီး သူ့ကို အလေးပြုလိုက်သည်။ နှစ်ထပ်တိုက်၏ အိမ်တံခါးကို ဝန်ကြီးချုပ်၏ လုံခြုံရေးတာဝန်ယူရသော ရဲအရာရှိက ဖွင့်ပေးသည်။

'ဝန်ကြီးချုပ် မီးဖိုခန်းထဲမှာ နံနက်စာ စားနေတယ်၊ သူ့ဆီဝင်ခဲ့ပါလို့ ကျွန်တော့်ကို မှာထားပါတယ်'

ဂျာရာမီယာက ရဲအရာရှိနောက်မှနေ၍ စည့်ခန်းကို ဖြတ်ဝင်လိုက်သည်။ ဧည့်ခန်းကို ဝန်ကြီးချုပ်ဟောင်း ဘင်ဂူရီယံ လက်ထက်ကအတိုင်းပင် ရိုးရိုးကလေး ပြင်ဆင်ထားသည်။

လက်ဆေးကန် အထက်နားမှာ ချိတ်ထားသည့် နာရီက ၇ နာရီ ၇၇ မိနစ်သို့ ညွှန်ပြနေသည်။ ရေဒီယိုမှ သတင်းကြေငြာပြီး၍ အားကစားသတင်းများကို ဆက်လက် ကြေငြာနေသည်။ စားပွဲပေါ်မှာ ယနေ့ နံနက်ထုတ် သတင်းစာများ ဖရိုဖရဲဖြစ်နေသည်ကို တွေ့ရသည်။

'လာ ဂျရာမီယာ'

ဝန်ကြီးချုပ်က လည်ဖွင့်ရှပ်အင်္ကျီ တစ်ထည်ကို ဝတ်ပြီး လက်ပြတ်ခေါင်းစွတ် အနွေးထည်ကို ဝတ်ထားသည်။ ဝန်ကြီးချုပ်က ထပြီး လက်ဆွဲနှုတ်ဆက်ရင်း

'တစ်ခုခုစားပါဦးလား၊ ပေါင်မုန့်မီးကင်စားမလား၊ ကော်ဖီ သောက်မလား'

'ကော်ဖီသောက်ပဲ တော်ပါပြီ'

ဂျရာမီယာက သူ့နဖူးပေါ်တွင် တင်ကျန်ရစ်နေသော ရေစက်များကို လက်ဖမိုးဖြင့် သုတ်လိုက်သည်။

'ခင်ဗျား ဘယ်လိုကြိုက်သလဲ၊ ဘလက်လား'

'ဟုတ်ကဲ့၊ သကြားမထည့်ပါနဲ့'

ဂျရာမီယာက တံခါးပေါက် နားတွင်ရပ်ရင်း ကော်ဖီအိုးမှ ကော်ဖီကို ဝန်ကြီးချုပ်အေးအေးဆေးဆေး ငှဲ့ထည့်နေတာကို စောင့်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'လာ ကျွန်တော်တို့ အခန်းထဲသွားရအောင်'

သူတို့နှစ်ယောက် အငွေ့တထောင်းထောင်းထနေသည့် ကော်ဖီပန်းကန်ကိုယ်စီနှင့် ဝန်ကြီးချုပ်၏ အလုပ်ခန်းထဲသို့ ဝင်သွားကြသည်။ ဝန်ကြီးချုပ်၏ အလုပ်ခန်းက မှောင်နေသည်။

'ဒီအခန်းထဲက တော်တော်အေးတယ်'

ဝန်ကြီးချုပ်က ပြောလိုက်ပြီး လျှပ်စစ်မီးဖိုခလုတ်ကို ဖွင့်လိုက်သည်။ သူက စိတ်ပန်းလူပန်းဟန်ဖြင့် ကုလားထိုင်ပေါ် ထိုင်ချလိုက်သည်။ သူ့ စားပွဲပေါ်မှာ တယ်လီဖုန်းတစ်လုံးနှင့် ဖိုင်တစ်ခုကလွဲပြီး တခြားဘာမျှမရှိ။

ဂျူရာမီယာက စားပွဲရှေ့က မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

နှစ်ယောက်သား စကားမပြောကြသေးပဲ ဝန်ကြီးချုပ်က ကိုင်ထားသော တော်ဖီပန်းကန် အထက်မှနေပြီး မော့ဆက်အဖွဲ့ခေါင်းဆောင်ကို စောင့်ကြည့်လေ့လာနေသည်။ နောက်ဆုံးမှာ ကော်ဖီပန်းကန်ကို စားပွဲပေါ် ချထားလိုက်ပြီး

'ခင်ဗျားကို ဒီကိုလာဖို့ ခေါ်တာက ရုံးမှာ တရားဝင်လာတွေ့ ပုံစံမျိုး မဖြစ်စေချင်လို့ပဲ၊ အခုလို ထပ်ပြီး ခေါ်လိုက်တာကိုတော့ စိတ်မရှိ

ဂျူရာမီယာက မလှုပ်မယှက်နေလိုက်သည်။ ဝန်ကြီးချုပ်က

'တိုင်း သတင်းစာမှာပါတဲ့ ဓာတ်လမ်းနဲ့ပတ်သက်ပြီး မနက်သတင် နားထောင်ပြီးပြီလား'

အဘိုးကြီးက လက်ဖက်ရည် ဝန်းတန်ကို စားပွဲပေါ်သို့ အသာ လိုက်သည်။

'သတင်းစာ ဆောင်းပါး အပြည့်အစုံသံကြိုးသတင်း ကျွန်တေ ရပြီးပါပြီ၊ ဝန်ကြီးချုပ်လည်း တစ်စောင်ရမှာပါ'

ဝန်ကြီးချုပ်က သူ့ကို ခဏမျှ စူးစိုက်ကြည့်ပြီးစားပွဲပေါ်မှ ဖိုင်ကိုဖွ လိုက်သည်။ အပေါ်ဆုံး စာမျက်နှာ သုံးရွက်က ရေဒီယို သံကြိုး သတင်းမျ ဖြစ်သည်။

'လီလီဟန်းမားတိစ္စနဲ့ ပတ်သက်ပြီး နောက်တစ်ကြိမ် ကျွန်တော် အရှက်ကွဲရပြန်ပြီ'

ဝန်ကြီးချုပ်၏အသံက တော်တော်ကလေး စိတ်မကောင်းဟ ပေါ်လွင်နေသည်။

'လွန်ခဲ့တဲ့ ၇ နှစ်တုန်းက ကျွန်တော်တို့ရဲ့ အောင်မြင်မှုတွေ မကျွမ်းကျ



လို့ လူမှားသတ်ပြီး အဖမ်းခံရတယ်လို့ ကျွန်တော်တို့ ဟန်ဆောင်လို့ ရခဲ့သေးတယ်၊ ခု ဒီသတင်းအရ ဆိုရင်တော့ ကျွန်တော်တို့ကို သူတို့က တစ်ပတ်ရိုက်သွားတာပဲဆိုတာ အစတတည်းက ပေါ်နေတယ်'

ဝန်ကြီးချုပ်က ဂျူရာမီယာ၏ တိတ်ဆိတ်ငြိမ်သက်နေခြင်းကို သဘောကျပုံမရ။

'အဲဒါ ကျွန်တော်တို့ မော့ဆက်ရဲ့သိက္ခာ တော်တော်ကျတယ်၊ ဒါကို ကျွန်တော် သည်းမခံနိုင်ဘူး၊ ဒီနေ့ညနေ သတင်းစာထဲမှာ ခေါင်းကြီးအဖြစ်နဲ့ ပါလာလိမ့်မယ်၊ ကျွန်တော်တို့ရဲ့ သဘောထားကို မေးနေကြပြီ၊ ကျွန်တော်တို့ကတော့ ငြင်းထားတုန်းပဲ'

ဂျူရာမီယာ ခေါင်းညိတ်ပြလိုက်သည်။ အစိုးရအစိုးရ၏ သဘောထားကတော့ လျှို့ဝှက်လုပ်ဆောင်ရသော လုပ်ငန်းမှန်သမျှ ဘယ်တုန်းကမျှ သဘောထားမပေးခဲ့။

'မနက်တုန်းက သတင်းစာထုတ်ဝေသူ အဖွဲ့အစည်း ဥက္ကဋ္ဌ ဗျေရှုဆလင်ပို့စ် သတင်းစာထုတ်ဝေသူက ကျွန်တော့်ဆီ ဖုန်းဆက်ပြီး မေးတယ်၊ ဒီသတင်းနဲ့ ပတ်သက်ပြီး ကျွန်တော်ဘယ်လိုဆက်အရေးယူမယ် ဆိုတာကို မေးတယ်'

'ကျွန်တော် ချက်ချင်း အရေးယူဆောင်ရွက်ပါ့မယ်လို့ ပြန်ပြောလိုက်တယ်'

ဝန်ကြီးချုပ်က အသက်ပြင်းပြင်း ရှူလိုက်သည်။

'လွတ်လပ်ရေးနေ့မှာ ခင်ဗျား အနားယူဖို့ ဆုံးဖြတ်ထားတယ် မဟုတ်လား။ ရက် သိပ်မလိုတော့ပါဘူး။ ဒီတော့ ကျွန်တော်က ထုတ်ဝေသူတွေကို ခင်ဗျား ဒီနေ့ကစပြီး တာဝန်ထမ်းဆောင်ခြင်းက ရပ်ဆိုင်းလိုက်ပြီလို့ ပြောလိုက်တယ်'

ဂျူရာမီယာ မျက်လုံးတစ်ချက် မှေးလိုက်သည်။ နှုတ်ခမ်းတွေ တုန်လာသည်။ လက်ဖဝါးထဲသို့ လက်သည်းများ နစ်မြုပ်သွားသည်အထိ တအားဆုပ်ထားလိုက်သည်။

ဝန်ကြီးချုပ်ကို စကားတစ်ခွန်းမျှ ပြန်မပြောဘဲ သူ့စိတ်ကို ထိန်းသိမ်းနိုင်ဖို့ ကြိုးစားနေသည်။ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီးမှ ဤသို့ အဆုံးသတ်ရခြင်းကား မဖြစ်ထိုက်။ ဤသို့ ဖြစ်လာစေရန် သူကိုယ်တိုင် လုပ်ခဲ့မိတာတိုတော့ သူ ဝန်ခံရလိမ့်မည်။ မြူလာကို သူ ထိုးနှက်ခဲ့သည်၊ ညည်တော့ မြူလာက သူ့ကို ပြန်ထိုးပြန်သည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူကလက်သီးဆုပ်ကို အသာဖြေလိုက်ပြီး သူ့ရှေ့ရှိ ချောမွေ့နေသော စားပွဲ မျက်နှာပြင်ပေါ်သို့ အသာကလေး တင်လိုက်သည်။ သူ့အလုပ်နှင့် ပတ်သက်ပြီး ပြန်လည်တိုက်ယူဖို့ ဒါမှမဟုတ် ဒူးထောက်တောင်းပန်ဖို့ မလိုအပ်။ နောက်ထပ် ရက်အနည်းငယ် နေရဖို့အရေး ရှင်းပြပြောဆိုနေရလျှင် ကြာဦးမည်။ ဤကဲ့သို့ သူ မလုပ်နိုင်။ ဒါက အားနည်းပျော့ညံ့သူတွေရဲ့ အလုပ်။

ဝန်ကြီးချုပ်က ဆုံးဖြတ်ချက် ချပြီးမှ သူ့ကို ပြောခြင်းဖြစ်သည်။ ဒါကို သူ သဘောပေါက်သည်။

'ခင်ဗျားဌာနက တရားဝင်ထွက်ရမယ့်ရက်ကတော့ မပြောင်းဘူး'

ဝန်ကြီးချုပ်က လေသံပျော့ပျော့ပြောင်းပြီး ဆက်ပြောသည်။

'ဒီနေ့ မနက်တစပြီး ခင်ဗျား ခွင့်ယူသွားပြီလို့ သဘောထားရမယ် ရာဖေးအာဘီဇာက ခင်ဗျားရဲ့လုပ်ငန်းတွေကို တာဝန်ဆက်ယူလိုက်ပြီ ကျွန်တော် သူ့ကို ပြောပြီးပြီ'

ဝန်ကြီးချုပ်က ခဏမျှ ဆိုင်းလိုက်ပြီး

'ပွင့်ပွင့်လင်းလင်း ပြောရရင်း ခင်ဗျား ထွက်ရမယ့်ရက်ကို ကျွန်တော် ဆိုင်းငံ့ထားဖို့ပဲ၊ ဒါပေမဲ့ မြူလာကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျား ကိုင်တွယ် ထူးဆန်းနေလို့ ကျွန်တော် ဒီလို လုပ်လိုက်ရတာ'

ဝန်ကြီးချုပ်က သံကြိုးစာများကို ဘေးသို့ချလိုက်ပြီး ဖိုင်ထဲ နောက်ထပ် စာရွက်နှစ်ရွက် ထုတ်ယူလိုက်သည်။

'ခင်ဗျားကို သတ်ဖို့လွှတ်လိုက်တဲ့ အကြမ်းဖက်သမား တစ်ယောက် ကို ခင်ဗျားတစ်ဦးတည်းရဲ့ ဆုံးဖြတ်ချက်နဲ့ ပြန်လွှတ်လိုက်တဲ့အကြောင်း ရဲမင်းကြီးက မကျေနပ်လို့ ကျွန်တော့်ဆီ စာတင်ထားတယ်၊ နောက်တစ်ခု

ဝန်ကြီးချုပ်က တခြားစာရွက် တစ်ရွက်ကို ထောက်ပြလိုက်ပြီး

'မနေ့ညက လက်ဘနွန် ပြောက်ကျား ဌာနချုပ်က ပို့လိုက်တဲ့ လျှို့ဝှက်သတင်းတစ်ခုကို ရဲအဖွဲ့က ကြားဖြတ် ရလိုက်တယ်၊ ဒီသတင်းကို တစ်ညလုံး ကြိုးစားပြီး အဖြေ ထုတ်ကြည့်တယ်၊ အလီစစ်ဆင်ရေးကို ၇၂ နာရီအတွင်း အကောင်အထည်ဖော်ရမယ်လို့ အမိန့်ပွင့်လို့ရခဲ့တယ်၊ အဲ အလီစစ်ဆင်ရေးဆိုတာ ခင်ဗျား ပြန်လွှတ်လိုက်တဲ့ အကြမ်းဖက်သမား စစ်ဆေးတုန်းက ပြောသွားတယ်ဆိုတာ ကျွန်တော် မှတ်မိလိုက်တယ်'

မြူလာက ရက်သတ်မှတ်ပြီးနေပါပကော။

ဂျရာမီယာ ဆိတ်ဆိတ်မနေသာတော့ 'ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် မသိရပါလား၊ ညက ဘယ်အချိန်က ရလိုက်တဲ့ သတင်းလဲ'



'၉ နာရီ ကျော်ကျော်လောက်ကပဲ'

အဘိုးကြီးက စာရွက်ကိုတောက်ယူပြီး ဂရုတစိုက်ဖတ်ကြည့်လိုက်သည်။

'ဒါက ဘာလဲ'

သူက မျက်မှောင်ကုတ်လိုက်ပြီး

'ပြောက်ကျားဌာနချုပ်က သတင်းရရှိကြောင်း အကြောင်းပြန်နိုင်းတယ် မဟုတ်လား၊ နောက်သုံးမိနစ်ကြာတော့ သတင်းရရှိကြောင်း အသိအမှတ်ပြုတယ် ဟုတ်လား၊ ဒီလူတွေ ဦးနှောက်ပျက်နေကြပြီနဲ့ တူတယ်'

'ခင်ဗျား ဘာကို ဆိုလိုတာလဲ' ဝန်ကြီးချုပ်က ပြန်မေးသည်။

'ဒီမှာကြည့်၊ အဲဒါ အထူးခြားဆုံးပဲ၊ ကျွန်တော်တို့ လျှို့ဝှက်လုပ်ငန်း လုပ်တဲ့နေရာမှာ အမိန့်တွေကို လက်ခံရရှိကြောင်း အသိအမှတ်ပြုဖို့ မလို ဘူး၊ ဒီလို လုပ်ရင် ရန်သူက အသိအမှတ်ပြုတဲ့ အသံလွှင့်စက် ဘယ်နေရာက လွှင့်တယ်ဆိုတာ နာရီအနည်းငယ်အတွင်း ရှာဖွေဖမ်းဆီးရနိုင်တယ်၊ ခု ခင်ဗျားရဲ့ ဆက်သွယ်ရေးဌာနက အဲဒါကို ရှာဖွေနေလောက်ရောပေါ့'

ဝန်ကြီးချုပ်က သူ့လက်ထဲမှ စာရွက်ကို ပြန်ယူလိုက်ပြီး

'ဂျရာမီယာ ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားကို သတ်ဖို့ ကြံစည်နေတဲ့ သတင်းကို ခင်ဗျား တစ်ယောက်ပဲ မယုံဘူး၊ ခင်ဗျား တဖြည်းဖြည်းနဲ့ ခေါင်းမာလာနေတယ်'

'ခေါင်းလည်းမာတယ်၊ အသက်လည်းကြီးပြီဆိုပါတော့'

ဝန်ကြီးချုပ်က သည်စကားတွေကို မသုံးပေမယ့် သည်အဓိပ္ပာယ်မျိုး ဆောင်နေတာ ပေါ်လွင်နေသည်။

'ခေါင်းမာတာပဲဖြစ်ဖြစ်၊ မမာဘူးပဲဖြစ်ဖြစ်၊ ခင်ဗျားရဲ့ အသက်ကို ကျွန်တော်တို့က တာကွယ်ရမှာပဲ'

ဝန်ကြီးချုပ်သည် ဟန်လုပ်၍ ရယ်လိုက်ပြီး

'ကျွန်တော်က အဘီဇာ အကြံပေးတဲ့အတိုင်း 'ခင်ဗျားကို ရုံးလည်း မတက်ရဘူး၊ အိမ်ကိုလည်း မပြန်စေဘဲ ခင်ဗျားရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်တဲ့ ကိစ္စပြီးတဲ့အထိ တခြားနေရာမှာ နေရမယ်'လို့ ကျွန်တော် သဘောတူလိုက်တယ်၊ ခင်ဗျားရဲ့ ကိုယ်ရံတော်တွေကိုလည်း ညွှန်ကြား ထားပြီးပြီ'

ဂျရာမီယာက သက်ပြင်းတစ်ချက်ချလိုက်ပြီး

'ကျွန်တော်က တာဝန်အရ ဝန်ကြီးချုပ်ကို သတင်းပေးရလိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားက မြုလာရဲ့ ထောင်ချောက်ထဲကို တည့်တည့်မတ်မတ်ကြီး တန်းဝင်သွားပြီ'

ဝန်ကြီးချုပ်က သူ့ကို မော့ကြည့်လိုက်သည်၊ အံ့ဩပုံတော့ မရ

'ခင်ဗျား ဘာကြောင့် ဒီလိုပြောနိုင်သလဲ'

'ကျွန်တော့်ကိုသတ်ဖို့ အကြံအစည် ဆိုတာကို ကျွန်တော်ယုံပါတယ်၊ ဒါပေမဲ့ အဲဒီအကြံအစည်က တခြားစစ်ဆင်ရေး တစ်ခုလုပ်နေတဲ့အကြောင်းကို ဖုံးကွယ်တဲ့အနေနဲ့ လုပ်တယ်ဆိုတာ ကျွန်တော်ယုံကြည်တယ်၊ အဲဒါကို ကျွန်တော်ကပိုပြီး စိတ်ပူနေတာ၊ ဟို အကြမ်းဖက်သမားကို ကျွန်တော် တမင်သက်သက် လွှတ်ပစ်လိုက်တာပါ၊ ကျွန်တော်က မြုလာကို သူဘာလုပ်တယ်ဆိုတာ သိတဲ့အကြောင်းပြဖို့ ကျွန်တော်က လုပ်တာပါ၊ သူခြေယောင်ပြအောင်လို့ ကျွန်တော် မျှော်လင့်ထားသလို ခု သူပြန်လာပြီ'

သူက သံကြိုးစာကို ထောက်ပြလိုက်သည်။

'အဲဒါပဲ ဆလာမက်ရဲ့သူငယ်ချင်းဆိုတာ ခင်ဗျား ဘယ်သူလို့ ထင်သလဲ၊ အဲဒါ မြုလာပဲ၊ ဒီဇာတ်လမ်းက တိုက်ဆိုင်လို့ ဖြုန်းခနဲပေါ်လာတာ မဟုတ်ဘူး၊ ကျွန်တော်က မြုလာရဲ့ အစီအစဉ်မှာ အနှောင့်အယှက်ဖြစ်နေတဲ့ လူတစ်ယောက်မို့ ကျွန်တော့်ကို သူက ဖယ်ရှားထားချင်တယ်၊ ကျွန်တော်က အလိုလိုနေရင်း အပြစ်တင်ခံလိုက်ရတယ်၊ ခင်ဗျားက ကျုပ်ကို အလုပ်ကနေ ဖယ်ရှားပစ်လိုက်တယ်၊ ဒီနောက်'

သူက ဒုတိယစာရွက်ပေါ်သို့ ညာဘက်လက်ဖြင့် ရိုက်ချလိုက်သည်

'လွယ်လွယ်ကူကူနဲ့ ကျွန်တော်တို့ အဓိပ္ပာယ်ဖော်နိုင်တဲ့ စကားဝှက်တွေကို သုံးပြီး ကျွန်တော့်ကိုလုပ်ကြံဖို့ အမိန့်ကို သံကြိုးရိုက် လွှတ်လိုက်တယ်၊ ခင်ဗျားတို့ကတော့ ကျုပ်အသက်ကို စိုးရိမ်ကြမှာပေါ့၊ ဒီတော့ သူဖြစ်ချင်သလို ခင်ဗျားတို့က ကျုပ်အသက်ကို တစ်နေရာမှာ ကျုပ်ကိုတစ်နေရာမှာ ချောင်ပစ်လိုက်ကြတာပေါ့၊ ကျွန်တော့်ကို ခင်ဗျားတို့က ရာထူးက ဖယ်ရှားရုံမက ခြေချုပ်တောင် ချုပ်ထားလိုက်ကြသေးတယ်၊ ဒီတော့ ကျွန်တော်က လုပ်ငန်းမှာ အနှောင့်အယှက် မဖြစ်တော့ဘူး၊ သူ့ အစီအစဉ်ကို လွတ်လွတ်လပ်လပ်လုပ်နိုင်တဲ့ အခြေအနေဖြစ်သွားပြီ'

သူက မူလထိုင်နေသည့် ပုံစံအတိုင်း လက်ကို ပြန်ပိုက်လိုက်ပြီ

'နယူးယောက်တိုင်း သတင်းစာအကြောင်းအရာနဲ့ ရေဗီယို သဘော နှစ်ခုက ကျွန်တော့် အယူအဆ မှန်တယ်ဆိုတဲ့ သက်သေ အထောက်အထား နှစ်ခုပဲ'



စားပွဲပေါ်မှ တယ်လီဖုန်းမြည်လာသည်၊ ဝန်ကြီးချုပ်က ဖုန်းကို ကောက်ကိုင်လိုက်သည်။

'အေး ငါ အခုပဲ လာခဲ့မယ်'

ဝန်ကြီးချုပ်က ဇုရာမီယာကို မော့ကြည့်လိုက်သည်။

'မြုလာကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် အသေးစိတ်လေ့လာပြီးပါပြီ၊ ဒါကို ခင်ဗျား သိစေချင်ပါတယ်၊ ခင်ဗျားရဲ့ သဘောထားကိုလည်း သိထားပြီးပါပြီ၊ ခင်ဗျားရဲ့ ဌာနခွဲ အကြီးအကဲတွေကလည်း ခင်ဗျားနဲ့ သဘောထား မတိုက်ဆိုင်ဘူးဆိုတာ ကျွန်တော်သိတယ်၊ ဒါပေမဲ့ ခင်ဗျားမှန်တယ်ပဲ ထားပါတော့၊ မော့ဆက်ကို ခုချိန်မှာ သင့်တော်တဲ့ လူတထိန်းသိမ်းထားတယ်ဆိုတာ ခင်ဗျား သတိထားမိမှာပါ'

ဇုရာမီယာက အရာရာတိုင်းမှာ စွက်ဖက်တတ်သော အဘိဇာကို ပြေးမြင်လိုက်သည်။

ဝါရှင်တန်မှ ဝန်ကြီးချုပ် ပြန်လာကတည်းက သူနှင့်မတွေ့ရသေးပေမယ့် မြုလာကိစ္စနှင့် ပတ်သက်ပြီး သိနေသည်၊ အဘိဇာက အသေးစိတ် အစီရင်ခံနေတာ ဖြစ်မည်။

ဝန်ကြီးချုပ်က စားပွဲပေါ်မှ စာရွက်စာတမ်းများကို ဖိုင်ထဲပြန်ထည့်လိုက်သည်၊ တွေ့ဆုံခြင်းပြီးဆုံးပေပြီ။

'ကျွန်တော် ရုံးကို အပြေးအလွှား သွားရဦးမယ်၊ နိုင်ငံခြားရေး ဝန်ကြီးက ကျွန်တော့်အီဂျစ်ကိုအလည်သွားမယ့်ကိစ္စ စီစဉ်ရဦးမယ်၊ နောက်ပြီး ပုပ်ရဟန်းမင်းကြီး ဂျေရုဆလင် အလည်လာဖို့ ခုမှ စီစဉ်ရဦးမယ်'

'ပုပ် ဟုတ်လား'

'ဒီအကြောင်း ခင်ဗျား မသိသေးဘူးလား'

'လွန်ခဲ့တဲ့ ခြောက်လကတည်းက အလည်လာမယ်ဆိုတာ ကျွန်တော် သိပြီးပါပြီ၊ ဒါပေမဲ့ အတိအကျတော့ ကျွန်တော် မသိခဲ့ရဘူး'

'သူက ပြီးခဲ့တဲ့ အပတ်တမှ ကျွန်တော်တို့ကို အကြောင်းကြားတယ်၊ ကျွန်တော်တို့မှာ အစီအစဉ်လုပ်ဖို့ အချိန်မရခဲ့ဘူး၊ အဲဒါမှ တကယ့် ခေါင်းကိုက်စရာပဲ၊ ရဟန်းမင်းကြီးက သူအလည်လာဖို့ကိစ္စကို နောက်ဆုံး အချိန်ထိ လျှို့ဝှက်ထားဖို့မှာထားတယ်၊ ဘုရားဖူးတစ်ယောက်အနေနဲ့ ဒီလို ရုတ်တရက်လာမှ သင့်တော်မယ်လို့ သူက ထင်နေတယ်'

ဝန်ကြီးချုပ်က မတ်တတ်ရပ်လိုက်ပြီး ဇုရာမီယာဘက်သို့ လက်ဆန့် တန်းပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ အစွရေးတို့ ၁၉၆၄ ခုနှစ် နောက်ပိုင်း ပုပ်ရဟန်းမ ကြီး အလည်မလာခဲ့ဘူး'

အဘိုးကြီးက ဝန်ကြီးချုပ်ဆန့်တန်းပေးထားသော လက် လှမ်းဆွဲခြင်း မပြုဘဲ

'တကယ်လို့ မြူလာဖိုင်နဲ့ ပတ်သက်ပြီး ခင်ဗျား အသေးစိ လေ့လာထားပြီးပြီလို့ဆိုရင် မြူလာရဲ့ တခြားရည်ရွယ်ချက်တွေနဲ့ပတ်သက် ကျွန်တော်ရဲ့ ဌာနခွဲ တာဝန်ရှိသူတွေက ခင်ဗျားကို ပြည့်စုံလုံလောက် အဖြေပေးနိုင်မှာ မဟုတ်ပါဘူး။ ဥပမာပြောရရင် ဂျူးတစ်ယောက်လို အကြောင်း၊ အဆုံးစွန်ကလဲ့စားချေခြင်း အကြောင်းနဲ့ရောမက ကာရှ တွေတဲ့အကြောင်းတွေကို သူတို့ရှင်းနိုင်မှာ မဟုတ်ဘူး'

ဝန်ကြီးချုပ်က စားပွဲဘေးမှ ပတ်ထွက်လာပြီး ဂျရာမီယာ၏ ပခုံး တရင်းတနှီး ဖက်လိုက်သည်။

'ဂျရာမီယာ ကျွန်တော့် အစိုးရလက်အောက်မှာရော၊ အရင်အစို လက်အောက်မှာရော ခင်ဗျားရဲ့ အယူအဆတွေ တခြားထောက်လှမ်း အကြီးအကဲတွေနဲ့ သဘောထားချင်း မတိုက်ဆိုင်တဲ့အခါတိုင်း နောက် ခင်ဗျားပဲ မှန်တာကို ကျွန်တော်တို့တွေ့ခဲ့ရတယ်၊ ဒါကြောင့် ခင်ဗျာ လုပ်ဆောင်ချက်တွေက ယုံတမ်းပုံပြင်လို ဖြစ်လာရတယ်၊ အခု ဒီကိစ္စ ခင်ဗျားက မှန်ပြီး၊ သူတို့မှားတာ ဖြစ်ချင်ဖြစ်နိုင်တယ်၊ ဒါပေမဲ့'

ဝန်ကြီးချုပ်က သက်ပြင်းတစ်ချက် ချလိုက်သည်။

'ကျွန်တော်ကိုယ်တိုင် မြူလာကိစ္စနဲ့ ပတ်သက်ပြီး တာဝ ဆောင်ရွက်သွားရမယ်ဆိုတာကို ကျွန်တော်မမေ့ပါဘူး၊ ကျွန်တော်တို့ လုံခြုံရေးအတွက် နှစ်ပေါင်း ၃၀ လောက် တာဝန်ယူခဲ့တဲ့ လူတစ်ယော အကြံပြုချက်တွေကို လျစ်လျူရှုခဲ့ရင် ကျွန်တော့်ကိုယ် ကျွန်တော် ခွင့် နိုင်မှာ မဟုတ်တော့ဘူး'

ဝန်ကြီးချုပ်က အခန်းထဲမှ ထွက်သွားလေသည်။

ဂျရာမီယာကိုလည်း စေတနာ ဗလပွဖြင့် နှစ်သိမ့်ထားခဲ့သ

ဝန်ကြီးချုပ် ဟန်ဆောင်နေတာလည်း ဖြစ်ကောင်း ဖြစ်နိုင်သ ဒါမှမဟုတ် သူကိုယ်တိုင်က ဝန်ကြီးချုပ်၏ စေတနာပေါ်မှာ မနစ်မြ လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

ဂျရာမီယာက စားပွဲပေါ်မှ တယ်လီဖုန်းကို ကောက်ကိုင်လို

'မောဆက်ဌာနချုပ်က မော်လီကို ငါ စကားပြောချင်တယ်၊ ခေါ်ပေ



'ယနေ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် အနားယူသွားပြီ' ဖျေရုဆလင်ပို့စ် သတင်းစာ ခေါင်းကြီးက ဆိုလိုက်ပြီ။

'နောက် ရက်အနည်းငယ်အတွင်းမှာ တရားဝင် ရာထူးမှ နုတ်ထွက် သွားသည့်အခါကျမှ သူနာမည်နှင့် ဓာတ်ပုံကို ကျွန်တော်တို့က လွတ်လပ်စွာ ပုံနှိပ်နိုင်ခွင့်ရှိမည်၊ ယခုအချိန်မှာ ဤကိစ္စများသည် အစိုးရ၏ လျှို့ဝှက် ချက်ဖြစ်နေသေးသည်။

ယနေ့ ကျွန်တော်တို့က သူ့ကို သူ၏ လက်အောက်ငယ်သားက ချစ်စနိုးခေါ်ကြသည့်အတိုင်း 'အဘိုးကြီး' ဟုခေါ်ပြီး သူသည် နှစ်ပေါင်း ၃၀ ကျော်ခန့် တိုင်းပြည်အတွက် အလွန် ထိပ်တန်းကျသည့် လျှို့ဝှက် ထောက်လှမ်းရေးအဖွဲ့ကို တည်ထောင်တာ ခေါင်းဆောင်ခဲ့သူ ဖြစ်သည်၊

သူသည် အစ္စရေး၏လုံခြုံရေးအတွက် အဆိုးရွားဆုံးစပိုင်များကို ထုတ်ဖော်နိုင်ခဲ့သူ ဖြစ်သည်။ အိုက်ခမန်းကို ဖမ်းဆီးရန် သူကိုယ်တိုင် ခေါင်းဆောင်ခဲ့သည်။ အီဂျစ်တွင် ဂျာမန်သိပ္ပံပညာရှင်များနှင့် အတိုက်အခံ ပြုခဲ့သည်၊ ၆ ရက် စစ်ပွဲအောင်မြင်ဖို့ အရေးတွင် အဓိက အချက်အလက် များကို သူကိုယ်တိုင်ရရှိရန် ကြိုးစားခဲ့သည်။

ပြင်သစ်သမ္မတဒီဂေါ်ကို လုပ်ကြံခံရမည့်ဘေးမှ ကယ်တင်ခဲ့သည်၊ အီရန်နိုင်ငံ ရှားဘုရင် ကျဆုံးလိမ့်မည်ဟု အရင်ဆုံး ကြိုတင်ဟောကိန်းထုတ်ခဲ့ သူဖြစ်သည်၊ အနောက်နိုင်ငံများက သူ၏ကြိုတင် သတိပေးချက်များကို ဂရုပြုလိုက်နာခဲ့လျှင် ယနေ့အရှေ့အလယ်ပိုင်း ပြဿနာသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်သည်။

ယနေ့ ကမ္ဘာပေါ်ရှိ လျှို့ဝှက်ထောက်လှမ်းရေး လောကတွင် သူသည် ဆရာတစ်ဆူ ဖြစ်ခဲ့သည်၊ အစ္စရေး၏ လုံခြုံရေးအတွက် တပ်မကြီး မြောက်များစွာနှင့် အလားတူခဲ့သည်၊ ယနေ့ သူ ရာထူးမှ ထွက်ခွာသွားခြင်း ကို ကျွန်ုပ်တို့က ဂုဏ်ယူဝင့်ကြွားစွာ အလေးပြုလိုက်ပါသည်

မြူလာက လေကြောင်းမှ ပို့လိုက်သော သတင်းစာ ခေါင်းကြီးကို ဖတ်နေရင်း နုတ်ခမ်းပေါ်တွင် အပြုံးကလေးတစ်ခုပေါ်လာသည်။ ဘုန်းတော် ကြီး ကာရှင်ထံမှ တစ်ဆင့် ပေးပို့လိုက်သော အထုပ်ကို သူ ဖြေလိုက်သည်။

အထုပ်ထဲတွင် ထရာပီဘုန်းကြီးများ အသုံးပြုသည့် ခေါင်းစွပ်နှင့် တွဲလျက်ရှိသော ဝတ်ရုံအနက်တစ်စုံ ပါလာသည်၊ ပြီးတော့ ဗာတီကင်က ထုတ်ပေးသော နိုင်ငံကူးလက်မှတ်၊ လေယာဉ်ခရီးသွား ဖြတ်ပိုင်း၊ နိုင်ငံကူး လက်မှတ်ပေါ်တွင် ဖျေရုဆလင်မြို့ အီစတာပွဲတော် ဘုရားဖူး ဘုန်းကြီးအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



မှ ဟန့်စ်မေယာ ဘုန်းတော်ကြီးဖြစ်ကြောင်း ရေးမှတ်ထားသည်။

ထိုစာရွက်များပေါ်တွင် အစ္စရေး ခရီးသွားကိုယ်စားလှယ် လက်ကမ်းစာစောင်မှ ဂျေရုဆလင်မြို့၏ အဓိက အချက်အချာ နေရာများကို ညွှန်ပြသော မြေပုံတစ်ခုကို ကလစ်နှင့် တွဲထားသည်။

သူက သိုးမွှေးကြမ်းဝတ်စုံကို ဝတ်ဆင်ရင်း လေယာဉ်ခရီးသွား ဖြတ်ပိုင်းကို ကြည့်လိုက်သည်။ အစ္စရေးသို့ ထွက်ခွာရမည့် ရက်မှာ ယနေ့ ဧပြီလ ၆ ရက် ကြာသပတေးနေ့ နံနက် ဆယ်နာရီခွဲ ဖြစ်ကြောင်း ရေးမှတ်ထားတာကို တွေ့လိုက်ရလေသည်။

'မော်ရင်း သူသေပြီ'

ဤသို့ဖြစ်လာမည် ဆိုသည်ကို သူမစိတ်ထဲတွင် ကြိုတင်ပြီး အလိုလို သိနေခဲ့သည်။ လိုင်ယင်က တယ်လီဖုန်းထဲမှ တိုးတိုးကလေးပြောလိုက်သောအခါမှာ သူမ မျက်ရည်မကျ။ ဒါပေမဲ့ ရင်ထဲမှာတော့ ဒိတ်ခနဲ ဖြစ်သွားသည်။

သူမတစ်ကိုယ်လုံး ချည့်နဲ့သွားသလို ခံစားရသည်။ ကုလားထိုင် နောက်မှီကို အားပြုလိုက်ပြီး ခုတင်ဘေးကြမ်းပြင်ပေါ် ထိုင်ချလိုက်သည်။

'မော်ရင်း မင်း ထူးပါဦးတွ'

သူမက တယ်လီဖုန်းခွက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားရင်း

'ဟုတ်ကဲ့' ခပ်တိုးတိုးပြန်ဖြေလိုက်သည်။

'မင်း ဘာမှ မဖြစ်ဘူးနော်'

သူမက ကလေးငယ် တစ်ယောက်လို ခေါင်းကိုသာ ဆက်တိုက်ညိတ် နေမိသည်။ တစ်ဖက်မှ ဆက်ကာဆက်ကာ မေးလာတော့မှ သူမက

'ဟုတ်ကဲ့ ကျွန်မ ဘာမှမဖြစ်ပါဘူး။ ဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်မ သိချင်တယ်'

'မင်းသိဖို့ မလိုတော့ဘူး'

'လိုင်ယင်၊ ဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်မသိကို သိချင်တယ်'

'ရောမမြို့ ဗဟို ဘူတာရုံကြီးထဲက လူမရှိတဲ့ ရထားတွဲတစ်တွဲပေါ်မှာ သူ့ကို တွေ့ရတယ်၊ သူ့ကိုယ်ပေါ်မှာ ဘာ စာရွက်စာတမ်းမှ မရှိဘူး၊ ဒီတော့ တရားဝင် သဘောအရ ကြည့်မယ်ဆိုရင် သူ့ကို ဘယ်သူမှ မသိဘူးလို့ ပြောရမှာပဲ၊ ဒါပေမဲ့ သူ့ သူငယ်ချင်း တစ်ယောက်က သူ့ရဲ့ အလောင်းကို



ရေခဲတိုက်ထဲမှာ ကြည့်ခဲ့ရတယ်၊ ပက်ထရစ်ဆိုတာ သေချာတယ် မိန်းကလေး'

'သူ့ သူငယ်ချင်းဆိုတာ ဘယ်သူလဲ'

'အီတလီလူမျိုးတစ်ယောက်၊ သူက ပက်ထရစ်ကို ကူပြီး မြူလာကို ရောမတစ်မြို့လုံး ခြေရာခံလိုက်ပေးတဲ့ လူပဲ၊ မြူလာကို ခြေရာခံရာက ဘတီကင်ပြတိုက်နားမှာ ပက်ထရစ်ကို သူက တာဝန်လွှဲပေးခဲ့တယ်၊ သူတို့ အချင်းချင်း တစ်နာရီပြည့်တိုင်း ဖုန်းနဲ့ အဆက်အသွယ်ပြုဖို့ ကတိပြုထားကြပေမယ့် ပက်ထရစ် ဖုန်းမဆက်တော့ သူတို့က သူ့ကို လိုက်ရှာကြတယ်၊ ရေခဲတိုက်ထဲကို သူတို့အဖွဲ့ ရောက်သွားတယ်၊ သူတို့နှစ်ရက် သုံးရက်လောက် အချိန်ကုန်ခဲ့ရတယ်'

'ရထားတွဲထဲမှာ ဘယ်လိုဖြစ်ကြတာလဲ'

တစ်ဖက်မှ ပြန်မဖြေ။ သူမက ထပ်ပြီးမေးလိုက်သည်။

'လိုင်ယင် ကျွန်မကို ပြောပါ'

'ဒီမှာ မိန်းကလေး၊ ငါတို့လည်း အတိအကျတော့ မသိဘူး၊ ငါတို့ မှန်းကြည့်ရတာတော့၊ ပက်ထရစ်က မြူလာနောက်ကို လိုက်သွားတယ်၊ လူမရှိတဲ့ ရထားထဲမှာ သူတို့နှစ်ယောက်ဆုံကြပြီး သတ်ကြ ပုတ်ကြတယ်လို့ ယူဆရတယ်၊ ပက်ထရစ် သတိလစ်သွားပြီးမှ လည်ပင်းညှစ် အသတ်ခံရ တာပဲ'

'မြူလာကပေါ့'

'ဘယ်သူ ရှိဦးမှာလဲ'

သူမ၏မျက်စိရှေ့တွင် စက်ဝိုင်းအနက်များ ပေါ်လာသည်။ သူမက တယ်လီဖုန်းခွက်ကို ချလိုက်ပြီး မတ်တပ်ရပ်လိုက်သည်။ အခန်းတစ်ခန်းလုံး ပတ်ချာလည်လာသည်။ သူမ ယိမ်းထိုးသွားသဖြင့် ကုလားထိုင်ကို လှမ်းကိုင် လိုက်ရသည်။

တယ်လီဖုန်း နောက်တစ်ကြိမ် ပြန်မြည်လာသော်လည်း သူမက ပြန်မကိုင်တော့။ တံခါးပေါက်ဘေး အခန်းထဲတွင် ချိတ်ထားသော ခြုံထည်ကို ဆွဲယူလိုက်ပြီး အခန်းထဲမှ ထွက်လိုက်သည်။

ပြီးခဲ့သည့် တနင်္ဂနွေနေ့ မိုက်ကယ် အခန်းထဲမှ ပြေးထွက်လာခဲ့ ပြီးနောက် မိုက်ကယ်ကို သူမ ပြန်မတွေ့ခဲ့။ သူမက တည်းခိုခန်းအမည် မပြောခဲ့သဖြင့် သူတစ်မြို့လုံး သူမကို လိုက်ရှာနေပေလိမ့်မည်။

လမ်းမပေါ်သို့ သူမရောက်လာချိန်မှာ အချိန်လင့်နေပေမယ့် ခရီးသွား ဧည့်သည်များ ပြည့်လျှံဆဲရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်ကို ရှာပြီး မြူလာအကြောင်း သတိပေးရမည်။ တနင်္ဂနွေနေ့တုန်းက သူက သူမကိုမယုံကြည်ခဲ့။ ပက်ထရစ်အသတ်ရှင်လျက် ရှိပြီး၊ လိုင်ယင် စိတ်ကူးယဉ်နေတာဟု သူထင်သည်။ ယခုတော့ ပက်ထရစ် လည်ပင်းညစ်သတ်ခံရပြီး ရောမမြို့ ရေခဲတိုက်ထဲ ရောက်နေပြီ။

သူမက မိုက်ကယ်ကို နှံလှချည်လားဟု အပြစ်တင်ခဲ့သည်။ အခု အချိန်လောက်ဆိုလျှင်တော့ သူမစကားကို မိုက်ကယ် နားဝင်လောက်ပေပြီ မြူလာက ပက်ထရစ်ကို သတ်ပစ်ခဲ့သလို မိုက်ကယ်ကိုလည်း ရက်ရက် စက်စက် သတ်ပစ်ဖို့ ဝန်လေးမည့်လူစားမျိုးမဟုတ်။

ဘုရားရေ ဒီလူယုတ်မာကြီးနဲ့ ငါတို့တွေ့မှ တွေ့တတ်ပလေ။

'မြူလာ ဘယ်အချိန်ရောက်လာမလဲ မသိဘူး'

မိုက်ကယ် ပြောစကားသံကို သူမကြားယောင်မိလာသည်။

'သူက ဒီကို ကြာသပတေးနေ့ ရောက်မယ်'

သည်နေ့ ကြာသပတေးနေ့ပဲ။ အချိန်က သန်းခေါင်းယံနီးပြီး 'ဘုရား ရေ' သူမက တိုးတိုးကလေး ရေရွတ်မိလိုက်သည်။

အချိန်မီ သူ့ကို သတိပေးနိုင်ပါစေ။

မိုက်ကယ်အခန်းရှိရာ ရပ်ကွက်တစ်ရပ်ကွက်လုံး တိတ်ဆိတ်ေ သည်။ မိုက်ကယ် အိမ်ခန်းအရှေ့တွင် လူရိပ်နှစ်ရိပ် တွေ့ရသည်။

သူတို့နှစ်ယောက် သူမဘက်ကို ကျောပေးပြီး မှောင်ရိပ်ထဲမှာ ရပ်ေ ကြသည်။

သူတို့ ခပ်တိုးတိုး စကားပြောနေကြသည်။

တစ်ယောက်က မီးရောင်ဘက်သို့ တိုးလိုက်သောအခါ မိုက်ကယ် သူမ မှတ်မိလိုက်သည်။

သူက ဘုန်းကြီးတစ်ပါးနှင့် စကားပြောနေခြင်းဖြစ်သည်။ ဘုန်းကြ က ခေါင်းစွပ်စွပ်ထားပြီး ခါးအနည်းငယ် ကိုင်းနေသည်ဟု ထင်ရသည မိုက်ကယ် အမူအရာကတော့ စိတ်အားတက်ကြွနေပုံ။

ဘုန်းကြီးက သူ့မျက်နှာကို မိုက်ကယ်ဘက်သို့ ပြန်လှည့်လိုက်ချိန်မ သူ့ခေါင်းစွပ် လျောကျသွားသည်။

လမ်းမီးရောင်က သူ့မျက်နှာပေါ်သို့ ထိုးကျနေသည်။ သူမ ကြောက်လန့်လွန်းနေသဖြင့် အသံမထွက်နိုင်ဘဲ လည်ချောင်းထဲမှ ကျိ ၍ အော်ဟစ်လိုက်မိသည်။

ဘုန်းကြီးကား အဲဖရက်မြူလာ။



ရွှံ့ရှာမုန်းတီးခြင်းသည် မည်မျှ အင်အားကြီးမားကြောင်း သူမ မသိခဲ့။ လူတို့သည် အတိတ်ကာလက သူတို့ကို ထိခိုက်နစ်နာအောင် လုပ်ခဲ့သည့် လူများကို တမ်းတမ်းစွဲ ကလဲ့စားချေချင်သည့် ဆန္ဒမျိုးကို သူမသည် နားမလည်ခဲ့။

ခုလည်းပဲ မုန်းတီးခြင်း သက်သက်ကြောင့် သူမသည် ဂျေရုဆလင် မြို့၏ မှောင်မိုက်သော လမ်းကြိုလမ်းကြားမှာ အဲဖရက်မြူလာ၏ အရိပ်ကို သူမသည် တိတ်တခိုး နောက်ယောင်ခံ ချောင်းကြည့်နေခြင်းဖြစ်သည်။

ဤသို့လုပ်ရန် ပထမက သူမ ရည်ရွယ်ခဲ့သည်မဟုတ်။

မိုက်ကယ်အိမ်ရှိရာ လမ်းဆီသို့ အပြေးကလေး ရောက်လာခဲ့စဉ်က မိုက်ကယ်နှင့်စကားပြောဖို့၊ သူ့အသက်ကို ကယ်နိုင်လေမလားဟု လာခဲ့ခြင်း ဖြစ်သည်။

ယခု သည်ရောက်တော့ မြူလာကို မိုက်ကယ်နှင့် နှစ်ဦးသား တီးတိုး ပြောဆိုနေသည်ကို မြင်လိုက်ရသည်။

မြူလာတစ်ခုခုပြောလိုက်၍ မိုက်ကယ်က ခေါင်းညိတ်လိုက်ပြီး လက်မှနာရီကို လှမ်းကြည့်လိုက်သည်။ ပြီးမှ တိုက်ခန်းပေါ်သို့ တက်သွား သည်။

မြူလာက မိုက်ကယ်အခန်းထဲဝင်သွားပြီး တံခါးပြန်ပိတ်ပြီး သည်အထိ စောင့်ကြည့်နေသည်။ ပြီးမှ ထွက်သွားလေတော့သည်။

သူမက ဘာမျှ မစဉ်းစားတော့ဘဲ သူ့နောက်ကို လိုက်သွားသည်။ သူမ အဘယ်ကြောင့် ဤသို့ လုပ်ရသည်ကို သူမကိုယ်တိုင်လည်း အဖြေ မပေးတတ်။ ပက်ထရစ် စခဲ့သော လက်စလက်နများကို ထပ်ဆက်ခြင်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

ပက်ထရစ်သည် မြူလာက သူ့ကို အန္တရာယ်ပြုပြီး လည်ညှစ်မခံရ သည်အထိ လိုက်ခဲ့သည်ပဲ မဟုတ်လား။

ဤသို့လိုက်ရခြင်းကလည်း သူမအတွက် လိုက်ပေးခဲ့ရခြင်းဖြစ် သည်။ သူမခိုင်းသည်ကို ငြင်းဆန်း၍ မဖြစ်သောကြောင့် သူ့အသက်ကို ပေး၍ လုပ်ခဲ့ခြင်းဖြစ်သည်။

ဒါပေမဲ့ ယခုအချိန်တွင် သူမ၌ မုန်းတီးခြင်း သက်သက်ထက် သူမ ကိုယ်တိုင်က စိတ်ဇောသန်နေ၍ လုပ်မိခြင်းဖြစ်သည်။

မြူလာသည် ဘုန်းကြီးအယောင်ဆောင်၍ ဤမြို့လမ်းမပေါ်တွင် သွားလာလှုပ်ရှားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျေရုဆလင်မြို့ထဲတွင် မြူလာကို နောက်ယောင်ခံ လိုက်ရသည်မှာ လွယ်ကူလှသည်။

ဂျေရုဆလင်မြို့၏ လမ်းကျဉ်းကလေးများ၊ ဈေးကြိုဈေးကြားများနှင့် မှောင်ရိပ်ကြားများကို သူမ မကျွမ်းကျင်သလို မြူလာသည်လည်း မကျွမ်းကျင်။ လမ်းထောင့်တိုင်းမှာ လိုလိုပင် သူရပ်ပြီး သူ့မှာပါလာသည့် လမ်းမြေပုံနှင့် လမ်းနာမည်များကို တိုက်ဆိုင်ကြည့်ရှုနေခဲ့သည်။

တစ်ခါတစ်ရံ သူက နောက်ဘက်သို့ လှည့်ကြည့်တတ်သည်။

သူမက စိတ်ချနိုင်လောက်သည့် အကွာအဝေးမှ ခွာပြီး လိုက်သည်။ အနီးပတ်ဝန်းကျင်တွင် တံစက်မြိတ်များ၊ တံခါးပေါက်များ၊ ခိုးအောင်းရန် နေရာများကလည်း အဆင်သင့်ရှိနေသည်။ သက္ကလပ်ခြုံထည်အနက်ကို ခြုံထားသဖြင့် မှောင်ရိပ်ထဲတွင် သူမ၏အရိပ်အရောင် ပျောက်ကွယ်နေသည်။

မြူလာက ရည်ရွယ်ချက်မရှိဘဲ မြို့ကို လှည့်နေသည်ဟုထင်ရသည်။ နောက်ဆုံး သူက တစ်လမ်းဝင် တစ်လမ်းထွက်ဖြင့် တစ်ပတ်ကြီး ပြန်ပတ်ပြီး နေရာဟောင်းကို ပြန်ရောက်လာသည်။ သူက လမ်းတွေကို မှတ်မိဖို့ ကြိုးစားနေခြင်းဖြစ်ကြောင်း မော်ရင်းသိလိုက်ရလေသည်။

သူက နာမည်မရှိသော လမ်းကျဉ်းထဲသို့ ချိုးဝင်လိုက်သည်။ လမ်းထဲမှာ မှောင်နေသည်။ လမ်းထောင့်နားရောက်တော့ သူက နောက်ပြန်လှည့်ကြည့်လိုက်သဖြင့် မော်ရင်းက အိမ်ခန်းတစ်ခန်း၏ တံခါးပေါက်နံဘေးမှာ ဝင်တပ်လိုက်သည်။

သူမ ပြန်ထွက်လာသောအခါ မြူလာ မရှိတော့။

ယခုအချိန်တွင် မြူလာကို မျက်ခြည်ပြတ်၍ မဖြစ်ပေ။ သူမက လမ်းကျဉ်းကလေးထဲသို့ အဆင်ခြင်မဲ့စွာ ပြေးဝင်သွားသည်။ လေးငါးလှမ်းခန့် ပြေးသွားပြီးမှ မြူလာ မှောင်ရိပ်ထဲမှာ စောင့်နေပြီး သူမ၏လည်မျိုဆီသို့ လက်တွေ လှမ်းနေမလားဟု အထိတ်တလန့်တွေးမိလိုက်သည်။

ဒါပေမဲ့ မှောင်ထဲမှာ မည်သူမျှမရှိ။

လမ်းကျဉ်းကလေးက တစ်ဖက်ပိတ် လမ်းကျဉ်းကလေးဖြစ်သည်။ အမှောင်ထဲမှာ မျက်စိကျင့်သား နည်းနည်းရလာသောအခါ လာရာလမ်းဘက်သို့ တဖြည်းဖြည်း ပြန်လျှောက်လာခဲ့သည်။

သူမ ပြေးဝင်လာစဉ်က သတိမထားမိလိုက်သော ဝင်ပေါက်တစ်ခုကို ညာဘက်မှာ တွေ့လိုက်ရသည်။ ဝင်ပေါက်၏ အပေါ်မှာ ကြွေရည်သုတ် ဆိုင်းဘုတ်လေးတစ်ခု ရှိနေသည်။ ဆေးတွေ ကွာနေပြီး၊ မှောင်နေသဖြင့်



သူမ ဖတ်၍မရ။ သည်အပေါက်ထဲသို့ မြူလာ ဝင်သွားသည်ကို သူမ သံသယ မဖြစ်တော့။ တခြားဝင်သွားစရာလမ်းမရှိ။

သူမက လမ်းနှင့် အဝေးဆုံးထောင့်တစ်နေရာမှာ ထိုင်ချလိုက်သည်။ လိုအပ်လျှင် တစ်ညလုံးစောင့်ဖို့ ဆုံးဖြတ်လိုက်သည်။

ခြုံထည်ကို ခပ်တင်းတင်းလေး ပြင်ခြုံလိုက်ချိန်မှာ ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းများ ပြိုင်တူ ၁၂ ချက်တိတိ ထိုးလိုက်ကြသည်။ ဧပြီလ ၇ ရက်သည် အရှင်ယေရှုခရစ် အသေခံသည့်နေ့ ပွဲတော်ရက်ကို ကြိုဆိုလျက် ရှိနေပြီ။

အချိန်နာရီတွေ တဖြည်းဖြည်း ရွေ့လျားသွားသည်။ ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းက တစ်ချက်၊ နှစ်ချက်၊ နောက်သုံးချက်ထိုးသည့် အချိန်ထိ သူမက မလှုပ်မယှက် ရှိနေဆဲ။

ကြောက်ရွံ့ထိတ်လန့်လန့်ခြင်း နံနက်စောစော၏ အေးစက်ခြင်းတို့ဖြင့် တစ်ကိုယ်လုံး တုန်လာသည်။ ပက်ထရစ် အသတ်မခံရခင်က သူမကဲ့သို့ပင် မှောင်ထဲမှာ တုန်နေမှာလား။ ပက်ထရစ်လိုလူပင် အသက်ဆုံးရှုံးခဲ့လျှင် သူမလို မိန်းကလေးတစ်ယောက်အဖို့ ဘယ်လို အောင်မြင်နိုင်ပါ့မလဲ။

သူမ၏ လုပ်ရပ်ကို မည်သို့သော ဆင်ခြင်တုံတရားနှင့်မျှ ဖြေရှင်း၍ မရနိုင်တော့။ သူမ၏ မွေးရာပါ ခေါင်းမာသောအကျင့်ကြောင့် ဆင်ခြင်တုံတရားက သူမဆီမှ ထွက်ပြေးသွားခဲ့ပြီ။

အရုဏ်တက်လာပြီ။ ညောင်းညာ တောင့်တင်းလွန်းနေသဖြင့် ထရပ်လိုက်ရသည်။ ပင်ပန်းခြင်းနှင့် အအေးဒဏ်ကြောင့် တစ်ကိုယ်လုံး ကိုက်ခဲနေသည်။

လမ်းကျဉ်းကလေး၏ မျက်နှာချင်းဆိုင် လမ်းတစ်ဖက်မှာ ရှုံးတံခါးပေါက်တစ်ပေါက်ကို လှမ်းမြင်လိုက်ရသည်။

တံခါးကို အသာတွန်းကြည့်လိုက်တော့ တံခါးပွင့်သွားသည်။ သူမက လူသူကင်းမဲ့နေသော ခြံဝင်းထဲသို့ ဝင်လိုက်ပြီး တံခါးကို ခပ်ဟဟကလေး ထားကာ တံခါးနောက်မှာ စောင့်နေလိုက်သည်။ ဤနေရာမှနေပြီး မြူလာ ပျောက်သွားသည့် တံခါးပေါက်ကလေးကို ကောင်းကောင်းကြီး စောင့်ကြည့်နေ၍ ရသည်။

ခြောက်နာရီမထိုးမီ မိနစ်အနည်းငယ်တွင် သူ ထွက်လာသည်။ အိပ်ရာမှ နိုးလာသော မြို့သည်လည်း အသံဗလံများနှင့် တဖြည်းဖြည်း စတင်လှုပ်ရှားလာပြီ။

www.burmeseclassic.com

www.burmeseclassic.com



မြူလာတာ မနေ့က ဝတ်ထားသော ဘုန်းကြီးဝတ်စုံနှင့်ပင်၊ သူ့လက်ထဲမှာ သံတမန်အိတ်ကလေးတစ်အိတ်ကို ကိုင်ထားသည်။ သူ၏ ဘယ်ဘက်လက်ထဲမှာတော့ ကြိုးနှင့်ချည်ထားသော အထုပ်ကလေးတစ်ထုပ် ပါလာသည်။ လမ်းထောင့်နား ရောက်သောအခါ ဘယ်ညာ ဝေ့ကြည့်လိုက်ပြီး ဂျူးရပ်ကွက်ဆီသို့ ခြေလှမ်းခပ်သွက်သွက်ဖြင့် ထွက်သွားလေသည်။

မိုက်ကယ်၏ အိမ်ဘက်ကိုသွားတာလားမသိ၊ သူ့နောက်သို့ ဆက်မလိုက်မိ ညက သူအိပ်သွားသော နေရာကို စစ်ဆေးကြည့်ဖို့ စိတ်ကူးပေါ်လာသည်။

လမ်းကျဉ်းကလေးထဲသို့ ခပ်သွက်သွက် ဝင်လိုက်သည်။

ကြွေရည်သုတ် ဆိုင်းဘုတ်ပေါ်တွင်

'ဆူလေမန် သွားစိုက်ဆိုင်' ဟု အင်္ဂလိပ်စာလုံးဖြင့် ရေးထားသည်။

အထက်ဘက်တွင် သူမ နားမလည်နိုင်သော အာရပ်စာလုံးများ ရေးထားသည်။

လှေကားထိပ်တွင် တံခါးပေါက် တစ်ပေါက်ရှိသည်။ သစ်သားချောင်းများ ပိတ်ရိုက်ထားသော ပြတင်းပေါက် နှစ်ပေါက်ကိုလည်း တွေ့ရသည်။ သော့ခတ်ထားသော တံခါးနားကပ်ပြီး သူမ နားထောင်ကြည့်သောအခါ မည်သည့်အသံမျှ မကြားရ။

ပြတင်းပေါက် ဘက်ဆီသို့ လှည့်ကြည့်လိုက်သည်။ အပြင်မှ ရိုက်ထားသော သစ်သားချောင်းက တော်တော်ခိုင်ခံ့ပုံရသည်။ ဒုတိယ ပြတင်းပေါက်ကို ရိုက်ထားသော သစ်သားချောင်းက ရှည်ထွက်နေပြီး နံရံနှင့် ပြတင်းပေါက် ဘောင်ကြားမှ အနည်းငယ်ဟနေတာကို တွေ့လိုက်ရသည်။ သူမက တအားဆောင့်ဆွဲလိုက်သောအခါ ဆွေးနေသော သစ်သားက ပဲ့ပြီး ပြုတ်ထွက်လာသည်။

ပြတင်းပေါက်မှန်မှတဆင့် အထဲသို့ ချောင်းကြည့်လိုက်သည်။ အတွင်းဘက်မှာ မှောင်နေသည်။

ဘာမျှ စဉ်းစားမနေတော့ဘဲ ခြုံထည်ကို ချွတ်လိုက်သည်။ လက်သီးကို ခပ်နာနာ တင်းတင်းပတ်ပြီး ပြတင်းပေါက်မှန်ကို ထိုးခွဲလိုက်သည်။ မှန်ကွဲစတွေ အခန်းအတွင်းဘက်သို့ လွင့်စင်ကျသွားသည်။ မှန်ကွဲပေါက်မှ လက်နှိုက်ကာ အတွင်းဘက်မှ မင်းတုပ်ကို ဖြုတ်လိုက်သည်။ ပြတင်းပေါက်ကို ဖွင့်ပြီး အတွင်းဘက်သို့ ကျော်ဝင်လိုက်သည်။

တံခါးဘောင်ပေါ်မှ မီးခလုတ်ကို ဖွင့်လိုက်သည်။ အခန်းပတ်ပတ်



လည်ကို လှည့်ကြည့်လိုက်သောအခါ ဆိုဖာလက်ရမ်း၊ ကုလားထိုင်၊ စားပွဲ၊ ခွေးခြေနှင့် အမွေးတုံးနေသော ကော်ဇော်ကို တွေ့ရသည်။ အကြွမ်းဖက်သမားတွေ ခိုအောင်းတတ်လေ့ရှိသော အခန်းဖြစ်ကြောင်း သူမ သိသည်။ သည်အခန်းမျိုးကို သူမတို့၏ အိုင်ယာလန်မှာ သုံးခဲ့ဖူးသည်။

အခန်းထောင့် ဗီရိုဘေးမှာ တံခါးပေါက် တစ်ပေါက်ကို တွေ့ရသည်။ တံခါးပေါက်ကို သူမဖွင့်လိုက်သည်။ တစ်ခန်းလုံး ရှုပ်ပွနေသည်။ လူတစ်ယောက် အိပ်သွားသည့် လက်စလက်နများကို မြင်ရသည်။ သံခုတင်ဘေးမှာ စောင်နှစ်ထည်ပုံလျက်သား ရှိနေသည်။ တစ်ဝက်တပျက်စားထားသော စည်သွတ်ဘူးများနှင့် ပေါင်မုန့် အစအနများ စားပွဲပေါ်မှာ တွေ့ရသည်။

ထောင့်တစ်နေရာမှာ စက်သေနတ်နှစ်လက် ထောင်ထားသည်။ ကျည်ဆန် သေတ္တာတစ်လုံးကိုလည်း တွေ့ရသည်။ အုတ်နံရံတွင် ချိတ်ဆွဲထားသော ပိုစတာထဲမှ မျက်နှာကို မြင်ရသောအခါ ကိုယ့်ကိုယ်ကို မိုးကြိုးပစ်ခံလိုက်ရပြီလားဟု ထင်မှတ်လိုက်မိသည်။ သည်မျက်နှာက လူအများက ချစ်ခင်ကြည်ညိုပြီး ကိုးကွယ်နေကြသော မျက်နှာဖြစ်သည်။ မရေမတွက်နိုင်သော လူသန်းပေါင်းများစွာတို့က ထူးထူးခြားခြား ကိုးကွယ်နေသော လူ၏မျက်နှာဖြစ်သည်။

သည်လူ၏ နှလုံးသားနေရာမှာ ရွှံ့ရှာစက်ဆုတ်ဖွယ်ရာ ဆေးနီများဖြင့် စက်ဝိုင်းသုံးခု ဆွဲထားသည်ကို တွေ့ရသည်။ ပစ်မှတ်ပုံအလယ်တည့်တည့်တွင် စုတ်ပြတ်နေသော အပေါက်ငယ်တစ်ခုကိုလည်း တွေ့ရသည်။ သူတို့ သတ်မယ့်လူက ဗီလူကိုး၊ သူတို့ ကျူးလွန်မယ့်ပြစ်မှုက ဒါပဲကိုး၊ ရာဇဝတ်မှုတွေထဲမှာ ရွံ့ရှာစက်ဆုတ်ဖွယ်အကောင်းဆုံး ပြစ်မှုကြီးပါကလား။

မိုက်ကယ်ကို မြူလာဘယ်ကြောင့် ရွေးရတာလဲဆိုတာ သဘောပေါက်လာခဲ့သည်။ သည်လုပ်ငန်းမှာ အိုင်းရစ်များကို ဘာကြောင့်ဖယ်ထုတ်ရတာလဲဆိုတာကိုလည်း သူမနားလည်လာသည်။ ပက်ထရစ်ကိုရောမမှာ ဘာကြောင့် သတ်ပစ်ရတာလဲဆိုတာကိုလည်း သူမအဖြေ ထုတ်နိုင်ပြီ။

သည်လူသတ်မှုကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်တွေကို သူမ တဖြည်းဖြည်း သိရှိနားလည်လာသည်။

'ဘုရားရေ ဗီအတိုင်း မဖြစ်ပါစေနဲ့'

သူမက ချက်ချင်းပြန်လှည့်ပြီး ပြတင်းပေါက်မှ ထွက်သည်။ လှေကားမှ ပြေးဆင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ဧဗျရှုဆလင်မြို့၏ လှပသော နံနက်ခင်းထဲမှာ သူမ မမော
မပန်းနိုင်ပြေးလွှားနေသည်။

မိုက်ကယ်၏အခန်းကို ရောက်တော့ တံခါးသော့ခတ်ထားတာ
တွေ့လိုက်ရသည်။ အိမ်နီးချင်းတစ်ယောက်က

'ခုတင်ပဲ မိုက်ကယ်ထွက်သွားတာ၊ ဘုန်းကြီးတစ်ပါးလာခေါ်
လိုက်သွားတာ'

မော်ရင်းပြန်လှည့်ပြီး ပြေးသည်။

လမ်းထိပ်ကို ရောက်တော့ အမောဖြေဖို့ ခဏရပ်လိုက်သည်။ သူ
ဘယ်အရပ်ကို သွားရမလဲ။

မြူလာ၏ကြောက်စရာ အစီအစဉ်ကို ရင်ထဲမှာ သယ်ဆောင်လ
ရင်း ဧဗျရှုဆလင်မြို့ထဲတွင် တစ်ယောက်တည်း ဖြစ်နေပြီ။

သူမ၏ ချစ်သူမိုက်ကယ်ကို မြူလာ ဘာလုပ်ဦးမလဲဆိုတာ သူ
မတွေးတတ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်နှစ်ယောက်ကတော့ တံခါးပေါက် အပြင်ဘက် ကော်ရစ်ဒါမှာ ထိုင်[...] သူ့ အခန်းသို့ လာရောက်တွေ့ဆုံသူတွေကို စစ်ဆေးဖို့ စောင့်နေကြသ[...]

သည်နေ့မနက် ရဲအဖွဲ့က အကြမ်းဖက်သမားတစ်ယောက်ကို ဖမ်[...] သည်။ သို့ဖြစ်၍ ဟိုတယ်ခေါင်မိုးပေါ်မှာ အစောင့်နှစ်ယောက် ချထားလို[...] တော့သည်။

အကြမ်းဖက်သမား အဖွဲ့တွေ့မိကြောင်း သတင်းနှင့်ပတ်သက်[...] မော့ဆက်၏ ဆက်သွယ်ရေးပစ္စည်းတွေက သတင်းပို့သည့်ဌာနကိုရအော[...] ရှာဖွေနိုင်ခဲ့သည်။ သတင်းပို့သည့်ဌာနက တီသဟင်မြို့ အစွန်း တောင်ဘ[...] နားမှာ ဖြစ်သည်။

အိမ်တစ်အိမ်၏ မျက်နှာကြက် အထပ်ထဲမှ အသံလွှင့်စက်နှင့်အ[...] လတ်နက်များ၊ ဗျေရှုဆလင်မြို့ မြေပုံများ၊ ဂျရာမီယာ၏ တစ်နေ့တ[...] လှုပ်ရှားမှုပုံစံကို ရေးထားသော အပျော်တမ်းသမားတစ်ယောက်၏ သတင်[...] ပို့ချက်များကို တွေ့ရသည်။ ဖမ်းမိထားသော အကြမ်းဖက်သမားကို စစ်ဆေ[...] ကြည့်တော့ ဂျရာမီယာကို လုပ်ကြံဖို့ ယနေ့သောကြာနေ့ကို သတ်မှတ်ထ[...] သည်။ သည်လုပ်ငန်းမှာ ပါဝင်သော တခြား ၆ ယောက်က မနေ့ည[...] ကတည်းက စခန်းမှ ထွက်ခွာသွားကြပြီ။ ဂျရာမီယာက နေကုန်သည်အထ[...] အသက်ရှင်နေဖို့ မဟုတ်ပေ။

အလကားဟာတွေဟု ဂျရာမီယာက ဒေါသတကြီးပြောလိုက်သည်[...] ဒါတွေ အကုန်လုံး အဓိပ္ပာယ်မရှိတဲ့ဟာတွေ မြူလာက ငါတို့ကို ဒီ[...] ထင်အောင် လုပ်တာ၊ မော့ဆက်ဟာ သူထောင်ထားတဲ့ ငါးမျှားချိတ်မ[...] ဟပ်မိနေပြီ၊ သည်လူတွေ သည်လောက်ကလေးမှ မစဉ်းစားတတ်ဘူးလာ[...]

သူ့ အယူအဆကို မော်လီလက်ခံသည်။ မနေ့က သူမနှင့် စကာ[...] ပြောဖြစ်ခဲ့သေးသည်။ ဒါပေမဲ့ မော်လီမှာ ဆုံးဖြတ်ချက် ပေးနိုင်သေ[...] အာဏာမရှိ။ ဒေးဗစ်တရော ဘယ်လိုဖြစ်နေသလဲ၊ ရဲမင်းကြီးအယ်လ်ဘရိ[...] ဒါကို ဘာကြောင့် မမြင်နိုင် ဖြစ်နေရသလဲ။

ဘီရှုတ်နှင့် ဘီသဟင် အပြန်အလှန် ရေဒီယိုအချက်ပေး လု[...] ဆောင်ခြင်းမှာ မြူလာက သူတို့အကြမ်းဖက်သမားများ၏ အခြေခံစခန်းက[...] တမင်ရှာတွေ့အောင် လုပ်လိုက်ခြင်း ဆိုတာကို သူတို့ နားလည်သင့်သည်[...] ပြောက်ကျားခေါင်းဆောင်ကြီးက သည်လိုအစီအစဉ်မျိုးကို ရေဒီယိုနှင့် ဘယ်[...] အမိန့်ပေးပါ့မလဲ။ သည်လောက်တော့ သူ ပါးပြီးနပ်ပြီးသားဖြစ်သည်။

ပြီးတော့ သည်လို အမိန့်ပေးဖို့လည်းမလို၊ လျှို့ဝှက်လုပ်ရသော[...]



စစ်ဆင်ရေး ဆိုသည်မှာ အစီအစဉ်စလုပ်ကတည်းက နေ့ရက်နာရီ အတိအကျ သတ်မှတ်ပြီးသား။ ဌာနချုပ်အနေနှင့် ရေဒီယိုမှနေပြီး အချက်ပေးပို့ရလောက်သော ကိစ္စတစ်ခုတည်းရှိသည်။ စစ်ဆင်ရေးကို ဖျက်သိမ်းဖို့ ဆိုသော အခါကျမှပဲ ရေဒီယိုမှ အချက်ပေးလိမ့်မည်။

ရေဒီယို သတင်းပို့ချက်ကို အသိအမှတ်ပြုဖို့ဆိုတာကတော့ အဓိပ္ပာယ်မရှိ။ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်သလို ဖြစ်နေသည်။

ဒါကို သူတို့လည်း သိပြီးသားပဲ၊ သူတို့၏အခြေခံစခန်းကို နာရီပိုင်းအတွင်း ဖမ်းမိသွားပြီဆိုတာကိုလည်း မြူလာသိနေမှာပဲ။

မြူလာ။ သူ၏ မျက်နှာပုံသဏ္ဍာန်က ဂျရာမီယာ၏ အတွေးမျက်လုံးထဲမှာပေါ်လာသည်။ ဂွက်ကိုလိုင်ချက်နှင့် အီဗာရှင်၏သား ခုချိန်ဘယ်နေရာကို ရောက်နေပါလိမ့်။

သူ ဝေးဝေးမှာ ရှိမှာ မဟုတ်။ ကင်းဒေးဗစ်ဟိုတယ်နှင့် ကိုက်သုံးလေးရာ အကွာလောက်မှာပဲ ရှိနေလိမ့်မည်။

မြူလာက ဒီတိုင်းပြည်ထဲကို တစ်နည်းနည်းဖြင့် ဝင်ရောက်လာပြီး ဆိုးရွားလှသော အကြံအစည်ကြီးကို အကောင်အထည်ဖော်ဖို့ ချောင်းနေလိမ့်မည်ဆိုတာတော့ သံသယရှိစရာမလို။

သူ ဂျူးကို အဆင်သင့်ဖြစ်အောင် လုပ်ထားလိမ့်မည်၊ ခလုတ်ကလေးတစ်ခုကို နှိပ်ချင်နှိပ်နေမယ်၊ မောင်းလေးတစ်ခုကို ဆွဲချင်ဆွဲနေမယ်၊ သူ့ရဲ့ ကလဲ့စားချေမှုကြီးအတွက် ကြိုတင်ပီတိဖြစ်ချင်ဖြစ်နေလိမ့်မယ်။

သူ အခု ဘယ်မှာလဲ။ သူ့ အစီအစဉ်က ဘာလဲ။

သူ့ အခန်းတံခါး ခေါက်သံထွက်ပေါ်လာသည်။ ကိုယ်ရံတော် တစ်ယောက် အခန်းထဲသို့ ဝင်လာသည်။

'ဒီနေ့ထုတ် သတင်းစာတွေ ရောက်လာပြီ'

'အေး ကျေးဇူးတင်တယ် ဆောရစ်'

သူက ခေါင်းညိတ်လိုက်ပြီး အစ္စရေး၏ နာမည်အကြီးဆုံး သတင်းစာကို စားပွဲပေါ်မှာ ဖြန့်လိုက်သည်။ သတင်းစာ ခေါင်းကြီးများကို တစ်ခုပြီးတစ်ခု စီစစ်ကြည့်လိုက်သည်။

'ဗျေရှုဆလင်မြို့တော်သို့ ပုပ်ရဟန်းမင်းကြီး ဒုတိယ ဂျွန်ပေါ၏ ပုဂ္ဂလိက လည်ပတ်ရေးအစီအစဉ် ယနေ့စတော့မည်။

သူ ချက်ချင်း ငြိမ်ကျသွားသည်။

ဘုရားဖူး အလည်အပတ်။ ရဟန်းမင်းကြီး မြင့်မြတ်သည့်နေရာ

www.burmeseclassic.com

www.burmeseclassic.com



ဈေးရှုဆလင်

'ငါ ဂျူးတစ်ယောက် အလိုရှိတယ်'

'အဆုံးစွန် တလဲ့စားချေခြင်း'

'ဒီတစ်ခါပြီးရင် ဘယ်အရာမှ ပုံမှန်အတိုင်းရှိမှာ မဟုတ်တော့ဘူး'

သူ အစီအစဉ် ဒါများ ဖြစ်နေမလား။

သည်နေ့ ရက်စွဲကို မြူလာ မသိနိုင်။

ဝန်ကြီးချုပ်က သူ့ကို ဘာများပြောခဲ့သလဲ၊ သည်ကိစ္စကို နောက်ဆုံးအထိ လျှို့ဝှက်ထားသည်။ ဒါပေမဲ့ တစ်ယောက်ယောက်ကတော့ သိရမည်။ သည်လိုမှမဟုတ်လျှင် ရောမမှာ သိရမည်။

ကာရှင်။

မြူလာက ငါ့ကို တစ်ပတ်ရိုက်ဦးမှာပဲ။ ဒီကိစ္စက အချိန်မရွေး ဖြစ်သွားနိုင်တယ်။ သူမှာ အချိန်မရှိတော့ဘူး။ နောက်တောင် ကျချင်ကျနေမှာ။

သည်ကြောက်စရာ အဖြစ်မှန်ကို တွေးမိတော့ သူ့ ကိုယ်ထဲမှာ သွေးတွေ ခဲလုမတတ်ဖြစ်သွားသည်။

တယ်လီဖုန်းကို သူ ကောက်ကိုင်လိုက်သည်။

# ၃၉

ပုပ်ရဟန်းမင်းကြီးက ဗီသဟင်မြို့ကလေးမှ ခရစ်တော် မွေးဖွားရာ ဘုရားရှိခိုးကျောင်းတွင် အချိန်တော်တော်ကြာကြာ ဘုရားဝတ်ပြုခဲ့သည်။

နံနက်အရုဏ်တက်ချိန်တွင် ရေအေးအေးဖြင့် သူ့ကိုယ်ကို သန့်စင်သုတ်သင်သည်။ ဘုရားဖူးထွက်ရန်အတွက် အဝတ်အစားအပြည့်အစုံ ဝတ်ဆင်သည်။

ဘယ်ဘက်လက်ထဲတွင် ငွေရောင်လက်ဝါးကပ်တိုင် အရုပ်ထိပ်ဖူး တပ်ထားသော တုတ်ကိုကိုင်ပြီး ဘုရားရှိခိုးကျောင်းထဲမှ အပြင်သို့ ထွက်လိုက်သည်။ အပြင်ဘက်မှာ သူ၏ အတွင်းရေးမှူးနှင့် အဖွဲ့သားတွေ စောင့်နေကြသည်။

သူတို့က ဒူးထောက်ပြီး ကြိုဆိုလျက်ရှိကြသည်။ သူတို့ နောက်မှာ ရောမမင်းကြီးရုံးအဖွဲ့၊ ကိုယ်စားပြု အတိုင်ပင်ခံ ဘုန်းတော်ကြီးများအဖွဲ့ ရှိသည်။

ဘုရားရှိခိုးကျောင်း တံခါးပေါက်ဝမှ နေရောင်ထဲသို့ သူ ထွက်ရပ်လိုက်တော့ လူအုပ်ကြီးက သူ့ကို ဝတ်ပြုရင်းတောင်းချီထောမနာ ပြုကြသည်။

သတင်းစာအလိုအရ ရဟန်းမင်းကြီးကို ယနေ့နံနက်အတွက် အစိုးရ တာဝန်ရှိ ပုဂ္ဂိုလ်များက လာရောက် ဂါရဝပြုရန် အစီအစဉ်မရှိ။ မူလက သဘောတူညီထားခဲ့သည့်အတိုင်း ရဟန်းမင်းကြီး၏ ဘုရားဖူးခြင်းကိစ္စပြီးစီးမှ ဝန်ကြီးချုပ်နှင့် တွေ့ဆုံရန်ဖြစ်သည်။

သူ့ကို လေယာဉ်ကွင်းမှာ သွားရောက်ကြိုဆိုသော သာသနာရေး

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးက သူ့အလိုရှိသည့်အတိုင်း ဆောင်ရွက်ပေးပါမည်ဟု ကတိပြုထားသည်။ ဂျေရုဆလင်မြို့ပေါ် ဘုရားဖူးသွားရာ လမ်းတစ်လျှောက် စစ်သားသော်လည်းကောင်း၊ ရဲသော်လည်းကောင်း မထားရှိရဟု သူ တောင်းဆိုခဲ့သည်။

သူက ယေရှုခရစ်တော်၏ ခြေရာအတိုင်း ဒိုလိုရိုစာမှ ဂိုလ်ဂိုသအထိ ဂျေရုဆလင်မြို့ထဲကို ဖြတ်ပြီး လမ်းလျှောက်သွားရန် ရည်ရွယ်ထားသည်။ ယေရှုခရစ် လက်ဝါးကပ်တိုင် အရိုက်ခံရပြီး နှိပ်စက် ညှဉ်းပန်းခံရသည့်နေ့ကို သူ ရွေးခဲ့သည်။

သည့်နေ့ သည်နေရာမှာ ယေရှုခရစ်သည် လက်ဝါးကပ်တိုင်ကို ထမ်းရင်း ပတ်ဝန်းကျင်မှ သူသူငါငါတို့၏ ဆဲဆိုစော်ကားခြင်းကို ခံခဲ့ရသည်။ သူ၏ ကိုယ်ပွားဖြစ်သော ရဟန်းမင်းကြီးလို ပုဂ္ဂိုလ်တစ်ဦးက လက်နက်တို့ စစ်သားတို့ကို အကာအကွယ် မယူသင့်။

ရောမမြို့ စိန့်ပီတာ ရင်ပြင်မှာ လုပ်ကြံမှုခံခဲ့ရဖူးသော်လည်း လုံခြုံရေးအတွက် သူ ငြင်းဆိုခဲ့သည်။ လူသူပရိသတ်တွေကို ရဲများနှင့် အတားအဆီး လုပ်ဖို့လည်း ငြင်းဆိုခဲ့သည်။ လူအုပ်ကြီးထဲကို အားအင်သုံးစရာမလိုဘဲ သူ့အတွက် လူတွေက လမ်းဖွင့်ပေးကြလိမ့်မည်ဟု သူ ယုံကြည်သည်။

သူ့စိတ်ကူးက တကယ့်ရိုးရိုးဘုရားဖူး တစ်ဦးဖြစ်ချင်သည်။

သတင်းထောက်များကို ခေါ်မလာရုံမျှမက သူ၏ ဘုရားဖူးကိစ္စကိုလည်း အကျယ်မချဲ့ရန် နောက်ဆုံးအချိန်အထိ လျှို့ဝှက်ထားရန် တောင်းဆိုခဲ့သည်။ ဒါပေမဲ့ ရောမရှိ ရဟန်းမင်းကြီး ရုံးအဖွဲ့သားအတိုင်ပင်ခံ ဘုန်းတော်ကြီးများကိုတော့ လိုက်ပါရန် ခွင့်ပြုခဲ့ရသည်။

ဂျေရုဆလင် သာသနာပိုင် ဖရန်စစ္စကင်ဘုန်းတော်ကြီးများ၏ ပျူငှာစွာ ဧည့်ခံခြင်းကို မငြင်းဆန်နိုင်ခဲ့။ တခြားဘုရားရှိခိုးကျောင်းများ၏ ကိုယ်စားလှယ်များကိုလည်း သူ မငြင်းဆန်နိုင်။

ဒိုလိုရိုစာ လမ်းမကြီးထိပ်၊ သူ၏ခရီးအစ မိုမာရီယဇ်ကျောင်းတော်သို့ သူ့ကားတန်းကြီး ရောက်လာချိန်မှာ ဘုန်းကြီးများ၊ သီလရှင်များက သူ့နေရာနှင့်သူ စနစ်တကျစီတန်း စောင့်မျှော်နေကြသည်။

မကြုံစဖူး၊ ခရစ်ယာန်ဂိုဏ်းပေါင်းစုံတို့ တစ်ချိန်တည်း တစ်နေရာတည်းမှာ လာရောက်စုရုံးကြပြီး၊ ရဟန်းမင်းကြီး၏ ဂိုလ်ဂိုသအထိ ခြေကျင်လျှောက်ခရီးစဉ်၏ နောက်မှလိုက်ကြဖို့ အဆင်သင့်ဖြစ်နေကြပြီ။

မြို့ဟောင်းသည် လူအုပ်ကြီးထဲမှာ နစ်မြုပ်နေလေပြီ။



ပုပ်ရဟန်းမင်းကြီး ဂျေရုဆလင်မြို့ကို ဖြတ်ပြီး၊ မြင့်မြတ်သောနေရာသို့ လမ်းလျှောက်မည်ဆိုသော သတင်းပြန့်နှံ့သွားသဖြင့် ထောင်ပေါင်းများစွာသော ခရစ်ယာန်၊ မူဆလင်နှင့် ဂျူးလူမျိုးတွေက ဒိုလိုရိုစာလမ်းမကြီးနှင့်အနီးဝန်းကျင် လမ်းနံဘေးတွေမှာတပ်ပြီး ရပ်နေကြသည်။

ယေရှုခရစ်တော် လက်ဝါးကပ်တိုင်မှာ အကွပ်မျက်ခံရပြီး သေဆုံးသွားခဲ့ရသော သင်္ချိုင်းတော်ဘုရားရှိခိုးကျောင်းအထိ ပုပ်ရဟန်းမင်းကြီး လမ်းလျှောက်လာသည်ကို ခဏကလေးမျှ မြင်ရလို၊ မြင်ရငြား စုပြုံစောင့်နေကြခြင်းဖြစ်သည်။

အိုမာရီယာဒ်ကျောင်းတော်ဝင်းထဲသို့ နေရောင်များ ထိုးကျနေသည်။

ပုပ်ရဟန်းမင်းကြီးက ထိုနေရာမှ ယေရှုခရစ်တော်အပြစ် ဒဏ်စီရင်ခြင်း၊ ကြာပွတ်နှင့် အရိုက်ခံရခြင်း အထိမ်းအမှတ်အဖြစ် ဆောက်ထားသော ဘုရားရှိခိုးကျောင်းငယ်ရှိရာသို့ စတင်လျှောက်သွားသောအခါ လူအုပ်ကြီးက ရှဲပြီးလမ်းဖယ်ပေးကြသည်။

ပုပ်ရဟန်းမင်းကြီးက သမ္မာကျမ်းစာများကို ရွတ်ဖတ်သရဇ္ဈာယ်ရင်း လျှောက်လာသည်။ ဒုတိယမှတ်တိုင် အီစီဟိုမိုဘာစီလီကာ ဘုရားရှိခိုးကျောင်းရှေ့မှာ ခဏရပ်ပြီး ရွတ်ဖတ်ခြင်းအမှုကို ပြုလိုက်သေးသည်။

ဤနေရာကား ယေရှုခရစ်တော်ကို လက်ဝါးကပ်တိုင် ပေးအပ်သည့်နေရာဖြစ်သည်။

ဂျေရုဆလင်မြို့၏ ဘာသာရေး အထိန်းတော်များနှင့် နောက်ပါအဖွဲ့အစည်းများက သူ့နောက်မှ လေးငါးလှမ်းခွာပြီး လိုက်ပါလာကြသည်။ ထို့နောက် ဘာသာရေးအဖွဲ့ပေါင်းစုံမှ ဘုန်းတော်ကြီးများတန်းစီ လိုက်လာကြသည်။

ပုပ်ရဟန်းမင်းကြီးက တတိယမှတ်တိုင်နေရာမှာ ရပ်လိုက်ပြန်သည်။ တတိယမှတ်တိုင်နေရာကို ပိုလန်ဘုရားဝတ်ပြုကျောင်းကလေးနှင့် အထိမ်းအမှတ်ပြုထားသည်။

ဤနေရာကား ယေရှုခရစ်တော်လဲကျသည့် နေရာဖြစ်သည်။

ပုပ်ရဟန်းမင်းကြီးက မျက်စိစုံမှိတ်ကာ လက်နှစ်ဖက်ကို ပူးလိုက်ပြီး ခဏကြာမျှ အာရုံပြုလိုက်သည်။

သည်အချိန်မှာ မော်ရင်းက လူအုပ်ကြားထဲရောက်နေသည်။ လူအုပ်ကြားထဲ ဇွတ်တိုးဝင်ပြီး ပုပ်ရဟန်းမင်းကြီးဆီ အရောက်သွားဖို့

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေသည်။

တစ်မနက်လုံး သူမက မိုက်တယ်ကို အပြေးအလွှား ရှာဖွေခဲ့သည်။ လမ်းမပေါ်မှာ လူအုပ်ကြီး တဖြည်းဖြည်း ပြည့်ကျပ်လာမှ ရဟန်းမင်းကြီး ဘုရားဖူးလာမည့်အကြောင်းကို သူမ သိလိုက်ရသည်။

ထိုအချိန်တစပြီး သူမတတစ်ခုတည်းသော အာရုံစွဲလန်းမှုသ ရှိတော့သည်။ ပုပ်ရဟန်းမင်းကြီးကိုရှာပြီး သူ့အသက်ကို ကာကွယ်ရမည် မည်သို့ ကာကွယ်ရမည်ဆိုတာကိုတော့ သူမ မသိ။

ကြုံရာ လူတွေကို လှမ်းမေးရင်း ကျပ်ပိတ်နေသော လူအုပ်ကြား နောက်ဆုံးတွင် ဗိုလိုရှိစာလမ်းမပေါ်သို့ သူမရောက်လာသည်။ တိုးဝှေ့ရင်း ခြုံထည် ဘယ်နေရာမှာ ကျကျန်ရစ်ခဲ့မှန်း သူမ မသိတော့။ ခြုံထည်ကိစ္စ ဂရုမစိုက်နိုင်။ ရဟန်းမင်းကြီးကို ကယ်တင်ရေးက အရေးကြီးသည်။

တတိယမှတ်တိုင်မှာ သူ့ကို သူမ တွေ့လိုက်ရသည်။ သူ့အနားရောက် နိုင်ဖို့ သူမကြိုးစားပေးမယ့် မအောင်မြင်။ မျက်ရည်တွေ ရွှဲနေသော သူမ မျက်နှာကို မည်သူမျှ ဂရုမစိုက်ကြ။

'ကျွန်မ ရှေ့ကို သွားပါရစေ'

သူမ၏ အော်သံက လူအုပ်ကြီး၏အသံတွေကြားမှာ နစ်မြုပ်ပျော ကွယ်သွားသည်။

အနားမှ အမျိုးသမီးကြီးတစ်ယောက် သတိလစ်ပြီးလဲကျသွားသည် ယောကျာ်းကြီး သုံးယောက်က သူမကို ပွေ့ချီသွားတာ ကြည့်ရင်း မော်ရ တစ်စုံတစ်ရာကို သတိရပြီး ပြန်လည်စဉ်းစားကြည့်လိုက်သည်။

အခုလို သူမ တိုးဝှေ့နေခြင်းမှာ အကျိုးရှိပါ့မလား။

ပုပ်ရဟန်းမင်းကြီး၏အနားသို့ သူမ ရောက်နိုင်မည်မဟုတ်။ ရော လျှင်ရော သူမ ဘာလုပ်ရမှာလဲ၊ ရှေ့ဆက်မသွားဖို့ တားရမှာလား။

မြူလာက သည်လူအုပ်ကြီးထဲမှာ မရှိနိုင်၊ တခြားတစ်နေရာရာ သူရှိနေလိမ့်မည်။

မိုက်တယ်ကိုရော သူတစ်ခုခုလုပ်လိုက်ပြီလား။

ဆေးနီးအဝိုင်း သုံးဝိုင်း ရေးဆွဲထားသော ပုပ်ရဟန်းမင်းကြီး ဓာတ်ပုံကိုပြန်ပြီး သတိရလာသည်။

သူမက လူအုပ်ကြီးထဲသို့အားစိုက်ပြီး အတင်းတိုးဝင်လိုက်ပြန်သည်

ဗိုလိုရှိစာလမ်းမတစ်ဖက်မှာ ဂျရာမီယာကလည်း ပုပ်ရဟန်းမင်းကြီး ကို စိတ်တထင့်ထင့်ဖြင့် စောင့်ကြည့်နေသည်။ သူ၏ ကိုယ်ရံတော



လေးယောက်က သူ့ကို ဝန်းရံထားသည်။ နံဘေးမှလူတွေကို အတင်းတွန်းဖယ်ကာ လမ်းတစ်လမ်းဖြစ်ပေါ်လာစေဖို့ ကြိုးစားနေကြသည်။

သူက သူတို့လေးယောက်ကို ပြင်းပြင်းထန်ထန် ပြောဆိုမာန်မဲပြီးမှ သူ့ဆန္ဒအတိုင်း သည်နေရာသို့ ရောက်အောင်သူတို့ကို ပို့နိုင်ခဲ့ရခြင်းဖြစ်သည်။ ပုပ်ရဟန်းမင်းကြီးကို သူတို့ဘယ်လို အကာအကွယ်ပေးရပါ့မလဲ။

သည်လောက် လူတွေ တိုးဝှေ့နေသည် လမ်းမပေါ်မှာ ပြတင်းပေါက်၊ ခေါင်မိုး၊ ခေါင်းလောင်းစင်၊ ဗလီမျှော်စင် အစရှိသည့်နေရာများမှ ကျည်ဆန်တစ်ချက် ပစ်လိုက်နိုင်သည်။

သူ့လူတွေက ပတ်ဝန်းကျင်ရှိ ပြတင်းပေါက်များ၊ လသာဆောင်များဘက်ဆီသို့ မသင်္ကာဖွယ်ရာ လှုပ်ရှားမှုတစ်ခုခု ဒါမှမဟုတ် သေနတ်ပြောင်းတစ်ခုခုများ တွေ့ရလေမလားဟု တီးကန်းတောင်းမော့က် လိုက်ကြည့်ကြသည်။

သူက ပုပ်ရဟန်းမင်းကြီးအတွက် ကြောက်လန့်စရာအဖြစ်မျိုး သတိရှိလိုက်မိသည်နှင့် တစ်ပြိုင်နက် ရဲကို အကူအညီတောင်းခဲ့သည်။ မြို့ပေါင်းသို့ ရှိသမျှအင်အားအတုန် လွှတ်လိုက်မည်ဟု ရဲအဖွဲ့က ကတိပြုခဲ့သည်။

ဟက်ဖနာက သူ့အဖွဲ့သားတွေနှင့်အတူ တဲလ်အဗစ်မှ အပြေးအလွှားလာနေပြီ၊ အကြမ်းဖက်သမားနှိမ်နင်းရေးအဖွဲ့သားတွေလည်း အဆင်သင့် ဖြစ်နေကြပြီ။ ဒါပေမဲ့ သည်လူပင်လယ်ကြီးထဲမှာ လျှို့ဝှက်ထောက်လှမ်းရေးသမားများနှင့် ရဲများက ဘာများလုပ်နိုင်ကြမှာလဲ။

ပုပ်ရဟန်းမင်းကြီးကို တာကွယ်ဖို့ တစ်ခုတည်းသော နည်းလမ်းမှာ ဗိုလိုရှိစာလမ်းမပေါ်မှ သူ့ကို ဆွဲခေါ်ပြီး လုံခြုံရာသို့ ပို့ပေးဖို့ပဲဖြစ်သည်။ သည်လို လုပ်ဖို့ကလည်း မဖြစ်နိုင်။

သည်တော့ သူက လူအုပ်ကြီးကြားထဲ ဇွတ်တိုးဝင်ဖို့ပဲ ကြိုးစားနေမိတော့သည်။

ဂျရာမီယာ၏ ကိုယ်ရံတော် နှစ်ယောက်က ဝေါ်ကီတော်ကီဖြင့် တခြားအဖော်ဂျင့်တွေကို ဆက်သွယ်စကားပြောနေသည်။

သချိုင်းတော် ဘုရားရှိခိုးကျောင်းနှင့် မျက်နှာချင်းဆိုင် ယေရှုရစ်တော် အကွပ်မျက်ခံရသည့် ရှိလ်ရှိသနေရာကို မျက်နှာမူထားသော အခန်းကျဉ်းကလေးတစ်ခုထဲမှာ စောင့်နေသူကတော့ အဲဖရက်မြူလာ။

www.burmeseclassic.com

www.burmeseclassic.com

## ၄၀

မြလာက မြတင်းပေါက်အတွင်းဘက် ဘောင်ပေါ်တွင် တင်ထားသ
ရမင်တန် X.P 100 ကို အမြတ်တနိုး ပွတ်သပ်လိုက်သည်။ သေနတ်
သေသေချာချာစစ်ဆေးပြီး တိုက်ချွတ်ဆေးကြောပြီးပြီ။ ပြန်လည် တပ်ဆင်
ပြီ။ အသုံးပြုဖို့ အဆင်သင့်ဖြစ်နေပြီ။

မှန်ပြောင်းကိုလည်း လျှောလမ်းမှာ ခိုင်ခိုင်မြဲမြဲတပ်ဆင်ပြီး
ဖိုင်းယားသော ကျည်ဆန်တစ်တောင့်ကလည်း ကျည်အိမ်ထဲရောက်နေ

သူ့ကို ကြောက်လန့်တကြား စူးစိုက်ကြည့်နေသော မိုက်ကယ်
သူပြန်လှည့်ကြည့်လိုက်သည်။

မိုက်ကယ်ကုလားထိုင် တစ်လုံးပေါ်မှာ ခိုင်ခိုင်မြဲမြဲ တုပ်နှောင်
ပြီးပြီ။ လက်နှစ်ဖက်ကိုလည်း အနောက်ဘက်သို့ ဆွဲယူတုပ်ထားသ
ပါးစပ်ကိုလည်း အဝတ်ဆို့ထားသည်။

မြလာက မိုက်ကယ်ကုလားထိုင် နောက်ဘက်သို့ လျှောက်သွ
မိုက်ကယ်ပခုံးပေါ်မှတစ်ဆင့် ပြတင်းပေါက်ဆီသို့ လှမ်းကြည့်လိုက်သ

ကွက်တိပဲ။

သူနေရာကဆိုလျှင် မိုက်ကယ်သည် သချိုင်းတော်ဘုရား
ကျောင်း၏ မျက်နှာစာ၊ စက်ဝိုင်းလုံးခေါင်မိုး၊ မြင်းခွာပုံ ပြတင်းပေါက်
နှင့်လှပသည့်ဆင်ဝင် ရှေ့တံခါးပေါက်တို့ကို ကောင်းစွာ မြင်နေရသည်

ဘုရားရှိခိုးကျောင်း၏ အရှေ့ဘက်ထောင့်ရှိ ညီညာ
ကျောက်သားခုံပေါ်တွင် ပုပ်ရဟန်းမင်းကြီးက မလှုပ်မယှက်ရပ်ပြီး သ



နှလုံးသားကိုဖောက်ထွင်းမည့် ကျည်ဆန်လာရာဘက်သို့ ရင်ဖွင့်ကြိုဆိုစေ
ပေလိမ့်မည်။

'ကောင်းလိုက်လေကွာ'

အဲဖရက်က မိုက်ကယ်နားနားကပ်ပြီး တိုးတိုးကလေး ပြောလိုက်
သည်။

'မင်းက အကောင်းဆုံးနေရာကို ရထားတာပဲ'

ဂျူးတော့သည်လည်း ပုပ်ရဟန်းမင်းကြီး သေဆုံးပြီးနောက် စက္ကန့်
ပိုင်းအတွင်း သေရလိမ့်မည်။ မိုက်ကယ်က ပုပ်ရဟန်းမင်းကြီးကို လုပ်ကြံပြီး
နောက် အပြစ်ပေးခံရမှာ ကြောက်သဖြင့် သူ့ကိုယ်သူ အဆုံးစီရင်သွားသလို
မျိုးဖန်တီးထားရမည်။

မြလာက တိုးတိုးကလေး ရယ်မောလိုက်သည်။

သူက စိတ်ဓာတ်တွေ သိပ်ပြီးတက်ကြွနေသည်။ ဖြစ်ရပ်ကို ကြိုတင်
မှန်းဆကြည့်ရင်း သူ့တစ်ကိုယ်လုံးသွေးတွေ ဆူပွက်နေသည်။ သူ့အစီအစဉ်ကို
အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီ။ အနှောင့်အယှက် အထစ်အငေါ့မရှိဘဲ
တိတိကျကျ လုပ်နိုင်ခဲ့ပြီ။

နောက်တစ်နာရီခန့်ကြာလျှင် သမိုင်းမှတ်တမ်းတင်လောက်သော
သူ့ ကလဲ့စားချေမှုကြီးကို ဆောင်ရွက်ပြီးစီးတော့မည်။

အစီအစဉ်တစ်ခုလုံး အဆင့်တိုင်းမှာ အောင်မြင်ခဲ့သလို သည်နေ့
မနက်မှာလည်း အောင်မြင်လိမ့်မည်။

မိုက်ကယ်ကို သည်အခန်းထဲရောက်လာဖို့ မျှားခေါ်ရသည်က
မခဲယဉ်း။ သည်အခန်းကို သူက ဌာနချုပ်အဖြစ် အသုံးပြုမည်၊
သူတစ်ယောက်တည်းဆိုလျှင် အခန်းရှင်က ဟိုမေးသည်မေး မေးနေလိမ့်
မည်၊ ဒါကြောင့် သူနှင့်အတူ လိုက်လာမှ အဆင်ပြေမည်ဟု ရှင်းပြခဲ့သည်။

သူတို့နှစ်ယောက်က ဝိုင်းထဲသို့ ပထမဆုံး ဝင်လာသူ နှစ်ယောက်ဖြစ်
သည်။

သချိုင်းတော် ဘုရားရှိခိုးကျောင်းဝိုင်း၏ အနောက်ဘက်တံခါးက
ထုံးစံအတိုင်း ညအချိန်မှာ ပိတ်ထားပြီး နံနက် နေထွက်ချိန်ကျမှ ဖွင့်လေ့ရှိ
သည်၊ မိုက်ကယ်နှင့် မြလာက တံခါးပေါက်ထဲသို့ လူခွဲပြီး ဝင်ကြသည်။

မိုက်ကယ်ကို တံခါးဖွင့်ပေးသော ဘုန်းကြီးက နှုတ်ဆက်လိုက်သော်ကို
မြလာ တွေ့လိုက်ရသည်။ ဘုန်းကြီးအဝတ်အစားနှင့် ဝင်လာသော
သူ့ကိုတော့ နှုတ်မဆက်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် အိမ်ခန်းဝင်ပေါက်နားမှာ ဆုံကြပြီး မိုက်ကယ်က အခန်းသို့ ဦးဆောင်တက်သွားသည်။ သူတို့နှစ်ယောက် ဝင်သွားတာကို မည်သူမျှမမြင်ကြ။

နောက်ပိုင်းကိစ္စတွေက ပုံမှန်အတိုင်း အလွယ်တကူ ပြီးမြောက်သွားသည်။ ဂျူး၏လည်ဂုတ်ကို လက်ဝါးစောင်းတစ်ချက်ခုတ်လိုက်ပြီး ကြိုးနှင့်တုပ် ပါးစပ်ထဲ အဝတ်ဆို့လိုက်ရုံပင်။

ပြောက်ကျားခေါင်းဆောင်ကြီးက သူ၏အစီအစဉ်ကို အသေးစိပ် စီစဉ်ပေးခဲ့သည်။ သူ ညအိပ်ခဲ့သော အခန်းကိုလည်း သူပဲ စီစဉ်ပေးခဲ့သည်။ သူ ညအိပ်ခဲ့သော အခန်းကိုလည်း သူပဲစီစဉ်ပေးပြီး စားပွဲပေါ်မှာ သေတ္တာနှင့်စာအိတ်တစ်အိတ်ကို အဆင်သင့် တင်ထားပေးသည်။

စာအိတ်က ပိတ်ထားသည်။ တစ်ယောက်ယောက် ခိုးဖွက်ဖောက်ထားသော လက်ရာရှိမရှိ။ စစ်ဆေးပြီးမှ သူက ဖွင့်ဖတ်လိုက်သည်။

စာက ဟီဘရူးဘာသာဖြင့် ရေးထားသည်။ အောက်တွင် မိုက်ကယ် နာမည်နှင့် လက်မှတ်ထိုးထားသည်။

သူ့အစီအစဉ်က ဂျေရုဆလင် အပိုင်းကဏ္ဍသည် မည်သည့် အဆက်အသွယ်နှင့်မှ တစ်ဦးတစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်း မဆိုင်ခဲ့ရပေ။

သူ အိမ်ခန်းထဲ ဝင်လာသည်ကို မည်သူမှ မတွေ့လိုက်ရ။ သေတ္တာနှင့် စာအိတ်ထဲမှာ ပါလာသည်ကိုလည်း သူတို့မသိကြ။

မနက်ဖြန် သူက အခန်းကို ပြန်ပြီး အခန်းထဲမှသူ၏ ခြေရာလက်ရာများကို ဖျောက်ဖျက်မည်။ သူသည်လည်း ဘာသာရေးဆိုင်ရာ စာအုပ်များနှင့် စိတ်ပုတီးကိုင်ဆောင်ကာ သည်နိုင်ငံထဲမှ ထွက်သွားဖို့ အဆင်သင့် ဖြစ်နေပေလိမ့်မည်။

သည်အစီအစဉ်တစ်ခုလုံးမှာ မသေမသပ်နှင့် အစွန်းထွက်ကျန်ခဲ့သည်ကိစ္စကတော့ ပက်ထရစ်၏နမ ဟိုဇွေးမကလေးပျောက်သွားခြင်းပဲ ဖြစ်သည်။ သူ ရောမမှ ပဲရစ်ကို ပြန်ရောက်စဉ်က ရှာကြည့်သေးသည်။ အစအနမျှ မတွေ့။ လန့်ဖျပ်ပြီး အိုင်ယာလန်ကိုများ ပြန်ပြေးသွားသလားမသိ။

မိုက်ကယ်က သူ့ခေါင်းကို လှုပ်ဖို့ကြိုးစားနေသည်။ ဆို့ထားသော အဝတ်ကြားမှ ညည်းသံ ထွက်လာသည်။

'ဘယ်လိုလဲဂျူး၊ နေသာထိုင်သာ မရှိဘူးလား၊ ဘာဖြစ်နေတယ်ဆိုတာကိုရော မင်းသိချင်သလား'



သူက နှုတ်ခမ်းကို လျှာဖြင့် ယက်လိုက်ရင်း။

'အမှန်တော့ မင်းတသိသင့် သိထိုက်တဲ့ လူတစ်ယောက်ပဲ၊ ဗီနေ့က စပြီးနောက်ပိုင်း သူတို့က မင်းကိုပဲမှတ်မိနေကြလိမ့်မယ်။ နောက်နာရီပိုင်း အတွင်းမှာ တစ်ကမ္ဘာလုံးက လူတိုင်းရဲ့ ပါးစပ်ထဲမှာ မင်းရဲ့နာမည် ရောက်နေလိမ့်မယ်၊ သူတို့က မင်းကိုဘယ်တော့မှ မေ့ကြမှာမဟုတ်ဘူး။ မင်းကို ငါ သမိုင်းမှာ မှတ်တမ်းတင်ရလောက်တဲ့ လူတစ်ယောက်ဖြစ်အောင် လုပ်ခဲ့မယ်၊ ဥပမာပြောရရင် ပွန်တီးယတ်စပိုင်လိတ်လို ဒါမှမဟုတ် ဂျူဒါလို ပေါ့ကွာ၊ အေး ဒါက ပိုကောင်းတယ်ကွ၊ မင်းက ဘုရားသခင်ရဲ့ကိုယ်စားလှယ်ကို သတ်ရမယ့်လူ၊ နားလည်လား၊ ဘုရားသခင်ရဲ့ ကိုယ်စားလှယ်ကို ကမ္ဘာမြေပေါ်မှာ ဒုတိယအကြိမ် သတ်ရမှာ၊ ဒါက မင်းကို ခုတုံးလုပ်ပြီး မင်းတို့ရဲ့ ညစ်ပတ်စုတ်ပြတ်တဲ့ ဂျူးတွေကို ငါရဲ့ အဆုံးစွန်း ကလဲ့စားချေပွဲကြီး လုပ်မှာကွ၊ နားလည်လား'

သူက အသက်ကို ပြင်းပြင်းရှူနေသည်။

'ဒါဟာ ငါ့ရဲ့ အဆုံးစွန်ကလဲ့စားချေခြင်းပဲ'

မြူလာက နောက်တစ်ကြိမ် ထပ်ပြောသည်။

စကားလုံးတွေကို တစ်လုံးချင်း လောလောမှန်မှန် ပြောနေသည်။

'အဲဒါ မင်းတို့ ဂျူးလူမျိုးတွေရဲ့ အဆုံးသတ်ပဲ၊ ကနေ့ နောက်ပိုင်းမှာ မင်းတို့ဟာ အမဲလိုက်သလို အလိုက်ခံနေရမယ်၊ သတ်ဖြတ် ညှဉ်းဆဲတာတွေ ခံရမယ်၊ ကမ္ဘာပေါ်မှာ မင်းတို့လူမျိုးတွေ ပျောက်သွားအောင် အလုပ်ခံနေရမယ်၊ လူတွေက မင်းတို့ကို လောက်ကောင်တွေ၊ ရောဂါကပ်ဆိုးတွေလို့ သဘောထားပြီး အပျောက်ရှင်းပစ်ကြလိမ့်မယ်၊ မင်းတို့ဘက်က ကူညီရိုင်းပင်းဖို့ ဘယ်သူမှရှိမှာ မဟုတ်ဘူး။ အစီအစဉ်နဲ့ လူစုလူဝေးကို သတ်ပစ်တဲ့အကြောင်း မင်းမှတ်မိသေးလား။ အဲဒါတွေ အကုန်လုံးပြန်လာလိမ့်မယ်၊ အရင်တစ်ကြိမ်ထက် ပိုပြီးဆိုးမယ်'

'ဟိုမှာ ကြည့်စမ်း မိုက်တယ်၊ လူအုပ်ကြီး လာနေပြီ တွေ့လား၊ သူတို့ တစ်ယောက်ယောက်ကို စောင့်နေကြတာ၊ ပုပ်ရဟန်းမင်းကြီး ဝရန်ပေါ်ကို စောင့်နေကြတာ၊ သူက ယေရှုခရစ်ရဲ့ ကိုယ်ပွားတော်၊ ဘုရားသခင်ရဲ့ တမန်တော် ဗီဘတ်ကို သူလာနေပြီ၊ ဒီနေရာမှာ ဝတ်ပြုလိမ့်မယ်'

| | | |
|---|---|---|
| ပွန်တီးယတ်စပိုင်ယိတ် | - | ခရစ်တော်ကို သေဒဏ်ပေးသူ |
| ယုဒါ | - | ခရစ်တော်ကို ရောင်းစားသူ |

www.burmeseclassic.com

www.burmeseclassic.com



သူက သချိုင်းတော် ဘုရားရှိခိုးကျောင်း၏ ဒုတိယဆင်ဝင်တံခါး ပေါက်ဆီသို့ လက်ညှိုးထိုးပြလိုက်သည်။

'သူက ယေရှုခရစ်ကို လက်ဝါးကပ်တိုင် အရိုက်ခံရတဲ့ နေရာမှာ ဆုတောင်းပွဲကျင်းပလိမ့်မယ်၊ ဟောဒီမှာ ငါ့ရဲ့ ရမင်တန်သေနတ်၊ လက်နက် ထဲမှာတော့ အကောင်းဆုံးပဲ၊ သူ့ကိုငါပစ်မယ်၊ တစ်ချက်တည်းနဲ့ အသေပစ် မယ်၊ နှလုံးကို ဖောက်ခွဲပစ်လိုက်မယ်၊ ငါ့လက်က ဘယ်တုန်းကမှ လွဲချော်ထုံးစံ မရှိဘူး'

သူက သူ့နှုတ်ခမ်းပေါ်တင်ကျန်နေသော တံတွေးစများကို လက်မောင်းအကျီစဖြင့် သုတ်လိုက်သည်။

'သူ သေပြီးတာနဲ့ ဒီသေနတ်ထဲ ကျည်ဆန်နောက်တစ်တောင့် ထည့်ပြီး မင်းကို ဟောဒီပါးစပ်ထဲကနေ ပစ်ထည့်လိုက်မှာကွ'

သူက မိုက်ကယ်၏ အဝတ်ဆို့ထားသော ပါးစပ်ကို သေနတ် ပြောင်းဝဖြင့်တို့ပြလိုက်သည်။ မိုက်ကယ်က ကြောက်လန့်ပြီး တွန့်သွားသည်။

'အဲဒါ စက္ကန့်ပိုင်းအတွင်းပြီးသွားမှာပဲ၊ ပြီးတော့ ငါက မင်းကို ကြိုးဖြေပေးပြီး ဒီနေရာက ထွက်သွားမယ်၊ ငါ့ကို ဘယ်သူမှ တွေ့လိုက်ရမှာ မဟုတ်ဘူး။ သူတို့အားလုံး ဝိုင်းလာတဲ့အချိန်မှာ သေနတ်ပေါ်မှာ မင်းလက်ရာတွေကိုပဲ တွေ့ကြလိမ့်မယ်၊ သေနတ်ကို မင်းက ပိုက်ထား လိမ့်မယ်၊ မင်းရဲ့လက်မက မောင်းခလုတ်ကွင်းထဲကို ထိုးထားပြီး သေနတ် ပြောင်း မင်းပါးစပ်ထဲ တန်းလန်းနဲ့ သူတို့ တွေ့ရလိမ့်မယ်၊ ကိုယ့်ကိုယ်ကို အဆုံးစီရင်တဲ့သဘောပေါ့၊ စားပွဲပေါ်မှာ သူတို့ ဟိုစာကလေးကို တွေ့ရလိမ့် မယ်၊ အဲဒီစာက ဟီဘရူးဘာသာနဲ့ ရေးထားတယ်၊ မင်း ဟီဘရူး ဘာသာရေး တတ်ရဲ့လား၊ ဒါ အကြောင်း မဟုတ်ပါဘူးကွာ၊ အဲဒီစာက ရိုးရိုးကလေး ရေးထားတယ်၊ 'ကျွန်တော် ပုပ်ရဟန်းမင်းကြီးကို သတ်ခဲ့တယ်၊ သူက ဂျူးတွေရဲ့ ရန်သူဖြစ်တယ်၊ ဂျူးလူမျိုးတွေအပေါ် ခရစ်ယာန်တွေက မတရားနှိပ်စက်တဲ့ အတွက် ကလဲ့စားချေခြင်းပဲဖြစ်တယ်' အဲဒီစာကို မိုက်ကယ်ဂေါ်ဒွန်လို့ လက်မှတ်ထိုးထားတယ်ကွ'

သူက အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်ပြီး

'ဒီစာကို အတုဆိုတာ ဘယ်သူမှ သက်သေပြနိုင်မှာ မဟုတ်ဘူး၊ နှစ်ပေါင်းတစ်သန်းထိတောင်မှ သက်သေပြနိုင်ကြမှာမဟုတ်ဘူး၊ မင်းဟီဘရူးဘာသာနဲ့ စာမရေးခဲ့ဘူး မဟုတ်လား၊ ဒီတော့ မင်းလက်ရေး မဟုတ်တဲ့အကြောင်း တိုက်ဆိုင်ကြည့်ဖို့လည်း မင်းလက်ရေး နမူနာ မရှိဘူး၊



ဒီတော့ တစ်ကမ္ဘာလုံးက ပုပ်ရဟန်းမင်းကြီးကို မင်း လုပ်ကြံတယ်လို့ပဲ ယုံကြည်မှာပဲ၊ ဘာကြောင့်လည်းဆိုတော့ မင်းလုပ်ရပ်တွေနဲ့ ကိုက်ညီနေတယ် ကွ၊ မင်းက ကာဟိန်းအဖွဲ့သားတစ်ယောက်ဖြစ်နေပြီ၊ ဂျူးဝါဒစွဲသန်တဲ့ အရူးတစ်ယောက်၊ ဟုတ်တယ်မဟုတ်လား၊ ဒီတော့ မင်းလိုလူတစ်ယောက်က လုပ်ကြံမယ်ဆိုတာကို ယုံကြည်နိုင်လောက်တာပေါ့'

မိုက်ကယ်က ကုလားထိုင်ပေါ်မှာ အတင်းရုန်းကန်နေသည်။ သူကြောက်နေသည်။ သာမန်ကြောက်လန့်ခြင်းမျိုးမဟုတ်ဘဲ အူထဲအသည်း ထဲမှ တူးတူးခါးခါးကြောက်နေခြင်းမျိုး ဖြစ်သည်။

'ဒီမှာ မိုက်ကယ်၊ ပုပ်သေရတာ မင်းတို့လူမျိုးအတွက် ဘယ်လို အဓိပ္ပာယ်ဆောင်မလဲ၊ စဉ်းစားကြည့်စမ်း'

မြူလာက အောင်မြင်သည့် အသံနှင့် ဆက်ပြောသည်။

'နှစ်ပေါင်း နှစ်ထောင်မှာ ဘုရားသခင်ရဲ့ တမန်တော်သေခြင်း အတွက် မင်းတို့ဂျူးတွေကို ဒုတိယအကြိမ် အပြစ်တင်ခြင်းခံရလိမ့်မယ်၊ ဒီ ဂျေရုဆလင်မြို့တော်မှာ မင်းတို့က ဘုရားသခင်ကို တစ်ခါသတ်ခဲ့တယ်၊ ခု နှစ်ပေါင်း နှစ်ထောင်ကြာတဲ့အခါမှာ ဒီ ဂျေရုဆလင်မြို့တော်ရဲ့ ရိုလ်ရိုသ တောင်ကုန်းပေါ်မှာပဲ မင်းတို့က ဘုရားသခင်ရဲ့ ကိုယ်စားလှယ်ကို နောက် တစ်ကြိမ် ထပ်ပြီးသတ်တယ်၊ မင်း စဉ်းစားကြည့်စမ်း၊ ဒီထက်ပိုပြီး သရုပ်ပါ တာမျိုး ရှိသေးလား၊ မင်းတို့အတွက် ဒီထက်ကြောက်စရာကောင်းတာ ရှိသေးလား'

သူက စကားရပ်လိုက်ပြီး ပြတင်းပေါက်မှ တစ်ဆင့် အပြင်ဘက်သို့ လှမ်းကြည့်သည်။ ပြီးတော့ နောက်ပြန် ဆုတ်လာသည်။

'ဟိုနေရာမှာ ဖြစ်ပေါ်လာမယ့် သေခြင်းတရားက 'မင်းတို့ ဂျူးလူမျိုးတွေ အားလုံး ကမ္ဘာ့ပေါ်မှာ နေထိုက်တဲ့ လူမျိုးမဟုတ်ဘူး၊ ကျိန်စာသင့်တဲ့ လူမျိုးဖြစ်တယ်ဆိုတဲ့ သက်သေပြချက်တစ်ခု ဖြစ်လာလိမ့်မယ်၊ ခရစ်ယာန်နိုင်ငံတွေက မင်းတို့နဲ့ အဆက်ဖြတ်လိမ့်မယ်၊ အစ္စရေးကို ကုလသမဂ္ဂက နှင်ထုတ်ကြလိမ့်မယ်၊ လူစုလူဝေးနဲ့ အသတ်ခံရမယ့်ကိစ္စမျိုး တွေ ကမ္ဘာအနှံ့အပြားမှာ ပေါ်ပေါက်လာလိမ့်မယ်၊ မင်းတို့ကို တိုက်ခိုက် သတ်ဖြတ်နေတဲ့ ပြောက်ကျားအဖွဲ့တို့ ဘယ်သူမှ တားဆီးလိမ့်မယ် မဟုတ်ဘူး။ အယုတ်မာဆုံး အကြမ်းဖက်မှုတွေကိုတောင် တရားမျှတတယ်လို့ ထင်လာကြလိမ့်မယ်၊ ဒီတော့ ဒီနိုင်ငံပြိုကွဲပျက်စီးသွားမှာပဲ၊ မင်းနဲ့ငါက ဒီနိုင်ငံကို ကမ္ဘာ့မျက်နှာပြင်က ပျောက်ကွယ်သွားအောင် လုပ်လိုက်ကြမယ်'

www.burmeseclassic.com

သူတ မတ်တပ်ထရပ်လိုက်သည်။

'ကျူးတွေက ယေရှုခရစ်တော်ကို ဒုတိယအကြိမ် သတ်နေပြီ၊ ရှိလ်ရှိသကုန်းတော်ပေါ်မှာ ဒုတိယလက်ဝါးကပ်တိုင်တစ်တိုင်ကို ထပ်ထူနေကြပြီ၊ ကမ္ဘာပျက်တဲ့တိုင်အောင် သူတို့က နှစ်ထပ်ကွမ်းပြစ်ဒဏ်ကြီးကို ထမ်းဆောင်သွားကြရတော့မယ်၊ မင်းနဲ့ ငါ နှစ်ယောက်သား လက်ဝါးကပ်တိုင် နှစ်ခုဖြစ်အောင် လုပ်လိုက်ကြစို့လား'

မိုက်ကယ်က သူ့ကို ကြောင်တက်တက်ဖြင့် ငေးကြည့်နေသည်။

အတိုင်းအဆမဲ့ တုန်လှုပ်ချောက်ချားမှုကြောင့် သူ့ဦးနှောက်က ဘာမှမစဉ်းစားနိုင်တော့။

ဒါပေမယ့် မြူလာ နောက်ကျောဘက်မှာ ကြည်လင်နေသော ကောင်းကင်နောက်ခံနှင့် သချိုင်းတော်ဘုရားရှိခိုးကျောင်း မျက်နှာစာ၊ ပြီးတော့ဆူညံနေသော ပရိသတ်ကြီးကို သူ မြင်နေရသည်။ လူတွေ ဘာကြောင့် ဒီကို ရောက်နေရတာလဲ၊ ဘယ်သူ့ကိုများ လာစောင့်နေကြတာလဲ။

တဖြည်းဖြည်း သူ သတိရလာသည်။ မြူလာ ပြောသကဲ့သို့ လူအုပ်ကြီးတာ ပုပ်ရဟန်းမင်းကြီးရောက်အလာကို စောင့်နေကြခြင်း ဖြစ်သည်။

အိပ်မက် မဟုတ်။ ပြတင်းပေါက် ဘောင်ပေါ်မှာ တင်ထားသည့် သေနတ်ကလည်း အိပ်မက်မဟုတ်။

သည်သေနတ်ကို မြူလာ အသုံးပြုလိမ့်မည်၊ မြူလာ ပြောစကားအားလုံးတွေ အမှန်ဖြစ်လိမ့်မည်။ မိုက်ကယ်ငေးနေရာမှ သတိပြန်ဝင်လာသည်။

မြူလာက ပြောသလိုလုပ်မယ့်လူပဲ၊ သူက ကောက်ကျစ်စဉ်းလဲပြီး စိတ်ရူးပေါက်နေတဲ့ လူသတ်သမားပဲ၊ ပုပ်ရဟန်းမင်းကြီးကို သူ တကယ် သေနတ်နဲ့ ပစ်သတ်လိမ့်မယ်။

ခုချိန်မှာ သူ့ကို ဘယ်သူမှ မတားနိုင်တော့ဘူး၊ ဒီအခန်းကလေးကိုလည်း ဘယ်သူမှ မသိကြဘူး၊ ငါ့နှယ် မိုက်လိုက်တာ၊ မော်ရင်၊ သတိပေးတုန်းက ငါ နားထောင်လိုက်ရင် အကောင်းသား။

သူတ အားစိုက်ပြီး ရုန်းကန်လိုက်သည်။ ကြိုးက တင်းတင်းချည်ထားသဖြင့် မလှုပ်နိုင်။

မြူလာက လက်အိတ်ပါးပါးတစ်စုံကို စွတ်လိုက်ပြီး လက်ကိုင်ပုဝါ



တစ်ထည်ဖြင့် သေနတ်ကို ဂရုတစိုက် အေးအေးဆေးဆေး သုတ်နေသည်။ ထို့နောက် မြူလာက သူ့နောက်ဘက်သို့ လျှောက်လာသည်။ သူ၏ လက်က သေနတ်၏ လက်ကိုင်ပြောင်း အစရှိသည်တို့ကို ကိုင်မိသွားတာ သိနေရသည်။

မြူလာက သေနတ်ပေါ်မှာ သူ့လက်ဗွေရာတွေ ထင်ကျန်ရစ်အောင် လုပ်နေပြီ၊ ကလဲ့စားချေခြင်း၏ သော့ချက် သက်သေခံအထောက်အထားကို သူ ဖန်တီးနေလေပြီ။

အောက်ဘက်ဝိုင်းထဲမှ လူတွေ၏ အသံကို ရုတ်တရက်ကြားလိုက်ရသဖြင့် သူ၏ နှလုံးသည်လည်း ဆတ်ခနဲ ထခုန်လေသည်။

မြူလာက ပြတင်းပေါက်နားသို့ ဖျတ်လတ်စွာ ရောက်သွားသည်၊ အပြင်ဘက်ကို ချောင်းကြည့်ရင်း သူ၏လက်တစ်ဖက်ကို အသာမြှောက်လိုက်သည်။

ပုပ်ရဟန်းမင်းကြီး လာနေပြီ။

www.burmeseclassic.com

www.burmeseclassic.com

# ၅၁

'ဗျရာမိယာ သူတို့နဲ့ ကျွန်တော်အဆက်အသွယ်ရပြီ'

သူ ကိုယ်ရံတော် ဘောရစ်က ဝေါကီတော်ကီကို ကိုင်ထားရင်း အဘိုးကြီးကို လှမ်းပြောလိုက်သည်။ သူတို့က လူအုပ်ထဲတွင် ညပ်နေပြီ အ၄မမြောက်မှတ်တိုင်နား ရောက်လုလုဖြစ်နေပြီ။

'မင်း ဘယ်သူနဲ့ အဆက်အသွယ်ရတာလဲ'

'ရဲ၄၁နချုပ်၊ သူတို့တ ရှိသမျှ အရံတပ်တွေ အကုန်လုံးကို လွှတ် လိုက်တော့မယ်၊ နယ်ခြားစောင့်ရဲ ငါးဆယ်လောက်ပါမယ်၊ အရပ်ဝတ် ငါးဆယ်လောက်လည်း ပါမယ်လို့ပြောတယ်၊ ကျွန်တော် နောက်ထပ်ဘာပြော လိုက်ရမလည်း'

ဗျရာမိယာက စကားပြောခွက်ကို လှမ်းယူလိုက်သည်။

'ကျွန်တော်က ဒီလိုခေါ်တယ်'

'အဲဒါ ဂရုစိုက်မနေနဲ့'

သူက စကားပြောခွက်မှ ခလုတ်ကိုနှိပ်လိုက်ပြီး

'ငါပြောတာ ကြားသလား၊ ငါပြောတာ ကြားသလား'

'ကောင်းကောင်း ကြားရတယ်' တစ်ဖက်မှ ပြန်ပြောသည်။

အဘိုးကြီးက လုံခြုံရေးအတွက် အတားအဆီးများကို ဂရုမစိုက်

'ဗျရာမိယာက ပြောနေတယ်၊ ငါတို့ စောင့်ရှောက်ရမယ့် လူ သချိုင်းတော်ဘုရားရှိခိုးကျောင်းကို လာနေပြီ၊ ဒီနေရာမှာ အန္တရာယ်ပြုနိုင် တဲ့ နေရာ၂ခုရှိတယ်၊ သချိုင်းတော်ဘုရားရှိခိုးကျောင်းနဲ့ မျက်နှာချင်းဆိုင်မှာ



ရှိတဲ့ အဆောက်အအုံတွေနဲ့ ဗိုလိုရှိစာလမ်းမပေါ်မှာရှိတဲ့ မှတ်တိုင် ၅-၇ နေရာတွေပဲ၊ ဝတ်ကျောင်းကလေးထဲမှာရော၊ ကျောက်တိုင် ကွယ်ရာမှာရော လူတစ်ယောက် ပုန်းနေနိုင်တယ်၊ ဘယ်မှာရှိနေတယ်ဆိုတာတော့ ငါ အတိအကျ မပြောနိုင်ဘူး၊ ငါ ပြောတာ ကြားလား'

'ဟုတ်ကဲ့၊ ကျွန်တော်တို့ ကြားရပါတယ်'

'ဘုရားရှိခိုးကျောင်း မျက်နှာစာ ကွက်လပ်ကို မျက်နှာမူထားတဲ့ အဆောက်အအုံအားလုံးရဲ့ ခေါင်းမိုးပေါ်မှာ မင်းတို့ရဲတွေကို နောက်ထပ် တက်ခိုင်းလိုက်ပါ၊ ဘုရားရှိခိုးကျောင်းမျှော်စင်၊ ဗလီမျှော်စင်၊ ဘုရားရှိခိုးကျောင်း ခေါင်းလောင်းတိုင်၊ ခေါင်မိုး၊ ဝရန်တာ၊ ပြတင်းပေါက်တွေ အားလုံး အစောင့်တွေကို ရောက်အောင် ပို့ထားလိုက်ပါ၊ ရိုလ်ရိုသ ဝတ်ပြုကျောင်း၊ လက်တင်ဝတ်ပြုကျောင်း၊ ရှိတွန်ဒါ၊ ဆင်ဝင်တော်နဲ့ ဂူတွေမှာ အရပ်ဝတ် ရဲတွေကို ရောက်အောင် ပို့ထားလိုက်ပါ'

'သူတို့ကို အဲဒီထဲရောက်အောင် ကျွန်တော် ဘယ်လိုလုပ် '

'အဲဒါကို ငါ ဂရုမစိုက်နိုင်ဘူး၊ လိုအပ်ရင် ဒီလူတွေကို ဘုန်းကြီး ဝတ်ရုံဝတ်ပြီး လွှတ်ချင်လွှတ်လိုက်'

သူက ဝေါကီတော်ကီကို ဘောရစ်လက်ထဲသို့ ပြန်ထိုးပေးလိုက် သည်။

'တို့ ဖြတ်လမ်းကနေပြီး သချိုင်းတော်ထဲ ဝင်ကြရအောင်'

သူတို့က ပုပ်ရဟန်းမင်းကြီး၏ရှေ့မှ ဝိုင်းထဲသို့ တိုးဝှေ့ဝင်သွားကြ သည်။ ပုပ်ရဟန်းမင်းကြီးက ယေရှုခရစ်တော် တတိယအကြိမ်လဲသည့်နေရာ ကို မှတ်သားထားသော အထိမ်းအမှတ် ကျောက်တိုင်မှ ထွက်ခွာလာနေပြီ။

ရဟန်းမင်းကြီး၏ ရှေ့မှ တံခါးပေါက်ကျဉ်းကျဉ်းကလေးထဲသို့ တိုးဝင်သွားကြသော ဗျရာမိယာတို့အဖွဲ့ကို အနီးအနားမှ ဘုန်းတော်ကြီးတွေ က ဒေါသတကြီး အော်ငေါက်ကြသည်။ တံခါးပေါက် ကလေးထဲသို့ ခွတ်တိုး ဝင်လိုက်ချိန်မှာ အဝတ်ဖြူဝတ်ထားသော အရပ်ရှည်ရှည်မိန်းကလေး တစ်ယောက်ကို ရိပ်ခနဲမြင်လိုက်သည်။

သူမက လူအုပ်ကြားထဲမှ အတင်းတိုးဝှေ့ ထွက်လာနေခြင်း ဖြစ်သည်။

ဗျရာမိယာနှင့်အဖွဲ့သားတွေက ဝိုင်း၏အလယ်နားသို့ရောက်လာကြ ပြီ၊ ဘုရားရှိခိုးကျောင်းကို နောက်ကျောပေးပြီး မျက်နှာချင်းဆိုင်မှ ပတ်ဝန်းကျင် အနေအထားကို ဖြည်းဖြည်းနှင့်မှန်မှန် လေ့လာကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မညီမညာ အဆောက်အအုံများ၏ မျက်နှာစာများက ဘုရားရှိခိုးကျောင်းကို မျက်နှာမူထားကြသည်။ ကွက်လပ်ဝိုင်းကို အထက်မှ စီးမိုးထားသည်ဟု ထင်ရသည်။

ခေါင်မိုးများ၊ ဝရန်တာများ၊ ပြတင်းပေါက်များက လူသတ်သမားအတွက် အသင့်တော်ဆုံး နေရာများ ဖြစ်နေသည်။ လက်ဖြောင့်သမားတစ်ယောက်အတွက် အကောင်းဆုံးနေရာများ ဖြစ်နေသည်။

'ရဲတွေ ဘယ်ရောက်ကုန်ပြီလဲ'

သူက ဘောရစ်ကို မေးလိုက်သည်။ ဘောရစ်က သူ၏ဘယ်ဘက်ကို လက်ညှိုးညွှန်ပြလိုက်ရာ ဘုန်းကြီးကျောင်း ခေါင်မိုးပေါ်မှ ရဲဦးထုပ် အစကလေးများကို မြင်လိုက်သည်။ ထိုနည်းတူ တခြားအဆောက်အဦတွေပေါ်မှာ ရဲဦးထုပ်ကလေးတွေ လှုပ်ရှားနေတာကိုလည်း မြင်လိုက်ရသည်။

ရဟတ်ယာဉ်တစ်စင်း တောင်ဘက်မှပေါ်လာပြီး ခေါင်မိုးတွေပေါ်မှာ ဝိုင်းပတ်ပျံသန်းနေသည်။

အရှေ့ဘက် ဝင်ပေါက်မှ လူသံတွေကြားလိုက်ရသဖြင့် ဂျရာမီယာက သူ၏ဘယ်ဘက်သို့ လှည့်ကြည့်လိုက်သည်။

အော်ဟစ်နှုတ်ဆက်နေကြသော လူအုပ်ကြီးက အလယ်ခေါင်မှ ကွဲသွားပြီး ပုပ်ရဟန်းမင်းကြီးအတွက် လမ်းဖွင့်ပေးလိုက်ကြသည်။

ဂျရာမီယာက ပုပ်ရဟန်းမင်းကြီး၏မျက်နှာနှင့် တောင့်တင်းခိုင်မာသော မေးရိုးကို ဂရုပြုကြည့်မိလိုက်သည်။ သူတို့ချင်းနီးကပ်နေပြီ။ နှစ်ယောက်သား ခဏမျှ အကြည့်ချင်းဆုံလိုက်ကြသည်။

သူ့ကို စိုက်ကြည့်နေသော ဂျရာမီယာကို ပုပ်ရဟန်းမင်းကြီးက မသိမသာပြုံးပြလိုက်သည်။

'နောက်တစ်မိနစ်လောက်ပဲ လိုတော့တယ်'

ဂျရာမီယာက သူ့ကိုယ်သူ ရေရွတ်လိုက်သည်။

ပုပ်ရဟန်းမင်းကြီးက သချိုင်းတော်ဘုရားရှိခိုးကျောင်း၊ ဆင်ဝင်ဘက်ဆီသို့ တူရူသွားနေရာမှ ညာဘက်သို့ ရုတ်တရက် ကွေ့လိုက်သည်။

ပရိသတ်ကြီးက အမှတ်တမဲ့ ဖြစ်သွားရာမှ သူ သွားလိုရာနေရာဆီသို့ လူစုခွဲလမ်းဖွင့်ပေးလိုက်သည်။

'ဘာဖြစ်တာလဲ၊ သူ ဘယ်များသွားမလို့ပါလိမ့်'

ဂျရာမီယာက တိုးတိုးကလေး ရေရွတ်လိုက်သည်။

ပုပ်ရဟန်းမင်းကြီးက ဝိုင်း၏အရှေ့ဘက်ထောင့်သို့ လျှောက်သွား



ပြီးမှ လူအုပ်ဘက်သို့ ပြန်လှည့်လိုက်သည်။ သူ၏ တစ်ဖက်ချက်မှာ အတိုင်ပင်ခံ ဘုန်းတော်ကြီးများနှင့် ဂရိဘုန်းတော်ကြီးအဖွဲ့က နေရာယူလိုက်ကြသည်။

သူက ဘုရားရှိခိုးကျောင်း နံရံနားရောက်နေပြီး ရိုလ်ရိုသ မနေရာနှင့်ကိုက်အနည်းငယ်မျှသာ ကွာလှမ်းတော့သည်။ သူ့ လက်နှစ်ဖက်ကို မြှောက်လိုက်သောအခါ ကွင်းကြီးထဲရှိလူတွေ အားလုံး ငြိမ်သက်သွားသည်။

'ငါတို့ ဝတ်ပြုရင်း ဆုတောင်းကြစို့'

သူက ပြောပြီး ဒူးထောက်ချလိုက်သည်။

ရာပေါင်း များစွာသော ခရစ်ယာန်တွေက တညီတညွတ်တည်း ဒူးထောက်ချလိုက်တော့ ဂျူးနှင့်မွတ်ဆလင်တွေက သူတို့ကို အနှောင့်အယှက်မဖြစ်ရလေအောင် နောက်ဆုတ်ပေးလိုက်ကြသည်။

'အလိုလေး၊ တကယ်ကောင်းတဲ့ ပစ်မှတ် ဖြစ်နေပြီ'

ဂျရာမီယာက ပုပ်ရဟန်းမင်းကြီးကို ကြည့်ပြီး အထိတ်တလန့် ရေရွတ်လိုက်သည်။ ပုပ်ရဟန်းမင်းကြီးက ငြိမ်သက်စွာ ဒူးထောက်ရင်း လက်နှစ်ဖက်ကို ဘေးဘက်သို့ဆန့်တန်းထားသည်။ ရင်ဘတ်က အကာအကွယ်မဲ့နေပြီ။ လူသတ်သမားတစ်ယောက်အတွက်တော့ စိတ်ကူးယဉ်ဖို့ အကောင်းဆုံးအနေအထား။

ဂျရာမီယာက ခေါင်မိုးများနှင့် လသာဆောင်များဆီသို့ ပြန်လှည့်ကြည့်လိုက်သည်။ ရဲဦးထုပ်စိမ်းကလေးတွေက နေရာအနှံ့မှာ ရှိနေသည်။

မျက်နှာချင်းဆိုင် တည့်တည့်မှ ပြတင်းပေါက်နှစ်ချပ်ဆီသို့ သူ ရုတ်တရက် လက်ညှိုးလှမ်းထိုးလိုက်သည်။ ဘယ်ဘက်ပြတင်းပေါက်က ပိတ်ထားပြီး၊ ညာဘက်ပြတင်းပေါက်ကို သံတိုင်အဖြူများနှင့်အကာအကွယ်ယူပြီး ဖွင့်ထားသည်။

အတွင်းဘက်က မှောင်နေသည်။

'ဟိုဟာ ဘာလဲ'

'ကိစ္စမရှိပါဘူး ဂျရာမီယာ'

သူ့ ကိုယ်ရံတော်တစ်ယောက်က ခပ်အေးအေးပြန်ပြောသည်။

'ဒီအဆောက်အဦးက အရိုသီလရှင်ကျောင်းက ပိုင်တဲ့အဆောက်အဦပါ၊ စိတ်ချရပါတယ်'

'စိတ်ချရတယ်၊ ဟုတ်လား'

အဘိုးကြီးက ညည်းလိုက်ပြီး မှောင်နေသော ပြတင်းပေါက်ဆီသို့သာ

www.burmeseclassic.com

www.burmeseclassic.com



စူးစိုက်ကြည့်နေသည်။ နေထိုးနေသဖြင့် သူက မျက်ခွံကို ရှုံ့ပြီးကြည့်နေရသည်။

ဝိုင်းထဲသို့ ထိုးကျနေသော နေရောင်တန်းက ပြတင်းပေါက်ဘောင်ကိုတော့ မထိပေ။

သည်သို့ရှိဆဲ အရာဝတ္ထုလေးတစ်ခု လက်ခနဲ ဖြစ်သွားတာကို သူမြင်လိုက်ရသည်။

'ဟိုမှာ'

သူက ရုတ်တရက်အော်လိုက်သည်။ သည်အရာဝတ္ထု ဘာဖြစ်နိုင်သလဲဆိုတာကို အဓိပ္ပာယ်မဖော်ခင် ခုန်ထွက်လိုက်သည်။ သူ့ရှေ့မှာ ကာဆီးမည့် လူမှန်သမျှကို တွန်းဖယ်ပစ်သည်။ လှေကားကျဉ်းကလေးဆီသို့ ခြေကုန်ပြေးသွားသည်။

သူ့ ကိုယ်ရံတော်တွေ သူ့နောက်မှ ထပ်ကြပ်မကွာပြေးလွှားလိုက်လာကြသည်။

ဘောရစ်ကတော့ ဂျရာမီယာ၏အိမ်ကိုလာရောက် တိုက်ခိုက်သည့် အကြမ်းဖက်သမားတစ်စုကို ဖမ်းမိလိုက်သော သတင်းဝေါ်ကီတော်ကီထဲမှ နားထောင်နေသဖြင့် ဂျရာမီယာ၏လှုပ်ရှားမှုကို သတိမထားမိလိုက်။

ရဟန်းမင်းကြီးနှင့် တိုက် ၃၀ အကွာနေရာလောက်မှာ မော်ရင်ကြက်သေ သေပြီးရပ်နေသည်။

သူမတစ်ကိုယ်လုံး တုန်နေသည်။ လှုပ်လည်း မလှုပ်နိုင်။ ဒူးလည်း မထောက်နိုင်။

မလှုပ်မယှက်ရှိနေသော ပုပ်ရဟန်းမင်းကြီးကို အိပ်မက်မက်နေသလို ငေးကြည့်နေမိသည်။

မြူလာ၏အခန်းထဲမှာ မြင်ခဲ့ရသည့် ပုပ်ရဟန်းမင်းကြီး၏ပိုစတာ အနီရောင်စက်ဝိုင်း ၃ ခုကို ရုတ်တရက် သတိရမိလိုက်သည်။

သူ့ကို ပစ်သတ်ကြတော့မည် သူမ သိနေပြီ။

ဘုရားရေ . . . သူတို့က သူ့ကို ပစ်သတ်ဖို့ စောင့်နေတာဖြစ်မှာပဲ

မိုက်ကယ်၏အခန်းအပေါ်ထပ်တွင် မြူလာက ရမင်တန်သေနတ်ကို တည်ငြိမ်စွာကိုင်ထားသည်။ မှန်ပြောင်းထဲမှာ ကြက်ခြေခတ်ကလေးက ပုပ်ရဟန်းမင်းကြီး၏ ကိုယ်ပေါ်သို့ ရွေ့လျားလာသည်။ ပုပ်ရဟန်းမင်းကြီးက သူလိုချင်သော အနေအထားနှင့် အကွာအဝေးတွင် တိတိကျကျ ရောက်ရှိနေပြီ။



ဘုရားရှိခိုးကျောင်း၏ အပြင်ဘက် ရိုလ်ရိုသနေရာမှာ ဇေရူဆလင်သို့ ဘုရားဖူးရောက်လာသည့် ထောင်ပေါင်းများစွာသော ပရိသတ်နှင့်အတူ ပုပ်ရဟန်းမင်းကြီး ဝတ်ပြုဆုတောင်းပဌနာပြုမည်ဆိုတာကို စိတ်ချရသူ အနည်းငယ်မှအပ မည်သူမျှမသိ။

ဘုန်းတော်ကြီး ကာရှူဇီကတော့ သိနိုင်ခွင့်ရှိသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ခဲ့သည်။

ဘုန်းတော်ကြီးက မြူလာကို သည်အကြောင်းတွေ ပြောပြလိုက်မိသည်။ မြူလာမေးခွန်း နောက်ကွယ်မှ ရည်ရွယ်ချက်ကိုတော့ သံသယ မရှိခဲ့။

ကြက်ခြေမျှင်က ရဟန်းမင်းကြီး၏ ဘယ်ဘက်ရင်ဘတ်ပေါ်မှာ တည်ငြိမ်လျက်ရှိနေပြီ။ တွေ့ထားသော လက်ညှိုးအောက်မှာတော့ အသင့်လိုက်ပါလာမည့် မောင်းခလုတ်။

'မဟုတ်ဘူး'

မော်ရင်း၏ ရင်ထဲမှ အော်ဟစ်သံက ပေါက်ကွဲထွက်ပေါ်လာသည်။ သူမကငေးငိုင်နေရာမှ လန့်နိုးလာပြီး ပြေးထွက်လိုက်သည်။

ဒူးထောက်နေကြသော အတိုင်ပင်ခံ ရဟန်းတွေကြားမှ ပြေးထွက်လိုက်သော သူမကို မည်သူမျှ တားဆီးဖို့ အချိန်မမီလိုက်။ ဒူးထောက်ပြီး လက်နှစ်ဖက် ဆန့်တန်းလျက် လက်ဝါးကပ်တိုင်ပုံစံ ဖြစ်နေသော ပုပ်ရဟန်းမင်းကြီးရှေ့သို့ သူမပြေးဝင်သွားသည်။

နှစ်ဦးသား မျက်နှာချင်းဆိုင်ဖြစ်သွားသည်။ တစ်နည်းအားဖြင့် လက်ဝါးကပ်တိုင် အဖြူနှစ်ခု ထပ်လျက်သား ပုံစံမျိုးဖြစ်သွားသည်။

ငြိမ်သက်နေသော ကြက်ခြေခတ်ပေါ်သို့ နောက်ထပ်ဝင်လာသည့် ကြက်ခြေခတ်ပုံသဏ္ဍာန်ကို မြူလာအံ့သြသွားသည်။ ဒါပေမဲ့ သူ လက်ညှိုးကို အမိန့်ပေးထားပြီးပြီ။ မောင်းကို ဆွဲချလိုက်ပြီ။

မိန်းကလေး၏ညာဘက် ကျောပြင်ပေါ်မှာ နှင်းဆီရောင်များ ပက်ဖြန်းလိုက်သည့်နှယ် ဖြစ်ပေါ်သွားသည်။

တိတ်ဆိတ်နေသော ဝိုင်းအတွင်းမှ သေနတ်သံက မြို့အတွင်းရှိ ကျန်အဆောက်အအုံများ၊ ရုံများ၊ လမ်းကြိုလမ်းကြားများထဲသို့ ပဲ့တင်ရိုက်ခတ်သွားတော့သည်။

ကွင်းထဲမှ လူအုပ်ကြီးက ကြောက်လန့်တကြားအော်ပြီး အရပ်လေးမျက်နှာသို့ တိုးဝှေ့ပြေးလွှားကြသည်။

တချို့ ဘုရားရှိခိုးကျောင်းထဲ ဝင်ပုန်းကြသည်။ တချို့ကတော့

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါက် တံခါးပေါက်ငယ်ကလေးဆီသို့ တိုးဝှေ့နေကြသည်။

မိန်းကလေးက ပုပ်ရတန်းမင်းကြီး၏ရှေ့ ကျောက်ပြားပေါ်သို့ တဖြည်းဖြည်း ခွေကျသွားသည်။

မြူလာက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး သေနတ်ကျည်အိမ်ထဲသို့ နောက်ထပ် ကျည်တစ်တောင့် ထိုးလိုက်သည်။

သေနတ်ကို အပေါ် မြှောက်လိုက်ချိန်မှာ သူ့နောက်ကျောဘက်မှ တံခါးပြုတ်ထွက်သံနှင့်အတူ ခြေသံတွေကို ကြားလိုက်ရသည်။

'ကိုလိုင်ချက်'

အသံတစ်သံက သူ့ နာမည်ကို ကြာပွတ်နှင့် ရိုက်လိုက်သည့်နှယ် ခံစားလိုက်ရသည်။

သူ၏ လျှို့ဝှက်နာမည်။

တကယ့်နာမည် အစစ်အမှန်။

သူ အံ့ဩမင်တက်သွားသော တစ်စက္ကန့်အတွင်းမှာ လူတစ်ယောက်က သူ့ ကျောကိုခုန်အုပ်လိုက်ပြီး သူ့တို ကြမ်းပြင်ပေါ် အရောက် ဖိချလိုက်သည်။ သူ့ လက်နှစ်ဖက်ကိုလည်း နောက်မှ အသေဆုပ်ကိုင်ထားလိုက်သည်။

သူ ချောင်ပိတ် အမိခံလိုက်ရပြီ။ ရှုံးသွားပြီ။ သူ မည်သူဆိုတာကို သူတို့ သိသွားကြပြီ။ ဇူရာမီယာ၏ လက်ထဲ သူ ကျရောက်သွားပြီ။ ပုပ်ရဟန်းမင်းကြီးကတော့ အသက်ရှင်လျက်ရှိနေဆဲ။

သူတ ခေါင်းထောင်ထပြီး အော်ဟစ်လိုက်သည်။

BURMESE CLASSIC

'ကျုပ်ကို သတ်ပစ်လိုက်'

ရဲသားတ သူ့ကို မြဲမြဲစွာ ချုပ်ကိုင်ထားသည်။

သူ့ ခြေထောက်များက အောက်မှ ကန်ကြောက်နေသည်။ သူ၏ အမူအရာကလည်း ပုံပျက် ပန်းပျက် ဖြစ်နေခဲ့ပြီး သူတဝ တစ်သက်တာမှာ ပထမဆုံးအနေဖြင့် ဇူရာမီယာကို ရှုရှုမူးမူး လှမ်းကြည့်လိုက်မိသည်။

'ငါ့ကို သတ်ပစ်လိုက်၊ စောင့်မနေကြနဲ့၊ ငါ့ကို သတ်ပစ်လိုက်'

ဒါပေမဲ့ ဇူရာမီယတ တံခါးပေါက်နားမှာပဲ ရပ်နေသည်။ တစ်စုံတစ်ရာကို တွေးတောနေသည်။ ဇူရာမီယာ ကလဲ့စားချေဖို့ အလှည့်ရောက်သွားပြီဆိုတာကို မြူလာ သတိရလိုက်သည်။

ဇူရာမီယာက ပြတင်းပေါက်မှ တစ်ဆင့်အောက်ဘက်ကွင်းထဲသို့ လှမ်းကြည့်လိုက်သည်။

ကြောက်လန့်နေသော ပရိသတ်ကြီးက အရပ်လေးမျက်နှာသို့



ပြေးလွှားနေဆဲ။ အော်ဟစ်သံတွေကလည်း တစ်ဘဝင်တိုင်အောင် ဆူညံနေဆဲ။

အရှေ့ဘက် တံခါးပေါက်ဆီမှာတော့ ဘာသာရေး ပုဂ္ဂိုလ်တွေက ပုပ်ရဟန်းမင်းကြီးဆီ ချဉ်းကပ်ဖို့ ကြိုးစားနေကြသည်။

ကွင်းကြီးထဲမှာ မလှုပ်မယှက်ဖြစ်နေသူ နှစ်ယောက်တား ပုပ်ရဟန်းမင်းကြီးနှင့် သူ၏ရှေ့မှာ သွေးစွန်းပြီး ပုံလျက်သား လဲကျနေသော မိန်းကလေး။

'ဇူရာမီယာ'

နောက်ကျောဘက်မှ ကြားနေကျအသံတစ်သံ ထွက်ပေါ် လာသည်။

မျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေသော တက်ဖနာက ကိုယ်ရံတော်တစ်ယောက်ရှေ့မှ ဖြတ်ပြီး သူ့ဆီသို့ တိုးလာသည်။ သူ့ နောက်မှ မုတ်ဆိတ်မွေး ပါးသိုင်းမွေး မသပ်မယပ်နှင့် ချွေးတလုံးလုံး ထွက်နေသည့် ရာဖေး အဘီဇာဝင်လာသည်။

ကိုယ်ရံတော် တစ်ယောက်တ မိုက်တယ်ဝေါ ဒွန်ကို ကြိုးဖြေပေးနေသည်။

ဇူရာမီယာက သူ့ စကားကို မြူလာတစ်လုံးချင်း နားလည်စေရန် အင်္ဂလိပ်လို ပြန်ပြောဖို့ အဘီဇာကို ညွှန်ကြားလိုက်သည်။

သူသည် အသံတျယ်ကျယ်နှင့် အမိန့်ပေးသံလိုနှင့် ပြောနေလေသည်။

'မြူလာကို ဘာသာရေးစီတန်းလှည့်လည်ပွဲတွေကို နောက်ခံထားပြီး သူ့ သေနတ်နဲ့အတူ ဓာတ်ပုံရိုက်ထားကြ၊ ဟိုတောင်တလေးကို ငါတို့ နောက်မှ အသေးစိတ် စစ်ချက်ယူမယ်'

သူက မိုက်တယ်ဝေါ ဒွန်ကို လက်ညှိုးထိုးပြီး ပြောလိုက်တော့ အဘီဇာက ခပ်ကုတ်ကုတ်ဖြင့် ခေါင်းညိတ်သည်။

'သူတို့နှစ်ယောက်နားကို သတင်းစာသမားတွေ မကပ်စေနဲ့'

ရဲများက မိုက်တယ်ခြေထောက်မှာ ချည်ထားသော ကြိုးကို ဖြေလိုက်သည်။ မိုက်ကယ်က ပါးစပ်ထဲမှာ ဆို့ထားသော အဝတ်ကို ဆွဲထုတ်ပြီး၊ ခုန်ထွက်လိုက်သည်။

သူ့ မျက်နှာက သွေးဆုတ်နေပြီး နှုတ်ခမ်းကလည်း ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ ပြတင်းပေါက် သံတိုင်တို ဆုပ်ကိုင်ရင်း ဝိုင်းထဲမှ သွေးစွန်းနေသော မိန်းကလေးကို အထိတ်တလန့် ငေးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲအဖွဲ့ဝင်နှစ်ယောက်က သူ့ကို ဖမ်းထားလိုက်တော့ သူ နှုတ်ပူးသလို ရန်းတန်ရင်း 'ကျူပ် သွားပါရစေ၊ ဟိုမှာ မိန်းကလေး သေနေ ကျူပ် သွားပါရစေ'

လက်စသတ်တော့ သူတို့နှစ်ယောက်က အဆက်အသွယ် ရှိနေတာ

ဂျရာမီယာ သိလိုက်လေပြီ၊ သူကလည်း သူ့ လူများကို ခေါင်းညိတ် ပြလိုက်ပြီး ခပ်အေးအေး ပြောလိုက်သည်၊

'သွားပါစေ၊ သူ ထွက်မပြေးပါဘူး'

မိုက်ကယ်က နေရောင် တောက်နေသော ကွင်းပြင်ထဲသို့ ပြေးဆ သွားတော့သည်၊ ဝိုင်းထဲတွင် အော်ဟစ် ဆူညံသံတွေ တဖြည်းဖြည်းလျော့ လာပြီ၊

လူနာတင် ကားဥသြသံကလည်း ရပ်သွားပြီ၊ ဂျရာမီယာက မြူလ ဘက်သို့ရုတ်တရက်လှည့်ပြီး

'မင်းကို ငါ မသတ်ပါဘူး'

အေးဆေးစွာ ပြောလိုက်လေသည်၊

'မင်းကို ငါ 'လှန်' ပစ်မယ်၊ ခုချိန်ကစပြီး မင်းရဲ့ မိတ်ဆွေတွေဆီ မင်း ပြန်ပြီး တစ်ပတ်ရိုက်ရမယ်၊ ငါ့အတွက် မင်းအလုပ် လုပ်ပေးရမ မင်းအဖထက် မင်းက နှစ်ထပ်ကွမ်း အေးဂျင့်ဖြစ်ဖို့ ပိုပြီး အရည်အချ ပြည့်တယ်'

သူက လေးသံ ခပ်တိုးတိုးဖြင့် ဆက်ပြောလိုက်ပြန်သည်၊

'မင်းရဲ့ အမေတို ငါတို့ အချိန်မရွေး ရနိုင်တယ်ဆိုတာ မင်း သိတ မဟုတ်လား'

သူ့ အသံထဲမှာ အောင်မြင် ဝင့်ကြွားဟန် မပါကြောင်း ဟက်ဖ သတိပြုမိလိုက်သည်၊ ပင်ပန်းနွမ်းနယ်ခြင်းနှင့် စိတ်မကောင်းဟန်မျိုးသ ပေါ်လွင်နေသည်၊

ဝိုင်းထဲမှ တညီတညွတ်တည်း ရွတ်ဖတ်ဆရရွှာယ်သံများ ပေါ်ထွ လာသည်၊ သချိုင်းတော်ဘုရားရှိခိုးကျောင်း ဂေါပကအဖွဲ့ ဂရိဘုန်းတော်ဖြ များကလည်း ဓမ္မတေးများကို ရွတ်ဆိုနေကြသည်၊ လူအုပ်ကြီးသည်လ တဖြည်းဖြည်းငြိမ်ကျသွားသည်၊

အရပ်ဝတ်အရပ်စားနှင့် ရဲအဖွဲ့ဝင်တွေက ဘုန်းကြီးများနှင့်ရော ပုပ်ရဟန်းမင်းကြီး၏ ပတ်ပတ်လည်မှာ အကာအကွယ်အဖြစ် ဝိုင်းရံထား သည်၊



မိုက်ကယ်ဂေါ်ဖွန်က ဘုန်းကြီးများနောက်မှ တိုးဝင်သွားသည်၊ ဖက်ရာရှိထားသော မိန်းကလေးနားမှာ ဒူးထောက်ချလိုက်သည်၊ ပုပ်ရဟန်း မင်းကြီးက သူမ၏လက်ကို ဆုပ်ကိုင်ထားသည်၊

သူမက မျက်လုံးတွေ မှိတ်ထားပေမယ့် ပုပ်ရဟန်းမင်းကြီး၏ လက်ချောင်းများကို ချိတ်တွယ်ထားသည်၊ သူမက သတိရလျက်ရှိနေသေး သည်၊

မိန်းကလေးကို ထမ်းစင်ပေါ်တင်လိုက်ကြသည်၊ မိုက်ကယ်က ပလပ်စတစ်ဆေးရည်ပုလင်းကလေးကို ကိုင်လျက် သူမနံဘေးမှ လိုက်ပါ သွားတာကို ဂျရာမီယာ စောင့်ကြည့်နေလိုက်သည်၊

ပုပ်ရဟန်းမင်းကြီးက မိန်းကလေးကို ပြုံးပြလိုက်သည်၊

သူ၏ညာဘက်လက်ဖြင့် မိန်းကလေး၏မျက်နှာကို ညင်သာစွာ ပွတ်သပ်လိုက်ပြီး သူမ ကိုယ်ပေါ်မှာ ကြက်ခြေခတ်အမှတ်အသား ပြုလိုက် သည်၊

သူက လူအုပ်ကြီးဘက်သို့ ပြန်လှည့်လိုက်ပြီး

'ကောင်းသော အမှုပြုသူများကို ကောင်းချီးပေးပါစေ၊ ဆုတောင်း ကြစို့'

တည်ငြိမ်အေးဆေးစွာ ပြောလိုက်လေသည်၊

ခေါင်းလောင်းသံများနှင့် တမုဟုတ်ချင်းရောထွေး သွားတော့သည်၊

ပုပ်ရဟန်းမင်းကြီးက နောက်ပြန်လှည့်လိုက်ပြီး ဘုရားရှိခိုးကျောင်း ထဲသို့ ဝင်သွားကာ ယေရှုခရစ်တော်၏ နောက်ဆုံး ခြေလှမ်းများအတိုင်း ဆက်လက်လျှောက်သွားသည်၊

ဂျရာမီယာက ဘုရားရှိခိုးကျောင်းထဲ ဝင်သွားသော ပုပ်ရဟန်း မင်းကြီးကို မျက်စိတစ်ဆုံး ကြည့်နေရာမှ အတယ်၍များ သည်အမည်မသိ သည့် အကျိုအမြှုဝတ်ထားသော မိန်းကလေးသာ မရှိခဲ့လျှင် ဘယ်လိုများ ဖြတ်သိမ်းသွားမလဲဟု စဉ်းစားနေမိတော့သည်၊

တစ်ချိန်က အန္တရာယ်မှ လွတ်လာသော လူတစ်ယောက်အတွက် သူ့ ဖခင်ဘုန်းတော်ကြီးက ဘုရားရှိခိုးကျောင်းမှ ရွတ်ဆိုသံများကို ကြား ယောင်လာမိသည်၊

'မထိုက်တန်သူများကို ကောင်းကျိုးပြုသော သင့်အား ကောင်းချီး ပေးပါစေ၊ ငါ့ကို ကြင်နာတတ်သူ သင့်အား ကောင်းချီးပေးပါစေ'

ဂျရာမီယာ နောက်ထပ် သတိရလိုက်သည်မှာ သူ့ ဖခင်က

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ်လိုက်သောအခါ ဘုရားဝတ်ပြုနေသော ပရိသတ်တွေက
သူ့တစ်ပါးအပေါ် ကြင်နာစွာ ဆက်ဆံ ပေါင်းသင်းတတ်သော
လူသည် သင့်အား ထာဝရ ကြင်နာမှု ပေးနိုင်ပါစေ အာမင်

မင်းအောင်နိုင်

www.burmeseclassic.com